# ဘီလူးတို့ရွာ

ကြေးမုံ

ဦးသောင်း

ကြေးမုံဦးသောင်း၏ ...

**A Journalist, a General and an Army in Burma** ကို စာရေးသူကိုယ်တိုင် မြန်မာပြန်ဆိုထား လွတ်လပ်သော အာရှအသံမှ တနစ်ကျော် အသံလွှင့်ခဲ့သည်။

"ကြားရုံနှင့် ရှုံးလောက်တဲ့ ဘီလူးတို့ရွာကို၊ ပင်လယ်ပြင်မှာ ရေနစ်လို့
မသေ၊ သည်ကျွန်းရောက်မှ ဘူးပေါက်၍ သေမယ်လို့၊ တုမသောင်တကာတို့
သည်၊ အဂဒ္ဒိ- လာကြကုန်၏။"

ဦးပုည
ဝိဇယပြဇာတ်မှ

© မူပိုင်
ဒေါ်တင်တင်ဝင်း

❑ ပန်းချီ
မဠ္ဌဘာဘားမား

❑ ကွန်ပြူတာ စာစီစာပြု
စိုးလှိုင်၊ စိုးအောင်

❑ ပထမအကြိမ်
အုပ်ရေ ၁၀၀၀
၁၉၉၉ ခု၊ ဧပြီလ

ခေတ်ပြိုင်သတင်းဂျာနယ်မှ ပုံနှိပ်ထုတ်ဝေသည်။

The New Era Journal
P.O.Box-, 14-128
Radburana P.O
Bangkok, 10140
Thailand

U S Office

1976, SW 67th Terrace
Pompano Beach
FL 33068.
U.S.A

Bungalow No. 6, Ahmedabad Palace Area, BHOPAL (M. P.) 462001 INDIA

၁၆–၇–၀၀။

အမွှာတော် မောင်သောင်း ထံသို့ စာရေး လိုက်ပါသည်။

ပြန်မှ၃သံ တော်သတ်သတင်း စာမိတ္ထုကို တောင်း၊ နှာသက်ရပါသည်။ အလွန်ဝမ်း သာပါသည်။ စိတ်ကူး ဉာဏ် ကောင်း ပုံကိုလည်း အထူး ချီး ကျူး ပါသည်။ ဇူလိုင် လ-၂-ရက် နေ့နှင့် သောင်း ပါး ကိုလည်း ဘက်ရပါသည်။ မောင် သောင်း ဟာ၊ အင်္ဂလိပ် ကို ရေး တတ်ပုံ ဦး မသိခဲ့ဘူး ပါ။ မောင် သောင်း ရေး တဲ့ သောင်း ပါး -၂- စောင် ကို၊ ဦး ဘတ်ပြီး နောက်၊ အင်္ဂလိပ်ကိုအ ရေး အသား ပုံလည်း ၊ ဗမာကိုအ ရေး အသား လောက် နည်း နည်း လက်သံ ပြောင်တာကို တွေ့ရ၍၊ ချီး ကျူး မိပါသည်။

မောင် သောင်း ထံသို့မှတ်တရက် စာမပြန်နိုင်တဲ့အတွက်၊ အထူး ဝမ်း နည်းပါသည်။ အကြောင်း ကဒီလိုပါ။ စာရပြီး ၊ မကြာမီ သမီး ဝန်း ဝန်း ၊ သမက်သတင် နှင့် ခ လေး မှာ သား လုံး ၊ မ မွေ့လ ၎င်ဘဲ ရောက်လာကြပါသည်။ သူတို့က၊ ဗမာနိုင်ငံသို့ ဦး ပြန်ရန်အချိန်မြဲ ပါသည်။ ၎င်း ကိစ္စကို၊ အပြန်ပြန်အလှန်လှန် ဆွေး နွေး နေရတာနဲ့ အချိန် တွေအများ ကြီး ကုန်သွား ပါတယ်။ အဲဒါကြောင့်၊ မောင် သောင်း ထံသို့အချိန်မီ စာပြန်ရန်၊ မေ့သွား ပါတယ်။ အဲ ခံရန် မေတ္တာရပ်ပါတယ်။


သမီး သမက်တို့နှင့်တိုင်ပင် ဆွေး နွေး ပြီး ၊ ဗမာနိုင်ငံသို့၊ ဦး ပြန် ရန်ဆုံး ဖြတ်လိုက်ပါတယ်။ အဲဒီလိုဆုံး ဖြတ်တဲ့ နေရာမှာ၊ ဦး စဉ်း စား တဲ့အ ရေး အကြီး ဆုံး အချက်က၊ တခြား မဟုတ်ဘူး ။ ပိဋကတ်သုံး ပုံကို၊ အင်္ဂလိပ်ကိုဘာသာပြန်ကိုတဲ့အချက်ဘဲ ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုဘာသာပြန်တဲ့ကိစ္စဟာ၊ ငွေရှိယုံနဲ့မပြီး ဘူး ။ ငွေရှိယုံနဲ့ပြီး တယ်ဆို ရင်အိန္ဒိယမှာပြီးနိုင်တယ်။ ဒါပေမဲ့၊ ဒီကိစ္စဟာ၊ ပိဋကတ်သုံး ပုံပါရှိ ရှေ့ပြစ်တဲ့၊ ဘုန်း ကြီး တွေရှိမှ၊ အောင်မြင်နိုင်တယ်။ အဲဒါကြောင့်၊ ဦး ဟာဗမာပြည်ကိုပြန်ဘို့၊ ဆုံး ဖြတ်လိုက်တာ ပါဘဲ။

ဗမာနိုင်ငံသို့ဦး ပြန်တာကို၊ မောင် သောင်း တို့အ နေနဲ့ကြိုက်ချင်မှ ကြိုက်မယ်။ ဒါပေမဲ့ ပိဋကတ်သုံး ပုံကို၊ အင်္ဂလိပ်ဘာသာပြန်ပြီး ၊ တကမ္ဘာလုံး ဖြန့်ဖို့ သာသနာ ရေး ကိစ္စဖြစ် နေတဲ့အတွက်၊ မင်း တို့ဦး ကိုခွင့်လွှတ်လိမ့်မယ်လို့၊ ဦး ယုံကြည်တယ်။ ဗိုး အသား ပုံနေတဲ့၊ ကိုရဲခေါင်၊ ကိုသုခ ဝေကျော်အတိုလဲ၊ ဦး အကြောင်း စုံ ရေး လိုက်ပြီး ပြီ။ သူတို့လဲဦး ဗမာနိုင်ငံသို့ပြန်တာကို၊ ကြေနပ်ကြမယ်မဟုတ်ဘူး ။

မကြာ သောတနေ့မှာ၊ မောင် သောင်း ၊ ကိုရဲခေါင်၊ မောင်သုခ ဝေ တို့နှင့်ဗမာနိုင်ငံမှာ တွေ့ တွေ့ပါ ပါ။ ပြန်လည် တွေ့ဆုံနိုင်ကြပါစေလို့ လေး လေး နက်နက် ဦး ဆုတောင်း လိုက်ပါတယ်။

မင်း တို့အိမ်သား အား လုံး ချမ်း သာကိုယ်စိတ်ပြည့်ကြပါစေ။

ပြည်ပထွက်ခွာနေသူ ဝန်ကြီးချုပ်ဟောင်း ဦးနုက အိန္ဒိယနိုင်ငံ ဘိုပါးလ်မြို့မှ
စာရေးသူထံ ပေးပို့ခဲ့သော စာတစောင်





၁၉၉၅ ခုနှစ်က
ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ
ထုတ်ဝေသော စာအုပ်




၁၉၉၆ ခု၊ ဇူလိုင်လ (၇) ရက်နေ့က
ဂျပန်ပြည်၊ တိုကျိုမြို့မှ ထုတ်သော
ကျိုတိုသတင်းဌာန
အယ်ဒီတာ မကိတာ ဆူအိတိုက
ဂျပန်ဘာသာ ပြန်ဆိုခဲ့သော စာအုပ်

## ဗိုလ်နေဝင်း၏ စစ်ဝါဒ



၁၉၄၃ ခုနှစ်၌ ဗိုလ်နေဝင်းက စစ်သေနာပတိအဖြစ်
ဂျပန်ပြည်သွား စစ်ပညာသင်များထံ
ရေးသောစာ

## ကြေးမုံဦးသောင်း (အောင်ဗလ)
## ရေးသားထုတ်ဝေခဲ့ပြီးသော စာအုပ်များ


| | |
|---|---|
| ၁။ ဝိန်းမင့်ပြင် | ၁၉၅၄ |
| ၂။ အောင်ဗလ ပြဇာတ်များ | ၁၉၆၀ |
| ၃။ တဝဋ္ဋ ဂီတ | ၁၉၆၂ |
| ၄။ အိမ်ချင်းပြေ ဟာသဝတ္ထုများ | ၁၉၆၅ |
| ၅။ ဝင်မေသုတ် | ၁၉၆၆ |
| ၆။ အောင်ဗလယ် | ၁၉၆၆ |
| ၇။ လူတို့နေ | ၁၉၆၆ |
| ၈။ အောင်ဗလွှန် | ၁၉၆၇ |
| ၉။ လက်ငင်းလက်တွေ့ ဗုဒ္ဓဝါဒ | ၁၉၆၇ |
| ၁၀။ ဒေသွမေ့မျိုးမေ့ | ၁၉၆၇ |
| ၁၁။ သမိုင်းဝင်ပြဇာတ်များ | ၁၉၆၈ |
| ၁၂။ ကြည့်သောသူသည် မြင်၏ | ၁၉၆၈ |
| ၁၃။ ကျနော်ကြားဖူးသလို ပြောဆိုပါမည် | ၁၉၆၈ |
| ၁၄။ ဆိုပီယက်ဟာသ | ၁၉၆၈ |
| ၁၅။ နိုင်ငံ့အရေး | ၁၉၆၉ |
| ၁၆။ ဗဟာဒေတ်မှ ကြေးမုံသို့ | ၁၉၇၁ |
| ၁၇။ မန္တလေးမှ ဖော်ဇကိုသို့ | ၁၉၇၁ |
| ၁၈။ ဝါရှင်တန်သို့ | ၁၉၇၄ |
| ၁၉။ သတင်းစာဆရာ | ၁၉၇၅ |
| ၂၀။ တို့ဗမာနိုင်ငံ | ၁၉၇၄ |
| ၂၁။ ဦးနေဝင်းနှင့် လက်မရွံ့အာဇာနည်များ | ၁၉၉၀ |
| ၂၂။ ဗိုလ်နေဝင်း၏ စစ်အားပြလမ်းစဉ် | ၁၉၉၁ |
| ၂၃။ A Journalist, A General and an Army in Burma | ၁၉၉၄ |
| ၂၄။ ဆက်ရန်ရှိသေးသည် (ပုံနှိပ်နေပြီ) | ၁၉၉၉ |
| ၂၅။ A Journalist and A Queen | ၁၉၉၉ |


အိန္ဒိယနိုင်ငံရောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားယူနီယံက ထုတ်ဝေသော ဧါင်းသူရိန်မှ



● ဟာ ... ဆရာသမား အမှိုက်တောင်းထဲခေါင်းစွပ်ပြီး ဘာရှာနေတာလဲ

● ဦးသောင်းရဲ့ စာအုပ်ထွက်တော့မယ်တဲ့ ... ကွ တို့မဟုတ်တာတွေလုပ်ထားတာအကုန်ပေါ်ကုန်တော့မယ် ဆရာရှက်တယ်တပုံရယ်၊ ရှက်လွန်းလို့မျက်နှာဖွက်ထား တာပါ

၁၉၉၀ ပြည့်နှစ်က ပုံနှိပ်သော ဦးနေဝင်းနှင့် လက်မရွံ့အာဇာနည်များ စာအုပ်ထုတ်ဝေစဉ်က ဖော်ပြသည်။

သို့...

၁၉၄၀ ခုနှစ်မှ စတင်ကာ

စာရေးသူ၏ ဆောင်းပါးများ

စာအုပ်များကို

ဖတ်ရှုလေ့လာကြသော

စာရေးသူ၏ ပရိသတ်အတွက်

ဤစာအုပ်ကို ပြုစုပါ၏။

စာရေးသူ

# မာတိကာ

(က) နိဒါန်း


စစ်တပ်နည်းနှင့် သတင်းစာထုတ်လုပ်ပုံ .................... ၁၁

၁။ အနှစ်၁၀၀ ပေါ် ဦးစ မြန်မာသတင်းစာများ .................... ၁၉

၂။ ဗိုလ်ကရေစီအစိုးရနှင့် သတင်းစာများ .................... ၂၃

၃။ လွတ်လပ်ရေးတိုက်ပွဲနှင့် မြန်မာသတင်းစာများကဏ္ဍ .................... ၂၇

၄။ သတင်းစာတို့၏ ပွဲဦးထွက်တိုက်ပွဲ .................... ၂၉

၅။ ဂျပန်လက်အောက်သတင်းစာများ .................... ၃၄

၆။ သည်းဖိုတုန်လှုပ် ဆွတ်ပျံ့ကြည်နူးရသမျိုးစုံ .................... ၃၆

၇။ ပြည်တွင်းစစ်မီးကြီး စတင်တောက်လောင်ခြင်း .................... ၄၁

၈။ ပြည်တွင်းစစ်နှင့် ရှင်နေမင်း .................... ၄၅

၉။ ဗိုလ်ကရေစီအစိုးရနှင့် ရင်ဆိုင်ကြခြင်း .................... ၄၉

၁၀။ လုပသော သတင်းခေါင်းစဉ်များ .................... ၅၃

၁၁။ စစ်အေးစစ်ပွဲကြီးများနှင့် မြန်မာသတင်းစာများ .................... ၅၇

၁၂။ စစ်အေးစစ်ပွဲကြီးနှင့် ပြည်မြန်မာ .................... ၆၁

၁၃။ သတင်းစာအသစ်တခု တည်ထောင်ခြင်း .................... ၆၅

၁၄။ သတင်းစာတစောင်၏ မူဝါဒ .................... ၆၉

၁၅။ ကြေးမုံနှင့် စစ်တပ်တို့ ထိပ်တိုက်တွေ့ခြင်း .................... ၇၄

၁၆။ ဥပဒေနှင့်အညီ စစ်တပ်က အာဏာသိမ်းပုံ .................... ၇၉

၁၇။ ဗိုလ်ချုပ်ကြီးနေဝင်း၏ ပထမဆုံးနှင့် နောက်ဆုံးသတင်းစာရှင်းပွဲ .................... ၈၄

၁၈။ ဝန်ကြီးချုပ်ဦးနု ပြန်လာပြီးနောက် .................... ၈၉

၁၉။ ထာဝရစစ်အာဏာရှင်စနစ်ကို တည်ထောင်ခြင်း .................... ၉၃

၂၀။ စစ်အာဏာရှင်စနစ်အောက်မှ သတင်းစာလောက .................... ၉[illegible]

၂၁။ သတင်းစာဆရာများကို ဖမ်းပြီ .................... ၁၀[illegible]

၂၂။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နှင့် သတင်းစာများ ထိပ်တိုက် .................... ၁၀[illegible]

၂၃။ အစိုးရပိုင်သတင်းစာများ .................... ၁၀[illegible]

၂၄။ ဆိုရှယ်လစ်လောကနိဗ္ဗာန်သို့ .................... ၁၁[illegible]

၂၅။ ပြည်သူပိုင်သိမ်းပွဲကြီး .................... ၁၁[illegible]

၂၆။ ထောင်နန်းစံသတင်းစာဆရာများ .................... ၁၂[illegible]

၂၇။ အင်းစိန်ထောင်မှ ထောင်မင်းသား .................... ၁၂[illegible]

၂၉။ လူရုံ၊ လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံ ..........
၃၀။ အကြံအဖန် ..........
၃၁။ နှင်လားဟဲ့နေဝင်း ..........
၃၂။ ရက်စက်ပါပေ့ကွယ် ..........
၃၃။ နေဝင်းတုံးနှင့် ရင်ဆိုင်တိုက်ပွဲ ..........
၃၄။ ဦးထုင်နီကြီး ရောက်လာခြင်း ..........
၃၅။ ရွှေနှင့်ဝက်ပြီး ဝယ်ရသော တအုပ် ..........
၃၆။ အင်းဝ်နံထောင်မှ အိမ်ရှေ့ရ လွတ်မြောက်နည်း ..........
၃၇။ ဗိုလ်ချုပ်ကြီးက ကျောကိုသပ်ပြီး ကြိုဆိုခြင်း ..........
၃၈။ ပြည်သူပိုင်သတင်းစာများ ကြီးကြပ်ရေးမှူး ..........
၃၉။ မုန်းတဲ့သူနှင့် ချစ်တဲ့သူ ..........
၄၀။ ဒေါက်တြွတ်ကြီး ဒု-ညွှန်ကြားရေးမှူး ..........
၄၁။ အစည်းဝေး၊ အစည်းအဝေးနှင့် အစည်းအဝေး ..........
၄၂။ သတင်းပေ့ာင်ချူသော တာဝန်ကြီး ..........
၄၃။ ပိတ်ဝေအာမိန့်မှ သတင်းအစများ ..........
၄၄။ ငိုရယ်ရသော သတင်းပိတ်ဆို့မှုများ ..........
၄၅။ အာဏာကို လူထုလက်သို့ အကြိမ်ကြိမ်ပြန်အပ်ခြင်း ..........
၄၆။ လွှတ်တော်မှ ဘဝသံသရာပြက်လုံး ..........
၄၇။ စစ်ဗိုလ်တို့၏ လောဘနှင့်ဒေါသ ..........
၄၈။ စစ်ဗိုလ်ပွဲတော်များ၏ အရည်အသွေး ..........
၄၉။ ကျေးဇူးတော်ရှင် ဗိုလ်ချုပ်ကြီးနေဝင်း ..........
၅၀။ ဒေါသကျွှာကြီးနေဝင်း ..........
၅၁။ ဗိုလ်နေဝင်းပေ်စင်သော နိုင်ငံတော်ပွဲသေး ..........
၅၂။ ရာသက်ပန် အာဏာဆုပ်ကိုင်နည်း ..........
၅၃။ ဦးနုနှင့် ဗိုလ်ချုပ်ကြီးနေဝင်း ..........
၅၄။ မိမိ၏ဆောင်းပါးများ ရှော်ကုန်ပြီ ..........
၅၅။ ဦးသန့်နှင့် ဗိုလ်ချုပ်ကြီးနေဝင်း ..........
၅၆။ လွှတ်တော်မှ နန်းကျွာတယ် ..........
၅၇။ နိုင်ငံမရှိသော ဒုက္ခသည်တယောက် ..........
၅၈။ ပြွချင်ရာ ပြုနိုင်သော ဦးနေဝင်း၏ ဒေါသ ..........
၅၉။ နိဂုံး ..........


# နိဒါန်း

## စစ်တပ်နည်းနှင့် သတင်းစာထုတ်လုပ်ပုံ

"ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဗိုလ်မှူးကြီးစိန်လွင်ကို တွေ့လိုက်ပါ။ (၉) နာရီမှာ စောင့်နေလိမ့်မယ်" ဟု တင်မောင်၏ အထက်အရာရှိဖြစ်သော ပြန်ကြားရေးဝန်ကြီးက ဖုန်းဆက်ပါသည်။ ဗိုလ်မှူးကြီးစိန်လွင်မှာ တင်မောင်မတွေ့ချင်ဆုံးသော ပုဂ္ဂိုလ်ဖြစ်ပါ၏။ သူက ဘာကြောင့် တွေ့ချင်ပါလိမ့်။

တင်မောင်အဖို့ ပြန်ကြားရေးဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် သတင်းကိစ္စအဝဝကို တာဝန်ယူရသူ ဖြစ်ပါသောကြောင့် ဝန်ကြီးများ၊ ပါတီခေါင်းဆောင်များက ဆင့်ခေါ်ကာ သတင်းပိတ်စေရန် အမိန့်ပေးခြင်း၊ သတင်းကြေညာချက် ပေးခြင်းများ ပြုသည်ကို ဆောင်ရွက်ရမြဲဖြစ်ပါသည်။ သို့သော် ဗိုလ်မှူးကြီးစိန်လွင်က မခေါ်ဖူးပါ။

မိမိ၏ ရာထူးအဆင့်နှင့် တာဝန်အရ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝင်များနှင့် ဆက်ဆံရသည်။ အစည်းအဝေးများ၊ ညှိနှိုင်းပွဲများတွင် တွေ့ဆုံရင်းနှီးကြရသည်။ ထိုသို့ ရင်းနှီးသူများတွင် ဗိုလ်မှူးကြီးစိန်လွင် မပါခဲ့ပေ။ ကျနော်ကိုယ်တိုင်ကပင် သူနှင့် မျက်နှာချင်းမဆိုင်မိစေရန် ရှောင်ရှားခဲ့ပါသည်။ အကြောင်းမှာ သူနှင့် တကြိမ်တွေ့ခဲ့ဖူးသောကြောင့် ဖြစ်သည်။ တခါတွေ့ခဲ့သည်နှင့် တသက်လုံးမှုလုံပေပြီ။ နောက်ထပ် မတွေ့လိုတော့ပေ။

မိုးသည်းထန်လွန်းသဖြင့် မှောင်ကြီးကျနေသော နေ့တနေ့တွင် ဖြစ်ခဲ့ပါသည်။ တိတိကျကျ ၁၉၅၀ ခု၊ ဩဂုတ်လ (၁၄) ရက်နေ့ကို မမေ့နိုင်ပါ။ ထိုစဉ်က တင်မောင်မှာ အသက် (၂၄) နှစ်ရှိ သတင်းထောက်တဦးသာဖြစ်သည်။ လွန်ခဲ့သော (၂) နှစ်က စတင်ထောက်လှောင်လာခဲ့သော ပြည်တွင်းစစ်မီးသတင်းကို ထောက်လှမ်းနေသူဖြစ်၏။ တိုနေ့ နံနက်က ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းထောက်များကို ဖိတ်ခေါ်ပြီး သတင်းထူးတပုဒ်ကို ထုတ်ပြန်လေသည်။ ကရင်အမျိုးသားသမဂ္ဂခေါင်းဆောင်၊ ကရင်အမျိုး သားကာကွယ်ရေးတပ်ဖွဲ့၏ ဗိုလ်ချုပ်ကြီး

စောဘဦးကြီးသည် တိုက်ပွဲတခုတွင် ကျဆုံးပြီဟု ကြေညာခဲ့သည်။

ဘီလပ်ပြန် ဝတ်လုံတော်ရ စောဘဦးကြီးသည် ထင်ရှားသော မြန်မာ့နိုင်ငံရေးခေါင်းဆောင်တဦးဖြစ်သည်။ ဂျပန်ခေတ်ကပင် နိုင်ငံရေးလောကတွင်ရှိနေပြီး ကရင်-မြန်မာ သွေးစည်းရေးကို ဆောင်ရွက်ခဲ့၏။ အင်္ဂလိပ်ပြန်ဝင်လာသောအခါ ဘုရင်ခံ၏ အတိုင်ပင်ခံ အစိုးရအဖွဲ့ ဝန်ကြီးဖြစ်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးပေးအံ့ဆဲအခါတွင်မူ ကရင်ပြည်နယ် သီးခြားရရှိရေးအတွက် အင်္ဂလန်သို့သွားကာ အရေးဆိုခဲ့သည်။ အင်္ဂလိပ်တို့က လိုက်လျောခြင်းမပြုသဖြင့် ဦးအောင်ဆန်း၊ ဦးနုတို့နှင့် ဆွေးနွေးကာ ကရင်လူမျိုးစုပြည်နယ်ရရှိရေးကို အားထုတ်ခဲ့သည်။

ကရင်အမျိုးသားအဖွဲ့ချုပ်ကို ဦးဆောင်ကာ ကရင်အမျိုးသားတို့၏ အခွင့်အရေးကို တွေ့ဆုံဆွေးနွေးပြီး အရေးဆိုနေရာက မပြေလည်သောကြောင့် လက်နက်စွဲကိုင် ခြားနားခဲ့သူဖြစ်သည်။ ယခု ရန်ကုန်မှ မိုင် (၇၀) ဝေးသော မော်လမြိုင်မြို့အနီးတွင် အသေမိသည်ဟု ဆို၏။ ကျဆုံးသော သူပုန်ခေါင်းဆောင်ကြီး၏ သတင်းကို ရေးသားကြရန် သတင်းထောက် (၁၀) ဦးစုစေကာ မော်လမြိုင်သို့ ဖိတ်ခေါ်ရာတွင် သတင်းဓာတ်ပုံရိုက်ကူးရန် တင်မောင်လိုက်ပါခွင့်ရရှိလေသည်။ လေယာဉ်ပေါ်တွင် စစ်ဗိုလ်များက သတင်းကို ဆက်လက်ရှင်းပြောကြသည်။ ကရင်ခေါင်းဆောင်ကြီးနှင့်အတူ အင်္ဂလိပ်ဗိုလ်မှူးဟောင်းတဦးပါ အသေမိသည်ဟု ပြောပြသည်။

သတင်းထောက်များက စိစစ်မေးမြန်းကြသောအခါတွင် သူပုန်ကြီးနှင့် အဖော်တို့ကို အရှင်မိခဲ့သည်။ သူတို့က လက်နက်ချကြပါလျက် ပစ်ခတ်သတ်ဖြတ်ကြသည်ဟု သိကြရပါသည်။ "အနီးဆုံးစစ်တပ်စခန်းကို ပို့ရန်စီစဉ်တော့ သူတို့က ပြေးကြတာကိုး၊ သူတို့အသက်ကို ကယ်ခွင့်မရတော့ဘူး" ဟု ပြောသည်။ သတင်းထောက်များအဖို့ အမှန်ကို ရေးခွင့်မရှိပါ။ အစိုးရထုတ်ပြန်သည့်အတိုင်း 'အသေမိသည်' ဟု ရေးကြရပေမည်။

သတင်းထောက်အဖွဲ့ လေဆိပ်ရောက်သောအခါ မော်လမြိုင်ဆေးရုံသို့ ခေါ်သွားသည်။ အလောင်းမှာ ရောက်ခါစရှိသေး၏။ ကျဆုံးသူ ခေါင်းဆောင်ကြီးကို ရင်ခွဲစင်ပေါ်တင်ထားသည်။ သူ၏ အဝတ်များမှာ သွေးများ၊ ရွှံ့များနှင့် ပေရေနေသဖြင့် မူလအရောင်ကိုပင် မသိနိုင်ပါ။ ရေလွှမ်းနေသော လယ်များမှ ရေပြင်ကျယ်ထဲတွင် ကြိုးနှင့် ဆွဲကာယူလာကြသည်။ ရွာကြီးတရွာရောက်မှသာ လှည်းနှင့် တဆင့် သယ်ခဲ့နိုင်ကြသည်။ ရုပ်ကလာပ်မှာ လွန်ခဲ့သော (၂) ရက်တာက သေလွန်သဖြင့် ဖူးယောင်နေလေပြီ။ ပုပ်ဟောင်နေလေပြီ။ အမင်္ဂလာရှုခင်းပင်။

ဘုရင်ခံ၏ အတိုင်ပင်ခံ အစိုးရအဖွဲ့တွင် ဝန်ကြီးတဦးဖြစ်ခဲ့သူ စောဘဦးကြီးသည် ကရင်-ဗမာ ညီညွတ်ရေး ဆွေးနွေးပွဲများကို ဖွဲ့ကြီးစွာ လုပ်ဆောင်ခဲ့စဉ်က သတင်းထောက်များနှင့် များစွာ ရင်းနှီးခဲ့သည်။ အရပ်မြင့်မြင့်၊ မုတ်ဆိတ်ထူထူ၊ နံ့သာရောင် ဥရောပဝတ်စုံကို





သပ်ရပ်စွာ ဝတ်ဆင်လေ့ရှိသော သူ့ကိုယ်ဟန်ကို တင်မောင်ဓာတ်ပုံအများ ရိုက်ခဲ့ဖူးပါသည်။ သူသည် ခန့်ညားသူတဦးဖြစ်သဖြင့် ဝန်ကြီးချုပ်ဦးနုနှင့် တွဲကာ ဓာတ်ပုံရိုက်ရာတွင် ကျက်သရေရှိသည်။ ယခုမူ ယိုယွင်းနေသော စောဘဦးကြီး၏ ခန္ဓာကိုယ်ကို တင်မောင်မရှုရက်ပါ။ ဓာတ်ပုံပင် ကောင်းစွာ မရိုက်နိုင်ပါ။

ကျဆုံးလေသူကို ပြပြီးနောက် အောင်နိုင်သူကို ဓာတ်ပုံရိုက်ကြရန် ပွဲထုတ်ခဲ့လေသည်။ ချက်ချင်း ရာထူးတက်လာသူ ဗိုလ်ကြီးစိန်လွင်ကို သူ၏ လက်ထဲတွင် အရက်ဖန်ခွက်တခုနှင့် တွေ့ရသည်။ (အောင်ပွဲတော်ကြီးအတွက် အားလုံးတို့ကို ယမကာချောင်းစီးအောင် ဧည့်ခံထား၏)

သူသည် လူငယ်တဦးသာဖြစ်စေကာမူ ရင့်ရော်စပြုနေလေပြီ။ တင်မောင်ထက် အသက်အနည်းငယ် ကြီးဟန်တူသည်။ (နှစ်နှစ်ကြီးသည်) သူ့ကိုယ်လုံးကိုယ်ထည်ကမူ ပိုမိုမြင့်မားပြီး သန်မာညိုမောင်းသည်။ အောင်နိုင်သူ၏ ဝတ်စုံမှာလည်း ရှုံးနိမ့်သူနှင့် မခြားနားပါ။ ညစ်ပတ်ပေရေနေသည်။ သွေးများ၊ ရွှံ့များ ဖုံးနေပါသည်။ သစ်လွင်တောက်ပသော ရွှေကြယ်နှစ်ပွင့်တို့ကသာ ပုခုံးပေါ်တွင် ပြောင်လက်နေကြသည်။ သူ၏ မျက်နှာမှာမူ ညစ်ပေနေသည်။ နိုင်မာသော မေးရိုး၊ ထူထဲသော မျက်ခုံးတို့က မာန်ဟုန်ပြင်းလှသည်။ သူ၏ မျက်လုံးတို့က ရက်စက်ခြင်း၊ သနားကြင်နာမှု ကင်းမဲ့ခြင်းတို့ကို ထင်ရှားစွာ ပြသနေ၏။

တင်မောင်က Speed Graphic ကင်မရာကြီးကို သုံး၍ ဓာတ်ပုံရိုက်သောအခါ ခွန်အားကြီးမားသော ကင်မရာမှန်ပြောင်းမှတဆင့် သူ၏ မျက်နှာကို အနီးကပ်ကြည့်ခွင့်ရရှိသည်။ ကြာမြင့်စွာ ကြည့်မိသည်။ ယင်းသို့ အသေးစိတ်ကြည့်မိသောအခါတွင် တင်မောင်၏ နှလုံးသားက သိလိုက်ပါသည်။ သူသည် သာမန်လူသားမဟုတ်၊ စက်ဆုပ်ရွံ့ရှာကြောက်မက်ဖွယ် သတ္တဝါကြီးတဦး ဖြစ်နေသည်ကို ရင်လေးစွာ မြင်သိလိုက်ပါသည်။

ရက်၊ လ၊ နှစ်များ တရွေ့ရွေ့ ကုန်လွန်သွားခဲ့ပါသည်။

ကြောက်မက်ဖွယ်ကောင်းသော ဗိုလ်ကြီးစိန်လွင်အဖို့ သူ၏ ပုခုံးပေါ်တွင် ကြယ်ပွင့်များ တပွင့်ပြီးတပွင့် တိုးနေသည်ဟု သတင်းများ ကြားရလေသည်။ တင်မောင်လည်း မြန်မာနိုင်ငံတွင် အကြီးဆုံးသတင်းစာကြီး၏ ထုတ်ဝေသူနှင့် အယ်ဒီတာချုပ်အဆင့်အထိ တက်နိုင်ခဲ့ပါသည်။ ထိုသောအခါတွင် နေ့တနေ့၌ လူသားမဆန်ရသော သူ၏ မျက်လုံးများကို ဆိုင်မိပြန်ရပါသေး၏။ တော်သေးသည်။ မျက်တောင်တခတ်သာ ဖျတ်ကနဲ ဆိုင်ကြရသဖြင့် တော်ပါသေးသည်။

၁၉၆၂ ခု၊ ဇူလိုင်လ (၇) ရက်နေ့က ဖြစ်ခဲ့ပါသည်။ မိုးရာသီဖြစ်ပါလျက်နှင့် ထူးထူးခြားခြား မိုးမရွာဘဲ တောက်ပနေသော နေမင်းက ထွန်းလင်းနေပါသည်။

ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားများ ဆန္ဒပြသော သတင်းကို ထောက်လှမ်းရန်

အတွက် မိတ်ဆွေသတင်းထောက် (၄) ဦးနှင့်အတူ ကားမောင်းပြီး သွားခဲ့မိသည်။

လွန်ခဲ့သော မတ်လ (၂) ရက်နေ့က အာဏာသိမ်းထားသော တော်လှန်ရေးအစိုးရကို ပထမဆုံး ဖိဆန့်ကြသည့် အရေးအခင်းဖြစ်သည်။ ကျောင်းသားသမဂ္ဂက ဦးစီးပြီး ပြည်သူတို့ကို ဒီမိုကရေစီအခွင့်အရေးများ ပေးရမည်ဟု တောင်းဆိုဆန္ဒပြနေခဲ့ကြသည်မှာ (၃) ရက်ရှိခဲ့လေပြီ။

ဒုတိယမြောက်နေ့က ဆန္ဒပြပွဲတွင် ရဲတို့၏ လက်ချက်နှင့် ကျောင်းသားတယောက် သေနတ်ဒဏ်ရာရရှိခဲ့၏။

တင်မောင်တို့ ရောက်သွားသောအခါတွင် ကျောင်းသားများက ဆူပူအော်ဟစ်နေပါသည်။ သို့သော် စီတန်းလှည့်လည်မှု မပြုကြပါ။ သူတို့က တက္ကသိုလ်ပရဝဏ်ကို ပိတ်ဆို့ထားပြီး "ဒီမိုကရေစီခံတပ်ကြီး" ဟု ဆိုင်းဘုတ်ကြီး တင်ထား၏။ ကျောင်းဝင်းအတွင်း၌သာ စုရုံးနေကြပြီး အုတ်တံတိုင်းမှ သံပန်းများကို ဆုပ်ကိုင်ကာ ကြွေးကြော်သံအမျိုးမျိုး ဟစ်အော်နေကြသည်။

ဓာတ်ပုံသတင်းထောက် (၂) ဦးက ဓာတ်ပုံရိုက်ကြသောအခါ တင်မောင်တို့ သတင်းထောက်တစုကို မဟာမိတ်များအဖြစ် သူတို့က ကောင်းချီးပေးကြသည်။ ကျောင်းဝင်းတခွင်တွင် ယမန်နေ့ကမှ စတင်ကာ အစောင့်ချထားသော ရဲတပ်ကို ရုပ်သိမ်းထားသဖြင့် အခမ်းအနားမှာ ဆန္ဒပြပွဲနှင့်မတူဘဲ ပွဲတော်ကြီးတခုကဲ့သို့ ရယ်ကြ၊ မောကြ၊ အော်ဟစ်ကြနှင့် ဆူညံနေ၏။

ထိုအချိန်ကလေးတွင် ဂျစ်ကားလေးစီးက ရှေ့မှ နောက်မှ စောင့်လာသော ဖိယက်ကားနက်ကလေးတစင်း ဖြတ်မောင်းသွားပါသည်။ ကားထဲ၌ ပါသွားသူမှာ ဒု-ဗိုလ်မှူးကြီး စိန်လွင်ဖြစ်သည်။ ကျောင်းသားများက သူ့ကို ကောင်းစွာ မှတ်မိကြသည်။ ပညာအရည်အချင်းကိုလည်း သိကြသည်။ "ဗိုလ်မှူးကြီးတွေက (၃) ယောက်ပေါင်းမှ (၇) တန်းပဲ အောင်ကြတာဟေ့" ဟု ကျောင်းသားတဦးက အသံချဲ့စက်မှ အော်လိုက်ရာ ဝုန်းကနဲ ပွဲကျသွားပြီး ရယ်သံများ ဆူညံစွာ ထွက်ပေါ်လာသည်။

မှတ်မှတ်ထင်ထင် ထိုအခိုက်အတန့်မှာပင် တင်မောင်က မှန်ကားကို လှမ်းကြည့်မိလေသဖြင့် သူ၏ မျက်လုံးကြီးများကို မြင်လိုက်ရပြန်ပါသည်။ ကြောက်မက်ဖွယ်ရာ အရောင်များ ပြောင်လက်နေပါသည်။ သူတို့သည် ကားကို အမြန်မောင်းထွက်သွားကြ၏။

တင်မောင်၏ မျက်စိထဲတွင် ၁၉၅၀ ခုနှစ်က စောဘဦးကြီး စတေးပွဲတွင် မြင်ခဲ့ရသော မျက်လုံးအရောင်ကို မြင်ရပြန်ပါသည်။ အခြေအနေမှာ ဟန်ပုံမရပါ။ ဗဟိုတပ်မတော်တွင် အာဏာသိမ်းပွဲမစမီ မကြာသေးမီက ဂျာမနီမှ ဝယ်ယူတင်သွင်းလာခဲ့သော ဂျီ (၃) သေနတ်အသစ်များကို ကိုင်ဆောင်ထားသည့် စစ်သားများ ချီလာပါပြီ။ တင်မောင်၏ခေါင်း ပူလာပါသည်။ ချွေးပြန်လာပါသည်။ အကင်းပါးရသည့် တင်မောင်တို့လူစုသည် အလျင်အမြန် ဘေး





ကင်းရာသို့ မောင်းပြေးနိုင်ကြပါသည်။ ကျောင်းဝင်းတံခါးကြီးကို ပိတ်ထားသဖြင့် ကျောင်းသားများမှာ မပြေးနိုင်ကြရှာပါ။ စစ်သားများက ကျောင်းဝင်းအတွင်းတွင် ရှိနေသော ကျောင်းသားများကို ပစ်ကြပါတော့သည်။ ဆက်တိုက်ပစ်ကြပါသည်။ တွေ့ရာသချိုင်း တားမဆိုင်း ပစ်ခတ်ကြပါသည်။ အဆောင်ဘေးတွင် ဆူပူနေသူများကိုသာမက အဆောင်များပေါ်မှ ကြည့်နေသော ကျောင်းသားများ၊ ဝရန်တာတွင် ထိုင်ကာ စာဖတ်နေသော ကျောင်းသားများ၊ မျက်နှာသစ်၊ သွားတိုက်နေသော ကျောင်းသားများပါ အားလုံးတို့ကို စိတ်တိုင်းကျ လက်တည့်စမ်းကြပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက အာဏာသိမ်းမည့် စစ်ဆင်ရေးအတွက် နိုင်ငံခြားမှ အထူးဝယ်ယူခဲ့သော ဂျီ (၃) သေနတ်များသည် အစွမ်းထက်လှပါပေသည်။ လေးထပ်အဆောင်ပေါ်မှ သွားတိုက်နေသော ကျောင်းသားပင် သွားပွတ်တံပါးစပ်ကိုက်လျက် ဇောက်ထိုးကျလာရှာသည်။

အစိုးရက တရားဝင်ကြေညာရာတွင် ကျောင်းသား (၁၅) ဦးသေပြီး၊ (၂၇) ဦး ဒဏ်ရာရသည်ဟု ဆိုသည်။ ကျောင်းသား (၁၀၀) ကျော် သေခဲ့ရသည်ကို တင်မောင်တို့ သိကြပါသည်။

ဤသို့ မေ့မရနိုင်သော ဖြစ်ရပ်များသည် မိမိ၏ ရင်ထဲတွင် မှတ်မှတ်ထင်ထင်ရှိနေသောကြောင့် ဗိုလ်မှူးကြီးက တွေ့ချင်သည်ဆိုသောအခါတွင် စိတ်စနိုးစနောင့်ဖြစ်မိသည်။ သူသည် လုံခြုံရေးကို တာဝန်ယူနေသော အာဏာစက်ပြင်းထန်သည့် ပြည်ထဲရေးဝန်ကြီး ဖြစ်နေလေပြီ။ တင်မောင်က ပြည်သူပိုင်သတင်းစာ အယ်ဒီတာချုပ်များ၏အဖွဲ့ အတွင်းရေးမှူးဖြစ်၏။ သတင်းတခုခုကို ထုတ်ပြန်လိုသောကြောင့် ဆင့်ခေါ်စေသည်လော၊ သို့မဟုတ် ပုံနှိပ်ခဲ့သည့် သတင်းတခုခုကို မေးလိုသောကြောင့်လော၊ သို့လော၊ သို့လော တွေးတောရပါသည်။

ပြည်သူပိုင်အဖြစ် ထုတ်ဝေနေသော သတင်းစာ (၇) စောင်ရှိပါ၏။ သတင်းမှန်သမျှ ဆောင်းပါးဓာတ်ပုံများနှင့် ကြော်ငြာများကိုပါ အားလုံးတို့ကို တရက်ကြိုတင်ပြီး စိစစ်ကြရလေ့ရှိသည်။ နေ့စဉ် နံနက်တိုင်း တင်မောင်၏ ရုံးခန်းတွင် အယ်ဒီတာချုပ် (၇) ဦး၊ သတင်းစဉ်ဌာန အယ်ဒီတာ (၂) ဦး လာရောက်ကြပြီး နောက်တနေ့မှာ ထွက်မည့် သတင်းစာများတွင် ဖော်ပြမည့် စာမှန်သမျှတို့ကို စိစစ်အတည်ပြုကြရသည်။ အတွင်းရေးမှူးဖြစ်သူ တင်မောင်က အမြဲမှတ်တမ်းတင်ရသည်။

အမှားမရှိအောင် အမြဲကြိုးစားခဲ့ကြသည်။ သို့စေကာမူ သူနှင့် မတွေ့မီတွင် ပို၍ သေချာလေအောင် သတင်းစာတထပ်ကြီးကို အကြိမ်ကြိမ်စစ်ဆေးဖတ်ရှုပြီးမှ သူ့ထံသို့ သွားခဲ့လေသည်။

"ပညာရှိ သတင်းစာဆရာကြီးလာပါပြီ။ ထိုင်ပါ၊ ထိုင်ပါ" ပျော်ပြောင်သော လေသံနှင့် မဲ့ပြုံးပြုံးပြီး ကြိုဆို၏။ ကုလားထိုင်မှာ ထိုင်ခွင့်ပေးသည်ဆိုတော့ မဆိုးလှပါပေ။

သူက စားပွဲ အံဆွဲထဲမှ သတင်းစာ (၃) စောင်ကို ထုတ်ပေးပြီး "ဗမာသတင်းစာဆရာတွေက အလွန်ပညာ သားပါ,ပါတယ်။ သစ္စာဖောက်တယောက်ရဲ့ အကြောင်းကို ရေးထားတဲ့ မျက်နှာဖုံးသတင်းကို ဖတ်ကြည့်စမ်းပါဗျာ" ဟု သူကပြော၏။

ထိုသတင်းမှာ ကုန်သွယ်ရေးဝန်ကြီး စစ်ဗိုလ်ကို ရာထူးမှဖြုတ်သော သတင်းဖြစ်ပါသည်။ တင်မောင်နားမလည်ပါ။ တင်မောင်တို့ သတင်းစာများက အစိုးရကြေညာချက်ကိုသာ ပုံနှိပ်ခဲ့ပါသည်။ အပြစ်မတွေ့ပါ။ တင်မောင်၏ အမူအရာကို သူက ရိပ်မိဟန်တူသည်။ "ကျေးဇူးပြု၍ ဓာတ်ပုံကို ကြည့်ပါ၊ ငနဲက ပြုံးလို့။ သူက အပြစ်ရတာကို ဂရုမစိုက်ဘူးလို့ စာဖတ်ပရိသတ်တွေက ထင်ကြမှာပေါ့။ စစ်ဝတ်စုံကို ဝတ်ထားတော့ သူက မကြောက်ဘူးဆိုတာ ထင်ရှားပါတယ်။ ဒီဓာတ်ပုံက ကပ်ဧ တော်ရဲ့ ဦ ဘ်ဓာတ်ကို ကျဆင်းစေပါတယ်။ ပညာရှိ သတင်းစာဆရာတွေက သူ့ကို သူရဲကောင်းဖြစ်အောင် လုပ်ပေးတာပေါ့။"

တင်မောင်မှာ ဝန်ကြီးကို ပြန်ပြောရန် အခွင့်အရေးမရှိပါ။ ရှည်လျားစွာ သူပြောသမျှကို နားဆင်နေရတော့သည်။ ပြီးမှ မိမိယူလာသော သတင်းများမှ တစောင်ကို သူ့ကို ပြလိုက်သည်။ ထိုသတင်းစာမှာ ခပ်မှိုင်မှိုင် ဓာတ်ပုံရိုက်ထားသော ရာထူးအဖြုတ်ခံရသူ ဝန်ကြီး၏ပုံကို ဖော်ပြထားသည်။ တင်မောင်ကံကောင်းပါသည်။ ထိုဓာတ်ပုံမှာ မျက်ရည်ပေါက်များ ကျလာတော့မလောက် မှိုင်တွေချနေရှာသည်။

"ဒီပုံကလည်း သိပ်မနိပ်ပါဘူး။ စာဖတ်ပရိသတ်က သူ့ကို သနားကြမှာပေါ့။ သူက မျက်ရည်ခံထိုးသလိုမို့ လူထုက သူ့ဘက်ပါသွားမှာပေါ့"

တင်မောင် စကားတလုံးမှ မပြောနိုင်ပါ။ ရှည်လျားသော သူပြောလေသမျှ မိန့်ခွန်းများကိုသာ မှတ်သားရပါသည်။ ခေါင်းငုံ့ကာ ပြန်ခဲ့ရသည်။

မိမိ၏ အဓိက အထက်အရာရှိဖြစ်သော ပြန်ကြားရေးဝန်ကြီးကို ပြန်လည် အစီရင်ခံသောအခါတွင် "သူ့အမိန့်ကို နာခံလိုက်ပါ။ နောက်နောင်မှာ ရာထူးက ဖြုတ်ချခံရသူများရဲ့ ဓာတ်ပုံကို မဖော်ပြပါနှင့်" ဟု အမိန့်ပေးလေသည်။

တင်မောင်၏ ရုံးသို့ ပြန်ရောက်သောအခါတွင် 'အလုပ်ဖြုတ်ခံရသူများ၏ ဓာတ်ပုံများကို ပုံနှိပ်ဖော်ပြခြင်းမပြုရ' ဟူသော အထက်အမိန့်ကို လက်နှိပ်စက်ရိုက်ပြီး အယ်ဒီတာချုပ် (၇) ဦးတို့ထံ ပို့လိုက်ရပါသည်။

မဆိုးလှပါ။ တကယ့်တကယ်ပြောရလျှင် စစ်တပ်နည်းနှင့် သတင်းစာထုတ်ဝေရသည်မှာ များစွာ လွယ်ကူပါသည်။

အမိန့်ပေးသူ ဗိုလ်မှူးကြီးစိန်လွင်၏ အကြောင်းကို စာဖတ်သူတို့ သိကြပါသည်။ နောင်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးအဖြစ် အမြင့်သို့ တက်လာခဲ့ပါသည်။ နိုင်ငံတော်၏ အထွတ်အထိပ် နိုင်ငံတော်သမ္မတကြီးပင် ဖြစ်ခဲ့ပါသည်။ သို့ပင်သို့ငြားသော်လည်း





အိမ်မြင့်တွင် (၁၈) ရက်သာ နန်းစံရပါသည်။ ထောင်ပေါင်းများစွာသော လက်နက်မပါ ဒီမိုကရေစီဆန္ဒပြသူများကို သတ်ဖြတ်ခဲ့သောကြောင့် 'သားသတ်သမားကြီး' ဟု လူထုက ခေါ်ဝေါ်ကြပါသည်။ လူထုရန်သူကြီးတဦးအဖြစ် သမိုင်းတင်ရစ်ခဲ့ပါသည်။

(မှတ်ချက်။ စောဘဦးကြီး ကျဆုံးကြောင်းသတင်းကို ကြားသိရသောအခါ ဘုရင်ခံဟောင်း ဒေါ်မန်စမစ်က လန်ဒန်တိုင်းမ်သတင်းစာ အယ်ဒီတာထံသို့ ပေးစာရေးရှာသည်။ စောဘဦးကြီးသည် အကြမ်းဖက်သမားမဟုတ်ပေ။ အခက်အခဲ ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကို ပျော်မွေ့စွာ ဆက်လက်ကာ တော်လှန်ပုန်ကန်နေဦးမည့်သူဟု ကျွန်ုပ်မမြင်မိပေ။ ဆက်လက်တိုက်ခိုက်နေသည့် နောက်ပိုင်းတွင်ႉ နက်နဲသော အချက်များ ရှိနေပေမည်။ အဓိကဝမ်းနည်းဖွယ်ရာမှာ မြန်မာနိုင်ငံအဖို့ အစွမ်းအစရှိသော ခေါင်းဆောင်များ လျင်မြန်စွာ ဆုံးရှုံးနေခြင်းဖြစ်၏။ အောင်ဆန်း၊ ဦးစော၊ စောဘဦးကြီး၊ ဦးတင်ထွန်း)

• • • • •

A Journalist, a General and an Army in Burma




*Early newspapers printed in Burma: the Maulmain Chronicle (first published 1836) and the Mandalay Gazette (1874), the King's paper with its promise of freedom.*

၁၈၃၆ ခုနှစ်က စတင်ပြီး ပုံနှိပ်သော ပထမဆုံးသတင်းစာ Moulmain Chronicle နှင့် ၁၈၇၄ ခုနှစ်က ထုတ်သော ရတနာပုံ နေပြည်တော်သတင်းစာ။



## (၁)

## အမှန်အစပေါ် ဦးစ မြန်မာသတင်းစာများ

မြန်မာသတင်းစာတို့သည် လွတ်လပ်စွာ ဖွားမြင်လာခဲ့ကြပေသည်။

လွတ်လပ်ခွင့်ကို အစဉ်တဆက် ထိန်းသိမ်းလာသော အင်္ဂလိပ်တို့က သတင်းစာများကို ဗမာပြည်နှင့် မိတ်ဆက်ပေးခဲ့သည်။ ရန်သူတို့က ယူဆောင်လာသည်ဖြစ်စေကာမူ မြန်မာ ဘုရင်နှင့် မြန်မာမျ...က အင်္ဂလိပ်သတင်းစာများကို ထူးခြားဆန်းပြားသော စိတ်...တခုအဖြစ် များစွာ ကြိုက်နှစ်သက်ကြလေသည်။ မွှင့်လင်းသော မြန်မာစာပေနှင့် သန့်စွမ်းသော ဘာသာ ရေးအခြေအနေများသည် လွတ်လပ်သော သတင်းစာများ တိုးတက်စည်ပင်နိုင်သည့် မြေ ကောင်းရေကောင်း ဖြစ်နေလေသည်။ ထို့ကြောင့် အင်္ဂလိပ်တို့ သယ်ဆောင်လာသည့် သတင်း စာကို "တယ်ကောင်းပါလား" ဟုဆိုကာ စိတ်ဝင်စားကြလေသည်။

မြန်မာတို့သည် မြန်မာစာကို (၁၁) ရာစုနှစ် ပုဂံခေတ်က စတင်ရေးသားခဲ့ကြသည်။ ထိုခေတ်က ရှေးမြန်မာကြီးများသည် ကျောက်ပြားများပေါ်တွင် ထွင်းထုကာ စာရေးသား ကြပြီး နောင်လာနောက်သား ဖတ်ရှုရန်အတွက် ထားရှိခဲ့ပေသည်။ ယခုထက်တိုင် ကျောက်စာ ပေါင်း (၅၀၀) ကျော်ကို ဖတ်ရှုနိုင်ကြသေးသည်။ "လွတ်မြောက်ပြီဖြစ်သော ငါသည် မလွတ် လပ်သေးသူတို့အား လွတ်စေအံ့" ဟု အလောင်းစည်သူ ဘုရင်ကြီးက ခရစ်သက္ကရာဇ် ၁၁၅၀ ခုနှစ်က ရေးခဲ့သည်ကို ဖတ်ရှုကာ ဗုဒ္ဓအဘိဓမ္မာနှင့် မြန်မာတို့၏ လွတ်လပ်ရေးခံယူချက်ကို သိနိုင်ပေသည်။

Maulmain Chronicle အမည်ရှိသော သတင်းစာသည် ပထမဆုံး မြန်မာသတင်းစာ ဖြစ်လာသည်။ ၁၈၂၃ ခုမှာ စတင်ပြီး ၁၈၂၆ ခုနှစ်မှာ ပြီးဆုံးသော ပထမအင်္ဂလိပ်- မြန်မာစစ်ပွဲ တွင် အောက်မြန်မာပြည်မှ နယ်မြေအချို့တို့ကို အင်္ဂလိပ်တို့က သိမ်းနိုင်ခဲ့သည်။ ယင်းသတင်း စာကို အင်္ဂလိပ်စစ်တပ်များ၏ အာဘော်အဖြစ် ထုတ်ဝေစဉ်က အမေရိကန် သာသနာပြုအဖွဲ့ တခုက တည်းဖြတ်စီစဉ်ပေးခဲ့လေသည်။

ရန်ကုန်မြို့သို့ အင်္ဂလိပ်တပ်များ ပြောင်းရွှေ့ပြီး ရုံးစိုက်သောအခါတွင် အစိုးရသတင်းစာ အများ ပေါ်လာပြီး ပုဂ္ဂလိကတို့ကပါ ဝင်ရောက်တည်ထောင်စပြုခဲ့ကြသည်။ ထိုအချိန်တွင် အထက်ဗမာပြည်သည် လွတ်လပ်သော နိုင်ငံတခုဖြစ်ပြီး ဂုဏ်တက်သော မြန်မာမင်းတပါးက အုပ်ချုပ်နေသည်။

ခရစ်နှစ် ၁၈၅၃ ခုကစပြီး ၁၈၇၈ ခုနှစ်အထိ အထက်ဗမာပြည်တွင် နန်းစံသူ မင်းတုန်း မင်းတရားကြီးသည် အင်္ဂလန်၊ အိန္ဒိယနှင့် ရန်ကုန်မှလာသော သတင်းစာများကို ပညာရှိ အမတ်မင်းများကို ဖတ်စေကာ လုံးစေ့ပတ်စေ့ ဘာသာပြန်ပြီး တင်လျှောက်စေသည်။

'ကျွန်ုပ်တို့သည် အသက်ဦးဗိုင် အထန်ဆုံး၊ သဘောထားအသေးဆုံး၊ မလိမ္မာဆုံး၊ အ

မြှော်အမြင်အနည်းဆုံး၊ အရက်စက်ဆုံးနှင့် မတရားဆုံးသော အစိုးရ၏ အုပ်စိုးခြင်းကို ခံနေကြရပေသည်' ဟု အောက်မြန်မာနိုင်ငံ အင်္ဂလိပ်အစိုးရကို The Rangoon Chronical သတင်းစာဆရာက ၁၈၅၃ ခု၊ ဇန်နဝါရီလ (၅) ရက်နေ့ထုတ် သတင်းစာမှာ ပြင်းထန်စွာ ဝေဖန်ထားသည်ကို ဘုရင်ကြီးက နှစ်သက်အံ့သြတော်မူခဲ့သည်။ ထိုအချိန် ထိုအခါက မြန်မာနိုင်ငံသားတဦးအဖို့ မိမိ၏ဘုရင်ကို ပြန်လည်ဝေဖန်ရန် အမှုကိစ္စကို တွေးရန်ပင် မတွေးဝံ့ကြပါ။

အုပ်ချုပ်သူများကို ယခုကဲ့သို့ ပြန်လည်ဝေဖန်သည်မှာ သက်ဦးဆံပိုင်ခေတ်တွင် ရှိနေသော ရတနာပုံ နေပြည်တော်အဖို့ ကြီးမားသော တော်လှန်ရေးကြီး ဖြစ်နေပေသည်။ ဘုရင်နှင့်တကွ အပတ်များသည် ရန်သူ၏ နယ်မှလာသော သတင်းစာများကို တအံ့တသြ စိတ်ဝင်စားမိခဲ့ကြသည်။

အစိုးရကို ပြင်းထန်စွာ ဝေဖန်ခဲ့သော ရန်ကုန်မှ သူ့ရဲကောင်းကြီး၏ အကြောင်းကမူ သီးခြားဇာတ်လမ်းဖြစ်ပေသည်။ ထိုသတင်းစာထုတ်ဝေသူမှာ မစ္စတာလူးဝစ်ဆိုသူ ရှေ့နေတဦးဖြစ်၏။ ပြင်းထန်သော စကားလုံးများကို အသုံးပြုကာ ဝေဖန်ဖြစ်တင်သည်မှာ ရည်ရွယ်ချက်ရှိပေသည်။ သူသည် ကြီးပွားလိုသော ရည်မှန်းချက်နှင့် သတင်းစာထုတ်ဝေသူဖြစ်သည်။ သူ၏အကြောင်းကို သိရှိနားလည်သော အင်္ဂလိပ်အာဏာပိုင်တို့က သူ့ကို အစိုးရရာထူးတခု ပေးအပ်ပြီး နှုတ်ပိတ်လိုက်ရာမှ ဝေဖန်သံ ဆိတ်သွားခဲ့သည်။

ဇာတ်လမ်းကို မသိရှာသော ဘုရင်ကြီးမှာမူ သတင်းစာများနှင့် သတင်းစာဆရာများ၏ သတ္တိကို အသည်းစွဲနေလေတော့သည်။

ထိုထက် စောစောကပင် အထက်မြန်မာပြည်သို့ ပုံနှိပ်စက်တလုံး ရောက်ရှိနေခဲ့ပြီဖြစ်၏။ မစ္စတာယုဒသန်ဆိုသူ အမေရိကန်သာသနာပြုဆရာတဦးက ခရစ်ယာန်ဘာသာ တရားစာများ ပုံနှိပ်ရန် တည်ထောင်ခဲ့သည်။ ထိုစက်အတွက် ဘုရင်က ငွေကြေးထောက်ပံ့ခဲ့သောကြောင့် ယင်းပုံနှိပ်စက်တွင် မြန်မာဓမ္မသတ်များ၊ ဥပဒေများလည်း ပုံနှိပ်သည်။ ပထမဆုံး မြန်မာဘာသာနှင့် ပုံနှိပ်သော 'နိဗ္ဗာန်ဘုံသို့ သွားရာလမ်း' အမည်ရှိသော ခရစ်ယာန်ကျမ်းစာအုပ်ကို ၁၈၁၆ ခုနှစ်က ထုတ်ခဲ့သည်။

သတင်းစာကို ကြိုက်နှစ်သက်နေသော ဘုရင်ကြီးအဖို့ မိမိနန်းမြေတွင် ပုံနှိပ်စက်ကလည်း အသင့်ရှိနေသဖြင့် ဆောလျင်စွာ သတင်းစာလုပ်ငန်းကို တည်ထောင်တော်မူလေသည်။ ဘုရင်၏ အာဘော်ဖြစ်သော ရတနာပုံ နေပြည်တော်သတင်းစာ အင်္ဂလိပ်ဘာသာနှင့် Mandalay Gazette ကို ၁၈၇၄ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည်။ နောက် (၄) နှစ်အကြာကာလတွင် ရန်ကုန်တွင်လည်း အင်္ဂလိပ်တို့ပိုင်သော သတင်းစာများကို တုံ့ပြန်ရန် ရည်ရွယ်ချက်နှင့် မြန်မာသံတော်ဆင့် သတင်းစာကို ရန်ကုန်မြို့တွင် အခြေစိုက်ပြီး မင်းတုန်းမင်းကပင် ထုတ်ခဲ့သေးသည်။

ထိုသတင်းစာများကို သက်ဦးဆံပိုင် မြန်မာဘုရင်က ပိုင်သော်လည်း သတင်းစာများသည် လွတ်လပ်စွာ ရေးသားခွင့်ရှိသည်ဟု လွတ်လပ်စွာ ရေးသားခွင့်ကို ဥပဒေပြုကာ ပေးအပ်ခဲ့၏။ ပုဒ်မပေါင်း (၁၇) ချက် ပါဝင်သော သတင်းစာများ လွတ်လပ်ခွင့်ဥပဒေကို ထုတ်ပြန်အတည်ပြုခဲ့ရာတွင် ယင်းဥပဒေပုဒ်မ (၃) တွင် (၃) အချက်၊ ဥရောပတိုက်၊ အိန္ဒိယနိုင်ငံ၊





တရုတ်နိုင်ငံ၊ ယိုးဒယားနိုင်ငံ စသည်များက အရပ်ရပ်အကြောင်းအရာကို ကြားသိရသဖြင့် နိုင်ငံသားတို့ အလုပ်အကိုင်၊ အကူးအသန်း၊ အကြံအစည်တိုးတက်ရန် အကျိုးအတွက် ထုတ်ဝေသော သတင်းစာဖြစ်သည်ဟု ဖော်ပြထားလေသည်။

အရာရှိဆိုးများကို သတင်းစာက ဖော်ထုတ်ရေးသားကာ ပြစ်တင်ရှုတ်ချ ဝေဖန်ရေးသားရန် အခွင့်ပေးသော စာပိုဒ်ကိုလည်း ဥပဒေပုဒ်မ (၈) တွင် "မြည်သူတို့တွင် မတော်ပြုကျင့်သူရှိခဲ့လျှင် ၎င်းသတင်းစာက ကဲ့ရဲ့ကြေညာ၍ ပြုမိသူနှင့်တကွ လူအများရှုံ့ကြောက်ကြသဖြင့် အတိုင်းအထက် အလွန်ကောင်းမွန်ကြရန် အကျိုး" ဟု ဖော်ပြပါရှိလေရာ ယနေ့သတင်းစာလောကအတွက်ပင် ပြီးပြည့်စုံသော သတင်းစာဥပဒေဖြစ်ပေသည်။ ထို့ပြင် ညီလာခံအစည်းအဝေးတခု ကျင်းပစဉ်တွင် သတင်းစာဆရာတို့၏ လွတ်လပ်ခွင့်ကို သိန္ဒိတင်ပေးခဲ့သေးသည်။

"ငါမကောင်းက ငါ့အကြောင်းကို ရေး။ ငါ၏ မိဖုရားတွေ မကောင်းလျှင် သူတို့အကြောင်းကို ရေး။ ငါ့သားတော်၊ သမီးတော်များ မကောင်းလျှင်လည်း သူတို့အကြောင်းကို ရေး။ လွှတ်တော်တရားသူကြီးတွေ၊ မြို့ဝန်တွေ မကောင်းလျှင်လည်း ၎င်းတို့အကြောင်းကို ရေး။ မှန်ကန်တဲ့ အကြောင်းကို ရေးတာကြောင့် သတင်းစာဆရာများကို မည်သူကမှ အရေးမယူစေရ။ သတင်းစာဆရာများကို နန်းတော်တွင်းသို့ လွတ်လပ်စွာ သွားလာခွင့်ရှိကြစေ" ဟု စေတလုံးပေးခဲ့ပေသည်။

မြန်မာမင်းများလက်ထက် လွတ်လပ်စွာ ရေးသားကြစေဟု အထူးအခွင့်အရေးကို ရွှေစာလုံးများနှင့် ရေးသားထားခဲ့သော ဥပဒေနှင့် မြန်မာသတင်းစာများ ပေါက်ဖွားလာခဲ့ပေသည်။

ယင်းနောက် နိုင်ငံတခုလုံး အင်္ဂလိပ်ကျွန်ဘဝသို့ ရောက်ရှိသွားစေကာမှ သတင်းစာများသည် အထိုက်အလျောက် လွတ်လပ်ခဲ့ပေသည်။ သို့သော် အင်္ဂလိပ်အစိုးရအဖို့ သူတို့၏ နိုင်ငံချဲ့စနစ် တည်မြဲရေးကို ထိန်းသိမ်းရပေသည်။ အထက်တွင် ရေးခဲ့သည့်အတိုင်း အင်္ဂလိပ်အစိုးရကို ပက်ပက်စက်စက် ဆဲရေးဝေဖန်သူ အယ်ဒီတာကို ရာထူးပေးပြီး နှုတ်ပိတ်သကဲ့သို့ ပရိယာယ်နှင့် အုပ်ချုပ်ခဲ့သည်။ သတင်းစာနှင့် ပုံနှိပ်တိုက်ဆိုင်ရာ စည်းကမ်းဥပဒေများလည်း ချမှတ်ခဲ့သည်။

၁၉၄၇ ခုနှစ်က တင်မောင်၏ အတွေ့အကြုံကလေးကို မှတ်မိပါသေးသည်။

"တို့တတွေ ပြန်တိုက်ကြမှ ဖြစ်မယ်။ ဒါဟာ သတင်းစာလွတ်လပ်ခွင့်ကွ" ဟု မြန်မာပြည်သတင်းထောက်များအသင်း အစည်းအဝေးတွင် အသင်းခေါင်းဆောင်က ပြောပါသည်။ ထိုနေ့ နံနက်က အင်္ဂလိပ်ပုလိပ်မင်းကြီးက ထုတ်ပြန်သော အမိန့်ကို တိုက်ကြရန် စည်းဝေးခဲ့ကြသည်။

ရန်ကုန်မြို့ရှိ ပုလိပ်ဌာနများတွင် အမှုတခုကို လာရောက်တိုင်တန်းသည်နှင့် တပြိုင်နက်တိုင်ချက်ကို စာရေးကြီးက မှတ်ကြရသော 'ပထမ သတင်းမှတ်တမ်း' ဟုခေါ်သော စာအုပ်ကြီးထားရှိကြရသည်။ သတင်းထောက်များက ပုလိပ်ဌာနများကို သွားရောက်ပြီး ထိုမှတ်တမ်းကြီးကို ဖတ်ပြီး အမှုဖြစ်ပွားသော ဒေသသို့ သွားရောက်ထောက်လှမ်းရလေ့ရှိသည်။ ထိုနေ့ နံနက်

ကမှ မှတ်တမ်းစာအုပ်များကို သတင်းထောက်များ ဖတ်ခွင့်မရှိဟု ပုလိပ်မင်းကြီးက အမိန့်ထုတ်လိုက်ခဲ့သည်။

အမိန့်ထုတ်စေကာမူ အပေါင်းအသင်းကောင်းလျှင် ခိုးဝှက်ဖတ်ရှုနိုင်ကြသဖြင့် ကျနော်တို့ သတင်းထောက်များအဖို့ မထိခိုက်ပါ။ သို့စေကာမူ သတင်းပိတ်သော ပုလိပ်မင်းကြီး အာဏာပြသည်ကို ခပ်ဆတ်ဆတ်ကလေး ပြစ်တင်ကြရန် ညှိခဲ့ကြသည်။

နောက်တနေ့တွင် ရန်ကုန်မြို့မှ ထုတ်ဝေသော သတင်းစာ (၃၉) စောင်စလုံးတို့တွင် သတင်းတပုဒ်ကို ဖော်ပြကြလေသည်။

'ပုလိပ်မင်းကြီး မိမိကိုယ်မိမိ သတ်သေခြင်း' ဟူသော ခေါင်းစဉ်နှင့် ဖော်ပြထားလေသည်။ ရန်ကုန်မြို့ ပုလိပ်မင်းကြီးသည် မိမိကိုယ်မိမိ သတ်သေသွားရှာသည်ဟု သတင်းရရှိကြောင်းနှင့် ဖွဲ့နွဲ့ရေးသားကာ ယင်းသတင်းကို ယမန်နေ့ညက ရရှိသော်လည်း ဆက်လက်စုံစမ်းအတည်ပြုချက်မရပါဟု ရေးသားထား၏။

နောက်တနေ့တွင် ပုလိပ်မင်းကြီးက သတင်းစာရှင်းလင်းပွဲ ခေါ်တော့သည်။ ဒေါသကြောင့် မျက်နှာကြီး ပိုနီနေသည့် ပုလိပ်မင်းကြီးက "ဒီလိုမဟုတ်မမှန် သတင်းကို ဘယ်ကရသလဲ" ဟု မေးလေသည်။ "အမည်မဖော်နိုင်တဲ့ ဒေသက ရပါတယ်။ ကျနော်တို့သတင်းထောက်များမှာ ပုလိပ်ဌာနက ပထမသတင်းမှတ်တမ်းကိုလည်း ဖတ်ရှုခွင့်မရှိတော့ မှန်၏၊ မှား၏ မသိဖြစ်ရ၊ မသိကြရပါ" ဟု မျက်နှာသေကလေးများနှင့် ဖြေလိုက်ကြသည်။

တင်မောင်တို့ အောင်နိုင်ပါသည်။ သတင်းပေးသူ၏ အမည်ကို သတင်းစာများက ဖွင့်မပြောရဟူသော စည်းကမ်းကို သိသဖြင့် ပုလိပ်မင်းကြီးက ဆက်လက်မေးမြန်းခြင်းမပြုတော့ပါ။ အမှုမှတ်တမ်းစာအုပ်ကြီးကိုလည်း ဖတ်ခွင့်ရရှိလိုက်ပါသည်။

ကျွန်ဘဝတွင် နေရစေကာမူ ယဉ်ကျေးသူများနှင့် ဆက်ဆံကြရသည်မှာ နှစ်သိမ့်ဖွယ်ကောင်းပါသည်။ မိမိက နိုင်ရသည်ဖြစ်စေ၊ အရှုံးပေးလိုက်ရသည်ဖြစ်စေ သာယာကြည်နူးဖွယ်ကောင်းပါ၏။

• • • • •



(၂)

# ဒီမိုကရေစီအစိုးရနှင့် သတင်းစာများ

တင်မောင်တို့ သတင်းစာဆရာများအဖို့ အင်္ဂလိပ်ခေတ်က ကျွန်ဘဝသာ ဖြစ်ခဲ့သော်လည်း ယဉ်ကျေးသော အစိုးရများဖြစ်ကြသောကြောင့် လွတ်လပ်မှုအရသာကို ကောင်းစွာခံစားခဲ့ရလေသည်။ လွတ်လပ်သော မြန်မာအစိုးရခေတ်သို့ ရောက်သောအခါတွင်မူ သတင်းစာတို့၏ တန်ခိုးသြဇာကြီးမားလာကာ အစိုးရအဖွဲ့ဝင်များနှင့် သတင်းစာဆရာများသည် ထီးပြိုင်နန်းပြိုင်ဘုရင်များ ဖြစ်လာကြတော့သည်။ ဒီမိုကရေစီအစိုးရဟူသည်မှာ ပြည်သူတို့က ဆန္ဒမဲပေးကာ တင်မြှောက်သည့် အစိုးရမင်းများဖြစ်ကြလေရာ လူထုကိုယ်စားလှယ်များဖြစ်ကြသည်။ နိုင်ငံရေးအစိုးရတို့နှင့်အတူ သတင်းစာများသည်လည်း မင်းတပါးဖြစ်လာခဲ့တော့၏။

၁၉၅၆ ခုနှစ်က ဖြစ်ရပ်ကလေးကို တင်ပြပါရစေ။

"အမိန့်ရှိပါခင်ဗျာ။ နိုင်ငံတော်ဝန်ကြီးချုပ်အိမ်က စကားပြောနေပါတယ်။ ဘယ်ကခေါ်ပါသလဲခင်ဗျာ။"

"ကျနော် ဦးတင်မောင်ပါ။ ဗမာ့ခေတ်သတင်းစာ အယ်ဒီတာချုပ်ပါ။"

"ဟုတ်ကဲ့ ဦးတင်မောင်၊ ကျနော်က ဝန်ကြီးချုပ်ရဲ့ အတွင်းရေးအရာရှိတဦးပါ။ ကျနော် ဘာလုပ်ပေးရမလဲခင်ဗျာ။"

"ကျနော် အခုချက်ချင်း ဝန်ကြီးချုပ်နှင့် တွေ့လိုပါတယ်။"

"အခု ဘယ်အချိန်ရှိပြီဆိုတာ သိပါသလားခင်ဗျာ။"

"သိပါတယ်လေ။ ည (၁၁) နာရီခွဲ ကျော်ပါပြီ။ အချိန်နှောင်းနေပါပြီ။ ဒါပေမယ့် ဝန်ကြီးချုပ်ကို အခုချက်ချင်း တွေ့မှဖြစ်မယ့် ကိစ္စမို့ပါ။"

"မဖြစ်နိုင်ဘူး ဆရာရေ့။"

"ဘာလို့လဲ၊ အဖိုးကြီးနဲ့ တွေ့မှဖြစ်မှာပါ။"

"ဝန်ကြီးချုပ်က ဘုရားဆောင်ဝင်နေပါတယ်။ တရားထိုင်နေပါတယ်။ သန်းခေါင်ကျော်မှ ထွက်လာမှာပါ။"

"ဒါဖြင့် ကျနော်အခုလာခဲ့မယ်။ သူထွက်လာတဲ့အခါ တွေ့တာပေါ့။"

ထိုညက ဝန်ကြီးချုပ်ဦးနုနှင့် တွေ့ပြီး ဆွေးနွေးရပါသည်။ နှစ်နာရီကျော်ကြာ တိုင်ပင်ကြရသဖြင့် နံနက်မလင်းတလင်းတွင်မှ ပြန်လာရလေသည်။

တင်မောင်၏ ပြဿနာမှာ မိမိ၏ သတင်းစာတိုက် (ဗမာ့ခေတ်သတင်းစာတိုက်) ကို ကျောင်းသားများက ဝိုင်းထားသဖြင့် သတင်းစာမထွက်နိုင်သော ကိစ္စဖြစ်သည်။

ထိုနေ့ နံနက်က သတ္တမတန်းစာမေးပွဲဖြေဆိုသော နေ့ဖြစ်သည်။ စာမေးပွဲတွင် မေးမြန်း

သည့် မေးခွန်းများ ပေါက်ကြားနေသည်ကို တိကျစွာ သတင်းရရှိသဖြင့် ဗဟန်းစော်တွင် ပေါက်ကြားသော မေးခွန်းများကို မူရင်းအတိုင်း ဖော်ပြခဲ့သည်။ သတင်းမှန်လွန်းသဖြင့် ပညာရေးဌာနအဖို့ မငြင်းနိုင်ပေဘာကြောင့် စာမေးပွဲကို ဖျက်လိုက်သည်ဟု ကြေညာလိုက်ရသည်။ စာမေးပွဲဖြေရန် စာစစ်ဌာနသို့ သွားကြသော ကျောင်းသားများသည် တံခါးပိတ်ကာ ကပ်ထားသည့် ကြေညာစာကို ဖတ်ကြရရာမှ မကျေမနပ်ဖြစ်ကြကာ ပညာရေးဝန်ကြီးဌာနရုံးကို ဝိုင်းကာ ဆန္ဒပြကြတော့သည်။

ကျောင်းသားများ၏ မကျေနပ်ချက်ကို ဝန်ကြီးရုံးက ပြေလည်အောင် ဖြေရှင်းမပေးနိုင်သဖြင့် မေးခွန်းများ ဖော်ပြသော ဗဟန်းစော်သတင်းစာတိုက်သို့ ချီတက်လာပြီး သတင်းစာတိုက်ကို ဝိုင်းကြလေသည်။

ရဲအဖွဲ့က တ ်ကြိုသိထားသောကြောင့် ဗဟန်းစော်တိုက်ရှေ့မှ စောင့်နေကြသည်။ ဒေါသနှင့် ချီတက်လာသော ကျောင်းသားများနှင့် ရဲအဖွဲ့တို့ ထိပ်တိုက်တွေ့ကြရာမှ ရုန်းရင်းဆန်ခတ် ဖြစ်ပွားလေတော့သည်။ ကျောင်းသားတဦး သေနတ်ထိသွားရှာသည်။ ငယ်ရွယ်သူ ကျောင်းသားကလေးများက ဒဏ်ရာရရှိသော ကျောင်းသားကို ဆေးရုံသို့မပို့ဘဲ ပုခုံးပေါ်မှာ တင်ထမ်းပြီး ဆန္ဒပြကြလေသည်။ ထိုကျောင်းသားငယ် (ဟယ်ရင်တန်) သေဆုံးသွားလေရာ ကျောင်းသားများက မကျေနပ်နိုင်တော့ဘဲ ဗဟန်းစော်ရှေ့မှာ တပ်စွဲထားပြီး ဆက်လက်ဆန္ဒပြလေကြတော့သည်။ သတင်းစာအလုပ်သမားများ ဝင်ခွင့်မပြုသောကြောင့် သတင်းစာမထွက်နိုင်တော့ပါ။

ထိုကြောင့် အစိုးရက ကျောင်းသားများကို ဖယ်ရှားပေးရန်၊ ဖြေရှင်းပေးရန် ဝန်ကြီးချုပ်အား တင်မောင်က ပန်ကြားပါသည်။

ဝန်ကြီးချုပ်က ပြည်ထဲရေးဝန်ကြီးကို ဖုန်းဆက်မေးမြန်း၏။ အခြေအနေအဝဝကို တင်မောင်နှင့် တိုင်ပင်ပြီး စဉ်းစားကြသည်။ ငယ်ရွယ်သူ ကျောင်းသားကလေးများ၏ ပြဿနာဖြစ်သောကြောင့် ညင်သာစွာ ကိုင်တွယ်သင့်သည်ဟု ဝန်ကြီးချုပ်က ဆုံးဖြတ်လိုက်သည်။

ရဲအဖွဲ့က ကျောင်းသားများကို ဖယ်ရှားပေးရန် တင်မောင်၏ တောင်းဆိုချက်ကို လိုက်လျောမှုမပြုသောကြောင့် နောက်တနေ့ နံနက်မှာ သတင်းစာမထွက်နိုင်တော့ပါ။ နိုင်ငံသားတို့၏ အမှုကိစ္စကို ဝန်ကြီးချုပ်ကိုယ်တိုင် သန်းခေါင်ကျော် လင်းအားကြီးအထိ လက်ခံတွေ့ဆုံ အရေးယူစဉ်းစားဆောင်ရွက်သည်မှာ များစွာ ကျေနပ်ဖွယ်ကောင်းလှပေသည်။

လိပ်ခဲတည်းလည်းဖြစ်နေသော ဗဟန်းစော်သတင်းစာတိုက်ရှေ့၌ တပ်စွဲထားသည့် ကိစ္စကို ဖြေရှင်းရန်အတွက် နောက်တနေ့ နံနက်တွင် ဝန်ကြီးချုပ်အိမ် သွားရပြန်လေ၏။

သက်ဆိုင်ရာ ဝန်ကြီးများပါ တက်ရောက်ပြီး ဆွေးနွေးကြသောအခါတွင် ကျောင်းသားငယ်များ ဒေါသပြေငြိမ်းရေးက အရေးကြီးသဖြင့် အစိုးရက တင်မောင်အား ဖမ်းဆီးရန် ဆုံးဖြတ်ကြပါသည်။ တင်မောင်ကလည်း အဖမ်းခံပါမည်ဟု သဘောတူခဲ့သည်။ ပြည်ထဲရေးဝန်ကြီးနှင့် ပြန်ကြားရေးဝန်ကြီးတို့၏ အဆိုပြုချက်သည် မှန်ကန်သဖြင့် တင်မောင်က လက်နှစ်ဖက်ကို ပူးတွဲပြကာ လက်ထိပ်ခတ်ခံပါမည်ဟု ပြောရလေသည်။ စာမေးပွဲမေးခွန်းကို ပုံနှိပ်သဖြင့် နိုင်ငံတော်လျှို့ဝှက်ချက်ကို ပေါက်ကြားစေမှုဖြင့် အရေးယူရန် ဆုံးဖြတ်ခဲ့၏။





လက်တွေ့မှာ လက်ထိပ်ခတ်ခြင်းမခံရပါ။ ရဲတို့က အာမခံပေးပိုင်သော အမှုဖြစ်လေသောကြောင့် အာမခံပြီး မိတ်ဆွေတဦးနှင့်အတူ ရဲဌာနသို့ တင်မောင်သွားရောက်ပြီး အဖမ်းခံခဲ့ပါ၏။ (၁၅) မိနစ်အတွင်း အာမခံနှင့် ပြန်ထွက်ခဲ့နိုင်လေသည်။ ဖြစ်ခဲ့ရသော ကိစ္စအဝဝအတွက် ပြုပြင်မွမ်းမံသူ တရားခံသည် သတင်းစာဖြစ်သည်ဆိုကာ တင်မောင်အား ဖမ်းလိုက်သောအခါတွင် ကျောင်းသားများက အောင်မြင်စွာ တပ်များကို ရုပ်သိမ်းသွားကြတော့သည်။

ဤတွင်မှ တင်မောင်နှင့် အဖွဲ့သားများ တိုက်ထဲပြန်ဝင်နိုင်ပြီး သတင်းစာကို ဆက်လက်ထုတ်ဝေနိုင်ပါတော့သသည်။ တင်မောင်အား ဖမ်းဆီးအရေးယူသည်ဆိုသော အမှုကြီးကို လပေါင်းများစွာ စစ်ဆေးမှုမပြုဘဲ ဆွဲထားပြီး၊ ကာလရှည်ကြာပြီး ကျောင်းသားများ မေ့လောက်သောအခါတွင်မှ အစိုးရက ပြန်လည်ရုပ်သိမ်းခဲ့ပေသည်။

ကျောင်းသားများအဖို့ ဝမ်းမြောက်ဝမ်းသာ အောင်ပွဲခံနိုင်ကြပါသည်။ မေးခွန်းပေါက်ကြားမှုကြောင့် ဖျက်သွားရသော သတ္တမတန်းစာမေးပွဲကို ပြန်လည်စစ်ဆေးခြင်းမပြုတော့ဘဲ စာဖြေသူအားလုံးကို အောင်စေအမိန့်ထုတ်ပြီး (၈) တန်းသို့ အတန်းတင်ပေးလိုက်လေသည်။ ကံဆိုးရှာသူ ကျောင်းသားကလေးတယောက် အသက်ဆုံးရှုံးရသည်မှတပါး အေးချမ်းပျော်ရွှင်စွာ ဇာတ်သိမ်းခဲ့၏။

ကြီးမားသော ပဋိပက္ခကြီးကို သတင်းစာဆရာနှင့် အစိုးရတို့ 'မြွေမသေ တုတ်မကျိုး' ဖြေရှင်းနိုင်ကြသည်မှာ လွတ်လပ်သော ဒီမိုကရေစီစနစ်၏ အကျိုးကျေးဇူး ဖြစ်ပေသည်။

ဤသို့သော မှန်မြတ်သော ဒီမိုကရေစီစနစ်ကို အလိုအလျောက် လွယ်ကူစွာ ရရှိခဲ့သည် မဟုတ်ပေ။ အမြော်အမြင်ကြီးမားသူ သတင်းစာဆရာများနှင့် နိုင်ငံရေးခေါင်းဆောင်များ ပူးပေါင်းကာ လူထုကြီး၏ အင်အားနှင့် အားထုတ်ရယူခဲ့ပေသည်။ နှစ်ပေါင်းများစွာ တိုက်ခိုက်ရယူခဲ့ကြရသည်။ သွေးနှင့် ချွေးနှင့် တိုက်ခဲ့ရပေသည်။

• • • • •



အင်္ဂလိပ်နယ်ချဲ့အား စတင်တိုက်ခဲ့သော ဘိနပ်အရေးတော်ပုံ ရုပ်ပြောင်



(၃)

## လွတ်လပ်ရေးတိုက်ပွဲနှင့် မြန်မာသတင်းစာများကဏ္ဍ

အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို သူတို့၏ ကျွန်နိုင်ငံဖြစ်လေပြီဟု ၁၈၈၆ ၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ကြေညာသည်။ မြန်မာများက လက်မခံပါ။ သူ့ကျွန်မခံပြီဟု ပြန်လည်တိုက်ခိုက်ကြလေသည်။ သေနတ်နှင့် အုပ်ချုပ်သော အင်္ဂလိပ်အစိုးရကို ဓားများ၊ လှံများနှင့် ပြန်လည်တိုက်ခိုက်ခဲ့ကြ၏။

ရဲရင့်စွာ တိုက်ခိုက်သော မြန်မာသူပုန်များကို အင်္ဂလိပ်တို့က စစ်အင်အားကြီးမားစွာ အသုံးပြုကာ ချေမှုန်းတိုက်ခဲ့ရလေသည်။ ထိုစဉ်က လူဦးရေ (၃,၀၀၀,၀၀၀) သုံးသန်းသာရှိသော အထက်မြန်မာလူထုကို အင်္ဂလိပ်စစ်ပုလိပ် (၁၇,၃၈၆) ဦးနှင့် နှိမ်နင်းရလေရာ မြန်မာ (၁၇၃) ဦးတွင် အင်္ဂလိပ်စစ်သား တဦးနှုန်း စောင့်ကြပ်နှိမ်နင်းရပါသည်။ အိန္ဒိယပြည်၊ ဘင်္ဂလားနယ်တွင် တိုင်းရင်းသား (၂,၉၀၂) ဦးတွင် အင်္ဂလိပ်စစ်သား တဦးနှုန်း ထိန်းကွပ်ရသည်နှင့် နှိုင်းစာပါက မြန်မာများ မည်မျှလှုပ်ရှားခဲ့သည်ကို ခန့်မှန်းနိုင်ပါ၏။

အင်္ဂလိပ်တို့အဖို့ ငြိမ်းချမ်းရေးရရှိရန်၊ တရားဥပဒေစိုးမိုးသည့် အစိုးရဖြစ်မြောက်ရန် နှစ်ပေါင်း များစွာ အားထုတ်ရလေသည်။ ၁၉၀၀ ပြည့်နှစ်ကာလ ရောက်ရှိလေမှ လက်နက်နှင့် ပြန်လည်တိုက်ခိုက်ထကြွမှုများ ငြိမ်သက်သွားကာ အင်္ဂလိပ်အစိုးရအဖို့ ထိရောက်စွာ အုပ်ချုပ်နိုင်ခဲ့သည်။ ထိုအချိန်လောက်တွင်ပင် မြန်မာသတင်းစာများ ပေါက်ဖွားလာလေသည်။ သတင်းစာများက ဓားလှံလေးမြား အမြောက်သေနတ်များကို အသုံးမပြုဘဲ စကားလုံးများကို လက်နက်အဖြစ်သုံးကာ ကျွန်ဘဝမှ လွတ်မြောက်ရေးကို တိုက်ခိုက်ခဲ့ကြသည်။

မြန်မာများအဖို့ အသက်ဦးဆံပိုင် ဘုရင်စနစ်ကို မကျေနပ်ခဲ့ကြစေကာမူ ကိုယ့်မင်းကိုယ့်ချင်းဘဝတွင် နေထိုင်လိုကြသည်။ အင်္ဂလိပ်လက်အောက်တွင် စားဝတ်နေမှု တိုးတက်လာစေကာမူ နိုင်ငံ၏ သယံဇာတများကို လူမျိုးခြားတို့က သွေးစုပ်နေသည်ကို လက်မခံနိုင်ပါ။ ကျွန်ဘဝတွင် စိတ်ပျော်၊ ကိုယ်ပျော်မနေနိုင်ကြပါ။

အင်္ဂလိပ်တို့က အိန္ဒိယမှ ခေါ်လာသော အိန္ဒိယအမျိုးသား စာရေးစာချီများနှင့် အုပ်ချုပ်သည်ကိုလည်း မကျေနပ်နိုင်ကြပေ။ မြန်မာပညာတတ်များအဖို့ အင်္ဂလိပ်တို့ အုပ်ချုပ်ရေးစနစ်အောက်၌ နေရာမရှိ ဟူသည့် အချက်ကို မြန်မာများ သိရှိလာစေရန် မြန်မာသတင်းစာများက ရေးသားညွှန်ပြကြသောကြောင့် မြန်မာပညာတတ်များ အသိဉာဏ်ပွင့်လာပြီး နိုင်ငံရေးလှုပ်ရှားမှုများ ပေါ်ပေါက်လာလေသည်။ ယင်းလှုပ်ရှားမှုများကို သတင်းစာများကပင် ဦးဆောင်

စီးနင်းကာ ဝင်ရောက်ကြသဖြင့် မြန်မာများတို့ စိတ်မချမ်းမသာဖြစ်ခဲ့ကြရသည်။

၁၉၁၇ ခုနှစ်တွင် ပဲခူးမြို့၌ လျှောက်လှုပ်သောအခါ ရွှေမော်ဓောစေတီတော်လည်း လျှောက် ဒဏ်သင့်ခဲ့လေသည်။ ထိုကြောင့် အင်္ဂလိပ်ဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက်နှင့် ဇနီးတို့က သွားရောက်ကြည့်ရှုသောအခါတွင် စေတီတော်ရင်ပြင်ပေါ်၌ ဖိနပ်မချွတ်ခဲ့စေကာမူ ဘုရားလူကြီးများက ကြိုဆိုခဲ့ကြသည်။ ထိုအခင်းကို အခွင့်ကောင်းယူကာ မူလက မြန်မာများ မကျေမနပ်ဖြစ်နေသော ဖိနပ်ကိစ္စကို သူရိယသတင်းစာက ဖော်ထုတ်ကာ တိုက်ပွဲဝင်ခဲ့လေသည်။ ဘုရင်ခံက ဘုရားပေါ်၌ ဖိနပ်စီးသည်ကို စေဖန်သရော်သော ရုပ်ပြောင်နှင့် ကဗျာကို သတင်းစာတွင် ဖော်ပြပြီး ပြစ်တင်ဝေဖန်လေသည်။ ကာတွန်းဆရာကြီး ရွှေတာလေးက မျက်နှာဖြူဘုရင်ခံနှင့် ဘုရင်ခံကတော်ကို ဘုရားလူကြီးများက ကုန်းပေးပြီး ကျောပိုးနေသည့်ပုံကို ရေးဆွဲကာကာ "သူတို့ ဖိနပ်မချွတ်လျှင် ဘုရားလူကြီးတွေ ကျောပိုးပါလား" ဟု လှောင်ပြောင်ထားလေသည်။ ရုပ်ပြောင်ကို 'ဘကြီး မေတ္တာတုံးရဲ့ သစ္စာတုံး–ဒီပနီဓားထပ်' ဟု ပြောင်မြောက်သော ကဗျာနှင့် သရုပ်ဖော်ပြန်ပါသေးသည်။

"ဖိနပ်ကို မစီးရယ်လို့၊ နည်းကျကျဆွဲဆင်။
ကမ္ဘည်းသ အကဲတင်သည်၊ မရဲချင်လေကော။
နှစ်ပါးလုံး ဗိုလ်မောင်မယ်မှာ၊ ဟိုတောင်စွယ် ကုန်းမြင့်သာမော။
တကျွတ်ကျွတ် ဘွတ်ရှုတ်ဆင်သည်၊ မချွတ်ချင်ဟု ဆိုသော။
ထွင့်သခင် သူပြောတော့၊ ဂေါပကဖြစ်အင်။
ပုခုံးမှာ ကုန်းကာပိုးမယ်ပ၊ ပြုံးပါလို့ ဦးချပန်ဆင်။
ကျွန်တော် (မျိုးကြီး) တို့ ကျောပြင်ကို၊ ဝေယာဥ်လို ထင်မှတ်လို့။
သခင်မြတ် ကုန်းမြင့်သည်တောင်၊ ရှန်းပင့် ချီဆောင်၊
ဘိနပ်ချွတ်လှည့်နည်းပြောင်သည်၊ ဗိနည်းရှောင် ကုန်းပုံတဲ့လေး။"

သူရိယသတင်းစာတွင် ထိုကဗျာနှင့် ကာတွန်းပါလာသောအခါတွင် အင်္ဂလိပ်ပုလိပ်မင်းကြီး မစ္စတာရုပ်တယ်လ်ဝပ်က အယ်ဒီတာ ဦးဘဘေနှင့် ဦးလှဘေတို့ကို ဆင့်ခေါ်ကာ 'ဘုရင်ခံ၏ ဂုဏ်သရေကို ပျက်စေသော ကဗျာကို ဘာကြောင့် ပုံနှိပ်သနည်း' ဟု မေးတော့လေသည်။

ပုလိပ်မင်းကြီးက သူ၏ ရုံးစားပွဲတွင် ကုလားထိုင်နှင့် ထိုင်နေပြီး အယ်ဒီတာများကို ကုလားထိုင်မပေးဘဲ ကြမ်းပေါ်မှာ ခင်းထားသည့် သင်ဖြူးကို ညွှန်သည်ဆို၏။ ထိုအခါ အယ်ဒီတာများက ကြမ်းပေါ်သို့ ဆင်းကာ မထိုင်ကြဘဲ မတ်တတ်ရပ်ပြီး ရှင်းပြောကြလေသည်။ 'အင်္ဂလိပ်ဘုရင်ခံကို ရည်ရွယ်ရေးသည်မဟုတ်၊ ဂေါပကလူကြီးများကို ဝေဖန်သည်သာဖြစ်သည်။ ဂေါပကလူကြီးများ မကျေနပ်လျှင် အသရေဖျက်မှုနှင့် တရားစွဲနိုင်' ဟု ပြေကြားသည်ကို ပုလိပ်မင်းကြီးအရေးမယူနိုင်ဘဲ လက်ပိုက်ကျန်ရစ်ရရှာတော့သည်။

သတင်းစာ၏ဂယက်မှာ ဆက်တိုက်ဖြစ်ပေါ်လာသည်။ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးက ဦးစီးကာ လူထုအစည်းအဝေးများ ကျင်းပပြီး ရွှေမော်ဓောကုန်းတော်ပေါ်တွင် ဖိနပ်စီးမှုကို ကန့်ကွက်ကြောင်း အဆိုများ ဆုံးဖြတ်ကာ တိုက်ပွဲဆင်ကြသည်။ လူထုဆန္ဒပြပွဲအစည်းဝေးများ၏ သတင်းများကို သူရိယတွင် ဓာတ်ပုံများနှင့်တကွ ဖော်ပြကာ ဝါဒဖြန့်ပေးသဖြင့်





စည်းဝေးပွဲများ အမြို့မြို့တို့တွင် ဆက်တိုက်ကျင်းပကြတော့သည်။ အစည်းဝေးအကြိမ်ကြိမ်ကျင်းပ တောင်းဆိုကြသဖြင့် အင်္ဂလိပ်အစိုးရက ဘုရားကျောင်းကန်များတွင် "ဖိနပ်မစီးရ" ဟု တရားဝင်ဆိုင်းဘုတ်များ ဆွဲချိတ်ကာ တားဆီးစေဟု လိုက်လျောခဲ့ရတော့သည်။

ယင်းတိုက်ပွဲသည် အင်္ဂလိပ်အစိုးရအပေါ် မြန်မာလူထုက ပထမဆုံး အနိုင်ရရှိလိုက်သည့် အောင်ပွဲဖြစ်၏။ ကာရန်တဆက်၊ စုတ်တချက်နှင့် တိုက်ခဲ့သော ထိုတိုက်ပွဲမှ စတင်ကာ သတင်းစာတို့၏ သြဇာနှင့် လူထုကြီး၏ အင်အားကြီးမားပုံကို မြန်မာများတို့ နားလည်သိရှိကာ ဆက်လက်တိုက်ခိုက်ကြရာမှ လွတ်လပ်ရေးတိုက်ပွဲများကို အစဉ်တဆက် ဆင်နွှဲဖြစ်ခဲ့ကြလေသည်။

လူမှုရေး၊ ဘာသာရေး အခွင့်အရေးတောင်းဆိုချက်များမှာ နိုင်ငံရေးတောင်းဆိုချက်များဆီသို့ ပစ်မှတ်ပြောင်းခဲ့ကြလေသည်။ မိမိတို့ ကြမ္မာ မိမိတို့ ဖန်တီးခွင့်ကို ပြည်သူတို့က တောင်းဆိုခဲ့ကြသည်။ ပြည်သူတို့က ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များ အုပ်စိုးခွင့်ကို တောင်းကြသည်။အင်္ဂလိပ်တို့က ပါလီမန်ဒီမိုကရေစီစနစ်ကို စတင်အုတ်မြစ်ချပေးစေကာမူ လူထုသို့ အာဏာလွှဲပေးရေးလုပ်ငန်းတွင် များစွာ နှေးကွေးလှသည်။ အင်္ဂလိပ်ဘုရင်ခံက အတိုင်ပင်ခံ ကောင်စီလူကြီး (၉) ဦးပါသော အဖွဲ့ကို ၁၈၉၂ ခုမှာ စတင်ဖွဲ့ခဲ့ရာတွင် လူထုက ရွေးကောက်တင်မြှောက်ခြင်း မပြုရဘဲ အင်္ဂလိပ်၊ အိန္ဒိယနှင့် မြန်မာများမှ ခေါင်းခေါက်ပြီး ရွေးချယ်ခန့်ထားသည်။ ၁၉၁၅ ခုတွင် ယင်းအဖွဲ့ကို (၁၅) ဦးအထိ တိုးချဲ့ခဲ့သည်။

ကောင်စီအဖွဲ့ဝင်များကို (၁၅) ဦးအထိ တိုးချဲ့သည့်အခါ၌ (၁၃) ဦးတို့ကို ဘုရင်ခံက မိမိစိတ် ကြိုက်ခန့်ထားကာ အင်္ဂလိပ် (၂) ဦးကိုမူ ဥရောပကုန်သည်ကြီးများအသင်းက ရွေးချယ်စေဟု သီးခြားအခွင့်အရေးပေးသည်။ ပထမဦးဆုံးပေးသော ရွေးချယ်တင်မြှောက်ခွင့်ကို အင်္ဂလိပ်များကိုသာ ခွဲခြားပေးအပ်သော စနစ်မှ စတင်ပြီး သတင်းစာများက ဝေဖန်ရေးသားကြသဖြင့် မြန်မာများ ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ပိုင်ခွင့်ကို နိုင်ငံရေးအဖွဲ့ အစည်းဝေးများမှ တောင်းဆိုကြပြန်တော့သည်။

မျက်စိပွင့်လာသော မြန်မာလူထု၏ တောင်းဆိုချက်ကို အင်္ဂလိပ်တို့က တစတစ လိုက်လျောကြရပေသည်။ ၁၉၂၁ ခုနှစ်တွင်မူ လူထုက ရွေးကောက်တင်မြှောက်သူ (၇၉) ဦးပါဝင်ပြီး အစိုးရခန့် (၂၄) ဦးပါဝင်သော ပါလီမန်စနစ်ကို ရရှိခဲ့လေသည်။ မြန်မာသတင်းစာများက မကျေနပ်နိုင်သေးဘဲ တင်းပြည့်ကျပ်ပြည့် ပါလီမန်စနစ်ကို တောင်းဆိုကြသည်။

ရွေးကောက်တင်မြှောက်သူ အမတ် (၁၃၂) ဦးကို အခြေခံသော ပါလီမန်ကို ၁၉၃၅ ခုနှစ်တွင် ရရှိခဲ့လေသည်။ ဒီမိုကရေစီစနစ် ပီသစပြုလာသော ထိုအချိန်တွင် ရွေးကောက်ပွဲကျင်းပချိန်မှ စတင်ပြီး ပါလီမန်အစည်းဝေးများ၌ အစိုးရတင်မြှောက်ကြသည်အထိ ဝေဖန်ဆန်းစစ်ရသော ကြီးမားသော တာဝန်ရပ်များကို သတင်းစာများက ထမ်းရွက်ခဲ့ကြသည်။

သတင်းစာတို့ ဆော်သြမှုကြောင့် လူထုကြီးက နိုင်ငံရေးကိစ္စသည် မိမိတို့ အရေးကိစ္စဖြစ်သည်ဟု နားလည်လာကြ၏။ ၁၉၂၂ ခုနှစ်က အမတ် (၇၉) ဦးကို ရွေးကောက်တင်မြှောက်ရစဉ်က မဲပေးခွင့်ရှိသူ (၆.၉၂) ရာခိုင်နှုန်းသာ မဲပေးခဲ့ရာမှ ၁၉၂၅ ခု၊ ရွေးကောက်ပွဲတွင်မူ မဲပေးခွင့်ရှိသူ (၁၆.၂၆) ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

၁၉၃၇ ခုနှစ်၊ (၉၁) ဌာန အုပ်ချုပ်ရေးခေတ်တွင် အမတ် (၁၃၂) ဦးတို့ကို ရွေးကောက်

စဉ်က (၅၀) ရာခိုင်နှုန်းသော မဲဆန္ဒရှင်များက မဲပေးကြသည်။

နိုင်ငံရေးဒီရေ အတက်ဆုံးမှာ တည်မြဲ-သန့်ရှင်းကွဲကြသော ၁၉၆၀ ခုနှစ်၊ ရွေးကောက်ပွဲဖြစ်၏။ ထိုရွေးပွဲတွင် (၅၉) ရာခိုင်နှုန်း မဲပေးခဲ့ကြလေရာ မြန်မာတို့သည် ဒီမိုကရေစီအခွင့်အရေးကို နားလည်သိရှိသုံးစွဲသော နိုင်ငံသားများ ဖြစ်ကြသည်ကို သက်သေပြခဲ့သည်။ ထိုရွေးကောက်ပွဲ၌ စစ်တပ်က နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှုရှိသည်ကို ထောက်ခံအားပေးသော တည်မြဲဖဆပလတို့ (၃၁) ရာခိုင်နှုန်းသာ အရွေးခံရပြီး စစ်တပ်က နိုင်ငံရေးလောကတွင်းသို့ ဝင်လာသည်ကို ဆန့်ကျင်သော သန့်ရှင်းဖဆပလတို့အဖို့ (၅၂) ရာခိုင်နှုန်း အရွေးခံရကာ ကွန်မြူနစ်အနွယ် ပမညတတို့က (၅) ရာခိုင်နှုန်းသာ အရွေးခံရသည်ကို ထောက်ရှုပါက မြန်မာလူထုက အာဏာရှင်စနစ်ကို မည်သည့်အသွင်နှင့်မှ လက်မခံခဲ့ဘဲ ဆန့်ကျင်ခဲ့သည်မှာ သိသာထင်ရှားပေသည်။

နိုင်ငံရေးအဖွဲ့များ တည်ထောင်လှုပ်ရှားကြခြင်းမှ ပြည်သူ့လွှတ်တော်အစည်းအဝေးအဆိုများ၊ ဥပဒေများ စသည်ဖြင့် များပြောင်လှသော အရေးကိစ္စများကို သတင်းစာများက ဝေဖန်ရေးသားကြရာတွင် အင်္ဂလိပ်အစိုးရနှင့် ထိပ်တိုက်တွေ့ကြရသည်လည်း ရှိသည်။ ဒီမိုကရေစီအခွင့်အရေး ပေးသည်ဆိုစေကာမူ ကာကွယ်ရေး၊ နိုင်ငံခြားရေး...စသည့် အရေးကြီးသော အမှုကိစ္စများကို ဘုရင်ခံ၏ လက်တွင်သာ ထိန်းသိမ်းထားသည်။ အင်္ဂလိပ်၏ ကျွန်နိုင်ငံတခုအဖြစ်ကိုမှ အင်္ဂလိပ်တို့က လက်လွှတ်ပေးရန် ဆန္ဒမရှိသောကြောင့် လွတ်လပ်ရေးကို ဦးတည်သော သတင်းစာများကို အင်္ဂလိပ်အစိုးရက ဖိနှိပ်ချုပ်ချယ်သည်လည်း ရှိသည်။ သို့သော် ကျွန်ဘောင်ကြီးအတွင်းတွင် ရရှိခဲ့သော သတင်းစာလွတ်လပ်ခွင့်မှာ အတိုင်းအဆ ကြီးမားသည်။

ကျောင်းသားမဂ္ဂဇင်းတစောင်တွင် ဖော်ပြခဲ့သော ဆောင်းပါးတပုဒ်က ကြီးမားပြင်းထန်သည့် လူထုအုံကြွမှုကြီးကို ဖြစ်ပေါ်စေခဲ့သည်အထိ ကလောင်သွားထက်ခဲ့၏။

ရန်ကုန်တက္ကသိုလ် ကျောင်းသားများက ထုတ်သော အိုးဝေမဂ္ဂဇင်းတွင် တက္ကသိုလ်အာဏာပိုင်များကို သရော်ထားသော 'ငရဲခွေးကြီး လွတ်နေပြီ' အမည်ရှိသည့် ဆောင်းပါးတပုဒ်ကို ဖော်ပြခဲ့သည်။ ထိုစာမူရေးသားသူကို သိလိုပါသည်ဟု တက္ကသိုလ်ကျောင်းအုပ်ကြီးက သမဂ္ဂ မဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်းအား တောင်းဆိုလေသည်။ ယင်းဆောင်းပါးကို ရေးသူမှာ ဉာဏ်မြအမည်ရှိ ကျောင်းသားရေးသည်ကို ကျောင်းအုပ်ကြီးနှင့်တကွ ကျောင်းသားအများက သိရှိပြီးဖြစ်သည်။ ထို့ကြောင့် စာရေးဆရာကို မရေးသင့်၊ မရေးအပ်သော စာပေကို ရေးသဖြင့် အရေးယူအပြစ်ပေးရန်အတွက် တရားဝင် တောင်းဆိုခဲ့၏။ အယ်ဒီတာက စာနယ်ဇင်းတို့ ကျင့်ထုံးကို ထိန်းသိမ်းကာ ဆောင်းပါးရှင် ကျောင်းသား၏ အမည်ကို ထုတ်ဖော်ပြောခြင်း မပြုနိုင်ဟု ငြင်းဆိုသည်။ တက္ကသိုလ်အာဏာပိုင်များက အယ်ဒီတာ ကိုအောင်ဆန်းကို ကျောင်းက ထုတ်လိုက်သည်။ ယင်းသို့ အရေးယူလိုက်စဉ်တွင် တက္ကသိုလ်အာဏာပိုင်များကို ဝေဖန်ပြစ်တင် ဟောပြောနေသူ သမဂ္ဂဥက္ကဋ္ဌ ကိုနုကိုပါ ကျောင်းထုတ်ပြန်သဖြင့် အထွေထွေကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာပြီး အလုပ်သမား၊ လယ်သမားသပိတ်များပါ ကူးစက်ခဲ့ကာ နိုင်ငံတခုလုံး လှုပ်ရှားခဲ့သည်။ ၁၃၀၀ ပြည့်အရေးတော်ပုံ အမည်နှင့် ပြည်လုံးကျွတ်ပါဝင်သော





ကြီးမားသည့် အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။

သတင်းစာများ၊ မဂ္ဂဇင်းများ၏ ဩဇာက ကြီးမားသဖြင့် လူထုလှုပ်ရှားတိုက်ပွဲများ အစဉ်အဆက် ဖြစ်ပေါ်စေခဲ့ပါသည်။ တဆူဆူ တပွပွ တိုက်ခိုက်နေကြချိန်တွင် ဒုတိယကမ္ဘာစစ်ကြီးမှ စစ်မီးကြီးသည် မြန်မာနိုင်ငံသို့ ကူးစက်လာခဲ့လေတော့သည်။

ဤနေရာတွင် အင်္ဂလိပ်နယ်ချဲ့ ဗျူရိုကရက်များ၏ ဖြောင့်မှန်သော လုပ်ဆောင်ချက်များကို မှတ်တမ်းတင်သင့်ပေ၏။ ဆူပူမှုကြီးများ၏ စနက်တံဖြစ်သော ငရဲခွေးကြီး လွတ်နေပြီဟု အာဏာပိုင်ကျောင်းအုပ်ကြီးကို သရော်စာ ဆောင်းပါးရေးသူ ကိုညိုမြအား အင်္ဂလန်သို့ သတင်းစာပညာတော်သင် စေလွှတ်ခဲ့သည်။

• • • •

# (၅)

## ဂျပန်လက်အောက် သတင်းစာများ

စစ်ကြီးအတွင်းတွင် ဂျပန်စစ်တပ်က မြန်မာနိုင်ငံကို သိမ်းပိုက်ရာတွင် နိုင်ငံရေးအင်အားစုအချို့က ဂျပန်နှင့် ပူးပေါင်းခဲ့သော်လည်း သတင်းစာများက ဂျပန်ကျူးကျော်သူများကို တင်ကြိုပြီး ဆန့်ကျင်ခဲ့ကြသည်။ မြန်မာသတင်းများက တရုတ်–ဂျပန်စစ်ပွဲသတင်းများမှ ဂျပန်တို့က ရက်စက်ကြမ်းကြုတ်စွာ နှိပ်စက်သည်များကို ဖော်ပြဆန့်ကျင်ကြသည်။ အထူးသဖြင့် ၁၉၃၈ ခုနှစ်ဆန်းကာလက ဂျပန်စစ်တပ်ကြီးက တရုတ်ပြည်၊ နန်ကင်းမြို့တော် တမြို့လုံးကို သတ်ဖြတ်ပွဲကြီး ကျင်းပခဲ့သည်ကို မြန်မာသတင်းစာများက ဓာတ်ပုံနှင့်တကွ ဖော်ပြကာ ပြစ်တင်ရှုတ်ချကြလေသည်။

မြို့သူမြို့သား သုံးသိန်းတို့ကို ဂျပန်စစ်တပ်များက ကိုယ်တပိုင်းမြေမြှုပ်ကာ သံချပ်ကာကားများနှင့် နင်းကာ သတ်ခြင်း၊ သေနတ်လက်တည့်စမ်း ပစ်မှတ်အဖြစ် ပစ်ခတ်ကာ သတ်ဖြတ်ကြခြင်း၊ လျှာနှင့် လည်ချောင်းကို သံချိပ်နှင့် ဖောက်ဆွဲကာ ချိပ်ဆွဲထားပြီး လှံစွပ်နှင့်ထိုးသတ်ခြင်း၊ ခေါင်းဖြတ်သတ်ခြင်း၊ မီးရှို့သတ်ခြင်း၊ အမျိုးသမီးမှန်သမျှကို မတရားပြုကျင့်ပြီးမှ သတ်ဖြတ်ခြင်း စသည့်တို့ကို သတင်းဓာတ်ပုံများနှင့်တကွ ဖော်ပြကာ ဖက်ဆစ်တို့၏ ဆိုးယုတ်ပုံများကို ရဲဝံ့စွာ ဖော်ပြခဲ့ကြသည်။

ဥရောပတွင် ဂျူးလူမျိုးများနှင့် မိမိတို့အနိုင်ရသော နိုင်ငံငယ်များကို ဂျာမနီစစ်တပ်ကြီးက နှိပ်စက်ပုံများကိုလည်း ဖော်ပြကြကာ ဖက်ဆစ်တို့ ကျင့်မှုမြဲလေ့တို့ကို ပွင့်လင်းစွာ ရေးသားကာ လူထုကို ပညာပေးခဲ့ကြသည်။

သတ္တိကြီးမားသော သတင်းစာဆရာ ဦးဘတင်က ဂျပန်များ မြန်မာနိုင်ငံသို့ လာရောက်တိုက်တော့မည်ကို ခန့်မှန်းသိရှိပါလျက်နှင့် ဂျပန်တို့အန္တရာယ်ကို မြန်မာလူထုသိရှိစေရန် ဂျပန်သူလျှို အမည်နှင့် နိုင်ငံရေးစာအုပ်တအုပ်ကို ရေးသားထုတ်ဝေခဲ့ပေသည်။ ဖက်ဆစ်တို့၏ ကျင့်ထုံးနှင့် အန္တရာယ်ကို စာအုပ်တအုပ်နှင့် လူထုကို သတိပေးခဲ့သူ သူရဲကောင်းကြီး ဦးဘတင်ကို ဂျပန်များ ဝင်လာသည်နှင့် ရှာဖွေဖမ်းဆီးခဲ့သည်။ ပြင်းထန်စွာ နှိပ်စက်ခံရပြီး အသက်ဆုံးရှုံးခဲ့ရရှာသည်။ လူထုအတွက် အသက်ပေးကာ ရေးသားနိုးဆော်ခဲ့သော မြန်မာသတင်းစာ သူရဲကောင်းကြီးပါပေ။

ဂျပန်စစ်တပ် အစိုးရအုပ်ချုပ်သော ဂျပန်ခေတ်တွင် သတင်းစာများကို ပုံမနှိပ်မီ သတင်းများကို ဂျပန်ဆင်ဆာရုံးသို့ ပို့ရကာ ဆင်ဆာက စစ်ဆေးပြီးမှ ပုံနှိပ်ရလေ့ရှိသည်။ စာစီပြီးမှ သတင်းစာကို တင်ပြရရာတွင် စာစီပြီး ပုံနှိပ်ရန် အသင့်ဖြစ်မှ မိတ္တူကို စစ်တပ်သို့ တင်ပြရလေသောကြောင့် ဆင်ဆာအဖွဲ့က ဖြတ်တောက်သော စာပိုဒ်များကို ပြန်လည်ပြင်ဆင်ရန် အချိန်





မရှိတော့သဖြင့် အဖြူကွက်လပ်များနှင့် သတင်းစာများ ထွက်လာရလေ့ရှိ၏။

အဖြူကွက်ကြီးများနှင့် ထွက်လာသော သတင်းစာတို့မှာ ဖက်ဆစ်တို့၏ ဆင်ဆာစနစ်ကို သက်သေပြနေသဖြင့် စာဖတ်ပရိသတ် လူထုက လှောင်ပြောင် ရယ်မောကြစေကာမှ အများပြည်သူတို့ ထင်မြင်ချက်ကို အလေးမထားသော ဂျပန်စစ်အစိုးရက ဂရုမပြုမိကြပေ။

ဂျပန်စစ်တပ်နှင့် ရုပ်သေးအစိုးရကိုမူ ဝေဖန်ခွင့်မရှိ။ သူတို့အား ဝေဖန်သော စာမူများနှင့် သူတို့မသိစေလိုသော စစ်သတင်းထောက်များကိုသာ ဆင်ဆာဖြတ်ခဲ့သည်။ ယင်းကဲ့သို့ တင်းကျပ်စွာ စိစစ်သည့်အကြားမှ သတင်းစာဆရာကြီး ဇဝနက သူ၏ ပင်တိုင်ဆောင်းပါးများမှ ဂျပန်စစ်အစိုးရကို နေ့စဉ်ဝေဖန် ပြစ်တင်နိုင်ခဲ့သည်။

ဟာသပါရဂူတဦးဟု ချီးကျူးကြသော ဆရာဇဝနက သူ၏ ဦးခေါင်းနှင့် ဝမ်းဗိုက်တို့ စကားပြောခန်းကို ရယ်ရွှင်ဖွယ် ရေးသားလေ့ရှိသည်။ ချက်ကြီးက ခေါင်းကြီးကို "ဆရာရယ်...ကျုပ်နေ့မှာ ကန်စွန်းရွက်ကိုသာ နေ့တိုင်းစားနေရတာကြောင့် ပြားချပ်နေပါပြီ။ တခါတလေ သားလေးငါးလေး စားပါရစေ" ဟု တောင်းပန်လေ့ရှိသည်။ သနားသဖွယ် တောင်းပန်ပါတယ်။ "ဆရာရယ် တနေ့တလေ ထောပတ်ကလေးများ..." ဟု တောင်းပန်စဉ်တွင် "ဟေ့ကောင်...တော်၊ တန်၊ တိတ်။ မင်းနဲ့ထောပတ် တန်သလားကွ" စသည်ဖြင့် ပြက်လုံးကလေးများကို ရေးသားကာ ဖက်ဆစ်ဂျပန်စစ်အစိုးရလက်ထက်၌ ပြည်သူလူထုကြီး ဝေမွတ်နေသည်ကို ဝေဖန်လေသည်။ ယင်းပြက်လုံးကလေးများကို ဆင်ဆာရုံးမှ ဂျပန်စစ်ဗိုလ်များ နားမလည်သောကြောင့် ခွင့်ပြုသဖြင့် လူထုမှာ ထူးခြားသော ဟာသရသကို ခံစားကြသည်။

ဂျပန်ခေတ်က သတင်းစာဆရာတို့၏ သတ္တိကို ပြသနိုင်ခဲ့စေကာမူ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်း၊ သတင်းစာစက္ကူ ရှားပါးခြင်းတို့ကြောင့် သတင်းစာလုပ်ငန်း တိမ်ကောခဲ့ပေသည်။ ရရှိနိုင်သမျှ စက္ကူများပေါ်တွင် မြန်မာသတင်းစာဆရာများ ရေးသားအားထုတ်ကြသည်။ မီးခြစ်ထုပ်သော စက္ကူနှင့် ပုံနှိပ်သော ဆေးရောင်အမျိုးမျိုး သတင်းစာများ ထွက်ခဲ့ရသည်။

အခက်အခဲများအကြားမှ ထုတ်ဝေကြစဉ်က မြန်မာသတင်းစာဆရာများသည် ဖက်ဆစ်ဂျပန်များ လှံစွပ်တို့ကို ကြောက်လန့်သူများ မဟုတ်ကြသည်ကို ဂုဏ်ယူသင့်ကြရပေမည်။

* * * * *

## (၆)

## သည်းမိုတုန်လှုပ် ဆွတ်ပျံ့ကြည်နူး ရသမျိုးစုံ

ဂျပန်စစ်အစိုးရသည် (၃) နှစ် (၂) လနှင့် (၁၀) ရက်တိုင်တိုင် မြန်မာနိုင်ငံကို အုပ်စိုးခဲ့ လေသည်။ ထိုခေတ်က နိုင်ငံရေးလုပ်ငန်းမှန်သမျှတို့ကို လျှို့ဝှက်လုပ်ဆောင်ကြရသဖြင့် စာ နယ်ဇင်းတို့၏ကဏ္ဍ ငြိမ်သက်နေကြလေသည်။ ဗိုလ်ချုပ်ကြီးစလင်း ကွပ်ကဲသည့် အင်္ဂလိပ် စစ်တပ်များ ပြန်ဝင်လာကြပြီး ဂျပန်စစ်တပ်များ ထွက်ပြေးကြရသောအခါတွင်မှ မြန်မာ့နိုင်ငံ ရေးလှုပ်ရှားမှုများ အသက်ဝင်လာပြန်ရာတွင် "လွတ်လပ်ရေးကလွဲလို့ ဘာကိုမှ လက်မခံဘူး ဟေ့" ဟု တိကျပြတ်သားသော တောင်းဆိုချက်ကြီး ပေါ်ထွန်းလာခဲ့တော့သည်။ ယခင်က စာ နိုင်ငံရေးအရ အရေးတော်ပုံများတွင် ခေါင်းကြီးများ၊ အာဘော်များ၊ ဆောင်းပါးများ၊ စာ အုပ်များ၊ စာတမ်းများနှင့် အင်္ဂလိပ်အစိုးရကို တိုက်ခဲ့ကြသော စာရေးဆရာ၊ သတင်းစာဆရာ များတို့သည် နိုင်ငံရေးစင်မြင့်ပေါ် တက်လာခဲ့ကြသည်။ သူရိယသတင်းစာကို စတင်ဦးစီးခဲ့သူ ဦးဘဖေ၊ ဒီးဒုတ်ဂျာနယ် အယ်ဒီတာ ဦးဘချို၊ ဂျာနယ်ကျော် အယ်ဒီတာ ဦးချစ်မောင်၊ စာရေး ဆရာ သခင်နု၊ တက်ဘုန်းကြီး သိန်းဖေ စသော စာပေဝန်ထမ်းများသည် ဖဆပလအဖွဲ့ချုပ် ကြီး၏ ခေါင်းဆောင်များ ဖြစ်လာကြတော့သည်။

ကာလဒေသ အခြေအနေအရ မြန်မာသတင်းစာများ၏ ဩဇာသည် ပိုမိုကြီးထွားလာ လေသည်။ သတင်းစာအသစ်များလည်း ပေါ်ထွန်းလာကြသည်။ လွတ်လပ်ရေးရရှိသော ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့က မြန်မာပြည်တွင် သတင်းစာပေါင်း (၃၉) စောင်ရှိ ကြသည်။ အများစုက စောင်ရေများပြားသော မြန်မာဘာသာသတင်းစာများ ဖြစ်ကြသည်။ (၇) စောင်က အင်္ဂလိပ်ဘာသာနှင့် ထုတ်ပြီး တရုတ်သတင်းစာ (၅) စောင်၊ ဂုဂျရတီ၊ ဘုရဒူ၊ တမယ်လ်၊ တယ်လဂူနှင့် ဟင်ဒီ စသော ကုလားသတင်းစာများ ရှိကြသည်။

တင်မောင်အဖို့ ကံကောင်းပါသည်။ နိုင်ငံရေးရာသီဥတု အပြင်းထန်ဆုံးဖြစ်သော ၁၉၄၇ ခုနှစ်တွင် သတင်းစာလောကတွင်းသို့ ရောက်ရှိခဲ့သောကြောင့် တသက်တွင် တကြိမ်သာ ဖြစ် ပွားနိုင်သည့် သတင်းကြီးများကို ထောက်လှမ်းခွင့်၊ ရေးသားခွင့်၊ ဝေဖန်ခွင့် ရရှိကြုံကြိုက်ခဲ့ရ ပါသည်။ ဗမာ့ခေတ် သတင်းစာတိုက်တွင် သတင်းထောက်နေရာ (၃) ဦး လစ်လပ်နေသဖြင့် ကြော်ငြာခေါ်ယူသည်ကို လျှောက်ထားရာမှ ၁၉၄၇ ခု၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် အရံသတင်းထောက်ခန့်ထားခြင်း ခံခဲ့ရသည်။

အင်္ဂလိပ်ဘုရင်ခံ ဆာဒေါ်မန်စမစ်က အရပ်သားများ အုပ်ချုပ်ရေးကို စတင်သောအခါ တွင် အတိုင်ပင်ခံ ကောင်စီအဖွဲ့ကို ခန့်ထားဖွဲ့စည်းလေသည်။ အတွေးအခေါ်အယူအဆ မတူသူ





နိုင်ငံရေးပါတီဝင်များကို ရွေးချယ်ခန့်ထားလေသဖြင့် မကျေမလည်ဖြစ်ခဲ့ရလေသည်။ ထို့ပြင် အင်္ဂလိပ်စစ်တပ်ကြီးကလည်း ရှိနေသေးပြန်သည်။ အင်္ဂလိပ်စစ်တပ်မှ အင်အားစုအချို့ တို့က ဝင်ရောက်စွက်ဖက်မှု ပြုကြသောကြောင့် နိုင်ငံရေးအခြေအနေ ပိုမိုတင်းမာခဲ့ရလေသည်။

တနေ့တွင် တင်မောင်တို့ ဗမာ့ခေတ်သတင်းစာတွင် သတင်းဦးကြီးတခုကို ဖော်ပြနိုင်ခဲ့ လေသည်။ အင်္ဂလိပ်စစ်တပ်က လက်နက်သိုလှောင်ရေးခန်းတခုမှ ဘရင်းဂန်းသေနတ် (၂၀၀) နှင့်တကွ ကျည်ဆံအများပါ ပျောက်ဆုံးကြောင်း ကြောက်မက်ဖွယ်သတင်းကြီးကို တစောင် တည်း ဖော်ပြနိုင်ခဲ့သည်။ အင်္ဂလိပ်စစ်တပ် ဗိုလ်ကြီးများ၏ အကူအညီမပါဘဲ လက်နက်ကြီး များ ပျောက်ဖို့ရန် မလွယ်ပါပေ။ ထိုလက်နက်များ မည်သည့်နိုင်ငံရေးအဖွဲ့၏ လက်ထဲရောက် သွားသနည်း ဟူသော မေးခွန်းများကို မည်သူမှ မဖြေနိုင်ပါပေ။ ဂျပန်တော်လှန်ရေးအပြီးတွင် ကွန်မြူနစ်တို့က လက်နက်ပုန်းများ သိုဝှက်ထားကြသည်။ ပြည်သူ့ရဲဘော်များတွင်လည်း လက် နက်ပုန်းများ ရှိနေကြသည်။ ယခု အကောင်းစား အကြီးစားလက်နက်များ ပျောက်သွားပြန် လေပြီ။

ပျောက်သွားသော လက်နက်များကို ရှာဖွေနေစဉ်တွင် ဘုရင်ခံ၏ အတိုင်ပင်ခံအဖွဲ့ဝင် ဝန်ကြီးတဦးဖြစ်သူ ဂဠုန်ဦးစောကို လုပ်ကြံမှု ဖြစ်ပွားလေသည်။ ဦးစောသည် ဝန်ကြီးချုပ် ဟောင်းဖြစ်သည်။ သူရိယသတင်းစာ၏ အုပ်ချုပ်မှု အယ်ဒီတာချုပ်လည်း မှန်၏။ ပါတီရုံးမှ အိမ်သို့ အပြန်တွင် အပစ်ခံရရာတွင် ကံအားလျော်စွာ ကျည်ဆံက တိုက်ရိုက်မထိဘဲ ကား၏ ရှေ့မှန်ဘောင်ကို ထိပြီး မှန်ကွဲသဖြင့် ဦးစော၏ မျက်လုံးကို မှန်စတစ ထိမှန်ခဲ့သည်။

စစ်ခေတ်တလျှောက်လုံး အာဖရိကတွင် အချုပ်ခံနေခဲ့သော ဦးစောက မြန်မာဆေးရုံကို ပင် စိတ်မချသောကြောင့် အိန္ဒိယဆေးရုံသို့ သွားကာ ကုသလေသည်။ ပြန်လာသောအခါ တွင် ဗမာ့ခေတ် အယ်ဒီတာချုပ်ကို တွေ့ခွင့်ပေးသဖြင့် ဓာတ်ပုံရိုက်ရန် တင်မောင် လိုက်ပါသွားရ လေသည်။ ဦးစောက "ကွာ...ပတ်တီးကြီးနဲ့ ဓာတ်ပုံတော့ မရိုက်ပါနဲ့ကွာ" ဟု ပြောသဖြင့် သူပြောပြသမျှကိုသာ မှတ်ခဲ့ရပါ၏။

"ကျနော် ဗုဒ္ဓဘာသာကောင်းတယောက်ပါ ကိုအုန်းခင်ရယ်။ ရန်ပြုသူကို ခွင့်လွှတ်ရ မယ်ဆိုတာ ကျနော်ယုံကြည်ပါတယ်။ ဒါပေမယ့် မျက်စိက ကိုက်လာတဲ့အခါမှာ ဒီကောင်တွေ ကို ခွင့်မလွှတ်နိုင်ဘူး။ မခံနိုင်အောင် နာတဲ့အခါမှာ သည်းမခံနိုင်ဘူး။"

ဒဏ်ရာက နာကျင်သောကြောင့် မျက်နှာကို လက်ကိုင်ပဝါနှင့် အုပ်ပြီး အက်ကွဲသော အသံကြီးနှင့် ကြုံးဝါးသည်ကို တင်မောင်၏ နားတွင်းမှ မထွက်တော့ပါ။ နောက်များမကြာမီ ပင် ဦးစောက စေလွှတ်လိုက်သော လက်နက်ကိုင်တစုက ဝန်ကြီးချုပ် ဦးအောင်ဆန်းနှင့် ဝန် ကြီးအဖွဲ့ကို လုပ်ကြံသတ်ဖြတ်ခဲ့ကြတော့သည်။

ထိုနေ့ နံနက်က ရေနံအလုပ်သမားသမဂ္ဂ ခေါင်းဆောင်များနှင့် ဝန်ကြီးချုပ် ဦးအောင် ဆန်းတို့ တွေ့ဆုံရန် ချိန်းဆိုထားကြသည်ကို သတင်းယူရန် ဦးအောင်ဆန်း၏ ရုံးသို့ တင်မောင် သွားခဲ့ရသည်။

ဝန်ကြီးချုပ်၏ ရုံးခန်းသို့ ရောက်သောအခါတွင် ဝန်ကြီးအဖွဲ့ အစည်းအဝေးရှိသဖြင့် တွေ့ဆုံပွဲကို ရွှေ့လိုက်သည်ဟု သိရသောကြောင့် တင်မောင်ပြန်ဆင်းလာခဲ့သည်။ အခြားရုံးတ

ခုအရောက်တွင် ပစ်ခတ်မှုများအကြောင်းကို ကြားရသဖြင့် အလျင်အမြန် ပြန်တက်သွားသော အခါ၌ ဒဏ်ရာရရှိသူ ဝန်ကြီးများကို မီးသတ်သူနာပြုကားနှင့် သယ်နေလေပြီ။

မိတ်ဆွေ မီးသတ်ဝန်ထမ်းတဦး၏ အကူနှင့် သူနာပြုကားတစီးပေါ်မှာ လိုက်သွားခဲ့သည်။ ထိုခေတ်က မီးသတ်သူနာပြုကားအချို့တွင် လူနာသယ်သော ပုခက်စင်များမှာ အတားအဆီးမရှိပါ။ အသက်မသေသေးသူ ဝန်ကြီးတဦး၏ ခြေထောက်က တင်မောင်၏ ရင်ဘတ်ပေါ်သို့ မကြာခဏ ကျလာသောကြောင့် ပြန်တင်ပြီး ထိန်းပေးရပါ၏။

ဆယ်ကျော်သက်ငွယ်သာ ရှိသေးသူ တင်မောင်အဖို့ ထိုကဲ့သို့သော အတွေ့အကြုံများတို့ကို ရင်ဆိုင်ရသည်မှာ မလွယ်ပါပေ။ ရံဖန်ရံခါ အယ်ဒီတာ၏ ဆူပူက်ပြစ်တင်မှုကိုလည်း ခံရသေးသည်။

၁၉၄၈ ခု၊ ဇန်နဝါရီလ (၄) ရက်နေ့က လွတ်သဘင်တွင် ဗမာ့ခေတ်သတင်းစာက အထူးထုတ်ရန် စီစဉ်သည်။ အင်္ဂလိပ်ဘုရင်ခံ ပြည်ပြန်ရသည်ကို အဆင့်ဆင့်ဓာတ်ပုံနှင့် ဖော်ပြရန် စီစဉ်၏။ သင်္ဘောနှင့် ထွက်သွားမည်ဖြစ်ရာကို ထိုအချိန်က ရေတပ်ဗိုလ်များဖြစ်ကြသူ ဗိုလ်ခင်နှင့် ဗိုလ်ခင်လေးမောင်တို့က တာဝန်ယူကြသည်။ တင်မောင်ကိုမူ တာဝန်တခုသာပေးသည်။ နံနက် (၇) နာရီ အိမ်တော်ဝင်းမှ ထွက်တော်မူပုံကို ဓာတ်ပုံရိုက်ရန် တာဝန်ယူရသည်။

အင်္ဂလိပ်ဘုရင်ခံ ထွက်တော်မူ နန်းမှခွာခန်းကို မြန်မာအများက စိတ်ဝင်စားကြလှသောကြောင့် အိမ်တော်ဝင်းတွင် ပရိသတ်စည်ကားလှသည်။ တင်မောင်အဖို့ အချိန်စောစောရောက်ပါလျက် ဓာတ်ပုံကို အနီးကပ်ရိုက်ရမည်လော၊ အဝေးမှ မြင်ကွင်းကျယ် ရိုက်ရမည်လော စဉ်းစားပြင်ဆင်နေမိသဖြင့် ဓာတ်ပုံမရလိုက်ပါ။ အယ်ဒီတာက ဆူလိုက်သည်မှာ ပွက်လော်ညံသွားတော့သည်။ နောက်တကြိမ် အဆူအပူခံရသေးသည်။

တနေ့တွင် ဗမာ့ခေတ်သို့ ကြော်ငြာခနှင့်အတူ ကြော်ငြာတိုကလေးတခု ရောက်လာသည်။ ဖူးစာရှင် အလိုရှိသည်ဟု ကြော်ငြာက ဆို၏။ အသက် (၂၃) နှစ်၊ ရုပ်ရည်အသင့်အတင့်၊ ပစ္စည်းအသင့်အတင့် ရှိပါသည်။ မိဘမရှိပါ။ သင့်လျော်သော ဖူးစာရှင်အလိုရှိပါသည်။ ဗမာ့ခေတ်မှတဆင့် ဓာတ်ပုံနှင့် အကြောင်းစုံ ဆက်သွယ်ပါ ဟူ၏။ ၁၉၄၇ ခုနှစ်ကာလ အင်္ဂလိပ်ကျွန်ခေတ်တွင် ကြော်ငြာတိုမှာ များစွာ ထူးဆန်းနေသည်။ အခြားသတင်းစာတိုက်များက ဗမာ့ခေတ်က တီထွင်သည်ဟု ခွပ်ခွဲသေး၏။

ကြော်ငြာကို ယုံကြည်သူတို့ကမူ သူ့ထက်ငါ ဦးအောင် လျှောက်လွှာတင်ကြလေသည်။ ဗမာ့ခေတ်ငွေစာရင်းဌာနမှ စာရေးတဦးကလည်း လျှောက်သေးသည်။ တယောက်ကမူ လံကွတ်တီကို ဝတ်ထားကာ တကိုယ်လုံး ဆီသုတ်ပြီး ကြွက်သားများညှစ်၍ ကိုယ်ဟန်ပြဓာတ်ပုံနှင့် လျှောက်လေသည်။

ရက်စေ့သောအခါတွင် ကြော်ငြာရှင်က ဆက်သွယ်သည်။ သူက တယ်လီဖုန်းဆက်သည်။

"အယ်ဒီတာနဲ့ ပြောပါရစေရှင်။"

"ဘာကိစ္စပါလဲ၊ ကျနော်အယ်ဒီတာပါ။"

"ကျမက ဖူးစာရှင်ရှာတဲ့ ကြော်ငြာရှင်ပါ။"





"အော်...ဟုတ်ပြီ၊ ဟုတ်ပြီ။ လျှောက်လွှာ (၃၁၂) စောင် ရပါတယ်။ အထုပ်လိုက်ရှိပါတယ်။ တိုက်ကိုလာပြီး ယူပါလား။ လာခဲ့ပါ။ လာခဲ့ပါ။"

"ဘာရမလဲ အကိုကြီးရယ်၊ တိုက်ကိုလာရင် ဓာတ်ပုံရိုက်ယူမှာပေါ့။"

"အဲလေ၊ ဒါဖြစ်လဲ လာပို့ပေးမယ်။ လိပ်စာကို ပြောလေ။"

"အကိုကြီးတို့ကို မယုံဘူး။"

"ဟောဗျာ။ ဒါဖြင့် ဘယ်လိုယူမလဲ။"

"ကျမက ဗဟိုဈေးအလယ် အထည်တန်းမှာ ညနေ (၃) နာရီမှာ စောင့်နေပါမယ်။ ပန်းရောင်ဝတ်စုံကို ဝတ်ထားပြီး နှင်းဆီပန်းအဝါကို ပန်ထားပါမယ်။ လာပို့ပေးပါ။ တောင်းပန်ချင်တာကတော့ သတင်းထောက်တွေ၊ ဓာတ်ပုံဆရာတွေ လိုက်မလာကြပါနဲ့။"

"စိတ်ချပါ၊ စိတ်ချပါ။ ကတိပေးပါတယ်။"

တယ်လီဖုန်းချသွားသည်နှင့် တပြိုင်နက် အယ်ဒီတာက ကတိဖျက်ပါတော့သည်။ အယ်ဒီတာအဖွဲ့ အစည်းအဝေးခေါ်ပြီး ဖူးစာရှင် သတင်းစီမံကိန်း ဆွေးနွေးကြသည်။ "ရာဇဝတ်မှုကြီးတွေကို စုံထောက်တွေ အများကြီးမလွှတ်ရဘူး။ ဒီတော့ မင်းတို့ထဲက အတော်ဆုံး (၂) ကောင်ပဲ သွားကြပေတော့" ဟု အမိန့်ပေး၏။

တင်မောင်အား အတော်ဆုံးသတင်းထောက်တဦးအဖြစ် တာဝန်ပေးသဖြင့် ဝမ်းသာလုံးဆို့သွားမိသည်။ တင်မောင်နှင့် မှုခင်းသတင်းထောက်ကြီးတို့ (၂) ယောက်သည် တနာရီစောပြီး သွားကြသည်။ မိုးက တဖွဲဖွဲလာလေသဖြင့် မိုးကာအင်္ကျီကို လည်ပင်းထိ ကော်လံကြယ်သီးပါတပ်ပြီး ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသည်။ ကျနော့်အဖို့ မိမိကိုယ်မိမိ ကိုယ်ပျောက်နေပြီဟုပင် ထင်မိခဲ့၏။

ချိန်းဆိုသော အချိန်ရောက်သောအခါ အထုပ်ကြီးနှင့် စောင့်နေသော ကြော်ငြာမန်နေဂျာထံကို အမျိုးသမီးတဦး ပေါက်လာပါသည်။ မခင်နှင်းဆီက ကြော်ငြာစဉ်က ရုပ်ရည်အသင့်အတင့်ဟု ဆိုသည်မှာ မမှန်ကန်ပါ။ များစွာ ချောမောလှပပါပေသည်။ "ဟယ်-တကယ့် ကို ချောပါလား။ ငါ ဘာလို့များ လျှောက်လွှာမတင်မိပါလိမ့်" ဟု နောင်တကြီးစွာ ရမိသည်အထိ ချောမောလှပသည်။

မခင်နှင်းဆီက အထုပ်ကိုယူပြီး အထည်ဆိုင်တွင်း ဝင်သွားသည်။ အထည်များ လှမ်းခင်းထားသည်ကို သူကြည့်နေစဉ်တွင် တင်မောင်တို့ ကိုယ်ပျောက်သတင်းထောက်ကြီးနှစ်ဦးက ဆိုင်ရှေ့မှ ချောင်းနေကြပါသည်။ အတန်ကြာ၍ ထွက်မလာသောကြောင့် ဆိုင်ထဲဝင်ကြည့်ကြသောအခါ ဆိုင်မှာ နောက်ဖေးဘက်တွင် တံခါးပေါက်ကြီးတခု ရှိနေသည်ကို တွေ့ရပါတော့သည်။

ထိုခေတ်က ဗဟိုဈေးမှာ တထောင်ကျော်ရှိပြီး ဝက်ပါရဲ့သို့ လမ်းကြောင်းများက ရှုပ်ထွေးလှပသည်။ ဆင်ခြေဆင်လက်များ မည်သို့ပေးစေကာမူ ထိပ်သီးသတင်းထောက်ကြီး (၂) ယောက်ကို အယ်ဒီတာမင်းက ဆူလိုက်ဆဲလိုက်သည်မှာ ရစရာမရှိတော့ပြီ။

ဆူပူနေဆဲမှာ မခင်နှင်းဆီက ဖုန်းဆက်ပြန်သေးသည်။ "အကိုကြီးတို့ မကောင်းဘူး။ သတင်းထောက်ကြီးတွေ လိုက်လာတာ သိပါတယ်။ ဘာရမလဲ ဆိုင်အောက်ဝင်ပြေးတာ

ပေါ့... ဟီဟီ။"

ထိုကြော်ငြာ၏ သတင်းဆက်မှာ ပျောက်လွှာရှင် ရုံးဝန်ထောက်တဦးနှင့် လက်ထပ်လိုက်ကြသည်ဟု မခင်နှင်းဆီက စာရေးအကြောင်းပြန်ကြားပါသည်။

ဆုသည်၊ ပွဲသည်ကို ခံခဲ့ရစေကာမူ ပျော်ရွှင်စွာ ပေါင်းသင်းကြလေသတည်းဟု နိဂုံးသတ်ရသည့် ဆွတ်ပျံ့ကြည်နူးသော သတင်းကလေးကိုတော့ မမေ့နိုင်တော့ပါ။

* * * * *



(၇)

# ပြည်တွင်းစစ်မီးကြီးစတင်တောက်လောင်ခြင်း

မြန်မာနိုင်ငံတွင် ယနေ့အထိ တောက်လောင်နေသော ပြည်တွင်းစစ်မီးကြီးကို စတင်ပြီး မီးရှို့ခဲ့သူမှာ နိုင်ငံရေးအတွန်းထွက်ပြီး များစွာ အယူသည်းသူ အလံနီကွန်မြူနစ်ပါတီ ခေါင်းဆောင် သခင်စိုးဖြစ်သည်။

ကမ္ဘာစစ်ဦးကာလကမူ အင်္ဂလိပ်အစိုးရ၏ အကျဉ်းသားအဖြစ် မြင်းခြံထောင်တွင် ထောင်နန်းစံနေသူ ဖြစ်ပါလျက် 'အခုဖြစ်ပေါ်နေတဲ့ ကမ္ဘာစစ်ကြီးမှာ ဖက်ဆစ်အင်အားစုနှင့် ဒီမိုကရေစီအားအင်တို့ ရင်ဆိုင်တိုက်ကြရသည် ဖြစ်သောကြောင့် မြန်မာများ ဒီမိုကရေစီ အင်္ဂလိပ်အစိုးရကို ကူညီကြပါစို့'ဟု နိုင်ငံရေးစစ်တမ်းထုတ်ခဲ့သည်။ ဂျပန်ကို အကူအညီမပေးကြရန် လမ်းစဉ်ချမှတ်ပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ကြီးကို ၁၉၄၁ ခုနှစ်က မျိုးစေ့ချ တည်ထောင်ခဲ့သည်။

ဂျပန်စစ်တပ်နှင့် ပူးပေါင်းပြီး အင်္ဂလိပ်တို့ကို တိုက်ခိုက်နေကြသူတို့လည်း စိုးကြီး၏ ဖက်ဆစ်ဆန့်ကျင်ရေးလှုပ်ရှားမှုများကို လက်ခံအားပေးခဲ့သဖြင့် ဖဆပလအဖွဲ့ချုပ်ကြီး ပေါ်ထွန်းလာခဲ့သည်။ စိုးက နိုင်ငံရေး ခေါင်းဆောင်၊ ဗိုလ်ချုပ်အောင်ဆန်းက စစ်ခေါင်းဆောင်အဖြစ် တာဝန်ယူကာ လှုပ်ရှားခဲ့ကြသည်။

စစ်ကြီးပြီးသွားသောအခါတွင် ဖဆပလအဖွဲ့ကြီးသည် ကြီးမားသော နိုင်ငံရေးတပ်ပေါင်းစုကြီးအဖြစ် လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်တိုက်ခဲ့ကြသည်။ ဒီမိုကရေစီနည်းကို အသုံးပြုပြီး အင်္ဂလိပ်အစိုးရထံ လွတ်လပ်ရေး ဈေးဆစ်ခဲ့ကြသည်။ ခက်သည်မှာ သခင်စိုးက အင်္ဂလိပ်အစိုးရနှင့် တွေ့ဆုံဆွေးနွေးတောင်းဆိုသော လမ်းစဉ်ကို မယုံကြည်၊ လက်နက်နှင့် တော်လှန်ခြားနားမှသာ စစ်မှန်သည့် လွတ်လပ်ရေးကို ရရှိနိုင်မည်ဟု သူက ယူဆသည်။

ပြင်းထန်တင်းမာသော သူ၏ အယူအဆများ လက်မခံနိုင်ကြသဖြင့် သခင်စိုးကို ကွန်မြူနစ်ပါတီကရော၊ ဖဆပလအဖွဲ့ချုပ်ကပါ ထုတ်ပယ်ခဲ့ကြသည်။ သူက ငြိမ်ခံသူမဟုတ်၊ အလံနီကွန်မြူနစ်ပါတီအမည်နှင့် စင်ပြိုင်ပါတီတရပ် တည်ထောင်ပြီး မြန်မာ့နိုင်ငံရေးလောကတခုလုံး ခလောက်ဆန်အောင် ပြင်းထန်စွာ လှုပ်ရှားခဲ့လေသည်။ [1]

အိုးအိမ်မဲ့များအဖို့ တွေ့ရာ၊ မြင်ရာ မြေကွက်မှာ နေပိုင်ခွင့်ရှိသည်ဟုဆိုကာ အစိုးရပိုင်မြေကွက်များနှင့် ပိုင်ရှင်ရှိသော အခြားမြေကွက်များတွင် သူကိုယ်တိုင် တူရွင်းတချောင်းနှင့် တွင်းတူး၊ တိုင်စိုက်ပြီး တဲများ ဆောက်ပေးခဲ့လေသည်။ အလံနီပါတီက ဦးစီးကာ ရန်ကုန်မြို့လယ်တွင် မစွည်းမဲ့တို့၏ ရပ်ကွက်များ တည်ထောင်ပေးခဲ့လေသည်။ နယ်ချဲ့အစိုးရနှင့် လက်

ပါးစေများသည် ပစ္စည်းမဲ့လူတန်းစားကို မှချအရှုံးပေးစေရမည်ဟု သခင်စိုးက ကြွေးကြော်ပြီး တည်ဆောက်သော ရပ်ကွက်မှာ အလံပြဘုရားလမ်းမှ မင်းမနိုင်ရပ်ကွက်ဖြစ်လေသည်။ ဖဆပလ ရပ်ကွက်၊ နောက်အစိုးရက ဆောက်သော ဖဆပလတိုက်တန်းမှာလည်း သခင်စိုး၏ တူရှင်းများမှ ပေါ်လာခဲ့လေသည်။

အိုးမဲ့အိမ်မဲ့ ပြဿနာမှ အလုပ်သမားပြဿနာအထိ ပြဿနာအဝဝကို အလံနီကွန်မြူနစ်ပါတီက ဝင်ရောက်ဖြေရှင်းလေ့ရှိသဖြင့် ထိုအချိန်က နေ့စဉ်သတင်းစာတို့တွင် မည်သည့်ရုံး၊ မည်သည့်ဆိုင်ကို အလံနီဝိုင်းခြင်း ဝသော သတင်းများကို နေ့စဉ် သတင်းစာတို့တွင် အထပ်ထပ် ဖတ်ရှုနေကြရသည်။

တနေ့တွင် ခေါင်းဆောင်ကြီး သခင်စိုးက နောက်မယားယူသဖြင့် မယားကြီးဖြစ်သူ ဒေါ်ခင်စီက (၃၃) လမ်းရှိ အလံနီဌာနချုပ်သို့ သွားကာ ရန်တွေ့လေသည်။ ထိုသတင်းကို ဗမာ့ခေတ်သတင်းစာက ဟာသပြုကာ ခေါင်းစဉ်တပ်သည်မှာ ပွဲကျသွားခဲ့လေသည်။ ဗမာ့ခေတ်၏ သတင်းခေါင်းစဉ်မှာ 'အလံနီဌာနချုပ်ကို ဒေါ်ခင်စီ ဝိုင်းခြင်း' ဟူ၏။

ဖဆပလအဖွဲ့ကြီးက ဆွေးနွေးဈေးဆစ်နေကြချိန်တွင် စိုးကြီးက မင်းမဲ့တိုက်ပွဲများ ဆင်နွှဲနေသောကြောင့် ဖဆပလ အစိုးရပင် ဖြစ်စေကာမူ အင်္ဂလိပ်အစိုးရအဖို့ ပိုမိုအလုပ်များ ရလေသည်။ ဖဆပလနှင့် အင်္ဂလိပ်အစိုးရတို့ ဆွေးနွေးမှုတွင်လည်း မြန်မာ့ဘက်မှ အထောက်အကူရခဲ့လေသည်။ အလံနီတို့က ရန်ကုန်တမြို့လုံးတွင် တဲဆောက်ပွဲများ၊ ဆန္ဒပြပွဲများ ဆက်တိုက်ကျင်းပလာရာမှ တနေ့တွင် "အင်္ဂလိပ်တို့၏ အုပ်ချုပ်မှု စက်ယန္တရားကြီးကို အသက်အသေခံပြီး ရပ်ဆိုင်းကြမည်" ဟု ကြွေးကြော်ပြီး အတွင်းဝန်များရုံးကို ဝိုင်းကြလေတော့သည်။ "သေရဲတာ အလံနီဟေ့" ဟု အော်ဟစ်ပြီး အတွင်းဝန်ရုံးကို ဝိုင်းပြီး ဆန္ဒပြကြသည်။ အလံနီတို့အား ပုလိပ်များက မီးသတ်ရေပိုက်များနှင့် လူစုခွဲကြရလေသည်။ ပွဲကြည့်ပရိသတ်က "ရေရွံတာ အလံနီဟေ့" ဟု အော်ဟစ်လှောင်ပြောင်ရင်း အားပေးကြ၏။ အေးလူများအဖို့ အန္တရာယ်မရှိသောကြောင့် ဒီမိုကရေစီခေတ်က ဆန္ဒပြပွဲများကို လူထုက ဝိုင်းကြည့်လေ့ရှိကြသည်။ ရယ်ကြ၊ မောကြ၊ လက်ခုပ်လက်ဝါး တီးကြနှင့် အားပေးလေ့ရှိကြသည်။ ရန်ကုန်လူထုအဖို့ ပျော်ပွဲရွှင်ပွဲတမျိုးပင်။

အလံနီများ သောင်းကျန်းလွန်းသဖြင့် ထိုနေ့တွင်ပင် အလံနီပါတီကို အစိုးရက မတရားအသင်းကြေညာပြီး ခေါင်းဆောင်များကို လိုက်လံဖမ်းဆီးတော့သည်။ စိုးကြီးနှင့် အလံနီများတို့သည် အပြေးကလည်း ကောင်းပေသည်။ အတွင်းဝန်များရုံးမှ တပ်ခေါက်ပြီး ရွှေတိဂုံကုန်းတော်ပေါ်အရောက် ပြေးနိုင်ကြသည်။

စေတီတော်၏ အရိပ်ကို ခိုမိကြသည်နှင့် တပြိုင်နက် ဘေးမဲ့သတ္တဝါများ ဖြစ်သွားကြတော့သည်။ ဒီမိုကရေစီခေတ်က အစိုးရတို့သည် သာသနာတော်ကို ရိုသေပြီး လွတ်အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့် ပေးလေသဖြင့် ကုန်းတော်ပေါ်သို့ တက်ပြီး ဖမ်းလေ့ဆီးလေ့မရှိစေကာမူ နိုင်ငံတော်အစိုးရက မတရားသင်းကြေညာထားသဖြင့် သခင်စိုးနှင့် နောက်လိုက်များကို ဖမ်းဆီးရန် ကုန်းတော်ပေါ် ခြေတော်ရင်းတွင် ပုလိပ်တပ်များ တပ်စွဲပြီး ဝိုင်းထားကြပါလေသည်။ မုခ်ကြီးလေးမုခ်တွင် ပုလိပ်စခန်းဖွင့်ပြီး ဆင်းသူတက်သူများကို စစ်ဆေးနေလေသည်။





ထိုအချိန်က တင်မောင်၏ တာဝန်မှာ မတရားသင်းခေါင်းဆောင်ကြီး ဆင်းလာသဖြင့် ဖမ်းမိလျှင် သတင်းဓာတ်ပုံရိုက်ပြီး သတင်းယူရန်ဖြစ်သည်။ စိုးကြီးဆင်းလာမည်ဟု ယူဆသော စောင်းတန်း၌ ပုလိပ်အရာရှိများနှင့်အတူ စခန်းချပြီး ပုလိပ်မင်းရော၊ သတင်းထောက်များပါ မအိပ်မနေ လူလဲနှင့် စောင့်ခဲ့ကြရသည်။ (၅) ရက်တိုင်တိုင် ဆက်တိုက်စောင့်ကြရာတွင် တရုတ်ကဲ့သို့ ဝတ်ဆင်ကာ ဆင်းလာသူ ဒုတိယတန်းခေါင်းဆောင် (၂) ဦးကို ဖမ်းမိသည့် သတင်းသာ ရေးနိုင်ခဲ့သည်။

(၆) ရက်မြောက်သောနေ့ နံနက်တွင်မှ သခင်စိုး လွတ်သွားပြီဟု သတင်းထူးကြီးကို တင်မောင်တို့ ဗမာ့ခေတ်သတင်းစာတွင် ဖော်ပြလိုက်လေသည်။ သခင်စိုးကြီး ခေါင်းတုံးတုံးပြီး စကောတချပ်ကို ရွက်ကာ မယ်သီလရှင်အသွင်နှင့် ဝတ်ဆင်ပြီး ဆင်းခဲ့သည်ကို ပုလိပ်များနှင့် တကွ သတင်းထောက်များပါ မသိလိုက်ကြဟု အသေးစိတ်ဖွဲ့နွဲ့ပြီး ရေးသားထားသည်။ ပုလိပ်များရော၊ သတင်းထောင်များကပါ စိတ်ဓာတ်ကျသွားတော့ကာ အထက်အမိန့်အရ ပုလိပ်တပ်များ ရုပ်သိမ်းသွားတော့သည်။

ထိုသတင်းသည် သတင်းမှန်မဟုတ်။ အယ်ဒီတာချုပ် ဦးအုန်းခင်က စိတ်ကူးနှင့် ဖန်တီးရေးသားသည်ဟု နောက်မှ သိကြရသည်။ သတင်းလိမ်ကြောင့် ပုလိပ်များ ရုပ်သိမ်းသွားတော့မှ စိုးကြီးနှင့် အဖွဲ့တို့သည် ကုန်းတော်ပေါ်က လွယ်ကူစွာ ဆင်းပြေးနိုင်ခဲ့သည်။

ဦးအုန်းခင်နှင့်တကွ ဗမာ့ခေတ်သတင်းစာတို့သည် ကွန်မြူနစ်ဝါဒကို လက်မခံဟု အတိအလင်းကြေညာပြီး လက်ဝဲဆန့်ကျင်ရေးကို ရေးသားနေသော သတင်းစာဖြစ်သော်လည်း ဦးအုန်းခင်နှင့် သခင်စိုးတို့သည် များစွာ ရင်းနှီးသည့် မိတ်ဆွေများဖြစ်ကြသည်က တကြောင်း၊ အလံနီတို့ ၎င်း၊ သတ္တိကို လေးစားသည်က တကြောင်းတို့ကြောင့် တတ်နိုင်သမျှ ကူညီလေ့ရှိသည်။ အလံနီခေါင်းဆောင်များသည် အဖမ်းခံရလျှင် အစာငတ်ခံတိုက်ပွဲကို ဆင်နွှဲလေ့ရှိသည်။ သူတို့ထောင်ထဲမှာ သေလေမည်ကို အစိုးရက စိုးရိမ်သောကြောင့် တိုက်ပွဲဝင် အလံနီများအားအင် အထူးဆုတ်ယုတ်နေချိန်တို့၌ နံနက်စောစောတို့တွင် ထောင်ပြင် ပလက်ဖောင်းများပေါ် စွန့်ပစ်ထားလေ့ရှိသည်။ အဖမ်းခံရသူ အလံနီများနှင့် ထောင်ဆရာဝန်တွေပါ ပြင်ပလောကနှင့် အချိတ်အဆက်ကောင်းသောကြောင့် ဗမာ့ခေတ်က အမြဲကြိုတင်သိပြီး ထိုသို့စွန့်ထားသူ လမ်းဘေးပလက်ဖောင်းပေါ်မှ လူနာများကို ဗမာ့ခေတ်သို့ သယ်ယူပြီး တိုက်အပေါ်ထပ်၌ တင်ကာ ဆေးကုပေးလေ့ရှိသည်။ ပုလိပ်များက သိကြစေကာမူ မျက်စိမှိတ်ထားကြသည်။

ပုလိပ်တို့သည်လည်း လွတ်လပ်ရေးတိုက်ပွဲဝင်များ ဖြစ်ကြသည်။ ဒီမိုကရေစီခေတ်က နိုင်ငံရေးလှုပ်ရှားမှုများသည် ကြည်နူးဖွယ်၊ ပျော်ဖွယ်၊ ချစ်ဖွယ်ကောင်းလှပေသည်။ ဤတချိန်တွင် ဦးအုန်းခင်က အကျဉ်းအကျပ်တွေ့နေသော သူ၏ မိတ်ဆွေကို မဟုတ်သတင်းရေးပြီး ကယ်တင်လိုက်လေရာ ယင်းလုပ်ကြံသတင်းသည် အမေရိကန်တိုင်းမ်မဂ္ဂဇင်းက ဖော်ပြရလေသည်အထိ ကမ္ဘာကျော်သွားတော့သည်။

တင်မောင်အဖို့ ဘဝင်မကျသဖြင့် သတင်းစာကျင့်ဝတ်ကို ချိုးဖောက်သည်ဟု ဦးအုန်းခင်အား စွပ်စွဲကာ ဝေဖန်သောအခါတွင် သူ၏ အဖြေမှာ "ငါ့လခွေး၊ တို့က အင်္ဂလိပ်ကို တိုက်နေတာကွ၊ အလံနီတွေ ခလောက်ဆန်တာတွေက အောင်ဆန်းတို့ ဖဆပလကို အထောက်

အကူဖြစ်ခဲ့တယ်ကွ" ဟူ၏။

မည်သို့ပင် သူက ထုချေနိုင်စေကာမူ မဟုတ်မမှန်သတင်းကို ရေးသားမှုသည် သတင်းစာအဖို့ ပါရာဇိက ကံထိုက်သည်။ ထိုပြင် နောက်ပိုင်း ဖြစ်ပျက်လာသော ကွင်းဆက်သတင်းများကိုလည်း ပြန်ပြီး သုံးသပ်သင့်ပေသည်။

သခင်စိုးနှင့် အလံနီများအဖို့ ဗမာ့ခေတ်သတင်းလိမ်၏ အကူအညီနှင့် ၁၉၄၇ ခု၊ ဇန်နဝါရီလ (၂၆) ရက်နေ့က ရွှေတိဂုံကုန်းတော်ပေါ်မှ ဆင်းပြီး တိုက်ရိုက်တောခိုကြသည်။ ပြည်တွင်းစစ်မီးကြီး၏ အမွန်အစ မီးပွားများ ဖြစ်လာခဲ့သည်။ သူတို့သည် (၁၅) နှစ်တိုင်တိုင် လက်နက်ကိုင် သူပုန်များအဖြစ် တောတွင်းသို့ ရောက်သွားကြသည်။ ၁၉၆၂ ခု၊ နိုဝင်ဘာလတွင်မှ ဗိုလ်နေဝင်း၏ တော်လှန်ရေးအစိုးရက ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်လေမှ ရက်အနည်းငယ်သာ မြို့ပေါ်ပြန်ကာ ရက်အနည်းငယ်မျှ ခြေချနိုင်ခဲ့သည်။ အလံနီ တောခိုပြီးနောက် အလံဖြူများနှင့် လူမျိုးစုများပါ သူပုန်ထခဲ့ကြသည်။ စစ်တပ်က အပြီးအနိုင် မတိုက်နိုင်သကဲ့သို့ သူပုန်များကလည်း အနိုင်မတိုက်နိုင်ခဲ့သောကြောင့် ပြည်တွင်းစစ်မီးကြီး ကြာရှည်လာပြီး စစ်အာဏာရှင်စနစ် ပေါက်ဖွားလာခဲ့ရသည်။

သခင်စိုးအဖို့ ပထမအင်္ဂလိပ်အစိုးရကို တိုက်သည်ဖြစ်သော်လည်း နောက်ပိုင်းတွင် မြန်မာဒီမိုကရေစီအစိုးရများကို တိုက်ခဲ့သည်။ ပစ္စည်းမဲ့များကို အစစ်အမှန် ချစ်မြတ်နိုးကာ နှစ်ပေါင်းများစွာ အလုပ်အကျွေးပြုသည်မှာ မှန်ကန်သည်ဆိုစေကာမူ ဆင်စွယ်ရှာအမည်ရှိ ရွာစွန်ကလေးတခုမှ ဆင်းရဲသား လယ်သမားအားလုံးတို့ကို အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု ကျူးလွန်မိသည်လည်း ရှိသည်။

၁၉၇၇ ခုက ဦးအုန်းခင်နှင့် တွေ့စဉ်က သူ၏ သတင်းလိမ်တခု၏ အကျိုးဆက်ကို ဆွေးနွေးမိပြန်သည်။ ဖွံ့အင်းဂူတွင် တရားထိုင်နေပြီဖြစ်သော ဦးအုန်းခင်က ဟေတုပစ္စယော အဘိဓမ္မာကို ရွတ်ဆိုပြပြီး ပြောပြသည်။ "ဒီအဖြစ်အပျက် အကျိုးဆက်တွေမှာ ငါရေးတဲ့သတင်းက တစိတ်တမွှန်သော အကြောင်းတရားတခုအဖြစ် ပါဝင်နိုင်ပါတယ်။ ဒါပေမယ့် အကျိုးတရားမှန်သမျှတို့ဟာ အကြောင်းတရားတခုအပေါ်မှာသာ မတည်ဘူး။ မြောက်မြားလှတဲ့ အကြောင်းတရားများကို အခြေခံပါတယ်" ဟု ဖြေလေသည်။

* * * * *



(၈)

## ပြည်တွင်းစစ်နှင့် ရှင်သေမင်း

၁၉၂၇ ခုနှစ်က မြန်မာနိုင်ငံသို့ ကွန်မြူနစ်ဝါဒ မျိုးစေ့ရောက်ရှိခဲ့၏။ စတင်ပျိုးထောင်ခဲ့သူမှာ ဟင်္သာတမှ မြေပိုင်ရှင်တဦး၏သား ကိုကျော်ဦးဆိုသူ ဖြစ်သည်။ အင်္ဂလန်သို့သွားကာ ဥပဒေပညာသင်ကြားရာမှ ဝတ်လုံ ဦးကျော်ဦးအဖြစ် ပြန်လာစဉ်က ဥရောပတွင် ခေတ်စားနေသော ဝါဒကို ယူဆောင်လာခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီကိုမူ ၁၉၃၉ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့တွင် စတင်တည်ထောင်သည်။ ဗဟိန်း၊ သိန်းဖေ၊ လှဖေတို့ ပါဝင်ပြီး အောင်ဆန်းက အတွင်းရေးမှူး။ ထိုမှ ကြီးထွားလာသော ဗမာပြည်ကွန်မြူနစ်ပါတီကို ၁၉၄၆ ခု၊ မတ်လညီလာခံတွင် သခင်သန်းထွန်း၊ သခင်သိန်းဖေတို့ တက်လာပြီး အတွင်းရေးမှူး သခင်စိုးနှင့် အုပ်စုအား ပါတီမှ ထုတ်ပယ်လိုက်ရာမှ ကွန်မြူနစ်ပါတီ ဗမာပြည်ဟု အမည်သစ်နှင့် စတင်တည်ထောင်ခဲ့ကြသည်။ ပါတီအသစ်က အလံနီပါတီဟု ကြေညာသဖြင့် မူလရှိရင်းစွဲပါတီကို အလံဖြူပါတီဟု ဗမာ့ခေတ်သတင်းစာက ကင်ပွန်းတပ်သောကြောင့် နှစ်ဖြူ၊ နှစ်နီ စသည်ဖြင့် အမည်တွင်ကြရလေတော့သည်။

ထိုအချိန်က ပါတီနှစ်ခုစလုံးတို့က အင်္ဂလိပ်တို့ကို လက်နက်ကိုင်တိုက်ခိုက်သော တော်လှန်ရေးလမ်းစဉ်နှင့် တိုက်မှသာ ဗမာ့လွတ်လပ်ရေးကို ရရှိနိုင်မည်ဟု ယုံကြည်လုပ်ဆောင်ခဲ့ကြသည်။ သခင်သန်းထွန်းခေါင်းဆောင်သော အလံဖြူပါတီက အလံနီတို့ထက် များစွာ အင်အားကြီးမားသည်။

ဖဆပလအဖွဲ့ကြီးက ဒီမိုကရေစီနည်းနှင့် လှုပ်ရှားပြီး အင်္ဂလိပ်တို့နှင့် စေ့စပ်ဆွေးနွေး၍ လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကာ လွတ်လပ်သော သမ္မတနိုင်ငံသစ်ကို တရားဝင်ထူထောင်နိုင်ခဲ့ကြသည်ကို သူတို့က လက်မခံ။ လွတ်လပ်ရေး အတုအယောင်သာဖြစ်သည်ဟု ဝေဖန်တိုက်ခိုက်နေကြသည်။

ကံဆိုးသည်ဟု ဆိုရပေမည်။ အမေရိကန်အုပ်စုနှင့် ရုရှအုပ်စုတို့ ပြင်းထန်စွာ တိုက်ခိုက်ကြသော စစ်အေးတိုက်ပွဲကြီးသည် မြန်မာပြည် စစ်မြေပြင်တွင် ဝင်ရောက်လာကြကာ တိုက်ကြသည်ကို ခံခဲ့ရပေသည်။

မြန်မာ့လွတ်လပ်ရေးနှင့် ပတ်သက်၍ မြန်မာလူထု၏ တောင်းဆိုချက်များ မပါရှိပေ။ 'ဖဆပလအစိုးရက လက်ဝဲအင်အားစုကို ဖယ်ထုတ်ကာ အလုပ်သမားလူတန်းစား ပစ္စည်းမဲ့များကို ဖမ်းဆီးနေလေပြီ'... ဓသည်ဖြင့် မော်စကို ရေဒီယိုက စတင်ဝေဖန်ပြောလာသောအခါတွင် နစ်တို့အဖို့ သူတို့ကိုးကွယ်သော ရုရှနိုင်ငံကြီးက သူတို့ကို ထောက်ခံပြီဟု သိရသဖြင့် မိမိ

တို့လမ်းစဉ် မှန်ကန်သည်ဟု အားတက်သွားကြသည်။ ဂျပန်ကို တော်လှန်စဉ်က လက်နက်များကို ရရှိထားသည့် လယ်သမားလုတန်းစားက တကယ့်လွတ်လပ်ရေးကို တောင်းဆိုနေလေပြီဟု မော်စကိုက အသံလွှင့်သွေးထိုးသဖြင့် မြန်မာကွန်မြူနစ်များတို့ စိတ်ဓာတ်များ တက်ကြွလာကြသည်။ ဖဆပလခေါင်းဆောင်များကလည်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ချမှတ်လုပ်ဆောင်နေပါလျက် အပြစ်တင်သည်ကို မခံမရပ်နိုင်ဖြစ်ကာ လက်ဝဲဝါဒကို ဆန့်ကျင်ကြတော့သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တည်ထောင်ပြီး (၈၂) ရက်မြောက်နေ့တွင် ဝမ်းမီးစတင် တောက်လောင်တော့သည်။ ၁၉၄၈ ခု၊ မတ်လ (၂၇) ရက် မြန်မာလူထု၏ တော်လှန်ရေးနေ့အစည်းအဝေးကို နေရာ (၂) ခုတွင် ခင်းပြိုင်ကျင်းပခဲ့ကြသည်။

"တားကင်ဒေချောက်ကြီးကို ကိုဂျယ်လင် ဖဆပလတို့ရဲ့ အရိုးတွေနဲ့ ဖို့မယ်ဟေ့" ဟု အလံဖြူ ကွန်မြူနစ်ခေါင်းဆောင် သခင်သန်းထွန်းက ကြေညာသည်။ ဖဆဆိုရှယ်တို့ကလည်း အညံ့မခံ၊ ထိုကဲ့သို့ပင် ပြင်းထန်သော စကားလုံးများနှင့် တိုက်ခဲ့လေသည်။ တင်မောင်တို့ သတင်းထောက်များအဖို့ အစည်းအဝေး (၂) ခုစလုံးကို တက်ရောက်လေရာ ခေါင်းဆောင်များသာမက အစည်းအဝေး (၂) ခုစလုံးတွင် တက်ရောက်သူ ကြီးမားသော လူထုကြီးများက ဒေါသအမျက် တချောင်းချောင်းထွက်နေသည်ကို မြင်တွေ့ကြရသောကြောင့် တုန်လှုပ်ချောက်ချားမိပါ၏။

နောက်တနေ့ မတ်လ (၂၈) ရက်နေ့ နံနက် (၁၀) နာရီတွင် စမ်းချောင်းတွင်ရှိသော ဗမာပြည် ကွန်မြူနစ်ဌာနချုပ်ကို ပုလိပ်တပ်နှင့် ဝိုင်းပြီး ကွန်မြူနစ်များကို ဖမ်းဆီးလေတော့သည်။ တဦးတယောက်မှ မမိလိုက်ပါချေ။ သတင်းကို တင်ကြိုရကြပြီးဖြစ်သဖြင့် ပုလိပ်များမရောက်မီကပင် တောခိုသွားကြလေပြီ။

မှလက တောထဲရောက်နေနှင့်သော အလံနီတို့ထက် အင်အားများစွာ ကြီးမားသည့် အလံဖြူတို့ တောခိုသွားသောအခါတွင် ဗမာ့တပ်မတော်လည်း ကွဲအက်သွားသည်။ တပ်ရင်း (၄) ခုရှိသည့်အနက် တပ်ရင်း (၂) ခုက တောခိုကြလေသည်။ အချိန်အနည်းငယ်အတွင်းတွင် အင်အား (၁၅,၀၀၀) ရှိသော အလံဖြူလက်နက်ကိုင် သူပုန်တပ်ကြီး ဖြစ်လာလေတော့၏။ တဖန် ရဲဘော်ဖြူတို့ကလည်း တောခိုကြပြန်သည်။

နိုင်ငံ၏ အခြေအနေအရ မယ်ရွေးပွဲ၊ ဘောလုံးပွဲ၊ နိုင်ငံရေးစည်းဝေးပွဲ...စသည့် သတင်းများကို ထောက်လှမ်းနေကြရသော တင်မောင်တို့ သတင်းထောက်များအဖို့ စစ်သတင်းထောက်များအဖြစ် ပြောင်းလဲကြရတော့လေသည်။

ရတ်တရက် ဘဝပြောင်းရသောအခါတွင် တင်မောင်အဖို့ သတင်းစာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် သင့်၏၊ မသင့်၏ သံသယပင် ဖြစ်မိပါတော့သည်။ အဘယ့်ကြောင့်ဟူမူ တင်မောင်လိုက်ရသော သတင်းများတို့မှာ လူသတ်သတင်းများသာ ဖြစ်နေသဖြင့် ဖြစ်၏။ လူဆိုး၊ ဓားပြ၊ ထကြွနေသော ထိုအချိန်က သေဒဏ်အပြစ်ပေးခံရသော ဓားပြ လူဆိုးများကို အားကစားကွင်းများတွင် ကွပ်မျက်လေသည်။ အရပ်သားလူထုကို ဖိတ်ကြားပြီး လူထုရှေ့၌ သတ်ဖြတ်လေသည်။ တရားခံကို ထုတ်လာပြီး၊ မျက်နှာကို ခေါင်းစွပ်ဖုံးကာ ကွင်းလယ်ရှိ တိုင်





တွင် ကြိုးနှင့်ချည်ပြီး အထူးစစ်တပ်က ပစ်သတ်သည်ကို သတင်းထောက်များအဖို့ မိမိတို့ ကြိုက်ရာရှုထောင့်က ဓာတ်ပုံရိုက်ခွင့်ပြုလေ့ရှိသည်။

တင်မောင်နှင့် သက်တူရွယ်တူ သတင်းထောက်ကလေးများက လက်စွမ်းပြကြရာတွင် တရားခံ ကိုယ်ခန္ဓာကို ကျည်ဆံထိချိန် အခိုက်အတန့်တွင်မှ ဓာတ်ပုံရိုက်နိုင်ရန် ပြိုင်ကြလေ့ရှိသည်။ "ငါ့ပုံက ကျည်ဆံဝင်ပြီး လိပ်ပြာထွက်သွားတာကိုတောင် မြင်ရတယ်ကွ" ဟု ကြွားဝါသူလည်း ရှိသည်။ တတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲတွင် အင်္ဂလိပ်စစ်ဗိုလ်ကြီးတဦးက သေဒဏ်ပေးအံ့ဆဲဆဲ မြန်မာသူပုန်များ၏ မျက်နှာတည့်တည့်တွင် ကင်မရာချိန်ထားပြီး ကျည်ဆံလာသောအခါ၊ ကျည်ဆံထိသော အခါတို့၌ မျက်နှာထားပြောင်းလဲသည့် ခံစားချက်များကို ဓာတ်ပုံရိုက်လေ့ရှိသည်။ ရက်စက်ရိုင်းစိုင်းပေသည်ဟု လန်ဒန်တိုင်းမ်သတင်းစာက ဝေဖန်သောကြောင့် ဗြိတိသျှပါလီမန်တွင် ဝေဖန်ဆွေးနွေးကြသည်ကို သတိရမိလေသည်။

တင်မောင်အဖို့ တရားခံကို မျက်နှာဖုံးအိတ်မစွပ်မီ အခိုက်အတန့် သေရအံ့မှုးမှူး အချိန်ပိုင်းကလေးတွင် လူ့လောကကြီးအား နောက်ဆုံးကြည့်ရှုသော မျက်လုံးပြောင်ကြီးများက ခြောက်လှန့်နေသောကြောင့် အိပ်မပျော်သော ညများက များပြားလှပါတော့သည်။ သေခြင်းတရားကို အမြဲမြင်နေရပြန်သည်။ ထိုအချိန်တွင် ကရင်အမျိုးသားများ၏ ပြဿနာနှင့် အခွင့်အရေးများကို ဆွေးနွေးနေသော ဆွေးနွေးပွဲများလည်း ပျက်ရပြန်လေသည်။ ၁၉၄၂ ခုနှစ်စစ်အတွင်းက ဗမာ့လွတ်မြောက်ရေးတပ်မတော် ဗိုလ်တဦးက ဝန်ကြီးဟောင်းနှင့် မိသားစုအပါအဝင် ကရင်ရွာတရွာလုံး သတ်ဖြတ်ခဲ့သည်က စတင်ကာ ကရင်–ဗမာ သွေးကွဲခဲ့ရလေသည်။ အမှန်စင်စစ်မှာ ဂျပန်စစ်ဗိုလ်ကြီးများ၏ အမိန့်အရ သတ်ဖြတ်ခဲ့သည် ဖြစ်၏။

၁၉၄၉ ခု၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် တပ်မတော်သေနာပတိ ဗိုလ်ချုပ်ကြီး စမစ်ဒွန်းနှင့် ကရင်စစ်ဗိုလ်ကြီးများကို တာဝန်မှ အနားယူစေသည်။ ဗိုလ်ချုပ်နေဝင်းက တပ်မတော်သေနာပတိဖြစ်လာသည်။ ရက်မဆိုင်းဘဲ နောက်တနေ့တွင်ပင် ရန်ကုန် အလုံရပ်ကွက်တွင်ရှိသော ကရင်ရွာသားများကို စစ်တပ်က ဝိုင်းပြီး လက်နက်ရှာဖွေရာမှ သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့သည်။ အိမ်အချို့ မီးလောင်ကြသော်လည်း စစ်တပ်က မီးသတ်ကားများ ဝင်ခွင့်မပြုဟုသိရသည်။

သတင်းထောက်များကို ဝင်ခွင့်ပြုချိန်တွင် အလောင်းများကို မဖယ်ရသေးပေ။ သေကြရရှာသူများမှာ အရပ်သား ကရင်အမျိုးသားများ ဖြစ်ပြီး၊ အရှောင်အတိမ်း မကျင်လည်သော ကလေးများနှင့် အမျိုးသမီးများက ပိုမိုများပြားသည်။

တင်မောင်သည် ကရင်ဒုံးယိမ်းကို များစွာ ကြိုက်သူဖြစ်သည်။ သွက်လက်သန်မာသော ကရင်အမျိုးသမီးကလေးများက ပဝါများကို အရှိန်လျင်မြန်စွာ ဝှေ့ယမ်းပြီး ကပြသော အကနှင့် သွက်လက်သော တေးဂီတတို့ကို များစွာ နှစ်သက်သည်။ လှငယ်ပီပီ စိတ်ကူးယဉ်မိသည်လည်းရှိသည်။ မေးရိုးကားကား၊ ကိုယ်ထည်ဖွံ့ဖွံ့ ကရင်မကလေးများ၏ ရုပ်သွင်ကို မြတ်နိုးခဲ့သည်။ အလုံရပ်ကွက်၌ တင်မောင်စိတ်ကူးယဉ်လေ့ရှိသူကလေးများ သေကျေနေပုံကို မြင်ရသည်။ ဓာတ်ပုံရိုက်ရသောအခါတွင် မိမိတာဝန် ဝတ္တရားကို ဆောင်ရွက်နိုင်ရန် စိတ်ကို ထိန်းထားရသည်။ သူတပါးတို့ သေကြသည်ကို သတင်းယူရင်း ရှင်သေမင်းက ပုခုံးကို လာပုတ်ပြီး

"ဟော့...မောင်ရင်လည်း လိုက်ခဲ့ပါလား"ဟု ဖိတ်ခေါ်သည်ကိုလည်း လွတ်အောင်ရှောင်ခဲ့ရသေးသည်။

အင်းစိန်စော်ဘွားကြီးကုန်းကို ကရင်တို့လက်မှ အစိုးရတပ်က ပြန်လည်သိမ်းသောနေ့က တင်မောင်တို့ သတင်းထောက်တစုတို့သည် ဇမာ့ခေတ်က ထရပ်ကားနှင့် သွားရောက်ကာ ဓာတ်ပုံရိုက်ကြသည်။ အပြန် တောလမ်းတွင် တင်မောင်တို့ ကားဆီသို့ စိန်ပြောင်းကျည်တလုံး လိုက်လာပြီး ကားနှင့် မလှမ်းမကမ်းတွင် ပေါက်ကွဲရာ ကားဆရာက လမ်းဘေးထိုးရပ်လိုက်လေသည်။

တင်မောင်တို့တတွေအဖို့ ဝိတ်က မည်သို့မှ မသိသေးစဉ်တွင် ခန္ဓာကိုယ်က ကားပေါ်မှ ဆင်းပြေးပြီး လမ်းဘေးမြောင်းထဲတွင် ဝပ်ချပြီးသား ဖြစ်သွားသည်။ များစွာ မြန်ဆန်ကြသည်။ နောက်ထပ် ကျည်ဆံတလုံး လာသောအခါတွင် ကားကို ထိတော့လေသည်။ အမိုးတွင် တပေအကျယ်ခန့် ပေါက်သွားပြီး တင်မောင်တို့ ထိုင်သော ခုံများကိုပါ ထိမှန်သည်။ အချိန်မည်မျှကြာသည်မသိ ဝပ်နေကြရသည်။ ကျည်ဆံများ ရပ်စဲသွားသောအခါတွင်လည်း တင်မောင်တို့ လူစုက မြောင်းထဲမှာ ရှိနေကာ မည်သူမှ ကားပေါ် ပြန်မတက်ကြသောကြောင့် အနီးအနားတွင် ရှိနေသော စစ်သားများက သတင်းထောက် သတ္တိခဲကြီးများတို့ကို လှောင်ပြောင်ကြတော့မှ ကားပေါ် ပြန်တက်ခဲ့ကြသည်။ တင်မောင်အဖို့ ပုခုံးတဘက်နာသွား၏။

အကယ်၍သာ ကားပေါ်၌ မိမိရှိနေစဉ်အခိုက်တွင် ကျည်သင့်ခဲ့လျှင်ဟု တွေးတောမိသော အခါတို့တွင် မိမိ၏ ဘဝနှင့် သတင်းထောက်အလုပ်ကို သံသယဖြစ်ခဲ့မိလေသည်။ ရှင်သေမင်းနှင့် နီးကပ်သည်ဟု ဆိုရတော့မှ နိုင်ငံရေး၊ လူမှုရေး သတင်းများတွင် မိမိတွေ့သိသည့်အတိုင်း ယုံကြည်ရာကို ရေးခွင့်ရသော အခွင့်အရေးကို တသက်လုံးမစွန့်လွှတ်ခဲ့ပါပေ။

* * * * *



(၉)

## ဒိမိုကရေစီအစိုးရနှင့် ရင်ဆိုင်ကြခြင်း

အင်္ဂလိပ်နယ်ချဲ့ကို တိုက်ခဲ့ကြစဉ်က ခေါင်းဆောင်ခဲ့ကြသော သတင်းစာများသည် မြန်မာနိုင်ငံ လွတ်လပ်ချိန်တွင်မူ သူတို့၏ ရပ်တည်ချက်နှင့် ရှုထောင့် ပြောင်းကြရလေသည်။ တိုက်ပွဲကာလ နိုင်ငံရေးအင်အားစုနှင့် သတင်းစာများအဖို့ မဟာမိတ်အဖြစ် ညီညွတ်ခဲ့ကြသော်လည်း ကိုယ့်မင်းကိုယ့်ချင်း ဖြစ်လာသည့်အခါ၌ မင်းနှင့် မင်းဆရာအဖြစ် လိုက်လျောညီထွေ ဖြစ်မလာကြတော့ချေ။ အာဏာရ နိုင်ငံရေးသမားများအဖို့ မင်းတို့၏ မာနတက်လာကြတော့သည်။ သတင်းစာများကလည်း ရဲဘော်ရဲဘက်များ ဖြစ်ခဲ့သောကြောင့် သင့်တင့်သရွေ့ မရှိသေနိုင်ဘဲ မင်းတို့၏ ခေါင်းကို ခေါက်သော အပြုအမူများ ပြုမိတတ်သည်။ ပွင့်လင်းစွာ ဝေဖန်ရေးသားမိကြသည်။

ပြည်တွင်းစစ်အခြေအနေအရ ပါလီမန်တွင် အတိုက်အခံအင်အားစု နိုင်နိုင်မာမာ မရှိလေသောကြောင့် အစိုးရ၏ မူဝါဒနှင့် လုပ်ဆောင်ချက်များကို ဝေဖန်စိစစ်မှု အားပျော့နေခဲ့သည်။ ယင်းတာဝန်ကို သတင်းစာဆရာများက မဟာမိတ် အတိုက်အခံများအဖြစ် ရပ်တည်လုပ်ဆောင်ကြသောအခါတွင် အာဏာရ နိုင်ငံရေးသမားအချို့နှင့် ထိပ်တိုက်ရင်ဆိုင်ကြရသည်။ ပဋိပက္ခများ ပေါ်ပေါက်လာလေ့ရှိ၏။ စာရေးဆရာ ဝန်ကြီးချုပ်ဦးနုသည် သတင်းစာတို့ လွတ်လပ်ခွင့်ကို တင်းပြည့်ကျပ်ပြည့် ယုံကြည်သူဖြစ်သည်။ သို့သော် သူသည် ပြည်တွင်းစစ်ကြီးကို တိုက်နေရသူလည်း ဖြစ်သည်။ ထိုပြင် ဖဆပလအဖွဲ့ကြီးသည် ပါတီအများ၏ တပ်ပေါင်းစုကြီး ဖြစ်လေသောကြောင့် သတင်းစာများနှင့် ကတောက်ကဆ မကြာခဏ ဖြစ်လေ့ရှိသည်။ တခုကောင်းသည်မှာ ဖြစ်လေသမျှ အရေးကိစ္စများကို သက်သက်ညှာညှာ ဖြေရှင်းပေးလေ့ရှိသည်။

သို့တော့မှ ဖဆပလ တပ်ပေါင်းစု၏ အဖွဲ့တဖွဲ့ဖြစ်သော ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်များက ခက်ထန်တင်းမာသည်။ ကာကွယ်ရေးဝန်ကြီးက ဦးဗဆွေဖြစ်ပြီး ဆိုရှယ်လစ်ခေါင်းဆောင်များက စစ်ဗိုလ်ကြီးများနှင့် နီးစပ်ပြီး စစ်တပ်က နောက်ခံရှိသောကြောင့် ပိုမိုဗိုလ်ကျသည်ဟု ယူဆသော သတင်းစာများက ကြည့်မရဖြစ်ခဲ့သည်။

တခါတွင် ဆိုရှယ်လစ်တို့က လူထုသတင်းစာ အယ်ဒီတာ ဦးလှကို အပြစ်ရှာပြီး ဖမ်းဆီးသည်။ ထောင်ထဲ၌ ကြာမြင့်စွာ ချုပ်နှောင်ကာ ညှဉ်းသည်။ ဦးလှက တရားလွှတ်တော်ချုပ်မှာ အယူခံဝင်ခဲ့သည်။ လွတ်လပ်သော တရားရုံးတော်က မုချပင် လွှတ်ပေးအမိန့် အမိန့်ချမည်ကို သိရသဖြင့် သတင်းစာဆရာအသင်း၏ အတွင်းရေးမှူးအဖြစ် တင်မောင်က အမှုရှင်ဖြစ်သူ ဝန်ကြီး ဗိုလ်ခင်မောင်ကလေးနှင့် တွေ့ဆုံကာ ကြိုတင်လွှတ်ပေးပါဟု အရေးဆိုညှိနှိုင်းသည်။ "ဟော့-ဟော့... တရားလွှတ်တော်ချုပ်က လွှတ်ပေးလို့ဆိုလျှင် ငါကိုယ်တိုင် ထောင်ဖူးသွားပြီး

လက်ထိပ်နှင့် ခေါင့်ပြီး ဖမ်းမယ်ကွ"ဟု လက်သီးလက်မောင်းတန်းကာ ကြိမ်းမောင်းတော့သည်။ ထိုငေ့်က သွားရောက်တွေ့ကြသော အဖွဲ့တွင် တင်မောင်နှင့်အတူ ဦးလှဝန်း ဒေါ်အမာလည်း ပါလေရာ ပြောရက်၊ ကြိမ်းမောင်းရက်သော ဝန်ကြီးကို စိတ်မချမ်းမသာနှင့် ကြည့်မိသည်။

ယင်း ဆိုရှယ်လစ်ခေါင်းဆောင်ကြီးသည် သူ၏ အလှည့်သို့ ရောက်သောအခါ စစ်အစိုးရက ဖမ်းဆီးသည်ကို ခံရသည့်အခါတွင်မှ သက်လုံမကောင်းရှာဘဲ ဒိုချင်းချသည်ဟု ကြားရလေသည်။

ထိုကဲ့သို့ သဘောသေးသိမ်သူ ဆိုရှယ်လင်များကို သတင်းစာတို့က ပိုမိုပြစ်တင်ဝေဖန်ကြတော့သည်။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းကလည်း ဗမာ့ခေတ်နှင့် သတင်းစာအများကို ချေမှုန်းရန် အားထုတ်လေတော့သည်။ ဝန်ကြီးချုပ်ကိုယ်တိုင်က တရားဥပဒေအပြင်ဘက်မှ နှိပ်စက်သည့်မှုကို လက်မခံတာကြောင့် ဟရားဥပဒေအရ ဗမာ့ခေတ်နှင့် သတင်းစာဘများတို့ကို နှုတ်ပိတ်ရန် အမျိုးမျိုးကြံစည်၏။

ဒီမိုကရေစီဥပဒေအရ သတင်းတရေးချက်များကို အရေးမယူနိုင်သဖြင့် ဦးကျော်ငြိမ်းက အနိုင်ရနိုင်သည့်နည်းနှင့် အခွင့်အလမ်းကို ရှာပြီး ဗမာ့ခေတ်ကို အလဲထိုးလေတော့သည်။

အစိုးရပုံနှိပ်တိုက်က သုံးစွဲပိုလျှံသော ပစ္စည်းများကို အခါအားလျော်စွာ လေလံစနစ်နှင့် အရပ်သားများသို့ ရောင်းချလေ့ရှိသည်။ လွန်ခဲ့သော (၂) နှစ်ခန့်က ပုံနှိပ်စက်ကြီးတလုံးကို ဗမာ့ခေတ်က လေလံဆွဲပြီး ဝယ်ယူသုံးစွဲနေသည်။ အစိုးရပုံနှိပ်တိုက်က အရာရှိတဦးကို အမှုတခုနှင့် အရေးယူသောအခါတွင် စောစောက လေလံပစ်ခဲ့သည့် စက်ကြီးက သက်သေခံပစ္စည်းဖြစ်နေသည်ကို ဦးကျော်ငြိမ်းက တွေ့ရှိလေသည်။ အိန္ဒိယ ရာဇသတ်ကြီးတွင် သက်သေခံပစ္စည်းများကို အမှုစစ်ဆေးသူ တရားသူကြီး၏ ရှေ့မှောက်တွင် တင်ပြရမည်ဟု ပါရှိသောကြောင့် ဗမာ့ခေတ်တွင် အသုံးပြုနေသော ပုံနှိပ်စက်ကြီးကို တရားရုံးတော်သို့ တင်ပြစေဟု အမိန့်ပေးတော့သည်။

အလေးချိန်တတန်ခွဲခန့်ရှိသော စက်ကြီးကို တစစိဖြုတ်ပြီး ယူကြကာ ရုံးတော်ရင်ပြင်တွင် တင်ထားလေသည်။ ဗမာ့ခေတ်အဖို့ တမျက်နှာလျှော့လိုက်ရတော့သည်။ အမှုမှာ လများစွာကြာသဖြင့် စက်အစက်အခံကြောင့် များစွာ ကသိလင်တ ဖြစ်ရလေတော့သည်။

တရားဥပဒေနှင့်အညီ ဆောင်ရွက်သည်ဖြစ်သဖြင့် ဗမာ့ခေတ်က အံကိုခဲပြီး ခံရသည်။ 'ရယ်တာပေါ့' ဟုပင် ရေးလိုက်သေး၏။ အခွင့်အရေးရှာနေသူ ဦးကျော်ငြိမ်းအဖို့ ထိုထက်ကောင်းသော နည်းကို တွေ့ပြန်လေသည်။ ဤအချိတွင်မှ သတင်းစာများအဖို့ မရယ်နိုင်ကြတော့ပဲ ငိုကြရရှာတော့သည်။

ဦးကျော်ငြိမ်းက သက်သေခံဥပဒေကိုပင် အသေးစိတ်ဖတ်ရှုသည်။ ရာဇဝတ်မှု တစုံတခုဖြစ်ပွားလျှင် သက်သေခံပစ္စည်းများကို အထူးရှာဖွေခွင့် ဥပဒေအရ ရဲတို့က ရှာဖွေသိမ်းဆည်းနိုင်သည့် အခွင့်အရေးကို ဝန်ကြီးက တွေ့သွားပြန်သည်။ ဦးကျော်ငြိမ်းက ယင်းဥပဒေ၏ အခွင့်အရေးကို ဇောဇောသီသီ သုံးစွဲပါတော့သည်။

ရဲတို့အဖို့ အမှုတခုခုရှာရန်သာ လိုအပ်သည်။ မည်သို့သောအမှုပင် ဖြစ်စေ၊ အမှုတခု





တွေ့လျှင် သတင်းစာတိုက်ဥပစာနှင့် အဆောက်အအုံပစ္စည်းအားလုံးကို မွှေနှောက်ရှာဖွေလေတော့သည်။ အထူးသဖြင့် စာစီသော ခဲစာလုံးကို အကွက်ငယ်ကလေးများ ခွဲကာ ထည့်ထားရသော စာခွက်ကြီးများကို ကြမ်းပြင်ပေါ်၊ မြေကြီးပေါ်သို့ မှောက်ချပြီး သေးငယ်သည့် စာလုံးကလေးများတွင် သက်သေခံတွေ့ရနိုး စစ်ဆေးကြည့်ရှုကြတော့သည်။

ခဲစာလုံးများထဲတွင် မည်သည့်အခြားပစ္စည်း မရှိနိုင်သည်ကို သတင်းစာတိုက်က ရှင်းပြရန် မလိုပါ။ ရဲတို့က သိပြီးဖြစ်ပေသည်။ အမှုအတွက် သက်သေခံပစ္စည်း မရနိုင်သည်ကို ရဲတို့တင်ကြိုသိရှိထားပါလျက် အမှုတခုခုအတွက် သတင်းစာတိုက်တွင်းသို့ ဝင်မိသည်နှင့် ခဲစာလုံးခုံများကို သွန်မှောက်ပြီး ရှာဖွေကြလေ့ရှိသည်။ ရည်ရွယ်ချက်မှာ သတင်းစာတိုက်ကို ဒုက္ခပေးရန်သာ ဖြစ်၏။ ခဲစာလုံးခွက်ကိုရော မွှေနှောက်လိုက်လျှင် ကကြီးစာလုံး၊ ခခွေးစာလုံး ရောသည်ဖြင့် ရွေးချယ်ကာ ပြန်လည်အသုံးပြုရန် မဖြစ်နိုင်တော့ပေ။ အသုံးမပြုနိုင်တော့သည့် ခဲစာလုံးများကို အရည်ကျိုရတော့သည်။ စာလုံးစက်မှ ခဲစာလုံးအသစ် ဝယ်ရသောကြောင့် စာခွက်များ တခါမှောက်လေတိုင်း သတင်းစာကို တလခွဲခန့် ရပ်ကြရသည်။ ငွေကုန်သေးသည်။

ထိုခေတ်က မြန်မာပုံနှိပ်လောကအဖို့ ပုံနှိပ်ရမည့် စာသားများကို စာစီခွက်ထဲတွင် ထည့်ထားသည့် ခဲစာလုံးများနှင့် စီကြရသည်။ ခဲစာလုံးတစုံ အပြည့်အစုံဆိုလျှင် စာလုံးအမျိုးမျိုး (၂၄၀) ရှိသည်။ အနည်းဆုံး ခဲစာလုံး (၂၂၉) လုံးရှိမှသာ သတင်းစာနှင့် ခေတ်ပေါ်စာအုပ်များကို ပုံနှိပ်နိုင်သောကြောင့် ခဲစာလုံးခုံတခုတွင် စာလုံး (၂၂၉) မျိုးတို့အတွက် စာလုံးခွက် (၂၂၉) ခွက်ရှိသည်။ ပါဠိပါဠိသားပါစိရန် အပိုစာလုံး (၁၉၅) လုံးအတွက် သီးခြားခွက်များ ရှိရသေးသည်။ ထိုအချိန်က ရန်ကုန်မှာ ခဲစာလုံးသွင်းသော စက်ရုံ (၂) ခုသာ ရှိလေသဖြင့် စာခွက်မှောက်ခံရလျှင် သတင်းစာတိုက်များအဖို့ ကျောကော့ကာ ခံကြရရှာ၏။

မည်သို့ပင် ခက်ခဲစေကာမူ စာခွက်မှောက်လေလေ သူတို့ကို ပြစ်တင်ဝေဖန်သူ ပေါလေလေ ဖြစ်လာတော့သည်။ တဘက်ကလည်း ခေတ်မီစာလုံးစက်များကို သတင်းစာတိုက်များက တည်ထောင်လာကြသဖြင့် လှပပြီး အရွယ်အစားစား စာလုံးသစ်များ ပေါ်လာသည်။ မြန်မာစာလုံးပုံစံများ တိုးတက်များပြားလာသည်မှာ ဦးကျော်ငြိမ်း၏ ကျေးဇူးပါပေ။

တခါတွင် ဆိုရှယ်လစ်ဝန်ကြီးတဦး၏ ဖောက်ပြန်မှု၊ အညိုအဟောက်သတင်းတပုဒ်ကို သတင်းစာသုံးစောင်က ဖော်ပြခဲ့ကြသည်။ ထိုသတင်း မဟုတ်မှန်ဟု ဆိုရှယ်လစ်ခေါင်းဆောင်များက ငြင်းဆိုပြီး လယ်သမားထု အစည်းအဝေးကို ရန်ကုန်၊ ဗန္ဓုလပန်းခြံတွင် ကျင်းပကာ ကန့်ကွက်ဆန္ဒပြကြသည်။ လယ်မြေ ပြည်သူပိုင် စီမံကိန်းလုပ်ဆောင်နေသူ ခေါင်းဆောင်ကြီးကို မြေရှင်ကိုယ်စားလှယ် သတင်းစာများက သိက္ခာချသည်ဟု ဟောပြောကြသည်။ အရက်မူးနေကြပြီး ပေါက်တူးပေါက်ပြားများကို ထမ်းလာကာ အစည်းအဝေးတက်ကြသူ လယ်သမားကြီးများတို့က ဒေါသကို မထိန်းနိုင်ကြပြီဟု အော်ဟစ်၍ ပြည်သူ့ဟစ်တိုင်နှင့် ဒိုးဝေသတင်းစာတိုက်များမှ ပုံနှိပ်စက်များ၊ စာစီခုံများကို ဖျက်ကြတော့သည်။ ရဲတို့ကို ခေါ်သော်လည်း ရဲတို့က မလာဘဲ ရှောင်နေကြသည်။

ဆိုရှယ်လစ် ဆန္ဒပြသူများသည် ထိုသတင်းကို ဖော်ပြသော ကွန်မြူနစ် နေ့စဉ်သတင်း

စာတိုက်ကိုမူ မသွားဝံ့ကြပေ။ ၁၉၄၈ ခု၊ မတ်လ (၂) ရက်နေ့က အခင်းဖြစ်ပွားသည်။ (၁၅) ရက်အကြာတွင် ပြည်တွင်းစစ်ကြီး ကြေညာရန်အတွက် ကွန်မြူနစ်တို့တွင် လက်နက်များရှိနေကြသည်ကို ဆိုရှယ်လစ်တို့က သိနေကြသည်။ တင်မောင်တို့ သတင်းထောက်များလည်း သိကြသည်။ တင်မောင်တို့အဖို့ ပွဲကြီးပွဲကောင်း၊ ဓာတ်ပုံကောင်း ရရှိနိုင်ရန်အတွက် သတင်းစာတိုက်ရှေ့ရှိ သစ်ပင်ကြီးပေါ် တက်ကာ ကင်မရာကိုယ်စီနှင့် စောင့်ကြသည်။ ဘေးကင်းမည့် အကာအကွယ်ကိုလည်း ကြည့်ထားရသေးသည်။

ဆိုရှယ်လစ်တို့သည် လက်နက်များ စုဦး၊ ဆောင်းပြီးဖြစ်သည့် ကွန်မြူနစ်ပါတီ ဌာနချုပ်ရှိ သတင်းစာတိုက်သို့ မလာဝံ့ကြပေ။ လာခဲ့လျှင် ပြည်တွင်းစစ်သည် (၁၅) ရက်စောကာ ဖြစ်ပွားပေလေမည်။

ဤတချိတွင် ဝန်ကြီးချုပ်ဦးနုက ဆိုရှယ်လစ်တို့ဘက်မှ ရပ်တည်၏။ မဟုတ်မမှန် သတင်း ရေးနေသော သတင်းစာတွေ ...ို ဖမ်းတော့ပြီဟုပင် ကြေညာသည်။ ပြန်ကြားရေးဌာနရုံးတွင် ဖွင့်ထားသည့် သတင်းစာဆရာများ အသင်းနှင့် သတင်းထောက်များ အသင်းကို နှင်ချသည်။

ဒီမိုကရေစီခေတ် ဖြစ်လေသောကြောင့် သတင်းစာများက ပြင်းထန်စွာ တုံ့ပြန်ရေးသားကြသည်။ ရေးသားသည်သာမက သတင်းစာဆရာအသင်းက ဟောပြောပွဲများ ကျင်းပပြီး ပုဆိန်ဆရာများကို တိုက်ကြလေသည်။

"သတင်းစာတွေမပြောနဲ့ သတင်းစာတွေရဲ့ အမေတောင် မကြောက်ဘူး" ဟု ကြိမ်းသေးသည်။ ထိုအခါ သတင်းစာဆရာအသင်းက စာပေလောက၊ နိုင်ငံရေးလောကမှ အနားယူနေသူ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ပင့်ခေါ်ကာ "သတင်းစာတို့ ဘိုးအေကြီး လာပါပြီ" ဟု ကြေညာပြီး တရားဟောစေသည်။

ဆရာကြီး (၂) ကြိမ်သာ တရားဟောရသည်။ "ခင်ဗျားတို့ အတော်ဆိုးတဲ့ သူတွေပဲဗျာ" ဟု ဦးနုက ဦးအုန်းခင်ထံ ဖုန်းဆက်ပြီး အရှုံးပေးရရှာသည်။ အဖျက်ခံရသည့် သတင်းစာများကို လျော်ကြေးပေးသည်။ သတင်းစာဆရာအသင်း ရုံးနေရာနှင့်တကွ မူလအခွင့်အရေးတွေ ပြန်ပေးသည်။ နှစ်စဉ် သတင်းစာအသင်း ညီလာခံသို့ ဦးနုက တက်ရောက်ကာ သတင်းစာနှင့် ဝန်ကြီးချုပ်တို့ ချစ်ကြည်ရေး ပြန်ပေါင်းထုတ်ကြသည်။

ခွတ်ပျံ့ကြည်နူးဖွယ်ကောင်းသော ဤကဲ့သို့သော နိုင်ငံရေးတိုက်ပွဲ၏ အရသာကို ဒီမိုကရေစီခေတ်၌တွင်သာ ခံစားနိုင်ပါသည်။ သူမတူ တရားဟောကောင်းလှသော ဆရာမှိုင်း၏ ဟောသံကလေးတခု ယခုထက်တိုင် ကြားယောင်နေမိတော့သည်။ ဆရာကြီးက "ငါ့အမြင်ကို ပြောရရင်တော့ ခွေးမသား၊ မင်းတို့ သတင်းစာဆရာတွေ မှားတယ်ကွ၊ မင်းတို့တတွေ တယ်ပြီး မိုက်ကြပါကလားကွာ။ တို့မောင်နုဆိုတာက ဂုန်ကြီးချုပ်ကြီးကွ။ ရောမဝန်ကြီးချုပ်ကြီးတပါးကို မင်းတို့ သတင်းစာဆရာတွေက ခွေးပိန်စံကလေးကို ကြိုးနှင့် တိုင်မှာချည်ပြီး ရိုက်ချင်သလို ရိုက်ကြလေတော့ သူက ပြန်ကိုက်မှာပေါ့ကွ" ဟု ဟော၏။

* * * * *



# (၁၀)

# လှပသော သတင်းခေါင်းစဉ်များ

"ဗမာသတင်းစာလောကအဖို့ ထိရောက်ဆန်းကြယ်သော သတင်းခေါင်းစဉ်များကို စတင်တီထွင် သုံးစွဲသူမှာ ဗဟန်ုခေတ်အယ်ဒီတာ ဦးအုန်းမြင့်ဖြစ်သည်" ဟု မြန်မာသတင်းစာလောကက သိကြသည်။ ဆန်းပြားလှသော သူ၏ ခေါင်းစဉ်တပ်နည်းကို သတင်းစာအများ အသုံးမပြုကြစေကာမူ သူ၏နည်းသည် တဘာသာဖြစ်သည်။ သူတည်းဖြတ်သော ဗဟန်ုခေတ်သည် အခြားသတင်းစာများနှင့်မတူ တမူကွဲသည်ဟု လက်ခံကြသည်။ သာမန်သတင်းတပုဒ်ကို သူက ခေါင်းစဉ်တပ်လိုက်သည်နှင့် သတင်းထူး သတင်းဆန်းဖြစ်လာလေ့ရှိသည်။ ခေါင်းစဉ်အတပ် ကောင်းသောကြောင့် သတင်း၏ ဂယက်ပြဿနာအမျိုးမျိုးကို ရင်ဆိုင်ရသည်လည်း ရှိ၏။

ပြည်သူ့လွှတ်တော် တည်ဆောက်ဝကာလ အစည်းအဝေးတွင် အမတ်မင်းများ၏ လစာနှင့် နေ့တွက် အခည်းအဝေး စရိတ်များကို တင်သွင်း အတည်ပြုစဉ်က အယ်ဒီတာမင်းက များလွန်းသည်ဟု ယူဆလေသဖြင့် သတင်းကို ဖော်ပြသောအခါတွင် ခေါင်းစဉ်၌ "အလိုဘုရား လန့်ရောပါလား" ဟု တပ်လေသည်။ ယင်းသို့ ဝေဖန်ချက်ခေါင်းစဉ်နှင့် သတင်းဖော်ပြထားသည်ကို အစိုးရအမတ်များရော၊ အတိုက်အခံအမတ်များကပါ မကျေမနပ်ဖြစ်ကြပြီး အပြစ်ပေးရန်အတွက် စည်းဝေးကြသည်။ အစည်းဝေးမှ ဗဟန်ုခေတ်သတင်းထောက် ပြည်သူ့လွှတ်တော်မတက်ရဟု (၆) လတိတိ ပြစ်ဒဏ်ခတ်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

နိုင်ငံရေးသတင်းသာမဟုတ်၊ သာမန်သတင်းများတွင်လည်း ခေါင်းစဉ်ကောင်းပါက အသက်ဝင်လာလေ့ရှိသည်။ တနေ့သားတွင် ဦးအုန်းမြင့်က သတင်းစာမျက်နှာဖုံးတွင် ဖော်ပြနိုင်သည့် သတင်းကောင်းမရှိသဖြင့် စိတ်ညစ်ကြောင်း ညည်းညူသောကြောင့် တင်မောင်က မိမိထောက်လှမ်းထားသော သတင်းတပုဒ်ကို ဟာသကွက်ဖော်ကာ ရေးသားပြီး ဓာတ်ပုံနှင့် ခေါင်းစဉ်တပ်ကာ ပေးလိုက်သည်။

သတင်းမှာ ဆန်းလှသည်မဟုတ်၊ ရန်ကုန်တိရစ္ဆာန် ဥယျာဉ်တွင် ရှိပြီးသော ခြင်္သေ့ကြီးအတွက် နိုင်ငံခြားက မှာယူတင်သွင်းခဲ့သော ခြင်္သေ့မကလေး ရောက်လာကြောင်း သတင်းဖြစ်၏။ ခြင်္သေ့ (၂) ကောင်ကို မိတ်လွှတ်သောအခါတွင်မူ ငယ်ရွယ်သူ အမကလေးက လူပျိုကြီး ကိုခြင်္သေ့ကို အကာပ်မခံသောကြောင့် လှောင်အိမ်ခွဲထားရသည့် သတင်းနှင့် ဓာတ်ပုံသာဖြစ်၏။ "လူပျိုကြီးပြောတဲ့ ကိုကိုကာလသားချောရယ်... ကလေးဗိုက်ဗိုဖို့ ပျိုနားမလည်... ခင်ဟာ ငယ်သေးတယ်" ဟု ခေါင်းတပ်ပေးလိုက်သည်။ တိုသိချင်းခေါင်းစဉ်ကို အယ်ဒီတာက တလုံးတပါဒမှ မပြင်ဘဲ အောက်ကမြစ်ကလေး တတို့သာ တို့ပေးလိုက်ရုံနှင့် မျက်နှာဖုံးသတင်း

ဖြစ်လာတော့သည်။ အယ်ဒီတာက 'ခင်ဟာငယ်သေးတယ်' ဟူသော စာပိုဒ်တွင် ခင်စာလုံး အောက်တွင် အောက့်ကမြစ်တို့လိုက်သဖြင့် 'ခင့်ဟာ ငယ်သေးတယ်' ဟု ဖက်ဖက်ကွဲ ပွဲကျ သော သတင်းကြီး ဖြစ်သွားခဲ့သည်။

နိုင်ငံရေးသတင်းခေါင်းစဉ်တို့ကိုလည်း အသက်ဝင်အောင် အသက်သွင်းပေးရသည်။ ဆိုရှယ်လစ်ပါတီဝင်များက စစ်တပ်အားကိုးရှိသောကြောင့် အမြို့မြို့အရွာရွာတွင် လာဘ်စားမှုမှ လုယက်မှုအထိ ကျူး လွန်ကြသည်။ လူထုအား နှိပ်စက်မှုများ တိုးများလာသောအခါတွင် ဗမာ့ ခေတ်၌ သူတို့၏ အမှုသတင်းများ ခေါင်းစဉ်တပ်တိုင်း "ပြန်"ဟူသော ကြိယာဝိသေသနကို ဆက်ကာ ရေးလေ့ရှိ၏။ ယခုအမှုတွင်သာ ခိုးသည်မဟုတ်၊ ယခင်ကလည်း ခိုးနေကျဖြစ်သည် ဟူ၍ အဓိပ္ပာယ်ပေါက်လေအောင် 'လာဘ်စားပြန်ပြီ'၊ 'ခိုးပြန်ပြီ' စသည်ဖြင့် ခေါင်းစဉ်တပ်ကာ ဝေဖန်ပြစ်တင်လေ့ရှိသည်။ သတင်းစာများက ရေးမှန်များလာသောအခါတွင် ဆိုရှယ်လစ် များမှာ စစ်တပ်က ထောက်ခံစေကာမူ ရွေးကောက်ပွဲများတွင် လူထုက ကျောခိုင်းကြသဖြင့် အရေးနိမ့်ကြရတော့သည်။

ထိုအခါ ဆိုရှယ်လစ်ခေါင်းဆောင်များက ဗမာ့ခေတ်တွင် ဖော်ပြသော သတင်းများသည် အခြားသတင်းစာ သတင်းများနှင့် အတူတူဖြစ်ပါလျက် သူတို့ ပိုမိုနစ်နာစေရန်အတွက် ခေါင်း စဉ်နှင့် ဆဲရေးသည်ကို မကျေနပ်ကြကြောင်း ဝန်ကြီးချုပ်ကို တိုင်ကြလေသည်။

တချို့တွင် ဆိုရှယ်လစ်တဦးက သီသာထင်ရှားစွာ ကျူးလွန်သော မတရားညစ်ပတ်မှု သတင်းတခုကို ဖော်ပြရာတွင် ဗမာ့ခေတ် အယ်ဒီတာက ခေါင်းစဉ်မတပ်ဘဲ အဖြူကွက်လပ်နှင့် ဖော်ပြပြီး "ဗမာ့ခေတ်ခေါင်းစဉ်များကို မကျေနပ်ကြောင်း တိုင်တန်းသောကြောင့် ယခု သတင်းကို ခေါင်းစဉ်မတပ်ဝံ့ပါ။ စာဖတ်ပရိသတ်တို့ပင်ဘာသာ ခေါင်းစဉ်တပ်ကြပါ" ဟု ဖော် ပြသဖြင့် မကောင်းသတင်းကို ပိုထင်ရှားစေသောကြောင့် ဦးကျော်ငြိမ်းတို့မှာ ဆတ်ဆတ်ခါ နာကြရပြန်သည်။ ဗမာ့ခေတ်နှင့် ဆိုရှယ်လစ်ပါတီတို့ ပဋိပက္ခကြီးထွားလာသောအခါတွင် ဝန်ကြီးချုပ်ဦးနုက ဗမာ့ခေတ်အဖွဲ့သားများနှင့် တွေ့ဆုံဆွေးနွေးလိုသည်ဟု အကြောင်းကြား သဖြင့် ဝန်ကြီးချုပ်အား နေ့လည်စာဖိတ်ကာ ညှိခံရလေသည်။ အယ်ဒီတာတဖွဲ့လုံးကို ဆင် ဆင်ခြင်ခြင်ရေးကြပါဟု သူက မေတ္တာရပ်ရာတွင် "ဗမာ့ခေတ်က အစိုးရကို ဖိပြီး ဆဲနေသည်" ဟု ဝေဖန်၏။ "ဦးတို့ အစိုးရဘက်ကလဲ ပြန်ရေးနိုင်ပါတယ်"ဟု တင်မောင်က ပြန်ပြောမိ သည်။

"မင်းတို့ရေးတဲ့ ဆောင်းပါးတွေနဲ့အတူ ဦးတို့ဘက်က ဆောင်းပါးကိုပါ ယှဉ်ပြိုင်ပုံနှိပ် ပေးမယ်လား" ဟု သူက မေးသောအခါတွင် "ဘာလို့ မပေးရမှာလဲ" ဟု တညီတညာဖြေ ကြသည်။

နောက်တနေ့က စတင်ကာ ဗမာ့ခေတ်သတင်းစာတွင် ဆောင်းပါးရှင်အသစ်တဦး တိုး လာတော့သည်။ ကလောင်အမည်က 'သမိန်ဗရမ်း'ဟူ၏။ စာရေးဆရာ ဦးနုက သမိန်ဗရမ်း ကဏ္ဍကို နေ့စဉ်ရေးသည်။ ဝန်ကြီးချုပ်ကိုယ်တိုင် ဆောင်းပါးရှင်အသစ် ဖြစ်သည်ဟူသည်ကို လျှို့ဝှက်ထားရသည်။ ယခုမှ ဖွင့်ပြောနိုင်ပေပြီ။ ဦးနုအလုပ်များသောအခါတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် သွားရမည့် အတွင်းဝန် ဦးသန့် ရေးသည်။ မြင်းစီးပြီး စားတမ်း





ထားသည့် ရုပ်ပြောင်ခေါင်းစဉ်နှင့် ရေးသားသော သမိန်ဗရမ်းလည်း စားစွမ်းမထက်ရှာပေ။

ဆိုရှယ်လစ်များနှင့် သတင်းစာများသည် တနေ့တခြား အစေးမကပ်ဖြစ်လာသည်။ သတင်းစာများကို ဥပဒေနှင့် နှိမ်နင်းရန် ဆိုရှယ်လစ်တို့က ဥပဒေကြီးတခုကို လွှတ်တော်တွင် တင်ပြန်သည်။ အသရေဖျက်မှု ဥပဒေဖြစ်၏။

တစုံတယောက်သည် ဂုဏ်သရေကို ဖျက်စေသော စွပ်စွဲချက်များ၊ ဝေဖန်ချက်များကို အစိုးရဝန်ထမ်းတဦးအား ရည်ရွယ်၍ ရေးသားပါက၊ ဟောပြောပါက ရာဇဝတ်မှုကို ကျူးလွန် သည် မည်၏။ ယင်းရာဇဝတ်မှုကို ကျူးလွန်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးအရေးယူရမည်။ အစိုးရဝန်ထမ်းဆိုသည်မှာ အစိုးရလခစား ဝန်ထမ်းများနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ပါဝင် သည်ဟု ဥပဒေက ဆိုသည်။

ဥပဒေမှာ အလွန်ရှင်းသည်။ ဝန်ကြီးတဦးကို ဝေဖန်ပြစ်တင်မှုသည် အသရေဖျက်မှု အရာမြောက်ပါက ချက်ချင်းဖမ်းဆီး အရေးယူမည်ဖြစ်၏။ အမှန်အားဖြင့် ဝန်ကြီးတို့သည် အစိုးရဝန်ထမ်းအစစ် မဟုတ်ပေ။ အများပြည်သူတို့က အမတ်အဖြစ် ရွေးကောက်တင်မြှောက် ခံရမှသာ ဝန်ကြီးဖြစ်နိုင်သည်။ သူတို့ကို ဝေဖန်ပြစ်တင်ရေးသားခွင့် ပိတ်ပင်သည်ဖြစ်သော ကြောင့် သတင်းစာများက ပြင်းထန်စွာ ကန့်ကွက်ကြတော့သည်။ ဆောင်းပါးများ၊ ရုပ်ပြောင် များနှင့် ဆန့်ကျင်ကြသည်။ သတင်းစာအားလုံးက အယ်ဒီတာအာဘော်များ မရေးကြဘဲ တ ပတ်ကြာ ဟင်းလင်းထားကာ ကန့်ကွက်ကြသည်။ ဥပဒေဆိုးကြီးကို အစီအစဉ်အတိုင်း ၁၉၄၉ ခု၊ ဩဂုတ်လ (၂၁) ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သည်။ အတိုက်အခံ အမတ်များက သူတို့အင်အားက နည်းပါးလွန်းသဖြင့် ကန့်ကွက်မဲပေးလျှင်လည်း ရှုံးလေမည် ဖြစ်သဖြင့် အစည်းဝေးခန်းမမှ ထွက်သွားပြီး ဆန္ဒပြကန့်ကွက်ကြသည်။ ဖဆပလ အမတ်အား လုံး တညီတညွတ် မဲပေးကြသဖြင့် အနိုင်ရကာ ဥပဒေအတည် ဖြစ်မြောက်အောင်မြင်တော့ သည်။ မဟုတ် မတရားလွန်းသော ယင်းဥပဒေကို သတင်းစာများက ပိုမိုပြင်းထန်စွာ ကန့် ကွက်ကြပြန်သည်။ နောက်ဆုံးတွင်မှ ဝန်ကြီးချုပ်ဦးနုက ဝင်ရောက်စွက်ဖက်ဖျန်ဖြေ၏။ "ဒီမိုကရေစီဆိုတာ မိမိတို့ အစုမဲ အများရရှိသောကြောင့် အနိုင်ရတိုင်း မှုမမှန်သော ကိစ္စကို မလုပ်သင့်ဘူး" ဟု ဆိုရှယ်လစ်များကို ဟောပြောပြီး ဥပဒေကို အစိုးရက ပြန်လည်ရုပ်သိမ်း လိုက်၏။

တင်မောင်အဖို့ ဤကဲ့သို့ တရားမျှတသော ဝန်ကြီးချုပ်နှင့် ဒီမိုကရေစီ အစိုးရလက် ထက်တွင် သတင်းစာလွတ်လပ်ခွင့် အရသာကို ခံစားရသော ရသကို မေ့မရနိုင်ပါပေ။ တိုက်ပွဲ တပွဲ အောင်ရတိုင်း ဖရဏပီတိ ဖွမ်းဆီထိ တစိမ့်တစိမ့် အရသာ ခံစားခဲ့ကြရသည်။ ယင်းသို့ တင်မောင်တို့ သတင်းစာများနှင့် ပြည်သူတို့ ခံစားစံစားကြရသော ဒီမိုကရေစီခေတ် အရသာ သည် သက်တမ်းမရှည်ဘဲ ပျက်စီးခဲ့ရသည်။

နိုင်ငံသစ် တည်ဆောက်ချိန်၌ နိုင်ငံရေးလောကတွင် စုန်းပြူးများ ပေါ်ခဲ့သကဲ့သို့ ဖောက် ပြန်သော စာနယ်ဇင်းများ ပေါ်လာခဲ့သည်။ အစီကအကြောင်းရင်းမှာ အမေရိကန်နှင့် ရုရှတို့ ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်ကြသော စစ်အေးတိုက်ပွဲကြီး မြန်မာ့စစ်မြေပြင်တွင် လာရောက် တိုက်ကြသဖြင့် ဖြစ်သည်။

၁၉၄၈ ခုနှစ်မှာ လွတ်လပ်ရေး ကြေညာပြီး ဒီမိုကရေစီ သမ္မတနိုင်ငံသစ် တည်ဆောက်စဉ်က ပထမနှစ်အတွင်းတွင် အင်္ဂလန်၊ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ပြင်သစ်၊ ယိုးဒယားနှင့် ရုရှနိုင်ငံတို့က အသိအမှတ်ပြုပြီး သံရုံးများ ဖွင့်ကြရာမှ ဇာတ်စာနယ်ဇင်းလောက ပျက်စီးစပြုလာတော့သည်။ သံရုံးများက သူတို့နိုင်ငံအကြောင်း ဝါဒဖြန့်ရန် ငွေနှင့် ဝယ်ကြလေသောကြောင့် ဈေးပေါသည့် စာပေလောကသားအချို့ စတင်ပျက်စီးရာမှ စာနယ်ဇင်းလောကကြီး တစုလုံး ယိုင်လဲလာခဲ့သည်။

* * * * *



(၁၁)

## စစ်အေးစစ်ပွဲကြီးနှင့် မြန်မာသတင်းစာများ

၁၉၄၈ ခု နှစ်ဆန်း၌ လွတ်လပ်ရေးကြေညာချိန်မှ စတင်ပြီး နိုင်ငံခြားသံရုံးများ လာရောက်လာကြသောအခါတွင် သူတို့နိုင်ငံများ အ .ကြောင်းနှင့် သူတို့နိုင်ငံ၏ မူဝါဒများကို ဝါဒဖြန့်ကြရန်အတွက် သံရုံးတိုင်းက သတင်းလွှာအမျိုးမျိုး ထုတ်ကြသည်။ မြန်မာသတင်းစာများတွင် ထိုသတင်းများ ဖော်ပြရန်အတွက် သံရုံးများက မြန်မာသတင်းစာဆရာများကို ပလူးကြရာတွင် ပထမ အရက်သေစာများနှင့် ဧည့်ခံသည့် သံရုံးကြက်ပြီး ပါတီများတွင် မြူးတူးပျော်ပါးကြရာမှ ဆရာအတော်များများ သိက္ခာကျကြရရှာသည်။ နောက်ပိုင်းတွင်မူ အခကြေးငွေလက်ခံပြီး သံရုံးဝါဒဖြန့်သတင်းများ ပုံနှိပ်ကြသည်အထိ သိက္ခာပျက်ကုန်ကြသည်။ အယ်ဒီတာတို့က ရောင်းစားသည်လည်း ရှိသည်။ ပိုင်ရှင်ကိုယ်တိုင်က ရောင်းစားသည်လည်း ရှိသည်။

သတင်းလွှာအများ အယ်ဒီတာများ၏ စားပွဲသို့ ဘာသာပြန်ပြီး အသင့်ရောက်လာကြသည်။ အမေရိကန်နှင့် အင်္ဂလိပ်သံရုံးတို့ ထုတ်ပြန်သော သတင်းလွှာများတွင် သတင်းအချက်အလက်အများ ပါရှိလေ့ရှိသောကြောင့် ပုံနှိပ်သူ များသည်။ ရုရှသံရုံးက ထုတ်ပေးသော Tass သတင်းလွှာနှင့် ပြန်တမ်းအများတို့တွင်မူ ခေါင်းကြီးစတာလင်၏ အတွေးအခေါ်များ၊ မိန့်ခွန်းရှည်ကြီးများကို အသားပေးပြီး အတုံးလိုက် အတစ်လိုက် ဝါဒဖြန့်သဖြင့် သတင်းစာများက အသုံးမပြုနိုင်ကြသောကြောင့် ရုရှသံရုံးက မြန်မာကွန်မြူနစ် အဆက်အနွယ်များကို စည်းရုံးပြီး ဝါဒဖြန့်တိုက်ပွဲ စတင်ဆင်နွှဲလေသည်။ သတင်းစာလောကတွင် မြန်မာလက်ဝဲဆရာ များများမရှိသောကြောင့် သတင်းစာကြီးများတွင် မတိုးနိုင်သဖြင့် လက်ဝဲဂျာနယ်၊ လက်ဝဲစာအုပ်များ အများအပြား ထွက်လာခဲ့၏။

တိုးတက်သော သူများဟု မိမိကိုယ်မိမိ သိဒ္ဓိတင်ထားကြသည့် လက်ဝဲဆရာများ၏ ပုံနှိပ်တိုက်အများ ထွန်းကားလာသောအခါ ငွေပင်ငွေရင်း မည်သို့မည်နယ် ရရှိလာကြသည်ကို စာပေလောက၌ တီးတိုးတီးတိုး သဖန်းပိုး မေးမြန်းကြသည်။ အဖြေကို မသိနိုင်ကြပါပေ။

စာပေတိုက်တွင် ပိုမိုခြေသွက်သူမှာ အမေရိကန်သံရုံးဖြစ်သည်။ ရုရှသံရုံးက လက်ဝဲဝါဒီတို့ကိုသာ စိတ်ချယုံကြည်ပြီး အလုပ်ပေးသည်။ အမေရိကန်သံရုံးကမူ ငွေလိုချင်သူ စာပေလောကသားတိုင်းကို ကူညီသဖြင့် ဈေးမ လက်ဝဲဆရာကြီးများပါ ကန်သံရုံးနှင့် တိတ်တိတ်ဓိုး ဆက်သွယ်ကြပြီး အမေရိကန်ဝါဒဖြန့် ဘာသာပြန်စာအုပ်များ ရိုက်နှိပ်ပြီး ငွေယူကြသည်။

စစ်အေးတိုက်ပွဲကြီး၌ အမေရိကန်တို့ ပထမဆုံး အောင်ပွဲရသော စာအုပ်မှာ 'လွတ်လပ်

ရေးကို ရွေးတယ်ပေ့ါ' ဟု သော စာအုပ်ဖြစ်သည်။ ကနေဒါပြည်တွင် ဖွင့်ထားသော ရုရှသံရုံးမှ ရုရှသံအရာရှိတဦးက နိုင်ငံရေးခိုလှုံခွင့်တောင်းပြီး အနောက်အုပ်စုဘက်ဝင်သည့် အကြောင်းကို မြန်မာဘာသာပြန်ဆိုထားသည်။ သံရုံးက ငွေပေးပြီး ပုံနှိပ်သော စာအုပ်ဖြစ်သည်ဟု ယူဆကြစေကာမူ လူကြိုက်များသည်။

ဝန်ကြီးချုပ် ဦးနုဂဗင် လက်ဝဲညီညွတ်ရေး နိုင်ငံရေးလမ်းစဉ် ချမှတ်နေရသည်အထိ လက်ဝဲမိုးကောင်းနေချိန်တွင် ကွန်မြူနစ်နိုင်ငံတို့သည် လောကနိဗ္ဗာန်ဟု လက်ဝဲဆရာတို့က ယုံကြည်ကြလေသဖြင့် နိဗ္ဗာန်တွင် မပျော်နိုင်သဖြင့် ထွက်လာသည်ဆိုခြင်းမှာ ဆန်းနေသဖြင့် လူထုက ဝယ်ယူလေ့လာကြသည်။

စာအုပ်သာမက ရုပ်ရှင်ဇာတ်ကားပါ ထွက်လာသောအခါ ဩဇာကြီးမားသော ကွန်မြူနစ်များက စာအုပ်ရော ရုပ်ရှင်ကိုပါ ပြစ်တင်ဝေဖန်တိုက်ခိုက်ကြသည်။ စာအုပ်ထုတ်သော ဗမာ့ခေတ်သတင်းစာက ကွန်မြူနစ်ဆန့်ကျင်ရေး ဆောင်းပါးများကိုပါ ဖော်ပြသဖြင့် ဗမာ့ခေတ်သတင်းစာကို မီးရှို့ဆန္ဒပြပွဲ မကြာခဏ ကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် 'မောင်'ဟုသော ကလောင်အမည်နှင့် ဆရာဦးထွန်းဖေ ရေးသားသော ဆောင်းပါးများကို သူတို့က ကန့်ကွက်ကြသည်။

စာအုပ်တအုပ် ဖွံ့သွားသဖြင့် အမေရိကန်သံရုံးက တအားတက်ပြီး စာအုပ်လုပ်ငန်းတွင် ငွေသွန်ကာ တိုက်လေတော့သည်။ အရှေ့ဆီက လေနီကြမ်းစာအုပ် စသော ကွန်မြူနစ်လောက ငရဲပြည်ဖြစ်ပါသည်ဟု စာအုပ်အများကို တရကြမ်းထုတ်တော့သည်။ တဆက်တည်းပင် နိုင်ငံရေးစာအုပ်များသာမက အမေရိကန်ဝတ္ထုများနှင့် ယဉ်ကျေးမှုစာအုပ်များကိုပါ မြန်မာဘာသာပြန်စေပြီး ထုတ်ဝေတော့၏။

အမေရိကန်သံရုံးက သူတို့၏ အမေရိကန်စာအုပ်တအုပ်ကို ဘာသာပြန်ပြီး ပုံနှိပ်ကာ စာအုပ်ဆိုင်များတွင် တင်ကာ ရောင်းချလျှင် ဘာသာပြန်ခနှင့် စက္ကူဖိုး၊ ပုံနှိပ်ခ အားလုံးတို့ကို ပိုပိုမိုမိုပေးလေ့ရှိသည်။ ပုံနှိပ်သူအဖို့ မိမိသည် ယင်းစာအုပ်ကို ပုံနှိပ်ရောင်းချသည်မှာ မှန်ကန်ပါသည်ဟု သက်သေခံအဖြစ် သံရုံးသို့ စာအုပ်ရေ (၃၀၀) သာ အခမဲ့ပေးရသည်။ စာအုပ်စောင်ရေ (၃,၀၀၀) သို့မဟုတ် (၅,၀၀၀) ခန့် ပုံနှိပ်ကာ ရောင်းကြရလေ့ရှိသည်။

စောစောပိုင်းက စာအုပ်ကောင်းများကို ဆရာကောင်းတို့က ဘာသာပြန်ကြသဖြင့် စာအုပ်ကောင်းအများ ထွက်လာသောကြောင့် လူကြိုက်များပြီး ရောင်းကောင်းကြသည်။ ထုတ်ဝေသူအဖို့ သံရုံးစရိတ်နှင့် ပုံနှိပ်ပြီး လူထုကို ရောင်းစားကြရသောကြောင့် အမြတ်အစွန်းနှစ်ဆမက ရကြ၏။

နောက်ပိုင်းတွင် အရေအတွက်က များပြားလာသဖြင့် အရည်အသွေးညံ့ဖျင်းသည့် စာအုပ်အများ ထွက်လာသောကြောင့် စာအုပ်ဆိုင်များတွင် ဝယ်သူနည်းပါးလာသည်။

နာမည်ရ စာရေးဆရာကြီးများက ဘာသာပြန်အလုပ်အများကို လက်ခံပြီး လက်သင်ဆရာပေါက်စလေးများကို တဆင့်ခိုင်းကာ ခေါင်းပုံဖြတ်ကြလေသဖြင့် အရည်အသွေးက ပိုမိုကျဆင်းသည်။ ထိုအခါတွင် ထုတ်ဝေသူတို့အဖို့ ပိုမိုပြီး အမြတ်ကြီးစားကြရပြန်၏။ စာအုပ်ရေ (၅,၀၀၀) ပုံနှိပ်ပြီး ရောင်းပါသည်ဟု တရင်းတင်ကာ စာအုပ် (၃၀၀) တိတိသာ ပုံနှိပ်ကြပြီး





သံရုံးသို့ တင်ပြကြကာ ငွေထုတ်ယူကြသည်။ သံအရာရှိများကလည်း စာအုပ် (၃၀၀) ကို လက်ခံပြီး အိုကေဆိုကာ အုပ်ရေ (၅,၀၀၀) အတွက် ငွေပေးကြသည်။ အမေရိကန်သံအရာရှိများကလည်း ဖွံ့ရုပ်များမဟုတ်လေသဖြင့် လာဘ်ပေးလာဘ်ယူမှုများ ပေါ်ပေါက်ဖြစ်ပွားလာကြသည်။

စာအုပ် (၃၀၀) ပုံနှိပ်သည်နှင့် စာအုပ်ဝယ်သူများနှင့် ဆိုင်များကို ခေါ့ရန်မလိုပါဘဲနှင့် စာအုပ် (၅,၀၀၀) အတွက် ငွေရရှိနိုင်သော ပွဲတော်ကြီး ကျင်းပနေသဖြင့် စာအုပ်ထုတ်ဝေသူများ မှိုလိုပေါက်ပွားလာတော့၏။ လစာနှင့် အခွင့်အရေးကောင်းကောင်းရသူ သံရုံးဝန်ထမ်း မြန်မာများပါ အလုပ်မှ ထွက်ပြီး ပုံနှိပ်တိုက်ထောင်ကြသည်အထိ ရောမပွဲတော်ကြီးပါပေ။ ရလဒ်မှာ ဘာသာပြန်စာအုပ်လုပ်ငန်း ပျက်စီးသွားလေတော့၏။

ရုရှသံရုံးကလည်း အရှုံးမပေ။ ရုရှဘာသာမှ အင်္ဂလိပ်ဘာသာပြန်ပြီး စာအုပ်များကို မြန်မာဘာသာပြန်စေကာ စာအုပ်အများ ထုတ်ဝေသည်။ လက်ဝဲစာရေးဆရာကြီးများက ရဲဘော်ရဲဘက်များဖြစ်သည့် ရုရှသံရုံးကို မညာကြချေ။ အမေရိကန်သံရုံးတွင် ဖြစ်နေသည့်နည်းတူ စာအုပ်ရေ လိမ်လည်ပြသပြီး ရှာဘယ်ငွေများကို ချွေယူကြလေသည်။

ရုရှသံရုံးက အမေရိကန်သံရုံးထက် တမူးသာသည်။ ရုရှပြည်တွင် အင်္ဂလိပ်ဘာသာနှင့် ပုံနှိပ်သည့် စာအုပ်များကို မြန်မာစာအုပ်ဈေးတန်း၌ သွန်ချပြီး ရောင်းနိုင်ကြသည်။ ရုရှတွင် စာအုပ်လုပ်ငန်းမှာ ပြည်သူပိုင်ဖြစ်သဖြင့် မာ့က်စ်-လီနင်-စတာလင် ဝါဒစာအုပ်များကို ဈေးပေါပေါနှင့် အရှုံးခံကာ ရောင်းလေ့ရှိသည်။ စက္ကူကောင်း သားရေဖုံး စာအုပ်ထူကြီးများကို တမူးတပဲဈေးနှင့် ချရောင်းသည်။ စာအုပ်ဖြန့်ချိသူ လက်ဝဲခေါင်းဆောင်ကြီးများအဖို့ နေချင်း ညချင်း သူဌေးကြီးများ ဖြစ်လာကြသည်ကို မြင်ကြရသည်။

တရုတ်နီ သံရုံးဖွင့်သောအခါတွင်လည်း ခေါင်းဆောင်ကြီး မော်စီတုန်း၏ အတွေးအခေါ်စာအုပ်အများ ပလူပျံမျှ ထွက်လာလေသည်။ တရုတ်နီသံရုံးက အမေရိကန်နယ်ချဲ့စနစ်နှင့် ရုရှားဩဇာလွှမ်းဝါဒတို့ကို စစ်ကြေညာသော တရုတ်ပြည်တွင် အင်္ဂလိပ်ဘာသာနှင့် ပုံနှိပ်သည့် တရုတ်ကွန်မြူနစ်စာအုပ်များကို လမ်းဘေးမှာ ချရောင်းသည်။ သားရေဖုံး ရွှေစာလုံးနှင့် စာအုပ်ထူကြီးများကို တမူးတပဲနှင့် ဝယ်ယူဖတ်ရှုနိုင်ကြသည်။ အမေရိကန်တွင် စာအုပ်ဈေးက ကြီးမားသောကြောင့် အမေရိကန်သံရုံးက ရုရှနှင့် တရုတ်သံရုံးကို မပြိုင်နိုင်ဘဲ အရှုံးပေးရသည်။ သို့သော် အမေရိကန် အင်္ဂလိပ်စာနယ်ဇင်းတွေက လူကြိုက်များပြီးဖြစ်သောကြောင့် စီးပွားရေးစာအုပ်ကုန်သည်များက တင်သွင်းရောင်းချကြသဖြင့် ဩဇာမကျပေ။

နောက်ပိုင်းတွင် တရုတ်ကွန်မြူနစ်အစိုးရက နိုင်ငံရေးစာအုပ်များနှင့် တရုတ်ဝတ္ထုစာပေများကို တရုတ်ပြည်တွင်းရှိ မြန်မာစာတတ်သူများကို အသုံးပြုကာ မြန်မာဘာသာပြန်ပြီး တရုတ်ပြည်မှာပင် မြန်မာစာလုံးများနှင့် စာစီကာ ပုံနှိပ်ရသော မြန်မာစာအုပ်များကို တင်သွင်းရောင်းချလာတော့သည်။

ထိုအခါ စာပေဝါဒဖြန့် စစ်ပွဲတွင်းသို့ တင်မောင် ဝင်ရောက်တိုက်ခိုက်မိတော့သည်။ တင်မောင်အဖို့ စိုးရိမ်သောကပွားပြီး ရင်လေးမိပါသည်။ မြန်မာစာအုပ်အမျိုးမျိုးတို့ကို တရုတ်ပြည်တွင် ပုံနှိပ်ပြီး တင်သွင်းရောင်းချနိုင်သောကြောင့် မြန်မာစာအုပ် ထုတ်ဝေမှုလုပ်ငန်း ပျက်

ပြားသွားနိုင်သည့် အန္တရာယ်ကို မြင်မိသည်။ ထို့ထက်အရေးကြီးသည်မှာ အနာဂတ်မြန်မာစာပေလောကကို တရုတ်ဩဇာလွှမ်းမိုးနိုင်သည့် နိမိတ်ကို မြင်မိသည်။

ထို့ကြောင့် တင်မောင်က ကြေးမုံသတင်းစာတွင် စာအုပ်လုပ်ငန်းအခြေအနေကို ဆောင်းပါးရေးသားပြီး 'ပြည်ပတွင် မြန်မာဘာသာနှင့် ပုံနှိပ်ထုတ်လုပ်သော မြန်မာစာအုပ်များကို တင်သွင်းခွင့် ပိတ်ပင်ပေးပါ' ဟု အယ်ဒီတာအာဘော်မှ တောင်းဆိုလိုက်သည်။ ထိုအချိန်က အိမ်စောင့်အစိုးရခေတ်ဖြစ်ပြီး ဗိုလ်နေဝင်းက နှစ်ပြည်ထောင် နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုကာ တရုတ်နှင့် ချစ်ကြည်ရေး တည်ဆောက်နေချိန်ဖြစ်သည်။ ထို့ပြင် စစ်အစိုးရက ကြေးမုံကို ရန်ရှာနေသော အချိန်ဖြစ်သည်။

သို့စေကာမူ ဝဝတပ်က ကွန်မြူနစ်ဝါဒကို စစ်မျက်နှာတိုင်းမှ တိုက်နေချိန်ဖြစ်သည့်အတိုင်း တောင်းဆိုချက်ရေးပြီး တပတ်အတွင်းမှာပင် 'ပြည်ပတွင် ထုတ်လုပ်သော မြန်မာဘာသာစာအုပ်များကို တင်သွင်းခွင့် ပိတ်သည်' ဟု အစိုးရက အမိန့်ထုတ်လေသည်။ အမိန့်အရ ခရစ်ယာန်ဘာသာဝင်များအတွက် နိုင်ငံခြားတွင် ထုတ်လုပ်သည့် သမ္မာကျမ်းစာ စာအုပ်များပါ တင်သွင်းခွင့်ပိတ်သွားကြောင်း ဘာသာရေးအဖွဲ့များက ပန်ကြားသဖြင့် ခြွင်းချက်နှင့် သွင်းစေရသည်။

အမေရိကန်ဒေါ်လာ၊ ရုရှရူဘယ်လ်နှင့် တရုတ်ယွမ်ဒင်္ဂါးများ သွန်လောင်းပြီး မြန်မာစာနယ်ဇင်းလောကကြီးကို ဝင်ရောက်ဝယ်ယူကြရာ၌ အင်အားအကြီးဆုံးမှာ ဝမ်ဒင်္ဂါးဖြစ်သည်။ မြောက်ကိုးရီးယားပြည် သံရုံးက သူတို့၏ မဟာခေါင်းဆောင်ကြီး ကင်အီဆွန်ကို မြန်မာလူထုကြီးက ကိုးကွယ်ဆည်းကပ်ကြစေရန် ပန်းတိုင်ပြုပြီး ဝမ်ငွေစက္ကူများကို ရေကဲ့သို့ ဖြန်း၏။ မြန်မာစာနယ်ဇင်း မှန်သမျှတို့တွင် အခကြေးငွေပေးပြီး ကြော်ငြာအဖြစ် ပုံနှိပ်ပေးနိုင်သမျှ စာမျက်နှာပြင်ကို ဝယ်ယူပြီး ကင်အီဆွန်၏ ဘုန်းတော်ဘွဲ့ကြော်ငြာများကို ပုံနှိပ်စေသည်။

သူတို့ဦးတည်ချက်အတိုင်း ခေါင်းဆောင်ကြီး ကင်အီဆွန်၏ ပုံတော်ကို စာနယ်ဇင်းတိုင်းတွင် ဖော်ပြထားကြလေသဖြင့် လူသိများနိုင်စေကာမူ မြန်မာလူထုအပေါ်မှာ ဩဇာတစ်စိတ်တမွှာမှ မလွှမ်းရှာပါ။ ၁။ ခေါင်းဆောင်ကြီး၏ အတွေးအခေါ်များက များစွာ ထိုင်းမှိုင်းသည်။ ၂။ မူလက ညံ့ဖျင်းထိုင်းမှိုင်းသည့် စာများကို သံရုံးက ဝယ်ယူခန့်ထားသူ ကွန်မြူနစ်ဘာသာပြန်ဆရာများက အရည်အသွေးကင်းမဲ့သောကြောင့် သံရုံးမှ ထုတ်သမျှ စာများကို လူထုက နားမလည်ကြချေ။ ၃။ ထိုအချိန်က ကုန်ထုပ်စက္ကူ လွန်စွာ ရှားသောကြောင့် ကင်အီဆွန်ဝါဒသည် မြန်မာနိုင်ငံအဖို့ အကောင်းဆုံး ကုန်ထုပ်စက္ကူသာ ဖြစ်ခဲ့ပေသည်။

မည်သို့ဆိုစေကာမူ ဖွံ့ဖြိုးစည်ပင်ပြီး အင်အားနိုင်မာသော မြန်မာစာပေကို နိုင်ငံခြားသံရုံးများက ပျက်စီးစေအောင် ဖျက်ဆီးခြင်းမပြုနိုင်ခဲ့သော်လည်း စာပေလောကသား အများကိုမူ ပျက်စီးစေပေသည်။

* * * * *



(၁၂)

## ဝင်အေးဝစ်ပွဲကြီးနှင့် ပြည်မြန်မာ

အမြေကို ရှာကြစို့ဟု ဆိုရလျှင် မြန်မာနိုင်ငံပျက်စီးရသည်မှာ အမေရိကန်အုပ်စုနှင့် ရုရှအုပ်စုတို့ တိုက်ခိုက်ကြသော ဝင်အေးတိုက်ပွဲကြီးသည် အဓိက အကြောင်းရင်းတရပ် ဖြစ်ပေသည်။ ဖဆပလ အစိုးရက အမေရိကန်အုပ်စုဘက်ကို ယိမ်းလေသဖြင့် စစ်တပ်ကို အမရိကန်က အားပေးပြီး ရုရှနှင့် တရုတ်က ကွန်မြူနစ်သူပုန်များကို အားပေးသောကြောင့် နှစ်ဘက်စလုံး အပြတ်မတိုက်နိုင်ဘဲ ပြည်တွင်းစစ်မီးကြီး ကြာရှည်ခဲ့ရကာ တိုင်းပြည်နာပြီး စစ်တပ်က တန်ခိုးကြီးလာ၏။

စစ်အေးတိုက်ပွဲက အရှိန်အဟုန် ပြင်းထန်လာသည့်အခါတွင် နိုင်ငံကြီးများ၏ တပည့်ရှာ၊ တပည့်မွေး လုပ်ငန်းကလည်း ကြီးထွားလာသောကြောင့် 'ကျနော်များရဲ့ ရွှေပြည်တော်ကို လာရောက်လေ့လာ ကြည့်ရှုပါ' ဟု ဖိတ်ကြားကြသည့် ဖိတ်စာများသည် ပလူပျံမျှ ပေါ်များလာတော့သည်။

အင်္ဂလန်နှင့် အမေရိကန်က မြန်မာကျောင်းသားများအတွက် ပညာတော်သင်ဆုများ တိုးချဲ့ပေးသည်။ စာနယ်ဇင်းဆရာများ၊ ပညာရေးလောကမှ ပညာရှင်များ၊ အနုပညာသည်များ၊ အရာရှိများ စသည်တို့ကိုလည်း လေ့လာရေးခရီးများ ဖိတ်ကြားကြသည်။ စစ်တပ်မှ စစ်ဗိုလ်အများကိုလည်း စစ်ပညာသင်ဆုအများ ပေးလေသောကြောင့် စစ်ဗိုလ်ကြီးအများတို့လည်း လိပ်ကန်တို့၏ ပညာရည်နို့ကို သောက်စို့ခဲ့ကြ၏။ စစ်ဗိုလ်ကြီးများသည် ဥဂ်ဏ်သစ်လောင်း ပညာတော်သင်သွားကြသည်ကို ခပ်လျှိုလျှိုထားသဖြင့် လူသိမများစေကာမူ ဝဟ်တပ်မတော်မှာ လိပ်ကန်ဩဇာ ကြီးမားသည်ကို ဖုံးကွယ်၍ မရပါ။ စစ်ဗိုလ်ကြီးများကို နယ်ချဲ့လက်ပါးစေများဟု လက်ဝဲဆရာများက စွပ်စွဲလေတော့သည်။

တဖန် လက်ဝဲဆရာကြီးများကလည်း သူတို့ကိုယ်တိုင် လက်ဝဲနိုင်ငံများသို့ အိမ်ဦးနှင့်ကြမ်းပြင် ကူးသန်းသွားလာနေကြသည်ကို ခပ်လျှိုလျှို သိုသိပ်ထားလေ့ရှိသည်။ သို့သော်သူတို့အဖို့ ဖဆပလအစိုးရထံ နိုင်ငံကူးလက်မှတ် လျှောက်ရသေးသဖြင့် အခက်ခဲတွေ့ရှိတတ်သည်။

တရုတ်ပြည်နှင့် ရုရှတို့သို့ ပညာသင်သွားကြရန်မှာ ဘာသာစကားအခက်အခဲရှိသောကြောင့် သွားလိုသူ နည်းပါးသဖြင့် ပညာတော်သင် မြန်မာကျောင်းသားများ များများစားစား မရလေရာ အကြောင်းအမျိုးမျိုးပြပြီး မြန်မာအများကို ဖိတ်ကြရသည်။ ရုရှနှင့် တရုတ်ပြည်တွင် ကျင်းပသော အစည်းအဝေးကြီးများ၊ ညီလာခံများ၊ နှီးနှောဖလှယ်ပွဲကြီးများသို့ မြန်မာကိုယ်စားလှယ်များ ဖိတ်ကြားလေ့ရှိသည်။ မြန်မာကိုယ်စားလှယ် ဆိုရငြားသော်လည်း သူတို့

က မြန်မာမှန်သမျှကို မလိုချင်ဘဲ တပည့်ဖြစ်နိုင်သူ လက်ဝဲဝါဒီများကိုသာ လိုချင်သည်ဟူသော အချက်ကို တင်မောင်၏ ကိုယ်တွေ့အရ သိရှိရပါသည်။

၁၉၅၀ ခုနှစ်က အရှေ့ဂျာမနီပြည်၊ အရှေ့ဘာလင်တွင် လူငယ်ပွဲတော် ကျင်းပစဉ်က မြန်မာအမျိုးသားကော်မတီက တင်မောင်နှင့် လူငယ် (၂) ဦးကို ရွေးချယ်သောကြောင့် နိုင်ငံကူး လက်မှတ် လျှောက်ကြသည်။ အစိုးရက တင်မောင်တဦးတည်းကိုသာ နိုင်ငံကူးလက်မှတ် ထုတ်ပေးပြီး အဖော် (၂) ဦးကို ပယ်ချသည်။ နိုင်ငံခြားရေးဝန်ကြီး စောခွန်ချိုက သတင်းထောက်တဦးအဖြစ် သိသဖြင့် လက်မှတ်ထုတ်ပေးခဲ့၏။ ထို့ပြင် ဖဆပလ ဆိုရှယ်လစ်အစိုးရက ဆိုရှယ်လစ်ပါတီဝင် လူငယ် (၂) ဦးကို နိုင်ငံကူးလက်မှတ်နှင့် စရိတ်ပေးပြီး ပွဲတော်တက်စေသည်။ ဆရာ ကိုချစ်လှိုင်တို့ပင် ဖြစ်၏။

တင်မောင်ခမျာမှာ နိုင်ငံကူးလက်မှတ် အိတ်ထဲထည့်ပြီး ရုရှသံရုံးသို့ သွားကာ စရိတ်တောင်းသောအခါတွင် ကွန်မြူနစ်အမာခံမဟုတ်ဟု ဆိုပြီး ငြင်းသောကြောင့် မသွားရပါ။ အသက်အစိတ်သာရှိသေးသော တင်မောင်ကို ပယ်လိုက်စေကာမူ အသက် (၆၀) ကျော်သူ လက်ဝဲဆရာကြီးတဦးကို ရုရှသံရုံးက ခရီးစရိတ်ပေးပြီး ဘာလင်လူငယ်ပွဲကို တက်စေသည်။

စိတ်ဝင်စားဖွယ် ဇာတ်လမ်းမှာ ပွဲတော်အပြီးတွင် ငွေပွဲလာ လူငယ်များအားလုံးတို့ကို ရုရှပြည်သို့ လေ့လာရန် ဖိတ်သောအခါတွင် မြန်မာဆိုရှယ်လစ်ပါတီက စရိတ်စက အလုံအလောက်ပေးပြီး စေလွှတ်သည့် ကိုယ်စားလှယ်အဖွဲ့ကို ရုရှပြည်ဝင်ခွင့် ဗီဇာမပေးဘဲ ငြင်းလိုက်သည်။ ထိုအကြောင်းကြောင့် မြန်မာဆိုရှယ်လစ် လူငယ်တို့သည် မကျေမနပ်ဖြစ်ပြီး မော်စကိုထက် သာယာသော ပဲရစ်မြို့တော်တွင် သောင်တင်နေလိုက်ကြတော့သည်။ အလံနီလူထွက်စောစောက တပိုင်းနီဖြစ်သူ ဆရာကိုချစ်လှိုင်သည် နစ်ဆန့်ကျင်ရေးအထက် အဆင့်ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။ ထိုစစ်ဗိုလ်ကလေးမှာ သတင်းစာပညာဘွဲ့ ရှိနေပြီဖြစ်ရာ စစ်ဗိုလ်ဖြစ်သဖြင့် ရာထူးတိုးပေးတာ မဟုတ်ပါ။ အရည်အချင်းအလျောက် ရာထူးတက်ပေးရတာပါဟု စစ်ဗိုလ်ဝန်ကြီးက ဆင်ခြေပေး၏။ သတင်းစာလောက တရပ်လုံးက သိထားသည်မှာ ထိုစစ်ဗိုလ်ကလေးသည် အင်္ဂလိပ်စာနှင့် စကားမတတ်သည့်အပြင် ဂျာမန်ဘာသာစကားကို တွေ့ဖူးကြားဖူးသူ မဟုတ်လေသဖြင့် လေးလလုံးလုံး ကွန်မြူနစ် ဂျာမနီပြည်မှာ ဘယ်လိုများနေထိုင်ပြီး ဘယ်လိုဘွဲ့ရရှိလာပါလိမ့်ဟု အံ့သြကြရသည်။ မသိသော နိုင်ငံသို့သွားပြီး မတတ်သည့် ဘာသာစကားနှင့် ရရှိလာတဲ့ မဟာဘွဲ့ထူးကြီးပိုင်ရှင် စစ်ဗိုလ်လေးအဖို့ တဆင့်ပြီးတဆင့် ရာထူးတက်ရာက အခုဆို ထိပ်သီးအရာရှိကြီးတပါး ဖြစ်နေလေပြီ။

ပြန်ကြားရေးဌာနမှ ဖော်နည်းကားကို သိကြလေသောအခါ အခြားဝန်ကြီး ဌာနအသီးသီးများတွင် ရောက်နေကြသော စစ်ဗိုလ်များကို ရုရှ၊ ပိုလန်၊ ဂျာမနီစသည့် တက္ကသိုလ်များသို့ ပို့ပြီး ဘွဲ့များယူကြစေကာ ရာထူးတိုးပေးကြတော့၏။ ထိုမျှမကသေး အပိုဆုအဖြစ် နိုင်ငံခြားတွင် သုံးလထက်ပိုပြီး ကျောင်းနေသူများကို မော်တော်ကားဝယ်ခွင့်ပေးစေ အမိန့်ကို ထုတ်ပြန်သဖြင့် စစ်ဗိုလ်မှန်သမျှ ကားတစီးစီနှင့် မတန်မရာ ရာထူးကြီးများ ရရှိကုန်ကြသည်။ ထို့အပြင် သူဟိုတတွေသည် ကွန်မြူနစ်နိုင်ငံများသို့ သွားကြစေကာမူ အပြန်ခရီးမှာ အရင်းရှင်နိုင်ငံများတွင် ဝင်နားပြီး ပစ္စည်းပစ္စယ ဝယ်ကြလေ့ရှိသဖြင့် စစ်ဗိုလ်ငယ်များ သုံးထပ်ကွမ်း အပိုဆုများ





ရကြလေတော့၏။

စစ်ဗိုလ်များသာမကပါပေ၊ အရပ်သား အမှုထမ်းရာထမ်းများပါ နိုင်ငံခြားသို့ သွားရောက်ခွင့်သည် များစွာ အဖိုးတန်သော အခွင့်အရေးဖြစ်သည်။ ၁၉၅၀ ခုနှစ်လောက်က စတင်ခဲ့သော အခွင့်အရေးသည် ယနေ့တိုင် မပြောင်းလဲသေးချေ။ မြန်မာအများတို့သည် နိုင်ငံခြားသွားရမည်ဆိုပါက ကွန်မြူနစ်နိုင်ငံများထက် အနောက်အုပ်စု အရင်းရှင်စနစ် နိုင်ငံများသို့ ပိုမိုသွားလိုကြသည်။ အရင်းရှင်နိုင်ငံများမှာသာ ပျော်ရွှင်သာယာသည့် ညပွဲ၊ နေ့ပွဲများ ရှိသည့်အပြင် ဈေးနှုန်းဝယ်ယူရန်ကလည်း အရင်းရှင်နိုင်ငံများမှာသာ ပစ္စည်းကောင်းများ ရရှိနိုင်သောကြောင့် ဖြစ်၏။ လက်ဝဲဆရာကြီးများ၊ ကွန်မြူနစ်နိုင်ငံများသို့ တိုင်းခန်းလှည့်လည်သောအခါများတွင်လည်း အရင်းရှင်နိုင်ငံများကို ဖြတ်သန်းရပ်နားပြီးမှ သွားကြလေ့ရှိကြသည်။


တခါတွင် ကြေးမုံအယ်ဒီတာ ဦးခင်မောင်ရီတယောက် ရုရှပြည်ကို သွားခွင့်ကြုံခဲ့သည်။ မသွားမီတွင် ရုရှပြန် လက်ဝဲဆရာကြီးများက လမ်းညွှန်သြဝါဒ အမျိုးမျိုး ပေးကြသည်ကို နာခံမှတ်သားပြီးမှ သွားရှာသည်။ ရုရှတွင် ရောက်နိုက် လက်ပတ်နာရီတလုံးဝယ်ခဲ့ရာ၌ ရန်ကုန်ပြန်ရောက်လေသည်နှင့် ပျက်သွားသဖြင့် လူရယ်ခံရရှာသည်။

ရုရှ (၃) ခေါက်ပြန် လက်ဝဲစာရေးဆရာကြီး ဦးဘဝင်းတယောက်ကမူ မရယ်နိုင်ဘဲ ကိုခင်မောင်ရီကို "မိုက်လိုက်လေ ခင်မောင်ရီရယ်...ငါမှာတဲ့ စကားကို ဘာလို့ နားမထောင်ရတာလဲကွာ"ဟု ဝမ်းနည်းပက်လက် အထပ်ထပ်ပြောပြီး ဆူပူရှာသည်။ ကရုဏာဒေါသောနှင့် သူ့ရဲ့ ဆူသံပူသံကလေးကို ယခုတိုင် ကြားယောင်မိပါသေးသည်။

"ခင်မောင်ရီ၊ မင်း ရုရှကို နောက်ထပ်သွားရဦးမှာ သေချာပါတယ်။ အဲဒီတော့ နောက်တခါ ငါထပ်ပြီးပြောမယ်။ မသေမချင်း မှတ်ထားကွ။ ရုရှမှာ ဘာပစ္စည်းမှ မဝယ်လေနဲ့။ ရုရှမှာ ဘာပစ္စည်းမှ ကောင်းတာမရှိဘူး။ ကွန်မြူနစ်ဝါဒတခုပဲ ကောင်းတာရှိတယ်။ ကွန်မြူနစ်ဝါဒကလွဲလို့ ဘာမှ ကောင်းတာမရှိဘူးကွ" တဲ့။

• • • • •

တနေ့တည်း သတင်းစာ [illegible] ကြသည့် နှစ်ဆန်းတရက်နေ့



*Three new newspapers commenced publication on the same day, Burmese New Year's Day (16 April) 1957.*



(၁၃)

## သတင်းစာအသစ်တခု တည်ထောင်ခြင်း

ကြေးမုံသတင်းစာ စတင်ထုတ်ဝေသော ၁၉၅၇ ခု၊ ဧပြီလ (၁၆) ရက်နေ့သည် ကမ္ဘာကြီးအဖို့ပါ ထူးခြားသော နေ့တနေ့ဖြစ်သည်ဟု ဆိုပါလျှင် ကားလွန်းသည်၊ ကြွားလွန်းသည်ဟု အပြစ်မတင်နိုင်ပါပေ။ သဒ္ဒါစာပေ ဖွဲ့ဆိုမှုစည်းကမ်းအရလည်း ဒေါသမသင့်ပေ။ ထိုနေ့က မြန်မာနှစ်ဆန်း (၁) ရက်နေ့ ဖြစ်၏။ ကြေးမုံနှင့်အတူ မွှားဘက်တော်များအဖြစ် အထောက်တော်သတင်းစာနှင့် ပြည်တော်စိုး သတင်းစာတို့ပါ သတင်းစာ (၃) စောင် ပြိုင်တူ ထွက်လာခဲ့သည်။ မြန်မာပြည်တွင်မက ကမ္ဘာမှာပင် သတင်းစာအသစ်တစောင် စတင်ထုတ်ဝေသည့်နေ့ဟူ၍ များများမရှိခဲ့ပေ။ ယခုကဲ့သို့ သတင်းစာအသစ် (၃) စောင် တပြိုင်တည်းထွက်သောနေ့ဟူ၍ ကမ္ဘာတွင် မရှိသေးပေ။ နောက်နောင်ကာလများတွင်လည်း ရှိရန်မလွယ်ပါပေ။

အမေရိကန်နှင့် ရုရှအုပ်စု စစ်အေးကြီးကြောင့် မြန်မာစာနယ်ဇင်းလောကကြီး ယိုယွင်းသွားသည်ကို ဝမ်းနည်းဖွယ် ကြုံတွေ့ရသဖြင့် ကြေးမုံကို မျိုးထောင်ခဲ့သည်။ မြန်မာသတင်းစာများမှာ အမေရိကန်ဩဇာခံ လကျ်ာသတင်းစာများနှင့် ရုရှသစ္စာခံ လက်ဝဲသတင်းစာများဟူ၍ (၂) မျိုးသာရှိနေသည်။ လက်ဝဲသတင်းစာများက အမေရိကန်ဟူသော ဝေါဟာရ စာလုံးကို အသုံးပြုတိုင်း 'အမေရိကန် နယ်ချဲ့သမား' ဟု ဂုဏ်ထူးဝိသေသန တပ်ဆင်ရေးသားလေ့ရှိသည်။ လကျ်ာသတင်းစာများကလည်း လက်ဝဲနိုင်ငံများ၏ အနယုတ္တသတင်းများကို ပုံကြီးချဲ့ကာ ရေးသားကြသည်။

ဗမာ့ခေတ်သတင်းစာသည် ကွန်မြူနစ်ဆန့်ကျင်ရေး သတင်းစာဖြစ်သည်။ သို့ပြားလည်း တင်မောင်အဖို့ ဗမာ့ခေတ်တွင် အယ်ဒီတာချုပ်အဖြစ်အထိ တာဝန်ယူ လုပ်ကိုင်ခဲ့စဉ်က များစွာ လွတ်လပ်သည်။ ဗမာ့ခေတ်၏ မဟာမိတ်ဖြစ်သူ အမေရိကန် ဒီမိုကရေစီကို ဝေဖန်ရေးသားနိုင်သည်။ သို့သော် အမေရိကန်သံရုံးမှ ပို့ပေးသော ကွန်မြူနစ်ဆန့်ကျင်ရေး သတင်းဆောင်းပါးများကို အများအပြား ဖော်ပြပေးရသည်ကိုမူ ဘဝင်မကျဖြစ်မိသည်။

ဗမာ့ခေတ်မှာ မပျော်နိုင်သည့် အချက်တခု ရှိပါသေးသည်။ လစာနှုန်းထားကို မကျေမနပ်ဖြစ်မိသည်။ မြန်မာသတင်းစာလောကမှ အယ်ဒီတာချုပ်များကို ပေးသော လစာနှုန်းမှာ မှော်ရှင်းအယ်ဒီတာချုပ် ဦးလောရုံရယူသော လစာ၏ လေးပုံတပုံသာ ရှိသည်ကိုလည်း မခံချင်ဖြစ်မိသည်။

ထိုအချိန်က တင်မောင်၏ ကိုယ်ပိုင် အပိုလုပ်ငန်းအဖြစ် သောကြာဟာသစာစောင်ကို ဆရာဇဝနနှင့် ရွှမဝ ဦးကျော်၏ အကူအညီနှင့် ထုတ်ဝေရာ ရောင်းမလောက်အောင် လူကြိုက်များသည်အထိ ထူးထူးခြားခြား အောင်မြင်မှုရခဲ့သည်။ သတင်းစာတစောင်အရွယ် စက္ကူကို (၄) ခေါက်ခေါက်ကာ ချုပ်ပြီး တအုပ်တကျပ်နှုန်း ရောင်းခဲ့သည်။ စာမူအများကို မိမိဘာသာ ရေးသောကြောင့် ဆရာဇဝန၏ စာမူအတွက် ဘီယာပုလင်းဖိုးမှတပါး စရိတ်မကုန်လေသဖြင့် အချိန်အနည်းငယ်အတွင်းတွင် ငွေအစုလိုက် အပုံလိုက် ကိုင်နိုင်ခဲ့သည်။

ငွေကလေး ကြေးကလေး အိတ်ထဲရှိလာသောအခါတွင် ပြောရဲဆိုရဲရှိလာသည်။ ပိုင်ရှင် ဦးအုန်းခင်ထံ အရေးဆိုသည်။ ဗမာ့ခေတ်အမှုထမ်းအားလုံး လစာနှုန်း နိမ့်နေပါသည်။ ထို့ကြောင့် တင်မောင် ကိုသာမက စာစီကစပြီး သတင်းထောက်များ၊ အယ်ဒီတာများအထိ လစာ တိုးပေးပါဟု လစာဇယားသစ်ကို တင်ပြကာ အရေးဆိုသည်။ တင်မောင်၏ လစာကို လက်ရှိ တလ (၄၀၀) နှုန်းမှ (၁၀၀၀) ကျပ်အထိ တက်ပေးရမည်ဟုလည်း တောင်းသည်။

"တယ်ဆိုတဲ့ ကောင်ပါလားကွ။ လစာ (၄၀၀) ကျပ်ရတဲ့ သူတယောက်က ပိုတောင်းနိုင်လှ (၅၀၀) ကျပ်ပေါ့" ဟု ဆရာကြီး ရွှေဥဒေါင်းက မှတ်ချက်ချသည်။

"နောက်ပြီးတော့ အမှုထမ်းအားလုံးအတွက် မင်းက လူမိုက်လုပ်တာကိုး" ဟု ပြောသေးသည်။ ဆရာကြီးယူဆသည့်အတိုင်း ပိုင်ရှင်ဦးအုန်းခင်က လစာကို (၅၀၀) ကျပ်အထိ တိုးပေးရှာသည်။ လစာနှုန်းကို ထိုက်သင့်သလို ပေးပါဟု တောင်းစဉ်က မပေးလျှင် ဘာလုပ်မည်ဟု အစီအစဉ်မရှိစေကာမူ မိမိတောင်းသည့်အတိုင်း မရသောအခါ တင်မောင်က လက်မခံဘဲ ဗမာ့ခေတ်အယ်ဒီတာချုပ်ရာထူးမှ ထွက်လိုက်မိသည်။ မိမိတွင် ဝင်ငွေရှိနေပြီဖြစ်သော်လည်း တန်ခိုးဩဇာကြီးမားသော အကြီးဆုံးသတင်းစာ၏ အယ်ဒီတာချုပ်ရာထူးမှ ထွက်လိုက်သောအခါတွင် မိမိကိုယ်မိမိ သိမ်ငယ်သူတဦးအဖြစ် ခံစားမိသည်။ ထွန်းနေ့စဉ်နှင့် အိုးဝေတို့တွင် ဝင်ရောက်ပြီး ဆောင်းပါးများ ရေးမိရာမှ ဖြေသာသည်။

ဗမာ့ခေတ်မှ ထွက်ခဲ့ပြီးနောက် လအနည်းငယ်အတွင်းတွင် ကြေးမုံဂျာနယ်ကို စတင်တည်ထောင်သည်။ စောင်ရေ (၄,၀၀၀) အထိ ရောင်းရသဖြင့် အောင်မြင်စေကာမူ သတင်းများ၊ ဆောင်းပါးများကို (၇) ရက်စောင့်ဆိုင်းပြီးမှ ရေးသားရသည်မှာ အားမလို အားမရဖြစ်လာသည်။ သတင်းကောင်းများ ရှာနိုင်ပါလျက် မရေးနိုင်သည်မှာ ခြေတုပ်ထားသကဲ့သို့ ခံရခက်သည်။

ကြေးမုံဂျာနယ်ထွက်ပြီး မကြာမီအတွင်း ဂျာနယ်မှတဆင့် နေ့စဉ်သတင်းစာသို့ ကူးပြောင်းတည်ထောင်ခဲ့လေသည်။

သောကြာစာစောင်က ရရှိထားသည့် ငွေရင်းအပြင် ဆွေမျိုးမိတ်ဆွေ (၅) ဦးနှင့် အိုးဝေကြော်ငြာမန်နေဂျာ ဦးသော်ထံမှ ငွေရင်းအနည်းငယ်တောင်းခဲ့ပြီး ငွေရင်း အစုစု ကျပ်သုံးသောင်းမျှနှင့် တည်ထောင်သောအခါတွင် ဆရာဇဝနနှင့် ကိုခင်မောင်ရီတို့ကိုလည်း အစုဝင်လာနိုင်ရန် လစာပိုပေးပြီး အစုရှင်များအဖြစ် ပါဝင်စေသည်။ ပထမဆုံးသော အယ်ဒီတာများ စုပေါင်းပိုင်ဆိုင်သည့် သတင်းစာဖြစ်ပြီး ထိုအချိန်က အတော်ဆုံး သတင်းထောက်များကို စည်းရုံးခေါ်ယူထားသဖြင့် တဟုန်ထိုး တိုးတက်ရောင်းချရတော့သည်။





နှစ်ဆန်း (၁) ရက်၊ ပထမနေ့က ကြေးမုံစောင်ရေ (၇,၀၀၀) ပုံနှိပ်သည်ကို (၃,၀၀၀) ရောင်းရသည်။ ဒုတိယနေ့တွင် (၃,၈၀၀) ရောင်းရပြီး၊ တတိယနေ့တွင် (၄,၅၀၀)၊ ပဥ္စမနေ့၌ (၇,၀၀၀) ရောင်းရသဖြင့် (၅) ရက်အတွင်း သတင်းစာကြီးများနှင့် ရင်ပေါင်တန်းလိုက်နိုင်ခဲ့သည်။ တလကြာသောအခါတွင် စောင်ရေ (၁၃,၀၀၀) ရောင်းရကာ သုံးလအကြာတွင် စောင်ရေ (၂၀,၀၀၀) ရောင်းရသောကြောင့် မိခင်ဗမာ့ခေတ်ကို ကျော်လွန်ပြီး အကြီးဆုံး သတင်းစာဖြစ်လာခဲ့သည်။

ကြေးမုံကို လူထုက လက်ခံအားပေးသည်မှာ သတင်းထူး သတင်းဦးကို ရဲရဲဝံ့ဝံ့ ဖော်ပြနိုင်ခြင်းနှင့် မြန်မာ့ရှုထောင့်ကို ရှေ့ရှုသောမူဝါဒကြောင့် ဖြစ်သည်ဟု တနယ်ဇင်းလောကက ယူဆကြသည်။ ထိုခေတ်က ဗမာ့ခေတ်မှတပါး သတင်းစာအများကို ငွေရှင်ကြေးရှင်များက ပိုင်ဆိုင်ပြီး သတင်းစာလုပ်ငန်းကို ရှေးခေတ်ပုံစံအတိုင်း လုပ်ကိုင်ကြလေသည်။ အန္တရာယ်များမည့် သတင်းဆောင်းပါးများကို ရှောင်လေ့ရှိ၏။ ကြေးမုံနှင့် ဗမာ့ခေတ်ကမူ လူထုသိသင့်သည့် သတင်းကို ရရှိကြပါက မိမိတို့ ရင်ဆိုင်ကြရမည့် ဘေးရန်များကို သိကြပါလျက် တာဝန်ကျေပွန်စွာ ပုံနှိပ်ဖော်ပြလေ့ရှိကြသည်။ ထို့ကြောင့် ကြေးမုံနှင့် ဗမာ့ခေတ်က ရှေ့က ပြေးခဲ့သည်။

"ဦးထုပ်နီကြီးတွေ အများကြီး၊ ကြယ်တွေ ကြွေကုန်ကြပြီ" ဟု မိတ်ဆွေ အယ်ဒီတာတဦးက သတင်းစတခုကို ပေးသည်။ သူက စစ်တပ်ပိုင် သတင်းစာတွင် လုပ်ကိုင်သောကြောင့် သတင်းကို ဖော်ပြရန် မသင့်သဖြင့် တင်မောင်အား ပေးသည်။ တင်မောင်အဖို့ ထိုသတင်းကို ပုံနှိပ်ရန် မဝံ့မရဲဖြစ်ပြီး တရက်နှစ်ရက်တိုင်တိုင် ဆိုင်းငံ့ကာ စဉ်းစားရပါသည်။

သတင်းမှာ "တပ်မတော် ထိပ်သီးစစ်ဗိုလ်ကြီး (၁၂) ဦးတို့ကို တပ်မတော်က အနားယူကြစေ။ တဦးကိုမူ ပြည်ပသို့ သံအမတ်အဖြစ် ထွက်စေ" ဟု ဗိုလ်ချုပ်ကြီးနေဝင်းက ဖြစ်ဒဏ်ခတ်သည့် သတင်းဖြစ်သည်။

၁၉၅၈ ခုနှစ်က ပထမဆုံး စစ်တပ်က အာဏာသိမ်းခဲ့သည်။ ထိုစဉ်က ဝန်ကြီးအမည်မခံဘဲ ဝန်ကြီးရာထူးများကို ထမ်းရွက်ကြရသူ ဗိုလ်မှူးကြီးများအပါအဝင် ထိပ်သီးစစ်ဗိုလ်ကြီးအများကို ဗိုလ်ချုပ်ကြီးနေဝင်းက မကျေနပ်သောကြောင့် အရေးယူသည်။ သူက နောက်တကြိမ် အာဏာသိမ်းရန် အစီအစဉ်ကို အကွက်ရိုက်နေရာ၌ အာဏာသိမ်းချိန် ပိုင်ပိုင်နိုင်နိုင်ရှိစေရန်အတွက် သူ့ကို ပြန်ပြောဝံ့သူ စစ်ဗိုလ်ကြီးများကို ဖယ်ရှားသည်လည်း ဖြစ်၏။

ဗိုလ်ချုပ်နေဝင်း၏ လုပ်နည်းလုပ်ဟန်မှာ လက်အောက်မှာရှိသော စစ်ဗိုလ်ကြီးအားလုံးကို သူ၏ လူယုံတော်၊ သူ့ကိုယ်ပိုင် စစ်စုံထောက်များနှင့် စောင့်ကြည့်နေလေ့ရှိသည်။ သူက ကျေနပ်နေသည့်အချိန်တွင် မည်ရွေ့မည်မျှပင် ကြီးလေးသော ရာဇဝတ်မှုကို ကျူးလွန်မိစေကာမူ မှတ်တမ်းမှာသာ တေးထားပြီး မည်သို့မျှ အရေးမယူဘဲ စောင့်ကြည့်နေလေသည်။ ထိုပုဂ္ဂိုလ်ကို သူမလိုလားသော အခါကျမှ အမှုတွဲကို လှန်ပြပြီး အရေးယူလေ့ရှိသည်။

တပ်မှူးများ ညီလာခံတွင် ဗိုလ်မှူးကြီး တဦးပြီးတဦး ခင်မြင့်ပေါ်ခေါ်ပြီး မင်းက စစ်ဆင်ရေးရန်ပုံငွေတွေ ပြန်မအပ်ဘူး။ မင်းက ရွေးကောက်ပွဲမှာ ဘက်လိုက်တယ်။ မင်းက အမေရိကန် စီအိုင်အေနဲ့ ပလူးတယ်...စသည်ဖြင့် အသေးစိတ်ပြောပြပြီး တပ်မှ ထုတ်လေသဖြင့် အထုတ်ခံရသူများ အငိုက်မိသွားပြီး မည်သူမှ ပြန်မလှန်နိုင်ဘဲ ခံကြရသော သတင်းကို အပြည့်

အစုံရခဲ့သည်။

သတင်းအပြည့်အစုံကို ကြေးမုံမှာ တစောင်တည်း ဖော်ပြနိုင်ခဲ့သောနေ့က အစိုးရအဖွဲ့ဝင် ဝန်ကြီးများပင် မသိကြသေးသောကြောင့် ဝန်ကြီးများက လူယုံတော်များကို စာရေးသူထံ စေလွှတ်ပြီး မေးကြရသည်။ သတင်းမှန်၏ အောင်ပွဲနှင့်အတူ ဆက်တိုက်လာနိုင်သည့် ဂယက်ကို မြင်မိသောကြောင့် တင်မောင်အဖို့ ရင်လိုက်သည်းဖို တုန်လှုပ်ချောက်ချားရပါသည်။ ဤသို့သော ခံစားချက်မျိုး ကြုံရခဲတော့သည်။

၁၉၅၈ ခုက အိမ်စောင့်အစိုးရအမည်နှင့် စစ်တပ်က အာဏာသိမ်းစဉ်က ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်း၏ မိန့်ခွန်းကို သူပြောသည့်အတိုင်း လုံးစေ့ပတ်စေ့ ပုံနှိပ်ဖော်ပြခြင်းမပြုဘဲ အတိုချုပ်ကာ ရေးသားဖော်ပြခဲ့သည်။ ယင်းသို့ ဖော်ပြသဖြင့် ဗာပ်မတော်အရာရှိများ စိတ်ခုတ်ကျစေသည်ဟု ရုံးတော်သို့ အမှုတင်ကာ ကြေးမုံကို ပိတ်စေ၊ စက်သိမ်းစေ၊ အယ်ဒီတာ ထောင်ဒဏ်ကျခံစေဟု တရားစီရင်ခဲ့သည်။ ရွေးကောက်ပွဲအပြီး ဒီမိုကရေစီအစိုးရတက်လာမှ အမှုပြယ်သွားပါသည်။ ခံမှန်ဖူးသည့် စာသူငယ်ဖြစ်သဖြင့် ဤတချီမှာ ဗိုလ်ချုပ်ကြီး စိတ်ဆိုးလျှင် မသက်သာဘူးဟု တွေးမိသောကြောင့် များစွာ တုန်လှုပ်ခဲ့မိလေသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက တုန်နေအောင် စိတ်ဆိုးစေကာမူ သတင်းက မှန်သောကြောင့်တကြောင်း၊ ဖယ်ရှားလိုက်သူ စစ်ဗိုလ်ကြီးများက ပြန်တိုက်နိုင်သည့် အခွင့်အလမ်း ပေါ်လာမည်ကို စိုးရွံ့သဖြင့် တကြောင်း၊ ရာသက်ပန် အာဏာသိမ်းရန် မဟာစီမံကိန်းကြီး ရေးနေချိန်ဖြစ်သောကြောင့်တကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် အာဏာပြန်ပြီး ရယူသည့် သန့်ရှင်းဖဆပလ အစိုးရနှင့် ပဋိပက္ခမဖြစ်လိုသောကြောင့် တကြောင်းတို့ကြောင့် အရေးမယူရဲဘဲ အံခဲနေသည်ဟု ကြားသိရသည်။

ကြေးမုံအာဘော်နှင့် ပတ်သက်၍ မြန်မာ့ရှုထောင့်က မြင်ကြည့်သည့် သတင်းစာဖြစ်ရစေမည်၊ ဘက်မလိုက်သည့် သတင်းစာဖြစ်ရစေမည်ဟု ကြိုးစားစေကာမူ သတင်းဖြစ်ပေါ်သမျှကို တင်ပြဝေဖန်ရာ၌ လွတ်လွတ်လပ်လပ် ရေးလေသဖြင့် လက်ဝဲ လက်ျာအင်အားစု (၂) ဘက်စလုံးက မကြည်ကြပါပေ။ "မင်းတို့က အနောက်အုပ်စုကို အသားပေးလွန်းတယ်" ဟု ဆရာ ဦးသိန်းဖေမြင့်က ဝေဖန်သည်။ ဆရာဦးညိုမြက တဖန် "ကြေးမုံက လက်ဝဲဘက်ကို ဘေးတီးပေးတယ်" ဟု အပြစ်တင်ပြန်သည်။

• • • • •



(၁၄)

## သတင်းစာတစောင်၏ မူဝါဒ

ကြေးမုံသတင်းစာ၏ နိုင်ငံခြားရေးမူဝါဒသည် အမေရိကန်သံရုံးမှ ဦးဆောင်နေသော လက်ျာဝါဒ မဟုတ်သောကြောင့် အမေရိကန်သံရုံးက အားမပေးစေကာမူ အင်္ဂလိပ်သံရုံးက အားပေး အားမြှောက်ပြုခဲ့သည်။ ၁၉၅၇ ခု၊ ဧပြီလတွင် သတင်းစာထွက်ပြီး (၅) လကြာသော် စက်တင်ဘာလ၌ ဘုရင်မ၏ ဧည့်သည်တော်အဖြစ် ဗြိတိန်ကျွန်းသို့ (၂) လတာမျှ လာရောက်လေ့လာပါဟု ဖိတ်ခေါ်ခဲ့သည်။ ထို့ပြင် အင်အားကြီးသော ပုံနှိပ်စက်သစ်ကြီးကို အင်္ဂလိပ်ကုမ္ပဏီကြီးတခုက ကြွေးစနစ်နှင့် ရောင်းချစေရန် သံရုံးက ကူညီခဲ့သည်။ ဖဆပလ အစိုးရ ဆိုရှယ်လစ် ပြန်ကြားရေးဝန်ကြီး သခင်ချစ်မောင်ကလည်း အာမခံကြောင်း သံရုံးကို ပြောပေးသေး၏။

မြန်မာသတင်းစာအများအဖို့ သူတို့ သံရုံးများကို ဂရုစိုက်ရန်မလိုပါပေ။ နိုင်ငံခြားရေးဝါဒထက် ပြည်တွင်း နိုင်ငံရေးမူဝါဒ မှန်ကန်မှသာ စာဖတ်ပရိသတ်က လက်ခံအားပေးသည်။ ကြေးမုံထွက်လာချိန်တွင် တချိန်က ဂျပန်ကို တညီတညွတ်တည်း တော်လှန်ကြပြီး အင်္ဂလိပ်ကို တစုတဝေးတည်း တိုက်ခဲ့ကြသည့် ဖဆပလ အဖွဲ့ကြီး၏ မြန်မာ့နိုင်ငံရေး စည်းလုံးမှုကြီး ပြိုကွဲပျက်စီးသွားသည်နှင့် ကြုံကြိုက်တိုက်ဆိုင်နေသည်။ ဤကဲ့သို့ နိုင်ငံရေးပဋိပက္ခနှင့် ကြုံကြိုက်ရသည်မှာ သတင်းစာအဖို့မှု အခွင့်အရေးကောင်းတခု ဖြစ်သည်။ နိုင်ငံရေးအင်အားစုများ၊ အကွဲအပြဲသတင်းများတို့သည် ပရိသတ်ကြိုက်သည့် သတင်းများဖြစ်ကြ၏။

အရေးကြီးသည်မှာ သတင်းစာအဖို့ မိမိတို့ပါ အကွဲအင်အားစုများနှင့် အတူ တဘက်ဘက်ကို ရောပါမသွားဘဲ ရှောင်နိုင်တိမ်းနိုင်ရန် ဖြစ်သည်။

၁၉၅၇ ခုနှစ်၊ ရွေးကောက်ပွဲသည် တရားမျှတသည်။ အမတ် (၂၅၅) နေရာတွင် ဖဆပလက (၂၄၈) ဦး အရွေးခံရပြီး ကွန်မြူနစ်အမတ် (၇) ဦး တက်လာခဲ့သည်။

ထိုအချိန်မှ စတင်ပြီး အမတ်ဦးရေအများဆုံး အရွေးခံရသဖြင့် အစိုးရအဖွဲ့အဖြစ် ရပ်တည်ခဲ့သော ဖဆပလ တပ်ပေါင်းစု အဖွဲ့ကြီးသည် ၁၉၅၀ ခုနှစ်မှာ စတင် အက်သံပါလာသည်။ ကွဲအက်ရခြင်း၏ အဓိကအကြောင်းရင်းမှာ အမေရိကန်နှင့် ရုရှတို့ တိုက်နေကြသော ဝါဒတိုက်ပွဲ၊ စစ်အေးတိုက်ပွဲကြီးဖြစ်သည်။

စစ်အေးတိုက်ပွဲမှ ပိုမိုပြင်းထန်လာပြီး ကိုးရီးယားပြည်တွင် တောင်နှင့် မြောက်စစ်ပွဲကြီးဖြစ်ပွားသောကြောင့် မြန်မာ့နိုင်ငံရေး လှုပ်ရှားရသည်။ ဖဆပလ ဆိုရှယ်လစ်ပါတီဝင်အများက တောင်ကိုးရီးယားဘက်မှ ကုလသမဂ္ဂ စစ်တပ်အသွင်နှင့် ပါဝင်တိုက်ခိုက်သော အမေရိကန်ကို

ထောက်ခံကြလေရာ ရုရှကွန်မြူနစ်ကို ထောက်ခံကြသူ လက်ဝဲဝါဒီများက ဖဆပလ တပ်ပေါင်းစုကြီးမှ ခွဲထွက်ကြသည်။ သူတို့တစုက အလုပ်သမား၊ လယ်သမား ပါတီဟူသော အမည်နှင့် ပါတီခွဲပြီး တည်ထောင်ကြသည်။ ပါတီ (၂) ခုလုံး ဆိုရှယ်လစ်ဝါဒီများ ဖြစ်သဖြင့် သတင်းစာများက ခပ်လွယ်လွယ်ပင် လက်ဝဲဆရာတို့ကို ဆိုရှယ်နီများဟု အမည်ပေးခေါ်ကြပြီး ဖဆပလ ဆိုရှယ်လစ်များကို ဆိုရှယ်ဖြူဟု ခေါ်ကြသည်။

၁၉၅၀ ခုနှစ်တွင် ပါလီမန်တွင် ဆိုရှယ်နီတို့က အမတ်နေရာ (၁၂) နေရာရှိသောကြောင့် ပါလီမန်အစည်းအဝေးများမှာ အတိုက်အခံအသံများနှင့် ဝေဆာလာသည်။

၁၉၅၁–၅၂ ခုနှစ်တွင် ရွေးကောက်ပွဲကျင်းပသောအခါ အတိုက်အခံ အမတ် (၆၈) ဦး ရရှိခဲ့သည်။ ထိုရွေးကောက်ပွဲမှ စတင်ကာ စစ်တပ်က နိုင်ငံရေးနယ်သို့ ဝင်လာသည်။ လက်ဝဲအမတ်လောင်းများ ဆောင်ရွက်သူများကို စစ်တပ်က သတ်ဖြတ်သည်အထိ နှိမ်နင်းပေးကာ သူတို့၏ မဟာမိတ် ဆိုရှယ်လစ်များ အမွေးခံရန် ကူညီပြသည်။

၁၉၅၇ ခုနှစ်မှ စတင်ကာ အမတ်ဦးရေ (၁၆၈) ဦး ရရှိသော ဖဆပလ ကြီးသည်လည်း ဆိုရှယ်လစ် ဦးကျော်ငြိမ်း၊ ဦးဗဆွေ ဦးစီးသော တည်မြဲအဖွဲ့နှင့် ဦးနု၊ သခင်တင် ခေါင်းဆောင်သည့် သန့်ရှင်းအဖွဲ့ဟူ၍ ကွဲသွားပြန်သဖြင့် နိုင်ငံရေးအင်အားစု သုံးစိပ်သုံးမွှာဖြစ်လာသည်။ ပြည်သူ့ညီညွတ်ရေးတပ်ဦးခေါ်သော ပမညတ အမတ်များကလည်း ရှိသေးလေရာ အင်အားကြီးပါတီကြီး (၄) ခု ကွဲကြတော့သည်။

ယင်းသို့ အစုစုကွဲနေသော နိုင်ငံရေးအုပ်စုများအဖို့ ပါလီမန်တွင် မည်သူမှ အင်အားနိုင်မှာသည့် အဖွဲ့ဖြစ်မလာဘဲ အားနည်းသော အဖွဲ့ကလေးများအဖြစ် တကျက်ကျက် ဆူညံနေတော့သည်။ သန့်ရှင်းဖဆပလက အင်အားအကြီးဆုံးဖြစ်သဖြင့် အစိုးရအဖွဲ့ကို ဖွဲ့နိုင်စေကာမူ အတိုက်အခံများ ညီညွတ်လျှင် ပြုတ်ကျနိုင်သည့် အခြေအနေ ရောက်နေသည်။ တချိန်တွင် နိုင်ငံ၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းဘတ်ဂျက်ကို ပါလီမန်မှာ တင်သွင်းအတည်ပြုရမည့် ဖြစ်ပါလျက် အတိုက်အခံအမတ်များ ညီနေလျှင် အစိုးရပြုတ်ကျလေနိုင်သည်ကို စိုးရွံ့သောကြောင့် ဝန်ကြီးချုပ် ဦးနုဦးစီးသည့် သန့်ရှင်းအစိုးရက ပါလီမန်သို့ မတင်ဘဲ သမ္မတအမိန့်နှင့် အတည်ပြုလေသည်။ ဥပဒေအရ တရားဝင်သည်ဟု ဆိုနိုင်စေကာမူ ပါလီမန်ဒီမိုကရေစီ အစဉ်အလာအရ မပြုသင့်၊ မပြုထိုက်သော အမှုဖြစ်သည်။ ထိုအမှားကို အကြောင်းပြကာ စစ်တပ်က ပုံကြီးချဲ့ပြီး အာဏာသိမ်းခဲ့သည်။

ဝန်ကြီးချုပ်ဦးနု၏ အိမ်ကို အမြောက်နှင့် ချိန်ထားပြီး စစ်ဗိုလ်ကြီး (၃) ဦးက အာဏာလွှဲပေးရန် တောင်းဆိုကြသည်။ သူတို့သွားမည့်အချိန်ကို သူတို့က တိတိကျကျ တင်ကြိုသတင်းပေးထားသောကြောင့် ဦးနုအိမ်ရှေ့မှ ကင်းတဲထဲတွင် တင်မောင်နှင့်အတူ ဓာတ်ပုံသတင်းထောက် ကိုရွှေမောင်အပြင် စစ်တပ်ပိုင် သတင်းစာ ဂါးဒီယန်း အယ်ဒီတာချုပ် ဦးစိန်ဝင်းတို့ (၃) ဦး ရောက်ရှိနေနှင့်ကြသည်။ ဆွေးနွေးကြသော အခန်းထဲသို့ မဝင်ကြရစေကာမူ အတွင်း၌ ဖြစ်သမျှတို့ကို အတိအကျသိရသည်။

စစ်ဗိုလ်ကြီးများက ပါလီမန်မှာ ဒီမိုကရေစီ အစဉ်အလာ ပျက်ကွက်ခြင်းကို အကြောင်းပြပြီး ဒီမိုကရေစီမကျပါဟု စွပ်စွဲကြသည်။ ပါလီမန်တွင် သန့်ရှင်းဖဆပလက အင်အားနိုင်မာစွာ





မရှိသဖြင့် ပမညတနှင့် ပေါင်းသည်မှာ ကွန်မြူနစ်များအလိုကျ လုပ်ဆောင်သည်ဟုလည်း အပြစ်တင်သည်။

"ဒါဖြင့် စစ်တပ်က ယာယီအစိုးရဖွဲ့ပြီး စစ်တပ်ကပင် ဦးစီးပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ကျင်းပပေးပါ။ တည်မြဲတို့က အမတ်အင်အားများများရပါက အစိုးရဖွဲ့ပါစေ"ဟု ဝန်ကြီးချုပ်က သူတို့စကားနှင့် သူတို့ကို ပြန်ချီတော့သည်။ စစ်တပ်ကို အာဏာအပ်ရမည်ဟု တောင်းဆိုရန် ဗိုလ်ချုပ်ကြီးနေဝင်းက စေလွှတ်သည့် အဖွဲ့အဖို့ စစ်တပ်အစိုးရ ဖွဲ့ခွင့်မရှိတော့ဘဲ အိမ်စောင့်အစိုးရအဖြစ် အာဏာကို ရယူရတော့သည်။ စစ်တပ်အဖို့ ပါလီမန်ဒီမိုကရေစီ အစဉ်အလာအရ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပရေးရမည့် အခြေခံဥပဒေကြီး၏ အစောင့်အရှောက်တပ်မတော် ဖြစ်သွားသည်။ ဦးနု၏ နိုင်ငံရေးပရိယာယ်အရ ရာသက်ပန် အာဏာရယူရန် စိမံချက်မှာ ဟည်ဦးစကားလက ပျက်ခဲ့ရလေသည်။

အိမ်စောင့်အစိုးရ တက်ခဲ့စဉ်က ပါလီမန်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက "ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကြီးနှင့် ဒီမိုကရေစီကို ပြည်ထောင်စုသား တယောက်အနေနှင့်လည်းကောင်း၊ စစ်သားတယောက်အနေနှင့်လည်းကောင်း ရောက်ရာအရပ်တွင် အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူပါသည်" ဟု ကျမ်းသစ္စာကျိန်ဆိုပြီး အာဏာကို သိမ်းယူခဲ့သည်။

အိမ်စောင့်အစိုးရခေတ်က တပ်မတော်အဖို့ သူတို့အာဏာရသည်မှာ ၁၉၄၇ ခုနှစ်၊ အခြေခံဥပဒေကြီး၏ အကျိုးကျေးဇူးကြောင့် ဖြစ်သဖြင့် အခြေခံဥပဒေကြီးကို ရှိန်းကိုးကွယ်ကြလေတော့သည်။ ပုံနှိပ်ထုတ်ဝေသမျှ ပုဂ္ဂလိကနှင့် အစိုးရထုတ် စာနယ်ဇင်းမှန်သမျှတို့တွင် ထုတ်ဝေသူအများက အခြေခံဥပဒေကြီးကို သစ္စာခံယူပါသည်ဟု ကတိသစ္စာပြုကြောင်း လက်မှတ်ထိုးကြေညာကြရသည်။

'အခြေခံဥပဒေကြီးကို အသက်ပေးပြီး စောင့်ထိန်းပါ့မည်' ဟု ပါလီမန်လွှတ်တော်တွင် ကျမ်းသစ္စာကျိန်ဆိုကာ အာဏာရယူခဲ့သူ ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၂ ခုနှစ်တွင် ဒုတိယအကြိမ် အာဏာသိမ်းသောအခါ၌ ပထမဆုံး ထုတ်ပြန်သည့် အမိန့်တော်မှာ ၁၉၄၇ ခု၊ အခြေခံဥပဒေကြီးကို ဖျက်သိမ်းကြောင်း ဥပဒေဖြစ်သည်။

တရားမျှတသည့် ရွေးကောက်ပွဲကို ကျင်းပပေးပါမည်ဟူသော ကတိအရ ၁၉၆၀ ခုနှစ်၊ ရွေးကောက်ပွဲကို စစ်တပ် အိမ်စောင့်အစိုးရက ဦးစီးကျင်းပပေးရာတွင် တရားမျှတမှုမရှိဘဲ စစ်တပ်က မတရားဘက်လိုက်ခဲ့သည်။ ဖဆပလ အုပ်စုကြီး (၂) စုဖြစ်သော တည်မြဲနှင့် သန့်ရှင်းတို့ ပြိုင်ကြရာတွင် တည်မြဲတို့ဘက်မှ ဖိအားပေးခဲ့သည်။

ကျောက်ဆည်ဘက်မှ ကျေးရွာတရွာတွင် လျှို့ဝှက်မဲပေးကြရမည့် မဲရုံတရုံ၏ အကာကို စစ်တပ်က ဖြုတ်ချသည်။ ဟင်းလင်းပြင် စားပွဲပေါ်မှာ ရှိသော မဲပုံး (၂) ပုံးအနက် သန့်ရှင်းအမတ်လောင်း၏ မဲပုံးကို စားပွဲအောက်မှာ ချထားပြီး တည်မြဲအမတ်လောင်း၏ မဲပုံးကိုသာ စားပွဲပေါ် တင်ထားလိုက်သည်။ ထို့မျှမကသေး မဲပေးချိန်ရောက်သောအခါ စစ်သားများက တန်းစီကာ သေနတ်နှင့် ချိန်ထားကာ မဲဆန္ဒရှင်တို့အား မဲပေးစေသည်။ ယင်းကဲ့သို့ မတရားဖိအားပေးစေကာမူ ထိုမဲဆန္ဒရုံတွင် သန့်ရှင်းက နိုင်၏။ သေနတ်ကို မကြောက်ကြဘဲ သန့်ရှင်းကို မဲပေးကြသည်။ ၁၉၆၀ ခု၊ ရွေးကောက်ပွဲကြီးမှာ မဲဆန္ဒရှင်တို့က သတ္တိပြကြသည်မှာ

အုံဖွယ်သူရဲ ထူးကဲလှတော့၏။

မန္တလေးတွင် တည်မြဲဝန်ကြီး ဗိုလ်ခင်မောင်ကလေးက "တည်မြဲနိုင်ရမယ်၊ လောင်းရဲတဲ့သူ လာခဲ့။ တရာနဲ့ တဆယ်လောင်းမည်"ဟု ဟောပြောသဖြင့် မန်းလူထုသတင်းစာ၏ အယ်ဒီတာအာဘော်တွင် "ဆတူပဲ လောင်းပါမယ်၊ တရားမျှတတဲ့ ရွေးကောက်ပွဲမှန်လျှင် တည်မြဲရှုံးရမယ်" ဟု ရေးသည်။ ချက်ချင်း နေ့မဆိုင်း အယ်ဒီတာချုပ် ဆရာကြီး ရွှေဥဒေါင်းကို ဖမ်းပြီး ထောင်သို့ပို့သည်။ တိုက်သွင်းလိုက်သေးသည်။

ဝန်ကြီး ဗိုလ်ခင်မောင်ကလေးကပင် မဲရွေးပွဲတရားဟောရာ၌ တည်မြဲတို့သည် ရွေးကောက်ပွဲကြီးတွင် နိုင်ရမည်၊ အကယ်၍ ရှုံးလျှင်လည်း တည်မြဲတို့က နိုင်မည်သာဖြစ်သည်ဟု ပြောသည်။ တည်မြဲရှုံးပါက စစ်တပ်နှင့် အာဏာသိမ်းမည်ဟု ခြိမ်းခြောက်သည်ကို လူထုက လက်မခံ၊ နားမချမ်းသာ။

တည်မြဲတို့၏ နောက်ပါးမှ စစ်တပ်ကြီးက ရှိနေသည်ကို အားကိုးပြုကာ သူတို့ဟ ယင်သလို ရမ်းကားကြသောကြောင့် ၁၉၆၀ ပြည့်၊ ရွေးကောက်ပွဲတွင် အရှုံးကြီးရှုံးရသည်။ သန့်ရှင်းအဖွဲ့က (၅၂) ရာခိုင်နှုန်း မဲရရှိပြီး တည်မြဲအဖွဲ့က (၃၃) ရာနှုန်းရရှိကာ ပမညတတို့က (၅) ရာနှုန်းမဲ ရရှိခဲ့ကြ၏။

အမှန်ကို ဆိုရလျှင် တည်မြဲတို့ဘက်တွင် ပညာတတ်များ အများရှိပြီး သန့်ရှင်းဘက်၌ ပညာအရည်အသွေး နိမ့်သည်။ တည်မြဲအမတ်လောင်းတို့ကို ကြိုက်သူများသော်လည်း တည်မြဲတို့က စစ်တပ်နှင့် ရင်းနှီးကြပြီး စစ်တပ်က မတရားဖိအားပေးသောကြောင့် တည်မြဲတို့ ရှုံးရသည်။ ၁၉၅၁ ခုနှစ်၊ ရွေးကောက်ပွဲမှ စတင်ကာ စစ်တပ်က လက်နက်နှင့် ဝင်ရောက်စွက်ဖက်သည်ကို လူထုက ခါးသည်းစွာ ရှုံ့ရှာကြသည်ကို စစ်တပ်ရော၊ တည်မြဲတို့ပါ နားမလည်ကြရှာချေ။

စောစောက ကျင်းပသည့် ကြားရွေးကောက်ပွဲတို့တွင်လည်း ဆိုရှယ်နီများအရွေးမခံကြရလေအောင် စစ်တပ်က ရန်ရှာခဲ့ကြသည်။ အချို့နေရာများတွင် လူသတ်မှုကြီးများ ကျူးလွန်မိသည်အထိ စွက်ဖက်ခဲ့သည်။ အခြေအနေမှန်မှာ စစ်တပ်က ကွန်မြူနစ်သူပုန်နှင့် လူမျိုးစုသူပုန်ကို တိုက်ရင်း ကျေးရွာအများတွင် တပ်စွဲထားလေသဖြင့် နိုင်ငံရေး မတရားဖိအားပေးမှုများအပြင် ကြက်ဆွဲ၊ ဝက်ဆွဲ၊ သမီးငယ်များကို ဆွဲ စသော အမှုများကြောင့် ပြည်သူလူထုကြီးက စစ်တပ်နှင့် နီးစပ်သူမှန်သမျှကို ဆန့်ကျင်ကြလေသဖြင့် တည်မြဲတို့ အရေးနိမ့်ရသည်။

ထိုရွေ့ထိုမျှ ပြင်းထန်သော နိုင်ငံရေးအကွဲတော်ပုံ၊ နိုင်ငံရေးပဋိပက္ခကြီးတွင် ကြေးမုံအဖို့ မည်သည့်အုပ်စုကိုမှ ဘက်မလိုက်မိရန် သတိကြီးစွာ ထားရသည်။ အပေါင်းအသင်းအဖြစ် တည်မြဲခေါင်းဆောင်များနှင့် များစွာ ရင်းနှီး၏။ ဦးကျော်ငြိမ်းက ညတညသန်းခေါင်ကျော်မှာ ဖုန်းဆက်ပြီး "ရဲကားတကား၊ အိမ်ရှေ့ထောင့်မှာ ရပ်ထားတာ တွေ့ရတယ်။ ကိုနုက ကျုပ်ကို ဖမ်းတော့မယ် ထင်တယ်။ ဖမ်းတဲ့အချိန်မှာ သက်သေလာခဲ့ဗျာ" ဟု ဖိတ်သောကြောင့် တညလုံးသူ၏ အိမ်ကို သွားပြီး လက်ဖက်ရည်ကြမ်းသောက်ရင်း နိုင်ငံရေးဆွေးနွေးခဲ့ရသည်။

"သတင်းစာတွေ ခဲစာလုံးခွက် မှောက်တာတွေနဲ့ သာယာဝတီထောင်မှာ ဒေါက်တာဘမော်နဲ့ ဗိုလ်ရန်နိုင်ကို ချုပ်ထားချိန်မှာ သမီးဖြစ်သူက သွားတွေ့တော့ ဖခင်ဒေါက်တာဘမော်





ကို ထောင်ဝင်စာတွေ့ခွင့်ပေးပြီး ခင်ပွန်း ဗိုလ်ရန်နိုင်ကို တွေ့ခွင့်မပေးတာ မလွန်ဘူးလား"ဟု မေးသောအခါ "ကျုပ်ကလဲ ငယ်သေးတော့ ရမ်းခဲ့တာပေါ့ဗျာ"ဟု ဝန်ခံရှာသည်။

ဦးကျော်ငြိမ်းတို့နှင့် ရင်းနှီးသည်ကို ဦးနုကလည်း ကြေးမုံကို မကြည်ပေ။ တကြိမ်တွင် မြိတ်ဘက်၌ ဝန်ကြီးချုပ် ဦးနုခရီးထွက်ချိန် တရားထိုင်ရန် ဇရပ်တဆောင်ဆောက်ရန် အရာရှိများထံ အလှူခံကြောင်း သတင်းကို ကြေးမုံတွင် ဖော်ပြခဲ့သည်။ ထိုသတင်းသည် မိမိ၏ ဂုဏ်သရေကို ဖျက်စေပါသည်၊ တရားစွဲလိုပါသည်ဟု ဦးနုက ဝန်ကြီးအစည်းအဝေးတွင် တင်ကာ ခွင့်တောင်းသည်။

နံနက် (၁၁) နာရီ ဝန်ကြီးအဖွဲ့ အစည်းအဝေးပြီးသည်နှင့် သတင်းရသောကြောင့် ဦးနုထံ တောင်းပန်စာရေးပြီး ညနေ (၂) နာရီ သွားပေးမိသည်။ "ကက်ဘိနက်အစည်းအဝေးဆုံးဖြတ်ချက်ကို ဝန်ကြီးများထံ မဝေရသေးခင်မှာ ဘာလို့သိရတာလဲ" ဟု အကြံပေးအရာရှိ ဦးအုန်းက မှုက်မှုက်ညံ့ ဆူပူကြိမ်းမောင်းတော့သည်။ မူလ တရားထိုင်ရန် ဇရပ်အတွက် ငွေခံမှုထက် ကြီးမားသော နိုင်ငံတော် လျှို့ဝှက်မှုဥပဒေနှင့် အရေးယူမည်ဆိုသဖြင့် မည်သည့်သတင်းမဆို ဦးစွာ သိမိသူ 'ဗိုးသိ'ဖြစ်မိသော တင်မောင်အဖို့ "မှားပါတယ်ခင်ဗျား" ဟု ဦးအုန်းကို ဒူးထောက်ကာ တောင်းပန်ရတော့သည်။

၁၉၅၈ ခု၊ စစ်တပ်က အာဏာသိမ်းသောနေ့ မတိုင်မီ တရက်တွင် ဦးနုနှင့် တွေ့ခွင့်ရချိန်၌ ဦးနုက "မင့်ကို ကိုကျော်ငြိမ်းရဲ့ ဖျက်မျဉ်းလို့ ငါက ထင်မိတယ်"ဟု ပြောပြီး အခုအရေးကြုံမှ လွတ်လပ်တဲ့ သတင်းစာဆိုတာ သိပါတယ်ကွဟု ဝန်ခံရှာလေသည်။

• • • • •

## (၁၅)

## ကြေးမုံနှင့် စစ်တပ်တို့ ထိပ်တိုက်တွေ့ကြခြင်း

၁၉၄၈ ခု၊ မြန်မာနိုင်ငံ လွတ်လပ်ရေးကြေညာစဉ် ကာလက စစ်တပ်၏ အင်အားမှာ မြန်မာ၊ ကရင်၊ ချင်း၊ ကချင် တပ်ရင်း (၁၅) ခုနှင့် စစ်ရဲတပ်ရင်း (၁၅) ခုသာ ရှိလေသည်။ နောက် (၁၀) နှစ်ကြာကာလတွင် စစ်တပ်အင်အားသည် များစွာ ကြီးမားလာပြီး နိုင်ငံ၏ အသုံးစရိတ် အစုစု၏ လေးပုံတပုံကို စစ်စရိတ်တွင် သုံးကြရတော့သည်။

၁၉၄၉ ခုနှစ်က သူပုန်အမျိုးမျိုးတို့၏ အင်အားမှာ (၄၅,၅၀၀) ရှိသည်ဟု စာရင်းရှိသည်။ စစ်တပ်နှင့် နှိမ်နင်းခြင်း၊ ဈေးစပ်ဆွေးနွေးပြီး လက်နက်ချစေခြင်းတို့ကြောင့် ၁၉၅၈ ခုနှစ်တွင် သူပုန်အင်အား (၇,၅၀၀) သာ ကျန်တော့သည်။ သို့သော်ငြားလည်း စစ်စရိတ်ကမူ လျော့မသွားဘဲ တိုးလာလေသည်။ အစိုးရ၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းဘတ်ဂျက်တွင် ငြိမ်ဝပ်ပိပြားရေးစရိတ် (၅၂) ရာနှုန်း၊ လူမှုရေး/ ပညာရေး/ ကျန်းမာရေးအတွက် (၂၃) ရာနှုန်းသုံးပြီး စီးပွားရေးအတွက် (၂၅) ရာနှုန်း သုံးခဲ့ရလေသည်။ ထိုအထဲတွင် စစ်တပ်က ကာကွယ်ရေးစရိတ်အပြင် စီးပွားရေးစရိတ်ထဲတွင် ဝင်နှိုက်ပြန်လေသည်။

ပြည်တွင်းစစ်ဦးကာလက တပ်မတော် သက်သာချောင်ချိရေးအဖွဲ့ကို ဝန်ကြီးချုပ်ကတော် ဒေါ်မြရီက ဦးစီးပြီး ဖွဲ့စည်းလေသည်။ တိုက်ပွဲစစ်မျက်နှာများသို့ သွားကာ ထမင်းထုပ်၊ မုန့်၊ ငှက်ပျော၊ သရေစာများ စသည်တို့နှင့် တပ်မတော်သားတို့ကို ပြုစုခဲ့ရာမှ အဖွဲ့ကို စစ်ဗိုလ်များ ပါဝင်လာကာ တိုးချဲ့လေတော့သည်။ စောစောကာလတွင် တပ်မတော်အရာရှိများအတွက် နိုင်ငံခြားမှ ကုန်စည်များ တင်သွင်းပြီး ဈေးချိုသာစွာ ရောင်းချသည်။ ၁၉၅၁ ခုတွင် ရဲဘော်စစ်သားများအတွက် ငါးပိ၊ ငါးခြောက်ရောင်းသည်အထိ တိုးချဲ့ပြီး စီးပွားရေးလုပ်ငန်းအမျိုးမျိုးတို့ကို ချဲ့ထွင်လုပ်ကိုင်ခဲ့ကြလေသည်။

၁၉၅၈ ခုနှစ် စစ်တပ်အိမ်စောင့်အစိုးရခေတ်တွင်မူ မြန်မာကုမ္ပဏီများ ဥပဒေအရ မှတ်ပုံတင်ထားပြီး တပ်မတော် သက်သာချောင်ချိရေးအဖွဲ့ကို အင်အားကြီးမားသော စီးပွားရေးလုပ်ငန်းကြီးအဖြစ် တိုးချဲ့တော့သည်။ မြန်မာနိုင်ငံ စီးပွားရေးတိုးတက်ရေး ကော်ပိုရေးရှင်း BEDC အမည်နှင့် စီးပွားကုန်သွယ်မှု လုပ်ငန်းရှင်ကြီး ဖြစ်လာလေတော့သည်။

စစ်တပ်က စီးပွားရေးလောက ဝင်ရောက်လာရာတွင် ခေါင်းပုံဖြတ်စနစ်ကို အသုံးပြုသည်။ ဥပမာ မြန်မာနိုင်ငံ မီးရထားဌာနနှင့် ပြည်တွင်းရေကြောင်းဌာနအတွက် ကျောက်မီးသွေးနှစ်စဉ် တန်ချိန် (၃) သန်းခန့်ကို အိန္ဒိယက ဝယ်ယူတင်သွင်းရာ၌ အစဉ်အဆက်က ဟဲလ်ဂါကုမ္ပဏီအမည်ရှိသည့် ဂျူးကုမ္ပဏီကတဆင့် အစိုးရက ဝယ်ခဲ့သည်။ အိမ်စောင့်စစ်အစိုးရခေတ်





တွင် စစ်တပ်က မီးသွေးကုမ္ပဏီအသစ် တည်ထောင်ပြီး သူတို့ကုမ္ပဏီကသာ ဝယ်ယူစေသည်။ နိုင်ငံခြားသားကို ဖယ်ရှားပြီး စစ်တပ်က သွင်းကုန်လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်သည်မဟုတ်၊ မူလက ဂျူးတွေကိုပင် အိန္ဒိယမှ ကျောက်မီးသွေးများ တင်သွင်းရောင်းချစေပြီး စစ်တပ်က လုပ်ငန်းတွင် လက်များနှင့်မှမတို့ဘဲ ကုမ္ပဏီအမည်သစ်ကို အသုံးပြုကာ ပွဲခယူသည်။ ခေါင်းပုံဖြတ်သည်။ အလားတူပင် ဆောက်လုပ်ရေးကုမ္ပဏီဖွဲ့ပြီး အစိုးရလုပ်ငန်းများ ကန်ထရိုက်နှင့် စစ်တပ်ကန်ထရိုက်လုပ်ငန်းများကို လွှဲပြောင်းလုပ်ကိုင်သည်။ လုပ်ငန်းတွင် စစ်ဗိုလ်ကြီး ဝင်ရောက်လုပ်ကိုင်ခြင်းမပြုဘဲ မူလကန်ထရိုက်များကို ခိုင်းစားပြီး ပွဲခခေါင်းပုံဖြတ်၏။ ထိုစနစ်အရ အစိုးရအဖို့ ကုန်ဝယ်ရာ ကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်ရာတွင် တကယ်လုပ်သူတွေအတွက် အဖြတ်အစွန်းအပြင် BEDC အတွက် ခေါင်းပုံဖြတ်စရိတ်ပါ ပေးရသဖြင့် အရပ်သားအခွန်ထမ်းလူထုမှာ များစွာ နစ်နာရသည်။

စစ်ဗိုလ်ကြီးများကမူ စစ်တပ်က တပ်မတော်သက်သာချောင်ချိရေးအတွက် စီးပွားရေးလုပ်ကိုင်ရာ၌ သူတို့တတွေ တော်လွန်းသောကြောင့် ငွေတွေ မြတ်လှပြီဟု ကျေနပ်ပြီး လုပ်ငန်းအများကို တိုးချဲ့ကြလေတော့သည်။ စီးပွားရေးလုပ်ငန်းကြီး (၁၂) ခုကို တည်ထောင်သည်။ ဘဏ်တိုက်ကြီးတခုနှင့် ပင်လယ်ရေကြောင်းလုပ်ငန်းအထိ တိုးချဲ့လုပ်ကိုင်သည်။

သူတို့လုပ်ငန်းအတွက် အစိုးရက ငွေပင်ငွေရင်း ၁,၂၀၀,၀၀၀ (တသန်းနှစ်သိန်း) ထုတ်ပေးရသည်။ ထိုခေတ်က တသန်းတန်ဖိုးသည် နဝတခေတ် ကျပ်ကုဋေများစွာ တန်ဖိုးရှိသည်။ ထို့ပြင် နှစ်စဉ် သွင်းကုန်လိုင်စင် ကျပ်သုံးသန်းဖိုး ထုတ်ပေးရသေးသည်။ သွင်းကုန်လိုင်စင်ခေတ်က ပုဂ္ဂလိကကုန်သည်များ သွင်းကုန်လိုင်စင်ရလျှင် အဆတရာအထိ မြတ်နိုင်ရာ၌ သူတို့အဖို့ အကောက်တော်ခွန်၊ ရောင်းဝယ်ခွန်စသော အစိုးရအခွန်တော်များ ကင်းလွတ်ခွင့်ရပြန်သေးသဖြင့် ကျပ်ကုဋေ (၃၀၀) အထိ မြတ်နိုင်သည်။ ယနေ့ နဝတငွေတန်ဖိုးအရ ကုဋေသန်းသုံးထောင်ခန့် ရှိနိုင်သည်။

စစ်တပ်ပိုင် ဘဏ်ရှိလာပြီဖြစ်သည့်အတွက် စစ်ဗိုလ်ကြီးတိုင်း လူတကိုယ် တိုက်ဆယ်လုံးပိုင်အောင် အမြတ်ထုတ်ကြတော့သည်။ အိမ်စောင့်အစိုးရခေတ်က တရားမဝင်ဟုဆိုကာ ဖျက်ခဲ့သော တဲအိမ်ပေါင်း (၁၆၇,၀၀၀) တို့မှ နေရာကောင်းမှန်သမျှ စစ်ဗိုလ်ကြီးများက တရားဝင်ရယူကြသည်။ အစိုးရထံမှ ဂရန်လျှောက်ကာ ရယူကြသည်။ မြေကွက်ဂရန်ရရှိသူ စစ်ဗိုလ်က စစ်တပ်ပိုင်အင်းဝဘဏ်တိုက်မှာ မြေကွက်ကို ပေါင်နှံပြီး၊ ငွေချေးပြီး တိုက်ဆောက်သည်။ တိုက်ပြီးသည်နှင့် BEDC လုပ်ငန်းများအတွက် ပြည်ပမှ ငှားရမ်းခေါ်ယူသော နိုင်ငံခြားသားများကို အိမ်ငှားချသည်။ မြေကွက်အလွတ်တွေ့ရှာပြီး အိမ်စောင့်အစိုးရ အာဏာကို အသုံးပြုကာ ဂရန်ရယူပြီးသည်နှင့် မိမိအိတ်ထဲမှ ပိုက်ဆံတပြားမှမထုတ်ရဘဲ တိုက်ရှင်များ ဖြစ်လာနိုင်လေရာ စစ်ဗိုလ်ကြီးများသည် တိုက်တလုံးမျှနှင့် မတင်းတိမ်နိုင်ကြတော့ဘဲ လေးငါးဆယ်လုံးအပိုင်ယူကြတော့သည်။ စစ်ဗိုလ်တိုက်များ ပါရမီရပ်ကွက်မှ စတင်တည်ထောင်သည်။

ကမ္ဘာအေးလမ်းပေါ်တွင် ထင်ရှားကြီးကျယ်သော ချင်းချောင်းစစ်ဗိုလ်ငဲ့ ရိပ်သာကြီးသည် ဆင်းရဲသားတဲများကို မြေတူးစက်ကြီးများနှင့် ဖြိုဖျက်ပြီး ဂရန်ရယူကာ စစ်တပ်ဘဏ်ငွေများနှင့် ဆောက်ထားကြသည့် တိုက်ကြီးများဖြစ်ကြသည်။ ဝန်ကြီးချုပ်ဟောင်းဦးနုက

အိမ်စောင့်စစ်အစိုးရအား စတင်ဝေဖန်သော မိန့်ခွန်းတွင် 'ဆင်းရဲသားများ ဒူးနှင့် မျက်ရည်သုတ်နေရသည်' ဟု ပြောခဲ့သည်မှာ ချင်းချောင်းခြံမျက်စဉ်က သတင်းကို ရည်ညွှန်းပြောခဲ့သည်။ ထိုစဉ်က ကြေးမုံသတင်းစာတွင် ထမင်းစားနေခိုက် တဲမျက်ခံရသော မိသားစု၏ ထမင်းဟင်း ပန်းကန်ကလေးများ မြေပုံပေါ်၌ ပစ်ထားသည်ကို ပေါ်လွင်အောင် ပြသသည့် သတင်းဓာတ်ပုံကို ဖော်ပြနိုင်ခဲ့သည်။

ဗိုလ်ချုပ်နေဝင်းကိုယ်တိုင်က အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်ဖြစ်သည့်အချိန်တွင် သားသမီးများအတွက် မြေကွက်များ ဂရန်ရယူပြီး သားသမီးတဦးတိုင်းအတွက် တိုက်တလုံးစီ ဆောက်ကာ သံရုံးများကို ငှားစားသည်။ ထို့ကြောင့် တိုက်အိမ်များသည် စစ်ဗိုလ်တိုင်း ရပိုင်ခွင့်ရှိသော အခွင့်အရေးဖြစ်လာသည်။ ဗိုလ်မှူးကြီးတင်ဖေကဲ့သို့ အပြစ်နှင့် ရာထူးထုတ်ခံရသူပင် မြို့လယ်မှ အကောင်းဆုံးမြေကွက်ကို ပေးခဲ့သည်။

ကြေးမုံအဖို့ အမေရိကန်က ခေတ်မီပုံနှိပ်စက်ကြီး ဝယ်ယူတင်သွင်းစဉ်က အခြားဘဏ်များမှ ငွေမချေးကြ၍ အစက်ကြုံခိုက် အင်းဝဘဏ်တိုက်မှ ငွေချေးသောကြောင့် ကျေးဇူးရှင်ဟု ဆိုနိုင်ပေသည်။ မည်သို့ပင် ကျေးဇူးရှင်ကြီးစေကာမူ တပ်မတော် သက်သာချောင်ချိရေး အမည်ကို အသုံးပြုပြီး အရပ်သားအခွန်ထမ်းများ၏ အခွန်တော်ကို ငွေရင်းအဖြစ် သုံးစွဲကာ အရပ်သားတို့၏ စီးပွားရေးလုပ်ငန်းခွင်ကို ဝင်လုသည်ကို လက်မခံနိုင်ဘဲ စိတ်မချမ်းမသာ ဖြစ်ရသည်။ ထို့ပြင် သူတို့က အကောက်တော်ခွန်၊ ရောင်းဝယ်ခွန်နှင့် အခြားခွန်တော်များ တပြားတချပ်မှ မပေးလေသဖြင့် စီးပွားရေးစားပြလုပ်ငန်းဟု မြင်မိသည်။

၁၉၄၇ ခု အခြေခံဖွဲ့စည်းပုံဥပဒေကြီး အပိုဒ် (၄၂) တွင် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် သမဝါယမ အဖွဲ့များနှင့် အမြတ်အစွန်းအတွက် လုပ်ကိုင်ကြသည့် ပုဂ္ဂလိကမဟုတ်သော အဖွဲ့များကို အားပေးရမည်ဟု ပါရှိသည်။ ထို့ကြောင့် ပါလီမန်တွင် စစ်တပ်၏ စီးပွားရေးလုပ်ပိုင်ခွင့်ကိစ္စ ဆွေးနွေးကြရန် ကြုံကြိုက်သော အခါများတွင် ကန့်ကွက်သူမရှိ ရှောရှောရှူရှူ အတည်ပြုလေ့ရှိသည်။ လက်ဝဲဝါဒီများက ပုဂ္ဂလိက စီးပွားရေးစနစ်ကို ဆန့်ကျင်သူများ ဖြစ်သောကြောင့် ထောက်ခံကြသည်။ တည်မြဲအမတ်များကမူ စစ်တပ်ပြုသမျှကို ထောက်ခံကြသည်။ သန့်ရှင်းအမတ်များကလည်း စစ်တပ်၏ နိုင်ငံရေးဖိအားကို တွန်းလှန်နေရသောကြောင့် စီးပွားရေးနယ်ချဲ့သည်ကို ဆန့်ကျင်သမှု မပြုကြပေ။

အရေးကြီးသည်မှာ စီးပွားရေးနယ်ချဲ့နေသော စစ်တပ်က နိုင်ငံရေးအာဏာနယ်ပယ်ကို ဝင်ရောက်လုယက်လာနိုင်သည်။ ကန့်ကွက်သူမရှိက တဆင့်ကဲလာလေမည်မှာ မုချ။

သတင်းစာလောကတွင် စစ်တပ်၏ လျှို့ဝှက်ရန်ပုံငွေနှင့် ထုတ်သော သတင်းစာနှင့် စစ်ဗိုလ်ကြီးများ၏ အိပ်ထဲမှ ထုတ်ပေးသော ငွေရင်းနှင့် လည်ပတ်သည့် သတင်းစာပါ စစ်တပ်ပိုင်သတင်းစာ နှစ်စောင်ရှိလာသည်။ ဤအချိန်တွင်'စစ်တပ်၏ စီးပွားရေးနယ်ချဲ့လုပ်ငန်းများကို ဝေဖန်တင်ပြဖို့ တာဝန်ရှိသူ တစုံတယောက် လိုအပ်လာသည်ဟု ယူဆမိသည်။ ထို့ကြောင့် ကြေးမုံက တာဝန်ယူပြီး စစ်တပ်စီးပွားရေးလုပ်ငန်းများ နယ်ကျယ်လာချိန်က စတင်ပြီး ပြင်းထန်စွာ ဝေဖန်ရေးသားခဲ့သည်။

စစ်တပ်က စိတ်ဓာတ်စစ်ဆင်ရေးအတွက် မြဝတီမဂ္ဂဇင်းထုတ်ဝေသည်ကို ကန့်ကွက်မှု





မပြုပေမယ့် မြဝတီမဂ္ဂဇင်းတိုက်က ပြက္ခဒိန်ထုတ်ဝေခြင်းနှင့် စာအုပ်ဆိုင်ဖွင့်သည်က စတင်ပြီး ပြင်းထန်စွာ ဝေဖန်ချက်ရေးသားကာ အယ်ဒီတာအာဘော်မှ ကန့်ကွက်ရေးသားခဲ့သည်။

မြန်မာပုံနှိပ်လောကတွင် သုဓမ္မဝတီ ပုံနှိပ်တိုက်နှင့် အခြားဘာသာရေးပုံနှိပ်တိုက်များက နိပါတ်တော်လာ ဆေးရောင်စုံပန်းချီကားများနှင့် ပြက္ခဒိန်ထုတ်မြဲဖြစ်သည်။ မြန်မာ့အလင်းသတင်းစာက ရက်ရာဇာ ပြဿဒါးနေ့များကို ဖော်ပြခြင်းမပြုဘဲ 'ကောင်းသောအကြံ၊ ကောင်းသောအမှု ပြုသူများအဖို့ နေ့မှန်သမျှသည် ရက်ရာဇာဖြစ်သည်၊ မကောင်းသောအကြံ အမှု ပြုသူများအဖို့ နေ့မှန်သမျှသည် ပြဿဒါးသာတည်း' ဟူသည့် ဆောင်ပုဒ်နှင့် ဆေးရောင်စုံ မျက်နှာဖုံးမပါဘဲ တစက်ချေးနှင့် ပုံနှိပ်ရောင်းချလေ့ရှိသည်။

နောက်ပိုင်းတွင် ရှုမဝမဂ္ဂဇင်းက ဆေးရောင်စုံ အမျိုးသမီးချောကလေးများ ပန်းချီပုံနှင့် ပြက္ခဒိန်စတင်ထုတ်သောအခါ လူကြိုက်များကာ ရောင်းကောင်းသည်။ တိုင်းရင်းမေ အမျိုးသမီးဂျာနယ်တိုက်က မိန်းမချောကလေးများ၏ ဓာတ်ပုံနှင့် ဆေးရောင်စုံပြက္ခဒိန်ထုတ်သည်။ ဝယ်သူများအဖို့ မိမိတို့ နှစ်သက်ရာကို ဝယ်ယူသုံးစွဲကြသည်။ ထိုပြက္ခဒိန် စီးပွားလောကတွင်းသို့ မြဝတီမဂ္ဂဇင်းက ဆေးရောင်စုံအမျိုးသမီးဓာတ်ပုံနှင့် ဝင်လာသောအခါ မင်ကျွမ်းနသပ်ရပ်လှပသော်လည်း လူထုက စစ်တပ်ကို ဆန့်ကျင်ကြသဖြင့် ဝယ်သူနည်းပါးသည်။ ဤတွင် အစိုးရဌာနများ မြဝတီပြက္ခဒိန်ကို ဝယ်ယူကြရမည်ဟု အမိန့်ထုတ်ကာ ရောင်းချသည်။

စစ်တပ်က အစိုးရအခွန်အတုတ်မပေးဘဲ စီးပွားရေးလုပ်ကာ အခွန်ပေးရသူ အရပ်သား ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် စီးပွားပြိုင်သည်မှာ မတရားပါဟု ပြင်းထန်စွာ ရေးသားကာ ကန့်ကွက်ဝေဖန်ခဲ့သည်။

စစ်တပ်လုပ်ငန်းများ၊ ဆိုင်များ၏ ဓာတ်ပုံဆောင်းပါးနှင့် ဝေဖန်ချက်ခေါင်းကြီးပိုင်းကို ဖော်ပြသောနေ့ နံနက် (၇) နာရီ (၁၅) မိနစ်တွင် တပ်မတော် သက်သာချောင်ချိရေး စီးပွားအဖွဲ့ဦးစီး ဗိုလ်မှူးကြီးက စစ်ရုံးသို့ လာရောက်ပြီး နံနက်စာ လက်ဖက်ရည်သောက်ကြပါဟု ဖိတ်သဖြင့် ချက်ခြင်းပင် သွားခဲ့သည်။ မိမိကို ဖမ်းချင်ဖမ်းလေမည်လားဟု စိတ်မချသောကြောင့် ဓာတ်ပုံသတင်းထောက်ကို အတူခေါ်သွားခဲ့မိသည်။

စစ်ရုံးသို့ ရောက်သောအခါ တကယ်ပင် လက်ဖက်ရည်ပွဲ တည်ခင်းပြုစုသည်။ ကြေးမုံ၏ သတင်းဆောင်းပါးနှင့် ခေါင်းကြီးဝေဖန်ချက်များအကြောင်း တလုံးတပါဒမျှ ဆွေးနွေးခြင်းမပြုဘဲ အလွှာပသလွှာပစကားများသာ ပြောကြသည်။ မှန်ကန်လှသော ကြေးမုံ၏ တင်ပြချက်ကို ပြန်လည်ချေပရန် မလွယ်ပါ။ နံနက်စာစားကြရင်း စာပေကိစ္စ၊ အနုပညာကိစ္စ စသော အငြင်းမပွားနိုင်သည့် အကြောင်းအရာများကိုသာ ပြောကြသည်။ တင်မောင် ဘာကြောင့်ရေးသည်ဟူသော အကြောင်းအရင်းကို သူနားလည်ပါသည်။

မြန်တော့မည်ဟု နှုတ်ဆက်ကြမှ 'တခုတော့ ကတိပေးပါတယ်'ဟု လေးနက်သော ကတိစကားကို သူကဆိုသည်။ "ကျနော်တို့လူတစု တပ်မှာရှိနေသရွေ့ ကာလပတ်လုံး စစ်တပ်က လက်နက်နဲ့ ခြိမ်းခြောက်ပြီး နိုင်ငံရေးအာဏာ လုကာမျိုး မဖြစ်စေရပါဘူး"ဟူ၏။

တင်မောင်အဖို့ စိတ်ကျေနပ်ပြီး ပြန်လာခဲ့မိသည်။ သူတို့အုပ်စုတွင် စစ်ဝါဒပြင်းသူ ဗိုလ်မှူးချုပ်မောင်မောင်လည်း ပါဝင်သည်။ သူတို့ လူငယ်စစ်ဗိုလ်တစုက 'မဟုတ်မတရား လက်

နက်နှင့် အာဏာလုမှုကို မလိုလား’ဟု ဆိုသည်ကို ယုံကြည်စိတ်ချသောကြောင့် ပီတိပင်ဖြစ်ခဲ့မိသေးသည်။

သူတို့အပေါ်က ပုဂ္ဂိုလ်ကြီး၏ ဝသီစရိုက်ကို သိထားစေကာမူ သံဃာ့အား ဘုရားမလွန်သာ ဆိုသကဲ့သို့ လူငယ်တစု၏ အင်အားအရ နိုင်ငံရေးအာဏာကို မဟုတ်မတရား လုကြလေမည်မဟုတ်ဟု ယုံကြည်ခဲ့မိသည်။

သူ၏ကတိက (၃) လတာမျှသာ ခံသည်။ ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလတွင်မူ လူထုက ရွေးကောက်တင်မြှောက်ထားသော သန့်ရှင်း ဖဆပလအစိုးရ၏ ဝန်ကြီးချုပ် ဦးနုအိမ်ကို အမြောက်နှင့်ချိန်ပြီး နိုင်ငံရေးအာဏာကို တောင်းသောအခါတွင် သူပင် ရှေ့တန်းမှ ပါလာသည်။

ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးကြီးအောင်ကြီးနှင့် ဗိုလ်မှူးကြီးတင်ပေတို့သည် ဗိုလ်ချုပ်ကြီးနေဝင်း၏ စေခိုင်းချက်အရ ဦးနုထံ အာဏာတောင်းကြသည်။ ကျနော်တို့လူစု တပ်ထဲတွင် ရှိနေသရွေ့ လက်နက်နှင့် အာဏာမလုဟူသော ကတိမှာ အထက်က ဗိုလ်ချုပ်ကြီး၏ အမိန့်အရ ပျက်ရလေတော့သည်။

• • • • •



(၁၆)

## ဥပဒေနှင့် အညီ စစ်တပ်က အာဏာသိမ်းပုံ

တည်မြဲအုပ်စုနှင့် စစ်တပ်တို့ နီးစပ်ကြရာ၌ ပိုမိုသွေးစည်းကြသည့် အကြောင်းရှိသေးသည်။ စစ်ဗိုလ်ကြီးအများမှာ တည်မြဲခေါင်းဆောင်များနှင့် ဆွေမျိုးတော်စပ်ကြသည်။ ဖဆပလခေတ်တွင် ကာကွယ်ရေးဝန်ကြီး ဦးဗဆွေက စစ်ဗိုလ်ကြီးအားလုံးတို့၏ ရာထူးတိုးတက်ရေး၏ ရွှေ့ပြောင်းရေးကိစ္စများကို စီမံခန့်ခွဲရသည်။ သူနှင့် မယားညီအစ်ကိုဖြစ်သူ ဗိုလ်မှူးကြီးကြည်ဝင်းက တပ်မှူးကြီးတဦးဖြစ်နေသည်။ အခြား ညီအစ်ကို သမီးယောက်ဖ၊ ဆွေမျိုးများအများရှိကြသည်။

တပ်နှင့် တည်မြဲနိုင်မာစွာ ဂဟေစွဲစေသည်မှာ ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်ထောင်သစ်ထူပွဲဖြစ်လေသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက ဆေးရုံအုပ်ကြီး ဒေါက်တာဘသန်း၏သမီး ဒေါ်ခင်မေသန်းအား တရားရုံးတော်တွင် လက်မှတ်ထိုးပြီး လက်ထပ်ခဲ့သည်။ ရုံးသို့အသွားတွင် နေရှင်း သတင်းထောက် မစ္စတာ လာဇရိုးက “ဂုဏ်ပြုပါတယ် ဗိုလ်ချုပ်ကြီးခင်ဗျား” ဟု မျက်နှာချိုသွေးကာ သတင်းဓာတ်ပုံရိုက်သောအခါ ဗိုလ်နေဝင်းက သတင်းထောက်ကို သူကိုယ်တိုင်ရိုက်နှက်ပြီး ကင်မရာကိုရိုက်ခွဲလိုက်သောကြောင့် သူ၏ မင်္ဂလာသတင်းကို သတင်းစာများက မရေးဝံ့ကြဘဲ နှုတ်ပိတ်နေကြသည်။

နောက်တနေ့တွင် မူလမယားကြီး ဒေါ်တင်တင်က “ကျမသာလျှင် မယားကြီး ဖြစ်ပါတယ်” ဟု ကြော်ငြာတိုကလေးကို သတင်းစာကြော်ငြာဌာနများသို့ အခကြေးငွေနှင့်အတူ ပေးပို့သည်။ ယင်းကြော်ငြာကိုလည်း သတင်းစာများက မထည့်ဝံ့ပါဟု ငြင်းပယ်ကြသည်။ မည်သည့်သတင်းစာကမှ မထည့်ဝံ့ဘဲ ရှောင်ကြ၏။

ထိုကြော်ငြာမှာ ထုံးတမ်းစဉ်လာ လူမှုရေးကြော်ငြာသာဖြစ်သည်။ မူလမယားကြီးက ကြော်ငြာပိုင်ခွင့်ရှိသည်ဟု ယူဆသောကြောင့် ဗမာ့ခေတ်မှာ အယ်ဒီတာချုပ်ဖြစ်နေသူ တင်မောင်က ထိုကြော်ငြာကို လက်ခံဖော်ပြရန် ဆုံးဖြတ်ခဲ့သည်။

ဆုံးဖြတ်ချက်ကို ပိုင်ရှင်ဦးအုန်းခင်ထံ တင်ပြသောအခါ “ထည့်ပေါ့ကွာ”ဟု သူက သဘောတူသည်။ သူက ဆက်လက်ညွှန်ပြသေးသည်။ “ဒီကြော်ငြာတိုကလေးလောက်နဲ့ မဖြစ်စလောက်တော့ မလုပ်နဲ့။ မင်းတကယ်သတ္တိရှိရင် ကျကျနန ပြည့်ပြည့်စုံစုံချပေါ့ကွ” ဟု ဩဝါဒပေးသောကြောင့် ကြော်ငြာအပ်လာသူအား “အပြည့်အစုံရေးပေးပါ။ ဓာတ်ပုံလဲ ထည့်ချင်တယ်၊ ကြော်ငြာခမယူပါဘူး”ဟု မေတ္တာရပ်လိုက်လေသည်။

နောက်တနေ့ ဗမာ့ခေတ်တွင် ‘ကျမသာ မယားကြီးဖြစ်ပါတယ်’ ဟု မယားကြီးဒေါ်

တင်တင်၏ ရေးသားချက်များကို အကျယ်တဝင့် ပုံနှိပ်နိုင်ခဲ့သည်။

'သခင်ရှမောင် နိုင်ငံရေးသမား ဘဝ၊ ငတ်ပြတ်နေစဉ်က ထောင်ထဲ ထမင်းအုပ်ပို့ပြီး ပေါင်းသင်းခဲ့ပါတယ်...' စသည်ဖြင့် စာမျက်နှာဝက်ခန့် ရှည်လျားစွာ ဖွဲ့နွဲ့ရေးသားထားသော ကြော်ငြာနှင့်အတူ ဗိုလ်ချုပ်ကြီးနေဝင်း မယားဒေါ်တင်တင်နှင့် ပေါင်းသင်းကြစဉ်က သားများနှင့်အတူ စုံတွဲရိုက်ထားသော ဓာတ်ပုံကို ဗမာ့ခေတ်တစောင်တည်းသာ ဖော်ပြနိုင်ခဲ့သည်။

ထိုအချိန်က ဗိုလ်နေဝင်းက ဝါးစားချင်လောက်အောင် စိတ်ဆိုးစေကာမူ တင်မောင်နှင့် ဗမာ့ခေတ်ကို လက်များနဲ့မှ မတို့ဝံ့ပါ။ အကြောင်းမှာ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်က သူ့အား များစွာစိတ်ဆိုးနေသဖြင့် ဖြစ်သည်။

ဗုဒ္ဓဘာသာ ဓမ္မသတ်အရ ယောကျာ်းသားတဦးက မယားအများ လက်ထပ်ပေါင်းသင်းခွင့်ရှိသည်။ သို့သော် ကာမပိုင်လင်ရှိသူ အမျိုးသမီးကိုမူ မည်သည့်ယောကျာ်းကမှ ပေါင်းသင်းခွင့်မရှိသည့်သာမက ရာဇဝတ်မှုမြောက်သည်။ လင်ရှိမယားတဦးကို လက်ထပ်ရန်မဆိုထားဘိ၊ လျှို့ဝှက်ပေါင်းသင်းလျှင်ပင် မယားနိုးမှု-ရာဇဝတ်မှုဖြစ်သည်။ ခင်မွန်းသည်က ရဲဌာနသို့ တိုင်ကြားမှု မပြုဝံ့စေကာမူ တပ်မတော်အကြီးအကဲက ရာဇဝတ်မှုကျူးလွန်သည်ကို ဝန်ကြီးချုပ်က လက်မခံနိုင်ဘဲ စိတ်မချမ်းမသာဖြစ်နေခဲ့သည်။

နောက်ဆုံးတွင် မိမိကိုယ်တိုင်က အကျင့်စာရိတ္တဖြူစင်ပြီး သာမန် မင်းမှုထမ်းများကိုပင် စာရိတ္တကောင်းမွန်စေလိုသော ဆန္ဒရှိသူ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊ သူ၏ အစိုးရအဖွဲ့၏ ဝန်ထမ်းတဦးဖြစ်သော တပ်မတော်သေနာပတိကြီးကို ဝန်ထမ်းများ ကျင့်ထုံးဥပဒေအရ အရေးယူရန် ဆုံးဖြတ်ခဲ့သည်။

တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းအား ရာထူးမှ ဖြုတ်ချရန် ဝန်ကြီးအဖွဲ့ လျှို့ဝှက်အစည်းအဝေးသို့ ဦးနုကတင်သောအခါ တက်ရောက်သူ ဝန်ကြီးအားလုံး သဘောတူကြသည်။ ကာကွယ်ရေးဝန်ကြီးများအနက် သာသနာရေးဝန်ကြီး ဦးဘစောက အစည်းဝေးပြီးလျှင်ပြီးချင်း ဗိုလ်နေဝင်း၏ အိမ်နောက်ဖေးပေါက်သို့တက်ပြီး သတင်းပေးလေသည်။ (ဦးဘစောကို ဗိုလ်နေဝင်းက ရာသက်ပန်မြှောက်စားသည်မှာ ထိုကြောင့်ဖြစ်၏။)

တင်မောင်သည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပါလီမန်အတွင်းဝန် မြန်အောင် သခင်ချစ်မောင်နှင့် ခင်မင်ရင်းနှီးသူဖြစ်သဖြင့် မကြာခဏ နံနက်စောစော သူ၏ အိမ်သွားကာ နံနက်စာ လက်ဖက်ရည်သောက်ရလေ့ရှိသည်။ တနေ့တွင် နံနက် (၇) နာရီမထိုးမီ သွားသောအခါ အစောင့်ကင်းတဲက တင်မောင်အား မဝင်ရဟု တားဆီးသည်။ "စောစောစီးစီး အရေးကြီးတဲ့ ပုဂ္ဂိုလ်ရောက်နေလို့ပါ" ဟု အစောင့်စစ်သားက ပြောရှာသည်။ မကျေမနပ်နှင့် ပြန်လှည့်ခဲ့ရ၏။

နောက်တနေ့နံနက်သွားမှ သခင်ချစ်မောင်နှင့် တွေ့ရသည်။ "ဗိုလ်နေဝင်းပြဿနာပေါ့ကွ၊ သူက ကိုယ့်ဆီလာပြီး အပူကပ်နေတယ်" ဟုပြောပြသည်။ "ဗိုလ်နေဝင်းက သူကိုယ်တိုင် ကိုဗဆွေနဲ့ ကိုကျော်ငြိမ်းတို့ထံ မျက်နှာမပြဝံ့လို့ သူ့ကို ကယ်ကြပါဦးလို့ ကိုယ်ကတဆင့် တောင်းပန်နေတယ်ကွ။ ကိုယ့်ဆီလာတာ လေးရက်ရှိပြီ" ဟု ပြောပြသည်။

ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့က ဖွတ်တောင်းပန်ကြသောကြောင့် ဦးနုက လျှော့ပေးလိုက်





သည်ဟု သိရသည်။ "ကွာ...ရဲဘော်ရဲဘက်တွေ မှားမိတော့လဲ ကူရမှာပေါ့"ဟု ပြောပြီး ထိုစဉ်က ကူညီခဲ့သူ သခင်ချစ်မောင်က နောက်ပိုင်းဖဆပလ အစိုးရခေတ်သို့ရောက်သောအခါ "ဒီကောင် ဗိုလ်နေဝင်း ညှဉ်းဆဲနိုင်တာ ငါ့ပျော့ကွက်ကြောင့်ပေါ့" ဟု ညည်းညူလေ့ ရှိရှာသည်။

မယားနိုးမှုကြောင့် ရာထူးမှ ဖြုတ်ချသည်ကို ခံရသူ ဗိုလ်ချုပ်ကြီးအား ရာထူးပြန်လည်ရရှိအောင် ဆောင်ရွက်ပေးလေသဖြင့် တည်မြဲတို့နှင့် စစ်တပ်သည် နှစ်ကိုယ့်တစိတ် ဖြစ်လာတော့၏။

နောက်ပိုင်းတွင် တည်မြဲနှင့် သန့်ရှင်းကွဲကြသောအခါတွင် ၁၉၅၈ ခု၊ ဇွန်လ (၉) ရက်နေ့တွင် သန့်ရှင်းဖဆပလအစိုးရကို အယုံအကြည်မရှိကြောင်းအဆိုကို တည်မြဲတို့က တင်သွင်းသည်။ ပါလီမန်တွင် တည်မြဲအင်အား (၉၇) မဲရှိရာကာမူ လက်ဝဲဝါဒီများဖြစ်သော ပမညတ အမတ် (၄၄) ဦးနှင့် လူမျိုးစုအမတ်များက သန့်ရှင်းကို မဲပေးကြသဖြင့် အင်အား (၅၁) ဦးသာရှိသော သန့်ရှင်းအဖွဲ့မှာ မဲ (၁၂၇) မဲ၊ (၁၁၉) မဲနှင့် အနိုင်ရခဲ့သည်။

နိုင်ငံရေးအခြေအနေမှာ တည်မြဲတို့နောက်မှ ရပ်နေသော စစ်တပ်၏ လောင်းရိပ်သည် ကြီးသည်ထက်ကြီးလာပြီး တည်မြဲတို့အာဏာမရမချင်း ဖိအားပေးလေတော့သည်။ တည်မြဲနှင့် စစ်တပ်ပေါင်းပြီး အာဏာရကြလျှင် စစ်တပ်ကွပ်ကဲသော ဖက်ဆစ်နိုင်ငံဖြစ်နိုင်သည့် နိမိတ်လက္ခဏာများ သိသာထင်ရှားစွာ မြင်တွေ့လာကြရသည်။ ထို့ကြောင့် ဦးနုဦးစီးသော သန့်ရှင်းအဖွဲ့နှင့် လူမျိုးစုခေါင်းဆောင်များတို့သည် ပမညတအဖွဲ့နှင့်ပါ ညှိနှိုင်းကာ အားလုံးတို့က စစ်တပ် ဩဇာထက်စေသည့် ပြည်တွင်းစစ်မီးကြီး ရပ်စဲရန် နည်းလမ်းရှာကြလေတော့သည်။

တင်းမာနေသည့် နိုင်ငံရေးအခြေအနေများ ပြေပျောက်ရေးအတွက် တည်မြဲသန့်ရှင်းတို့သာမက နိုင်ငံရေးအင်အားစု အားလုံးပါဝင်သော အမျိုးသားညီလာခံကြီး ကျင်းပမည်ဟု ၁၉၅၈ ခု၊ ဇွန်လတွင် ဦးနုက ကြေညာသည်။ နိုင်ငံရေးအင်အားစုများသာမက အလုပ်သမား၊ လယ်သမား၊ အမှုထမ်း အရာထမ်းများ၊ စာနယ်ဇင်းကိုယ်စားလှယ်များ၊ ကျောင်းသားများတို့ကို ဖိတ်ကြားရန်စီစဉ်သည်။

ထိုညီလာခံကြီးသို့ ပါဝင်တက်ရောက်နိုင်ကြရန် တောခိုသူအားလုံးကို ဖိတ်ခေါ်ပြီး လက်နက်ကိုင်သောင်းကျန်းသူမှန်သမျှကို သင်ပုန်းချေ လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟု ဇူလိုင်လတွင် အစိုးရက ကြေညာသည်။

ရေချမ်းအိုးကို အဖွဲ့တံဆိပ်သတ်မှတ်ကာ ပြည်တွင်းငြိမ်းချမ်းရေးရရှိမှုကို ဦးတည်ဖွဲ့စည်းထားသော ပမညတအဖွဲ့ကြီးက အမျိုးသားညီလာခံကို ထောက်ခံကြသည်။ 'တောတွင်းအင်အားစုများအား လက်နက်ကိုင်တိုက်ပွဲအသွင်မှ နိုင်ငံရေးတိုက်ပွဲစင်မြင့်သို့ တက်ခဲ့ကြပါ၊ လမ်းစဉ်ပြောင်းပါ' ဟု ကြေညာဖိတ်ခေါ်သည်။

သူပုန်ထနေကြသော ရဲဘော်ဖြူအဖွဲ့၊ မွန်ပြည်သူ့တပ်ဦးနှင့် ပအိုဝ်တပ်ပေါင်းစုတို့က အလင်းဝင်လာကြသည်။ ပါလီမန်တွင် ငြိမ်းချမ်းရေးလမ်းစဉ်ကို အမျိုးမျိုးဆွေးနွေးကြသည်။ ပွင့်လင်းစွာ ဆွေးနွေးကြသောအခါ 'ပြူစောထီးတပ်များကို ဖျက်ပေးပါ' ဟု တောင်းဆိုကြတော့သည်။ ပြူစောထီးတပ်မှာ စစ်တပ်နှင့် တည်မြဲတို့၏ လက်ကိုင်တုတ်တပ်ဖြစ်သည်။

စားပြမှုမှ နိုင်ငံရေးလူသတ်မှုများအထိ ကျူးလွန်ကြသည့် တည်မြဲတို့၏ ခါးပိုက်ဆောင်တပ်ဖြစ်သည့် ပြူစောထီးတပ်များ ဖျက်သိမ်းရေးကို တောင်းဆိုကြသဖြင့် ဝန်ကြီးချုပ်ဦးနုက တပ်မတော်အကြီးအကဲများကို ဆင့်ခေါ်ကာ ပြူစောထီးတပ်များကို ဖျက်ရန် အမိန့်ပေးလေသည်။

ပြူစောထီးတပ်များ ဖျက်ပေးရသည်ကို တပ်မတော်ဗိုလ်မှူးကြီးများက မကျေနပ်ကြပေ။ ထိုပြင် တွေ့ဆုံဆွေးနွေးသော နည်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်သည့်မှုကို စစ်တပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက လုံးဝမကျေနပ်ဖြစ်နေသည်။ သူက သူပုန်တို့ကို အပြတ်မတိုက်နိုင်စေကာမူ အပြတ်တိုက်ရေးမှုကို စွဲကိုင်ထားသည်။

ဂျပန်ဖက်ဆစ်စစ်တပ်က ဖွဲ့စည်းပေးသော တပ်မတော်တွင် ဗိုလ်နေဝင်းတယောက်သည် ဂျပန်စစ်ဗိုလ်ကြီးများ၏ လက်ရွေးစင် အမာခံဖြစ်သည်။ ဗိုလ်အောင်ဆန်း၊ ဗိုလ်လက်ျာတို့ မရှိသောခေတ်တွင် တပ်မတော်တွင် သူ၏ ဩဇာကြောင့် စစ်ဝါဒီထွန်းကားနေသည်။

ဂျပန်ကို စတင်တော်လှန်သူများသည် နိုင်ငံရေးခေါင်းဆောင်များနှင့် အလုပ်သမား၊ လယ်သမားများသာဖြစ်သည်။ အင်္ဂလိပ်ထံမှ လွတ်လပ်ရေးကို ရယူနိုင်သည်မှာ ကွန်မြူနစ်တို့တဘက်မှ အကြမ်းတပ်လှန့်ပေးနေခိုက် နိုင်ငံရေးခေါင်းဆောင်များက ဒီမိုကရေစီ တိုက်ပွဲဆင်နွှဲနိုင်သောကြောင့်ဖြစ်သည်ဟူသော အမှန်တရားကို ဖုံးကွယ်ပြီး တပ်ကသာ လွတ်လပ်ရေးကို တိုက်ခဲ့သည်ဟု ဦးနှောက်ဆေးထားလေသဖြင့် တပ်ဦးစီးများအဖို့ အမြင်မှန်မရနိုင်ဘဲ အသိမှားနေကြသည်။ လက်နက်ကိုင် လက်ဝဲဝါဒီများနှင့် စေ့စပ်ငြိမ်းချမ်းရေးကို တပ်ခေါင်းဆောင် အချို့က လက်မခံနိုင်ဖြစ်နေကြသည်။

"ဗမာ့တပ်မတော်ဆိုတာ လကွယ် ဥပုသ်နေ့ညတညမှာ၊ ဘုရားဝတ်ကျောင်း အတွင်းမှာ... ပြည့်တန်ဆာမတဦးကို သူခိုးတယောက်က မတရားကျင့်လို့ မုဒိမ်းကျင့်လို့ ရလာတဲ့သားဖြစ်တယ်။ အမေနဲ့အဖေ ဇာတိမမှန်ဘူး၊ ပဋိသန္ဓေတည်တဲ့နေရာနဲ့ အချိန်ကလည်း မကောင်းဘူး။ အမှန်တခုကို လုပ်မှာမဟုတ်ဘူး" ဟု သခင်စိုးက ဝေဖန်ခဲ့သည့်အတိုင်း တပ်မတော်တခုလုံး သမိုင်းတလျှောက်လုံး အမှားများကိုသာ ကျူးလွန်ခဲ့သည်။

တည်မြဲတို့နှင့် စစ်တပ်မှ တပါး တနိုင်ငံလုံးက လိုလားအားထုတ်နေကြသော ပြည်တွင်းငြိမ်းချမ်းရေး လမ်းစဉ်နှင့် ပတ်သက်ပြီး 'နိုင်ငံရေးသမားတွေ ထင်ရာလုပ်နေလျှင် စစ်တပ်က ခံမည်မဟုတ်' ဟူသော ခေါင်းစဉ်နှင့် စာတမ်းတခုကို စစ်တပ်နှင့်နီးစပ်သူ သခင်ကျော်စိန်က တင်မောင်ထံယူလာသည်။ ဦးနုထံပို့ပေးပါဟု ပြောသည်။ ကြေးမုံတွင် ပုံနှိပ်ရန်စီစဉ်ပြီးမှ ဗမာ့ခေတ်ဦးအုန်းခင်နှင့် တိုင်ပင်သည်။

"မင်းရှောင်နေ၊ ဒီစာကို ဗမာ့ခေတ်က ပုံနှိပ်မည်" ဟု သူက ပြောသည်။ ထိုစာတမ်းကို ဗမာ့ခေတ်တွင် ဖော်ပြပြီးသည့်နောက်ပိုင်းတွင် ဝန်ကြီးချုပ်ဦးနုက တနိုင်ငံလုံးသို့ ခရီးထွက်သည်။ ရောက်သမျှမြို့တွင်၊ စစ်တပ်အရာရှိရိပ်သာများတွင် တည်းခိုကာ သတ္တိပြသည်။ "မင်းတို့ သတ်ရဲလျှင် ငါခံရဲတယ်ကွ" ဟု ကြွေးကြော်ကာ ရင်ကော့ပေးသည်။ ဦးနုအား စစ်တပ်က လက်များနှင့်ပင်မတို့ဝံ့၊ ခြောင်ရင်ဆိုင်ခြေရှင်းရေးကို ဗိုလ်နေဝင်းနှင့် သူ့၏ စစ်တပ်က များစွာ ကြောက်ရွံ့သည်။





ဦးနုကို ထိပါးခြင်းမပြုဝံ့သော စစ်တပ်က နယ်မြေငယ်တချို့တွင် သန့်ရှင်းဖဆပလရုံးများကို ဝင်ရောက်သိမ်းပိုက်ကာ အစိုးရကို အန်တုသည်။

၁၉၅၈ ခု၊ စက်တင်ဘာလ (၂၆) ရက်နေ့တွင်မူ ဝင်ဒါမီယာရပ်ကွက်တွင်ရှိသော ဝန်ကြီးချုပ်ရုံးနှင့် အိမ်ကို အမြောက်နှင့်ချိန်ရွယ်ထားပြီး ဗိုလ်ချုပ်ကြီးနေဝင်းက ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးကြီးအောင်ကြီးနှင့် ဗိုလ်မှူးကြီးတင်ဖေတို့အား ကိုယ်စားလှယ်စေလွှတ်ကာ သန့်ရှင်းအစိုးရသည် အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကြီး၏ အနှစ်သာရကို ဖောက်ဖျက်နေသဖြင့် တပ်မတော်က သည်းမခံနိုင်ပါဟု တင်ပြစေသည်။

ဝန်ကြီးချုပ်ဦးနုက ရှင်းလင်းလွယ်ကူသော အဖြေကိုပေးသည်။ သန့်ရှင်းအစိုးရ လမ်းမှားနေသည်ဆိုပါက ရွေးကောက်ပွဲသစ်ကျင်းပပြီး လူထု၏ အဆုံးအဖြတ်ကို ခံယူကြရမည်ဖြစ်သည်။ အာဏာလက်ရှိ သန့်ရှင်းအစိုးရက ရွေးကောက်ပွဲကျင်းပမည်ဆိုပါက ရွေးကောက်ပွဲသည် တရားမျှတမှုမရှိဟု စွပ်စွဲနိုင်သေးသည်။ ထို့ကြောင့် တပ်မတော်ကပင် ယာယီကြားဖြတ်အိမ်စောင့်အစိုးရ ဖွဲ့စည်းပြီး တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးပါဟု ဒီမိုကရေစီအစဉ်အလာကို တင်ပြသည်။

နိုင်ငံရေးအာဏာကို တပြိုင်နက်တည်း လုယူရန်စီစဉ်သော ဗိုလ်နေဝင်းအကြံမှာ ပျက်သွားကာ စစ်တပ်အစိုးရသည် ဖွဲ့စည်းပုံ ဥပဒေအရ အိမ်စောင့်အစိုးရ အဖြစ် တက်လာရတော့သည်။ တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးရန် တာဝန်ကြီးကိုလည်း ယူလိုက်ရသေးသည်။

အကြောင်းရင်းမှန်မှာ ဗိုလ်ချုပ်ကြီးနေဝင်းက လက်ဝဲသူပုန်များနှင့် စေ့စပ်ဆွေးနွေးသည့် ငြိမ်းချမ်းရေးမှုကို မကျေနပ်သဖြင့် အာဏာတောင်းသည်မဟုတ်ပါ။ ဒီမိုကရေစီနှင့် အခြေခံဥပဒေကို ယုံကြည်မှုမရှိသဖြင့် စစ်အာဏာရှင်နိုင်ငံထူထောင်ရန် အာဏာလုသည်သာဖြစ်သည်။ တပ်မတော်က အစိုးရဖွဲ့ကာ ရွေးကောက်ပွဲကျင်းပပေးပါဟု ဦးနုက တင်ပြသော ဒီမိုကရေစီ လမ်းစဉ်ကို ပယ်ချရန် ဆင်ခြေလမ်းစဉ်တင်ပြခြင်းမပြုနိုင်သောကြောင့် လက်ခံရသည်ဖြစ်၏။

အကယ်၍ စစ်တပ်က စစ်အာဏာရှင်နိုင်ငံတည်ထောင်မည်ဟု စီစဉ်တောင်းဆိုပါကလည်း ဦးနုက အညံ့ခံမည်မဟုတ်၊ အာဏာလွှဲပေးမည်မဟုတ်၊ တနည်းနည်းနှင့် ပြန်လည်ခုခံမည်ဖြစ်သည်။

သေနတ်တလက်၊ ဓားတချောင်းကိုမှ ကိုင်ဆောင်ခြင်းမပြုခဲ့ဖူးသူ၊ နိုင်ငံခေါင်းဆောင်ဦးနုသည် လူသတ်ရဲသော စစ်သားကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဗိုလ်မှူးကြီးများထက် သတ္တိကြီးမားသူဖြစ်သည်ကို သူတို့သိကြသဖြင့် ပေးသမျှအာဏာကို ပေးအပ်သည့်နည်းနှင့် လက်ခံခဲ့ကြရသည်ဖြစ်၏။

• • • • •

## (၁၇)

## ဗိုလ်ချုပ်ကြီးနေဝင်း၏ ပထမဆုံးနှင့် နောက်ဆုံးသတင်းစာရှင်းပွဲ

အိမ်စောင့်အစိုးရတက်လာသောအခါတွင် ဗိုလ်တထောင်၊ ကြေးမုံနှင့် ရန်ကုန်သတင်းစာတို့ကို အပြစ်ရှာပြီး ပိတ်လေသည်။ အယ်ဒီတာများကို ထောင်ဒဏ်ပေးပြီး၊ သတင်းစာတိုက်များကို အစိုးရသိမ်းစေဟု စီရင်ချက်ချမှတ်၏။

ကြေးမုံပိတ်သောနေ့က တင်မောင်က မန္တလေးမြို့သို့ရောက်နေသည်။ ရန်ကုန်တွင် နံနက်စောစော ရဲတို့ သတင်းစာတိုက်သို့ ရောက်လာကာ ပုံနှိပ်စက်များကို ချိပ်ပိတ်သည်။ တယ်လီဖုန်းသတင်းရလျှင်ရချင်း မီးရထားနှင့် ရန်ကုန်ပြန်ခဲ့ရသည်။ အယ်ဒီတာ ဦးကြည်မြင့်ကို ဖမ်းသွားသည်ဟု တိုက်မှပြောသောသတင်းအရ မိမိကိုပါ ရန်ရှာလေမည်ဟု စိတ်ထဲ၌ စနိုးစနောင့်ရှိသောကြောင့် အိမ်သို့ တိုက်ရိုက်မပြန်ခဲ့ဘဲ ရှောင်ခဲ့သည်။

တင်မောင်၏ မိသားစုသည် သတင်းစာတိုက်အပေါ်ထပ်တွင်ပင် နေကြသည်။ အိမ်သို့ တိုက်ရိုက်မပြန်သေးသည်သာမက ရန်ကုန်ဘူတာအရောက်ပင်မစီးတော့ဘဲ သက်န်းကျွန်းဘူတာတွင် ဆင်းခဲ့သည်။ ဘူတာမှ အငှားကားတစီးကို ငှားကာ မြို့တွင်းရှိ မိတ်ဆွေတဦး၏ အိမ်တွင် ခိုနေခဲ့သည်။ မိမိထင်သည့်အတိုင်းပင် ရန်ကုန်ဘူတာကြီးတွင် စစ်စုံထောက်များ စောင့်နေကြပြီး သတင်းစာတိုက်ကိုလည်း စောင့်ကြည့်နေကြသည်ဟု သိရသည်။

တိုက်ကို ချိပ်ပိတ်ပြီး အယ်ဒီတာ ဖမ်းရုံနှင့် မပြီးဘဲ တင်မောင်ကိုပါ ဖမ်းရန် ရှာဖွေနေကြသည်ဆိုသဖြင့် အမှုမရှိသော တင်မောင်အား ကိုကိုးကျွန်းသို့ ပို့ရန် သေချာနေလေပြီ။

အိမ်စောင့်အစိုးရက တည်ဆောက်ဖွင့်လှစ်သော ကိုကိုးကျွန်းစခန်းတွင် မြောက်မြားစွာသော လက်ဝဲဝါဒယုံကြည်သူ နိုင်ငံရေးသမားများ၊ စာရေးဆရာများကို ချုပ်နှောင်ညှဉ်းဆဲနေသည်။ ကိုကိုးကျွန်းထောင်စခန်းသို့ သဘော်ာမှန်မှန်မသွားနိုင်သောကြောင့် အစာရေစာမပြည့်စုံသဖြင့် အကျဉ်းသားများ ဆင်းရဲပင်ပန်းကြကြောင်း၊ ငါးဖမ်းပြီး စားသောက်ကြရကြောင်း သတင်းများကို သိထားသဖြင့် ထိုထောင်စခန်းသို့ မသွားလိုသည်မှာ အမှန်ဖြစ်သည်။

တင်မောင်ကလည်း တင်မောင်ပင်။ မှန်သည့် ယူဆသည်ကို ရေးရုံမျှမက မှန်သည်ထင်ရာကို ပြောလေ့ရှိသည်။ အိမ်စောင့်အစိုးရအဖွဲ့တက်လာစက စစ်ဗိုလ်ကြီးများက သတင်းစာဆရာများကို ပြုစုသော ညေ့်ခံပွဲတခုတွင် "တပ်မတော်ရဲ့ အစွမ်းကို သိပါတယ်။ အစွမ်းထက်ပါလျက် (၁၁) နှစ် ကြာလာပြီဖြစ်တဲ့ ပြည်တွင်းစစ်ကြီးကို အပြီးအပြတ်မတိုက်တာဟာ သူပုန်သူကန်တွေကို မွေးမြူထားသလို ဖြစ်နေပါတယ်"ဟု ဝေဖန်မိသည်။





စားပွဲမျက်နှာချင်းဆိုင်မှာ ထိုင်ပြီး ခပ်အေးအေးနားထောင်နေသူ၊ အသားဖြူဖြူနှဲနှဲ စစ်ဗိုလ်က "ဝုန်းကနဲ" စားပွဲကို ထုပြီး၊ "တပ်မတော်ကို ဒီလောက်စော်ကားတာကို မခံနိုင်ဘူး" ဟု အော်ပါတော့သည်။ တင်မောင်ကလည်း အားကျမခံ စားပွဲကို သူ့ထက်ပြင်းအောင်ထုပြီး "သတင်းစာဆရာဆိုတာ မှန်တယ်ထင်တာကို ပြောရမှာပဲ" ဟု အော်မိသည်။

နှစ်ယောက်သား စားပွဲကို တဖုံးဖုံး ထုနေကြသောအခါ အခြားစစ်ဗိုလ်ကြီးများက လာရောက်ဖျန်ဖြေပေးကြရသည်။

ညေ့်ခံပွဲမှ ပြန်လာသောအခါ ဆရာဝေနက "ခင်ဗျားက ဗိုလ်မှူးချုပ်မောင်မောင်ကိုမှ သွားပြီး ရန်ဖြစ်လေတယ်ဗျာ"ဟု ဆူတော့၏။ "သူက ပင်နီအင်္ကျီနဲ့ဆိုတော့ မသိဘူးလေ"ဟု ဆရာ့ကို ထုချေရသည်။

ပြေးလွှားနေရာမှ ဆရာဇဝနထံ ဖုန်းဆက်သောအခါ "အေးလေ၊ ကျောင်းတော်က ရန်ကဲ ပြေးနိုင်မှ လွတ်ရမယ့်ဘဝရောက်နေပြီပေါ့" ဟု သရော်၏။ ထိုစဉ်က ဆရာဇဝနက ကြေးမုံအစုရှင်၊ ဆောင်းပါးရှင်ဆိုစေကာမူ မြဝတီမဂ္ဂဇင်း၏ အယ်ဒီတာချုပ်ရာထူးကို ရယူထားသောကြောင့် စစ်တပ်၏ ဝန်ထမ်းလည်းဖြစ်နေသည်။

ဝရမ်းပြေးလူဆိုးကြီးအဖြစ်ရှောင်နေရာမှ ကယ်နိုင်လိုကယ်နိုင်ငြား နိုင်ငံရေးငယ်ဆရာ တဦးဖြစ်ခဲ့သူ ဗိုလ်မှူးကြီးကြည်ဝင်းအိမ်ကို သွားမိသည်။ သူက ကမ္ဘာအေးဘုရားလမ်းတွင် နေထိုင်သည်။ သူမရှိသောကြောင့် အိမ်သားများကို မှာကြားပြီး ထွက်လာခဲ့သောအခါ နံနက် (၈) နာရီ ရုံးတက်ချိန်ရောက်သဖြင့် ကားလမ်းမှာ စည်ကားလာသောကြောင့် သူ၏ အိမ်နှင့် ဝင်းချင်းကပ်နေသည့် အမေရိကန်သံရုံးမှ ပြန်ကြားရေးအရာရှိ မစ္စတာရုပ်၏ အိမ်ဝင်းထဲသို့ ဝင်ပြီးခိုနေရင်း နှုတ်ဆက်မိပါသည်။

တင်မောင်နှင့် မစ္စတာရုပ်တို့မှာ ပြဒါးတလမ်း၊ သံတလမ်း နိုင်ငံရေးအယူအဆ မတူညီကြသူများဖြစ်ကြ သည်။ မိတ်ဆွေဟု ခေါ်ဆိုမည့်အစား ငြင်းခုံဖက် နှစ်ဦးဟု ဆိုသင့်၏။

ထိုနေ့က သူက တင်မောင်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်နေဟန်ရှိသည်။ "မင်း ကိုကိုးကျွန်း သွားရတော့မှာပဲ၊ မကြောက်ဖူးလား" ဟု မေးသဖြင့် "ကြောက်တာပေါ့ဗျ" ဟု အမှန်အတိုင်း ဖြေမိသည်။

မစ္စတာရုပ်က ပိုမိုစိတ်မကောင်းဟန်တူသည်။ "ရှောင်လို့ရတဲ့နည်းမရှိဘူးလား" ဟုမေးမြန်းသဖြင့် "နိုင်ငံသားမှန်သမျှ စစ်တပ်လက်ခုပ်ထဲက ရေဆိုတော့ သူတို့ ညှဉ်းသမျှ ခံကြရမှာပဲ" ဟု ဖြေလိုက်သည်။

"မင်းအမေရိကန်သံရုံးမှာ နိုင်ငံရေးခိုလှုံခွင့်တောင်းပါလား"ဟု သူက တင်မောင်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး လေးလေးနက်နက်ပြောသဖြင့် အံ့ဩဝမ်းသာဖြစ်မိသည်။ အထက်တွင် ဆိုခဲ့သည့်အတိုင်း မစ္စတာရုပ်နှင့် တင်မောင်တို့အဖို့ မည်သည့်နိုင်ငံရေးသတင်းမှ အမြင်မတူဘဲ ငြင်းဆိုဖက်သာ ဖြစ်ကြသည်။ အယူအဆများသည် အမြဲတမ်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သူများဖြစ်ကြလေသည်။ သူ၏ စေတနာကြောင့် ပီတိဖြစ်သော်လည်း ဇာတိမြေကို စွန့်ခွာရန် တထိုင်တည်း ဆုံးဖြတ်ခြင်းမပြုနိုင်သောကြောင့် ကျေးဇူးတင်စွာနှင့် စဉ်းစားပါမည်ဟု ပြောကာ ပြန်ခဲ့သည်။

နောက်တနေ့နံနက် အထောက်တော်သတင်းစာတွင် 'ကြေးမုံဦးသောင်း အမေရိကန် သံရုံးသို့ နိုင်ငံရေး ခိုလှုံခွင့်တောင်းခြင်း' ဟူသော သတင်းပါလာတော့သည်။

မဟုတ်မမှန်ကြောင်း ဖြေရှင်းချက်ကို ဗမာ့ခေတ်က ဖော်ပြပေးသည်။ ဂါးဒီယန်း ဦးစိန်ဝင်းထံ ဆက်သွယ်သောအခါတွင် "ခင်ဗျားကို မဲနေကြတယ်။ လုံခြုံတဲ့နေရာတခုမှာ ခိုနေပါလေ" ဟု သူကပြောရင်း "နေရာကောင်းရဖို့ကလဲ မလွယ်ပါလား၊ ဒီတော့ ကျနော့်အိမ်ကိုလာခဲ့"ဟု ခေါ်ရှာ၏။ သူ၏ အိမ်တွင် (၁၅) ရက်ခန့် ပုန်းအောင်းနေခဲ့ရသည်။

ဗိုလ်မှူးချုပ်မောင်မောင်နှင့် စစ်ဗိုလ်ကြီးများသည် ဂါးဒီယန်းတိုက်သို့ ညစဉ်လာပြီး ထိုင်လေ့ရှိကြသည်။ နေ့ပိုင်းလည်း ဦးစိန်ဝင်းအား ဗိုလ်မှူးချုပ်မောင်မောင်က ရုံးသို့ခေါ်ပြီး ဆွေးနွေးလေ့ရှိသည်။ သူက ညသန်းခေါင်ကျော် အိမ်ပြန်လာပြီး သိခဲ့ရသမျှသော နိုင်ငံရေးသတင်းများကို ပြန်လည် ဖောက်သည်ချသည်။

ဆန်းကြယ်သော တင်မောင်တို့၏ ဘဝကို ရယ်မိကြသည်။ သူ၏ တရားခံဝရမ်းပြေးဖြစ်သူ တင်မောင်အား ဦးစိန်ဝင်းက လက်ခံထားရုံသာမက သူပြောသည့်သတင်းများကို ဆွေးနွေးကြသည်ကို ဗိုလ်မှူးချုပ်မောင်မောင်သာ သိရှိပါလျှင် ဦးစိန်ဝင်းကို သတ်ပစ်မည်ကိုပင် ကြောက်ရသည်။ ဦးစိန်ဝင်းသည် စစ်တပ်ပိုင်သတင်းစာတွင် အလုပ်လုပ်နေသူဖြစ်ပါလျက် စစ်တပ်ထက် ရဲဘော်ရဲဘက် သတင်းစာ လောကသားများအပေါ် သစ္စာရှိသည်။ ဦးစိန်ဝင်း၏ သတ္တိက ကြီးမားလှပါသည်။ တင်မောင်သာ သူ၏နေရာမှာ ရှိနေလျှင် သူကဲ့သို့ ကူရဲပါမည်လောဟု မိမိကိုယ်မိမိ မကြာခဏ မေးခွန်းထုတ်မိသည်။

တလကျော်ကြာ ပုန်းအောင်းနေပြီးမှ တင်မောင်၏ အပေါ်၌ ထားရှိသော ဒေါသပြေစပြုပြီဟု ဦးစိန်ဝင်းထံမှ သိရသဖြင့် တောင်းပန်ပြီး လက်နက်ချဝင်ရသည်။ စစ်ရုံးချုပ်ကို သွားပြီး ဗိုလ်မှူးချုပ်မောင်မောင်ကို တွေ့ရသောအခါ "ခင်ဗျားက ကျုပ်နဲ့ ရန်ဖြစ်ထားတော့ ကိုကိုကျွန်းကိုပို့လျှင် ရန်စကြောင့် ပို့တယ်ပြောကြမှာမို့ စာရင်းမှာ ဖျက်ထားလိုက်တယ်" ဟု ပြောပြီး လွတ်ငြိမ်းခွင့်ပေးလိုက်သည်။

အိမ်စောင့်အစိုးရခေတ်က နေ့တနေ့တွင် ဝန်ကြီးချုပ်ဗိုလ်ချုပ်နေဝင်း၏ သတင်းစာရှင်းပွဲကို စစ်ရုံးသို့ ဖိတ်သဖြင့် ပြည်တွင်းပြည်ပသတင်းထောက် ငါးဆယ်ခန့် တက်ကြသည်။

ဝန်ကြီးအမည်မခံဘဲ ဝန်ကြီးရာထူးကို ထမ်းရွက်နေသော တာဝန်ခံစစ်ဗိုလ်ကြီးများ ကြိုဆိုပြီး တင်မောင်တို့ သတင်းထောက်များကို အစည်းအဝေးခန်းမတွင် နေရာချပေးပါသည်။ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းမလာသေးသဖြင့် စောင့်နေကြရသည်။ ဖိတ်ခေါ်သော အချိန်နာရီထက် (၂) နာရီနောက်ကျပြီး ဗိုလ်ချုပ်နေဝင်းရောက်လာသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် အစည်းအဝေးခန်းမထဲသို့ မလာသေးဘဲ အတွင်းခန်းထဲတွင် သူ၏ဝန်ကြီးစစ်ဗိုလ်ကြီးများအား အော်ဟစ်ကြိမ်းမောင်းသံများကို သတင်းထောက်များကြားကြရသည်။ တဖြည်းဖြည်း ဒေါသတိုးတက်လာကာ စစ်ဗိုလ်ဝန်ကြီးများအားလုံးကို အော်ကြီးဟစ်ကြီး မအေ၊ နှစ်မ ပယ်ပယ်နယ်နယ်ဆဲရေးတော့သည်။ မအေတွေ၊ နှစ်မတွေကို ငါကိုင်တုတ်ပြီး "မင်းတို့က ဘာလို့ သတင်းစာရှင်းလင်းပွဲ လုပ်ချင်ကြတာလဲ" လို့ ဆူပူသံကိုလည်း ကြားနေရသည်။ (၁၅) မိနစ်ခန့် အားရအောင် ဆဲနေရာမှ အစည်းဝေးခန်းမတွင်းသို့ ဝင်လာ





သည်။ စစ်ဗိုလ်ကြီးများမှာတို့မှာ ရှက်ပြုံးကိုယ်စီနှင့် မချိုမချဉ်၊ လက်များကို နောက်သို့ပစ်ကာ နောက်မှ လိုက်လာကြသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက စင်မြင့်ပေါ်ရှိ သူ၏ ကုလားထိုင်မှာ နေရာယူသည်။ မိနစ်ခွန်းတပါဒမှ မချွေဘဲ ငူငူကြီးထိုင်နေသည်။ တင်မောင်တို့ သတင်းထောက်အားလုံးတို့မှာလည်း မည်သို့ မျက်နှာထားရမည်မသိ၊ အူကြောင်ကြောင်နဲ့ ငိုင်ကြည့်နေမိကြသည်။

အတန်ကြာမှ ..."ခင်ဗျားတို့ကကော ဘာမေးချင်တာလဲ" ဟု ကျယ်လောင်သော ဒေါသသံကြီးနှင့် ဗိုလ်ချုပ်နေဝင်းက နှုတ်ဆက်သည်။ ပြည်တွင်းပြည်ပ သတင်းထောက်ငါးဆယ်ကျော်တို့မှာ နှုတ်ပိတ်သွားသည်။ မည်သူကမှ မေးခွန်းမမေးဝံ့ဘဲ ငြိမ်သွားသည်။ စောစောက ဆူပွက်နေသော အခန်းကြီးမှာ အပ်ကျသံကို ကြားရလောက်အောင် တိတ်ဆိတ်သွားတော့သည်။

"မေးချင်တာမေးကြလေ" ဟု သူက နောက်တခွန်းထပ်ပြီးဟောက်ပြန်သည်။ မေးခွန်းထုတ်ဝံ့သော သတင်းထောက်တယောက်မှ ထွက်မလာ။

ဤသို့ လိပ်ခဲတည်းလည်း ဖြစ်နေချိန်တွင် ရှေ့ဆုံးတန်း၌ ထိုင်နေသူ ဗမာ့ခေတ် ဦးအုန်းခင်က ယဉ်ကျေးစွာထိုင်နေရာမှ ခြေထောက်တဖက်ကို ကုလားထိုင်ပေါ်တင်လိုက်သည်။ လုံချည်လျော့ကျသဖြင့် ပေါ်လာသည့် သူ၏ဒူးကို တဖျပ်ဖျပ် ဖြည်းဖြည်းလေး ပုတ်လေသည်။ ဖျပ်ဖျပ်နှင့်၊ စည်းဝါးမှန်မှန်နှင့် ဒူးပုတ်သံကြီးက ခန်းမကို လွှမ်းမိုးသွားသောအခါ ဗိုလ်ချုပ်နေဝင်းက ဦးအုန်းခင်ကို စိုက်ကြည့်တော့သည်။

"ဗိုလ်နေဝင်း" ဟု ဦးအုန်းခင်က စတင်ခေါ်လိုက်သည်။ တွေ့ဖူးသူများ သိကြသည်။ ဦးအုန်းခင်က အသံအောင်သည်။ ဗိုလ်ချုပ်ကြီး သို့မဟုတ် ဝန်ကြီးချုပ်ဟု ခေါ်ဆိုခြင်းမပြုသည်မှာ ဦးအုန်းခင်က သူ့ကို စိန်ခေါ်လိုက်သည်ဟု ဗိုလ်ချုပ်နေဝင်းနှင့် တကွ တခန်းလုံးက သိလိုက်သည်။ နားလည်လိုက်ကြသည်။

"ကျုပ်တို့တတွေ လာကြရတာက ခင်ဗျားတို့က ပြောချင်တာရှိတယ်ဆိုပြီး ဖိတ်လို့လာကြတာ၊ မေးစရာမရှိဘူး။ ခင်ဗျားပြောချင်တာရှိရင် ပြောပါ။ မရှိရင် ပြန်ရုံပဲ။ ကျုပ်တို့ အချိန်ကုန်မခံနိုင်ဘူး" ဦးအုန်းခင်က အသံကျယ်ကျယ်နှင့် ပီပီသသ တလုံးချင်း၊ တလုံးချင်း ပြောတော့သည်။

သူက ဒေါသမီးတောက်လာသော မျက်လုံးကြီးများနှင့် ဦးအုန်းခင်ကို စိုက်ကြည့်သည်။ လင်ရှိမယားနှင့် မဂ်လာဆောင်သောနေ့က ဓာတ်ပုံရိုက်မိသူ နေ့ရှင်းသတင်းထောက်၏ ကုပ်ပိုးကို တချက်တည်းနှင့် အလဲအုပ်ပြီး ကင်မရာကို ရိုက်ခွဲသည်ကို မြင်ဖူးကြသော တင်မောင်တို့ သတင်းထောက်များမှာ ဦးအုန်းခင်အတွက် စိုးရိမ်မိကြသည်။ ပွဲကြီးပွဲကောင်းတခု ကြည့်ရတော့မည်ဟုလည်း ထင်မိကြသည်။

ဗိုလ်ချုပ်နေဝင်းက ဦးအုန်းခင်၏ စကားလုံးများကို စဉ်းစားနေဟန်နှင့် (၅) မိနစ်ခန့် ထိုင်နေသေးသည်။ နောက်ဆုံးတွင် ဒေါသအိုး ဗိုလ်ချုပ်ကြီးသည် စကားတခွန်းမှ နောက်ထပ် မထွက်နိုင်ဘဲ စင်မြင့်ပေါ်မှ ဆင်းပြေးလေတော့သည်။

တပ်မတော်စစ်သေနာပတိ 'ဝန်ကြီးချုပ်'ကြီး၊ ဗိုလ်ချုပ်ကြီးနေဝင်းအဖို့ ရှမ်းနှင့် ဆင်

လယ်ပြင်တွင် တွေ့ကြသောအခါ၌ သတင်းစာဆရာဦးအုန်းခင်ကို အညှာခံ အရှုံးပေးရ်ရှာလေသည်။

ထိုသတင်းစာရှင်းပွဲသည် ဗိုလ်နေဝင်း၏ ပထမဆုံးနှင့် နောက်ဆုံး သတင်းစာ တွေ့ဆုံရှင်းလင်းပွဲကြီးဖြစ်တော့သည်။ သူ၏ တသက်တာတွင် သတင်းစာရှင်းပွဲ မလုပ်ရဲတော့ပေ။ နိုင်ငံခြားသွားသောအခါများတွင် မြန်မာနိုင်ငံခြားရေးဌာနက အိမ်ရှင်နိုင်ငံထံ ပထမဆုံး မေတ္တာရပ်ခံချက်မှာ သတင်းထောက်များနှင့် မတွေ့ပါရစေနှင့် ဟူသော ပန်ကြားချက် ဖြစ်တော့သည်။

ဦးအုန်းခင်အား အရှုံးပေးရသောနေ့ကစပြီး ဗိုလ်နေဝင်းက သတင်းစာဆရာဟူသော ဝေါဟာရကို လုံးဝ အသုံးမပြုတော့ဘဲ "သတင်းရောင်းစားတဲ့ကောင်တွေ" ဟု ခေါ်ဝေါ်လေ့ရှိသည်။

ဇာတ်ပေါင်းပြန်တော့လည်း ဗိုလ်နေဝင်းကပင် အနိုင်သူပါသည်။ ၁၉၆၂ ခုနှစ်၊ စစ်တပ်က အပြီးအပိုင်အာဏာသိမ်းသော တော်လှန်ရေး အစိုးရခေတ်တွင် ပထမဆုံးဖမ်းခံထိသူမှာ ဦးအုန်းခင် ဖြစ်ရပြန်ရှာသည်။

• • • • •



(၁၈)

## ဝန်ကြီးချုပ်ဦးနု ပြန်လာပြီးနောက်

၁၉၆၀ ခုနှစ် ရွေးကောက်ပွဲသည် မြန်မာလူထု၏ နိုင်ငံရေးအသိစိတ်ဓာတ်ကို မှတ်ကျောက်တင်သည့် ရွေးကောက်ပွဲအဖြစ် မှတ်တမ်းတင်သင့်ပါသည်။

အိမ်စောင့်စစ်အစိုးရက သူတို့ကို ထောက်ခံမှု မပြုသူမှန်သမျှ ဖမ်းဆီးပြီး တဲအိမ်များကို ဖျက်နေချိန်တွင် ဦးနုက 'လူထုကြီးမှာ ဒူးနဲ့မျက်ရည်သုတ်ကာ ခံနေကြရတယ်' ဟု ပြတ်သားသည့် မိန့်ခွန်းကို စတင်ဟောကြားပြီး စစ်အစိုးရ မတရားမှုတွေကို ဆန့်ကျင်သောအခါ လူထုက အားကိုးတကြီးနှင့် ဦးနု၏နောက်မှ ရပ်တည်ကြပါသည်။ တင်မောင်လည်း သူ့ကို အားကိုးမိပါ၏။

အိမ်စောင့်အစိုးရခေတ်၌ ဝရမ်းပြေးဘဝက လွတ်လာသောအခါ ကြေးမုံကို ပိတ်ထားသောကြောင့် အိုးဝေသို့သွားပြီး နေ့စဉ် ဆောင်းပါးရေးရသည်။ တည်မြဲ၊ သန့်ရှင်းအကွဲတော်ပုံ၏ အများပြည်သူတို့ ထင်မြင်ချက် စစ်ဖျက်နာတွင် သန့်ရှင်းတို့ဘက်မှ အပြီးအပြတ် အနိုင်ရသောကြောင့် ရွေးကောက်ပွဲတွင် အနိုင်ရရန် သေချာနေပါသည်။ ထိုအချိန်တွင် ဥက္ကဋ္ဌကြီး ဦးနုက တင်မောင်ကို တွေ့ချင်တယ်ဟု ခေါ်ပါသည်။ ဝန်ကြီးချုပ်လောင်းကြီးက သူတို့ တက်လာသောအခါတွင် ဖမ်းထားသည့် အယ်ဒီတာကိုလွှတ်ပေးပြီး သိမ်းထားသည့် သတင်းစာတိုက်ကို ပြန်ပေးရန် ကူညီလေမည်ဟု မျှော်လင့်ချက်ကြီးတခွဲသားနှင့် သွားမိသည်။

'မင်းအခု ရင်ဆိုင်နေရတာတွေက အရင်ဘဝက ကံဝဋ်ကြွေးတွေကွ' ဟု အစချီပြီး ကမ္မဖလနိယာမ တရားကို ရှည်လျားစွာ ဟောပါတော့သည်။ ဦးနုက နိုင်ငံရေးစကားတလုံးမှ မပြောဘဲ တရားဟောပြီး နောက်ဆုံးကျမှ ပါဠိစာနှင့် ရေးထားသော ဂါထာတပုဒ်ကို ပေးပါသည်။ 'တနေ့သုံးကြိမ် ရွတ်ပါလေ၊ မင်းသတင်းစာတိုက် ပြန်ရစေမည်' ဟု ပြောလိုက်ပါ၏။ သူတော်ကောင်းတရားဖြစ်သဖြင့် ပြန်မပြောဝံ့သောကြောင့် ခေါင်းငုံ့ပြီး ပြန်ခဲ့ပါ၏။ ဦးနုက တင်မောင်ကို တရားရေအေး အဖြိုက်ဆေးတိုက်ကျွေးစေကာမှ ရွေးကောက်ပွဲအတွက်မှ ပြတ်သားသော နိုင်ငံရေးလမ်းစဉ်ကို ချမှတ်ဆင်နွှဲခဲ့ပါသည်။

တည်မြဲခေါင်းဆောင်ကြီး ဦးဗဆွေကိုယ်တိုင်က 'တည်မြဲအဖွဲ့သည် နိုင်လျှင်လည်း နိုင်ရမည်၊ ရှုံးလျှင်လည်း နိုင်ရမည်' ဟု တရားဟောသောကြောင့် လူထုက စိုးရိမ်လာကြပါသည်။

ဦးဗဆွေ၏စကားအရ တည်မြဲတို့က အရှုံးမခံလိုကြဘဲ အကယ်၍ ရှုံးခဲ့လျှင် မတရားသောနည်းနှင့် အနိုင်ယူရန် စီစဉ်ထားကြသည်ဟု ဦးနုက ဖွင့်ဟပြောကြားပါတော့သည်။ မတရားသောနည်းမှာ လက်ရှိ ဖိနှိပ်အုပ်ချုပ်နေသည့် အိမ်စောင့်အစိုးရ စစ်တပ်အကူအညီနှင့် စစ်အာဏာရှင်နိုင်ငံ တည်ဆောက်ရန်သာ ဖြစ်သည်ကို လူထုက သိရှိလာကြပါသည်။

ဦးနုက မဲဆန္ဒရှင်တို့ကို မေးခွန်းတခုသာ မေးပါသည်။ 'ဒီမိုကရေစီကို ရွေးမည်လား၊ ဖက်ဆစ်စနစ်ကို ရွေးမည်လား' ဟု မေးပြီး အသည်းကြားက မဲတပြားကို ကြိုက်ရာရွေးပြီး မဲပေးပါ ဟု ဟောပြောပါသည်။

ရွေးကောက်ပွဲတွင် တပ်မတော်သားများ မည်သည့်အဖွဲ့အစည်းဘက်ကိုမှ ဘက်မလိုက်ရဟု ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက လူသိရှင်ကြား ကြေညာချက်ထုတ်သော်လည်း လက်တွေ့တွင်မူ 'တို့စစ်သားတွေ ဘက်လိုက်ကြဟေ့'ဟု တပ်လှန့်ပေးသည်ဟု ထင်ရပါသည်။ သေသေချာချာ ဘက်လိုက်ကြပါသည်။

မဲရုံတည်နေရာ မဲပုံးစားပွဲမှ စတင်ပြီး တည်မြဲတို့ဘက်က ကောင်းကျိုးရစေရန် စစ်တပ်က စီစဉ်ပါသည်။ တပြည်လုံးတွင် တပ်စွဲထားသည့် စစ်တပ်မှန်သမျှက တည်မြဲတို့ဘက်မှ အမျိုးမျိုးအားပေးပါသည်။ ထို့ကြောင့် လူထုကြီးကစစ်တပ်ကို အလွန့်အလွန် ကြောက်လန့်လာကြပြီး သန့်ရှင်းကို အားကိုးတကြီး မဲပေးကြရပါတော့သည်။ မဲရုံမရှိဘဲ ဟင်းလင်းပြင် ကွက်လပ်တွင် မဲပုံးချထားပြီး စစ်တပ်က သေနတ်နှင့်ချိန်ထားသည်ကိုပင် မဲဆန္ဒရှင်များက သန့်ရှင်းကို ရဲရဲဝံ့ဝံ့မဲပေးကြသည်အထိ စစ်တပ်ကို ဆန့်ကျင်ကြပါသည်။

ရလဒ်မှာ ပြည်ထောင်စုအဖွဲ့ဟု အမည်ပြောင်းသည့် သန့်ရှင်းတို့က အမတ် (၁၅၉) ဦး အရွေးခံရပြီး တည်မြဲတို့က (၄၂) ဦးသာ အရွေးခံရပါသည်။ မဲပေးသူ (၅၉) ရာနှုန်းရှိပြီး (၅၂) ရာနှုန်းက သန့်ရှင်း၊ (၃၁) ရာနှုန်းက တည်မြဲ၊ (၅) ရာနှုန်းက ပမညတကို မဲပေးကြပါသည်။ စောစောက ပါလီမန်မှာ အမတ် (၄၄) ဦး ရထားသည့် ပမညတ အဖွဲ့မှ အမတ်လောင်း (၁၃၅) ဦး ဝင်ရောက်အရွေးခံရာ၌ တယောက်မှ အရွေးမခံရပါ။ မြန်မာလူထုကြီးက လက်ဝဲဝါဒီတို့၏ ကွန်မြူနစ်စနစ်ကို လက်မခံဟု ရှင်းလင်းစွာ အဖြေပေးပါသည်။ တည်မြဲတို့၏ စစ်တပ်ကြီးစိုးမည်ကိုလည်း လက်မခံကြကြောင်း ဆန္ဒမဲနှင့် သတ္တိပြောင်စွာ ပြသခဲ့ပါသည်။

တင်မောင်အဖို့ ဦးနုပေးသည့် ဂါထာကို ရွတ်ရန်မလိုတော့ပါ။ ပိတ်ထားသော သတင်းစာများကို ပြန်ဖွင့်ခွင့်ပေးပြီး ဖမ်းထားသူများကို ပြန်လွှတ်ပါသည်။ ကိုကိုးကျွန်းထောင်ကြီးကိုလည်း ဖျက်ပေးရပါသည်။

ဦးနု၏ ပြည်ထောင်စုပါတီအစိုးရ တက်လာသည်မှာ ဒီမိုကရေစီနိုင်ငံသစ် ထူထောင်ရန်ဖြစ်သဖြင့် သတင်းစာများက စတင်ကာ အခွင့်အရေးတောင်းကြသည်။ စာနယ်ဇင်းတို့အဖို့ ပဝေသဏီခေတ်၊ အင်္ဂလိပ်နယ်ချဲ့ခေတ်က ဥပဒေများနှင့် အစိုးရ အစဉ်အဆက် ဖိနှိပ်သည်ကို ခံခဲ့ရပါသည်။ ၁၈၆၁ ခုနှစ်က ရေးသားအတည်ပြုခဲ့သည့် အိန္ဒိယရာဇသတ်ကြီးပုဒ်မ ၁၂၄ (က) အစိုးရကို အကြည်အညိုပျက်စေမှု ဥပဒေ၊ ၁၈၇၆ ခုနှစ်က တည်ခဲ့သော ပုံနှိပ်တိုက်ဥပဒေစသည့် ဥပဒေများနှင့် အိမ်စောင့်အစိုးရခေတ်တွင် ဗိုလ်မှူးချုပ်မောင်မောင်ပြင်ဆင်သော ဥပဒေများကို ပြင်ဆင်ပေးပါဟု တောင်းဆိုကြပါသည်။ သတင်းစာအားလုံးက အယ်ဒီတာ့အာဘော် (၇) ရက်မျှ မရေးဘဲ ဆန္ဒပြပြီး တောင်းပါသည်။ နှစ်ခါမတောင်းရပါ။ ပြင်သင့်သည်မှန်သမျှ ပြင်ကြပါလေဟု ကော်မီတီဖွဲ့ပေးလိုက်ပါသည်။ ဒီမိုကရေစီ ပွဲတော်ကြီး စတင်လာလေပြီ။

လူမျိုးစုခေါင်းဆောင်များကလည်း ဦးနုကို ချဉ်းကပ်ကြပါသည်။ 'ကျနော်တို့ ရွာမှာ ဗမာ စစ်သားတွေ တပ်စွဲနေတာကြောင့် အရက်၊ ကြက်၊ ဝက်ကစပြီး သမီးကညာများအထိ





ဗမာစစ်သားတွေက ဆွဲလှေ့ရှိပါတယ်' ဟု တင်ပြကြပါသည်။

မခံချင်သောကြောင့် လက်လွန် ခြေလွန် သူပုန်ထနေသည့် လူမျိုးစုများကလည်း ရှိနေသောကြောင့် 'ဗမာစစ်တပ်တွေ ပြန်စေလိုလျှင် ငြိမ်းချမ်းရေးရှိမှဖြစ်မယ်၊ ငြိမ်းချမ်းဖို့က လူမျိုးစုပြဿနာတွေ ဖြေရှင်းမှဖြစ်မယ်' ဟု ကွင်းဆက်အကြောင်းအရင်းကို ရှာပြီး လူမျိုးစုတိုင်း ကျေနပ်အောင် ၁၉၄၇ ခု အခြေခံဥပဒေကြီးကို ပြင်ဆင်ကြစို့ဟု ဆုံးဖြတ်အားထုတ်ပါသည်။

၁၉၆၁ ခု၊ ဇွန်လမှာ လူမျိုးပေါင်းစုံ ကွန်ဖရင့်ကို တောင်ကြီးမြို့မှာ ကျင်းပပြီး အခြေခံဥပဒေကြီး ပြင်ဆင်ရေးကို ညှိနှိုင်းကြပါသည်။ အလုပ်ကော်မတီက တနှစ်ကြာ ဆွေးနွေးပြီး အခြေခံဥပဒေပြင်ဆင်ရေး အဆိုပြုချက် ထွက်လာပါသည်။

ပြည်နယ်ဖွဲ့စည်းရေး၊ လွှတ်တော်အာဏာ တူညီရေး၊ ကိုယ်စားလှယ်မျှတရေး၊ မျှတစွာ အခွန်တော်သုံးစွဲရေး စသည့် အချက်များနှင့် ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ တရားစီရင်ရေး စသော အာဏာများကို ဗဟိုပြည်ထောင်စုက လုပ်ဆောင်ရေး စသည်ဖြင့် အသေးစိတ် အဆိုပြုထားပါသည်။ မျှတပြီး သဘာဝကျသည်ဟု ပညာရှင်များက သုံးသပ်ကြပါသည်။

ထိုအဆိုပြုချက်များကို ၁၉၆၂ ခု၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့ ရန်ကုန်အသံလွှင့်ရုံ နီးနှောဖလှယ်ပွဲမှာ တင်ပါသည်။ အဆိုပြုချက်ကို ကန့်ကွက်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်ကြရန် နိုင်ငံရေးအဖွဲ့အားလုံးတို့နှင့် အဆင့်ဆင့်ညှိကြရန် စီစဉ်ထားပါသည်။ နောက်ဆုံး အတည်ပြုကြသောမူကို လွှတ်တော်မှာတင်ပြီး၊ အကျေအလည်ဆွေးနွေးပြီး ဥပဒေပြင်ဆင်ထုံးအရ အသေးစိတ်အစီအစဉ်ကို မိန့်ကြားပါသည်။

တင်ပြသည့်မူတွင် မှားယွင်းမှု၊ တိမ်းပါးမှုများ ရှိနိုင်စေကာမူ အဆင့်ဆင့် ဆွေးနွေးတည်း



ဝန်ကြီးချုပ်ဟောင်း ဦးနုအား စာရေးသူနှင့်အတူ ၁၉၈၇ ခုနှစ်က အမေရိကန်တက္ကသိုလ် နှီးနှောပွဲတခုတွင် တွေ့ရစဉ်။

ဖြတ်ကြမည်ဖြစ်သဖြင့် သန့်စင်သော ပြင်ဆင်ချက်မှုကြမ်းကြီး ပေါ်ပေါက်လာနိုင်သောကြောင့် နိုင်ငံရေးပါတီအားလုံးက ဒီမိုကရေစီအခွင့်အရေး ရရှိကြတော့မည်ဖြစ်သဖြင့် ဝမ်းသာကြသကဲ့သို့ လူမျိုးစုများက ကြက်ဝက်ဆွဲသော ဗမာ့စစ်တပ်ရန်က ကင်းဝေးတော့မည်ဖြစ်သောကြောင့် ကျေနပ်ကြပါသည်။ တည်မြဲတို့ကမူ ကန့်ကွက်ကြ၏။

ယင်းသို့ ဒီမိုကရေစီနည်းနှင့် ညီညီညွတ်ညွတ်ပြင်ဆင်ကြသည်ကို လက်မခံနိုင်သူမှာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းဖြစ်ပါသည်။ ဥပဒေပြင်ဆင်ချက်အောင်မြင်လျှင် စစ်တပ်အဖို့ မေတ္တြိ၊ မိတ္ထီလာနှင့် မင်္ဂလာဒုံစစ်ခန်းများမှာ သာနေကြရမည့်ဘဝကို သူက လက်မခံနိုင်ပါ။

ထို့ကြောင့် ဖေဖော်ဝါရီလ (၂၄) ရက်နေ့က စတင်သော ဝန်ကြီးချုပ်နှင့် လူမျိုးစုခေါင်းဆောင်များ ဆွေးနွေးပွဲမပြီးမီ (၇) ရက်အကြာ မတ်လ (၂) ရက်နေ့တွင် ပြည်ထောင်စုကြီး ပြိုကွဲမည်ဖို့ တားဆီးသည်ဟု အကြောင်းပြပြီး အာဏာသိမ်းလိုက်ပါတော့သည်။ အကြောင်းအရင်းကမူ ညီညွတ်ငြိမ်းချမ်းသည့် ဒီမိုကရေစီနိုင်ငံတွင် စစ်တပ်က ထင်သလိုကြဲနိုင်ရန် အခွင့်အလမ်းမရှိလေသောကြောင့် အာဏာလုသည်သာ ဖြစ်ပါ၏။

• • • • •



(၁၉)

## ထာဝရစစ်အာဏာရှင်စနစ်ကို တည်ထောင်ခြင်း

၁၉၆၂ ခု၊ မတ်လ (၂) ရက်နေ့က နံနက် (၃) နာရီတိတိတွင် တယ်လီဖုန်းသံကြောင့် အိပ်ရာမှ နိုးရပါသည်။ "လူမျိုးစုခေါင်းဆောင်တွေ ဗမာစစ်သားတွေက လိုက်ဖမ်းနေတယ်။ ကျနော်တို့ဝန်ကြီးကို ဖမ်းသွားပြီ။ ဦးနုသစ္စာဖောက်တယ်" အသံဝဲဝဲနှင့် ပြောလေ့ရှိသူ မိတ်ဆွေ ကချင်အတွင်းဝန်တဦးက မောကြီးပန်းကြီးနှင့် ပြောပါသည်။

'ဟုတ်မှဟုတ်ရဲ့လားဗျာ'ဟု မေးရသည်။ 'ဟုတ်ပါတယ်။ ကျနော်စုံစမ်းပြီးပြီ။ ချင်းဝန်ကြီးရော၊ ရှမ်းစော်ဘွားတွေပါ ဖမ်းသွားပြီ'ဟု ဒေါသနှင့် ပြောသည်။ 'စိတ်အေးအေးထားပါ၊ ကျနော်စုံစမ်းပြီး ပြန်ဆက်ပါမယ်'ဟု နှစ်သိမ့်လိုက်ရပါသည်။

ဦးနုအစိုးက လူမျိုးစုဝန်ကြီးတွေကို ဖမ်းဆီးသည်ဆိုသည်မှာ မဖြစ်နိုင်ပါ။ ယမန်နေ့ညက (၁၂) နာရီတွင် သတင်းစာတစောင်လုံးကို စာစီပြီးသည်ကို ဖတ်ရှုစစ်ဆေးပြီးမှ တိုက်က ပြန်လာခဲ့သည်။ သတင်းကောင်းမရှိသဖြင့် အနာက်မှမ်တွင် ကပြနေသည့် တရုတ်ယဉ်ကျေးမှုကပွဲသို့ ဗိုလ်ချုပ်ကြီးနေဝင်း လာရောက်ကြည့်ရှုသည့်သတင်းကို နေရာကောင်းပေးခဲ့သည်ကို သတိရမိသည်။

စဉ်းစားနေစိုက် ထူးဆန်းသော လူတယောက်က ထူးထူးခြားခြားဖုန်းဆက်ပါသည်။ မြန်မာစာနယ်ဇင်းလောကမှာ ဦးစောဦးတယောက်သည် ထူးဆန်းသည့် ဆရာတဦးဖြစ်ပါသည်။ ဂျာနယ်ကျော်မှ ပြည်သူ့ဟစ်တိုင်သတင်းစာ အယ်ဒီတာချုပ်အဖြစ် သက်တမ်းရှည်သည့် သတင်းစာဆရာဖြစ်ပါသည်။ အရေးပါသော ဗမာကွန်မြူနစ်ပါတီဝင်တဦးလည်း ဖြစ်သည်။ သခင်သန်းထွန်းနှင့် နီးစပ်သူဖြစ်သောကြောင့် လက်နက်ကိုင် ကွန်မြူနစ်တပ်သား သက်တော်စောင့်ပင် ရရှိထားခဲ့ဖူးသူဟု သိရပါသည်။ ၁၉၄၈ ခု၊ မတ်လ တော်လှန်ရေးနေ့က ကွန်မြူနစ်များ တောခိုကြသောအခါ အယ်ဒီတာစားပွဲကို စွန့်ပြီး တောထဲလိုက်သွားသည်။ များမကြာမီမှာပင် မြို့ထဲပြန်ဝင်လာစေကာမူ သူ့ကို စစ်တပ်က အရေးမယူခဲ့ပါ။ နောက်ပိုင်းတွင် စစ်တပ်၏ စိတ်ဓာတ်စစ်ဆင်ရေးဌာနတွင် ဩဇာထက်သော အထူးအရာရှိကြီးတဦးအဖြစ် ပြင်းထန်သည့် ကွန်မြူနစ်ဆန့်ကျင်ရေး စာပေများ ရေးရန်သူဖြစ်လာသည်။

"ခင်ဗျားတို့သတင်းစာ စက်တင်ပြီး၊ စက်ရပ်သတင်းထူးကြီးနဲ့ အထူးထုတ်ချင်ရင် သတင်းအပြည့်အစုံပေးမယ်" ဟု သူကပြောပြီး တပ်မတော်၊ တော်လှန်ရေးကောင်စီအဖွဲ့က အာဏာသိမ်းလိုက်ကြောင်း ဝမ်းသာအားရ သတင်းပေးပါသည်။ "ခင်ဗျားတို့စက်တွေက ချက်ချင်း စာပြင်ဖို့ လွယ်သားပဲ၊ အထူးကြေညာချက်တွေ ပို့လိုက်မယ်လေ" ဟု သူကပြောသော်

"အခု သတင်းစာအားလုံး ပုံနှိပ်ပြီးလို့ စာစီတွေ၊ စက်ဆရာတွေ ပြန်သွားကြပြီ၊ မဖြစ်နိုင်ဘူး" ဟု ငြင်းလိုက်မိသည်။

အခွင့်အရေးက ကောင်းပါသည်။ အထူးထုတ်ရလျှင် သတင်းစာတွင် စီးပွားရေး အကျိုးကြီးပါသည်။ သတင်းစာတို့၏ ဝတ္တရားကလည်း လူထုကို သတင်းအမြန်ပေးရမည်ဖြစ်သည်။ သို့စေကာမူလည်း ဒီမိုကရေစီကို ချေမှုန်းကာ စစ်တပ်က အောင်နိုင်သွားသည့် အမင်္ဂလာ သတင်းဆိုးကြီးအတွက် မည်သို့ အထူးသတင်းစာ ထုတ်နိုင်ပါမည်နည်း။

ဂါးဒီယန်း ဦးစိန်ဝင်းကို ဆက်ပြီး သတင်းပေးသောအခါ ချက်ချင်းပင် တင်မောင်၏အိမ်သို့ ကူးလာပြီး နှစ်ယောက်သား တယ်လီဖုန်းနှင့် သတင်းလိုက်ရပါတော့သည်။

လိုင်းသံစုံသော ရေဒီယိုကလေးကို ဖွင့်ကြည့်သောအခါ 'ငါးကြင်းကို မိပြီ၊ ပုစွန်ထုပ်ဆီကို သွားမယ်' စသည်ဖြင့် လျှို့ဝှက်စကားနှင့် စစ်ဗိုလ်များ ဆက်သွယ်ပြောဆိုသံများ ဆူညံနေသည်။

ဝန်ကြီးများ၏ အိမ်များကို ဖုန်းဆက်မေးမြန်းသော်မှ သတင်းစုံရရှိပြီး ရုပ်လုံးပေါ်လာပါသည်။ ဝန်ကြီးချုပ်ဦးနုကို ဖမ်းစဉ်က အာဏာသိမ်းအုပ်စုတွင် ဗိုလ်ချုပ်ကြီးနေဝင်းပါရှိမည်မဟုတ်ဟု ယုံကြည်သောကြောင့် "မင်းတို့ ဗိုလ်နေဝင်းကို သွားဖမ်းတော့ ခုခံသေးလား၊ သွေးထွက်သံယိုရှိလား" ဟု မေးရှာသေးသည်။

ဝန်ကြီးတပါး၏အိမ်ကို စစ်တပ်က ဝိုင်းပြီး တံခါးခေါက်ပြီး မေးသောအခါ ဝန်ကြီးကတော်က 'မင်းတို့စစ်စုံထောက်တွေ တယ်ညံ့ပါလား။ ကျောက်မြောင်းထဲက သူမယားငယ် အသစ်ကလေးအိမ်မှာ အိပ်တယ်လေ' ဟု ဖြေသဖြင့် စစ်ကားပြန်လှည့်ကြရသည်။ 'နေပါဦး ဗိုလ်မှူး၊ နေပါဦး ဗိုလ်မှူး၊ အသေမိသလား။ အရှင်မိတယ်၊ အသေမိတယ်ဆိုတာတော့ ဒေါ်ဒေါ်ကို ပြန်ပြောလှည့်ပါဦး' ဟု မှာကြားကြောင်း လူ့သဘာဝ ဇာတ်လမ်းကလေးများကိုလည်း သိကြရသည်။

သမ္မတဟောင်း စပ်ရွှေသိုက်၏ အိမ်ကို စစ်တပ်က ဝိုင်းဖမ်းစဉ်က ပစ်ခတ်သဖြင့် သားငယ်တဦး ကျဆုံးရသည်မှတပါး အာဏာသိမ်းပွဲမှာ သွေးထွက်သံယိုမရှိခဲ့ပါ။ သမ္မတကြီး မန်းဝင်းမောင်၊ ဝန်ကြီးချုပ်ဦးနုနှင့် ဝန်ကြီးများ၊ အာဏာစွန့်ပြီးဖြစ်သော စော်ဘွားများနှင့် တရားဝန်ကြီးချုပ်များ အားလုံးတို့ကို ကြက်ငှက်များ ဖမ်းသကဲ့သို့ ဖမ်းလိုက်နိုင်ပါသည်။

ပထမအိမ်စောင့်အစိုးရ အာဏာသိမ်းစဉ်က တင်မောင်တို့ တင်ကြိုသတင်းရခဲ့ပါသည်။ ဤတချီတွင် အငိုက်မိခံရပါသည်။ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်အားလုံးတို့လည်း အငိုက်မိသွားကြပါသည်။

'ပြည်ထောင်စုကြီး ယိုယွင်းနေတဲ့ အခြေအနေကြောင့် တပ်မတော်က အာဏာသိမ်းလိုက်ပြီဖြစ်ကြောင်း၊ ပြည်သူတို့ မိမိတို့ပြုမြဲအမှုကိစ္စများကို လွတ်လပ်စွာ ဆက်လက်လုပ်ကိုင်နိုင်ကြကြောင်း' ကို ဗိုလ်ချုပ်နေဝင်းက နံနက် (၈) နာရီတွင် ဗမာ့အသံမှ အသံလွှင့်ပါသည်။

နံနက် (၁၀) နာရီထိုးသောအခါ သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်း၊ ဒု-ဥက္ကဋ္ဌ တင်မောင်နှင့် အတွင်းရေးမှူး ဟံသာဝတီးဓယ်ဒီတာ ဦးဘသန်းတို့ကို စစ်ရုံးသို့ ဖိတ်သည်။ ဗိုလ်မှူးကြီးစောမြင့်က ပြန်ကြားရေးဝန်ကြီးအဖြစ် လက်ခံတွေ့ဆုံပြီး "သတင်းစာများ လွတ်





လပ်စွာ ဆက်လက်ရေးသားပါ၊ တော်လှန်ရေးအစိုးရက သတင်းစာများ လွတ်လပ်ခွင့်ကို အာမခံပါတယ်" ဟု ပြောပြပါသည်။

ညနေပိုင်းတွင် ဂါးဒီယန်းသတင်းစာတိုက်တွင် အားလုံး လူစုံတက်စုံတွေ့ရပါသည်။ ဗိုလ်အောင်ကြီးက မိမိမပါကြောင်း၊ အာဏာသိမ်းပြီးမှ သိရကြောင်း တီးတိုးပြောပါသည်။ စကားမပြတ်မီ "ဒါပေမယ့်" ဟု ပြောခိုက် အခြားစစ်ဗိုလ်ကြီးများနှင့် ဦးစောဦးတို့ ရောက်လာသောကြောင့် စကားပြတ်ခဲ့ရသည်။

အာဏာသိမ်းပွဲတွင် မည်သူတို့ကို မည်သည့်မြို့စစ်စခန်းမှ ခေါ်ပြီးသုံးကြောင်း၊ ဗိုလ်မှူးကြီးလှမြင့်၏ သံချပ်ကာကားတပ်က မည်နှယ်ချီတက်သည်၊ ဗိုလ်နေဝင်းက စီစဉ်ပြီးမှ တရုတ်နိုကပွဲ သွားကြည့်နေသည်...စသည်ဖြင့် စားမြုံ့ပြန်ကြသည့်ပွဲ၌ ဦးစိန်ဝင်းက စမူဆာနှင့် ဧည့်ခံသည်။ ဗိုလ်အောင်ကြီး၏ အတွင်းရေးမှူး ဗိုလ်ကြီးသောင်းက ဝယ်ပေးသည်။ သူတို့စကားများကို နားထောင်ရခြင်း ဆင်းရဲကြောင့် တင်မောင်မှာ မျက်ရည်လည်မိပါသည်။ တိုက်တိုက်ဆိုင်ဆိုင် စမူဆာက ထူးထူးခြားခြားစပ်လှသောကြောင့် 'စမူဆာက တယ်စပ်ပါလားဗျို့' ဟု စကားဖြေရပါတော့သည်။

နောက်တနေ့တွင် ဝန်ကြီး (၉) ဦးပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းပြီး သတင်းစာရှင်းလင်းပွဲကို ကုန်သွယ်ရေးနှင့် စီးပွားရေးဝန်ကြီး ဗိုလ်မှူးချုပ်အောင်ကြီးက ကျင်းပသောအခါ ဖက်ဒရယ်မူဟူသည့် အင်္ဂလိပ်စကားလုံးကို များများသုံးစွဲပြီး လူမျိုးစုခေါင်းဆောင်များ၏ ပြုမူချက်များကြောင့် ပြည်ထောင်စုကြီး ပြိုကွဲတော့မှာမို့ အာဏာသိမ်းရကြောင်း ရှင်းပြောပါသည်။

၁၉၆၁ ခုနှစ်က အတိအလင်း လူသိရှင်ကြား ကျင်းပသော တောင်ကြီးမြို့ လူထုအစည်းအဝေးမှာ အခြေခံဥပဒေပြင်ဆင်ရေး ကြိုးကိုင်ကော်မတီ ရှမ်းပြည်ကို ဖွဲ့စည်းခြင်း၊ အစိုးရဝန်ကြီးချုပ်က ဒီမိုကရေစီနည်းအရ နှီးနှောဖလှယ်ပွဲများမှ ပါလီမန်အထိ အဆင့်အဆင့် ပြင်ဆင်နေခြင်းများအားလုံးကို ဖက်ဒရယ်ပြည်နယ်ခွဲဖို့ ကြိုးစားနေကြသည်ဟု ဝါးလုံးရှည်နှင့်ရမ်းကာ အပြစ်တင်ပါတော့သည်။

ပြည်သူလူထုကို နားမယဉ်သေးသည့် ဖက်ဒရယ်ဟူသည့် စကားလုံးနှင့် ခြိမ်းခြောက်ပြီး ဝါဒဖြန့်သဖြင့် လူထုထင်မြင်ချက်မှာ သို့လောသို့လော တွေဝေသွားပါသည်။ တည်မြဲတို့နှင့် ပမညတတို့က တော်လှန်ရေးစစ်အစိုးရအပေါ် သဘောထားတင်ပြချက်မပြုနိုင်ဘဲ စောင့်ကြည့်ကြပါသည်။ တည်မြဲတို့က စစ်အစိုးရကို ထောက်ခံသယောင်ယောင် လေသံပစ်ပါသည်။ နောက်ပိုင်း တည်မြဲခေါင်းဆောင်များကို ဖမ်းလေမှ ကျောချမှ စားပြမှန်းသိကြပါသည်၊ ထိုအချိန်တွင် နိုင်ငံရေးပါတီအားလုံး ဖျက်သိမ်းပေးရလေပြီဖြစ်သဖြင့် သူတို့ထင်မြင်ချက် ကြေညာခွင့်မရှိရှာတော့ပါ။ ပမညတနှင့် လက်ဝဲဆရာများက နောက်ပိုင်းတွင် တော်လှန်ရေးကောင်စီက ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ထောင်မည်ဆိုသောအခါ ခြေစုံပစ်ပြီး ထောက်ခံကြရာမှ 'လှေကားဘစ်မှ နေရပါစေ၊ ပူးပေါင်းကူညီပါမယ်' ဟုပင် ပြောကြပါ၏။

စစ်တပ်က အာဏာသိမ်းရခြင်းအကြောင်းအရင်းအမှန်က ဘာပါလိမ့်ဟု တွေးကြ၊ ရေးကြပါသည်။ ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလမှာ ဦးနုအစိုးရက သွင်းကုန်လုပ်ငန်းမှန်သမျှ ပြည်သူပိုင်

ပြုလိုက်ပါသည်။ စစ်တပ်၏ စီးပွားရေးကော်ပိုရေးရှင်းကြီး အထိနာသွားသောကြောင့် အာဏာသိမ်းသည်ဟု ယူဆပြီး ဝေဖန်သူများ ရှိကြသည်။

အမှန်မှာ အာဏာနှင့် ငွေကို အငမ်းမရခုံမင်တွယ်တာလှသော ဗိုလ်ချုပ်ကြီးနေဝင်း၏ လောဘသဏ္ဍာရကြောင့်သာ အာဏာသိမ်းသည်ဟု ဝေဖန်သူများသာ မှန်ကန်သည်ကို သမိုင်းဆက်ကို မြင်ကြရမှ သိရှိကြရပါသည်။

တော်လှန်ရေးအစိုးရအဖွဲ့တွင် အဓိကအာဏာပိုင် ဝန်ကြီးဌာနများဖြစ်သည့် ကာကွယ်ရေး၊ ဘဏ္ဍာရေးနှင့် တရားရေးဌာနတို့ကို ဗိုလ်နေဝင်းက မည်သူ့ကိုမှ တာဝန်မပေးဘဲ ကိုယ်တိုင်ရယူထားပါသည်။

မတ်လ (၉) ရက်နေ့တွင်မူ တော်လှန်ရေးကောင်စီက အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာတို့ကို ဗိုလ်ချုပ်ကြီးနေဝင်းတဦးတည်း၏ လက်သို့ အပ်နှင်းလိုက်ပါသည်။

• • • • •



# (၂၀)

## စစ်အာဏာရှင်စနစ်အောက်မှ သတင်းစာလောက

'တော်လှန်ရေးအစိုးရသည် သတင်းစာလွတ်လပ်ခွင့်ကို အာမခံပါတယ်' ဟု အစိုးရတက်သောနေ့က ပြန်ကြားရေးဝန်ကြီးက ပေးသောကတိသည် စကားလှသည်။ သို့ပင်သို့ငြားသော်လည်း အိမ်စောင့်အစိုးရခေတ်က သတင်းစာများကို နှိပ်စက်ခဲ့သော ဒဏ်ရာဒဏ်ချက်များ ရှိနေသေးသောကြောင့် သူတို့တက်လာချိန်မှ စတင်ကာ သတင်းစာများက သတိကြီးစွာထားကာ ရေးသားကြရရှာလေသည်။

သတင်းစာများကို ဖိနှိပ်သော ဥပဒေများကို ပြင်ဆင်ရန် ဦးနုအစိုးရခေတ်တွင် အားထုတ်နေကြစဉ်၌ သူတို့က တကျော့ပြန်လာလေသဖြင့် သတင်းစာဆရာများသည် မည်သည့်အကြောင်းကို ရေးသည်ဖြစ်စေ၊ နှစ်ကြိမ်စဉ်းစားပြီးမှ ရေးလေ့ရှိကြသည်။ စစ်တပ်နှင့် စပ်ဆိုင်သော သတင်းများကို ရှောင်ရှားကြသည်။

တော်လှန်ရေးအစိုးရတက်လာသည်ကို သတင်းစာအားလုံးက တာဝန်ကျေပွန်စွာ ထောက်ခံကြစေကာမူ စိတ်ရောကိုယ်ပါမဟုတ်သည်ကို စစ်ဗိုလ်ကြီးများက သိရှိကြသည်။ ပြန်ကြားရေးဌာနကို တာဝန်ယူသည့် စစ်ဗိုလ်များက အယ်ဒီတာများကို ဆင့်ခေါ်ပြီး "ဒီဟာရေးတာမှားတယ်၊ ဒီလိုမရေးနဲ့၊ ဟိုဟာကို ဟိုလိုရေးပါ" စသဖြင့် တစတစ စွက်ဖက်လာပြီး အမိန့်ပေးစ ပြုလာသောကြောင့် စာနယ်ဇင်းတို့က ခံစစ်အတွက် ပြင်ဆင်ကြရတော့သည်။

အစဉ်အလာအားဖြင့် နှစ်စဉ်နှစ်တိုင်း နှစ်ဆန်း (၁) ရက်နေ့တွင် မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပမြဲဖြစ်သည့်အတိုင်း ၁၉၆၂ ခု၊ ဧပြီလ (၁၆) ရက်၊ မြန်မာနှစ်ဆန်း (၁) ရက်နေ့တွင် သတင်းစာဆရာများအသင်း အစည်းအဝေး ကျင်းပသောအခါတွင် စာနယ်ဇင်းကောင်စီအမည်နှင့် တပ်ဦးဖွဲ့စည်းကြသည်။ စာနယ်ဇင်းအားလုံး (၅၂) စောင် ပါဝင်လက်မှတ်ထိုးကြ၏။

'နိုင်ငံရေး ဦးဆောင်ပြောင်းလဲလာသည်နှင့်အညီ ပြည်သူတို့ ထင်မြင်ချက်ရယူခြင်းနှင့် ဖန်တီးခြင်းတာဝန်များအတွက် ကျုပ်တို့များတို့သည် တာဝန်သိ စာနယ်ဇင်းများအဖြစ် ဆောင်ရွက်ကြပါမည်။ ယင်းတာဝန်ကြီးအတွက် ပီပြင်သော စာနယ်ဇင်းများ ကျင့်ဝတ်ကို ချမှတ်ပါသည်' စသည်ဖြင့် နိဒါန်းပျိုးကာ စာနယ်ဇင်းတို့၏ ကျင့်ဝတ်ကို ဆုံးဖြတ်ကြသည်။ အဓိပ္ပာယ်ကမူ စစ်အစိုးရကို ပူးပေါင်းဆောင်ရွက်ပါမည်ဟု အည့်ခံသည်ဖြစ်၏။ မိမိတို့တည်မြဲရေးအတွက် မိမိတို့ဘာသာ ဆင်ဆာလုပ်ကြရသည်။ နိုင်ငံရေးသတင်းမှန်သမျှကို အစိုးရပြန်ကြားရေးဌာနက ထုတ်ပေးသမျှသာ ပုံနှိပ်ကြသည်။ သူတို့ချမှတ်မည့် စစ်ဗိုလ်များ၏ သတင်းစာ

မှုဝါဒကို စိတ်တထင့်ထင့်နှင့် စောင့်မျှော်ကြရသည်။

စစ်ဗိုလ်ကြီးများမှာ သူတို့၏နိုင်ငံရေးလမ်းစဉ်ကို ရေးသားချမှတ်ရန် အားထုတ်နေကြချိန်ဖြစ်သဖြင့် သတင်းစာများကို လှည့်မကြည့်နိုင်ကြသေးပေ။

'လူသားချင်း ခေါင်းပုံဖြတ်ခြင်းကင်း၍ တရားမျှတမှုရှိသော ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မည်'ဟူသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ၁၉၆၂ ခု၊ ဧပြီလ (၃၀) ရက်နေ့ တပ်မှူးများညီလာခံက အတည်ပြုပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ဇူလိုင်လ (၄) ရက်နေ့တွင် ပါတီဝင် (၂၀) နှင့် စတင်တည်ထောင်သည်။

ပြည်သူတို့နှင့် လက်တွဲချီတက်မည်ဟု ကြေညာတည်ထောင်သော ပါတီ၏ သက်တမ်း (၃) ရက်မြောက်သောနေ့တွင် ပြည်သူတို့၏ သားငယ်များကို အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့် လူသတ်ပွဲကြီး ဆင်နွှဲတော့သည်။ ဇူလိုင်လ (၇) ရက်နေ့က ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသော ကျောင်းသားငယ်များကို စစ်တပ်က ဂျီ (၃) လက်နက်သစ်များနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်သဖြင့် ရာနှင့်ချီကာ သေဆုံးခဲ့လေသည်။ ကျောင်းသား (၁၅) ဦးသေပြီး (၂၇) ဦး ဒဏ်ရာရသည်ဟု အစိုးရက ကြေညာသည့်တိုင်း သတင်းစာများက ဖော်ပြကြရသည်။

အပ်တိုတချောင်းမှမရှိသူ ကျောင်းသားကလေးများကို သတ်ဖြတ်သောညတွင် 'တော်လှန်ရေးကောင်စီကို တိုက်ကြလျှင် ဓားကိုဓားနဲ့၊ တုတ်ကိုတုတ်နဲ့ ပြန်လည်ခုခံမည်'ဟု ဗိုလ်ချုပ်ကြီးနေဝင်းက အသံလွှင့်ရုံမှ စစ်ကြေညာသေးသည်။

ဆက်လက်ပြီး သမိုင်းဝင် တက္ကသိုလ်သမဂ္ဂအဆောက်အအုံကြီးကို ဗုံးခွဲဖျက်ဆီးလိုက်ပြန်သည်။ ဖျက်ရသည့်အကြောင်းတခုမှာ ပညာတတ်ကျောင်းသားများက ဦးစီးပြီး အင်္ဂလိပ်လက်အောက်က လွတ်မြောက်ရေးတိုက်ပွဲဆင်နွှဲကြစဉ်က စစ်ဗိုလ်ကြီးများ မပါခဲ့လေသောကြောင့် မျက်မုန်းကျိုးသဖြင့် ဖြစ်သည်ဟု ယူဆကြသည်။ နောက်တကြောင်းကမူ ကျောင်းသားခေါင်းဆောင်များနှင့် ဒဏ်ရာရရှိသူ ကျောင်းသားများ သမဂ္ဂအဆောက်အအုံ မျက်နှာကျက်ပေါ်မှာ ပုန်းနေကြသဖြင့် သတ်ဖြတ်ရန် ဖြိုဖျက်သည်ဟု ဆိုသေးသည်။ မည်သည့် အကြောင်းကြောင့် ဖြိုသည်ဖြစ်စေ ရက်စက်ယုတ်မာ မှားယွင်းသည့် လုပ်ရပ်ဖြစ်၏။

ထိုညက ဂါးဒီယန်းသတင်းစာတိုက်၌ တွေ့ကြသဖြင့် "မလွန်ဘူးလား"ဟု တင်မောင်က စကားနာထိုးသောအခါတွင် ဗိုလ်အောင်ကြီးက 'ရှေ့အုတ်နဲ့ ပြန်ဆောက်ပေးပါ့မယ်ဗျာ'ဟု ဖြေ၏။

သမိုင်းဝင် ကျောင်းသားလှုပ်ရှားမှုဓာတ်ပုံများ၊ မှတ်တမ်းများ ပျက်စီးရသည့်အထဲတွင် တင်မောင်၏ နှလုံးသားရတနာတခု ပါသွားသည်ဟု သိရသဖြင့် ကြေကွဲရသည်။ တင်မောင်၏ ဇာတိ ပုဂံမြေတွင် မနုဟာစေတီဟု ဘွဲ့မည်ရှိသော အဓိကရ စေတီတော်ကြီးတဆူရှိသည်။ ရှေးကာလက သထုံပြည်ကို ပုဂံဘုရင် အနော်ရထာက အနိုင်ရသောအခါတွင် သထုံဘုရင်မနုဟာမင်းကို ဖမ်းဆီးခေါ်ဆောင်လာပြီး ပုဂံတွင် အကျယ်ချုပ်နှင့် လွတ်လပ်စွာထားရှိခဲ့သည်။ အကျယ်ချုပ်ကောမူ အကျဉ်းသားတို့မည်သည် လွတ်လပ်ခွင့်ဆုံးရှုံးရစမြဲဖြစ်သည်။ အကျဉ်းစံမနုဟာမင်းက သူနှင့် အတူပါလာသော ဓိသုကာများကို အသုံးပြုပြီး စေတီတော်ကို တည်





ဆောက်သောအခါတွင် ကြီးမားသည့် ရုပ်ထုတော်ကြီးပေါ်တွင် ကျဉ်းမြောင်းသော ပြာသာဒ်ဆောက်လုပ်ကာ သိတင်းသုံးစေသည်။ ဗုဒ္ဓရုပ်ထုတော်ကြီးမှာ မလှုပ်မရှားနိုင်ဘဲ ကျဉ်းကြပ်စွာ သိတင်းသုံးတော်မူရသည်ကို ပေါ်လွင်အောင် တည်ဆောက်ထားသည်။ ကမ္ဘာ့အရပ်ရပ်မှ ရုပ်ထုတော်များနှင့် မတူစေဘဲ မျက်နှာတော်မကြည်မလင်ဖြစ်နေသည်ကို ပီပြင်အောင် ထုလုပ်ခဲ့သည်။

အနော်ရထာမင်းနှင့်တကွ နောင်လာနောက်သားတို့ကိုပါ သိစေသည်။ လောကမှာ အကျဉ်းခံရလျှင် ဘုရားသခင်ပင်လျှင် ညှိုးနွမ်းညစ်ညူးတော်မူသည်ဟု ကဗ္ဗည်းကျောက်စာရေးသားခြင်းမပြုဘဲ အဓိပ္ပာယ်ပေါ်လွင်အောင် ပြသခဲ့သည်။

ထိုမနုဟာရုပ်ထုတော်ကို မိတ်ဆွေကြီး ဆရာကိုနန်းဝေက ပြောင်မြောက်စွာ ပန်းချီဆွဲထားသည်။ ရွှေသင်္ကန်းရောင်ကို ထူးခြားသောနည်းနှင့် ရရှိအောင် ဆေးစပ်ပြီး အကျဉ်းခံရုပ်ထုတော်ကြီး၏ မအီမသာရုပ်သွင်ကို ပေါ်လွင်အောင် ပုံဖော်ထားသည်။ ပန်းချီကား စုဆောင်းသော တင်မောင်က တချိန်က နိုင်ငံရေးရဲဘော်ဖြစ်သည့် ကိုနန်းဝေထံ တောင်းခဲ့သည်။ "ခင်ဗျားက ထောင်နှုတ်ခမ်းလျှောက်နေတုန်း ရှိသေးတယ်၊ ထောင်မကျသေးဘူး။ တနေ့ ထောင်ထဲသွားရမှာပါ။ ဒီတော့ ထောင်ကျခံရပြီး ပြန်ထွက်လာတဲ့အချိန်မှာ အမှတ်တရယူပါလေ" ဟု သူက ဖြေခဲ့သည်။ ထိုအချိန်က တင်မောင်အဖို့ ထောင်ထဲသို့မရောက်သေးသဖြင့် ပန်းချီကားကြီးကို လက်ခံရန် အရည်အသွေးမမီသေးသဖြင့် အောင့်အီးနေခဲ့ရသည်။ ပန်းချီကားကြီးမှာ စစ်ဗိုလ်ကြီးများ၏ မိုင်းဗုံးဒဏ်ဖြင့် ပျောက်ပျက်သွားရလေပြီ။

မိုင်းဗုံးခွဲစဉ်က သမဂ္ဂခန်းမ၌ ဆွဲချိတ်ထားသော ကိုနန်းဝေ၏ ပန်းချီကားများပါ ပြာကျရသည်။ ဗုံးဒဏ်ကြောင့် နိုင်ငံရေးနှင့် အနုပညာရေး ဆုံးရှုံးမှုမှာ များစွာကြီးမားသည်။ စစ်ဗိုလ်များတွက်ကြသကဲ့သို့ ကျောင်းသားများ ခိုအောင်းနေကြသည်ဆိုပါက သနားစဖွယ် ပုန်းအောင်းနေရှာသူ ကျောင်းသားငယ်များကို မျက်နှာကြက်ပေါ် တက်ရောက်ဖမ်းဆီးခြင်းမပြုဘဲ ကလေးငယ်များ၏ အသက်ကို ကြီးမားသော ယမ်းဘီလူးများသုံးဖွဲ့ကာ ကြေကြေညက်ညက် အစရှာမတွေ့အောင် သတ်ဖြတ်သည်မှာ ရက်စက်လွန်းသည်။

ပိုပြီးဓာတ်နာသည်မှာ တက္ကသိုလ်သမဂ္ဂကြီးကို ဆောက်လုပ်ရေးတွင် ဦးစီးလှူဒါန်းခဲ့သော သူဌေး ဦးညို၏အမည်သည် သမိုင်းတွင် ကျန်ရစ်ခဲ့စေကာမူ တက္ကသိုလ်သမဂ္ဂကို ဖျက်ဆီးရန် မည်သူက ဆုံးဖြတ်ပြီး၊ မည်သူက အမိန့်ပေးသည်ဟူသောအချက်မှာ သမိုင်းမှာ ပျောက်နေသည်။

တော်လှန်ရေးအစိုးရကို ထိပါးလျှင် တုတ်ကိုတုတ်ချင်း၊ ဓားကိုဓားချင်း ခုခံမည်ဟု အမိန့်ပေးခဲ့ပြီး မီးခြစ်ဆံပင် ကိုင်မထားသော လက်နက်မဲ့ ကျောင်းသားငယ်များကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ရဲသည့် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး၊ တပ်မတော်၏ တပ်ပေါင်းစု သေနာပတိဦးစီးဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်ကြီးနေဝင်းသည် တကာသ အဆောက်အအုံကို ဖျက်သည်ကို သူမသိပါဟု သူ့ရဲဘောကြောင်စွာ ခေါင်းရှောင်နေခဲ့သည်။

အထက်အမိန့်အရ မိုင်းဗုံးများကို ဓာတ်ကြိုးများနှင့် ချိတ်တွဲသူ အင်ဂျင်နီယာ စစ်ဗိုလ်များ၊ မိုင်းခလုတ်ကို နှိပ်သော စစ်ဗိုလ်များ၏ အမည်များ စာရင်းကျန်ရစ်ခဲ့သည်။ အမိန့်ပေးသူ

မည်သူဖြစ်သည်ကို မည်သူကမှ ဖော်မပြောဝံ့ဘဲ တဦးကိုတဦး လွဲချနေကြသည်။

လူဆိုတာ လုပ်ရဲလျှင် ခံရဲရတယ်ဟု စကားရှိသည်။ တော်လှန်ရေးအစိုးရတက်လာစ ဗိုလ်နေဝင်းနှင့် စစ်ဗိုလ်ဝန်ကြီးများ မာစီးဒီးကားသစ်ကြီးကို စီးနင်းကြစဉ်က ကဲ့ရဲ့ခံရမည်ကို ကြောက်ကြရှာသဖြင့် ကားနံပါတ်ဟောင်းတပ်ကာ အသုံးပြုကြသည်။ အာဏာသိမ်းစစ်ဗိုလ်ကြီးများသည် လွန်စွာ ကြောက်ရွံ့ကြသူများဖြစ်ကြသည်။

(တခေတ်က ဂျွန်ဦးစော နန်းရင်းဝန်ဖြစ်စဉ်က ကားအသစ်ကို စီးရာတွင် နံပါတ် RC၊ ဟု နံပါတ်ယူကာ ရဲဝံ့စွာ စီးနင်းခဲ့သည်။)

မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဗမာ့တပ်မတော်စစ်အာဏာရှင်တခေတ်မှ စစ်ဗိုလ်ကြီးများကဲ့သို့ သူရဲဘောကြောင်သူ ခေါင်းဆောင်များမပေါ်သေးပါ။ ထိုကြောင့် ခင်းတို့တတွေသည် စစ်တပ်က ကျူးလွန်သော မကောင်းမှုမှန်သမျှကို တာဝန်မယူကြဘဲ တဦးကိုတဦး လွဲချနေကြရာတွင် ဦးစီးဗိုလ်ချုပ်နေဝင်းသည် သူရဲဘောကြောင်တို့၏ ထိပ်ခေါင်တင် ဗိုလ်ချုပ်ကြီးအဖြစ် ထိပ်ဆုံးမှ ဦးစီးနေလေတော့၏။

• • • • •



(၂၁)

## သတင်းစာဆရာများကို ဖမ်းပြီ

ကျောင်းသားများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်လိုက်သောကြောင့် နိုင်ငံတခုလုံး တုန်လှုပ်သွားပြီး စစ်အာဏာရှင်စနစ်၏ အန္တရာယ် သတိပြုမိလာကြသည်။ အာဏာမသိမ်းမီက အစိုးရပါတီဖြစ်သည့် ပြည်ထောင်စုပါတီနှင့် တကွ နိုင်ငံရေးအဖွဲ့အားလုံးတို့ နှုတ်ပိတ်သွားကြရတော့သည်။

သတင်းစာများကလည်း သတိကြီးစွာထားပြီး ရေးသားကြခိုက်တွင် အစိုးရဌာနများ၌ အထူးအရာရှိများအဖြစ် နေရာယူလာကြသော စစ်ဗိုလ်များနှင့်လည်းကောင်း၊ နယ်တို့တွင် အုပ်ချုပ်ကြသော စစ်ဗိုလ်များနှင့်လည်းကောင်း ထိပ်တိုက်တွေ့ကြလေတော့သည်။ ဗွေဆော်ဦး ခံကြရသူများမှာ ပြည်မြို့မှ သတင်းထောက်ငါးဦးဖြစ်ကြသည်။ ရန်ကုန်သတင်းစာများတွင် ထိုနေ့ဖော်ပြသော ပြည်မြို့သတင်းတပုဒ်ကို မကျေနပ်ဟု ဆိုကာ ပြည်မြို့ကို အုပ်ချုပ်သော စစ်ဗိုလ်က ထိုသတင်းကို မည်သူက ပေးသနည်းဟု မေးသည်ကို စာနယ်ဇင်းတို့ ကျင့်ဝတ်အရ ဖော်မပြောကြသောကြောင့် ဖမ်းလိုက်လေသည်။ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် ဒု-ဥက္ကဋ္ဌဖြစ်သော တင်မောင်တို့သည် မိုင် (၁၅၀) ခရီးကို ကားမောင်းသွားကြသည်။ ဖမ်းဆီးသူ စစ်ဗိုလ်ကို တွေ့ဆုံပြီး စာနယ်ဇင်းကျင့်ဝတ်ကို ရှုတ်ဆိုပြီး လွှတ်ပေးပါဟု တောင်းပန်ကြရသည်။ မရပါ။ နောက်ဆုတ်ခဲ့ရသည်။ နည်းမှန်လမ်းမှန်နှင့် အရေးဆို၍ မရလေသဖြင့် ဦးစိန်ဝင်းက ရန်ကုန်တွင်ရှိသော ဗိုလ်မှူးကြီးများ၏ အိမ်များသို့ နောက်ဖေးပေါက်မှတက်ပြီး နားလည်မှုယူလေမှ၊ အထက်က မိအားပေးလေတော့မှ ခများများကို လွှတ်ပေးသည်။

သတင်းပေးသူအမည်ကို သိလိုသောကြောင့် သတင်းထောက်များကို ဖမ်းဆီးစစ်ဆေးသည်မှာ နည်းလမ်းမမှန်ပါဟု သတင်းစာဆရာအသင်းက အစိုးရကို ပန်ကြားလွှာ တင်ကြသည်။ အကြောင်းမပြန်ဘဲ နေခဲ့ရာမှ နောက်ပိုင်းတွင် ဝန်ကြီးများ ရုံးစိုက်သော ရန်ကုန်မြို့တော်မှ သတင်းစာအယ်ဒီတာချုပ်ကြီးများကို ဖမ်းဆီးပြီး သတင်းပေးသူကို ထုတ်ပြောရမည်ကို စစ်ဆေးသည်ကို ခံကြရလေတော့သည်။

အမှုမှာ တော်လှန်ရေးကောင်စီ အဆင့်လေးတွင် ရှိသူ လေတပ်ဗိုလ်ချုပ် တိကလစ်က ဆိုရှယ်လစ်စီးပွားရေးစနစ်ဆိုသည်ကို မယုံကြည်သောကြောင့် ခေတ္တစကာသာ ဗိုလ်နေဝင်းက ပေးသော သယ်ယူပို့ဆောင်ရေးဝန်ကြီး တာဝန်ကို ထမ်းဆောင်ပြီး ၁၉၆၄ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်လိုက်သည်။ ယင်းသတင်းကို အိုးဝေသတင်းစာနှင့် မိုးကြိုးသတင်းစာတို့က ဖော်ပြ

ကြသည်။ သတင်းမှန်ဖြစ်စေကာမူ ထိုသတင်းကို ပေးသူသည် မည်သူဖြစ်သည်ဟု သိလိုသည် ဆိုကာ မိုးကြိုးအယ်ဒီတာ ဗမာ့ခေတ်ဦးအုန်းခင်၊ သတင်းထောက် ကိုခင်မောင်ကလေးနှင့် ဘိုးဝေအယ်ဒီတာ ဦးညိုမြတို့ကို ဖမ်းဆီးသည်။ သူတို့အား စစ်စုံထောက်တို့က ဖမ်းဆီးပြီး အကျဉ်းထောင်သို့မပို့ဘဲ စစ်စုံထောက်များက ညှဉ်းဆဲစစ်မေးသော စခန်းတွင် စစ်ဆေးသည်။ ရှေးအစဉ်အဆက်က သတင်းစာဆရာများကို ဖမ်းလျှင် ရဲတို့က ဖမ်းပြီး အရပ်သားထောင်သို့ ပို့ကာ တရားရုံးသို့တင်လေ့ရှိသည်။ သူတို့သုံးဦးကို ရုံးသို့မတင်ဘဲ တလကျော်စစ်ဆေးပြီးမှ ပြန်လွှတ်လိုက်သည်။

"သတင်းစာများ လွတ်လပ်ခွင့်ရှိပါတယ်။ ဒါပေမယ့် တာဝန်သိကြပါ" ဟု ပြန်ကြားရေး ဝန်ကြီး ဗိုလ်မှူးကြီးစိုးမြင့်က ပြန်ကြားရေးဌာနက ဦးစီးကျင်းပသော နယ်သတင်းထောက်များ ဉာဏ်သစ်လောင်းသင်တန်းမှာ မိန့်ခွန်းပေးသည်။ သင်တန်းဆရာ ပညာရှင်များက လွတ်လပ်စွာ ရေးသားခွင့်ကို အလေးထားပြီး သင်ကြားကြသောကြောင့် အစိုးရနှင့် ဆရာများ မှ ဝါဒ မတူကြသဖြင့် သင်တန်းသားများ မျက်စိလည်ကြရလေသည်။"

နယ်သတင်းထောက် (၆၀၀) ခန့်ကို သင်တန်းပေးပြီးနောက် သတင်းထောက်များကို ချုပ်ကိုင်သော သတင်းထောက်မှတ်ပုံတင် လက်မှတ်များကို ပြန်ကြားရေးဌာနမှ ထုတ်ပေးသော လက်မှတ်ကိုသာ တရားဝင်အသုံးပြုကြရမည်ဟု အမိန့်ထွက်လာသည်။ တော်လှန်ရေးအစိုးရတက်လာချိန်မှ စတင်ပြီး အစိုးရရုံးမှန်သမျှကို စစ်သားများက စောင့်စေကာမူ သတင်းထောက်များက မိမိတို့လုပ်ကိုင်သော သတင်းစာတိုက်မှ ထုတ်ပေးသော လက်မှတ်များနှင့် သတင်းဖြစ်ပွားရာဒေသများ၊ အစိုးရရုံးများတွင် ဝင်ထွက်သွားလာနိုင်သောကြောင့် ပြန်ကြားရေးဌာန၏ လက်မှတ်ကို လျှောက်ထားရယူလေ့မရှိကြပေ။ အမိန့်သစ်အရ သတင်းစာတိုက်များက ထုတ်ပေးသောလက်မှတ်များ တရားမဝင်ဖြစ်ရသဖြင့် အမိန့်အတိုင်း လက်မှတ်သစ်များ လျှောက်ထားရလေသည်။

တစတစ အသေးအဖွဲ တင်းကြပ်မှုကလေးများက စလာပြီး ကြီးမားသော နှောင်ကြိုးကြီးများက တည်းလာလေတော့သည်။ ပုံနှိပ်တိုက်ဥပဒေများ အမျိုးမျိုးအစားစား ရှိနေသည်ကို ရှင်းလင်းသော ဥပဒေတမျိုးတည်း ပြုစုပေးပါဟု အစိုးရအစဉ်အဆက်တို့ထံ သတင်းစာများက တောင်းဆိုခဲ့သည်ကို တော်လှန်ရေးအစိုးရက လိုက်လျောလိုက်သည်။ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်တိုက်များ မှတ်ပုံတင်ဥပဒေကို အတည်ပြုထုတ်ပြန်သည်။ ဥပဒေတခုတည်းကို လိုက်နာရမည်ဖြစ်သဖြင့် အသွင်သဏ္ဌာန်က သတင်းစာတို့၏ စိတ်ကြိုက်ဖြစ်သည်၊ သို့သော် အနှစ်သာရမှာ အလွန်အမင်းဖိနှိပ်ချုပ်ချယ်ထား၏။

ဥပဒေအဟောင်းအရ ပုံနှိပ်တိုက်ရှင် တဦးအဖို့ ခရိုင်ရာဇဝတ်တရားသူကြီးတဦးထံ သွားရောက်၍ ပုံနှိပ်တိုက် တည်ထောင်လုပ်ကိုင်ပါမည်ဟု ကြေညာပြီး မှတ်ပုံတင်လျှင် မှတ်ပုံတင်လုပ်ငန်းကို အစဉ်တဆက်လုပ်ကိုင်နိုင်သည်။ ဥပဒေသစ်အရမူ ပုံနှိပ်သူတဦးအဖို့ တနှစ်တကြိမ် မှတ်ပုံတင်ရမည်ဖြစ်သည်။ အဓိပ္ပာယ်မှာ ပုံနှိပ်ခွင့်လိုင်စင်၏ သက်တမ်းကို တနှစ်သာပေးထားသည်။ တနှစ်အတွင်း သူတို့မကြိုက်လျှင် ပုံနှိပ်လုပ်ငန်းရှင်အဖို့ နောက်ထပ် လုပ်ပိုင်ခွင့်မရှိတော့ပေ။ သတင်းစာဆရာတို့အား "မင်းတို့အသက် တို့လက်ထဲမှာဟေ့၊ မင်းတို့သက်





တမ်းဟာ (၁၂) လသာရှိတယ်" ဟု စစ်ဗိုလ်များက ခြိမ်းခြောက်နေသည့် ဥပဒေဖြစ်သည်။ မရေရာသော လုပ်ပိုင်ခွင့်သက်တမ်း တနှစ်သာရှိသော မိမိဘဝကို စဉ်းစားမိတိုင်း စာမရေးရဲကြတော့ပါပေ။

"တယ်ကြမ်းတဲ့ ဥပဒေပါလား" ဟု ညည်းညူခဲ့ကြသော ထိုဥပဒေကို ၁၉၈၉ ခု၊ နဝတစစ်အစိုးရခေတ်မှာ ထပ်ပြီးနောက် ဖက်ဘူတင်းသည့် ပြင်ဆင်ချက်ကို ပြုပြန်သေးသည်။ ဥပဒေအရ ပြစ်မှုကျူးလွန်သော ပုံနှိပ်တိုက်ရှင်များကို ချမှတ်သည့် ဒဏ်ငွေကို တိုးမြှင့်သည်။ "အေးလေ…မပြင်လို့ မဖြစ်ဘူးလေ။ ၁၉၆၂ ခုနှစ်က အစိုးရက အင်တိုက်အားတိုက် အစွမ်းကုန်ချမှတ်တဲ့ ဒဏ်ငွေအတိုင်းအတာက နဝတခေတ်မှာ ကုန်ဈေးနှုန်းတွေ တက်နေလွန်းတော့ ဆေးပေါ့လိပ် တလိပ်ဖိုးသာရှိနေတာကိုး" ဟု လှောင်ကြသည်။

၁၉၆၂ ခု၊ ပုံနှိပ်တိုက်ဥပဒေကြီးအလိုအရ ပုံနှိပ်တိုက်များကို တင်းကြပ်စွာ ထိန်းချုပ်ရန် ပုံနှိပ်တိုက်များ မှတ်ပုံတင်ရုံးနှင့် စာပေစိစစ်ရေးရုံးတို့ကို ဖွဲ့စည်းတည်ထောင်သည်။ အစဉ်အဆက် စာနယ်ဇင်းရေးရာများကို ပြန်ကြားရေးဝန်ကြီးက ကွပ်ကဲခဲ့သောမှုကို ပြင်သည်။ စာပေကိစ္စသည် နိုင်ငံတော်၏ လုံခြုံရေးကိစ္စဖြစ်သည်။ အရေးယူရန် ဖမ်းဆီးရန် ရှိလျှင်လည်း ရဲတို့က ဆောင်ရွက်ရမည်ဖြစ်သည်ဟု အကြောင်းပြပြီး စာနယ်ဇင်းလောကကို ပြည်ထဲရေးဝန်ကြီးက အုပ်ချုပ်စေသည်။

စောစောပိုင်းက စာပေစိစစ်ရေးရုံးက ပုံနှိပ်ပြီးသမျှ စာအုပ်များကိုသာ စိစစ်သည်။ နောက်ပိုင်းတွင် ပုံမနှိပ်မီ စာမူများကို တင်ကြိုစိစစ်သည်။ မိတ္တူလေးစုတင်ကြရသည်။ သူတို့မကြိုက်သော စာသားမှန်သမျှကို ဖြတ်တောက်သည်။ စာသားများသာမက မျက်နှာဖုံးပန်းချီကားများ၊ ဓာတ်ပုံများ၊ ရုပ်ပြောင်များကိုပါ ဆင်ဆာလုပ်တော့သည်။ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ ဘာသာရေး၊ သမိုင်း…စသော စာပေများသာမက ဆပ်ပြာချက်နည်းစာအုပ်ကိုပါ သူတို့က တင်းကြပ်စွာ ဆင်ဆာလုပ်ကြသည်။

မည်သို့သော စာများကို မည်နယ် စိစစ်ဖြတ်တောက်သနည်းဟူမူ ဥပမာ…'ဝတ္ထုတခုတွင် ကားဆိပ်တခု၌ နှစ်လိုဖွယ်လှပသော အမျိုးသမီးငယ်တဦးကို စစ်ဗိုလ်ကလေးတယောက်က မြင်တွေ့ရာမှ မြင်လျှင်မြင်ချင်း ချစ်မိရှာသည်' ဟု စာရေးဆရာတဦးက စာဖွဲ့သည်ကို ဖြတ်တောက်သည်။ ဆင်ဆာအရာရှိက အကြောင်းပြသည်မှာ "တပ်မတော်အရာရှိ စစ်ဗိုလ်တို့သည် မိန်းမတဦးကို မြင်လျှင်မြင်ချင်း ချစ်ကြိုက်လေ့မရှိ၊ 'သာမိကာ၊ အသာမိကာ'၊ လွတ်လပ်သူ ဟုတ်၏၊ မဟုတ်၏ သိရှိမှသာ ချစ်မေတ္တာမိုး ရွာဖြိုးလေ့ရှိတယ်" ဟူ၏။

တခါတရံတွင် ထိုကဲ့သို့ အသေးစိတ်စစ်ဆေးသည်ကြားက သူတို့မကြိုက်သော စာပိုဒ်ကို သူတို့မမြင်လိုက်သဖြင့် လွတ်သွားကာ ထိုစာပိုဒ် ပါလာပါက ပုံနှိပ်ပြီး စာအုပ်မှ စာမျက်နှာကို ဆွဲဖြဲပေးရသည်။ မင်နှင့် သို့မဟုတ် ငွေမင်သုတ်ပေးရသည်လည်းရှိသည်။

သတင်းစာများအဖို့ အချိန်မီပုံနှိပ်ရသဖြင့် စိစစ်ခြင်းမှာ ကင်းလွတ်ခွင့်ရသည်။ သို့သော် ပိုမို၍ စိတ်ညစ်ရသည်။ သူတို့မကျေနပ်သော သတင်းများ၊ စာပိုဒ်များ ပုံနှိပ်မိပါက နောက်တနေ့တွင် အယ်ဒီတာများကို ဆင့်ခေါ်ကြိမ်းမောင်းတော့သည်။ ဖက်ဆစ်ဂျပန်များ အုပ်စိုးသောခေတ်က မိမိတို့ ရေးသမျှစာမူတွေကို ဆင်ဆာရုံးတင်ပြီး ခွင့်ပြုလေသမျှ ပုံနှိပ်ရသည်က သက်

သာသည်။ ဘေးကင်းသည်။

ယခုမူ နေ့စဉ်နေ့တိုင်းလိုလို ပြန်ကြားရေးမှ စစ်ဗိုလ်ကလေးများက သတင်းစာဆရာကြီးများကို သူတို့၏ ရုံးသို့ ဆင့်ခေါ်ပြီး "လူကြီးမင်းတို့ ရေးတာ ဘယ်လို အဓိပ္ပာယ်ပေါက်နေတယ်။ ဘယ်နည်းသွေဖည်နေတယ်" ဟု ဆွေးနွေးဝေဖန်သဖြင့် စိတ်ညစ်ကြရသည်။ အချို့စစ်ဗိုလ်က ယဉ်ယဉ်ကျေးကျေးပြောသည်။ တချို့ကမူ များစွာ ရိုင်းပျသည်။ ယဉ်ယဉ်ပြောသည်ဖြစ်စေ၊ ရိုင်းရိုင်းပြောသည်ဖြစ်စေ အနှစ်သာရမှာ ခြိမ်းခြောက်ကြသည်သာ ဖြစ်၏။

တင်မောင်အပါအဝင် အယ်ဒီတာကြီးများအဖို့ 'စေတ္တခဏ ဆွေးနွေးပါရစေ'ဟု ဖိတ်ကြားချက်ကို ရလေတိုင်း စိတ်မချမ်းသာဖြစ်ကြရသည်။ သူတို့၏ ကောက်ချက်များ မမှန်ကန်သည့်အကြောင်း ပြန်လည်ဖြေရှင်းသည်ကို နားလည်နိုင်သည့် ပညာအရည်အချင်း မရှိလေသဖြင့် ပိုမိုဆိုးသည်။

ယင်းကဲ့သို့ ဖိနှိပ်နေသည့်အကြားတွင် ပုံနှိပ်သူများ ဖောင်းပွလာသည်။ တော်လှန်ရေးအစိုးရခေတ်မှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ခွင့်ရှားပါးလေသောကြောင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို ဝင်ရောက်လာသူ များပြားလာသည်။ ယခင်က ဤလုပ်ငန်းတွင် လုပ်ကိုင်သူ (၄၀၀) ခန့်သာရှိခဲ့သည်။ စစ်ဗိုလ်များနှင့် အဆက်ရှိသူများက ပုံနှိပ်လုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ကြသဖြင့် တော်လှန်ရေးစစ်အစိုးရခေတ်တွင် ပုံနှိပ်လုပ်ငန်းရှင် (၁၂၇၄) ဦး၊ ထုတ်ဝေသူ (၆၆၅၆) ဦးအထိ ပွားများလာသည်။

• • • • •



(၂၂)

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နှင့် သတင်းစာများထိပ်တိုက်

၁၉၆၂ ခုနှစ်၊ မတ်လတွင် အာဏာသိမ်းခဲ့ပြီး ပါတီဝင် (၂၀) နှင့် တည်ထောင်ခဲ့သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို လူထုပါတီအဖြစ် စည်းရုံးရေးကို ဇူလိုင်လ (၄) ရက်က စတင်သောအခါတွင် ကြဲကြဲဖန်ဖန် ပါတီဝင်ခွင့် လျှောက်လွှာပုံစံများကို လာရောက်ယူကြပါဟု စီစဉ်သည်။ လူထုကြီးက အရှိန်အဟုန်ပြင်းစွာ အင်တိုက်အားတိုက် လာကြမည်ဟု မျှော်လင့်ထားသောကြောင့် အဓိကရုဏ်းနှိမ်နင်းရေးတပ်များကို အသင့်ပြင်ထားကြပါသေးသည်။

"ငှဲသို့အထင်နှင့် နှမ်းထွက်မကိုက်" ဟူသော စကားပုံကဲ့သို့ လက်တဆုပ်စန့်သာ ရှိသော လူဦးရေအနည်းငယ်သာ တဖွဲဖွဲ ဂဏ်တဲများသို့ လာပြီး ပုံစံတောင်းကြသည်။ တော်လှန်ရေးကောင်စီက စာပေလောကသားအများ ဝင်လာကြလေမည်ဟု မျှော်လင့်ထားစေကာမူ စိတ်ဝင်စားမှုမရှိကြသဖြင့် မလာကြသောကြောင့် တနည်းတဖုံ စည်းရုံးပြန်ပါသည်။

နိုဝင်ဘာ (၁၇) ရက်နေ့တွင် (၄) ရက်တာ စာပေနှီးနှောဖလှယ်ပွဲကြီးကို တော်လှန်ရေးကောင်စီက ဦးစီးကျင်းပပါသည်။ ပါတီသစ်ဖွဲ့စည်းသည်ကို ပထစ၊ ပမညတနှင့် တည်မြဲဖဆပသတို့က တာဝန်ကျေစွာ ထောက်ခံကြိုဆိုပြီးကြပါပြီ။ စာပေပွဲတော်တွင် သဘာပတိ ဆရာသိန်းဖေမြင့်က ထောက်ခံကြောင်းကြေညာပါသည်။ လက်ဝဲခေါင်းဆောင် ဆရာသိန်းဖေမြင့်သာ တော်လှန်ရေးကောင်စီ၏ မူဝါဒကို အမှန်တကယ်ယုံကြည်သောကြောင့် သူပိုင်သည့် ဗိုလ်ထောင်သတင်းစာကို လှူဒါန်းပြီး ဆောင်းပါးရှင်အဖြစ် အလုပ်အကျွေးပြုပါသည်။ အစိုးရကသည်း သူ့ကို တော်လှန်ရေးကောင်စီ အတိုင်ပင်ခံ အဖွဲ့လူကြီးအဆင့်ထိ မြှောက်စားခဲ့သော်လည်း နောက်ပိုင်း စီးပွားရေးအကျပ်အတည်းများ တွေ့ကြရသည့်ခေတ်၊ ၁၉၇၆ ခုနှစ်တွင် သူ့အား ဆောင်းပါးရေးခွင့်မပြုတော့ဘဲ နှုတ်ပိတ်လိုက်ပါသည်။

အစိုးရဘက်က ဗိုလ်မှူးကြီးဘိုက "စာနယ်ဇင်းတို့–ဘာတွေ ရေးကြရမယ်လို့ အစိုးရကညွှန်ကြားမှုမပြုပါဘူး။ အချိန်ကာလအရ ပြောင်းလဲ ချီတက်နေတဲ့ နိုင်ငံရဲ့လမ်းစဉ်ကို အထောက်အကူပြုကြပါ" ဟု မေတ္တာရပ်ပါ၏။

ဆွေးနွေးပွဲ တက်ရောက်သူ (၇၀၀) ကိုးအနက် (၂၁၀) တို့က မိမိတို့အယူအဆကို တင်ခွင့်ကြသဖြင့် ဆရာကြီးဇေယျက 'လွတ်လပ်စွာ တွေးပြီး၊ လွတ်လပ်စွာရေးမှသာ စာကောင်းပေနှံ့ ထွက်လာနိုင်ပါသည်'ဟု တင်ပြသကဲ့သို့ အားလုံးကလွတ်လပ်ခွင့်ကို တောင်းကြလေသည်။

ဆွေးနွေးပွဲကြီးမှ ဆုံးဖြတ်ချက်မထွက်လာဘဲ စာရေးဆရာများ အလုပ်သမား လယ်သမားတို့ထံ သွားရောက်လေ့လာလိုက အစိုးရက စရိတ်ကူညီမည်ဟူသည့် အစီအစဉ်တခုသာ ပေါ်ပေါက်လာပြီး ဆရာအချို့၏ စာအချို့ထွက်လာသည်မှတပါး အကျိုးမထွန်းပါ။

တော်လှန်ရေးကောင်စီသည် အသွင်အားဖြင့် စစ်ကောင်စီကဲ့သို့ ဖြစ်နေပေသည်ကို မလိုလားကြချေ။ တော်လှန်ရေးတရပ်ကို တော်လှန်ရေးသဘော လက္ခဏာဆောင်သော နိုင်ငံရေးပါတီကြီးတရပ်ကသာ ဦးဆောင်သင့်ပေသည်။ ထို့ကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်နှင့် အညမည လူနှင့် လူ့ပတ်ဝန်းကျင်သဘောတရားစာတမ်းသည် နိုင်ငံတော်အစိုးရ၏ မူဝါဒဖြစ်သည်ဟု ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ (၁၇) ရက်နေ့မှာ ကြေညာပါသည်။

ဆိုရှယ်လစ်ညီညွတ်မှုဟူသည်မှာ လူတဦးစီ၊ တစုစီတို့၏ စိတ်ဆန္ဒနှင့် အားထုတ်မှုကတဘက်၊ လူ့အဖွဲ့စည်းကို ဗဟိုက ဦးဆောင်လမ်းညွှန်မှုကတဘက် ဖြစ်ချေသည်ဟု စာတမ်းတွင် ဖတ်ရှုပြီး ဗဟိုက ဦးဆောင်လမ်းညွှန်မှုဟူသော ဝေါဟာရကို ကျော်ချမ်းမိကြသည်။ ယနေ့ ကျွန်ုပ်တို့ နိုင်ငံလိုအပ်သည်မှာ ညီညွတ်မှုဖြစ်ပေသည်။ သတင်းစာလွတ်လပ်မှုဟူသည်မှာ သွေးခွဲမှုဖြစ်သည်။ သတင်းစာလွတ်လပ်ခွင့် အကောင်အထည်မဖော်နိုင်ပါ။ အမျိုးသားတိုးတက်စည်ပင်ရေးအတွက် လွတ်လပ်ခွင့်ကို နောက်တန်းသို့ ပို့ရပေမည်ဟု ပါတီဆရာများက လမ်းစဉ်ချပြီး စာနယ်ဇင်းတို့ကို အမှည့်ချွေ ချွေပါတော့၏။ စာပေလောကကို အစိုးရက ချုပ်ကိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနကို ပြုပြင်ဖွဲ့စည်းပါသည်။ (၁) ပြန်ကြားရေးနှင့် စပ်လျဉ်း၍ လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းခြင်း။ (၂) ဆိုရှယ်လစ်နိုင်ငံထူထောင်ရေးတွင် လုပ်သားပြည်သူများ တက်ကြွစွာ ပါဝင်လှုပ်ရှားရေးလုပ်ငန်းနှင့် (၃) ဆိုရှယ်လစ်စနစ်ကို ကာကွယ်သည့် လုပ်ငန်းများ လုပ်ဆောင်ရန် ပြုပြင်ဖွဲ့စည်းသည် ဆိုပါသည်။

အစိုးရပိုင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီးက နှစ်စဉ်ပေးမြဲဖြစ်သည့် စာပေဆုများနှင့် ပတ်သက်သည့် မူကိုလည်း ပြင်ဆင်သည်။ စာပေတခု၊ တရပ်သည် (၁) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ထောက်ခံရမည်။ (၂) မြန်မာ့မူ၊ မြန်မာ့ယဉ်ကျေးမှုကို စစ်မှန်စွာ ခေါင်းဆောင်ရမည်။ (၃) စာဖတ်သူများကို မျိုးချစ်စိတ်နိုးကြွစေရမည်။ (၄) စိတ်ကူးဉာဏ်ဖွံ့ဖြိုးမှုနှင့် စာရိတ္တတိုးတက်မှုကို အထောက်အကူဖြစ်စေရမည်။ (၅) စာဖတ်သူများကို မှန်ကန်သော ဗဟုသုတကို ပေးစေရမည်ဟု စည်းကမ်းချမှတ်သောကြောင့် စာကောင်းပေမွန်များ ပျောက်ပါးသွားပြီး အစိုးရနှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဝါဒဖြန့်သည့် စာမူများသာ ဆုရစာပေဖြစ်လာပါသည်။ ၁၉၆၂ ခုနှစ်၊ မေလမှစတင်ပြီး ရွှေသွေးဂျာနယ်ကို စတင်ထုတ်ဝေပြီး အင်္ဂလိပ်ဘာသာပြန် ရွှေသွေးဂျာနယ်ကိုပါ ဖြန့်ချိသည်။ အယ်ဒီတာချုပ်မှာ ဦးစောဦးဖြစ်ပါသည်၊ အလံဖြူကွန်မြူနစ်အဖြစ် တောခိုသွားပြီးမှ စစ်တပ်နှင့် ပြန်ပေါင်းကာ ကွန်မြူနစ်ဆန့်ကျင်ရေးစာများကို ရေးနေသော ထူးဆန်းသည့် သတင်းစာဆရာဖြစ်ပါသည်။ အညမညသဘောတရားကို ရေးသူက အလံနီလူထွက် ကိုချစ်လှိုင်ဖြစ်ပါ၏။

ဦးစောဦး၊ ကိုချစ်လှိုင်တို့နှင့် များစွာ ရင်းနှီးသူ တည်မြဲပြန်ကြားရေးဝန်ကြီးဟောင်း သခင်ချစ်မောင်က "မင်းတို့နှစ်ယောက်က ဗိုလ်ချုပ်မျိုးက အိမ်သာတွေမှာ မိန်းမသွားရန်၊ ယောကျ်ားသွားရန် ဆိုင်းဘုတ်ရေးပေးတဲ့ လူနဲ့ အတူတူပါပဲကွာ" ဟု မျက်နှာကို စေ့စေ့ကြည့်





ပြီး နောက်ပြောင်ဝေဖန်တာကို ကြားရဖူးပါသည်။ မည်သူက မည်သို့ဆိုစေကာမူ စစ်တပ်၏ စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့တွင် ပြင်းထန်သော ကွန်မြူနစ်ဆန့်ကျင်ရေးစာပေများကို ရေးသားသည့် ကွန်မြူနစ်လူထွက်နှစ်ဦးအဖို့ စစ်အစိုးရများ တက်နေသမျှ မြောက်စားခံရသူများဖြစ်ကြသည်။ နိုင်ငံခြား ကြေးနန်းကိုယ်စားလှယ်လုပ်ငန်း ထောင်ကြရအောင်လားဟု ၁၉၆၃ ခု၊ ဧပြီလ နေ့တနေ့တွင် ဂါးဒီယန်း ဦးစိန်ဝင်းက ပြောသောအခါ တင်မောင်က ရယ်ပါသည်။ "မဖြစ်နိုင်ပါဘူး။ သူတို့က ပုဂ္ဂလိက စာနယ်ဇင်းတွေကို တိုက်နေတယ်လေ" ဟု ဖြေတော့ "ဘာလို့မဖြစ်ရမှာလဲ၊ ဟောဒီမှာကြည့်" ဆိုကာ ငွေစက္ကူထုပ် တထုပ်ကိုပြသည်။ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးကြီးစောမြင့်ကို တိုင်ပင်တော့ အရပ်သားပိုင် သတင်းကိုယ်စားလှယ်လုပ်ငန်းကို အစိုးရက လက်ခံမည်ဟု ပြောပြီး သူကပါ လျှို့ဝှက်အစုရှင်အဖြစ် ပါရစေဟု ငွေပေးလိုက်သည်ကို သိရသဖြင့် စိတ်ဝင်စားမိသည်။

ဗိုလ်စောမြင့်က မဆလပါတီ အတွင်းရေးမှူးချုပ်ဖြစ်သဖြင့် ပုဂ္ဂလိက စာနယ်ဇင်းများအပေါ် ထားရှိသည့် ပါတီ၏ မူဝါဒတွင် ပုဂ္ဂလိကကဏ္ဍရှိသေးသည်ကို သိရသဖြင့် အားတက်ပြီး အားတက်သရော ကြိုးစားခဲ့မိသည်။ မြန်မာပြည်မှာ သတင်းစာတွေ များပြားသော်လည်း စရိတ်စက ကြီးမားသောကြောင့် နိုင်ငံခြားကြေးနန်းသတင်းလုပ်ငန်း မထွန်းကားခဲ့ပါ။ စစ်အတွင်း အင်္ဂလိပ်တပ်များ ဝင်လာစဉ်က အင်္ဂလိပ်စစ်တပ်က Rangoon Liberator အမည်နှင့် အင်္ဂလိပ်သတင်းစာတစောင်ထုတ်ခဲ့သည်။ စစ်အုပ်ချုပ်ရေးရုပ်သောအခါတွင် ထိုသတင်းစာကို အရပ်သားများကို ရောင်းချရာ ဝန်ကြီးဦးတင်ထွဋ်က ဝယ်ယူပြီး The news time of Burma အမည်နှင့် ထုတ်ပါသည်။ သတင်းစာနှင့်အတူ ပါလာသည့် အမေရိကန်သတင်းဌာန အေပီကို တဆင့်သတင်းဖြန့်ပါသည်။ ထို့ပြင် ဗမာ့ခေတ်ဦးအုန်းခင်နှင့် ရန်ကုန်သတင်းစာ ဦးအောင်မြင့်တို့က ဦးစီးပြီး၊ Burma Press Syndicate ကို ၁၉၅၀ ခုနှစ်က စတင်ဖွဲ့ပြီး၊ ရိုက်တာကို ဝယ်ပြီး တဆင့် သတင်းဖြန့်ပါသည်။ နောက်ပိုင်းတွင် အမေရိကန်မှ UPI နှင့် ပြင်သစ်မှ AFP နှင့် ရုရှသံရုံးမှ အခမဲ့ ဖြန့်သော တပ်စ် သတင်းစဉ်နှင့် တရုတ်သံရုံး၏ ဆင်ဟွာတို့ ပေါ်လာပါသည်။ နိုင်ငံခြားသတင်းဖြန့်ဝေရေးမှာ အမြတ်မရသော်လည်း ဩဇာကြီးသဖြင့် နိုင်ငံခြားသတင်းစဉ်ကို တည်ထောင်ရန် အားထုတ်ခဲ့ပါသည်။ ဂါးဒီယန်းသတင်းစာတိုက် အပေါ်ထပ်တွင် သတင်းဌာနရုံးကို ဆောက်လုပ်ကြပါ၏။ အစုများ ရောင်းသောအခါ သတင်းစာအားလုံးက ဝယ်ကြရာတွင် မန္တလေး လူထုဦးလှက (၁၀၀၀) တန် အစု (၃) စုဝယ်ပါ၏။

တပ်စ်သတင်းဌာနက အင်အားကြီးစွာ အားပေးပါသည်။ မော်စကိုမှ အကြီးအကဲကိုယ်တိုင် လာရောက်ဆွေးနွေးပြီး သတင်းဖမ်း တယ်လီပရင်တာစက်များ၊ ရေဒီယိုများ လေယာဉ်ပျံတစီးစာဖိုးပေးပြီး အခမဲ့ ငှားရမ်းသည်။

သတင်းဌာနဖွင့်တော့မည်ဟု ကြေညာသောအခါ ပြန်ကြားရေးဝန်ကြီးက "ရပ်လိုက်ကြပါဦး" ဟု ဖုန်းဆက်ပါသည်။ သတင်းလုပ်ငန်းကို ပုဂ္ဂလိကအဖွဲ့ကို လုပ်ပိုင်ခွင့် ပေးရမည်လားဟု ဗိုလ်နေဝင်းက ပြန်ကြားရေးဝန်ကြီးကို ဆူသည်ဟု သိရပါ၏။

သတင်းစဉ်ထောင်ရန် ကိစ္စနှင့်ပတ်သက်ပြီး ဝန်ကြီးက နောက်ထပ်မပြောတော့ပါ။ သူထည့်ထားသော ငွေ (၅၀၀၀) ကို ပြန်မတောင်းတော့ပါ။ တင်မောင်လည်း ငွေ (၅၀၀၀) ဆုံးပါ

၏။ တရားဝင် အစုဝယ်သဖြင့် အခွန်တော်မှ လျှော့ခွင့်ရခေကာမူ ခိုးဝင်ပြီး အစုဝယ်သူ ဝန်ကြီးမှာ သနားရောကောင်းလှပါသည်။ ပြည်သူပိုင် နိုင်ငံခြားသတင်းဖြန့်ချိရေးလုပ်ငန်းအဖြစ် မြန်မာ့သတင်းစဉ်ကို ၁၉၆၃ ခု၊ ဇူလိုင်လ (၂၆) ရက်နေ့မှာ တည်ထောင်ပါသည်။ ကြီးကဲသူ စစ်ဗိုလ်က ဤလုပ်ငန်းကို သိကြသော တင်မောင်နှင့် ဦးစိန်ဝင်းတို့အား တိုင်ပင်မှုမပြုသဖြင့် မူပိုင်ခွင့်အဆများစွာ ပိုမိုပေးရပါသည်။ ပုဂ္ဂလိက တည်ထောင်ပါက တလ (၁၀၀) ခန့် ကုန်ကျမည့် လုပ်ငန်းကို တလ (၈၀၀) ခန့် အဆများစွာ ပေးရပါ၏။

• • • • •



(၂၃)

## အစိုးရပိုင်သတင်းစာများ

၁၉၆၃ ခု၊ အောက်တိုဘာ (၁) ရက်နေ့တွင် တော်လှန်ရေးအစိုးရ၏ အာဘော်ဖြစ်သော လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာကို စတင်ထုတ်ဝေသည်။ တော်လှန်ရေးအစိုးရ အဖွဲ့ဝင်များ အဖို့ သတင်းစာအမည်အတွက် အချိန်ကြာမြင့်စွာ စဉ်းစားရလေသည်။ အစိုးရက ဆိုရှယ်လစ်စီးပွားရေးစနစ်သို့ ချီတက်မည်ဟု ဆုံးဖြတ်စဉ်က အရှေ့ကွန်မြူနစ်တို့၏ စနစ်မဟုတ်ဘဲ မြန်မာ့နည်း မြန်မာ့မှုနှင့် လုပ်ဆောင်မည်ဟု ကြေညာခဲ့သောကြောင့် လက်ရှိ ဆိုရှယ်လစ်နိုင်ငံများမှ သတင်းစာများ အမည်နှင့်မတူသော အမည်ကို ရှာဖွေကြရသည်။

လုပ်သားသတင်းစာဟု အမည်ပေးလျှင် ဥရောပ ကွန်မြူနစ်နိုင်ငံ သတင်းစာများနှင့် အမည်တူဖြစ်နေသည်ကို ကြောက်ကြသည်။ ပြည်သူ့နေ့စဉ်ဟု မှည့်ခေါ်ပါက တရုတ်ပြည် နောက်လိုက်ဖြစ်မည်ကို စိုးရိမ်သောကြောင့် လုပ်သားပြည်သူ့သတင်းစာဟု အမည်ဆန်းပေးကြသည်။ သတင်းစာအယ်ဒီတာချုပ်အဖြစ် ဆရာကြီး ရွှေဥဒေါင်းကို ခန့်ထားသည်။ ဝတ္ထုဘာသာပြန် ပါရဂူဆရာကြီးသည် မန္တလေးလူထုသတင်းစာတွင် လက်ဝဲယိုင်သော ခေါင်းဆောင်များကို ပြောင်မြောက်စွာ ရေးသားခဲ့သူဖြစ်သည်။ ဆရာကြီးလက်အောက်မှ မြို့ပြ အယ်ဒီတာ (သို့မဟုတ်) သတင်းအယ်ဒီတာရာထူးနှင့် အယ်ဒီတာ အဖွဲ့ဝင်ရာထူးများကို လက်နက်ချ အလံဖြူ၊ အလံနီကွန်မြူနစ်များက အရှက်မဲ့စွာ ဝင်လုခဲ့ကြသည်။

သတင်းစာ ထွက်စကာလက စာပေဗိမာန် ဦးထင်ကြီး၊ သံတော်ဆင့် ဦးမောင်မောင်ကြည်တို့ကို အစိုးရက ခေါ်ပြီး အပ်သည်။ သူတို့သည် သတင်းစာပညာရှင်များ ဖြစ်ကြသည်။ သို့သော် လက်အောက်မှ လက်နက်ချသူများက သတင်းစာထွက်မရစေရန် စာမူများကို ပျောက်ကြသည်။ စာတ်ပုံဘလောက်များကို ခိုးဝှက်ကြသည်။ အမျိုးမျိုးနှောင့်ယှက်ကြသဖြင့် သမရိုးကျ သတင်းစာဆရာများ လက်မြှောက်ပြီး ထွက်သွားကြရသည်။ ဤတွင်မှ ကွန်မြူနစ်များသည် မင်းက ဘယ်နေရာယူ၊ ငါက ဘာလုပ်မယ်ဟု ဝေစုခွဲပြီး အပိုင်စီးကြသည်။

"သတင်းစာ ဩဇာဆိုတာ အာဏာရဲ့ လှေကားထစ်ပဲ ဆိုတာ စစ်ဗိုလ်တွေ နားမလည်ကြပါဘူး။ သတင်းစာတွေကို တို့များလက်မှာ ရှိရမယ်"'ဟု လက်နက်ချများက လမ်းစဉ်ချကြသည်။ သမရိုးကျ သတင်းစာဆရာများကို သူတို့က ကျောင်းဟောင်းတွေဟု ခေါ်၏။ ကျောင်းဟောင်းတွေ နေရာမရနိုင်စေရန် စစ်ဗိုလ်ကြီးများကို ချော့မော့ပေါင်းသင်းကြသည်။ ကျောင်းဟောင်းများ ဝင်လာပါက စစ်ဗိုလ်များနှင့် ရန်တိုက်ပေးကြသည်။

သူတို့ရည်ရွယ်ချက်အတိုင်း တော်လှန်ရေးအစိုးရခေတ်နှင့် မဆလခေတ်တွင် သတင်း

စာလောကတခုလုံး လက်နက်ချများ၏ လက်တွင်းသို့ ရောက်ရှိသွား၏။ ခက်သည်မှာ သူတို့က များသောအားဖြင့် စာအရေးအသား ညံ့ဖျင်းကြသည်။ ထိုပြင် ပြတ်ပြတ်သားသား မရေးဝံ့ကြ။ ထို့ကြောင့် စစ်ဗိုလ်ကြီးများအား နှမ်းမွှန်းလောက်အောင် ဒူးထောက်နေကြသဖြင့် ရာထူးကြီးများသာ ရရှိပြီး ဩဇာမရရှာကြပါပေ။ ယင်းကဲ့သို့ မင်းလိုလိုက် မင်းကြိုက်ကို ရေးတတ်ကြသော ကွန်မြူနစ်သတင်းစာဆရာ လက်သစ်များ လက်တည့်စမ်းကြသောကြောင့် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာကို လူထုက စိတ်ဝင်စားမှုမရှိဘဲ ကျောခိုင်းကြသည်။

လုပ်သားသတင်းစာက ကြေးမုံ၊ ဟံသာဝတီတို့ထက် စာမျက်နှာ နှစ်ဆ ထူရုံသာမက အရွယ်ကလည်း နှစ်ဆကြီးသည်။ ကုန်ထုပ်စက္ကူ ရှားပါးနေပြီဖြစ်သဖြင့် လုပ်သားကို တလ (၇) ကျပ်နှင့် လကြည့်ဝယ်ပြီး လကုန်တွင် စက္ကူပြန်ရောင်းလျှင် (၈-၉) ကျပ် ရနိုင်ပါလျက် လူထုက မဝယ်ဖတ်ကြပေ။ လုပ်သားက စောင်ရေ (၁၁,၀၀၀) ခန့်သာ ရောင်းရပြီး၊ ကြေးမုံက (၅) ဆပိုမိုရောင်းရသည်။ လုပ်သားအင်္ဂလိပ်သတင်းစာ Working People's Daily ထွက်လာသောအခါတွင်မှ လူထုက လက်ခံအားပေးကြသည်။ Guardian အင်္ဂလိပ်သတင်းစာသည် ဒေါက်တာမောင်မောင်ပိုင်သည့် သတင်းစာဖြစ်ခဲ့သည်။ ဆရာမောင်မောင် ပညာတော်သင်ဆုရသဖြင့် အမေရိကန်သို့ သွားသောအခါတွင် စစ်တပ်၏ လျှို့ဝှက်ရန်ပုံငွေနှင့် ဝယ်ယူပြီး ဗိုလ်မှူးကြီး (၃) ဦးပိုင်အဖြစ် ဆက်လက်ထုတ်ဝေခဲ့သဖြင့် စစ်တပ်ပိုင် သတင်းစာ စစ်စစ်ဖြစ်သည်။ သို့သော် ဗိုလ်ချုပ်ကြီးနေဝင်းက မျက်နှာကြောမတည့်သောကြောင့် အစိုးရပိုင် အင်္ဂလိပ်သတင်းစာထုတ်ရန် ပြန်ကြားရေးဝန်ကြီးအား အမိန့်ပေးကြောင်းသိရသည်။ အမိန့်အရ Working People's Daily သတင်းစာကို ၁၉၆၄ ခု၊ ဇန်နဝါရီလ (၁၂) ရက်တွင် စတင်ထုတ်ဝေသည်။ ရန်ကုန်တက္ကသိုလ်မှ ဆရာဦးခင်မောင်လတ်အား အယ်ဒီတာချုပ်၊ ဇနီး ဒေါ်ခင်မျိုးချစ်ကို လက်ထောက်အယ်ဒီတာအဖြစ် ခန့်ထားသည်။ ကွန်မြူနစ်လက်နက်ချလောကတွင် အင်္ဂလိပ်ဘာသာရေးတတ်သူ နည်းပါးသောကြောင့် အင်္ဂလိပ်သတင်းစာသို့ များများမဝင်နိုင်သောကြောင့် ဆရာဦးခင်မောင်လတ်မှာ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ရရှိခဲ့သည်။

Working People's Daily ထွက်လာသည်နှင့် ထိုစဉ်က လက်ငင်းရင်ဆိုင်နေကြရသော စီးပွားရေးအခက်အခဲများကို ဆရာဦးခင်မောင်လတ်က ပွင့်လင်းစွာ ဝေဖန်ရေးသားသည်။ တခါက တရုတ်ပြည်တွင် ပန်းတိုင်းပွင့်ပါစေဟု လွတ်လပ်စွာ ရေးသားခွင့်ပြုခဲ့သကဲ့သို့ လုပ်သားပြည်သူများ မိမိတို့ ထင်မြင်ချက်များကို လွတ်လပ်စွာ တင်ပြကြပါဟု ပြန်ကြားရေးဌာနက ဖိတ်ခေါ်သောအခါ အင်္ဂလိပ်စာတတ်များက မြန်မာလမ်းစဉ် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ပယ်ပယ်နယ်နယ် ဝေဖန်ပြစ်တင်သော စာများ ရေးသားပေးပို့ကြသည်။ ယင်းဝေဖန်ချက်များကို ပုံနှိပ်ပေးသဖြင့် အင်္ဂလိပ်လုပ်သား မဟာစောင်ရေ တိုးတက်ရောင်းချရသည်။ မြန်မာလုပ်သားသတင်းစာမှာမူ ကွန်မြူနစ်အယ်ဒီတာများက လူထုပေးစာမှန်သမျှကို ပုံနှိပ်ရန် သတ္တိမရှိသောကြောင့် စောင်ရေမတက်ပေ။ စောင်ရေတိုးသည်ဆိုပေမယ့် Working People's Daily သတင်းစာက ဦးလော့ရဲ့ Nation ၏ စောင်ရေကို မမီခြင်း၊ မြန်မာလုပ်သားက အရှုံးခံပြီး စာမျက်နှာ နှစ်ဆထုတ်ပါလျက် ပုဂ္ဂလိကသတင်းစာများ ရောင်းချကြရသည့် စောင်ရေ၏ အောက်သို့ ရောက်ရှိနေခြင်းတို့ကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းက စိတ်မကြည်ဟု ကြားရသည်။



အစိုးရက တခုခုလုပ်လေမည်ဟု မျှော်လင့်ကြသည့်အတိုင်း အရပ်သားပိုင် သတင်းစာတွေကို အစိုးရက ဖိအားပေးလေတော့သည်။ ပုဂ္ဂလိကလုပ်ငန်း၏ အမြတ်ခွန်နှုန်းကို မြင့်သည်။ အမြင့်ဆုံးဝင်ငွေကို အမြတ်တော်ခွန်နှုန်းထားကို (၉၉) ရာခိုင်နှုန်းအထိ တိုးမြှင့်လိုက်သည်။ ခေတ်ရှေ့ပြေး အင်္ဂလိပ်စာဖြစ်သော Nation သတင်းစာစက်နှင့် တိုက်ကိုလည်း သိမ်းလိုက်လေသောကြောင့် ၁၉၆၄ ခု၊ မတ်လမှာ ရပ်စဲရရှာသည်။

ကြေးမုံသတင်းစာကို အခွန်ရုံးသို့ တင်ပြသည့် စာရင်းများကို လက်မခံဘဲ ဒဏ်ငွေ ကျပ်နှစ်သိန်း တကြိမ်တည်းပေးစေဟု စီရင်ချက်ချသည်။ ထိုအချိန်က ငွေကျပ်နှစ်သိန်းမှာ တရင်းတနှီးကြီးဖြစ်သဖြင့် ပေးဆောင်ရန် ခက်နေခဲ့သည်။ ကံအားလျော်စွာ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ အထူးအရာရှိအဖြစ် ဦးဘညိမ်းရောက်လာသည့်အချိန်တွင် အခွန်တော်အမှုဖြစ်ရသည်။ ဦးဘညိမ်း အတွင်းဝန်ရာထူးမှ အငြိမ်းစားယူပြီး အလုပ်သမား လယ်သမားပါတီ တည်ထောင်စဉ်က စာရေးသူက သူတို့ပါတီကို နေ့စဉ်ဝင်ထွက်ခဲ့သဖြင့် ရင်းနှီးရုံသာမက ဦးဘညိမ်းက ကြေးမုံတွင် မကြာခဏ ဆောင်းပါးရေးနေသူ ဖြစ်လေသောကြောင့် "ဆောင်းပါးရှင်ကြီးရယ်... ကူပါဦး၊ ကယ်ပါဦး" ဟု သူ့ကို ကပ်လေမှ လဆိုင်းနှင့် ပေးဆောင်စေဟု အမိန့်ကို ပြင်ပေးသဖြင့် ကြေးမုံအဖို့ အသက်ဆက်ရပြန်နိုင်သည်။

Nation ရပ်သွားသောအခါတွင် Working People's Daily အဖို့ လွတ်လပ်စွာ ဖော်ပြသော အယ်ဒီတာထံပေးစာများကြောင့် စောင်ရေတက်လာသည်။ Guardian ထက် စောင်ရေများလာသည်။ သို့သော် ပန်းပွင့်များမှ ကြိုင်လှိုင်သော ရနံ့ကြူကြူကို ဗိုလ်ချုပ်ကြီးက ပုပ်စော်နံသည်ဟု ယူဆသည်ဟု ကြားရသည်။ အယ်ဒီတာကြီး ဦးခင်မောင်လတ်အဖို့ သက်ဆိုးမရှည်ရှာပေ။

ဆရာဦးခင်မောင်လတ်အား ဗိုလ်နေဝင်းက ခေါ်တွေ့ပြီး "ဆရာကြီး၊ သံအမတ်ရာထူး ယူပါလား"ဟု ရာထူးပြောင်းလဲ ခန့်ထားသောအခါတွင် "ကျနော် သံအမတ်မလုပ်ချင်ဘူး။ သတင်းစာဆရာဘဝကို ပျော်တယ်။ မကျေနပ်လျှင် ထွက်ပေးမယ်"ဟု ရဲရဲဝံ့ဝံ့ပြောပြီး အယ်ဒီတာချုပ်ရာထူးမှ ထွက်လိုက်သည်။ အစိုးရ သံအမတ်ရာထူးနှင့် ချီးမြှင့်သည်ကို သတင်းစာဆရာများက မက်မောလေ့မရှိပေ။ စစ်ဗိုလ်များသာ ငမ်းငမ်းတက် မက်မောကြလေ့ရှိသည်။ ဆရာတက်တိုး၊ ဦးအုန်းဖေတို့လည်း သံအမတ်ခန့်သည်ကို ငြင်းခဲ့သည်။ သတ္တိခဲ ဆရာဦးခင်မောင်လတ်ကို ထုတ်သောနေ့က မြန်မာလုပ်သားသတင်းစာတွင် စာရေးသူက ဆောင်းပါးတစောင်ရေးပြီး ဂုဏ်ပြုခဲ့၏။

(မြက်ထုံးကြီးပုံပြင်)

တရံရောအခါမှာ ဖုန်းတောင်းစားတဦးဟာ တခုသော တောစပ်မှာရှိတဲ့ ဇရပ်တဆောင်မှာ ထိုင်နေခိုက် နေပူထဲတွင် မြက်ထုံးကြီးတထုံးကို ပင်ပန်းစွာ ထမ်းပိုးတခုနှင့် ထမ်းလာတဲ့ သူဌေးသားတယောက် ဝင်ရောက်လာတာကို တွေ့ရသတဲ့။

မောပန်းနေတဲ့ သဌေးသား အပန်းဖြေပြီး ပြန်သွက်ဖို့ ပြင်ဆင်တော့ လာစဉ်ကအတိုင်း မြက်ထုံးကြီးကို တထုံးတည်းစည်းထုံးပြီး ထမ်းပိုးတဘက်မှာ တင်ချိတ်ကာ တခေါင်းထမ်းပြန်ဘာ တွေ့တာကြောင့် အကြံပေးမိသတဲ့။

"အမောင်၊ ထမ်းပိုးမှာ မြက်ထုံးတခုတည်းကို ချိတ်ကာ တစောင်းထမ်းမည့်အစား မြက်များကို အညီအမျှ နှစ်ထုံးခွဲစည်းပြီး ထမ်းပိုး တဘက်တချက်မှာ ချိတ်ကာ ထမ်းပါက များစွာ သက်သာပေမည် မဟုတ်ပါလား။" အဲဒီလို အကြံပေးတာကို သူဌေးသားက အတန်ကြာ စဉ်းစားပါသတဲ့။ သေသေချာချာစဉ်းစားပြီးမှ သူဌေးသားက အဖြေပေးသတဲ့။

"အချင်း ဖုန်းတောင်းစား၊ သင်ပြောသော အကြံသည် ကောင်း၏။ မှန်၏။ မြက်များကို နှစ်စု၊ နှစ်ထုံးခွဲစည်းကာ ထမ်းလျှင် များစွာ သက်သာမည်မှာ မှန်ပေ၏" လို့ ဝန်ခံသတဲ့။

အဲဒီလို ဝန်ခံပေမယ့် သူဌေးသားက မြက်ထုံးကြီးကို ပြင်ဆင်စည်းနှောင်ခြင်းမပြုဘဲ လာရောက်စဉ်ကအတိုင်း တထုံးတည်းကိုသာ ထမ်းပိုးမှာ ချိတ်ပြီး တစောင်းထမ်းကာ ပင်ပန်းတကြီး ခရီးဆက်လေသတဲ့။ ဆက်မသွားမီ သူဌေးသားက ပြောကြားတာက "အသယ် ဖုန်းတောင်းစား...သင်ပေးသောအကြံ ကောင်းသည်မှာ မှန်၏။ သို့သော် သင်သည် သူတောင်းစားသာ ဖြစ်ချေ၏။ ငါကား သူဌေးသားဖြစ်ပေသည်။ သူဌေးသားတဦးက သူတောင်းစားပေးသော အကြံကို နာယူလက်ခံလျှင် ရာဇဝင်ရိုင်းချေမည်။ ထို့ကြောင့် မည်မျှ ပင်ပန်းစေကာမူ ငါသည် မူလက ထမ်းသည့်နည်းအတိုင်း ထမ်းပေအံ့" တဲ့။

* * * * *



(၂၄)

## ဆိုရှယ်လစ်လောကနိဗ္ဗာန်သို့

ပုဂ္ဂလိကသတင်းစာများမှာ အမြတ်ခွန်မဆောင်နိုင်သဖြင့် ပိတ်ရသူက ပိတ်ရပြီး၊ အယ်ဒီပာကို ဖမ်းထားသော်ကြောင့် ပိတ်ကြရသည်လည်းရှိသည်။ တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးချုပ်တီကလစ် နုတ်ထွက်သည့် သတင်းအမှန်ကို ရေးသဖြင့် သတင်းပေးသူကို သိလိုသည်ဟုဆိုကာ အယ်ဒီတာ ဦးညိုမြနှင့် ဦးအုန်းခင်တို့အား ရက်ရှည်လများ ဖမ်းဆီးစစ်ဆေးသဖြင့် အိုးဝေနှင့် မိုးကြိုးသတင်းစာ နှစ်စောင် စုတေစိတ်ကျရရှာပြန်လေသည်။

မှန်တိုင်းမိနေသည့် သတင်းစာများနှင့် လူထုကြီးအဖို့ ဆောင်းအိပ်မက်ကဲ့သို့ အိပ်မက်ဆန်းတခု မက်လိုက်ကြရပါသေးသည်။

၁၉၆၃ ခု၊ ဧပြီလ (၁) ရက်နေ့က တော်လှန်ရေးကောင်စီက လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ထုတ်ပြန်ပြီး အကျဉ်းသားအားလုံးကို လွှတ်လိုက်လေသည်။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်နေဝင်းကိုယ်တိုင် ရန်ကုန်ထောင်ထဲသွားပြီး ထောင်လွတ်များနှင့် ထောင်မှူး ထောင်ကြပ်များကို မိန့်ခွန်းပေးသောအခါ "ဆိုရှယ်လစ်စီးပွားရေးစနစ် ထူထောင်ရာမှာ လူတိုင်းပါဝင်နိုင်အောင် လွှတ်ပေးလိုက်တယ်။ ဆိုရှယ်လစ်ခေတ်သစ်မှာ အကျဉ်းသားတွေ မရှိတော့လျှင် ထောင်မှူးထောင်ကြပ်တွေကို အလုပ်ဖြုတ်မည်မဟုတ်။ သင့်လျော်တဲ့ အလုပ်တွေ အစားပေးမယ်" ဟု ကတိပေးသည်။

ဗိုလ်ချုပ်ကြီးက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သည် တကယ်အမှန် အောင်မြင်တော့မည်ဟု ယုံကြည်ဟန်တူသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်၏ အသီးအပွင့်စားရချိန်တွင် စစ်ဗိုလ်များက ပိုမစားဘဲ လူထုနှင့် ညီညီမျှမျှ ခွဲဝေစားသောက်ကြမည်ဖြစ်သောကြောင့် မကောင်းမှုကျူးလွန်မည့်သူ မရှိလေမည်မို့ ထောင်ဆိုသည်ကို အရုပ်ရေးကြည့်ကြရမည့် ခေတ်သစ်ကို ရောက်တော့မည်ဟု စိတ်ကူးယဉ်ဟန်တူသည်။ ချက်ချင်း မဆိုင်းမတွ ရန်ကုန်ထောင်ကြီးကို ဖျက်လိုက်စေဟု အမိန့်ပေးပြီး ဖြိုချလိုက်ကြလေတော့သည်။

ထိုအခါတွင် သတင်းစာဆရာများတို့က လက်ခုပ်လက်ဝါးတီးကာ ကောင်းချီးသြဘာပေးကြသည်။ ရာဇဝင်စဉ်ဆက် ခံခဲ့ကြရသည့် ရန်ကုန်ထောင်ကြီးမရှိတော့သောကြောင့် ဆိုရှယ်လစ်လောကနိဗ္ဗာန်၏ တံခါးဝကို ရောက်ကြပြီဟု အိပ်မက်မိကြလေသည်။

လွတ်လပ်ရေးရချိန်ကစပြီး လက်နက်ကိုင်တိုက်ခိုက်နေကြသော သူပုန်သူကန်များကိုလည်း ဆိုရှယ်လစ်နိုင်ငံသစ်ကို ပူးပေါင်းတည်ဆောက်လှည့်ကြပါဟု တော်လှန်ရေးကောင်စီက ဖိတ်ခေါ်သည်။ ၁၉၆၃ ခု၊ ဇွန်လ (၁၁) ရက်နေ့တွင် ဖိတ်ခေါ်ရာ၌ ကွန်မြူနစ်လက်နက်ကိုင်

သူပုန်အဖွဲ့ (၂) ဖွဲ့နှင့် လူမျိုးစု (၆) ဖွဲ့တို့ လာရောက်ဆွေးနွေးကြလေသည်။ ဤတွင် ပြည်တွင်းငြိမ်းချမ်းရေး ရရှိတော့မည်ဟု အိပ်မက်ကြရပြန်သည်။

အိပ်မက်သည် ဆောင်းအိပ်မက်ပါပေ။ ကြာကြာပင် အရသာမခံလိုက်ရပါပေ။ ဗိုလ်ချုပ်ကြီးရော ဆောင်းပါးရှင်တို့ သတင်းစာဆရာတွေပါ ဖျတ်ခနဲ လန့်နိုးကြရတော့သည်။ ထောင်ကြီးကို ဖျက်ပြီး (၄) လကြာသောအခါတွင်မှ ဆိုရှယ်လစ်နိုင်ငံ တည်ထောင်သည့်အခါတွင် နိုင်ငံရေးအကျဉ်းသားဟူသည်မှာ မရှိမဖြစ် သတ္တဝါများဖြစ်လေသည်ကို ဗိုလ်ချုပ်ကြီး သိရှိလာရှာသည်။

၁၉၆၃၊ ဩဂုတ်လထဲတွင် ထင်ရှားသော နိုင်ငံရေးခေါင်းဆောင် (၁၀) ဦးကို ထိန်းသိမ်းလိုက်ရာတွင် နေရှင်းသတင်းစာ အယ်ဒီတာ ဦးလောရုံပါ ပွဲဦးထွက် အဆက်ပါသွားရှာသည်။ တော်လှန်ရေးအစိုးရက ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ဖို့ သူပုန်သူကန်များနှင့် ဆွေးနွေးတာကို နှောင့်ယှက်ဖျက်ဆီးသူများအဖြစ် စွပ်စွဲကာ ဖမ်းဆီးသည်။

သူပုန်တို့သည် တောတွင်းက ထွက်လာပြီး ဆွေးနွေးကြစေကာမူ အစိုးရကို အယုံအကြည်မရှိကြသူများဖြစ်သည်။ ကရင်အမျိုးသားအဖွဲ့တခုကသာ တော်လှန်ရေးအစိုးရ၏ ကမ်းလှမ်းချက်ကို လက်ခံပြီး ကျန်အဖွဲ့အားလုံးက တောထဲသို့ ပြန်သွားကြပြီး ဆက်လက်ကာ ထကြွကြလေသည်။ 'အတုအလိမ်ဆွေးနွေးပွဲပါ'ဟု အလံဖြူ သခင်သန်းထွန်းက ကြိုတင်ကာ မေခင်ဟောပြီး ဆွေးနွေးပွဲများသို့ တက်ပင်မတက်ခဲ့ပေ။

(၁၅) နှစ်တာမျှ တောကြီးမျက်မည်းထဲတွင် သစ်ဥသစ်ဖုများစားပြီး တော်လှန်နေသော အလံနီသခင်စိုး စသော တောပုန်းများ ဆွေးနွေးရန် မြို့တွင်းသို့ ဝင်လာသောအခါတွင် ကွဲကွာနေသည့် ဆွေမျိုးဉာတိကာများထံ သွားရောက်နှုတ်ဆက်ကြသည်။ ခေစပ်ရေးပျက်သဖြင့် သူပုန်များ တောထဲပြန်ဝင်သွားသည်နှင့် တပြိုင်နက် သူပုန်များ လာစဉ်က တွေ့ခဲ့မိသည့် ဆွေမျိုးများကို တရကြမ်း ဖမ်းတော့သည်။ အကိုအရင်းဖြစ်သောကြောင့် အလံနီကိုကျော်ဝင်းကို တွေ့မိသည့် သူ၏ညီကို ဖမ်းပြီး ထောင်ထဲမှာ (၈) နှစ်တာမျှ ထည့်ထားခဲ့သည်။

သခင်စိုးက ခွန့်ပစ်ထားသည့် ဇနီးတဦးက နောက်အိမ်ထောင်သစ် ထူလေသဖြင့် စိုးကြီးက ဇနီးဟောင်း၏ အိမ်သို့ သွားပြီး 'သဘောထားကြီးပါတယ်။ သဘောတူပါတယ်'ဟု ပြောပြီး လက်ခွပ်တကွင်း လက်ဖွဲ့ခဲ့လေသည်။ မဆီမဆိုင် သူပုန်ကြီး၏ မယားဟောင်းကို လက်ထပ်မိသူခမျာကိုလည်း ဖမ်းလိုက်ပြီး ထောင်ထဲမှာ (၈) နှစ်တာ ထားပြန်သည်။

သူပုန်ဆွေမျိုးတွေသာမက လက်ဝဲဆန်သူ စာရေးဆရာအများကိုပါ ဖမ်းလေရာ အောင်လင်း၊ မြသန်းတင့်၊ ဂျာနယ်ကျော် မမလေး၊ ဒဂုန်တာရာ၊ စိန်ခင်မောင်ရီ စသည့် စာပေလောကသားတွေပါ အဆက်ပါသွားရသည်။

သခင်စိုးကြီးကို ကျပ်တထောင်တန် ညစာစားပွဲနှင့် ဂုဏ်ပြုပါရစေဟု ကြေညာကာ ညှိခံပြုစုသူ သတင်းဂျာနယ် အယ်ဒီတာ ကိုလှအောင်တယောက်လည်း (၈) နှစ်တာမျှ ခံရရှာသည်။ များစွာ ကြိုပ်မွေသော ငြိမ်းချမ်းရေး လက်ကမ်းပွဲကြီးပါပေ။

ဗိုလ်ချုပ်ကြီးနေဝင်းအဖို့ သူဖန်တီးမည့် လောကနိဗ္ဗာန်တွင် အကျဉ်းသားရှိတော့မည် မဟုတ်တော့ပြီဟု ကြေညာပြီး ရန်ကုန်ထောင်ကြီးကို ဖျက်ရန် အမိန့်ပေးခဲ့သည်မှာ မှားပြီဟု





နောင်တရမည်မှာ အမှန်ဖြစ်၏။ ၁၉၆၃ ခု၊ နိုဝင်ဘာလကပြီး လူဖမ်းပွဲများ အကြိမ်ကြိမ် အလီလီ ဆင်နွှဲရသဖြင့် အကျဉ်းသားများ ထားစရာမရှိသောကြောင့် အင်းစိန်ထောင်ကြီးနှင့် ရေကြည်အိုင်စခန်း စစ်ခုံထောက် ထောင်များကို မကြာခဏ ချဲ့ခဲ့ရလေတော့သည်။

ထိုမည်သော လူဖမ်းပွဲကြီးတွင် တင်မောင်အဖို့ ပြေးနိုင်သဖြင့် လွတ်ခဲ့ရသည်။ တင်မောင်သည် ကျောင်းသားဘဝက အလံနီဌာနချုပ်တွင် ကျက်စားဖူးလေသဖြင့် ပထမနေ့ သတင်းစာရှင်းပွဲက စတင်ပြီး သခင်စိုးနှင့် နှုတ်ဆက်ပြောဆိုရသည်။ ကြေးမုံတိုက်သို့ လာရောက်လည်ပတ်သဖြင့် တိပ်ရီကော်ဒါလိုသည်ဟု ဆိုသဖြင့် တောထဲ၌ သုံးစွဲရနိုင်သော အကောင်းဆုံးတလုံးကို လှူလိုက်ရသည်။ စိုးကြီးတို့၊ ကိုကျော်ဝင်းတို့နှင့် တွေ့ကြသည့်အခါတိုင်းတွင် စစ်ခုံထောက် (၃) ဦးတို့၏ ရှေ့တွင် တွေ့ရသဖြင့် နိုင်ငံရေးစကား တလုံးမှမပြောခဲ့ပေ။ သို့စေကာမူ လူဖမ်းပွဲစာရင်းတွင် ထိပ်ဆုံးမှ ပါနေသည်ဟု ဆယ်မိနစ်မျှ တင်ကြိုသိရသည်။ နေရှင်းသတင်းစာတိုက်တွင် အယ်ဒီတာ ကိုလှဖေကို ဖမ်းသောအခါတွင် သတင်းထောက်ပီသပြီး မျက်စိရှင်သည့် ကိုလှထွေးက စစ်ခုံထောက်လက်ထဲက စာရွက်ကို ဖတ်မိအောင် ဖတ်လိုက်နိုင်သည်။

စာရွက်ကို ဖတ်ပြီးသည်နှင့် ကိုလှထွေးက "အယ်ဒီတာချုပ်ကို ကန်တော့ပါရစေ"ဟု တောင်းပန်ပြီး အခန်းထဲဝင်ကာ "ကျနော့်ကို ဖမ်းနေပြီ။ ခင်ဗျားဆီ လာလေရဲ့။ ပြေးချင်လျှင် ပြေးပေတော့"ဟု ဖုန်းဆက်ကာ သတိပေးလေသောကြောင့် တင်မောင်အဖို့ စစ်ခုံထောက်တွေ မလာမီ (၅) မိနစ် တင်ကြိုပြီး ကိုယ်ပျောက်နိုင်ခဲ့သည်။

"ခင်ဗျားကိုလည်း ဖမ်းမှာပဲ" ဟု ကြေးမုံအယ်ဒီတာ စိန်ခင်မောင်ရီထံ ဖုန်းဆက်ပါသေး၏။ "ကျနော်လည်း ကြားတယ်။ မပြေးတော့ဘူးဗျ။ ထောင်ထဲမှာ အရက်သောက်ရမှာ မဟုတ်ဘူး။ ဝအောင်သောက်ပြီး မအေပေးတွေကို စောင့်နေတယ်လေ" ဟု သူကပြေသည်။ ကိုခင်မောင်ရီတယောက် ထောင်ထဲဝင်သောအခါတွင် သူ့ခမျာမှာ လမ်းမလျှောက်နိုင်တော့သောကြောင့် လေးဖက်ထောက်ပြီး ဝင်ရရှာသည်ဟု ကြားရပါသည်။

တင်မောင်သည် ယခင်က ပြေးနေကျအတိုင်း Guardian သတင်းစာ အယ်ဒီတာ ဦးစိန်ဝင်းနှင့် ဆက်သွယ်ပြီး ပြေးခဲ့ရသည်။ ဤတချီတွင် ဦးစိန်ဝင်းကိုယ်တိုင် လူဖမ်းစာရင်းမှာ ပါသည်ဟု ကြားရသဖြင့် နှစ်ယောက်သား တရုတ်တန်းဘက်မှ အိမ်တအိမ်တွင် ရှောင်ပုန်းနေကြသည်။ အကြံအဖန်ကောင်းသူ ဦးစိန်ဝင်းက စစ်ခုံထောက်များကို ငှားရလေ့ရှိသည့် အငှားကားများ ပိုင်ရှင်ထံမှ ကားတစီးကို ရအောင်ငှားနိုင်သောကြောင့် နှစ်ယောက်သား သွားလိုရာ သွားနိုင်ခဲ့သည်။ စစ်ခုံထောက်များက တင်မောင်တို့ စီးသောကားကို မည်သည့်အခါမှ မရှာဘဲ လွှတ်ပေးသည်။ (၄) ရက်မျှ ကြာသောအခါတွင် လူဖမ်းစာရင်း၌ ဦးစိန်ဝင်းမပါဟု သိရသဖြင့် သူက အိမ်သို့ ပြန်သွားနိုင်လေသည်။

တယောက်တည်း ပုန်းရမည်ဟု သေချာသောအခါ ရက်ရှည်လများ ခိုရန် စီစဉ်ရသည်။ တောမှာ ဆေးကုလာသူတဦးအဖြစ် ဝင်ဒါမီယာလမ်းတဝိုက်မှ အိမ်ငယ်ကလေးတခုကို ငှားပြီး မပ်တည်တည် နေလိုက်သည်။ စစ်ခုံထောက်များကလည်း အမျိုးမျိုးလိုက်လံစုံစမ်းကြသည်။ ခပ်အေးအေး တယောက်တည်း တံခါးပိတ်ပြီး စာရေးစာဖတ်နေသောကြောင့် သူတို့ကို မျက်

ခြေဖြတ်နိုင်ခဲ့သည်။ (၅) လတိုင်တိုင် ပုန်းနေနိုင်သည်။ "ကျနော်အဖမ်းခံထိမှာစိုးလို့ ပုန်းနေပါတယ်။ ကယ်ပါဦးခင်ဗျား"ဟု ဗိုလ်ချုပ်ကြီးနေဝင်းထံ စာရေးလိုက်ခဲ့သည်။

စစ်စုံထောက် ဗိုလ်မှူးကြီးများအဖို့ တင်မောင်အား ဖမ်းမမိလေလေ၊ စစ်စုံထောက်ဌာန၏ အစွမ်းသတ္တိညံ့ကြောင်း လူသိလေလေဖြစ်ကာ အရှက်ကွဲလေလေဖြစ်ခဲ့သည်။

နောက်ဆုံးတွင်မှ ဗိုလ်ချုပ်ကြီးနေဝင်းက အရှက်ပြေ–မျက်ပြေ–လွှတ်ငြိမ်းခွင့်ပေးရတော့သည်။ မတ်လလယ်နေ့ တနေ့တွင် လူထုဦးလှနှင့် ဆရာဇဝနအား ညစာနှင့် ညှော်ခံစဉ်တွင် ဆရာဇဝနကို ပြောသည်။ "ခင်ဗျားတို့ အယ်ဒီတာချုပ်က သတင်းစာကို ကြာကြာပစ်ထားတာ မကောင်းပါဘူး။ သတင်းစာကို ဖိဖိစီးစီးလုပ်ပါစေ။ ပုန်းမနေပါနဲ့။ မဖမ်းချင်ပါဘူး။ ပြန်ကြားရေးဌာန အတွင်းဝန်နဲ့ တွေ့ပြီး နားလည်မှုယူလိုက်ပါ"ဟု မှာကြားသည်။ နောက်တနေ့တွင် အတွင်းဝန်စစ်ဗိုလ်နှင့် တွေ့ပြီးနောက် 'မြို့ပုန်း'ဘဝမှ လွတ်မြောက်ရတော့၏။

ထိုညက ဗိုလ်ချုပ်ကြီးနှင့် များစွာ ရင်းနှီးသူ ဒေါက်တာမောင်မောင်လည်း ရှိနေသောကြောင့် မျက်ဖြေလွှတ်ငြိမ်းခွင့်ပေးသည်ကို ကြားလိုက်ရသဖြင့် ဗိုလ်ချုပ်ကြီး အတွင်းဘက်ခဏသွားခိုက်တွင် "ကျနော့်ယောက္ခမကြီးလည်း အဖမ်းခံထိနေတယ်။ ပြောပေးကြပါဦး"ဟု ဦးလှနှင့် ဆရာဇဝနတို့အား တိုးတိုးပြောရှာသည်။

အတန်ကြာမှ ဗိုလ်ချုပ်ကြီး ပြန်လာသောအခါတွင် ဦးလှက ဆရာမောင်မောင်၏ ကိစ္စကို ပြောသောအခါ ဗိုလ်ချုပ်နေဝင်းက အံ့သြစွာနှင့် "မောင်မောင်ရယ်၊ ဘာလို့စောစောက မပြောတာလဲကွယ်"ဟု ညည်းရှာသည်။ ရိုတီတီ မှုးနေသူ ဆရာဇဝနက "ကြောက်တာကိုးဗျ"ဟု ပြက်လုံးထုတ်လိုက်သဖြင့် ပွဲကျသွားသည်ဟု သိရသည်။

• • • • •



(၂၅)

# ပြည်သူပိုင်သိမ်းပွဲကြီး

တောထဲသူပုန်များ တောထဲပြန်သွားသည့်နောက်ပိုင်းတွင် ၁၉၆၄ ခု၊ အမျိုးသားစည်းလုံးညီညွတ်ရေး ဥပဒေကို မတ်လ (၂၈) ရက်နေ့မှာ ကြေညာသည်။ ကြေညာချက်အရ ပြီးပေါ်တွင် တရားဝင်တည်ရှိနေခဲ့ကြသော နိုင်ငံရေးပါတီအားလုံးတို့အား ပိတ်ပင်ဖျက်သိမ်းလိုက်သည်။ တည်မြဲဖဆပလ၊ သန့်ရှင်းပြည်ထောင်စုအဖွဲ့၊ ပမညတ...စသည်ဖြင့် မည်သူမှ နိုင်ငံရေးပါတီတည်ထောင်ခွင့်မရှိတော့ဘဲ ပိတ်ကြရသည်။ ရှိပြီး ပါတီပိုင်ပစ္စည်းများကို အစိုးရထံ အပ်နှံကြရသည်။ ပမညတအများနှင့် လက်နက်ချကွန်မြူနစ်များကမူ စောစောကပင် မြန်မာ့လမ်းစဉ် ဆိုရှယ်လစ်ပါတီမှာ နေရာယူနှင့်ကြသဖြင့် အိုးမြေမပျက်ဘဲ အာဏာစ,ကလေးများ ပြလာနိုင်ကြသည်။

တော်လှန်ရေးအစိုးရက စာနယ်ဇင်းများနှင့် နိုင်ငံရေးလောကကို နှုတ်ပိတ်ဆို့ရင်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အင်တိုက်အားတိုက် တည်ဆောက်လေတော့သည်။ မြန်မာ့လမ်းစဉ် ဆိုရှယ်လစ်စနစ်မှာ စက်မှုလက်မှု စီးပွားရေးလုပ်ငန်းများကို တည်ထောင်သည်မဟုတ်ဘဲ တည်ရှိပြီး အရပ်သားပိုင်လုပ်ငန်းများကို သိမ်းယူသော စနစ်ဖြစ်သည်။

၁၉၆၃ ခု၊ ဇန်နဝါရီလတွင် ဘီအိုစီ ရေနံကုမ္ပဏီနှင့် အိုင်ဘီပီ ရေနံလုပ်ငန်းကို သိမ်းပြီး မြန်မာ့ရေနံကော်ပိုရေးရှင်းကို ဖွဲ့စည်းလိုက်သည်။ ဖေဖော်ဝါရီလထဲတွင် ဘဏ်တိုက် (၃၁) တိုက်ကို သိမ်းပြီး လုပ်ငန်းကြီးများ စတင်သိမ်းတော့သည်။ ဘင်္ဂလို–ဘားမား သစ္စာတွင်း ကုမ္ပဏီနှင့် ပုလဲလုပ်ငန်းတို့ ပါသွားကြသည်။

စစ်တပ်မှ စစ်ဗိုလ်ကြီးများ လုပ်ကိုင်နေကြသည့် တပ်မတော် သက်သာချောင်ချိရေးတဖြစ်လည်း မြန်မာနိုင်ငံစီးပွားတိုးတက်မှု ကော်ပိုရေးရှင်း (BEDC) နှင့် စစ်ဖက်ကုန်စည်ဖြန့်ချိရေး (DSI) တို့ကိုလည်း သိမ်းလေသည်။ စီးကရက်ကုမ္ပဏီများ၊ သစ္စာတွင်းလုပ်ငန်းများ၊ ဆပ်ပြာချက်လုပ်ငန်း၊ ထီးစက်လုပ်ငန်း...စသည့် စက်မှုလက်မှုလုပ်ငန်းများ၊ ပုံနှိပ်စက်များ၊ အရပ်သားပိုင် ကျောင်း (၈၁၄) ကျောင်း၊ သာသနာပြုဆေးရုံ (၉) ရုံ၊ ရုပ်ရှင်ရုံ (၁၈၂) ရုံ စသည်ဖြင့် အားလုံးကို ပြည်သူပိုင်ပြုလုပ်သည်။

အကြီးဆုံး ပြည်သူပိုင်သိမ်းပွဲကြီးကို ရန်ကုန်မြို့နှင့်ဘဏ္ဍ နယ်များတွင်ပါ ၁၉၆၄ ခု၊ မေပြီလ (၉) ရက်နေ့တွင် ကျင်းပသည်။ အသိမ်းခံရသည့်သူများ မသိကြစေရန် လျှို့ဝှက်စီစဉ်သည်။ ထောင်သောင်းချီသော ပါတီမိတ်ဆွေဆိုသူများနှင့် စစ်ဗိုလ်စစ်သားများကို သန်းခေါင်

တိတိတွင် အောင်ဆန်းအားကစားကွင်းကြီး၌ စုထားသည်။ မိုးမလင်းမီတွင် လူစုခွဲကြပြီး ရန်ကုန်မြို့အနှံ့အပြား သွားရောက်ကာ ပွဲရုံများ၊ လက်လီလက်ကားဆိုင်များ၊ သမဝါယမဆိုင်များ၊ စီးပွားရေးလုပ်ငန်းမှန်သမျှကို ပြည်သူပိုင်သိမ်းလိုက်လေတော့သည်။

ပြည်သူပိုင်သိမ်းရာတွင် လုပ်ငန်းကြီးပါက ဗိုလ်မှူးက ကွပ်ကဲသည်။ အလတ်စားလုပ်ငန်းကို ဗိုလ်ကြီး၊ အငယ်စားလုပ်ငန်းကို တပ်ကြပ်ကြီးတို့က ကွပ်ကဲပြီး သိမ်းယူသည်။ လက်နက်ကိုင်စစ်သားများက စောင့်ကြပ်ပေးရသည်။ ပါတီမိတ်ဆွေများက မူလပိုင်ရှင်များ၏ နေရာတွင် အစားထိုးပြီး အရောင်းအဝယ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြသည်။

ဆိုင်ကြီးများမှ လက်လီဆိုင်ကလေးများအထိ ဆိုင်ပိုင်တို့အဖို့ နံနက်စောစော ဆိုင်ဖွင့်ရန် သွားကြသောအခါတွင် မိမိတို့ဆိုင်ရှေ့များတွင် စစ်အရာရှိနှင့် ပါတီမိတ်ဆွေဆိုသူများကို တွေ့ကြရသည်။ ပြည်သူပိုင်အမိန့်ကို ဖတ်ပြပြီး လုပ်ငန်းကို သိမ်းယူသောအခါတွင် ဆိုင် (သို့မဟုတ်) လုပ်ငန်း၏ သော့နှင့် ငွေများကို အပ်ကြရသည်။ အရေးတကြီးတောင်းကြသည်မှာ လုပ်ငန်းပိုင် မော်တော်ယာဉ်များနှင့် ကားသော့များဖြစ်၏။ ထိုနေ့ နံနက်က စတင်ပြီး ထိုဆိုင်၊ ထိုလုပ်ငန်းမှ မော်တော်ယာဉ်သည် ဗိုလ်ကြီး သို့မဟုတ် တပ်ကြပ်ကြီးပိုင်အဖြစ်သို့ ပြောင်းလဲသွားလေတော့သည်။

တင်မောင်က နေ့စဉ်နေ့တိုင်း သမီးများကို ကျောင်းပို့၊ ကျောင်းကြို တာဝန်ယူထားရသည်။ ပြည်သူပိုင်မသိမ်းမီက ကားပြာလေးတစီးနှင့် ကျောင်းလာလေ့ရှိသော မောင်နှမသုံးယောက်တို့ ခြေလျင်လာကြတာကို မြင်ရပြီး ခါတိုင်း ခြေလျင်ကျောင်းတက်လေ့ရှိသူ ကလေးတဦးက ထိုကားပြာကလေးနှင့် ကျောင်းတက်လာသည်ကို မြင်တွေ့ရသည်။ ကားအထဲမှ ကလေးက အမှုအရာ မထူးခြားစေကာမူ စစ်ဗိုလ်ကတော်နှင့်တူသော ကားမောင်းလာသူ အမျိုးသမီးကို ခေါင်းတမော့မော့ရှိနေသည်ကို မြင်ရသည်။ ဆိုရှယ်လစ်သဒ်ါရတာရားကို ရှုမိပါတော့၏။

ပြည်သူပိုင်သိမ်းပွဲတွင် စစ်ဗိုလ်များအား ကားမအပ်သူများကို ကြီးလေးသော အပြစ်ကို ပေးလေ့ရှိသည်။ အင်္ဂလိပ်စာရေးဆရာကြီး ဂျော့အိုဝဲလ်၏ 'မြန်မာပြည်မှ နေ့များ' ဝတ္ထုမှာ ပါရှိခဲ့သည့် စမတ်နဲ မုကာရမ်ဒမ် စာအုပ်ဆိုင် ဆူးလေဘုရားလမ်းတွင်ရှိသည်။ စာအုပ်ဆိုင်ကို စစ်ဗိုလ်က လာရောက်သိမ်းစဉ်က ပိုင်ရှင်အဖိုးကြီးတွင် ကားပျက်ကြီးတစီးရှိပါလျက် ကားမအပ်သော အမှုအတွက် ထောင် (၄) နှစ် အပြစ်ပေးခဲ့သည်။ အဖိုးကြီးမှာမှာ အသက် (၇၂) နှစ် ရှိရှာပါပြီ။

ပြည်သူပိုင် သိမ်းပွဲအပြီး၌ ဆိုင်အသိမ်းခံရသူ မိတ်ဆွေတဦးထံသွားပြီး အားပေးစကားပြောမိသည်။ "ကျနော် အမြတ်ကြီးစားမဟုတ်ပါဘူး။ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်သူပါဗျာ" ဟု သူက ညည်းလေသဲ့ကြောင့် "ဗိုပါကဝင့်ပေ့ါဗျာ" ဟု တရားပြနေခိုက်တွင် လူတယောက်ဝင်လာသည်။ ပိုးလုံချည်၊ ပိုးအင်္ကျီနှင့် ပွဲထိုင်သွားမည့်သူကဲ့သို့ ဝတ်ဆင်ထားသော်လည်း သူ၏ မျက်နှာက ဒေါသထွက်နေဟန် နီမြန်းနေသောကြောင့် မည်သို့မျှ ဝင်မပြောဘဲ ကြည့်နေမိ၏။ "လာပါဗိုလ်ကြီး ထိုင်ပါ၊ ထိုင်ပါ" ဟု မိတ်ဆွေက ဖိတ်သည်ကို မထိုင်ဘဲ ဆူပူစကားပြောလေတော့သည်။





"တနေ့က ဆိုင်ကို သိမ်းတုန်းက ခင်ဗျားအပ်တဲ့ကားမှာ အပိုဘီးမပါဘူး။ ခင်ဗျား ထိန်ချန်ထားခဲ့တယ်။ အခု လမ်းမှာ ဘီးပေါက်နေတယ်၊ ခင်ဗျား ခိုးထားတဲ့ဘီးကို အခုအပ်ပါ" ဟု ဒေါသနှင့် ပြောသည်။ မိတ်ဆွေက "ကားမှာ အပိုဘီးပါပါတယ်။ ဘီးငါးဘီး အပ်ခဲ့ပါတယ်။ ဒီကားမျိုးက အပိုဘီးကို နောက်ခန်းမှာ မထားဘဲ ကားရဲ့ဖလိန်အောက်မှာ ဘီးအိမ်နဲ့ ထည့်ထားလို့ မမြင်ရတာပါ" ဟု ရှင်းပြသည်။

"ကားကို သိမ်းတုန်းက ဘာလို့ မရှင်းပြတာလဲ" ဟု ဆူပူငေါက်ငမ်းပြီး ထွက်သွားသည်။ လုပ်ငန်းရှင်များ၊ ဆိုင်ရှင်များထံမှ လုယူထားသည့် ကားကို ကိုယ်ရေးကိုယ်တာကိစ္စများအတွက် သုံးကြသည်ကို မြင်ရသည်။ ကုန်စည်များကိုလည်း ခိုးဝှက်ကြသည်။ အဖိုးတန်သော ကုန်ဆိုင်များကို သိမ်းရန် တာဝန်ကျသူ စစ်ဗိုလ်များသည် ချက်ချင်းချမ်းသာကြတော့သည်။

ကားများ၊ ကုန်များကိုသာမက ဆိုင်ခန်းများကိုပါ စစ်ဗိုလ်များက ခိုးကြသည်။ ရန်ကုန်တွင်ရော၊ နယ်တို့တွင်ပါ လက်လီလက်ကားဆိုင် (၁၂,၇၆၄) ဆိုင်ကို သိမ်းပြီးသည့်နောက်တွင် အမျိုးတူ ကုန်များ ပူးပေါင်းရောင်းချမည်ဟု မူချမှတ်ကာ ကုန်များကို ဆိုင်ကြီးများရှိရာသို့ ပြောင်းသောအခါတွင် ရန်ကုန်၌ ဆိုင်နေရာ ထောင်သောင်းခန့် လစ်လပ်သွားသည်။ အောက်ထပ်လမ်းဘေးများမှ ဆိုင်ခန်းများအပြင် အိန္ဒိယသို့ အပြီးပြန်သွားသူ ကုလားများ၏ အိမ်ခန်းတွေပါ အစုစုအိမ်ခန်း တသိန်းခန့်ကို စစ်ဗိုလ်မြို့မင်းကြီးက ကွပ်ကဲပြီး စစ်ဗိုလ်များနှင့် ပါတီဝင် လက်နက်ချ ကွန်မြူနစ်များကို နေရာချပေးလေသည်။

အားလုံးလိုလိုပင် ပြန်ရောင်းစားကြသည်။ အချို့ စစ်ဗိုလ်များက အိမ်ခန်းရော ဆိုင်ခန်းပါ လေးငါးလုံး ရယူပြီး တဆင့်ရောင်းစားသည်။ တရုတ်၊ ကုလား စီးပွားရေးဈေးကွက်ကို ဖျက်သိမ်းရန် ရည်ရွယ်ချက်နှင့် ဆိုင်များကို သိမ်းခဲ့စေကာမူ စစ်ဗိုလ်များက ပြန်လည်ရောင်းစားကြသောကြောင့် တရုတ်၊ ကုလားများ လက်ထဲသို့ပင် ပြန်ရောက်သွားပြန်ပေသည်။

ဘဏ်တိုက်များ၊ ဆိုင်များ၊ လုပ်ငန်းများကို သိမ်းရာတွင် စာရင်းမရှိ၊ အင်းမရှိ ခိုးယူကြသည်။ အများစုဖြစ်သော မြန်မာပိုင်လုပ်ငန်းမှန်သမျှကို လျော်ကြေးမပေးတော့ပေ။ သို့သော် ဘီအိုစီနှင့် နိုင်ငံခြားသားပိုင် ဘဏ်တိုက်ကြီးတွေကိုမူ နိုင်ငံခြားသုံးငွေနှင့် လျော်ကြေးပေးသည်။ ဆွိဒင်ပြည်မှ လုပ်ငန်းရှင်တဦးပိုင်သည့် မန္တလေးမီးခြစ်စက်ကိုလည်း နိုင်ငံခြားငွေနှင့် လျော်ကြေးပေးသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက တနှစ်တွင် ကိုးလတာမျှ ဥရောပနိုင်ငံများသို့ သွားရောက်ဖိမ်ခံလေ့ရှိသဖြင့် သူသွားသော နိုင်ငံများတွင် မျက်နှာမငယ်စေရန် နိုင်ငံခြားသုံးငွေနှင့် လျော်ကြေးပေးရသည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနမှ စုံစမ်းသိရှိရသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက နိုင်ငံခြားသားများကို ကြောက်တတ်သည့် သူရဲဘောကြောင်သော စိတ်ဓာတ်နှင့် သူ့နိုင်သော မြန်မာနိုင်ငံသားများကို ရက်စက်စွာ အနိုင်ကျင့်သည့် စိတ်ဓာတ်များသည် စက်ဆုပ်ရွံရှာဖွယ် ကောင်းလှပေသည်။

မြန်မာပိုင်ဆိုပါက စာရင်းအင်း ကျကျနနရှိသော ဘဏ်တိုက်များကိုပင် လျော်ကြေးမပေးစေကာမူ ဗိုလ်ချုပ်နေဝင်းကဟော် ဒေါ်ခင်မေသန်း၏ ဆွေမျိုးများပိုင်သော လုပ်ငန်းများကို တိတ်တိတ်ပုန်း လျော်ကြေးပေးသည်။ အထပ်သားစက်လုပ်ငန်းကို သိမ်းစဉ်က လုပ်ငန်း

တန်ဖိုးအားလုံးကို နိုင်ငံခြားသုံးငွေနှင့် လျော်ကြေးပေးရုံမျှမက မိသားစုတခုလုံး အင်္ဂလန်သို့ သွားရောက်နေထိုင်နိုင်ရန် နိုင်ငံကူးလက်မှတ်ပါ ထုတ်ပေးသည်။ မတရားမှု မှန်သမျှ တခုမကျန် ကျူးလွန်ခဲ့ပေသည်။

ကုန်ထုတ်လုပ်ငန်းနှင့် ကုန်သွယ်လုပ်ငန်းများကို သိမ်းယူခဲ့သည့် ဂယက်အဖြစ် ကုန်စည်များ ရှားပါးသည်ကို ရင်ဆိုင်ကြရသည်။ ရှားပါးသဖြင့် ကုန်ဈေးနှုန်းများ တက်နေချိန် ၁၉၆၄ ခု၊ မတ်လ (၁၇) ရက်နေ့တွင် အစိုးရက ထုတ်ဝေသုံးစွဲထားသဖြင့် လူထု၏ လက်ထဲတွင် လှည့်လည်သုံးစွဲနေသော ကျပ် (၁၀၀) တန်နှင့် (၅၀) တန် ငွေစက္ကူများကို တရားမဝင်ဟု ကြေညာလိုက်သဖြင့် လူထုကြီးတရပ်လုံး မွဲသွားရှာသည်။ လှည့်လည်နေသော ငွေ၏ (၂၂) ရာနိုင်နှုန်းကို သုံးစွဲခွင့် ပယ်ဖျက်သောကြောင့် အစိုးရအဖို့ ကျပ် (၉၁၅.၈) သန်း အမြတ်ရသွားသည်။ လူထုမှာ ကျပ် (၉၁၅.၈) သန်းမွဲရသည်။

လူထုမည်သို့ခံရမေကာမူ အစိုးရက အနည်းငယ်မှ လျှော့မပေး၊ ၁၉၆၆ ခု၊ ဇန်နဝါရီလ (၆) ရက်နေ့တွင် ကုန်သွယ်ရေးအမိန့်သစ်ထုတ်ကာ ချုပ်ကိုင်ပြန်သည်။ ကုန်စည်အမျိုးအစား (၄၆၀) ကို အရပ်သားများ မထိရဘဲ အစိုးရကသာ ရောင်းဝယ်ခွင့်ရှိတော့သည်။ မွဲနှ၊ ဆန်ကွဲမှစတင်ပြီး နှမ်းတက်အထိ တော်လှန်ရေးအစိုးရကသာ သိုလှောင်ခွင့်၊ ရောင်းဝယ်ခွင့်ရှိတော့သည်။

ထိုကဲ့သို့ ပုဂ္ဂလိက အရပ်သားပိုင်လုပ်ငန်းများကို စစ်ဗိုလ်များက လုယက်သည့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ထူထောင်သောကြောင့် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းကြီးများ ကျဆင်းပျက်ပြားသွားလေတော့သည်။ ၁၉၆၄-၆၅ ခုနှစ်က လယ်ယာကုန်ထုတ်လုပ်မှုတန်ဖိုး (၂၅၂) ကုဋေရှိခဲ့ရာမှ ၁၉၆၅-၆၆ ခုနှစ်မှာ (၂၄၁) ကုဋေအထိ ကျဆင်းသွားသည်။

အထူးသဖြင့် ဆန်ရှားသွားသည်။ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လတွင် စပါးခင်းများအကြားတွင်ရှိသော ရန်ကုန်မြို့ကြီး၌ ဆန်ပြတ်သွားသောကြောင့် လူထုကြီး မျက်သလဲဆန်ပျာဖြစ်ကြရသည်။ ရန်ကုန်တမြို့လုံးမှ လူအများသည် ဆန်ထွက်ရှာနေကြရသဖြင့် ရုံးများ၊ ဆိုင်များ ပိတ်သွားသည်။ ထိုအခါ စစ်စုံထောက်များက တရုတ်အမျိုးသားများကို လိုက်လံရိုက်နှက်ကြပြီး တရုတ်-ဗမာ အဓိကရုဏ်းကို ဖန်တီးကာ လူထုကြီး၏သွေးဖြင့် ဆန်ပြဿနာကို ဖြေရှင်းသည်။ များစွာ ရက်စက်ယုတ်မာလှသည်။ လူထုကြီးမှာ ကျောကော့ပြီး ခံကြရသည်။

• • • • •



(၂၆)

## ထောင်နှန်းစံသတင်းစာဆရာများ

ဇူလိုင်လကုန်က စတင်ကာ ဆက်တိုက် ခွေနေခဲ့သော ရန်ကုန်မိုးသည် ယနေ့ ၁၉၆၄ ခု၊ ဩဂုတ်လ (၂၀) ရက်နေ့တွင်မှ ရပ်စဲသွားခဲ့လေသည်။ မမြင်မတွေ့ရသည်မှာ ကြာပြီဖြစ်သည့် နေခြည်မပြောက်ကလေးတခုက ပြူတင်းပေါက်မှ ဝင်လာပြီး တင်မောင်၏ ပါးကို တိတ်တခိုး နမ်းရှုံ့သောကြောင့် အိပ်ရာမှ နိုးရသည်။ နေခြည်ပြောက်ကလေးအား ပါးနှစ်ဘက်စလုံး အပ်ပြီး နွေးထွေးသည့်အတွေးကို ခံစားရသော အရသာက ထူးကဲလှသည်။

စာရေးဆရာ ရွှေတောင် သီဟသူ၏ ရတနာကြေးမုံတွေ့ထဲမှ နုနယ်သည့် ဝဋ္ဋမြတ်စွာ မင်းသမီးကလေးအဖို့ စံနန်းတွင် အပ်နှဖားခန့် ပေါက်နေသော ကန့်လန့်ကာမှတဆင့် ဇီးရွက်ခန့် နေပြောက်ထိုးသဖြင့် မူးမေ့သွားရှာသည်။ ရင့်ရော်ကြမ်းတမ်းသော မိမိမှာ နေပြောက်ဒဏ်ကို မမှုပေ။ ကြာမြင့်စွာ စိတ်ကူးမယဉ်လိုက်ရပါ။ နေပွင့်နေပန်းကလေးကို စိတ်ကူးယဉ်နေ ခိုက်တွင် အိပ်ခန်းတံခါးကို အိမ်စေတဦးက ခေါက်လာသည်။ "အောက်ထပ်မှာ ဧည့်သည်နှစ်ယောက် ရောက်နေတယ်။ တွေ့ချင်လို့တဲ့"ဟု ပြောသည်နှင့် တမဟုတ်ချင်း သိလိုက်သည်။ အဖမ်းခံထိလေပြီဟု စက္ကန့်မဆိုင်း သိလိုက်မိ၏။ ဤအချိန်သည် ဧည့်သည်လာချိန်မဟုတ်၊ ညကတညလုံး အိမ်ကို ဝိုင်းကာ အစောင့်ချထားပြီး အိပ်ပျော်နေသူ သားကောင်ကို နှောင်ကြိုးတည်းမည့် သူတစုတို့၏ အချိန်အခါဖြစ်ချေသည်။ မြန်မာတနိုင်ငံလုံးတွင် ယခုကဲ့သို့ မျှော်လင့်သော ဧည့်သည်များ ရောက်လာပြီး ဗိုလ်ကြီးက ဆွေးနွေးစရာရှိသည်ဟု ပြောကာ ခေါ်သွားရာမှ ပြန်မလာနိုင်သူများ ပေါများလှသည်။ မိသားစုတိုင်းလိုလို ကြုံတွေ့ရသည်။

အိပ်ရာဘေးရှိ စားပွဲပေါ်မှ သတင်းစာပုံကြီးကို ပြန်ကြည့်မိသည်။ ထူးခြားသည့် သတင်းများ မပါပေ။ ထက်ထက်မြက်မြက် ရေးရန်မရှိ၊ ညံ့ဖျင်းသော သတင်းစာများသာဖြစ်သည်။ မည်သည့်သတင်းကို ဗိုလ်ချုပ်ကြီးက မကျေနပ်သဖြင့် ဧည့်သည်လာလေသလောဟု အဖြေကိုရှာ၏။ မတွေ့ပါပေ။ ထင်သည့်အတိုင်းပင် အောက်ထပ်ဆင်းသွားသောအခါ အထူးစုံထောက်ဌာနမှ ထိပ်သီးအရာရှိကြီး ဦးမြူးနှင့် အခြားရဲကြီးတဦးကို တွေ့ရသည်။

"ဆွေးနွေးဖို့ လိုက်ခဲ့ရမယ်မဟုတ်လား၊ ခင်ဗျားတို့က သူတို့ကို ဘယ်လို မဟုတ်သတင်းတွေ ရေးပေးထားသလဲဗျာ" ဟု ဦးမြူးကို မေးမိသည်။ သံတင်းထောက်နှင့် ရဲတို့မှာ ဆက်ဆံမှုကြာမြင့်ပြီမို့ ရင်းနှီးသည်။ အချင်းချင်း စကားပြောကြလျှင် စစ်ဗိုလ်များကို 'သူတို့'ဟု နာမ်စားဝေါဟာရကို သုံးလေ့ရှိကြသည်။ "ဘာသတင်းမှ မပေးရပါဗျာ။ ကျနော်တို့ ဘာမှ မသိရပါဘူး" ဟု ဦးမြူးက လျင်မြန်စွာ ဖြေပြီး လက်တဘက်ကို နှာခေါင်းဘေးသို့ကပ်ကာ လိမ်ပြသည်။ နှုတ်ခမ်းမွေးပုတ်ပြသည်။ နာမည်ကျော်နှုတ်ခမ်းမွေး စစ်စုံထောက် ဗိုလ်မှူးကြီးလွင်က

ဖမ်းရန် စေလွှတ်ပါသည်ဟု အသံတိတ် ရှင်းပြသည်။

"စောင့်ပါဦးဗျာ၊ ရေချိုးပါရစေဦး" ဟု ပြောကာ အိမ်ပေါ်ပြန်တက်ခဲ့ပြီး အဖမ်းခံတဦးကို တွေ့သည်နှင့် မျက်စိအောက်က အပျောက်မခံစေနှင့်ဟု အမိန့်စည်းမျဉ်းရှိစေကာမူ ဦးပြုံးက အားနာဟန်တူသည်။ အိမ်ပေါ်သို့ လိုက်မလာဘဲ အောက်ထပ်မှာပင် စောင့်နေရှာ၏။

"ကျနော့်ကို လာဖမ်းကြပြန်ပြီ။ ကူပါဦး၊ ကယ်ပါဦး" ဟု ဗိုလ်ချုပ်နေဝင်းထံ စာတစောင်ရေးပြီး အိမ်ရှင်မကို အပ်ထားခဲ့ပြီးမှ ဖတ်လိုသော စာအုပ်များနှင့် ဆေးဝါးအဝတ်များကို အိတ်တလုံးတွင် ထည့်ကာ ဦးပြုံးနောက်သို့ လိုက်ခဲ့သည်။

ရဲနှင့် စစ်တပ်တို့သည် ဖိယက်ကားငယ် နောက်ခန်းတွင် (၃) ယောက်ထိုင်ရသည်။ သူတို့က ညှပ်ထိုင်ကြပြီး "စည်းကမ်းအတိုင်းပဲဗျို့" ဟု ဦးပြုံးက ရယ်သွမ်းသွေးသည်။ မျက်နှာသိကို ဖမ်းရသဖြင့် အားနာဟန်တူ၏။ စကားမပြောဘဲ ရေငုံနေရာမှ "ထောင်ထဲမှာ သုံးဖို့ ငွေပါရဲ့လား" ဟု မေးသဖြင့် မပါခဲ့ကြောင်း ဖြေသောအခါ ငွေ (၅၀) ကျပ်ချေးရှာသေးသည်။

ရဲကြီးတို့က ဘောင်ဒရီလမ်း၊ စစ်ခုံထောက်ရုံးကို ခေါ်သွားပြီး တာဝန်ကျ စစ်ဗိုလ်ထံ အပ်နှံကာ ပြန်သွားကြသည်။ ထိုအချိန်တွင်မှ ဝမ်းဟာလာသဖြင့် "နံနက်စာ လက်ဖက်ရည် တိုက်ပါလားဗျာ၊ မုန့်ကလေး ပဲကလေးကော မရဘူးလား" ဟု တောင်းရာ စစ်ဗိုလ်က အံ့သြဟန် ပြုံးကြည့်ပြီး လက်ဖက်ရည်နှင့် မုန့်ကျွေးလေသည်။ စစ်အချုပ်ထောင်မှ လက်ဖက်ရည်သည် ရန်ကုန်ထိပ်သီးဆိုင်များထက် သာပါ၏။

နံနက် (၉) နာရီခန့်တွင်မှ ဘက်ဖို့ဒ် ကုန်တင်ကား၏ နောက်ခန်းထဲတွင် တယောက်တည်းထည့်ကာ သော့ခတ်လိုက်သည်။ အရှေ့ခန်းမှာ တပ်ကြပ်ကြီးက ကားမောင်းပြီး ဗိုလ်ကြီးတဦးက ဘေးမှ လိုက်ပါလာကာ ပြည်လမ်း၊ အင်းစိန်လမ်းဘက်သို့ မောင်းရာ တနာရီခန့်ကြာသည်။ အင်းစိန်အဝင် မီးရထားလမ်းဆုံတွင် နာရီဝက်ခန့်စောင့်ရသေးသဖြင့် ပိုမိုကြာသည်။ ကားက တချုတ်ချုတ်ခုန်သည်။ ထိုင်စရာ ထိုင်ခုံမပါသဖြင့် စကောထဲမှ ကွမ်းသီးကဲ့သို့ လိမ့်နေ၏။ 'ပန်းသာမောင်မောင်က မဇာဥကို လှည်းယာဥ်နှင့် ခုန်းရိုက်ကာ ခေါ်စဉ်က ကောက်ရိုးပေါ်တွင် မျာကြမ်း၊ မျာကြမ်းပေါ်တွင် သင်ဖြူး၊ သင်ဖြူးပေါ်တွင်မှ ကော်ဇောခင်းထားသဖြင့် လိမ့်လူးနေသည့် ဥခမျာမှာ မောင်မောင်၏ ခါးကို ဖက်ရရှာ၏' ဟု ပန်းသာ မဇာဥဝတ္ထုတွင် ဆရာသခင်ဘသောင်းက စာဖွဲ့သည်ကို သတိရမိကာ ပြုံးမိသေးသည်။

ကားနံရံ၊ သံချွန်ပေါက်များမှ ပြင်ပလောကကြီးကို ချောင်းကြည့်လိုက်မိမှ အတွေးဖြင့် ရပ်တန့်သွားသည်။ ကျောင်းသွားကြသည့် ကျောင်းသူကျောင်းသားများ၊ အလုပ်ခွင်သွားကြသူများ၊ ဈေးဝယ်ထွက်သူများတို့ နိစ္စဓူဝပြုလုပ်သွားလာနေကြသည်ကို တွေ့ရသည်။ ဤတွင်မှ မိမိ၏ လွတ်လပ်ရေးဆုံးရှုံးသွားပြီဟူသည့် အသိကြောင့် တုန်လှုပ်မိသည်။ စောစောက ဦးပြုံးနှင့် ရယ်သွမ်းသွေးခဲ့တာ၊ ဗိုလ်ကြီးထံက လက်ဖက်ရည်သောက်ခဲ့စဉ်က ချိုခါးအရသာကို ခံစားခဲ့ရသည်မှာ မြေပေါက်ခံရသူ၊ သေနတ်မှန်သူများအဖို့ သွေးပူနေသဖြင့် အနာဒဏ်ချက်ကို မသိရသေးသကဲ့သို့ မိမိတွေ့ရသည့်ဘဝကို သတိမပြုမိခဲ့ပေ။ တဖြည်းဖြည်း အနာပေါ်လာသကဲ့သို့ ခံစားမှုအရသာများ ပျက်သွားကာ စိတ်နာပြီး ဒေါသလှုပ်လာတော့သည်။

လူယက်မှု၊ ခိုးမှုမှ လူသတ်မှုအထိ ရာဇဝတ်မှု ကျူးလွန်ခဲ့သူဖြစ်ပါက မိမိကျူးလွန်ခဲ့





သော ရာဇဝတ်မှုအတွက် ဖမ်းဆီးခြင်းခံရသည်ဖြစ်သဖြင့် ဝမ်းနည်းကောင်း ဝမ်းနည်းပေလိမ့်မည်။ နောင်တလည်း ရနိုင်သည်။ စာရေးသူအဖို့ ကောင်းသော အသက်မွေးမှုကို ရိုးသားစွာ ကျင့်ဆောင်လုပ်ကိုင် စားသောက်နေသူဖြစ်ပါလျက် ယခုကဲ့သို့ အလုံပိတ်ကားနှင့် တင်ကာ ထောင်သို့ပို့သည်မှာ မတရားသော အမှုဖြစ်သည်။ စာရေးသူသည် ဝမ်းမနည်းပါ။ စိတ်အားမငယ်ပါ။ ဒေါသအမျက်သာ တခြောင်းခြောင်းထွက်မိသည်။ သို့သော် ဗုဒ္ဓဘာသာစစ်စစ်ဖြစ်သော စာရေးသူသည် ကလဲ့စားချေခြင်းကိုလည်း ရှောင်ကြဉ်သူ ဖြစ်လေရာ ယခုကဲ့သို့ ပေါက်ကွဲသော ဒေါသကို ထိန်းသိမ်းနိုင်ခဲ့လေသည်။

တော်လှန်ရေးအစိုးရတက်လာချိန်မှ စတင်ကာ အမှန်တရားကို ရေးသားခွင့်ဆုံးရှုံးသဖြင့် နာကြည်းနေခဲ့သည်မှာ ကြာပြီဖြစ်သည်။ "ငါတို့အဖို့ တသက်လုံး ဒီလိုခံနေကြရမှာလား" ဟု အံကြိတ်နေသည်မှာ ကြာလေပြီ။ သခါရဘာရား သာရမည်မှာ မုချဖြစ်သည်။ ယခုကဲ့သို့ မတရားခံရသူတို့၏ အကြောင်းကို တကမ္ဘာလုံးသိအောင် ရေးသားနိုင်သည့် ခေတ်ကို ရောက်ရမည်မှာ မုချဖြစ်သည်။ "ထမင်းဝဝစားထားကြပေ့" ဟု အသံထွက် ကြိမ်းဝါးမိသည်။

အင်းစိန်ထောင်သို့ ရောက်သောအခါ 'ဆိုရှယ်လစ်လောက တည်ဆောက်ကြစို့' ဟု ရေးထားသည့် ဆိုင်းဘုတ်ပြာကြီးတခုကို စတင်မြင်ရသည်။ အင်္ဂလိပ်စာရေးဆရာကြီး ဂျော့ဘားနဒ်က ထောင်တခုကို ရောက်သွားစဉ်က ထောင်ဗူးဝ၌ 'မကောင်းမှုကို ရပ်တန့်လော့။ ကောင်းမှုကို သင်ကြလော့' ဟု ရေးထားသည်ကို မြင်ရသောအခါ 'ထောင်အပြင်ဘက်မှာ ရေးသားထားတာမို့ ထောင်ထဲက အကျဉ်းသားတွေ ဖတ်ရှုခွင့်မရှိပေ' ဟု ရေးသားသည်ကို သတိရမိသည်။

အင်းစိန်ထောင်ကြီးကို အင်္ဂလိပ်နယ်ချဲ့သမားများက ၁၈၈၇ ခုနှစ်က စတင်တည်ဆောက်သည်။ အင်္ဂလိပ်စစ်တပ်များကို အန်တုခြားနားသူ မြန်မာမျိုးချစ်သူပုန်များကို ညှဉ်းဆဲချုပ်နှောင်ရန် ဆောက်လုပ်ခဲ့ရာတွင် သူပုန်မျိုးဆက်က အဆက်မပြတ် ကြီးထွားလာခဲ့သဖြင့် အကြိမ်ကြိမ်ချဲ့ခဲ့ရသည်။ ၁၉၁၂ ခုနှစ်တွင်မှ အာရှ၌ အကြီးဆုံးထောင်ကြီးဖြစ်လာတော့သည်။ ကြီးမားရှည်လျားသော အဆောင်ကြီး (၁၂) ခုကို လှည်းဘီးပုံဆောက်ထားသည်။ အလယ်တွင် ထောင်မီးဖိုဆောင် အဝိုင်းကြီးကို ဗဟိုပြုထားလေသည်။ တိုက်ထောင်ကလေးများ၊ အလုံထောင်ကလေးများ၊ စစ်ဗိုလ်များကို ချုပ်ရန် သီးခြားအိမ်ကလေးများ၊ အဆောက်အအုံများရှိသည်။ အကျဉ်းသား (၆,၀၀၀) ဆန့်သည်။ သို့သော် စာရေးသူ ရောက်သွားချိန်တွင် အကျဉ်းသား (၁၀,၀၀၀) ကျော် ရှိနေလေပြီ။

မီးဖိုကြီးအနီးတွင်ရှိသည့် ရုံးငယ်တခုကို ခေါ်သွားသည်။ ဗူးဝမှ ထိုဒေသသို့ သံတိုင်ကာသော ဝင်းလေးခုနှင့် အဆောင်သံတံခါးလေးခုကို ဖြတ်ရသည်။ အားလုံးကို ဧရာမသော့ကြီးများ ခတ်ထားသဖြင့် ဝင်းဝမှ ထောင်ကြပ်တဦး လိုက်လာပြီး ရှစ်ကြိမ်ရှစ်ခါ သော့ဖွင့်ပေးရလေသည်။ စစ်ဗိုလ်က စာရွက်စာတမ်းနှင့်အတူ ထောင်မှူးတဦးထံ အပ်ပြီး ပြန်သွားသည်။ တင်မောင်က ထောင်မှူး၏ စားပွဲရှေ့တွင် ရှိသည့် ကုလားထိုင်တလုံးပေါ်မှာ ဝင်ထိုင်သောအခါ ထောင်မှူးက မကြည်မသာ လှည့်ကြည့်သည်။ သူက ထိုင်ပေဟု အမိန့်မပေးဝင် ထိုင်လိုက်သည်ကို မကျေနပ်ဟန်ပြလေသည်။ တင်မောင်က သူ၏ ဟန်ပန်ကို နားမလည်ဟန်ဆောင်ပြီး မိး

ဗိုဘက်သို့ လှည့်ကြည့်နေလိုက်သည်။ ဆန်တတင်းချက် ကြေးအိုးကြီးများနှင့် ထမင်းချက်နေကြသည်။ မိုးဖြဲဒယ်ကြီးများနှင့် ဟင်းချက်နေကြသည်တို့ကို ငေးကြည့်နေမိပါသည်။

မလှမ်းမကမ်း အဆောင်တခုမှ အကျဉ်းသားများက သံတိုင်နားတွင် ရစ်ဝဲနေသည်ကို လှည့်ကြည့်လိုက်သောအခါ ဆရာဒဂုန်တာရာကို မြင်ရသည်။ ပြင်ပလောကတွင် ဆရာတာရာတို့နှင့် တင်မောင်တို့၏ အစုများသည် မဟာမိတ်များ မဟုတ်ကြပေ။ စာရေးဆရာအသင်းညီလာခံတွင် ဥက္ကဋ္ဌဒဂုန်တာရာကို အလိုမရှိဟု ကုလားထိုင်ပေါ်တက်ပြီး အော်ဟစ်ဖူးခဲ့ကြသည်။ အယုံအကြည်မရှိအဆိုကို တင်ခဲ့ဖူးသည်။ သူကလည်း လင်းယုန်ဂျာနယ်မှ စာရေးသူကိုဖြစ်တင်ဝေဖန်ရေးသားခဲ့ပေသည်။ ရန်သူဟု ခေါ်ရမည်ဆိုလျှင် ခေါ်နိုင်ကြသည်။ ယခုမူ သူက တင်မောင်အား မြင်သောအခါ ပထမမိတ်ဆွေတဦးကို တွေ့ရသကဲ့သို့ ဝမ်းသာအယ်လဲနှုတ်ဆက်ရှာသည်။ နောက်မှ စာပေရဲဘော်တဦး ထောင်ထဲ ရောက်လာရပြန်လေခြင်းဟု ဝမ်းနည်းကြေကွဲဟန်ပြသည်။ သူက စကားပြောခွင့်မရှိသဖြင့် သိသာထင်ရှားသည့် အမူအရာနှင့် နှုတ်ဆက်ရှာသည်။ နှစ်ယောက်သား မချိပြုံး ပြုံးမိကြသည်။

ကိုဋ္ဌေးမြိုင် (ဒဂုန်တာရာ) တို့ လူသိုက် အဆောင်ထဲ ပြန်ဝင်လာသောအခါ တင်မောင်အဖို့ ယောင်နနနှင့် စားပွဲပေါ်မှာ ရှိသည့် သတင်းစာတစောင်ကို ဆွဲဖတ်မိသည်။ "ဟေ့လူ ရပ်လိုက်၊ သတင်းစာကို ပြန်ချလိုက်" ဟု ကျယ်လောင်တဲ့ အသံကြီးကြောင့် သတင်းစာကို ပြန်ချလိုက်ရသည်။ တသက်တာတွင် ယခုကဲ့သို့ ငေါက်ငမ်းသည်ကို မခံရဖူးပေ။ ကျယ်လောင်စွာ အော်ဟစ်ဆူပူနေသူမှာ မျက်နှာချင်းဆိုင်ထိုင်နေသော ထောင်မှူးဖြစ်သည်။

"ခင်ဗျားမှာ– သတင်းစာ ဖတ်ခွင့်ရှိတယ်၊ မရှိဘူးဆိုတာကို ဗိုလ်ကြီးက ဆုံးဖြတ်တယ်။ ဗိုလ်ကြီးက ဆုံးဖြတ်ချက်မပေးမီမှာ သတင်းစာမဖတ်ပါနဲ့။ သတင်းစာဖတ်ဖို့သာမကဘူး၊ ဘာမဆို ထောင်ကြပ်တွေ၊ အရာရှိတွေက ခွင့်ပြုမှလုပ်ပါ။ ပေးမှ ယူပါ။ ခိုင်းတာကို လုပ်ပါ၊ ထောင်အပြင် တန်းမရှိဘူးဆိုတဲ့ စကားဟာ မှားတယ်။ ထောင်ထဲမှာ ထောင်ကလေးတွေ အများရှိတယ်။ ခွေးလိုထားတဲ့ ထောင်လည်းရှိတယ်။ ခင်ဗျားတို့ အပြင်ဘက်မှာ ဆင်ကြီးဖြစ်နေပစေ၊ ထောင်ထဲမှာ ကြွက်ပဲ၊ ကျုပ်တို့ ထောင်မှူးတွေက ကြောင်တွေဗျ။ လက်သည်းထက်တယ်။" စောစောက အမိန့်မရဘဲ ထိုင်မိသည်ကိုပါ စောင်းချိတ်ပြီး ထောင်မှူးက အာဏာပြလေတော့သည်။

တင်မောင်အဖို့ အသက် (၁၆) နှစ်သားက စတင်ပြီး ကျောင်းသတင်းထောက်အဖြစ် သတင်းစာလောကတွင် လုပ်ကိုင်ခဲ့သဖြင့် ထိုအချိန်က လုပ်သက် (၂၄) နှစ် ရှိလေပြီ။ တသက်လုံး လုပ်လာခဲ့သည့် သတင်းစာတွင် ရေးသားရန်မဆိုထားနှင့် ဖတ်ရှုခွင့်ပင်မရှိတော့သည်ကို သိရသောကြောင့် ကျင်စက်ထိသကဲ့သို့ တုန်လှုပ်ကာ ဒေါသအမျက်တခြောင်းခြောင်းထွက်ရပြန်သည်။ ထောင်မှူးသည် ရန်သူမဟုတ်။ ဖက်ဆစ်ဝါဒသာ ရန်သူဖြစ်သည်ဟု သတိနှင့် ချုပ်တည်းရပြန်သည်။ ထမင်းဝဝစားထားကြပေဟုဟု ရင်ညွန့်တွင်း၌သာ ကျယ်လောင်စွာ အော်ဟစ်မိပြန်သည်။

• • • • •



(၂၇)

# အင်းစိန်ထောင်မှ ထောင်မင်းသား

အကျဉ်းသားတယောက် ထောင်ထဲသို့ ရောက်လာသည်နှင့်တပြိုင်နက် အကျဉ်းသားကို ဦးကျိုးစေရန်အတွက် ပထမဆုံး တိုက်ထောင်ငယ်များတွင် တိုက်ပိတ်ကာ ညှဉ်းဆဲလေ့ရှိသည်ကို သိထားသည်။ အရေးထဲမှာ ထောင်မှူးနှင့် မျက်နှာကြောမတည့်မိပြန်။ မိမိအဖို့ အဆိုးဆုံးအခြေအနေကို မျှော်လင့်မိခဲ့သည်။ ထောင်မှူးကမူ တယ်လီဖုန်းတလုံးနှင့် အလုပ်ရှုပ်နေသည်။

"ခင်ဗျားကံကောင်းတယ်။ အများဆောင်မှာထားဖို့ စစ်ဗိုလ်က အမိန့်ချတယ်။ အဆောင်အမှတ် (၄)၊ အခန်း (၇) မှာ နေရမယ်။"

ထောင်မှူးစကားဆုံးသည်နှင့် ထောင်ကြပ် (၂) ဦးက စောင်တထည်နှင့် စာရေးသူ၏ ခေါင်းကို အုပ်သောကြောင့် "ဘာလဲ၊ ဘယ်လိုလုပ်တာလဲ" ဟု အော်ဟစ်ရန်းကန်မိသည်။

"ဒီထောင်ထဲမှာ အကျဉ်းသားတွေ သွားလာတာကို တခြားအကျဉ်းသားတွေ မမြင်စေရဘူး။ အေးအေးလိုက်ခဲ့ပါ" ဟု ထောင်မှူးကပြောပြီး ထောင်ကြပ်များက နှစ်ဖက်ညှပ်ကာ ဆွဲခေါ်သွားကြသည်။ မမြင်မကန်းနှင့် လိုက်ခဲ့ရသည်။ ပထမဆုံးခန်းနှင့် မလှမ်းမကမ်းတွင်ရှိသော အဆောင်ဝင်းဆီ ခေါ်သွားသောအခါ အဆောင်ဝင်းက သံတံခါးကြီးပိတ်ထားသဖြင့် သော့နှစ်လုံးဖွင့်ပြီး ဝင်ရသည်။ အတွင်းရောက်သည်နှင့် ဝင်းတံခါးကို ပြန်ပိတ်ကာ သော့ပြန်ခတ်ရပြန်သည်။ အနည်းငယ်လျှောက်မိတော့ လှေကားသုံးထပ်တက်ရပြီး သံတိုင်တံခါးကြီးတခု တွေ့ပြန်သဖြင့် သော့နှစ်ချက်ကို ဖွင့်ပြန်၊ ပိတ်ပြန်ရသည်။ ပြင်ပလေကင်းသဖြင့် အဆောင်စင်္ကြံအတွင်းသို့ ရောက်ပြီဟု သိလိုက်ရသည်။ ကိုက်တရာခန့် စင်္ကြံမှာ လျှောက်ပြီးပြန်သောအခါ အဆောင်တခုနှင့်တခု ကာထားသည့် တံခါးကို တွေ့ရပြီး သော့နှစ်ချက်ကို ဖွင့်ရပြန်၊ ပိတ်ရပြန်သည်။ ဆက်လျှောက်လာပြီး အခန်း (၇) တံခါးရှေ့ရောက်မှ စောင်ကြီးကို ဖယ်ပေးသည်။ ကြီးမားသော သစ်သားတံခါးဝတွင် ကပ်ထားသည့် အကျဉ်းသား (၁၉) ဦးရှိသည်ဟု ရေးထားသော စာရင်းကို ထောင်မှူးက လက်မှတ်ထိုးပြီးမှ သော့ကြီးနှစ်လုံးကို ဖွင့်ပြန်၊ ပိတ်ပြန်လေမှ အဆောင်အခန်းထဲသို့ ရောက်ရသည်။

အဆောင်ထဲတွင်ရှိသည့် အကျဉ်းသားများအားလုံး မိမိတို့၏ ကုတင်စွန်းတွင် ငြိမ်သက်စွာ ထိုင်နေကြရသည်။ ထောင်မှူးက အကျဉ်းသားစာရင်းကို လက်ညှိုးထိုးရေတွက်ပြီး လွှပ်ရှားခွင့်ပြုသည်။ တင်မောင်အား ဦးအောင်အမည်ရှိ အကျဉ်းသားအခန်း လူကြီးထံ အပ်ပြီး ထောင်မှူးနှင့်အဖွဲ့ ပြန်သွားသည့်အခါတွင်လည်း သော့ဖွင့်သော့ပိတ် အဆင့်ဆင့်ပြုကြပြန်သည်။ တံခါးတွင် ကပ်ထားသော အခန်းတွင်းရှိ အကျဉ်းသားဦးရေစာရင်းကို ပြင်ဆင်ရေးပြီး

လက်မှတ်ထိုးပြီးမှ ထွက်သွားကြလေသည်။ အကျဉ်းသားတဦးတိုးသဖြင့် (၆၀) ဟု စာရင်းကို ပြင်၏။

ဤကဲ့သို့ ဓောင်အုပ်ပြီး ခေါ်ခြင်း၊ သော့အထပ်ထိပ်ဖွင့်ခြင်း၊ ပိတ်ခြင်း၊ ထောင်မှူးက လူရေတွက်ချိန်တွင် ထိုင်ပြရခြင်း အစဝတို့ကို ထောင်ဝေါဟာရအရ 'ပုံစံ' ဟုခေါ်သည်။ ထိုင်သည့်အခါတွင် ထောင်မှူးမြင်စေရန် ခြေလက်နှစ်ဖက်စလုံးကို ရှေ့မှာ ချထားပြီး ယဉ်ကျေးစွာ ထိုင်ရသည်။ ထမင်းဟင်းရသမျှကို ပေးခြင်းကိုလည်း 'ပုံစံ'ဟု ခေါ်သည်။ မည်သည့်အရာမဆို 'ပုံစံ'အရ လုပ်ရသည်ဟု ဆိုသည်။

တင်မောင်အဖို့ ထောင်ပုံစံများထဲမှ မကျေမနပ်ဆုံး ပုံစံမှာ ထောင်မှူးထောင်ကြပ်များ အဆောင်တွင်း ဝင်လာလေတိုင်း သော့အထပ်ထပ် ဖွင့်ကြ၊ ပိတ်ကြရသည့်အခါများတွင် သော့ကြီးများနှင့် သံတိုင်သံပြားများကို ရိုက်ဆွဲသည့် စနစ်ဖြစ်သည်။ လုံခြုံရေးအတွက် သော့များ သေသေချာချာ ခတ်ထား၏။ မခတ်ဘဲထား၏။ သော့များ ကောင်း၏၊ မကောင်း၏ စစ်ဆေးရသည်ဟု ဆိုသည်။

ပထမသော့ကြီးကို မဖွင့်မီတွင် ခိုင်ခွာ ခတ်ထား၏လောဟု စစ်ဆေးရန် သော့ခလောက်ကြီးကို သံပြားတံခါးတိုင်များနှင့် ဆွဲဆောင့်ရိုက်ခတ်ပြီး စစ်ဆေးရလေ့ရှိသည်။ သော့ပိတ်ပြီးသည့်အခါတွင်လည်း ခိုင်မာစွာ ပိတ်မိ၏၊ မပိတ်မိ၏ သိစေရန် သော့ကြီးကို ဆွဲရိုက်စစ်ဆေးရပြန်လေသည်။ ထောင်မှူးက နံနက်တကြိမ်၊ ညနေတကြိမ် လူစစ်ရန် အဆောင်ထဲလာရသည်။ ဆီဝေရန်၊ ဆေးပေးရန်၊ တိုလီမိုလီကိစ္စများအတွက်လည်း မကြာခဏ လာလေ့ရှိသည်။ သူတို့လာလေတိုင်း 'ဂျလောင်း ချပ်–ချပ်–ချပ်' ဟု အထပ်ထပ် မြည်ဟီးသည့် အသံဆိုးကြီးများကို စာရေးသူ၏ နားများက မခံနိုင်ကြပါ။ ထိုအသံဆိုးကြီးများကို ကြားရတိုင်း မိမိအဖို့ သော့အထပ်ထပ်ခတ်ထားခြင်း ခံရသည့် အကျဉ်းသားတဦးသာဖြစ်သည်ဟူသော အသိကြောင့် ဒေါသမီးတောက်ရသည်။ နားကွဲသွားလေပြီဟုပင် ထင်မိသည်။

အဆောင်ကြီးမှာ ပေ (၁၅၀) ခန့် ရှည်ပြီး ပေ (၂၀) ခန့် ကျယ်သည်။ သုံးပေရှိသည့် သံကုတင် (၆၀) ကို နှစ်တန်းစီထားသည်။ ကုတင်များကို မရွှေ့နိုင်စေရန် ကုတင်ခြေထောက် သံတိုင်များကို အင်္ဂတေကြမ်းပြင်နှင့် အသေဖွဲ့ထားသည်။ အဆောင်တဘက်စွန်း ကွက်လပ်ရှိ ကျင်ငယ်အိုးကြီးတလုံးနှင့် မလုံမလဲ အိမ်သာထားပြီး မလှမ်းမကမ်းတွင် သောက်ရေအိုးထားသဖြင့် ကျန်းမာရေးနှင့် မညီညွတ်သည်မှာ သေချာ၏။ အကျဉ်းသားအဖော် (၅၉) ဦး၏ မျက်စေ့အောက်မှာ အိမ်သာတက်ရသည့်ဘဝဖြစ်သဖြင့် လူ့သိက္ခာမရှိကြတော့ပြီ။

"ကျုပ်တို့ နိုင်ငံရေးသမားတွေ၊ ကျောင်းသားတွေ အားလုံးကို ထောင်ထဲရောက်တာနဲ့ (၁) လမှ (၄) လအထိ တိုက်ပိတ်ပြီး ပုံစံပြတယ်။ ဦးချိုးတာပေါ့။ အချိုးမခံတဲ့ ကျောင်းသားတယောက် တိုက်ထဲမှာ (၃) နှစ်ထားတယ်။ ကုတင်မရှိ၊ ဖျာကြမ်းတချပ်နဲ့ အိပ်ရတာမို့ အောက်ပိုင်းသေသွားရှာတယ်"ဟု နိုင်ငံရေးဆရာတဦးက ပြောသည်။ သတင်းထောက်များကို ဦးချိုးမခံရစေကာမူ ခံရချက်မှာ မသက်သာပါပေ။

အဆောင်ထဲရောက်ပြီး မကြာမီတွင် နံနက်စာစားရန်အတွက် အားလုံး အပြင်အဖီတွင် ရှိသည့် စားပွဲများသို့ သွားကြသည်။ စာရေးသူမှာ သူတို့နှင့် လိုက်ခွင့်မရှိ။ အဆောင်တွင်းမှ





ထွက်ခွင့်မပြုဟု ဥပဒေကမ်းသတ်မှတ်ထားသည်။ ခေါင်းရင်းကအခန်းတွင် ရောက်နေနှင့်ကြသော ကြေးမုံ စိန်ခင်မောင်ရီ၊ ကိုစိုးနိုင်၊ အထောက်တော် ကိုလှအောင်၊ နေးရှင်း ကိုလှထွေးတို့ကို တဆောင်တည်းနေစေကာမူ စကားမပြောရဟု ပညတ်ထားသည်။

ကိုလှထွေးမှာ သူ့သတိပေးသဖြင့် ရှောင်တိမ်းခဲ့နိုင်သောကြောင့် လအနည်းငယ် လွတ်လပ်ခွင့်ရခဲ့စေကာမူ နောက်ဆုံး ထောင်တွင်းသို့ ရောက်ဖြစ်အောင် ရောက်လာသည်ကို စိတ်မကောင်းဖြစ်နေရှာသည်။

ထမင်းလာပို့သည်။ ဆန်ဖြူထမင်း၊ ငါးပိကျော်၊ ပဲဟင်းနှင့် ကန်စွန်းရွက်အတို့ ကျွေးသည်။ မဆိုးလှ။ ညစာတွင် အသားဟင်းပါ ပါလာသည်။ လက်ဖက်ရည်နှစ်ကြိမ်တိုက်သည်။ "ဒီမိုကရေစီခေတ်က ထောင်ဆိုလျှင် အထူးတန်းရှိတယ်။ ရိုးရိုးတန်းကလည်း ဒီထက်အဆများစွာ သာ––ယ်"ဟု နိုင်ငံ–ရေးဆရာတဦးက နှိုင်းယှဉ်ပြပါသည်။

ခက်သည်မှာ "ခင်းတို့ ထမင်းဝဝစားထားကြပေ့ါ၊ တနေ့မှာ မတရားတာတွေ ရေးလိုက်မယ်ဟေ့"ဟု အမြဲအော်ဟစ်နေသည့် တင်မောင်အဖို့ ထောင်ထမင်း၊ ထောင်ဟင်းကို စားမရပါ။ မြိုမကျပါ။ တင်မောင်သည် အသက် (၄၀) အရွယ် ထောင်ထဲရောက်သွားသည်အထိ လက်ဖက်ရည်၊ ကော်ဖီအမြဲသောက်သူတဦးမဟုတ်။ ရံဖန်ရံခါ အဖော်ကောင်းမှ သောက်ဖြစ်သည်။ အညာသားတဦးဖြစ်သဖြင့် ငံပြာရည်ချက်နှင့် ငါးပိရည်လည်း စားလေ့မရှိ။ စားနေကျ အစားအစာများ မဟုတ်သဖြင့်တကြောင်း၊ စိတ်ကြောင့်တကြောင်း အစာမစားနိုင်ပါ။ ထောင်သက်ကြာလာမှ ငံပြာရည်ချက်နှင့် ပဲဟင်းကို လျှာလည်လာရာက ယနေ့တိုင် မကြာခဏ ထောင်ပုံစံ ပဲဟင်းနှင့် ငံပြာရည်ချက်တို့ကို တမင်ချက်ကာ စားမိသည်။ ထောင်က သင်ပေးလိုက်သောကြောင့် ကော်ဖီကို စွဲနေလေပြီ။

(၄) ရက်ကြာသောအခါတွင် အစာမစားနိုင်သောကြောင့် အိပ်ရာထက်၌ ခွေနေသော တင်မောင်အား ဗိုလ်ကြီးနှင့် တွေ့ရမည်ဆိုကာ ထောင်ဗဟိုတွင်ရှိသည့် ရုံးခန်းသို့ ခေါ်သွားသည်။ ပုံစံအတိုင်း ဓောင်ခေါင်းမြီးမြှုပြီး ခေါ်ကြသည်။

ရုံးခန်းတွင်းတွင် စစ်ဗိုလ်နှင့် နှစ်ဦးတည်း တွေ့ရသည်။ "ကျနော်က ထောက်လှမ်းရေးက ဗိုလ်ကြီးသိန်းတိုးပါ" ဟု နှုတ်ဆက်ပြီးသောအခါ ပြုံးပြသည်ကို ထူးထူးခြားခြား မြင်ရသည်။ ထောင်ထဲတွင် အပြုံးဆိုသည်မှာ များစွာရှားပါးသည်။ အကျဉ်းသားများက စိတ်မချမ်းသာကြသဖြင့် မပြုံးနိုင်ကြပါပေ။ ရောက်လာစက ဆရာဝဂ်နှံတာရာက ပြုံးပြီး နှုတ်ဆက်သည်မှာ မချိုပြုံး။ ထောင်မှူးထောင်ကြပ်များက ပြုံးလေ့မရှိ။ စစ်ဗိုလ်က ရက်ရက်ရောရောပြုံးသည်ကို အံ့ဩမိသည်။

"ဗိုလ်ချုပ်ကြီးက သူ့ထံကို ပေးခဲ့တဲ့စာ ရရှိတယ်လို့ အကြောင်းပြန်ဖို့ ညွှန်ကြားပါတယ်။" လိုရင်းကိုပြောပြီး ပြုံးလေမှ ဒါကြောင့်ကိုးဟု သိလိုက်သည်။

"ဒါဖြင့် ကျနော့်ကို လွှတ်စေတဲ့လား။"

"ဒီလိုမဆိုပါဘူး။ ဒီမှာပဲ ခဏတော့နေလိုက်ပါလို့သာ မှာပါတယ်။ အဲဒါ...ဒီမှာနေခိုက်ကို သက်သာချောင်ချိအောင်ထားဖို့ ညွှန်ကြားပါတယ်။ လိုတာကို ပြောပါ။"

"ကျနော်ယူလာတဲ့ စာအုပ်တွေကို သိမ်းထားတယ်။ ရပါရစေ၊ ဗွန်းခက်ရင်းတစုံ ပါလာ

တာ ထောင်မှူးက ခက်ရင်းကို သိမ်းထားပါတယ်။ ရေမွှေးပုလင်းကိုလဲ သိမ်းပါတယ်။"

"စုံထောက် မောင်စံရှား အင်္ဂလိပ်ဝတ္ထုပေါင်းချုပ်ကြီးကတော့ ထောင်ထဲမှာ ဖတ်ခွင့်မပြုပါဘူး။ တခြားစာအုပ်တွေကလည်း နိုင်ငံရေးတွေဖြစ်လို့ မပေးနိုင်ပါဘူး။ ခါးပတ်တို့၊ ခက်ရင်းတို့ဆိုတာက အသက်အန္တရာယ်ပြုနိုင်တာမို့ သိမ်းထားရပါတယ်။"

"ကျနော့်အိမ်ရှင်မကို တွေ့ခွင့်ပေးပါလား။"

"ရာဇဝတ်မှု ထောင်ကျတွေမှာသာ ထောင်ဝင်စာရှိပါတယ်။ ထိန်းသိမ်းထားသူတွေများ ဘယ်သူမှ အိမ်သားနဲ့ တွေ့ခွင့်မရှိပါဘူး။ စာရေးဆက်သွယ်ခွင့်တောင် မပေးနိုင်ပါဘူး။"

"ဒါဖြင့် ခင်ဗျားက ဘာလုပ်နိုင်တာလဲ။"

"သက်သာချောင်ချိအောင် ကြိုးစားပါမယ်" ဟူသော ကတိနှင့် ပြန်ခဲ့ရသည်။

ဗိုလ်ကြီးက ကူရှာသည်။ ညနေပိုင်းတွင် ထောင်မှူးတဦးနှင့် ထောင်ဆရာဝန်ရောက်လာပြီး ဆရာဝန်က "နေမကောင်းဘူးဆိုလို့ လာကြည့်တာ" ဟုပြောသည်။

"နေကောင်းပါတယ်။ ဘာမှမဖြစ်ပါဘူး" ဟု ဖြေသောအခါ ဆရာဝန်ရော ထောင်မှူးကပါ ရယ်ကြသည်။ ပြုံးရုံသာမက ရယ်သံကိုပါ ကြားရလေပြီ။ 'ခဏနေလိုက်ဦး' ဟု ဗိုလ်ချုပ်ကြီးက ပြောလိုက်သည့် စကားတခွန်းက တင်မောင်၏ အခြေအနေပြောင်းလဲလိုက်လေပြီ။

ဆရာဝန်က တင်မောင်အား စစ်ဆေးခြင်းမပြုဘဲ မကျန်းမာသူဟု သတ်မှတ်ပြီး ဗီတာမင်ဆေးပြားပေးရန် လက်မှတ်နှင့်အတူ လူမမာစာကျွေးရမည်ဟု ဆေးစာရေးပေးသည်။ နေ့စဉ် နွားနို့တပုလင်း၊ ပေါင်မုန့်လေးချပ်၊ ကြက်ဥနှစ်လုံးနှင့် ဆန်ပြုတ်တဇလုံ အပိုရသည်။ မိတ်ဆွေများပါ ဝေငှပြီး ဝဝလင်လင်စားကြရသည်။

အိမ်မှပါလာသော အောဒီကလုံး ရေမွှေးပုလင်းကိုလည်း ထုတ်ပေးသည်။ အရက်ဓာတ်အများ ပါသည်ဟုဆိုကာ စိန်ခင်မောင်ရီက တောင်းသဖြင့် ပေးလိုက်ရလေသည်။

• • • • •



(၂၉)

## ထူးဆန်းသော ထိန်းသိမ်းခံများ

တင်မောင်အား ထားရှိသော အင်းစိန်ထောင်၊ အဆောင် (၄) မှာ များစွာ ရှည်လျားကြီးမားသော နှစ်ထပ်အဆောက်အအုံကြီးဖြစ်သည်။ အကျဉ်းသား (၆၀) ထားသော အခန်းရှည်ကြီး (၄) ခု ရှိသဖြင့် အထက်အောက် အကျဉ်းသား (၄၈၀) ဆံ့သည်။ အခြားသီးသန့်ခန်းများလည်း ရှိသေးသည်။ အခန်းအားလုံး ပြည့်သလောက် ဖြစ်နေလေပြီ။

ထမင်းကျွေးချိန်တွင် ရောနှောကျွေးကြသဖြင့် တခန်းနှင့် တခန်းဆက်ဆံပြောဆိုနိုင်ကြသည်။ အဆောင်ဘေးမှ ကွင်းပြင်မှာ အတူလမ်းလျှောက်၊ အတူရေချိုးကြရသဖြင့် ဘောလီဘော၊ ခြင်းလုံးစသည့် အားကစားပါ ပူးပေါင်းကစားနိုင်ကြသည်။ နိုင်ငံရေးအကျဉ်းသားများသာမက ငွေဖင်ယော်ဆီစက် ဦးကြင်၊ ဆပ်ပြာစက် သူဌေး မဒါးညီအစ်ကိုစသော ကုန်သည်များ ပါထားရှိသည်။ အပြင်လောကတွင် အားလုံးလိုလို သိကြစေကာမူ တင်မောင်အား မည်သူနှင့်မှ စကားမပြောရ၊ ဆက်ဆံမှုမပြုရဟု သီးခြားအမိန့်ပေးထားသည်။ တဘက်ခန်းမှ စိန်ခင်မောင်ရီ၊ ကိုလှထွေးတို့ကို ဒိုးဂှက်ဆက်သွယ်ရသည်။ သူတို့က ငှက်ပျောသီးကလေး၊ ထန်းလျက်ကလေးပေးသည်ကိုပင် လျှို့ဝှက်ပေးကြရသည်။ တနေ့ ရေချိုးခွင့် (၁၅) မိနစ်သာ အပြင်ထွက်ခွင့်ရသည်။ တနှစ်လုံးလုံး အဆောင်ပြင်ကို မထွက်ရဟု ချုပ်ချယ်ထားခဲ့လေသည်။

မည်သို့ချုပ်ချယ်ထားစေကာမူ ဖြစ်နိုင်သောနည်းနှင့် ဆက်သွယ်ကြသည်။ ထောင်ထဲတွင် သတင်းစာထုတ်နိုင်ကြသည်အထိ အောင်မြင်စွာ ဆက်နိုင်ခဲ့ကြသည်။

နေးရှင်းအယ်ဒီတာ ဦးလောရုံက တဘက်မှာရှိသော အဆောင် (၃) မှာ နေရသည်။ ထောင်သက်အရှည်ဆုံး သတင်းစာဆရာကြီး ဖြစ်သည်။ လှမ်းကာ စကားပြော၍ မကြားနိုင်သဖြင့် လက်ဟန်ခြေဟန်နှင့် ဆက်သွယ်ရသည်။ စာရေးသူရောက်သောနေ့က "တောင့်ထားကွ" ဟု လက်မောင်းကြွက်သားများကို ညှစ်ပြပြီး အားပေးသောကြောင့် အားမာန်တက်ခဲ့ရသည်။ နောက်ပိုင်းမှ အိုးဝေအယ်ဒီတာ ဦးညိုမြတို့၊ ဂါးဒီယန်းအယ်ဒီတာ ဦးစိန်ဝင်းတို့ပါ ရောက်လာကြသည်။

ဦးလောရုံအား တယောက်တည်း ချုပ်ထားသဖြင့် ရေဒီယို နားထောင်ခွင့်ပေးသည်။ သူက နေ့စဉ် ဘီဘီစီသတင်းများကို နားထောင်ပြီး သင်္ကေတစာနှင့် ဖြန့်ချိသည်။ အင်္ဂလိပ်စာလုံးများကို ပြောင်းပြန်ရေးပြီး လက်ဟန်ခြေဟန်နှင့် ရေးပြသည်ကို မှတ်ရဖတ်ရသည်။ သူပို့သည့် နိုင်ငံခြားသတင်းများနှင့် အကျဉ်းသားသစ်တွေထံမှ ရသည့်သတင်းများကိုပါ စာနှင့်ရေး

ပြီး လက်ရေးသတင်းစာ ထုတ်နိုင်ကြသည်။

ထောင်တွင်းတွင် သင်တန်းအများရှိသည်။ ဘာသာရေးသင်တန်း၊ စာရင်းအင်းသင်တန်း၊ တရုတ်စကားပြောသင်တန်း...စသည်ဖြင့် ရှိကြသည်။ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စကြာ တောခိုသွားစဉ်၌ မဆီမဆိုင် ဗိုလ်စကြာ၏ သတ္တုတွင်းလုပ်ငန်းမှ ဖမ်းလာသော ဘူမိဗေဒ ပညာရှင် အင်္ဂလိပ်ကပြား မစ္စတာ ဟာဒင်းက အင်္ဂလိပ်စာသင်ပေးရာ မြန်မာနိုင်ငံရေးသမားအများတို့က သူ့ထံမှ ပညာယူကြသည်။

တင်မောင်သည် ထောင်ထဲရောက်မှ ဗုဒ္ဓအဘိဓမ္မာကို သင်ကြားရာ ဘုန်းကြီးလူထွက် တဦးက အခြားအခန်းမှ လာရောက်သင်ကြားပေးနေသည်ကို ထောင်ကြပ်များက ကျောနိုင်းထားသဖြင့် ကျေးဇူးတင်ရသည်။

တင်မောင်နေရသည့်အခန်းတွင် တရုတ်အမျိုးသား (၄၄) ဦးနှင့် ကုလားကုန်သည်ကြီးများသာ ရှိသည်။ တရုတ် (၄၄) ဦးတို့၏ အမှုမှာ ဆန်းကြယ်သည်။

တော်လှန်ရေးအစိုးရ တက်လာသောအခါတွင် မြင်းပွဲကြီးကို ပိတ်လိုက်ပြီးနောက် လောင်းကစားပွဲများ၊ ဖဲဝိုင်းများကိုလည်း အရေးယူ နှိပ်ကွပ်သည်။ ထိုအချိန်၊ ထိုကာလ၌ သူတို့လူစုကို တရုတ်အသင်းတခုတွင် မာကျောက်ဖဲကစားမှုနှင့် ဖမ်းပြီး ရုံးတင်သောအခါ တရားသူကြီးက ထောင်ဒဏ်တလ ကျခံစေရန် စီရင်ချက်ချခဲ့သည်။ တလတိတိ အလုပ်ကြမ်းနှင့် ပြစ်ဒဏ်ကျခံပြီးမှ မည်သည့်စစ်ဗိုလ်က မည်သို့သော အကြောင်းကြောင့် အမိန့်ပေးသည်ဟု မသိရဘဲ ထိန်းသိမ်းခံ နိုင်ငံရေးသမားများအဖြစ် ရာဇဝတ်မှုထောင်ကျများ အဆောင်မှ ရွှေ့ပြီး ဤအဆောင်သို့ ပို့လိုက်သည်ဟု သိရသည်။

သူတို့တတွေသည် သူဌေးသူကြွယ်များလည်း မဟုတ်ကြသည်မှာ သေချာသည်။ လက်လုပ်လက်စား ဆင်းရဲသားများသာဖြစ်ကြသည်။ တရုတ်အမျိုးသားတို့ ဓလေ့အတိုင်း အသင်းတိုက်တွင် စုရုံးနေခိုက် ရဲတို့က ဝိုင်းဖမ်းသဖြင့် ရှိသမျှလူကုန် ပါလာသည်။ တကယ်အမှန် ဖဲကစားနေသူက (၈) ဦးသာရှိသည်။ အားလုံးမှာ ဘေးထိုင်ဘေးကြည့်များသာဖြစ်ကြသည်။ လောင်းကြေးကလည်း တဝိုင်းလုံးတွင်မှ ကျပ်ငွေ (၂၀) သာမိသည်။ အသင်းဘေးရှိ ခေါက်ဆွဲဆိုင်မှ ခေါက်ဆွဲလာပို့သူ အလုပ်သမားကိုပါ ဆွဲလာသည်။ တယောက်က အနှိပ်သည်၊ အသင်းလာသူများက တမူးတပဲနှင့် အနှိပ်ခံကြရင်းက အချောင် ထောင်ထဲရောက်လာရှာ၏။

ထိုအနှိပ်သည်၏ အမည်က ကိုရှင်ကွီမည်၏။ ကြံ့ကြံ့ဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ကိုရှင်ကွီတယောက် ထောင်ထဲရောက်နေနှင့်သည်မှာ အဆောင်ပြင်သို့ထွက်ကာ လမ်းလျှောက်ခွင့် မရလေသူ အညောင်းသမား တင်မောင်အဖို့ ဧရာမ အထူးအခွင့်အရေးကြီး ရရှိတော့သည်။

ကံကြမ္မာဟူသည်မှာ များစွာ ဆန်းကြယ်၏။ စိတ်ကူးဉာဏ်နှင့် ရေးကြသည့် ဝတ္ထုရေးသူ စာရေးဆရာများ မလိုက်နိုင်လောက်အောင် ဆန်းကြယ်သည်။ အကြင် မာကျောက်ကစားမှုနှင့် အဖမ်းခံရသူတို့က နေ့စဉ်နေ့တိုင်း ညည်းညူကြရာတွင် သူတို့အား ထောင်ဒဏ်ဘာ့ပ ကျခံစေဟု စီရင်လိုက်သည့် တရားသူကြီးကို နေ့စဉ်နေ့တိုင်း ဆဲရေးတိုင်းထွာလေ့ရှိကြသည်။

တနေ့တွင် ယင်းသို့ ဆဲရေးနေသူတဦးအား တင်မောင်က တရားပြမိသည်။ "တရား





သူကြီးခမျာလည်း လောင်းကစားဥပဒေအရ စီရင်ချက်ချရတာ ဖြစ်ပါလိမ့်မယ်။ သူ့ကို ဆဲလို့ အကျိုးမရှိပါဘူး။ အခုလို ဖက်ဆစ်ခေတ်ကြီးမှာ သူလည်းပဲ ခင်ဗျားတို့လို ထောင်ထဲ ရောက်လာနိုင်တာမို့ မေ့တ္တာပို့ကြပါ" ဟု ပြောရသည်။

တရားချနေခိုက် ပါးစပ်မပိတ်ရခင် ကလေးတွင်ပင် အကျဉ်းသားသစ် (၂) ဦးကို အဆောင်ထဲသို့ ပို့လာသည်။ တဦးက မာကျောက်လောင်းကစားသူများကို ထောင်ဒဏ်အပြစ်ပေးစီရင်ခဲ့သော တရားသူကြီး ဦးစောလှထွေး ကိုယ်တိုင်ဖြစ်နေရှာသည်။ မဦးမချွတ် နိမိတ်ဖတ်ပြီး ပြောမိသည်ကို စိတ်မကောင်းဖြစ်ရသည်။ တင်မောင်က မပြောစေကာမူလည်း ထောင်ကံဇာတာ ပါသူဖြစ်ရှာသည်။ ကရင်အမျိုးသား တရားသူကြီး ဦးစောလှထွေးသည် နိုင်ငံရေးကို စိတ်ဝင်စားသူ မဟုတ်ပါဘဲနှင့် အကြောင်းစုံကို မသိသော မိတ်ဆွေဟောင်းတဦး အိမ်သို့ လာရောက်တည်းခိုသည်ကို လက်ခံမိသောကြောင့် ထောင်ထဲရောက်လာရရှာသည်။ (၄) နှစ်ခန့် ခံရရှာသည်။

မာကျောက်တရုတ်များက တရားသူကြီးကို မကျေနိုင်၊ မချမ်းနိုင် ဆူပွက်ရန်ထောင်ကြသည်ကို အကြိမ်ကြိမ် တရားချရသည်။ နောက်ရက်အနည်းငယ်ကြာလာမှ တရားသူကြီးနှင့် သူတို့တတွေသည် ဘဝတူ၊ ညှဉ်းဆဲခံများ ဖြစ်ကြသည်ကို နားလည်လာကြသည်။ မုန့်ပဲသရေစာများ ဝေမျှကျွေးကြရှာသည်အထိ ခင်မင်ရင်းနှီးလာကြသည်။ ဤကဲ့သို့ ဆန်းကြယ်သည့် အဖြစ်အပျက်မျိုးကို ဝတ္ထုများထဲတွင် မတွေ့နိုင်ပါ။ မြန်မာပြည် စစ်အစိုးရခေတ်မှာသာ ဖြစ်နိုင်သော ဖြစ်ရပ်ပါပေ။

မာကျောက်ကစားဝိုင်းတွင် ထိုင်မိရုံနှင့် နှစ်ရှည်လများ ထိန်းသိမ်းခံရသော သူတို့၏ ဘဝကို မြင်သိရသဖြင့် ဆွေမတော်မျိုးမတော် သူတို့အတွက် များစွာ စိတ်ထိခိုက်ခဲ့ရသည်။ မခံချိမခံသာ နာကြည်းခဲ့ရသည်။ တင်မောင်အဖို့ အခြားကစားဝိုင်းကြီးတွေကို မြင်တွေ့သိရှိနေသူဖြစ်တာကြောင့် မတရားလွန်းသည်ကို သိနေသဖြင့် များစွာ ဇာတ်နာတဲ့ ဖြစ်ရပ်ကို မြင်တွေ့နေရသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ ညီအရင်းဖြစ်သူ ဦးသိန်းညွှန့် ခေါ် ဦးညီလေးသည် ရန်ကုန်မြို့၊ ဗိုးစိန်လမ်းရှိ တင်မောင်၏ ခြံချင်းကပ်နေသည့် မြေကွက်ကို ဝယ်ယူပြောင်းရွှေ့လာသော အိမ်နီးချင်းဖြစ်သည်။ အစ်ကို၏ အရှိန်နှင့် သွင်းကုန်လိုင်စင်လျှောက်ကာ လိုင်စင်ရောင်းစားသည့် ကုန်သည်ဖြစ်သည်။ တဘက်မှ ဖဲဒိုင်ခံစားသူဖြစ်၏။

တော်လှန်ရေးအစိုးရတက်လာပြီး ကစားဝိုင်းအများကို ဖမ်းဆီးချိန်မှစတင်ပြီး သူ၏ ဖဲဝိုင်းက ကြီးမားလာသည်။ ဖဲကစားသူများကို ဟိုတယ်ထမင်းကျွေးပြီး ဖဲကောက်ယူသည့် မျက်နှာကြီး၊ ကြေးကြီးဒိုင်ကြီးဖြစ်လာပြီး တိုက်တည်သည်။ သာမန်ရဲများ မဆိုထားဘိ၊ စစ်ဗိုလ်ထောက်များပင် မလာဝံ့ကြသည့် သူ၏ ဖဲဝိုင်းမှာ ပုန်းလျှိုးကွယ်လျှိုးဝိုင်းမဟုတ်၊ ကားကြီးကားငယ် စည်ကားစွာ၊ ထင်လင်းစွာ ဖွင့်ထားသည်ကို မျက်မြင်ကိုယ်တွေ့ သိရှိခဲ့သည်။

ထို့ပြင် အိုးဝေဦးညိုမြေနှင့်အတူ ဗိုလ်ချုပ်ကြီးနေဝင်း၏ အစ်ကိုအရင်း သခင်လှထွန်း၏ ခြံကိုလည်း ရောက်ဖူးသည်။ ကြေးကြီးအကောက်ယူသော ဖဲဝိုင်းကြီး ကျင်းပနေသည်။ သူသည်လည်း ဖဲဒိုင်ခံစားသူဖြစ်သည်။

ထိုမျှမကသေး၊ ရှိပါသေးသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ ဇနီးဟောင်း ဒေါ်တင်တင်က လည်း ဖဲဒိုင်ခံစားသည်။ ဒေါ်တင်တင်က ပထမ ရန်ကုန်–မော်လမြိုင် မီးရထားလမ်းမှ ထိုင်း နယ်စပ်သို့ ရွှေပို့လိုသူများ၊ မှောင်ခိုကုန်သွင်းလိုသော သူများတို့ကို ရွှေသယ် ကုန်သယ် အငှား လိုက်သည်။ စစ်စုံထောက်များ မဖမ်းရဲသည့် ဒေါ်တင်တင်အား မှောင်ခို ကျောက်ကုန်သည် များက အသုံးပြုကြသည်။ နောက်ပိုင်းတွင် ကန်တော်ကြီးစောင်းက တိုက်ကြီးတခုတွင် ဖဲ ဒိုင်ဖွင့်သည်။ သခင်လှထွန်းနှင့် ဒေါ်တင်တင်ကို ဖဲဝိုင်းထောင်မှုနှင့် ဖမ်းစဉ်က အကျယ်ချုပ် စစ်စုံထောက်ထောင်တွင် ထားပြီး စထရင်းဟိုတယ်က ထမင်းဟင်းဝယ်ပေးရသည်ဟု သိရ သည်။

နောက်ပိုင်း ပြန်လွှတ်ပေးပြန်တော့လည်း ဒေါ်တင်တင်က ဖဲဝိုင်းထောင်ပြန်သည်။ ဒေါ် တင်တင်၏ ဖဲဒိုင်ကို အရေးမယူနိုင်သောအခါ စစ်စုံထောက်များက ဖဲကစားသူများကို အရေး ယူသည်။ သူတို့က ဖဲရိုက်လာသူများကို ဓာတ်ပုံခိုးရိုက်ကြသည်။ အစိုးရအရာရှိများဖြစ်ပါက သက်ဆိုင်ရာ အထက်အရာရှိထံ တင်ပြပြီးနောက် ထပ်မသွားပါနှင့်၊ သွားပါလျှင် အလုပ်ဖြုတ် မည်ဟု ခေါ်ပြီး ခြိမ်းခြောက်သည်။ သို့ပင်သော်ငြားလည်း နယ်မှ ကစားသမားများပါ ရန်ကုန် သို့ တက်လာကြသဖြင့် အခိကရ ဝိုင်းကြီးမှာ စည်ကားမြဲ စည်ကားသည်။ 'ပန်းပန်လျက်ပါ' ဖဲဝိုင်းကြီးဖြစ်၏။

ဤကဲ့သို့ ဗမာ့တပ်မတော် သေနာပတိကြီး တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီး ဗိုလ်ချုပ် ကြီးနေဝင်း၏ ဆွေတော် ရှစ်သောင်း မျိုးတော်ကောင်းတို့က များစွာ အောက်တန်းကျသော၊ ယုတ်မာသော လောင်းကစားဝိုင်းဒိုင်လုပ်ငန်းနှင့် ချမ်းသာကြွယ်ဝနေကြပါလျက် တမူးတပဲ ဖဲဝိုင်းကစားမိသူတို့ကို ရက်ရှည်လများ ထောင်ဒဏ်ခတ်သည်။ (၈) နှစ်တိုင်တိုင် ချုပ်နှောင် ထားသည်ကို သိရသော စာရေးသူအဖို့ ဆွေမတော် မျိုးမစပ်စေကာမူ မခံမရပ်နိုင်အောင် စိတ်ထိခိုက်ခဲ့ရသည်။

ရင်လုံးပြည့်၊ ရင်ဘတ်တခုလုံး ပြည့်အောင် စိတ်ထိခိုက်ခဲ့ရသည်။

• • • • •



## (၂၉)

## လူစုံ၊ လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံ

မာကျောက်ကစားဝိုင်း တရုတ်များကို ဖမ်းသကဲ့သို့ စစ်အစိုးရက အရပ်သူအရပ်သား များကို အကြောင်းအမျိုးမျိုးနှင့် ဖမ်းဆီးနေကြသောကြောင့် အင်းစိန်ထောင်ထဲသို့ ရောက် လာကြသူများ အားလုံးတို့၏ ဇာတ်လမ်းများမှာ အမျိုးမျိုးအဖုံဖုံ ဆန်းကြယ်လှတော့သည်။

အစိုးရ၏ ထိပ်သီးအာဏာရှင်ကြီး ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင်က သူမလိုလားသူ များကို ဖမ်းဆီးအမိန့်ပေးလေရာ လက်အောက်စစ်ဗိုလ်များကလည်း မိမိတို့မလိုလားသူအား လက်လွတ်စပယ် ဖမ်းမိန့်ပေးလေ့ရှိသည်။

ငွေဝင်ယော် ဦးကြင်သည် ကုန်သည်ကြီးတဦးဖြစ်သည်။ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်သူ အရပ်သားတဦးသာဖြစ်သည်။ ဂျစ်ကားနှင့်ဆီစက်နှစ်လုံး ပိုင်ဆိုင်သည်။ သူ၏နေအိမ်မှာ ပြည်လမ်းပေါ်တွင်ရှိသည်။ အေဒီလမ်းထိပ်အနီး မလှမ်းမကမ်းတွင် ရှိသည်။ မိသားစုကြီးမားသောကြောင့် အိမ်ကောင်းကောင်းဆောက်လုပ်နေထိုင်သည်။

ဝန်တိုမိစ္ဆာကြီးမားသော ဗိုလ်ချုပ်ကြီးနေဝင်းက ဤကဲ့သို့အရပ်သားများ တင့်တင့်တယ် တယ်နေသည်ကို မကြည့်နိုင်၊ မရှုစိမ့်နိုင်ဘဲ များစွာမနာလိုလေ့ရှိသည်။ ထို့ကြောင့် အေဒီလမ်း နေအိမ်မှ နေ့စဉ်စစ်ရုံးကို ကားနှင့် သွားသည့်အခါတိုင်း ဒေါသမီးတောက်ပြီး သူက "လမ်းပေါ် မှာ နန်းတော်ဆောက်တဲ့ မအေလိုးတွေ" ဟု ညစ်ညစ်ညမ်းညမ်း ဆဲလေ့ရှိသည်။

ဗိုလ်ချုပ်နေဝင်း၏ နံဘေးမှာ အမြဲလိုက်ပါရသူ စစ်စုံထောက်ကြီး ဗိုလ်မှူးကြီးလွင်က နားငြီးလှသောကြောင့် ဦးကြင်၏ အပြစ်ကို ရှာသည်။ အပြစ်မတွေ့သောကြောင့် ဆိုင်းထား ရာမှ ဆီဈေးတက်သဖြင့် ဆီကုန်သည်များကို ဖမ်းသောအခါတွင် ဦးကြင်ကိုပါ ရောနှောကာ ဖမ်းလိုက်သည်။ ဦးကြင်ခမျာ ဗိုလ်ချုပ်နေဝင်းသွားလာသော လမ်းပေါ်မှာ အိမ်ကောင်းကောင်း ဆောက်နေမိသောကြောင့် ထောင် (၇) နှစ် ခံရရှာလေသည်။

တကြိမ်တွင်မူ ဓောင်းတော်ညိတ် စိတ်တော်သိ ဖမ်းဆီးလေ့ရှိသူ စစ်စုံထောက်ကြီးများ အကြပ်ရိုက်သွားခဲ့ဖူးသည်။ မြေနီကုန်းလမ်းဆုံတွင် ကားဖြတ်မောင်းသွားစဉ်၌ လမ်းပေါ်မှ လူတယောက်ကို မြင်မိရာမှ ဗိုလ်ချုပ်ကြီးနေဝင်းက "ဟ–ဒီကောင်ရှိသေးသကိုး"ဟု မှတ်ချက် ချသည်။ စစ်စုံထောက်ကြီးတို့က ထိုမည်သော 'ဒီအကောင်' ဆိုသူကို ထိုညမှာပင် ဖမ်းလိုက် ကြလေသည်။

တလခန့်ကြာသောအခါတွင်မှ ဗိုလ်ချုပ်ကြီးနေဝင်းက "ဒီကောင်ကို ငါနိုင်းစရာရှိတယ်။ တလောက မြေနီကုန်းမှာ ကားပေါ်က တွေ့လိုက်ပါတယ်။ ရှာပြီးခေါ်ခဲ့ကွာ" ဟု အမည်နာမ

ပြောပြ နိုင်းတော့သည်။

စစ်စုံထောက်ကြီးများ မျက်သလဲဆံပျာ ဖြစ်သွားကြရှာတော့သည်။ သူတို့က ဖမ်းဆီးထားသော ဒီအကောင်ဆိုသူကို ကပျာကရာ အင်းစိန်ထောင်ထဲက ဆွဲထုတ်ပြီး "ကျနော်တို့ လူမှားပြီး ဖမ်းမိတာပါ။ ဖမ်းတယ်ဆိုတာ အဖိုးကြီးမသိပါစေနဲ့" ဟု ရှိခိုးတောင်းပန်ပြီး အိမ်တော်သို့ ခေါ်သွားရရှာသည်။

ပြောမယုံ ကြုံဖူးမှသိဟူသော ဖြစ်ရပ်မျိုးတို့သည် များပြားလှသည်။ မန္တလေးတွင် သတင်းစာ အော်ဟစ်ရောင်းနေသူ လူငယ်တဦးကို အာဏာပါဝါပြလိုသူ လက်နက်ချကွန်မြူနစ်အရာရှိတဦးက ရဲဌာနကိုသွားပြီး "ဒီကောင်ကို ဖမ်းလိုက်" ဟု အမိန့်ပေးသောကြောင့် ဖမ်းထားခဲ့သည်။ လွှတ်ချိန်ကျသောအခါတွင် မည်သည့်အရာရှိက မည်သည့်အတွက်ကြောင့် ဖမ်းမိန့်ပေးခဲ့သည်ကို မှတ်တမ်းမရှိသဖြင့် ကြာမြင့်စွာ ထိန်းသိမ်းထားရသည်ဟု ထောင်မှူးတဦးက ကိုယ်တွေ့ပြောပြသည်။

တနေ့သ၌ အကျဉ်းသားသစ် (၃) ဦးတို့သည် တင်မောင်တို့၏ အခန်းသို့ ရောက်လာကြသည်။ လပွတ္တာမှ မော်တော်ပဲ့ကိုင်နှင့် စက်သမားများဖြစ်ကြသည်။ "ဘာမှုနဲ့ ဖမ်းခံရသလဲ" ဟု မေးကြသောအခါတွင် သူတို့ကိုယ်တိုင်က မည်သည့်အတွက်ကြောင့် အဖမ်းခံရသည်ကို မသိရပါဟု ဖြေကြရှာလေသည်။

ဂဃနဏမေးကြသောအခါတွင်မှ သူတို့က လမ်းမတော်ဆိပ်ကမ်းတွင် မော်တော်ဆိုက်ကပ်ထားပြီး အားလပ်သောကြောင့် စာရေးကြီးကို မော်တော်အပ်ကာ ရုပ်ရှင်ကြည့်ရန် ထွက်လာသည် ဆိုပါ၏။ ရွှေတောင်တန်းလမ်းကို ဖြတ်လာခိုက် မိုးသည်းထန်စွာ ရွာလာသောကြောင့် အိမ်တအိမ်၏ တံစက်မြိတ်အောက်တွင် ဝင်ရောက်မိုးခိုကြသည်။ မိုးအစဲတွင် ခရီးဆက်မည်အပြု၌ အိမ်ထဲမှ စစ်စုံထောက်တစု ထွက်လာပြီး ဘောင်ဒရီလမ်းကို ခေါ်သွားကြပြီး (၃) ရက်တိုင်တိုင် စစ်ဆေးကြသည် ဆိုသည်။

ဘယ်သူကို သိသလား။ ဘယ်ဝါနှင့် ဆက်သွယ်ဖူးသလား စစ်မေးကြသောအခါ ရန်ကုန်မြို့တွင် လမ်းမတော်ဆိပ်ကမ်းနှင့် ရုပ်ရှင်ရုံမှတပါး မည်သူကိုမှ မသိရှာကြသည့် လပွတ္တာသားများဖြစ်သဖြင့် မည်သည့်ကိစ္စကိုမှ မဖြေနိုင်သောကြောင့် အင်းစိန်ထောင်သို့ ပို့လိုက်သည် ဆိုပါ၏။

နောက်တနေ့တွင် ဘောင်ဒရီစစ်ထောင်၌ ကျန်ရစ်ခဲ့သော လွယ်အိတ်တလုံးကို လာပို့သောအခါ "ခင်ဗျားတို့ပစ္စည်းတွေ စုံရဲ့လား စစ်ဆေးပါ" ဟု တပ်ကြပ်ကြီးက မေး၏။

စက်ဆရာတဦးက "ကျနော် ကျန်ရစ်ခဲ့တဲ့ သွားကလေးတချောင်း မပါလာပါလား" ဟု မရဲတရဲ ပြောရှာသောအခါ 'ဝါးကနဲ' ပွဲကျသွားသည်။ အကျဉ်းသားအားလုံးက ဝိုင်းရယ်ကြသဖြင့် တပ်ကြပ်ကြီးပင်လျှင် မျက်နှာပျက်သွားရှာသည်။

သူတို့ဇာတ်လမ်းက မပြီးဆုံးသေးပါ။ ဆက်ရန်ရှိသေးသည်။ မော်တော်ပဲ့ကိုင်ဆရာ၏ ဇနီးက သူမ၏ ခင်ပွန်းကို များစွာချစ်ရှာဟန်တူသည်။ ပဲ့ကိုင်ဆရာကလည်း မာတုကာမများနှင့် စပ်လျဉ်း၍ ခြေဆော့၊ လက်ဆော့၊ ခြေမငြိမ်၊ လက်မငြိမ် ယောကျ်ားတဦး ဖြစ်ဟန်တူ၏။ ခက်သည်မှာ သူ၏ဇနီးက အပ်ဆပ်ထိမခံသော အမျိုးသမီးဖြစ်ပုံရသည်။ (၁၀) ရက်ကြာ





သောအခါတွင် သတင်းစာများထဲ၌ ခပ်စွာစွာရေးထားသည့် ကြော်ငြာတစောင် ပါလာတော့၏။

"ကျမယောကျ်ား ပဲ့ကိုင် ကိုဟိုဒင်း အိမ်ကို ပြန်မလာပါ။ လက်ခံထားရှိတဲ့ အမျိုးသမီးများကို လင်ခိုးမှုနဲ့ တရားဥပဒေအရ အရေးယူပါမည်။ ကျမသာ တရားဝင်မယားကြီး ဖြစ်ပါသည်" တဲ့။

ကိုပဲ့ကိုင်က ထောင်မှူးကိုတွေ့ပြီး "ကယ်ပါဦး ထောင်မှူးကြီးရယ်။ အဖမ်းခံရတာက အရေးမကြီးပါဘူး။ ကျနော့်ရဲ့မယားက စွာပါတယ်။ တော်တော်ကြာ အပြစ်မရှိတဲ့ အရပ်ထဲက ကောင်မတွေကို ရန်တွေ့လား၊ ပါးရိုက်လား လုပ်ပါတော့မယ်" ဟု တိုင်တည်လေတော့မှ မစွာကြယ်၏ ကြော်ငြာကို စစ်ဗိုလ်များထံ တင်ပြပြီး သူတို့ (၃) ဦးကို လွှတ်ပေးလိုက်ရပါသည်။

စစ်ဗိုလ်များကို အင်းစိန်ထောင်သို့ ပို့သောအခါတွင် နိုင်ငံရေးအကျဉ်းသားများနှင့်အတူ မထားဘဲ သီးခြားအိမ်ကလေးများနှင့် ထားရှိသည်။ စစ်ဗိုလ်ဟောင်းများကိုမူ တင်မောင်တို့နှင့်အတူ ထားရှိသည်။

အထောက်တော်သတင်းစာမှ ဗိုလ်ကြီးသိန်းနိုင်၊ မိုးကုတ်မှ ဗိုလ်ကြီးဟောင်းသန်းတင်စသည်တို့ကို တွေ့ခဲ့ရသည်။ ဗိုလ်ကြီးဟောင်း သန်းတင်က နိုင်ငံရေးကင်းရှင်းသူဖြစ်ပါလျက် မိသားစုက သခင်သာခင်နှင့် ဆွေမျိုးတော်သောကြောင့် ဖမ်းသည်ဆိုပါ၏။

ထောင်ထဲရောက်စက မခံချင်လွန်းသဖြင့် ညစဉ်ညတိုင်း သန်းခေါင်ကျော်တွင် "ကြားကြားသမျှ ရဲဘော်တွေ ပြန်ပြောပေးကြပါ။ ဗိုလ်ချုပ်ကြီးနေဝင်းကို သစ္စာရှိတဲ့ ဗိုလ်ကြီး သန်းတင်ကို ဖမ်းထားပါတယ်" ဟု အော်ဟစ်သောကြောင့် တိုက်ပိတ်ခံရရှာသေးသည်။

ဗိုလ်ကြီးဟောင်း ဦးမြလှိုင်ရောက်လာသောအခါတွင် ပေဖူးလွှာမဂ္ဂဇင်းပိုင်ရှင်အဖြစ် ရင်းနှီးခဲ့သဖြင့် "ဘာလို့ရောက်လာတာလဲဗျာ" ဟု မေးသောအခါ "စစ်ဗိုလ်တွေ မကောင်းပါဘူးဗျာ" ဟု သူက ညည်းညူသည်။ ဦးမြလှိုင်တွင် ဂျပန်မှ ဂျပန်မိတ်ဆွေတဦးထံ၌ ငွေအနည်းငယ်ရှိသည်ဟု ဆိုသည်။ လူဝင်မှုဌာနအကြီးအကဲ ဗိုလ်မှူးသန်းညွန့် ဂျပန်ခရီးထွက်သဖြင့် မိတ်ဆွေကို တွေ့ပြီး ငွေတောင်းခဲ့ပါ၊ မည်သည့်ပစ္စည်းဝယ်ခဲ့ပါဟု မှာလိုက်မိသည် ဆိုပါသည်။

"ဗိုလ်သန်းညွန့် ပြန်လာလို့ ဖုန်းဆက်ခေါ်တော့ နံနက်စောစောမှာ သူ့အိမ်သွားပြီး ပစ္စည်းနဲ့ ငွေကို ယူပါတယ်။ ပြုံးလို့ကြည်လို့ ဆောင်ရွက်ပေးတာကြောင့် ကျေးဇူးတင်စွာနဲ့ ပြန်လာခဲ့တော့ သူ့ရဲ့ဝင်းရှေ့မှာ အသင့်စောင့်နေနှင့်တဲ့ အမ်အိုင်ကောင်က ဆွဲခေါ်လာတာပါပဲ ဆရာရေ" တဲ့။

ထောင်ထဲက အကျဉ်းသားများကို စီးပွားသောင်းကျန်း၊ စာပေသောင်းကျန်း၊ လောင်းကစားသောင်းကျန်း စသည်ဖြင့် သတ်မှတ်ထားကြရာ၌ တင်မောင်တို့၏ အခန်းသို့ ရောက်ရှိလာသူ လူငယ်သစ်တဦးက သူ၏ အမှုအကြောင်းကို မေးကြသောအခါ မည်သို့မှမပြောဘဲ နှုတ်ပိတ်နေသည်။ ပဟေဠိဖြစ်နေသောကြောင့် သူ၏အမှုကို စုံစမ်းပေးရန် မိတ်ဆွေများက သတင်းထောက်တယောက်ဖြစ်သော တင်မောင်အား တာဝန်ပေးသဖြင့် အမျိုးမျိုးအဖုံဖုံ စကားလှည့်ပြီး မေးရသည်။ (၃) ရက်ခန့်ကြာတော့မှ သူ၏အမှုကို သိရပါသည်။

သူ့အမည်က ကိုကြည်မြွေးတဲ့။ ကုန်သည်လူလွတ်တဦးဖြစ်ပါသည်။ ညတညတွင် ငါ့ဝမ်း

ပူဆာ မနေသာသောကြောင့် နာမည်ကျော် ဒေါ်ပု၏ နန်းပြာသာဒ်သို့ သွားခဲ့မိသည် ဆိုပါသည်။ အမျိုးသမီးတဦးကို ရွေးပြီး တညတာအတွက် ငွေကျပ် (၁၀၀) ပေးပြီး ဆန္ဒမီးကို ငြိမ်းအေးစေခဲ့သည် ဆိုပါသည်။

"ကောင်မကလေးက ချောတာမို့ သနားတာနဲ့ ငွေ (၂၀) ဆုပေးခဲ့ပါတယ်ဗျာ။ အဲဒါကို ငနဲမက ပိုပေးပါဦး အကိုကြီးရယ်လို့ ဖွတ်ကပ်တောင်းနေတာကြောင့် ဟော့–ဟော့ (၂၀) ထက် ပို မပေးနိုင်ဘူး။ ငါက ကုန်သည်ကွ၊ ကုန်သည်။ စစ်ဗိုလ်မဟုတ်ဘူးလို့ ပြောပြီး တွန်းထားခဲ့တယ်။ အိမ်ရောက်လို့ တနာရီတောင်မအိပ်ရသေးဘူး၊ စစ်သားတွေလာပြီး ဖမ်းတာပါပဲဗျာ"တဲ့။

မလျော်ကန်တဲ့ဒေသမှာ သွားပြီး တပ်မတော်၏ဂုဏ်သိက္ခာကို ဖျက်မှုကြောင့် ကိုကြည်မွေးခမျာ အင်းစိန်ထောင်တွင် (၆) နှစ် ခံခဲ့ရရှာပါ၏။

• • • • •



# (၃၀)
# အကြဲအဖန်

ထောင်တွင်း၌ လိုအပ်သလို သုံးစွဲကြရာက ပေါ်ထွန်းလာသော ဝေါဟာရများ အများရှိကြသည်။ ထောင်မှူးထောင်ကြပ်များက အကျဉ်းသားများထဲတွင် ဥပဒေပြင်ပမှ ပစ္စည်းများရှိသလောဟု ရှာဖွေသည်ကို 'တလာစီတယ်' ဟု ခေါ်ဝေါ်သည်။ ကုလားစကားမှ လာသည်ဟု ဆိုလေသည်။ ဝေပုံကျပေးသည့် အစားအစာ၊ ဆပ်ပြာစသော ပစ္စည်းများ၏ အတိုင်းအတာကို 'ပုံစံ' ဟု ခေါ်သည်။ တဖန် အကျဉ်းသားအသစ် ဦးကျိုးအောင်နိမ်သည်ကိုလည်း 'ပုံစံပြတယ်' ဟု ခေါ်ပြန်သည်။ ထောင်ဝေါဟာရများထဲတွင် 'အကြဲအဖန်'ဟူသော ဝေါဟာရသည် လုပပြည့်စုံပြီး လူသုံးများသော စကားလုံးဖြစ်လေသည်။

တင်မောင် အိမ်မှယူလာသည့် အော်ဒီကလုံး ရေမွှေးပုလင်းကို ထောင်က သိမ်းထားရာမှ ပြန်ပေးသောအခါ အရက်အိုးစာရေးဆရာတစုက သူတို့ကို လှူပါဟု တောင်းရာတွင် အကြဲအဖန်လုပ်ချင်လို့ပါဟု ပြောကြသည်။ သေသေချာချာမေးမှ ရေမွှေးတွင် ပါရှိသော အရက်ဓာတ်ကို နုတ်ပြီး အရက်ချက်ကြမည်ဟု ဆိုသည်။ သရက်သီးအချဉ်ရည်ကို မြေမြှုပ်လိုက်၊ နေလှန်းလိုက်နှင့် ချက်ကြသည်။ တင်မောင်၏ အခန်းထဲမှ တရုတ်များကမူ သံပုရာသီးသနပ်၊ သရက်ချဉ်အကောင်းစားတို့ကိုပင် ထုတ်လုပ်နိုင်နေကြလေပြီ။

ရှေးမြန်မာသူပုန်များကို ချုပ်နှောင်သော ခေတ်က ထောင်ဥပဒေအရ ဆံရှည်မြန်မာများ သျှောင်ချောရန် အုန်းဆီပုံစံများကို ယနေ့တိုင် အကျဉ်းသားတိုင်းကို အပတ်စဉ် မှန်မှန်ထုတ်ပေးသည်။ အကျဉ်းသားများက နို့ဆီခွက်မီးပိုကလေးများ တီထွင်ကာ လောင်စာအဖြစ်သုံးကြသည်။ ဟင်းနွေးကြသည်။ ဟင်းချက်ကြသည်။

ပထမနှစ် တနှစ်လုံး တင်မောင်အပို့ တဘက်ခန်းများမှ စာပေရဲဘော်များ၊ နိုင်ငံရေးမိတ်ဆွေများနှင့် ဆက်သွယ်မှုမပြုရဟု အမိန့်ထုတ်ထားလေရာ စကားပြောခြင်း၊ ဆက်သွယ်ခြင်းကို ဖမ်းမိလျှင် တင်မောင်ရော၊ တဘက်လူကိုပါ တိုက်ပိတ်မည်ဟု ခြောက်လှန့်ထားသည်။ မည်သို့ပင် ပညတ်သည်ဖြစ်စေ ရောက်သည့်နေ့မှ စတင်ပြီး စကားပြောကြသည်။ ထောင်သတင်းစာကို ထုတ်ဝေနေကြလေသဖြင့် စကားမပြောလျှင် မဖြစ်နိုင်။ ထောင်မှူး၊ ထောင်ကြပ်များကလည်း အမြဲလမ်းလျှောက်ကာ စောင့်ကြပ်နေကြသဖြင့် ကြုံရာအကျဉ်းသားက သူတို့မြင်တိုင်း "လာနေပြီ၊ လာနေပြီ" ဟု သတိပေးကြသည်။ သတိပေးသံကြားသည်နှင့် လူချင်းခွဲရလေ့ရှိသည်။

"လာနေပြီ၊ ထောင်မှူးလာနေပြီ" ဟု သတိပေးသည်ကို ထောင်မှူးတို့ ကြားသွားလျှင်

သတိပေးသောသူကို အရေးယူနိုင်သည်။ အန္တရာယ်ရှိသောကြောင့် သတိပေးရန် ဝေါဟာရကို တီထွင်ရန် အကြံအဖန်လုပ်ကြသည်။ မာကျောက်တရုတ်ကြီးတယောက်က အကြံပေးသည်။ စစ်ပြီးကာလက တရုတ်တန်းတွင် အင်္ဂလိပ်ပစ္စည်းတွေအပါအဝင် မှောင်ခိုဈေးတန်းကြီး ရှိခဲ့သည်။ ဦးထုပ်နီဆောင်းသော အင်္ဂလိပ်စစ်ပုလိပ်များက မကြာခဏ လာရောက် ဖမ်းဆီးလေ့ရှိသည်။ ထိုကြောင့် စစ်ပုလိပ်မြင်တိုင်း တရုတ်ဘာသာဖြင့် ဦးထုပ်နီလာပြီ 'အန်တောင်းလိုင်လော' (သို့မဟုတ်) 'လိုင်လောလိုင်လော' လာပြီလာပြီဟု သတိပေး အော်ဟစ်လေ့ရှိကြောင်း ပြောပြသည်။ တင်မောင်တို့အခန်းတွင် ထိုသတိပေးဝေါဟာရကို စတင်အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင်မူ အင်းစိန်ထောင်တခုလုံး ထောင်မှူး၊ ထောင်ကြပ်များလာသည်ကို မြင်ရသူတိုင်းက တဦးကိုတဦး သတိပေးသော ဝေါဟာရဖြစ်လာလေသည်။

အန်တောင်းလိုင်လော ဟူသည့် လျှို့ဝှက်ဝေါဟာရကြောင့် တင်မောင်တို့ သတင်းစာ လုပ်ငန်း တွင်ကျယ်လာသည်။ တလတကြိမ် အိမ်နှင့် စာရေးဆက်သွယ်ခွင့်ရရှိသူများ မှာရေးသည့်အချိန်တို့၌ မင်း၊ စက္ကူ စသည်တို့ကို စိတ်ချလက်ချ ခိုးယူနိုင်ကြသည်။ လျှို့ဝှက်ကာ အသုံးပြုရသည့် ပစ္စည်းအားလုံးကို လျှို့ဝှက်စကားလုံး သုံးကြသည်။ မင်ကို 'ငှက်ပျောသီး'၊ ဖောင်တိန်ကို 'ထန်းလျက်' ဟု စကားဝှက်တီထွင်ထားကြသည်။

များမကြာမီကာလတွင် အိုးဝေဦးညိုမြ ရောက်လာသောအခါ သတင်းစာဘက်မှာ ပိုပြီး ဝေဆာလာသည်။ တင်မောင်တို့ သတင်းစာတွင် ဓာတ်ပုံသတင်းများကိုလည်း ဖော်ပြသည်။ ထောင်ပေးသော သတင်းစာများနှင့် မဂ္ဂဇင်းများမှ ပုံတို့ကို ညှပ်ပြီးကပ်ကာ ဖော်ပြသည်။ မျက်နှာဖုံးတခုမှာ ဗိုလ်နေဝင်းတရားဟောနေသော ပုံနှင့် မီးလောင်မှုသတင်းမှပုံကို အတူဖော်ပြီး 'မီးတွေလောင်ကုန်ကြပြီလေ၊ တို့လုပ်တာတွေ အောင်ပြီပေ့' ဟု ဗိုလ်နေဝင်းက ပြောနေပုံဟု စာရေးသည်။ တနေ့တွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်မေသန်း၏ ဓာတ်ပုံကို 'မြန်မာပြည်မှာ နောက်ဆုံးတွေ့သော ရေနံ့တွင်းကြီး' ဟု ဦးညိုမြက ပြောင်မြောက်စွာ စာရေးသည်။ ထောင်ထဲ၌ လူကြိုက်များလှသော သတင်းစာဖြစ်လာသည်။

ဦးညိုမြအား သီးသန့်အခန်းတခုတွင် သူဌေး ဦးဇော်ညွှန့်နှင့်အတူ ထားရှိသည်။ တင်မောင်တို့နှင့် စကားပြောခွင့်၊ ဆက်သွယ်ခွင့် ပိတ်ထားသည်။ စာတိုကလေးများ ရေးပို့ကာ လျှို့ဝှက်ရလေ့ရှိသည်။

တနေ့တွင် ထောင်မှူးက တင်မောင်ထံသို့ ပေါက်လာပြီး "ခင်ဗျားတို့တတွေ လုပ်တာတွေ လွန်လာပြီ။ စစ်ဗိုလ်ကို တင်ပြရပါတော့မယ်။ အားလုံးကို တဆောင်စီခွဲထားဖို့ အကြံပေးရပါတော့မယ်" ဟု ပြောသည်။ ရောက်စကာလက အာဏာပြသည့် ထောင်မှူးဖြစ်စေကာမူ နောက်ပိုင်း၌ စာပေအကျဉ်းသားများအဖို့ အပြစ်မရှိဘဲ အဖမ်းခံထိနေကြသူများ ဖြစ်သည်ကို သိရှိနားလည်လာဟန် တူသည်။ တင်မောင်တို့အစုကို သက်သက်ညှာညှာ ကူညီရှာသည်။

"ကျနော်တို့တတွေ ဘာမှအပြစ်မလုပ်ဖါဘူး" ဟု တင်မောင်က ဘာမသိ၊ ညာမသိနှင့် ငြင်းရသည်။

"ဦးညိုမြက ခင်ဗျားဆီပေးတဲ့ စာမိသွားတယ်" ဟု ထောင်မှူးက ပြောသောအခါ ဆရာကြီးကို လျှို့ဝှက်စာနှင့် စာရေးဆက်သွယ်ရန် မှာထားပြီးဖြစ်သဖြင့် စိတ်ချလက်ချ ပြန်ပြော





မိသည်။

"ဗျာ…ဆရာကြီးက ငှက်ပျောသီးကလေး၊ ထန်းလျက်ကလေး စားချင်လို့ စာရေးတာ လောက်တော့ ခွင့်ပြုသင့်ပါတယ်ဗျာ"

"ငှက်ပျောသီးတောင်းတာဆို အရေးမကြီးပါဘူး။ အဖိုးကြီးရဲ့စာကို ဖတ်ကြည့်ပါဦး" ဟု ထောင်မှူးက ပေးပြသည်။

"တင်မောင်ရေ…ငါ့မှာ မင်ကုန်နေပြီ။ နစ်ကောင်းတဲ့ ဖောင်တိန်လည်း လိုချင်တယ်။ စက္ကူပါ ရှာပေးပါဦး" ဟု ရေးထားသော စာကို တွေ့ရသည်။ "ဖြစ်မှဖြစ်ရလေ ဦးညိုမြရယ်" ဟု ညည်းညူပြီး ထောင်မှူးကို ဝန်ချတောင်းပန်ရတော့သည်။

ကိုတွမ်အိ အမည်ရှိ မာကျောက်တဦးက နို့ဆီဘူးခွံကို မီးဖိုလုပ်ပြီး ညတိုင်း စားစရာတခုခု ချက်သည်။ ငါးကြော်ကျွေးသော နေ့များတွင် အဖော်များထံမှ ငါးရိုးများကို တောင်းပြီး စုဆောင်းရရှိသည့် ငါးရိုးတို့ကို ကွေကားအုပ်သံဘူးမှ မုရောစပါးနှင့် ပြုတ်ကာ တိုက်သည်။ အပြင်တရုတ်တန်းက ဘဲသားဆန်ပြုတ်ထက် ကောင်းသော ဆန်ပြုတ်ကို သောက်ရသည်။ ဓာတ်ဘူးနှင့် လက်ဆင့်ကမ်းပြီး တခြားအခန်းက ငါးရိုးပေးသူတွေကိုပါ ဝေငှပြီး တိုက်ကျွေးနိုင်သည်။

တနေ့သားတွင် ဦးကျင်စွိနှင့် ကေဒီယားဆိုသူ ကုန်သည်အကျဉ်းသားနှစ်ဦးက အကြံအဖန်လုပ်ရာက နာနတ်သီးတဘူး ရလာသည်။ ထောင်ကြပ်တဦးထံမှ စီးကရက်ငါးဘူးနှင့် ဝယ်လာသည်ဟု ဆို၏။ "ဒီည သန်းခေါင်မှာ ဘူးဖောက်မယ်၊ စားလှည့်ပါ" ဟု ဖိတ်ကြားသည်။ မတ်လလယ်ဖြစ်သောကြောင့် ရာသီဥတုက ပူလွန်းသဖြင့် "ရေခဲနှင့်များ စားရလျှင် နှိုက်ပါပဲဗျာ" ဟု ပြောမိသည်။ ကျုပ်တို့လည်း အကြံအဖန်လုပ်ဖို့ စဉ်းစားနေကြသည်ဟု သူတို့ဖြေသည်။

ည (၁၀) နာရီခန့်တွင်မူ ကေဒီယားက ပါးစပ်မှ အမြှုပ်တစီစီထွက်ပြီး ဆီးစပ်ကို နှိပ်၍ အော်နေသည်ကို တွေ့ရသည်။ တင်မောင်အဖို့ ဤညအဖို့ နာနတ်သီး မစားရတော့မည်မှာ သေချာနေသဖြင့် စိတ်ပျက်မိသည်။ ကေဒီယား၏ ဝေဒနာအတွက် ဆရာဝန်ခေါ်ပေးပါဟု ဦးကျင်စွိက အခန်းမှူး ဦးအောင်ကို ပြောသည်။

"ဘာဖြစ်တာလဲ" ဟု ဦးအောင်က မေးသောအခါ "ဟိုဒင်းလေဗျာ၊ ဟိုဒင်း။ ဗွေးတက်တာဗျ" ဟု ဖြေသဖြင့် အခန်းမှူးမှာ လန့်သွားပြီး "အစောင့်ရဲဘော်၊ အစောင့်ရဲဘော်" ဟု အော်ဟစ်တော့သည်။ အရေးပေါ်ကိစ္စရှိလျှင် အစောင့်ထောင်ကြပ်ကို ခေါ်ကြရသည်။ (၁၅) မိနစ်ကြာမှ ထောင်ကြပ်ရောက်လာသည်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ" ဟု မေးသည်ကို "ဟောဒီမှာ အကျဉ်းသားတဦး အသည်းအသန်ဖြစ်နေလို့ ဆရာဝန်ခေါ်ပေးပါ" ဟု အခန်းလူကြီးက တောင်းဆိုရသည်။

"ခင်ဗျားတို့ သိသားပဲ။ ဆရာဝန်က အရပ်ထဲမှာနေတာ အရေးကြီးလွန်းမှ စစ်ဗိုလ်ကို တင်ပြပြီး ဆရာဝန်ခေါ်ပေးနိုင်တယ်" ဟု ထောင်ကြပ်က ပြောသည်။

အမြှုပ်တစီစီနှင့် ညည်းနေရှာသော ကေဒီယားကို ပြသောအခါ ထောင်ကြပ်ကပါ စိတ်ညစ်သွားတော့သည်။

"နေပါဦး၊ ဖြစ်တာက ဘာရောဂါလဲ" ဟု မေးရာ "ယောကျ်ားတွေ ဖြစ်တတ်တယ်၊ ဌေးတက်တာဗျ" ဟု ဦးအောင်က ရှင်းပြရသည်။

"ဆရာဝန်ခေါ်မပေးလျှင် ဆေးမြီးတိုရှိပါတယ်။ အမျိုးသမီးတဦးဦးရဲ့ ဟို–ဟိုအမွေးကို သူ့ရဲ့နှာခေါင်းမှာ တေ့ပေးရသတဲ့" ဟု အကျဉ်းသားတဦးက ပြောသည်။ ထောင်ကြပ်က "ဘာဖြစ်မလဲ။ မိန်းမထောင်ကို ညအခါမှာ ယောကျ်ားမဝင်ရဘူး။ ဝင်လို့ရလျှင်ကော ဘယ်လို နှုတ်ရမလဲ။ ဘယ်သူကလည်း သူ့ရဲ့အမွေးကို ပေးမှာလဲ" ဟု စိတ်ပျက်သံနှင့် ပြောရှာ၏။

"ဆေးမြီးတိုတခုကတော့ သူ့ဟိုဒင်းကို ရေခဲအုံပေးလျှင် ပြန်ကျတယ်တဲ့" ဟု ဦးကျင်ဇွဲက မှင်သေသေပြောပြသည်။

ထောင်ကြပ်မျော တွေဝေသွားဟန် တူသည်။ အတန်ကြာငိုင်သွားသည်။ ဆရာဝန်ခေါ်ရမည်လော၊ မိန်းမထောင်သို့ သွားရမည်လော၊ ရေခဲရှာရမည်လော စဉ်းစားရှာသည်။ အလွယ်ဆုံးကိုရွေးပြီး ထောင်ဆေးရုံသို့ပြေးကာ ရေခဲသေတ္တာထဲမှ ရေခဲတဖလုံ သယ်ပေးတော့သည်။

ဆရာကြီးရွှေဥဒေါင်းရေးသကဲ့သို့ မှတ်တမ်းတင်ရလျှင် ထိုညက စားရသော ရေခဲစိမ်နာနတ်သီးစိတ်ကလေးသည် တသက်တာတွင် အရသာအရှိဆုံး နာနတ်သီးဖြစ်ပါတော့သည်။

• • • • •



(၁၁)

## နင်လားဟဲ့နေဝင်း

'အရှင်အာဏာ ကျေးကျွန်၌ တည်စေရမည်' ဟု ဆိုရိုးရှိသည်။ အာဏာစက်ပြင်းသော ဖက်ဆစ်တို့ခေတ်တွင် ပိုမိုအာဏာတည်ရသည်။ အင်းစိန်ထောင်အဖို့ ဖက်ဆစ်အစိုးရ၏ အရေးပါဆုံးသော ဗိနိုပ်မှ စက်ကိရိယာကြီးဖြစ်လေရာ အာဏာစက် အဆက်ဆက် တည်စေရသည့် ဒေသဖြစ်၏။

အကျဉ်းသားတဦးကို အထက်က "ဒီကောင်ကို ကောင်းကောင်းထားလိုက်" ဟု အမိန့်ပေးမှာထားလျှင် ထိုသူကို ဟိုတယ်နီးပါးကောင်းစွာ ပြုစုသည်။ မျက်နှာတော်လွှဲထားသည့် အကျဉ်းသားတို့အဖို့၊ အဆက်အသွယ်မရှိသူ အကျဉ်းသားတို့အဖို့ ဝဋ်ရှိသမျှ'ခံ'ကြရလေသည်။

အင်းစိန်ထောင်ထဲသို့ ပထမဦးစွာရောက်လာသော တော်လှန်ရေးကောင်စီဝင် ထိပ်သီးစစ်ဗိုလ်ကြီးမှာ ဗိုလ်မှူးကြီး ကြည်မောင်ဖြစ်သည်။ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအဆင့်နှင့် တာဝန်ထမ်းဆောင်နေရာက အာဏာသိမ်းခေတ်မှာ စိုက်ပျိုးရေးဝန်ကြီး ဖြစ်လာသည်။ သူက စစ်အာဏာရှင်စနစ်ကို မယုံကြည်လေသဖြင့် မှန်သည်ဟု ထင်သည့်ကိစ္စများကိုသာ လုပ်ဆောင်သောကြောင့် ဗိုလ်နေဝင်းက မကျေနပ်ဟု သိရသည်။ တော်လှန်ရေးအစိုးရက ဒူးယားရွာတွင် နီးနှောဖလှယ်ပွဲ ကျင်းပသည်ကို တက်ရောက်ခြင်းမပြုသောကြောင့် ချက်ချင်း ရာထူးကချပြီး အင်းစိန်ထောင်သို့ ပို့လိုက်ခဲ့သည်။

တော်လှန်ရေးကောင်စီတွင် အဆင့် (၉) အထိ ချီးမြှောက်ပါလျက် သူက ခိုင်းသမျှ မလုပ်ကောင်းလားဆိုကာ ဗိုလ်နေဝင်းက ရွှေစိတ်တော်ဆိုးသောကြောင့် ဗိုလ်မှူးကြီးကြည်မောင်အား 'ခွေးထောင်ချောက်' ဟု နာမည်ကြီးသော ထောင်အိမ်မှာထားသည်။ မတ်တပ်ပင် ရပ်ခွင့်မပြုဘဲ ညှဉ်းဆဲသည်။

အကျဉ်းသားတို့အား ထိန်းသိမ်းရာ၌ တိကျသောအမိန့်ကို အဆင့်ဆင့်ပေးကာ အုပ်ချုပ်သည်။ ထောင်မှူးက "ဒီကောင်ကို ရေတခွက်သောက်စေ" ဟု ဆိုလျှင် ထောင်ကြပ်က ရေတခွက်သာ ပေးသည်။ နှစ်ခွက်မပေး၊ တဝက်ပဲသောက်ပါရစေဟု ဆိုလျှင်လည်း လက်မခံ။ အမေမှာတဲ့ ဆန်တခွဲကို သုံးမိတ်နှင့် လဲလေ့မရှိ။

တင်မောင်နှင့်အတူနေကြရသော မာကျောက်တရုတ် (၄၄) ဦးတို့တွင် ပေါ်ပိပို့ အမည်ရှိသော အကျဉ်းသားကြီး တဦးပါဝင်သည်။

ပေါ်ပိပို့ခမျာမှာ ထောင်ထဲရောက်မလာမီကပင် မကျန်းမာသူဖြစ်သည်၊ ရောဂါက တခု၊

နှစ်ခုမဟုတ်ဘဲ (၉၆) ပါးသော ရောဂါ ဝေဒနာအမျိုးမျိုးစွဲကပ်နေသောကြောင့် ထောင်ထဲရောက်လာချိန်မှစတင်ကာ ထောင်ဆရာဝန်က နေ့စဉ်လိုလို ကြည့်ရှုကုသပေးနေရသည်။ ထောင်အာဏာပိုင်တို့က တခုတည်းသော အမိန့်ကို တိကျစွာ နာယူကြရသည်။ အကျဉ်းသားမှန်သမျှ သေစေသော၊ သေလောက်သော လက်နက်များ ကိုင်တွယ်ခြင်း မပြုကြရ။ အကျဉ်းသားမှန်သမျှ ခါးပတ် မပတ်ရ၊ ရှူးဖိနပ်ကို ကြိုးချည်စီးခွင့်မရ။ ခက်ရင်းနှင့် ဓားမသုံးရ...စသည်ဖြင့် ကန့်သတ်ထားသည်။ မှတ်ဆိတ်ရိတ်သော ဓားက သေစေလောက်သော လက်နက်ဖြစ်သဖြင့် မှတ်ဆိတ်ရိတ်လိုပါက ထောင်ကြပ်၏ ရုံးခန်းသို့သွားပြီး ထောင်ကြပ်အစောင့်နှင့် ရိတ်ကြရသည်။

ပေါ်ပီပို့၏ ကြီးမားသော ရောဂါတခုမှာ အိပ်မရသော ဝေဒနာဖြစ်စဉ်ကြောင့် အပြင်လောကတွင် လွတ်လပ်စွာနေထိုင်စဉ်ကပင် ညစဉ် အိပ်ဆေးတလုံးသောက်ကာ အိပ်ရရှာသူဖြစ်သောကြောင့် ပေါ်ပီပို့အား ညတိုင်း အိပ်ဆေးတလုံ့ပေးစေဟု ထောင်ဆရာဝန်က ဆေးစာရေးပေးထားသည်။

အိပ်ဆေးဟူသည်မှာ သေဆေးတမျိုးပင်ဖြစ်သည်။ နည်းအမျိုးမျိုးနှင့် ညှဉ်းဆဲနေသည့် ဖက်ဆစ်တို့ လက်အောက်မှ လွတ်မြောက်မည်ဆိုပါက သေလိုပါသည်ဟု သေချင်နေသူတို့မှာ အင်းစိန်ထောင်တွင်း၌ မရေတွက်နိုင်အောင် ပေါလှသည်။ အကယ်၍များ ပေါ်ပီပို့က မိမိရရှိသည့် အိပ်ဆေးလုံးကို ထောင်မှောင်ခိုဈေးသို့ ထုတ်ရောင်းပါက သေလိုသူတို့ သေခွင့်ရလေနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဆေးပြားကို ထောင်ကြပ်က ခွံ့ပေးရမည်ဟု ထောင်စစ်ဗိုလ်က အမိန့်ထုတ်ထားသည်။ အိပ်ဆေးလုံးကို ညစဉ် ညတိုင်း (၁၁) နာရီတိတိတွင် ထောင်ကြပ်တဦးက ယူလာကာ ပေါ်ပီပို့၏ ပါးစပ်အာခေါင်တွင်းသို့ ထည့်ရမည်။ ရေမျောချသည်အထိ စစ်ဆေးစေရမည်ဟု အမိန့်ထုတ်ထားသည်။ ထိုအမိန့်ကို ထောင်မှူးကြီးမှ ထောင်မှူး၊ ထိုမှတဖန် အဆင့်ဆင့်သော ထောင်အရာရှိ ထောင်ကြပ်တို့သို့ ထပ်ဆင့် အမိန့်ပေးထားသည်။

အိပ်ဆေးခွံ့စေ အမိန့်သည် အလုပ်ဖြစ်သည်။ ညစဉ် (၁၁) နာရီတိတိ၌ ထောင်ကြပ်တဦးသည် အခန်း၏ သံတိုင်ပြူတင်းသို့ ရောက်လာလေ့ရှိသည်။ ပေါ်ပီပို့က ရေတခွက်နှင့် အသင့်စောင့်နေရကာ ထောင်ကြပ်က ခွံ့ပေးသည့်ဆေးလုံးကို ရေနှင့်မျောချကာ မျိုပြီးပြီးမှ မိနစ်အနည်းငယ်အတွင်း ငြိမ်းချမ်းစွာ အိပ်ပျော်ရရှာလေ့ရှိသည်။

တနေ့သော တနေ့တွင်မူ ပြဿနာပေါ်ပါတော့သည်။ ထိုနေ့က ဝက်သားဟင်းကျွေးသော နေ့ဖြစ်၏။ ထောင်ဝက်သားဟင်းမှာ အသားပါလေ့မရှိ။ အဆီတထပ်၊ အခေါက်တထပ် အဝှုံးများသာ ဖြစ်ကြသည်။ မိုးကလည်း တစိမ့်စိမ့်ရွာနေပါသေးသည်။ တဆောင်လုံး မိုးအေးအေး အဆီသစ်ကာ စောစီးစွာ အိပ်စက်နေကြရှာသည်။

ပေါ်ပီပို့က အခန်းလူကြီးအား တောင်းပန်ရှာသည်။ "ဝက်သားဟင်းကတော့ တကယ့်ကို အဆီတွေချည်းပါပဲ။ ကျနော်မနေနိုင်တော့ဘူး။ အိပ်ချင်လှပါပြီ၊ အိပ်ပါရစေတော့။ ထောင်ကြပ်လာတဲ့အခါမှာ အခန်းလူကြီးပဲ ပြောပေးပါ။ ဒီညအဖို့ အိပ်ဆေးမလိုတော့ပါဘူး။ ကျနော့်ကို အိပ်ရာက နှိုးမနေပါနဲ့" ဟု မှာကြားရင်း အိပ်ပျော်သွားရှာသည်။





ည (၁၁) နာရီတိတိတွင် "ပေါ်ပီပို့၊ ပေါ်ပီပို့" ဟု ခေါ်ဟစ်ပြီး ထောင်ကြပ်ရောက်လာသောအခါ အခန်းမှူးက ဖြေရရှာသည်။ "ပေါ်ပီပို့– အိပ်ပျော်နေပါပြီ"

"ဘာတယ်"

"သူအိပ်ပျော်နေပြီ"

"ဘာလို့ အိပ်ရမှာလဲ။ အိပ်ဆေးမှ မစားရသေးဘဲ၊ အိပ်ခွင့်မရှိဘူး"

"ဝက်သားဟင်းကလဲ တယ်ကောင်းကိုး။ ဒီတော့ အားလုံးအိပ်ကြပြီ။ ကျုပ်မှာသာ တာဝန်ရှိလို့ စောင့်နေရတာ"

"ဒီလို ဘယ်ဖြစ်မလဲ"

"ဘာလို့မဖြစ်ရမှာလဲ၊ အိပ်ဆေးမှ မလိုဘဲဟာ။ တညတလေ အိပ်ပါစေဗျာ...ကျုပ်လည်း အိဂ်ချင်ပါပြီ။ ပြန်ပါတော့ ထောင်ကြပ်ကြီးရယ်။ ဂွတ်နိုက်၊ ဂွတ်နိုက်"

"ကျုပ်က ဒီအိပ်ဆေးကို ဘယ်သွားထားရမှာလဲ"

"အိမ်သာထဲ လွှင့်ပစ်လိုက်ပေါ့"

"ခင်ဗျားက ကျုပ်ကို ထောင်ကျအောင်လုပ်တာလား။ အိပ်ဆေးဖျောက်ဖျက်မှုက ထောင်ဒဏ်ဗျ၊ ထောင်ဒဏ်"

"ဆေးရုံပြန်ပို့လိုက်ပေါ့"

"ဆေးထုတ်ပြီးရင် ပြန်သွင်းလို့ မရဘူး"

"အင်း မလွယ်ပါလား"

"လွယ်ပါတယ်။ ပေါ်ပီပို့ကို နှိုးပေးပါ"

"သူခမျာ သိမ်းသိမ်းမောမော အိပ်နေရှာပါပြီဗျာ"

"အိပ်ဆေးမသောက်ဘဲ အိပ်တာ သူ့အပြစ်ဗျ။ ကဲပါ နှိုးပေးပါ။ ပေါ်ပီပို့၊ ပေါ်ပီပို့ ထထ အိပ်ဆေးသောက်လှည့်ဦး"

ထောင်ကြပ်က ပူညံညံလုပ်နေသောကြောင့် ပေါ်ပီပို့သာမက တဆောင်လုံး နိုးကြရပါတော့သည်။ ပေါ်ပီပို့ခမျာမှာ အိပ်ချင်မူးတူးနှင့် အိပ်ရာမှ ထလာရှာပြီး ဆေးပြားကို ရေနှင့်မျောပြီး မျိုချရရှာသည်။

ထိုသို့ ဆေးမျိုပြီးသောအခါတွင် အိပ်ဆေးလုံးအဖို့ ဆေးအာနိသင် ဆေးစွမ်းမထက်တော့ပါ။ ပေါ်ပီပို့ မျက်လုံးကျယ်သွားရှာပါပြီ။ အိပ်မရတော့ပါ။ တော်တော်နှင့် အိပ်မရရှာပါ။ ပေါ်ပီပို့က တညလုံးအိပ်မရတော့သောကြောင့် ဒေါသူပုန်ထပြီး ဆဲရေးပါတော့သည်။

"မအေလိုးထောင်ကြပ်"၊ "မအေလိုးထောင်မှူး"၊ "မအေလိုး ထောင်စစ်ဗိုလ်"၊ "မအေလိုး ဗိုလ်နေဝင်း" ရာထူးအဆင့်အလိုက် တဦးပြီးတဦး တန်းစီကာ ပျစ်ပျစ်နှစ်နှစ် တညလုံးဆဲလေတော့သောကြောင့် တင်မောင်အပါအဝင် တဆောင်လုံး အိပ်ရေးပျက်ကြရပါတော့သည်။

• • • • •

## (၃၂)

# ရက်စက်ပါပေ့ကွယ်

အိန္ဒိယပြည်တွင်သာမက ကမ္ဘာ့သမိုင်းမှာပါ နေသို့ လသို့ ထင်ရှားခဲ့သည့် အသောကမင်းကြီး၏ရာဇဝင်ထဲတွင် မပါခဲ့သော သမိုင်း၏အပြင်ဘက်မှ ပုံပြင်ကလေးတခု ဖတ်ဖူးခဲ့သည်။

ဘုရင်ကြီးနန်းတက်စကာလက စစ်တိုက်ပြီးဟက်ခဲ့ရသဖြင့် ရန်သူများကို ချုပ်ခတ်ရန် များစွာ ဆိုးသွမ်းရက်စက်သော အကျဉ်းထောင်ကြီးတခု ရှိခဲ့ရသည်။ ထောင်ကျသူမှန်သမျှ အရှင်မထွက်ရဘဲ သေသည်အထိ ညှဉ်းဆဲသည်ဟု ဆိုသည်။ တနေ့တွင် အကျင့်သီလ ပြည့်စုံသော ဗုဒ္ဓဘာသာ ရဟန်းတပါးထောင်ထဲရောက်လာသည်။ ထိုအခါ ထောင်အမှုထမ်းများက ပြုမြဲအတိုင်း ညှဉ်းဆဲကြသည်။

သံဃာတော်အား မည်သို့ ညှဉ်းဆဲစေကာမူ ဝိန်းကြာရွက်ပေါ်တွင် ရေမတင်သကဲ့သို့ ဒဏ်ရာ ဒဏ်ချက်မရှိဘဲ ကြည်လင်နေသည်ကို တွေ့ကြရသည်။ မီးပုံထဲ ချ၍မသေ၊ ရေနွေးအိုးကြီးထဲ ထည့်စေကာမူ မပန်းသည့်ဖြစ်ရပ်ကို သတင်းပို့ကြသောကြောင့် ဘုရင်ကြီးကိုယ်တော်တိုင် ထောင်ထဲဝင်ပြီး ဘုန်းတော်ကြီးကို ဖူးမြော်သည်ဆို၏။

အံ့မခန်းတန်ခိုးကြီးသော သံဃာတော်၏ တရားကို နာယူပြီးနောက် ဆရာတော်ကို လွှတ်စေဟု အမိန့်ချပြီး ဘုရင်ကြီးထောင်မှ ထွက်တော်မူရန် ပြင်ဆင်သောအခါတွင် ထောင်မှူးက "ဒီထောင်တွင်းဝင်လာသူမှန်သမျှ အရှင်ထွက်ခွင့်မပြုရလို့ ဘုရင်အမိန့်တော်ရှိပါတယ်" ဟု ဆိုကာ ဘုရင်ကြီးကို တားဆီးသည် ဆိုသည်။ ထိုအခါ ဘုရင်ကြီးက အခြား ထောင်မှုထမ်းများကို ဆင့်ခေါ်ပြီး "ဟောဒီထောင်မှူးကို ဟောဟို မီးပုံကြီးထဲ ထည့်လိုက်ကြဟေ့" ဟု အမိန့်သစ်ပေးပြီး ထွက်လာခဲ့ရလေသည်။ "ထောင်ကြီးကိုလည်း ဖျက်စေ" ဟု အမိန့်ပေးခဲ့သည်။ ထိုနေ့မှစတင်ပြီး သာသနာပြု မင်းကောင်းမင်းမြတ်တပါး ဖြစ်လာသည်ဟု ဖတ်ရှုရသည်။

ထောင်ဟူသည်မှာ ရန်သူနှင့် ရာဇဝတ်သားများကို ညှဉ်းပန်းနှိပ်စက်သော ဒေသဖြစ်သည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်များ သိမ်းပိုက်စကာလတွင် အင်းစိန်ထောင်ကြီး ဆောက်လုပ်စဉ်က အင်္ဂလန်တွင် အကျဉ်းထောင်ပြုပြင်ရေးလှုပ်ရှားမှုများ အကြိမ်ကြိမ်ပြုခဲ့ပြီ ဖြစ်သောကြောင့် အသင့်အတင့် ကောင်းမွန်အောင် ဆောက်လုပ်ထားလေသည်။

လေဝင်လေထွက်ကောင်းစေရန် အကျဉ်းသားများ ကျန်းမာရေး မထိခိုက်စေရန် ဆောက်လုပ်ထားခဲ့သည်။ အကျဉ်းသားများကို လူစဉ်မီအောင် ထားရှိသည်။ 'ရှေးခတ်က သျှောင်ကြီးဗွေ အကျဉ်းသားများအတွက် အုန်းဆီပုံစံပေးရမည်ဆိုသော ဥပဒေရှိသည်။' တင်မောင်တို့ ထောင်ထဲရောက်သော ၁၉၆၅ ခုနှစ် အထိ အုန်းဆီပေးနေသေးသည်။ ဆပ်ပြာမှစပြီး



အစစပေးသည်။ ကျန်းမာရေးအတွက် ဆရာဝန်များ ထားရှိပေးသည်။

အင်းစိန်ထောင်အတွက် ဆရာဝန်တဦးပေးထားသော်လည်း အကျဉ်းသားဦးရေက များပြားလွန်းသောကြောင့် တကြောင်း၊ ဆရာဝန်ကိုယ်တိုင် စေတနာခေါင်းပါးသောကြောင့် တကြောင်း အကျဉ်းသားများအဖို့ နာမကျန်းဖြစ်လျှင် မလွယ်ကြပါ။

ဆရာဝန်က တပတ်တကြိမ် အဆောင်သို့လာသည်။ အကျဉ်းသား (၆၀) တို့ အနက် (၄) ဦးခန့်ကိုသာ ကြည့်နိုင်သည်။ ဆရာဝန်ပြသခွင့်ကို အချင်းချင်းညှိနှိုင်းပြီး တကယ်ဝေဒနာရှိသူကို ရွေးကြရသည်။ ဆရာဝန်က ကြည့်ခွင့်ရစေကာမူ ဝတ်ကျေဝတ်ကုန်သာ ကြည့်လေ့ရှိသည်။ တခါက ခြေထောက်နာသောကြောင့် ဆရာဝန်ပြခဲ့သည့် လူနာကို ဤတချိန် ခေါင်းနာပါသည်ဟု ပြောပြသော်လည်း ဆရာဝန်က Repeat all ယခင်က ပေးသောဆေးကို ဆက်လက်ပေးစေဟုသာ ဆေးစာလွယ်လွယ်ရေးပေးလေ့ရှိသည်။ ရောဂါပြင်းလွန်းသည့် လူနာများကိုသာ ထောင်ဆေးရုံသို့ တင်ရသည်။

ကျန်းမာရေးခေါင်ခေါင်မြည်သည့် တင်မောင်ကိုမူ အထူး အခွင့်အရေးအဖြစ် လူမမာစာကျွေးစေဟု အထူးဆေးလက်မှတ်ရရှိခဲ့သည်။ ထိုဆေးလက်မှတ်မျိုးကို ထောင်သို့ရောက်လာသော စစ်ဗိုလ်မှန်သမျှတို့ကို ပေးလေ့ရှိသည်။ စစ်အစိုးရတို့၏ မူလမ်းစဉ်ဖြစ်သော မတရားမှုသည် ထောင်ထဲတွင် ပိုမို ကြီးထွားသည်။ ထောင်တွင်းတွင် မည်သည့်အရာမှမကောင်း။

ကိုလိုနီခေတ်က အကျဉ်းထောင်စနစ်ဆိုးရွားပုံကို ဖွဲ့ဆိုခဲ့သော 'ရက်စက်ပါပေ့ကွယ်' ဝတ္ထုကြီးသည် 'စာရေးဆရာ သခင်နု' ၏ အကောင်းဆုံးလက်ရာဖြစ်၏။ စာရေးဆရာ ဝန်ကြီးချုပ်ဖြစ်လာသော အခါတွင် မြန်မာနိုင်ငံ အကျဉ်းထောင်ပြုပြင်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ အကျဉ်းထောင်ပြုပြင်ရေး စတင်လုပ်ဆောင်ခိုက်တွင် ၁၉၅၈ ခုနှစ်၊ အိမ်စောင့်အစိုးရတက်လာသောခေတ်တွင် ရပ်ဆိုင်းသွားပြီး အကျဉ်းထောင်များမှ နှိပ်စက်မှုများ ပိုမိုဆိုးရွားလာသည်။ ကိုကိုးကျွန်းနှင့် ပုသိမ်ကျွန်းတွင် အကျဉ်းထောင်ကြီးများ လုပ်ပြီး စစ်အစိုးရအားဆန့်ကျင်သူ နိုင်ငံရေးခေါင်းဆောင်များကို လွန်လွန်ကျူးကျူးနှိပ်စက်ခဲ့လေသည်။

ရက်စက်ပါပေ့ကွယ် ဝတ္ထုအပြင် 'ထောင်အရသာ'အမည်နှင့် စာအုပ်တအုပ် ထွက်ခဲ့သေးသည်။ 'လူထုဦးလှ'၏ 'ထောင်နှင့် လူသား' စာအုပ်နှင့် 'ထောင်မှတ်တမ်းများ' သည်လည်း သမိုင်းဝင်စာပေအဖြစ် ကျန်ရစ်ခဲ့သည်။ စစ်အစိုးရ ဆက်တိုက်တက်နေသဖြင့် ကိုကိုးကျွန်းထောင်စာပေ နည်းပါးနေပါသည်။

ထောင်အကြောင်း၊ ထောင်သတင်းကြားလေတိုင်း တင်မောင်၏ စိတ်သည် တုန်လှုပ်ချောက်ချားလေ့ရှိပါသည်။ အကြောင်းမှာ တင်မောင်၏ နဂိုဗီဇဥာဉ်က ထောင်ကို ကြောက်တတ်သူဖြစ်နေသည်။ ထောင်ကို ကြောက်သည်ဟု ဆိုသည်နှင့် သတ္တိနည်းသည် မဆိုသင့်ပါပေ။ ထောင်ကို ကြောက်စေကာမူ စစ်အစိုးရများ စားမိုးနေသောခေတ်တွင် ထောင်နှုတ်ခမ်းပေါ်လျှောက်ပြေးနေရသည့် စာပေဝန်ထမ်းလုပ်ငန်းကို စွန့်လွှတ်ခြင်းမပြုခဲ့ပါ။ အရေးအသားဆန့်ကျင်လျှော့ပေါ့ရေးသားသည်ရှိစေကာမူ ထောင်ကို ကြောက်သောကြောင့် စစ်အစိုးရဖက်ဆစ်စနစ်ကို ထောက်ခံရေးသားမှုမပြုခဲ့။

တင်မောင် ကြောက်အားပိုပုံမှာ တဘာသာဖြစ်သည်။ လူသားတို့တွင် ကြောက်လန့်

သော အရာတခု ရှိတတ်သည်။ အချို့က အမြင့်တက်ရန်ကြောက်သည်။ တချို့က ရေကို ကြောက်၏။ စက်ဘီးစီးရန်ကြောက်သူ၊ လေယာဉ်ပျံစီးရန်ကြောက်သူ…စသည်ဖြင့် ရှိတတ်သည်။ တင်မောင်ကြောက်ရွံ့သည်မှာ ပိတ်ပင်ချုပ်ချယ်မှုဖြစ်သည်။ ငယ်စဉ်ကစပြီး ခေါင်းမြီးခြုံကာ မအိပ်ဖုံသူဖြစ်သည်။ ပိတ်ခြင်ထောင်ကို ကြောက်သည်။ အလုံပိတ်ထားသည့် အခန်းကို ကြောက်သည်။ ချုပ်နှောင်ပိတ်ပင်ထားလျှင် မွန်းတတ်သည်။ အသက်ရှူကျပ်သည်။

၁၉၅၈ ခုနှစ်က ဟံသာဝတီ ဦးပေါ်ဦး၊ မန်းသူရိယ ဦးသန်းမောင်နှင့်အတူ သတင်းစာလေ့လာရေးအဖွဲ့ အဖြစ် ဘီလပ်သွားခဲ့သည်။ အိမ်ရှင်များက ရေတပ်သား (၅) ဦးသာ စီးနင်းနိုင်သော နောက်ဆုံးပေါ် ရေငုပ်သင်္ဘောကို ပြသသောအခါ အမှတ်တမဲ့ ရှေ့ဆုံးမှ ဝင်ကြည့်မိသည်။ အထဲရောက်မှ နောက်သို့ ပြန်လှည့်ကြည့်လိုက်သည့်အခါ၌ ပြသသူ ဗိုလ်ကြီးနှင့် မိမိတို့ အဖွဲ့ဝင် သုံးယောက်က ပိတ်နေသည်ကို မြင်တွေ့ရသဖြင့် ချွေးစီးပြန်လာပြီး အသက်ရှူရပ်သွားသည်။ "လုပ်ကြပါဦး၊ ကျနော်မူးနေပြီ၊ ခင်ဗျားတို့ထွက်ပေးပါ။ ကျနော် ထွက်ပါရစေ" ဟု အော်ဟစ်မိသည်။ ပြသသူရော အဖွဲ့ဝင်များပါ နားမလည်နိုင်ဘဲ ထွက်ပေးကြမှ တင်မောင် ထွက်လာနိုင်သည်။ အသက်ပြန်ရှူနိုင်သည်။

၁၉၆၁ ခုနှစ်က ဝန်ကြီးချုပ်ဦးနု အီဂျစ်ပြည်သို့ ခရီးထွက်စဉ်က တင်မောင်သည် အဖွဲ့ဝင် တဦးအဖြစ် လိုက်ပါခဲ့ရသည်။ တနေ့တွင် ကြီးမားသော သုံးချွန်းထောင့် ပိရမစ်သင်္ချိုင်းဂူကြီးတခုသို့ သွားရောက်ကြည့်ကြသောအခါ ဧည့်သည်တော် မြန်မာဝန်ကြီးချုပ်ကို သာမန်ခရီးသည်များ မဝင်ရသည့် ဂူတွင်းသို့ ဝင်ရောက်ကြည့်ရှုရန်ပြသသည်။

မြန်မာအဖွဲ့ဝင်ရော အိမ်ရှင်တွေပါ လူသုံးဆယ်ခန့် တန်းစီပြီး ဂူတွင်းသို့ ဝင်ကြသည်။ စောစောက ဂူပေါက်တွင် ဓာတ်ပုံရိုက်နေသည့် တင်မောင်မှာ ရှေ့ဆုံးမှ ရောက်နေသည်။ ပေနှစ်ဆယ်ခန့် ဂူတွင်းဝင်မိလျှင် ဂူလိုဏ်လမ်းကြောင်းမှာ ပိုမိုကျဉ်းမြောင်းသွားသည်ကို တွေ့ရသည်။

ရှေ့သို့ လှမ်းကြည့်သောအခါ လျှပ်စစ်မီးထွန်းထားသည့် ဂူလမ်းက ပိုမိုကျဉ်းသည်ကို မြင်ရသည်။ နောက်သို့ ပြန်ကြည့်သောအခါ ငါးပေခန့်အကွာမှ ဦးနုလိုက်လာသည်ကိုသာ မြင်ရကာ သူ၏ နောက်မှ အခြားအဖွဲ့ဝင် များက ဂူဝကို ပိတ်နေသည်ကို တွေ့ရသည်။ ဤတွင် တင်မောင်၏ အကြောက်ရောဂါ ထလာသည်။ ကြောက်စိတ်မွှန်လာပြီး ချွေးချေးပြန်လာသည်။ တပ်ဦးက ရှိခဲ့သည့် တင်မောင်က စိတ်မထိန်းနိုင်ဘဲ ဝရုန်းသုန်းကားပြန်လှည့်ပြီး ဝန်ကြီးချုပ်ရော၊ အဖွဲ့ဝင်တွေကိုပါ တိုးဝှေ့ကာ ထွက်ပြေးသောကြောင့် ပွဲပျက်ခဲ့ရဖူးသည်။

'ကျဉ်းကျပ်မှုကို ကြောက်သော စိတ်ရောဂါ' ဟု ဆရာဝန်တဦးက ဆိုသည်။ ယခင်ဘဝက မသေမီ ဂူပိတ်ခံရပြီးမှ သေခဲ့ဟန်တူသည်ဟု အချို့က မှတ်ချက်ချသည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ တင်မောင်သည် ပိတ်ဆို့မှုကို ကြောက်သည်။ ရုပ်ရှင်ကြည့်တိုင်း မီးနီကလေး ပြထားသော ထွက်ပေါက်ကို သတိထားလေ့ရှိသည်။

ထိုကဲ့သို့ တံခါးအပိတ်ခံရသည်ကို ကြောက်လန့်သူတင်မောင်မှာ ထောင်တွင်းသို့ရောက်သောအခါ ကျယ်ဝန်းသည့် အခန်းကြီးမှာ နေရစေကာမူ ပိတ်လှောင်ထားခြင်းခံနေရသည် ဟူသော အသိကို သတိရမိတိုင်း အသက်ရှူမှားမိသည်။ ထောင်မှူးများက သံသော့ကြီးများကို





ကောင်းစွာ ခတ်–မခတ် ဂျိုင်းကနဲ ရိုက်ကာ စစ်ဆေးလေတိုင်း အသက်ရှူမှားရသဖြင့် ကြီးစွာ စိတ်ဆင်းရဲရသည်။ ဘိန်းစားခြင်းအတူတူ တမူးသားပို၍သည်မဟုတ်ပါ။ 'ကြောက်ပါတယ်ဆို ကြောင်ကလေးနဲ့ အတို့ခံရသူ' ဖြစ်ပါသည်။

တင်မောင်အဖို့ ထောင်ချခံနေရသည်က အခြားသူတွေထက်ပိုပြီး 'နာ' ပါသည်ဟု ဆိုရပေမယ့် ထောင်ထဲတွင် စစ်အစိုးရက ချမှတ်ထားသည့် စည်းကမ်းဥပဒေများကို ချိုးဖျက်ရသည့် အရသာက ထူးကဲကြီးမားသည်။ စကားမပြောရဟု ပိတ်ပင်ထားသူနှင့် စကားပြောရခြင်း၊ မင်း၊ ဖောင်တိန်၊ စက္ကူမကိုင်ရ၊ စာရွက်စာတမ်း ရေးသားဝေငှသည်ကို တွေ့ရလျှင် တိုက်ပိတ်မည်ဟု ဆိုနေသည့်အကြားမှ သတင်းစာထုတ်ရခြင်း စသည်တို့မှာ သင်တုန်းစားပေါ်တွင် လူးထားသော ပျားရည်ကို လျက်ရသကဲ့သို့ အသည်းတလှပ်လှပ်ဖိုကာ အရသာထူးသည်။ ထို့ကြောင့် ထောင်ထဲ၌ ပျော်သယောင်ယောင် ဖြစ်လာတော့သည်။

• • • • •

## (၃၃)

## နေဝင်းတူးနှင့် ရင်ဆိုင်တိုက်ပွဲ

သက်ကြီးဝါကြီး နိုင်ငံရေးသမားကြီးတဦးကို တင်မောင်တို့အခန်းသို့ ပို့လိုက်ပြန်လေသည်။ အင်္ဂလိပ်ခေတ်က အကြိမ်ကြိမ်ထောင်ကျခဲ့သူ သခင် ခင်အောင်ဖြစ်သည်။ သူ့ကို လွန်ခဲ့သော (၂၁) ရက်နေ့က ဖမ်းဆီးပြီး တိုက်ထဲတွင် ထည့်ထားပြီး ယခုမှ အများဆောင်ကို ပို့လိုက်သည်။ သူ၏ဇာတ်လမ်းကလည်း တမျိုးစိတ်ဝင်စားရပေသည်။

"တို့များက ဘယ်မြေအောက်အဖွဲ့နဲ့မှ မဆက်ပါဘူး။ မဆလလမ်းစဉ်ကို ထောက်ခံပြီး သာပေါင်းညာစားမလုပ်တာကြောင့် ညသန်းခေါင်ကြီးမှာ ဆွဲလာတာပါ။ စစ်လားဆေးလားလည်း မလုပ်ပါဘူး။ ကိုယ်ဘာမှ မလုပ်ဘူးဆိုတာ သူတို့သိကြပြီးသားပဲ။

"ထောင်ထဲရောက်တော့ တိုက်ထဲတန်းပို့တော့တာပဲ။ (၇) ပေ၊ (၆) ပေရှိတဲ့ အခန်းမှာ သံတိုင်ခတ်ထားတဲ့ ပြူတင်းပေါက်တခုရှိပေမယ့် တဖက်မှာ အုတ်တံတိုင်းရှိတာကြောင့် အလင်းမရပါဘူး။ အားနည်းတဲ့ လျှပ်စစ်မီးသီး ခပ်ဝါဝါတလုံးက (၁၃) ပေမြင့်တဲ့ မျက်နှာကြက်မှာ အမြဲလင်းနေပါတယ်။"

"တိုက်ခန်းထဲမှာ အိပ်ရာမရှိဘူး။ အိပ်ရာမှာ ဂုံနီအိတ်တလုံးခင်းထားတယ်။ အခန်းရဲ့ထောင့်မှာ မိလ္လာအိုးတလုံးရှိတယ်။ စစ်ဗိုလ်က အိမ်မှာ လာခေါ်တုန်းက အပြည့်အစုံပေးမှာပါ။ ဘာမှမယူခဲ့ပါနဲ့ဆိုလို့ အဝတ်အထည် ကိုယ်တခုလာခဲ့တယ်။ ထောင်ထဲရောက်မှ ခေါင်းအုံးတလုံး၊ ပန်းကန်ပြားတချပ်၊ မတ်ခွက်နှစ်လုံးပေးတယ်။ တခုက ဟင်းနဲ့ ကော်ဖီအတွက်၊ နောက်တခုက ရေခွက်၊ သောက်ရေကို တနေ့နှစ်ခါပေးတယ်။"

"ပထမညက ကောင်းကောင်းအိပ်ရပါတယ်။ နောက်တည ကျနော် အိပ်လို့မရတော့ဘူး။ ဒီကောင်ကြောင့်ပေါ့။ သူ့ကို ချက်ချင်းနာမည်ပေးလိုက်တယ်လေ၊ နေဝင်းတူး။ ဒီကောင်ကို နေဝင်းတူးဆိုတဲ့ အမည်ကလွဲလို့ တခြားအမည်ပေးစရာမရှိဘူး။ ဒီကောင်က အာဏာရှင်ကြီး ဗိုလ်နေဝင်းနဲ့ တသွေမတိမ်းတူတယ်။ ကိုယ့်ကို ဒုက္ခပေးတယ်။ ကိုယ်က ပြန်ပြီးတွယ်တော့ သံတိုင်ပြင်ဘက်ဘေး လွတ်ရာဒေသကို ပြေးခိုတယ်။ သူ့ကို လက်လှမ်းမမီလို့ ရန်မရှာနိုင်တာသိတော့မှ ကိုယ့်ကို ပြန်ကြည့်တယ်။ အမူအရာက သရော်သလို လှောင်သလိုလိုနဲ့ အထက်စီးက ကြည့်တယ်။ ကောက်ကျစ်လိုက်တာကလည်း လွန်လို့။ ခြေသွက်တာကလည်း သူ့ကို လိုက်လို့မမီဘူး။ ထောင်တဲမှာ သူ့ကို ရန်ပြုဖို့ ကိုယ့်မှာ ဘာမှမရှိတာကို သိတာကြောင့် ကိုယ့်ကို သူ့သဘောကျ ရန်ရှာတယ်။ အရွယ်က အပြီးပါတိုင်းမှ (၈) လက်မလောက်ရှိပေမယ့် ကိုယ့်လို နိုကိုးရာမဲ့ အကျဉ်းသားတွေကို ရန်ရှာပြီး မိုက်ကြေးခွဲနေတာ ကြာပြီနဲ့တူတယ်။



သန်မာလိုက်တာကလည်း လွန်လို့။ အဲဒီညက ကိုယ့်ကို အိပ်ရေးပျက်တဲ့ ဒီကြွက်စုတ် အနိုင်ကျင့်တာကို ခံရတာ၊ ခံပြင်းလွန်းလို့ မနက်လင်းတော့ တသက်လုံး ဘုရားဝတ်ပြုလာတာ ဝတ်ပျက်သွားတယ်။ ကြွက်ကလေးတကောင်နဲ့ စစ်ဖြစ်ရတယ်ဆိုတာ ရယ်စရာပေါ့။ လက်တွေ့အားဖြင့် ကိုယ့်ဘဝဟာ ဗိုလ်နေဝင်း ပြုသမျှ နုရမည့်ဘဝမဟုတ်လား။ တိုက်ထောင်ထဲမှာလည်း ကိုယ့်ဘဝက နေဝင်းတူး မောင်ကြွက်စုတ် ပြုသမျှ နုနေရပြီ။"

"စစ်ပွဲဖြစ်ကြရတဲ့ အကြောင်းက စားခွက်လုတာပေါ့။ တိုက်ထဲမှာ ကိုယ့်ကို အစား (၃) ကြိမ်ပေးတယ်။ မိုးလင်းတာနဲ့ ဆန်ပြုတ်တိုက်တယ်။ နံနက်စာထမင်းကတော့ ပဲဟင်းနဲ့ ငါးပိကြော်။ ညစာကျွေးတော့ အသားကလေးနည်းနည်းပါတယ်။ အခြေအနေကို တွက်ချက်ပြီး ညစာပုံစံထဲက အသားကလေးတဖတ်ကို နံနက်စာကျတော့ ဆန်ပြုတ်နဲ့ဖြစ်ဖြစ် ပဲဟင်းနဲ့ဖြစ်ဖြစ် စားနိုင်ဖို့ ကိုယ်က သိမ်းထားမိတယ်။ သံပန်းကန်ပြားထဲမှာ မတ်ခွက်နဲ့ မှောက်အုပ်ပြီး အိပ်ရာဘေးမှာ သိမ်းထားတယ်။ ရေမတ်ခွက်ကတော့ တညလုံးသောက်ဖို့ ရေအပြည့်ရှိတယ်။ ချမ်းသာသမျှ ဒါပဲပေါ့။"

"နေဝင်းတူးကို မတွေ့သေးတော့ ပထမညကလို ငြိမ်းငြိမ်းချမ်းချမ်းအိပ်ရမယ် ထင်တာပေါ့။ မအိပ်မီ ထွက်သက်ဝင်သက်ကို ရှုတဲ့ ကမ္မဋ္ဌာန်းထိုင်လိုက်ပါသေးတယ်။ အိပ်ရာဝင်လို့ မှေးကနဲ ပျော်နေတုန်းမှာ နေဝင်းတူးပေါက်လာတယ်။ အသားဖတ်ကလေး အုပ်ထားတဲ့ မတ်ခွက်လိမ့်ကျတဲ့အသံကြောင့် လန့်နိုးလို့ ကြည့်လိုက်တော့ အသားဖတ်ကလေး ပါသွားပြီပေါ့။ သံတိုင်ပြင်ဘက် မလှမ်းမကမ်းမှာ ကျကျနနထိုင်ပြီး ပွဲတော်တည်နေတယ်လေ။"

"မျက်လုံးပြောင်ကလေးတွေနဲ့ လှမ်းကြည့်လိုက်သေးတယ်။ ကိုယ်မမြင်ရတဲ့ နေရာမှာ သွားပြီး စားပါလား။ အခုတော့ ဘေးလွတ်ရာ သံတိုင်ပြင်ဘက်မှာ စားတော်ခေါ်နေပြီး သူ့ရဲ့သားကောင်ဖြစ်တဲ့ ကိုယ့်ကို လှောင်နေတယ်။ ကိုယ်က စိတ်ဆိုးလွန်းတာကြောင့် လွှာဖိနပ်နဲ့ပေါက်တော့ သူက ရယ်တယ်။ ရှောင်တောင် မရှောင်ဘူး။ သံတိုင်အပြင်ဘက်သူ့အနားရောက်သွားပေမယ့် သူ့ကို မထိနိုင်ဆိုတာ နေဝင်းတူးက သိတယ်လေ။ ထောင်ကြပ်လာတဲ့အချိန်ကျမှ ဖိနပ်ပြန်ရဖို့ တောင်းပန်ရဦးမယ်။"

"ကိုယ့်ရဲ့အသားဖတ်ကလေးကို စိမ်ပြေနပြေ စားနေတဲ့ သူ့ကို ကြည့်ရင်း ဒေါသမီးမွှားလွန်းတာတွေကြောင့် တညလုံး အိပ်မရတော့ဘူး။ ကိုယ့်အဖို့ တန်ဖိုးကြီးတဲ့ အသားကို နမျောတာရယ်၊ အနိုင်ကျင့်တာကို မခံချင်တာရယ်၊ ဖြေဆည်လို့မရဘူး။ အိပ်လို့မရတော့ဘူး။ ပထမ ညတိုက်ပွဲမှာ အသားလည်းဆုံး၊ အိပ်ရေးလည်းပျက်ဆိုတော့ ကိုယ်ကရှုံးရပြန်တာပေါ့။"

"တတိယညကျတော့ အသားကို မလှောင်တော့ဘူး။ အကုန်စားပစ်လိုက်တယ်။ ဒီကောင်ဘာလုပ်မလဲလို့ အိပ်ပျော်နေဟန်ဆောင်ပြီး စောင့်ကြည့်မိတယ်။ နှာခေါင်းက လေတရှူရှူ့ အနံ့ခံပြီး အသားရှာဖို့ လာတော့တာပဲ။ ဘာတတ်နိုင်သေးလဲကွလို့ စိတ်ထဲက ကျုံးဝါးပြီး သူ့ကို ကြည့်နေမိတယ်။ သူ့ကို အသားပူဇော်သမှု မပြုကောင်းလား၊ စိတ်ဆိုးတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ အခန်းတလျှောက် ကိုယ်လက်လှမ်းမမီတဲ့ နေရာတွေမှာ လျှောက်ပြေးတယ်။ ခေါက်တုန့်ခေါက်ပြန် ပြေးတယ်။ ပတ်ချာလည်ပြေးတယ်။"

"ကိုယ်က အနိုင်ရပြီဖို့ အိပ်လည်းပျော်သွားရော၊ ပန်းကန်သံခွက်သံ ကြားရတာကြောင့်

လန့်နိုးရပြန်ပါတယ်။ ရေခွက်ပေါ်မှာ အုပ်ထားတဲ့ သံပန်းကန်ပြားပေါ်မှာ တက်ခုန်တာကြောင့် ရေခွက်မှောက်သွားတယ်။ ကိုယ့်အဖို့ တပွဲရှုံးရပြန်ပြီပေါ့။ ရေလည်းဆုံး၊ အိပ်ရေးလည်းပျက် ခံရပေဦးပေါ့။"

"ဘာမှမဟုတ်တဲ့ ကြွက်စုတ်က နှောင့်ယှက်တာ မခံချင်တာကြောင့် စတုတ္ထညကျတော့ အသားမချန်တော့ဘူး။ ရေလည်းမချန်တော့ဘဲ အိပ်ရာဝင်မှာ အဝသောက်ပစ်လိုက်တယ်။ ပစ္စည်းရှိလျှင် ခင်းက ရန်ရှာဦးမှာ။ ခုလို အသားမရှိ၊ ရေမရှိ၊ ဘာမှမရှိတော့ မောင်နေဝင်းတူး ဘာများတတ်နိုင်ဦးမှာလဲ။ သူကလည်း သူ့ဘာသာသူ ရနိုင်တဲ့ နေရာမှာ ရှာဖွေစားသောက်ပစေပေါ့။ ဒါကြောင့် စိတ်ချလက်ချ စောစောစီးစီး အိပ်ရာဝင်လိုက်တယ်။ အိပ်ရေးပျက်ရတာ တွေက များခဲ့တာမို့ သိမ်းသိမ်းမောမော အိပ်ပျော်ခဲ့တယ်။"

"ဒီတချီမှာ နေဝင်းတူးက ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တယ်လေ။ ခြေသန်းဆီက စစ်ကနဲနာတာကြောင့် အိပ်ရာက နိုးရတယ်။ သူက သူစားပွဲထိုင်နေကျ နေရာက ကိုယ့်ကို ဒေါသမျက်လုံးနဲ့ ကြည့်နေတယ်။ ကိုယ့်ရဲ့ခြေသန်းကို ကိုက်သွားတယ်လေ။ သွားကလည်း ထက်လိုက်တာ အတော်နက်နက်ပေါက်သွားတယ်။ သွေးထွက်နေတယ်။ ဘာမှမရှိတော့ လက်ကိုင်ပဝါနဲ့ စည်းတော့မှ သွေးရပ်သွားတယ်။ နာတယ်၊ တော်တော်နာတယ်။ ရှုံးရပြန်ပြီတပွဲ။ အိပ်ရေးပျက်ရပြန်ပြီ။ သွေးမြေကျရပြီ။ ဒါတော့ လွန်လာပြီ။ သူ့ကို လှမ်းကြည့်တော့ ငါ့အကြောင်း သိပြီမဟုတ်လားဟေ့လို့ အော်နေသလို ပြန်ကြည့်နေတယ်။"

"ဒေါသကြောင့် ကိုယ့်တကိုယ်လုံး မီးလိုပူလာတယ်။ အရှုံးပေးရတာကိုလည်း မခံချင်။ ကိုယ်က အသိပညာဉာဏ်ရှိတဲ့ လူသား။ သူက တိရစ္ဆာန်၊ ကြွက်စုတ်ကို အသိပညာရှင်၊ အတတ်ပညာရှင် လူသားတဦးက အရှုံးပေးရတယ်ဆိုတာ ရာဇဝင်ရိုင်းမှာပေါ့။ ခက်တာက ကိုယ်က ဗုဒ္ဓဘာသာကောင်းတဦးဖြစ်နေလေတော့ သူ့ကို သတ်ဖြတ်မှုလည်း မပြုနိုင်။ ကိုယ်က နေဝင်းတူးကို စိုက်ကြည့်တော့ သူကလည်း ပြန်ကြည့်တယ်။ ကိုယ်ဘာပြောချင်တယ်ဆိုတာ သူနားလည်ပါတယ်။ သူပြောချင်တာကိုလည်း ကိုယ်က နားလည်လိုက်ပါတယ်။"

"ငါဘာလုပ်မလဲ။ ထောင်မှူးကို ဒူးထောက်ပြီး အဆောင်ပြောင်းပေးပါလို့ အသနားခံမလား။ တသက်လုံး ရန်သူကို လက်နက်မချခဲ့တာ သေခါနီးအရွယ်ရောက်မှ ကြွက်စုတ်တကောင်ကြောင့် ရာဇဝင်ပျက်ခံမည်လား။ ဦးနှောက်ပျက်မတတ် တနေ့လုံး စဉ်းစားတော့ ပဉ္စမနေ့ နေ့လည်တွင်မှ အကြံတခုရပါတယ်။ အစောင့်ထောင်ကြပ်ကို ခေါ်ပြီး ကိုယ့်ရောဂါအတွက် ဆေးတောင်းတော့ ရှောရှောရှူရှူ ဆေးရုံက ယူပေးရှာပါတယ်။ တိုက်ထဲမှာ နေရပါလျက် ပြုံးရွှင်နေတဲ့ ကိုယ့်မျက်နှာထားကို အံ့သြဟန် ကြည့်ပါတယ်။"

"ညစာစားတော့ အသားဖတ်ကောင်းတခုကို ချန်ထားလိုက်ပါတယ်။ ဝမ်းချုပ်လွန်းလို့ပါလို့ပြောပြီး ထောင်ကြပ်ထံက တောင်းထားတဲ့ ဝမ်းနုတ်ဆေးမှုန့်နဲ့ နယ်လိုက်ပါတယ်။ ပန်းကန်ပြားကို သံတိုင်တံခါးဝမှာ ထားပြီး နေဝင်းတူးကို ပူဇော်ပသလိုက်ပါတယ်။ ကောင်းကောင်းကြီး အိပ်ရပါတယ်။ သူ့ လက်နက်ချပြီ အထင်ရှိဟန်တူပါရဲ့။ အနှောင့်အရှက်မပေးဘဲ ပူဇော်ထားတဲ့ အသားကို စားပြီး ပြန်သွားပါတယ်။ အဆိပ်ခတ်စစ်ပွဲအကြောင်း သူနားမလည်ရှာပါ။"





နေဝင်းတူးတယောက် (၂) ရက်လုံးလုံး မပေါ်လာတော့ပါ။ ဝမ်းနုတ်ဆေးစားပြီး (၃) ရက်ကြာတော့ သူပေါက်လာပါတယ်။ ကိုယ့်အဖို့ မထိန်းနိုင် မသိမ်းနိုင် ရယ်မောမိပါတယ်။ ပေါင်ချိန် (၁၆၀) ရှိတဲ့ လူသားတဦးစားဖို့ ပေးထားတဲ့ ဝမ်းနုတ်ဆေးဟာ လက်ကောက်လောက်သာရှိတဲ့ ကြွက်ကလေးအဖို့ အတော်ထိပါတယ်။ အရိုးပေါ်အရေတင် ပိန်သွားပါတယ်။ လမ်းတောင် ကောင်းကောင်းမလျှောက်နိုင်တော့ပါ။ တလှုပ်လှုပ်လျှောက်ရင်း သူက ကိုယ့်ကို မုန်းတီးတဲ့ မျက်စိနဲ့ စိုက်ကြည့်ပါတယ်။ တနှံ့နှံ့ထွက်သွားပြီး ပြန်မလာတော့ပါ။ ငနဲကလေး အရှုံးပေးသွားပါပြီ။ ဟေ့… ငါက လူသားကွလို့ အော်လိုက်မိပါတယ်။"

ထိုသတင်းဆောင်းပါးတို့ အင်းစိန်ကြေးမုံသတင်းစာတွင် ဖော်ပြပါသည်။ ထောင်ထဲမှာရှိသော တင်မောင်တို့နှင့် မဟာမိတ်မဟုတ်သော အလံဖြူကွန်မြူနစ်များကပင် ချီးကျူးကြသည်။ 'ဖိနှိပ်ခံ ပစ္စည်းမဲ့လူတန်းစားအတွက် တော်လှန်ရေးကို ကြံဆဖန်တီးခြင်းဖြင့် အောင်မြင်နိုင်ကြောင်း စာတမ်း'ဟု ကြီးမားသော စကားလုံးကြီးများနှင့် ဝေဖန်လေသည်။

• • • • •

## (၃၄)

# ဦးထုပ်နီကြီး ရောက်လာခြင်း

စစ်အစိုးရခေတ်တွင် အရပ်သားအများတို့ အဖမ်းခံကြရသည်။ စစ်ဗိုလ်ကြီးများသည်လည်း သိကြားသားများ မဟုတ်လေသဖြင့် ထောင်ထဲသို့ နယ်ကျွံပြီး ရောက်ရှိလာတတ်ကြသည်။ တော်လှန်ရေး အစိုးရ–မဆလ အစိုးရလမ်းစဉ်ကို ဆန့်ကျင်သော နိုင်ငံရေးပြစ်မှုနှင့်လာကြသည်မဟုတ် များသောအားဖြင့် လာဘ်စားမှု၊ ခိုးဝှက်မှု…စသည့် မကောင်းမှုများနှင့် ရောက်လာတတ်ကြသည်။ အမှန်ကို ဆိုရလျှင် စစ်တပ်၏ ဦးစီးပိုင်း ထိပ်သီးအရာရှိပိုင်းတွင် ရိုးသားသူ တဦးတလေမှ မရှိပါ။ ဗိုလ်နေဝင်းကိုယ်တော်တိုင်က သူခိုးဗိုလ်ချုပ်ကြီး ဖြစ်သည်ကို စစ်ဗိုလ်ကြီးတိုင်း သိကြသည်။ သို့သော်ငြားလည်း မလှန်ဝံ့သောကြောင့် သူပြုသမျှ နုနေကြရရှာသည်။ သူခိုးကြီးလက်အောက်တွင် ခစားကြရင်း သူခိုးကလေးများ ဖြစ်လာကြသည်။

စစ်ဗိုလ်ကြီးများ ကျူးလွန်သည့်အမှုများကို စစ်စုံထောက်များက သိသောကြောင့် ဗိုလ်နေဝင်းက သိထားသည်။ အပြစ်ရှိသူ စစ်ဗိုလ်များအား သူတို့ကျူးလွန်မိသောအမှုများကို ဗိုလ်နေဝင်းသိရှိနေကြောင်းကိုလည်း နားလည်သိရှိစေကာ သူ့ကို သစ္စာစောင့်စေသည်။ သူခိုင်းသမျှကိုမလုပ်ဘဲ မနေဝံ့အောင် ခြောက်လှန့်နေလေ့ရှိသည်။ များစွာ ရိုးသားသည်ဟု ဆိုကာ ဒေါ်ရခါးကြီးဟု ခေါ်ကြသော ဗိုလ်စန်းယုကိုပင် "မင့်မယားက ရာထူးတက်မည့် စစ်ဗိုလ်ကလေးများရဲ့ စာရင်းကို ခိုးကြည့်ပြီး… မောင်လေးရေ– မင်းရာထူးတက်နေပြီဟေ့လို့ ပြောပြီး ငွေတောင်းတယ်" ဟု အခြားစစ်ဗိုလ်များရှေ့တွင် ပြောဆိုသတိပေးသည်။

စစ်ဗိုလ်ကြီးများအားလုံးအဖို့ ဗိုလ်နေဝင်းက မျက်နှာတော်ညိုရာက မျက်နှာတော်လွှဲသည့်အချိန်တွင် ထောင်ထဲသို့ ရောက်လာတတ်သည်။ ထောင်မှ လွတ်သည်နှင့် ဗိုလ်နေဝင်းကို ရှိခိုးပြီး မျက်ဖြေအလက်ာတင်သွင်းကြလျှင် အစိုးရရာထူးကြီးများ၊ စီးပွားလုပ်ပိုင်ခွင့်များကို ဆုလာဘ်အဖြစ် ပေးလေ့ရှိသည်။

ကုန်သွယ်ရေး ဝန်ကြီးအဖြစ် အမှုထမ်းရာက အဖမ်းခံထိသူ ဗိုလ်ချစ်မြိုင်ဆိုလျှင် ထောင်ထဲ၌ ဓတ္တုခဏသာနေရပြီး လွတ်သောအခါတွင် အင်္ဂလန် နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် သူကောင်းပြုသည်။ ဗိုလ်ကြည်မောင်ကဲ့သို့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို သာမက စစ်တပ်ကြီးစိုးသော ဖက်ဆစ်ဝါဒကိုပါ ပြတ်သားစွာ ဆန့်ကျင်သူဖြစ်သောကြောင့် ဒုံးမထောက်သဖြင့် မဝတဝ ပင်စင်ကလေးနှင့် နေကြရသည်။

ထောင်ထဲသို့ ရောက်လာသော စစ်ဗိုလ်များကို အရပ်သား ထိန်းသိမ်းခံများနှင့် အတူမထားဘဲ သီးသန့်အိမ်ကလေးများ၊ သီးသန့် အခန်းများတွင် ထားရှိသည်။ အကျဉ်းသားချင်း အ





တူတူ လူတန်းစားခွဲသေးသည်။ စစ်ဗိုလ်များကို ချောင်ချောင်ချိချိထားပြီး အစားကောင်းကောင်းကျွေးသည်။ ဗိုလ်လုထွက်များကိုသာ တင်မောင်တို့နှင့် အတူထားသည်။

တင်မောင်တို့ သတင်းထောက်များ အတွက် ကံကောင်းသည်မှာ မိမိတို့၏ အဆောင်ထဲတွင် ကိုဒေါင်သိုလှောင်ခန်းတခုရှိနေသည်။ ထောင်ထဲရောက်လာသည့် နိုင်ငံရေးအကျဉ်းသားများ အားလုံးတို့တွင် အိမ်မှပါလာသော ပစ္စည်းပစ္စယများမှ ထောင်တွင်းတွင် သုံးစွဲခွင့်မရှိသည့် အရာများကို သိမ်းယူပြီး သိုလှောင်သောအခန်းဖြစ်သဖြင့် ပစ္စည်းကို မြင်သည်နှင့် မည်သို့ ပုဂ္ဂိုလ်ရောက်လာသည်ကို တင်ကြိုသိရသည်။

စစ်ဗိုလ်များကို ဖမ်းသောအခါတွင် များသောအားဖြင့် အလုပ်ခွင်က ဖမ်းလာသဖြင့် သူတို့ စစ်ဝတ်စုံများကို ထုပ်ပိုးပြီး ဤအခန်းတွင် သိမ်းပါသည်။ စင်တခုတွင် စစ်ဗိုလ်ဦးထုပ်များကို စီပြီး တင်ထားသဖြင့် ပိုလ်ကြီးတဦး ရောက်လာသည်၊ ဗိုလ်မှူးတဦး ရောက်လာသည်၊ လွတ်သွားသည်…စသည်တို့ကို ဦးထုပ်များ၊ တံဆိပ်များကို ကြည့်သည်နှင့် သိနိုင်လေသည်။

"ဦးထုပ်နီကြီးတလုံး ရောက်လာပြီဗျို့" ဟု ဂိုဒေါင်ခန်းကို ချောင်းကြည့်လာသူက သတင်းပေးသောအခါ "ဘယ်သူပါလိမ့်" ဟု တင်မောင်တို့ သတင်းထောက်များက မေးခွန်းထုတ်ရင်း ဝမ်းသာအားရဖြစ်မိကြသည်။

ခင်စစ် အမင်္ဂလာသတင်းဖြစ်သည်။ လူသစ်တဦး ထောင်ထဲ ရောက်လာတိုင်း 'ဝဋ်ကြွေးရှိတဲ့ မောင်ကံဆိုးတယောက်တော့ တို့များလိုပဲ ခံရပေဦးမည်' ဟု စိတ်မချမ်းမသာနှင့် ဝမ်းနည်းကြလေ့ရှိကြပါ၏။ သို့စေကာမူ တင်မောင်တို့အားလုံးကို မတရားထောင်ချသော စစ်တပ်အစိုးရဘက်သား စစ်ဗိုလ်ကြီးတယောက် ထောင်ထဲ ရောက်လာသည်ဆိုလျှင် တထောင်လုံးဝမ်းသာအားရ အော်ဟစ်ကြလေ့ရှိသည်။ အကျဉ်းကျလာသူ ဘဝတူ အကျဉ်းသားအတွက် ဝမ်းသာမိကြသည်မှာ မှားသည်ဟု သိကြသော်လည်း သူတို့ နိုင်စဉ်တွင် ညှဉ်းဆဲခံနေကြရသူများဘက်က ကြည့်ပြန်ပါလျှင် အဆိုးမဆိုသင့်ပါပေ။

ဦးထုပ်နီကြီး၏ထိပ်မှ တံဆိပ်မှာ ဗိုလ်မှူးကြီးတံဆိပ် ကြယ်တွေ ပါလာသောကြောင့် တော်လှန်ရေးကောင်စီဝင် (၁၇) ဦးထဲက တဦးကို ဖမ်းလာမည်မှာ သေချာသည်။

မည်သူမည်ဝါဟု မသိနိုင်သဖြင့် အမျိုးမျိုးစုံစမ်းကြရသည်။ တင်မောင်အဖို့ သတင်းရနိုင်သည့် သတင်းဆက်တို့မှာ မီးဖိုမှ နံနက်စာ၊ ညစာနှင့် မိလ္လာအိုး သယ်ထမ်းပေးသော ထောင်ကျများသာဖြစ်ကြသည်။ သတင်းများကို စီးကရက်ဘူးများ ပေးပြီး ဝယ်ကြရလေ့ရှိသည်။

"ဗိုလ်မှူးကြီးစောမြင့်ကို ထောင်ခြံ အဆောင်ငယ်မှာ ချုပ်ထားတယ်" ဟု သူ့ထံသို့ ထမင်းပို့ရသူ ထောင်ကျတဦးက တိတိကျကျ သတင်းရောင်းသည်။ တော်လှန်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်၊ တော်လှန်ရေးအစိုးရ ပြန်ကြားရေးဌာန ဝန်ကြီး၊ ဗမာ့တပ်မတော်မှ ထိပ်သီးဗိုလ်မှူးကြီးကို ဖမ်းဆီးထားကြောင်းနှင့် တင်မောင်တို့၏ ထောင်သတင်းစာတွင် သတင်းထူးဖော်ပြနိုင်ပါသည်။

အမှုမှာ အလွန်အမင်းအရုပ်ဆိုးသည်။ နိုင်ငံတော် တော်လှန်ရေးစစ်အစိုးရက ထုတ်ဝေထားသဖြင့် နိုင်ငံသားတို့ လက်ထဲ၌ လှည့်ပတ်သုံးစွဲနေသော ငွေစက္ကူများအနက် ကျပ်တရာတန်နှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားမဝင်ဟု အစိုးရကပယ်ဖျက်ရန် ဆုံးဖြတ်

စဉ်က တရားမဝင်ဖြစ်လှဆဲဆဲ အချိန်ပိုင်းကလေးတွင် မိမိပုဂ္ဂလိကပိုင် တရာတန်ငွေစက္ကူများနှင့် သတင်းကို မသိသေးသူ အရပ်သားဈေးဆိုင်များမှ ကုန်စည်များ ဝယ်ယူကာ ကိုယ်ကျိုးရှာမှုဖြစ်သည်။ မိမိ၏ ရုံးတွင်းရှိ အစိုးရပိုင် တရာတန် ငွေစက္ကူများကိုလည်း သုံးစွဲသေးသည်။ အစိုးရ၏ ငွေကို ခိုးယူမှုလည်းဖြစ်သည်။

အမှုသွားမှာ ၁၉၆၄ ခု၊ မေလ (၁၇) ရက်နေ့ နံနက် (၈) နာရီက ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်တော်၌ တော်လှန်ရေးကောင်စီ အထူးအစည်းအဝေးကျင်းပပါသည်။ အစိုးရ အခွန်တော်ဝင်ငွေထက်၊ သုံးငွေထွက်များသည့် ပြဿနာကို ဖြေရှင်းရန် တနေကုန်ဆွေးနွေးကြပြီး အရပ်သားများ လက်ထဲတွင်လှည့်ပတ်သုံးစွဲနေသော ကျပ်တရာတန်နှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင် သုံးစွဲခွင့် ပယ်ဖျက်ရန် ဆုံးဖြတ်ကြပါသည်။

ချက်ချင်းပင် ဒေါက်တာမောင်မောင်က အမိန့်ဥပဒေကို ရေးပြီး ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးကြီးစောမြင့်ကို ကြေညာချက်ရေးစေပါသည်။ ည (၇) နာရီတွင်မှ ပြည်သူလူထုသို့ မြန်မာ့အသံမှ ကြေညာရန် ဗိုလ်မှူးကြီးစောမြင့်အား တာဝန်ပေးကာ ညနေ (၂) နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

ဗိုလ်မှူးကြီးစောမြင့်က အလျင်အမြန် အသံလွှင့်ရုံတွင် ရှိသော သူ၏ ရုံးခန်းသို့ ပြန်လေရာ (၂) နာရီ၊ (၃၀) မိနစ်ခန့်တွင် ပြန်ရောက်သည်။ ကြေညာချက်ကို သိမ်းထားပြီး သူ၏ စားပွဲမှာရှိသည့် သူပိုင် ရာတန်ငွေစက္ကူထုပ်ကြီးနှင့် အစိုးရပိုင်ငွေများမှ ရာတန်ငွေစက္ကူများကို ထုတ်ယူသည်။ ရုံးတွင်ရှိသော စစ်ဗိုလ်အရာရှိလေးဦးကို ရုံးခန်းတွင်းသို့ ခေါ်ယူပြီး "မင်းတို့လေးဦး ဟောဒီ တရာတန်ငွေစက္ကူတွေနဲ့ ရနိုင်သမျှ ပစ္စည်းသွားဝယ်ပေးကြ။ ဘာတွေရရ ရသမျှ ဝယ်ချင်ရာဝယ်ခဲ့ကြ။ ပြန်အမ်းတဲ့ ဆယ်တန်၊ ငါးကျပ်တန်တွေ ပြန်ယူခဲ့။ ဥပမာ ဆိုင်တဆိုင်မှာ ငါးကျပ်ဖိုးဝယ်လို့ (၉၅) ကျပ် ပြန်အမ်းလျှင် ပြန်ယူခဲ့၊ နောက်တဆိုင်မှာ နောက်ထပ် ရာတန်ကို သုံးကြပါ။ ပြန်အမ်းသမျှ တဆယ်တန်၊ ငါးကျပ်တန် စက္ကူတွေကိုသာ ပြန်ယူခဲ့" ဟု တိကျစွာ မှာကြားစေခိုင်းပါသည်။

စစ်ဗိုလ်လေးဦးလည်း ဘာမသိဘာမသိနှင့် ဈေးဝယ်ထွက်ကြပါတော့သည်။ ကုန်မျိုးစုံဝယ်ခဲ့နိုင်ပါသည်။ အဖိုးတန်ကုန်စည်များလည်း ပါပါသည်။ ပုဆိုးကြမ်း၊ ငှက်ပျောသီး… စသည့် ဆင်းရဲသားသုံးကုန်များလည်း ပါသည်။ အားလုံးတို့ကို ဆင်းရဲသားဆိုင်များမှ ဝယ်ယူလာကြပြီး ပြန်အမ်းသည့် ဆယ်တန်၊ ငါးကျပ်တန်တွေကို ဗိုလ်မှူးကြီးအား ပြန်အပ်ကြရပါသည်။

ညနေ (၇) နာရီကျမှ ရာတန်၊ ငါးဆယ်တန်တွေကို တရားမဝင်ကြောင်း ကြေညာလေသည်။ အရပ်သားအားလုံး အခြေပျက်ကြရသည်။ လူထုလက်ထဲတွင် လှည့်လည်သုံးစွဲသော ကျပ်ရာတန်နှင့် ငါးဆယ်တန်ငွေစက္ကူများ၏ တန်ဖိုးမှာ ကျပ် (၉၁၅.၈) သန်းရှိသည်။ လူထုကြီးမှာ သန်းတစ်ထောင်နီးပါး ကျပ်ငွေစက္ကူ (၉၁၅) သန်းနှင့် (၈) သိန်း ဆုံးရှုံးရသည်၊ မွဲကြရပါသည်။

ဝန်ကြီး ဗိုလ်မှူးကြီးစောမြင့်အဖို့ ပြန်အမ်းငွေများကို အိတ်မှာ ဝိုက်ပြီး ဝယ်လာသော ပစ္စည်းများကို ပြန်ရောင်းရသောကြောင့် အရှုံးမရှိ၊ အစိုးရပိုင်ရာတန်များနှင့် ဝယ်ယူရရှိသော





ကုန်များနှင့် ပြန်အမ်းငွေများကိုလည်း ခိုးယူပြီး တန်ဖိုးမရှိသော ရာတန်ငွေစက္ကူများကို တရွက် ငါးကျပ်နှုန်းနှင့် ဝယ်ပြီး အစားထိုးစာရင်းပြသောကြောင့် များစွာ အမြတ်ပေါ်သေးသည်ဟု သိရပါသည်။

အမှုမှာ မျက်စိမှိန်သူ ဈေးသည်ထံ ငွေစက္ကူတုနှင့် ဈေးဝယ်သော လိမ်လည်မှုဖြစ်ပါသည်။ သူခိုးဓားပြများထက် နိမ့်ကျသော၊ ယုတ်မာသော ရာဇဝတ်မှုဖြစ်ပါသည်။ အမှုကရှင်းလင်းပြီး တော်လှန်ရေးကောင်စီ ခေါင်းဆောင်ကြီး၊ မဆလ အစိုးရဝန်ကြီး၊ ဗမာ့တပ်မတော်ဗိုလ်မှူးကြီး၊ စစ်ဗိုလ်ကြီး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အတွင်းရေးမှူးကြီးက ကျူးလွန်သည် ဖြစ်လေရာ သူ့အားသေဒဏ်ပေးသင့်သည့်တိုင် ရာဇဝင်ရိုင်းသော အမှုဖြစ်ပါသည်။

သူ့ကို ထောင်ဒဏ်အပြစ်ပေးပြီး လအနည်းငယ်ကြာသောအခါ လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွှတ်[illegible]ပါသည်။ မဂ္ဂဇင်းထုတ်ဝေခွင့်နှင့် အစိုးရ ရာထူးတခုပေးပါလေသည်။ အစိုးရအိမ်နှင့် အစိုးရကားကို စီးနင်းခွင့်…စသော အခွင့်အရေးများပေးပါသည်။ စစ်ဗိုလ်တဦးအဖို့ မည်မျှယုတ်နိမ့်သော ရာဇဝတ်မှု ကျူးလွန်သည်ဖြစ်စေ၊ အရပ်သားများ၏ ခေါင်းပေါ်မှာပင် အမြဲနေနိုင်ခွင့်ရှိသည့်စနစ် ဗိုလ်နေဝင်းက ချမှတ်ထားပါသည်။

ဤမည်သော လူယုတ်မာ သူခိုးအနိမ့်စားကြီးအဖို့ နဝတ–နအဖ အစိုးရတက်လာသောအခါ စစ်ဗိုလ်များသာ ပိုင်ဆိုင်ခွင့်ရှိသော ဦးပိုင်စီးပွားရေးလုပ်ငန်းကြီးတွင် အစုပိုင်ရှင်ကြီးအဖြစ် ကြွယ်ဝနေပြန်ပါသည်။

နအဖအစိုးရခေတ်တွင် သူ၏ သိက္ခာကို စစ်အစိုးရက မြှင့်တင်ပေးပြန်ပါသည်။ နိုင်ငံတော်အစိုးရ ဗုဒ္ဓသာသနာ့အဖွဲ့မှာ ဥပသကာခေါင်းဆောင်ခန့်ထားပြန်ပါသည်။

• • • • •

ဗိုလ်မှူးကြီး စောမြင့် (ဖူးသာကို) - မဟာသိရိ ကျော်

## (၃၅)

## ရွှေနှင့်စက်ပြီး ဝယ်ရတဲ့ စာအုပ်

"ကိုယ့်လူ အမေရိကန်စာပဒေသာ မဂ္ဂဇင်းဖတ်မလား" ဟု တဘက်ခန်းမှ မိတ်ဆွေက မေးသောအခါ တင်မောင်က ရယ်မောပြီး "မလှောင်ပါနဲ့ဗျာ" ဟု ပြန်ပြောမိပါသည်။

အမေရိကန်စာပဒေသာ မဂ္ဂဇင်းတွင် ဘိန်းဘုရင်လော်စစ်ဟန်၏ အမှုကို ရန်ကုန်တွင် စစ်ဆေးကြောင်း ဆောင်းပါးဖော်ပြရာတွင် ဗိုလ်ချုပ်ကြီးနေဝင်း၏ အမည်ကို တနေရာမှာ ဖော်ပြထားပါသည်။ ဗိုလ်ချုပ်ကြီးက ဆတ်ဆတ်ခါ စိတ်ဆိုးသည်ဟု သတင်းရပြီးနောက် ဗဟုသုတစာပေဖြစ်သော အမေရိကန်စာပေ မဂ္ဂဇင်းကို ဖောက်ပြန်သည့် အရင်းရှင်စာပေဟု သမုတ်ပြီး ပိတ်ထားသည်မှာ ကြာပြီဖြစ်ပါသည်။ ရန်ကုန်မြို့ထဲတွင် ဝယ်မရနိုင်သော မဂ္ဂဇင်းကို ထောင်ထဲမှာ ရရှိဖို့က မဖြစ်နိုင်ပါဟု ထိုမိတ်ဆွေကို ပြောမိသည်။

သူက တင်မောင်၏ လက်ကိုဆွဲပြီး အဆောင်တွင်ရှိသော ထောင်ကျများ၏ သို့လှောင်ခန်းသို့ခေါ်ကာ ပြသသည်။ သံတိုင်ကြားမှ လှမ်းကြည့်သောအခါ စားပွဲတခုပေါ်တွင် ဆေးရောင်စုံ ဝင်းလက်နေသည့် မဂ္ဂဇင်းကို မြင်ရသည်။ အဖမ်းခံထိသူ နိုင်ငံခြားခရီးသည်တဦး၏ ပစ္စည်းဟု ယူဆရသည်။ မည်သူ၏ ပစ္စည်းဖြစ်စေကာမူ တင်မောင်တို့ စာပေထောင်ကျများအဖို့ ယင်းစာအုပ်ကို လက်မလွှတ်နိုင်။ ထိုစာအုပ်ကို ဖတ်ချင်လွန်းသဖြင့် သံတိုင်ကြားမှ မျှော်ကြည့်ပြီး ရှူးမိကြတော့သည်။

ထောင်ထဲတွင် ဖတ်ချင်သည့်စာကို ဖတ်ခွင့်မပြုပါ။ ဘာသာရေးစာအုပ်များကိုသာ အိမ်မှ ပို့ခွင့်ရပါသည်။ တင်မောင်အဖို့ ပေးသည့်အခွင့်အရေးကို တင်းပြည့်ကျပ်ပြည့် ရအောင်ယူပြီး သမ္မာကျမ်းစာ၊ ကိုရမ်ကျမ်းစာနှင့် ပိဋကတ်သုံးပုံတစုံကို မှာယူပြီး ကြေညက်အောင် ဖတ်ခဲ့သည်။ မိမိအား ထောင်ပို့သူ ဦးနေဝင်းအား ဤအချက်အတွက် နှစ်နှစ်ကာကာ ကျေးဇူးတင်မိပါသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တဦးဘဝမှ ကျွတ်လွတ်ပြီး ဗုဒ္ဓဘာသာ၏ အနှစ်သာရကို သိရှိနားလည်သူ ဖြစ်လာခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင် လူကောင်းတဦးဖြစ်လာပြီး ကျမ်းတစောင် ပြုစုနိုင်ခဲ့ပါသည်။ တံခါးပိတ်ပြီး ညှဉ်းဆဲထားသောကြောင့် ရတောင့်ရခဲသော အခွင့်အရေးကို ရရှိသဖြင့် ကျေးဇူးကြီးလှပါသည်။

အမေရိကန်စာပဒေသာမဂ္ဂဇင်းကို မြင်ရသဖြင့် စာကြမ်းပိုး တစုတို့မှာ ဖတ်ချင်သည်မှာ တပိုင်းသေဖြစ်လာပါသည်။ ရနိုင်သောနည်းနှင့် ရယူရန် ကြိုးစားရတော့သည်။ ထောင်ကြပ်တပိုင်းသေဖြစ်လာပါသည်။ ...





အကျဉ်းသားများကို နိုင်ပေါက်တွေ့တိုင်း ညှဉ်းဆဲသည်။ သို့သော် အထက်ကမသိလျှင် ရဲဝံ့စွာ လာဘ်စားသူဖြစ်သည်။ တခါက သူ့ထံမှ မင်အိုးတလုံးကို အမေရိကန်မြားတံဆိပ် နိုင်လွန်ရှပ်အင်္ကျီတထည်နှင့် ဝယ်ယူရရှိခဲ့ဖူးသောကြောင့် သူ့ကိုချည်းကပ်ရသည်။ သူက စာရေးသူအား စောင်းငန်းစောင်းငန်းကြည့်ပြီးလျှင် "ခင်ဗျားကြီးမှာ ဘာတခုမှမရှိဘဲနဲ့" ဟု လှောင်သည်။ သူက မဂ္ဂဇင်းကို ခိုးပြီးမပေးဘူး။ မရောင်းဘူးဟု အပြတ်ငြင်းလေသဖြင့် အဖိုးတန်ပစ္စည်း တခုခုရှိလျှင် ဝယ်ယူရနိုင်မည်ဟု သိလိုက်သည်။

ဤတွင် စာပေထောင်ကျအားလုံး စည်းဝေးကြရပြန်ပါသည်။ မည်သူ့ထံမှာမှ အဖိုးတန် ပစ္စည်း မရှိကြပါ။ အိမ်ကပါလာသည့် အဖိုးတန်ပစ္စည်းမှန်သမျှ ထောင်က သိမ်းထားသည်။ အိမ်က ပို့သမျှငွေကိုလည်း ထောင်ကပဲ လက်ခံပြီး ဆေးလိပ်၊ သွားတိုက်ဆေး စသည်တို့ ဝယ်ပေးသည်။ ငွေမကိုင်ကြရပါ။ မဂ္ဂဇင်းဝယ်ရန် အခက်အခဲတွေ့နေကြရသည်။

ကံအားလျော်စွာ ရန်ပွဲတခုကို တင်မောင်က ဝင်ရောက်ဖျန်ဖြေမိခဲ့ပါသည်။ စစ်အစိုးရက သူဌေးသူကြွယ်အများကို ဖမ်းဆီးပါသည်။ ရည်ရွယ်ချက်မှာ ကျောက်သံပတ္တမြား၊ ရွှေ၊ ငွေ၊ မြေ၊ အိမ်၊ တိုက်တာများကို စစ်ဗိုလ်များက အချောင်သိမ်းယူရန် ဖြစ်ပါသည်။ တင်မောင်တို့ အဆောင်တွင် မဒါးဆပ်ပြာစက် သူဌေးကြီး၏သား မဒါးညီနောင်ရှိပါသည်။ မိုးကုတ်မှ ကျောက်သူဌေး ဦးမြမောင်လည်းရှိသည်။ ဦးမြမောင်သည် များစွာ အေးဆေးသူဖြစ်သည်။ စာရေးသူနှင့်တကွ ရင်းနှီးသူ အနည်းငယ်ကိုသာ စကားပြောသည်။ ထောင်တွင်းစကားဝိုင်းများ၊ ငြင်းခုံပွဲများကို ရှောင့်လေ့ရှိသည်။

မဒါးညီအစ်ကိုကမူ ပြဿနာအမျိုးမျိုး ဖော်ထုတ်လေ့ရှိသည်။ သူတို့က ပြဿနာများလျှင် လွှတ်ပေးမည်ဟု ထင်ရှာဟန်တူပါသည်။ အများသောက်သော သောက်ရေအိုးက ရေနှင့် ခြေဆေးသဖြင့် မခံချင်သူများနှင့် ရန်ဖြစ်ကြရသည်။ ပြဿနာမှာ ညီအစ်ကိုနှစ်ယောက်စလုံးက လူငယ်ငယ် တောင့်တောင့်များကို ပလူးပလဲလုပ်လေ့ရှိသည်။ ကုတင်ချင်း ကပ်နေရသူ ဦးမြမောင်က မြင်သမျှကို မျက်စိရှက်သည်။ မျက်စိရှုပ်သည်။ ဦးမြမောင်က နဂိုကမှ မတရား အဖမ်းခံထားရ၍ စိတ်တိုနေသူဖြစ်သဖြင့် တနေ့တွင် ညီမဒါးကို ဆွဲထိုးမိရှာတော့သည်။

ထောင်ထဲ၌ ရန်ပွဲတွေ့လျှင် ဝင်ပြီးမဖျန်လေနှင့်ဟု ဆောင်ပုဒ်ရှိပါသည်။ အာဏာပိုင်များက အရေးယူလျှင် ဖျန်ဖြေသည့်သူကိုပါ အပြစ်ပေးလေ့ရှိသည်။ ဦးမြမောင်ရော ညီမဒါးနှင့်ပါ ရင်းနှီးလေသဖြင့် လက်လွန်ခြေလွန်မဖြစ်စေရန် တင်မောင်က ဝင်ပြီး ဖျန်ဖြေမိပါသည်။ ဦးမြမောင်မှာ တိုက်ပိတ်ခံရရှာပြီး ညီမဒါးက သွားနှစ်ချောင်းကျိုးရှာပါသည်။ တင်မောင်က ဝင်မကာယ်လျှင် ညီမဒါးလည်း သေနိုင်သောကြောင့် ဦးမြမောင်အဖို့ အမှုကြီးနိုင်ပါသည်။

ကျိုးသွားသည့် သွားနှစ်ချောင်းအနက် တချောင်းမှာ ရွှေထုထုကွပ်ထားသော ရွှေသွားကလေးဖြစ်ပါသည်။ တင်မောင်သည် သူ၏အသက်ကို ကယ်သည့် ကျေးဇူးရှင်ဖြစ်ပါသည်။ "ရွှေသွားကလေးကို ငါ့ကို လှူပါလားကွာ၊ မင်းပါးစပ်မှာ နောက်ထပ် ရွှေသွားငါးချောင်း တောင် ရှိပါသေးတယ်" ဟု ချော့ပြီး အလှူခံခဲ့ပါသည်။ သန်းကြွယ်သုံ့ငွေသားတံက ရွှေသွားကို အခမဲ့ရရှိရန်မှာ မလွယ်ပါပေ။ ညီအစ်ကိုနှစ်ယောက်လုံးက များစွာ စေးနဲ့ကြပါတယ်။ တင်မောင်အား ကျေးဇူးတင်လှပါသည်ဟု ဆိုပြီး လွန်ခဲ့သော (၄) လက အစ်ပွဲအတွက် သူ

တို့အိမ်က ပို့သည့် အချိုမုန့်တဖုံကိုသာ ကန်တော့ပါသည်။ ရွှေသွားကလေးကိုမူ သူ၏ အင်္ကျီ၏ ထောင့်တွင် ကျစ်ကျစ်ပါအောင် ထုံးပြီး သိမ်းထားသည်ကို တွေ့ရပါသည်။

ဤတွင် တင်မောင်တို့ လူစုအစည်းအဝေး ကျင်းပကြရပြန်ပါသည်။ စာပဒေသာမဂ္ဂဇင်း ဖတ်ချင်ကြသဖြင့် ညီမဒါးထံမှ ရွှေသွားကို ဖြစ်နိုင်သည့်နည်းနှင့် ရအောင်ယူကြရမည်ဟု ဆုံးဖြတ်ကြပါ၏။ ချောင်တွင်ပိတ်ပြီး သူ၏မျက်နှာကို အဝတ်အုပ်ပြီး လုကြရန် အဆိုတင်သူရှိပါသည်။ တင်မောင်တို့တတွေသည် အကြမ်းသမားများမဟုတ်သဖြင့် ချက်ချင်းပယ်ချကြသည်။

"ဟော့မောင်မောင်ဝင်း၊ တလောက ညီမဒါးက မင့်ကျောကို ပုတ်ပြီး ချိုချဉ်ပေးတာ မြင်လိုက်တယ်" ဟု အထောက်တော် ကိုလှအောင်က တင်ပြသောအခါ လူငယ်ကဗျာဆရာ မောင်မောင်ဝင်းက မျက်နှာပျက်သွားပြီး "ကျနော်က ဒီကောင်ကို ရှုံ့တာကြောင့် အကိုတို့ရှေ့မှာပဲ ချိုချဉ်ကို လွှင့်ပစ်လိုက်ပါတယ်" ဟု ဖြေရှာ၏။

ထိုအခါ တင်မောင်က လူကြီးအဖြစ် ပြတ်ပြတ်သားသား အမိန့်ပေးလိုက်ပါသည်။ "မောင်မောင်ဝင်း၊ မင်း...ညီမဒါးကို ချည်းကပ်ရမယ်။ သူ့ဆီက ရွှေသွားတချောင်းကို ရအောင်ယူခဲ့ရမယ်။ မင်းက ဘယ်လိုနည်းနဲ့ ရအောင်ယူတယ်ဆိုတာ တို့များက မေးမည်မဟုတ်" ဟု ပြတ်သားစွာ အမိန့်ပေးလိုက်ပါသည်။

မည်သို့မည်ပုံ ချော့ခဲ့သည်မသိလိုသဖြင့် မမေးမိပါ။ တပတ်ကြာသောအခါ ရွှေသွားရလာပါသည်။ ထောင်ကြပ် ကိုအချောက စာအုပ်ကို နိုးယူလာပြီး ရွှေသွားနှင့် ရောင်းပါသည်။ ရွှေနှင့်စက်ပြီး ဝယ်ရသည့် စာအုပ်ပါပေ။

စာအုပ်တန်ဖိုးက ကြီးမားသည်နှင့်အမျှ စာတန်ဖိုးကလည်း ကြီးမြင့်ပေသည်။ တောင်အမေရိကန် အာဏာရှင်နိုင်ငံတခုမှ ကချေသည်မကလေးတဦး၏အကြောင်း ဆောင်းပါးကို စာအုပ်တွင် ဖတ်ကြရသည်။ သူမ၏ဖခင်သည် အာဏာရှင်အစိုးရ၏ ဖိနှိပ်မှုကို ခံရသောကြောင့် နောက်ဆုံးတွင် "ခင်းတို့ကိုမနိုင်လျှင် သူတို့နဲ့ ပေါင်းလိုက်ပေါ့" ဟူသည့် လမ်းစဉ်နှင့် အနိုင်ယူသည်ဟု စာပိုဒ်တခုကို တွေ့ရသည်။ ထိုကြောင့် တင်မောင်တို့အစု စဉ်းစားကြရပြန်သည်။

တင်မောင်တို့တတွေသည် စစ်ဝါဒီကို မကြိုက်သည်မှာ အမှန်ဖြစ်သည်။ သို့ပေမယ့် သတင်းစာဆရာ၊ စာရေးဆရာတို့အဖို့ ဇမ္ဗူကထိကများသာဖြစ်ကြသည်။ တရားဟောရန် ပလ္လင်မရှိလျှင် မည်သို့မှ မတတ်နိုင်။ စစ်အစိုးရကိုလည်း ထောင်တွင်းရှိ မိမိတို့အစုကလေးက အနိုင်မတိုက်နိုင်သေးဟူသည့် ဘဝအခြေအနေမှန် တွေ့ကြပါသည်။ အများသဘောတူ မဆလပါတီထဲကို ပါဝင်ခွင့်လျှောက်လွှာ လက်မှတ်ထိုးမိကြသည်။ လွှတ်ပေးပါခင်များဟုလည်း အသနားခံစာ တင်ကြမိသည်။

ထောင်ထဲရှိသော ကွန်မြူနစ်များက တင်မောင်တို့လူစုကို အချောင်သမားတွေဟု သမုတ်ပြီး ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချကြသည်။ နိုင်ငံရေးသမားမဟုတ်သဖြင့် တင်မောင်တို့က မမှုပါ။ မိမိတို့မှန်သည်ထင်ရာ လုပ်နိုင်ကြသည်မို့ "ပြောချင်သလို ပြောကြပါစေပေါ့" ဟု လျစ်လျူရှုခဲ့သည်။

နောက်ပိုင်း တင်မောင်တို့အား လွှတ်ပေးသည့်အခါတွင် တင်မောင်အဖို့ ဆောင်းပါးရေးခွင့် ရရှိသည်။ ဦးညိုမြကို အိုးဝေဂျာနယ်၊ ကိုလှအောင်ကို သတင်းဂျာနယ်၊ ကိုခင်မောင်ရီကို





မြူနီစီပယ်ပြာမဂ္ဂဇင်း၊ သခင်လွင်ကို ရှုဒေါင့်ဂျာနယ် ထုတ်ခွင့်ပေးခဲ့သည်။ ပြည်သူပိုင်စာနယ်ဇင်းခေတ်တွင် ထောင်ပြန်များ၏ ခေတ်ငယ်တခု ထူထောင်နိုင်ခဲ့ကြသည်။

စစ်အစိုးရက အခိုက်အတန့်အားဖြင့် တရုတ်ပြည်က မော်စီတုန်း၏ "ပန်းတိုင်းပွင့်ပါစေ" နိုင်ငံရေးလမ်းစဉ်ကို ကျင့်သုံးလေသဖြင့် တင်မောင်တို့ ထောင်ပြန်တစုအဖို့ အသင့်အတင့်လွတ်လပ်စွာ ရေးသားနိုင်ခဲ့ပါသည်။

သို့တစေလည်း စစ်တပ်ခေတ်တွင် အမြဲထာဝရ ပန်းပွင့်ရန်မှာ မလွယ်ပါ။ (၂) နှစ်ခန့်ကြာသောအခါတွင် ပွင့်လန်းသော ပန်းများတို့ ညှိုးရပြန်ပါလေသည်။

• • • • •

(၃၆)

## အင်းစိန်ထောင်မှ အိန္ဒြေရရ လွတ်မြောက်နည်း

တင်မောင်တို့လူစု မဆလပါတီဝင်ခွင့်လျှောက်လွှာနှင့် လွတ်ငြိမ်းချမ်းသာခွင့် အသနားခံလွှာတင်ကြသည်ကို ချက်ချင်း အဖြေမရပါ။ လွတ်ရက်ကို မမြင်ရနိုင်သဖြင့် စိတ်ပျက်ကြရပြန်သည်။ တင်မောင်၏ ထောင်သက်မှာ လပေါင်း (၃၀) ရှိလာလေပြီ။ စောစောပိုင်းကာလ (၁၄) လတိုင် မည်သူနှင့်မျှ စကားမပြောရဟု ချုပ်ချယ်ထားသည်ကို နိုးဝှက်ပြီး စကားပြောရုံသာမက ထောင်သတင်းစာထုတ်ဝေသည်အထိ ထောင်စည်းကမ်းကို ဖောက်ရသည့်အရသာတို့ကြောင့် ပျော်ခဲ့သော်လည်း တစတစ ငြီးငွေ့လာပါသည်။ အထူးသဖြင့် သော့ခလောက်ကြီးနှင့် သံတံခါးကို ရိုက်သည့် အသံဆိုးကြီးများက မင့်ကို ချုပ်ထားတယ်ဟေ့ဟု ကြွေးကြော်နေသောကြောင့် စိတ်ဆင်းရဲရပါသည်။

ဤအတွင်းတွင် တနေ့၌ တုန်လှုပ်ချောက်ချားသော ဖြစ်ရပ်တခုကို ကြုံတွေ့ရပြန်သည်။ မျက်စိကု အထူးဆရာဝန်ကြီး ဒေါက်တာကိုကိုကြီးက အကျဉ်းသားများ၏ မျက်စိရောဂါများကို ကုသရန်၊ လိုအပ်လျှင် မျက်မှန်ပေးရန် အင်းစိန်ထောင် ဆေးရုံသို့ လာရောက်စစ်ဆေးသည်။ ထောင်ထဲမဝင်မီက မျက်စိကောင်းသူ ဖြစ်သော်လည်း မီးရောင်မှိန်မှိန်တွင် စာဖတ်ရသဖြင့် တင်မောင်၏ မျက်စိမှုန်နေသောကြောင့် စစ်ဆေးခွင့်ရခဲ့သည်။

တင်မောင် မိခင်ကြီး၏ မျက်စိကို ခွဲပေးစဉ်က ရင်းနှီးနေသူ ဆရာကြီးက ဥဂိုးနှမ်းနေသော အကျဉ်းသားဘဝကို မြင်ရသဖြင့် စိတ်မကောင်းဟန်ပြသည်။ စစ်စုံထောက်၊ စစ်ဗိုလ်တွေက ရှိနေသဖြင့် "စောစောက နေ့ရှင်းလောရုံရဲ့ မျက်စိကို စစ်ပေးလိုက်တယ်။ မင်းတို့ သတင်းစာဆရာတွေက မိုက်လုံးကြီးပါတယ်ကွာ။ ဆိုရှယ်လစ် လောကနိဗ္ဗာန်တည်ဆောက်တာကို မင်းတို့က မဟုတ်မတရားရေးကြတော့ မင်းတို့ကောင်တွေ ခံကြပေါ့ကွာ" ဟု အဓိပ္ပာယ်နှစ်ခွထွက်သော စကားလုံးများနှင့် မြည်တွန်တောက်တီးရှာသည်။

ဒေါက်တာဦးကိုကိုကြီးက တတွတ်တွတ်ပြောပြီး အချိန်ဆွဲပြီး စစ်ဆေးသဖြင့် နာရီဝက်နီးပါး ကြာသွားသည်။

တင်မောင်၏ ပြဿနာမှာ ဆရာဝန်ကြီးနှင့် ပါလာသော သူနာပြုဆရာမကလေးဖြစ်ပါသည်။ အသားညိုညို၊ နှာခေါင်းပြားပြား၊ မျက်ခုံးထူထူ၊ ပါးစပ်ကျဉ်းကျဉ်း ဆရာမကလေးသည် မိန်းမချောကလေးမဟုတ်လေသဖြင့် ပြင်ပလောကတွင် တွေ့ကြလျှင် နှစ်ခါကြည့်မိမည်မဟုတ်။ ရေမွှေးကလည်း ရေမွှေးအပေါစားဆွတ်ထားသည်။ ထိုရေမွှေးရနံ့နှင့် ဆေးရုံဆေးနံ့ ဖက်စပ်ထားသောအခါ လတ်ဆတ်သည့် တောရိုင်းပန်းရနံ့တမျိုးရရှိသည်။ များစွာ





ကြိုင်မွှေးလှသည်။ ရနံ့၏ ဂန္ဓာရုံရသက တင်မောင်အား ဖမ်းစားတော့သည်။ ထို့ပြင် တင်မောင်၏ မျက်စိအတွက် စစ်ဆေးသော မျက်မှန်ကိုင်းကြီးကို တပ်ပေးပြီး မှန်တချပ်ပြီးတချပ် လဲလှယ်ပေးသောအခါ သူ့ကလေး၏ လက်ဖျားကလေးများက နားထင်နှင့် နားရွက်တို့ကို ထိရုံမျှသာ ထိသည်မှာ ကျင်စက်နှင့် တို့လိုက်သကဲ့သို့ တင်မောင်တွင် ဆတ်ကနဲ ဆတ်ကနဲ တုန်လှုပ်သွားရှာသည်။ ဖောဋ္ဌဗ္ဗာအာရုံ အတွေ့က အင်အားကြီးမားစွာ ဖမ်းစားလေပြန်သည်။

ဖိုဓာတ်နှင့် မဓာတ်တို့၏ တခုက တခုကို အထောက်အကူပြုသော အညမည စွမ်းအားသည် များစွာ ကြီးမားပြင်းထန်သည်။ မာတုဂါမတို့၏ အတွေ့၊ အဆင်းနှင့် ရနံ့ကို လပေါင်း (၃၀) ကျော် ကင်းကွာနေသည့် တင်မောင်အဖို့ အဖိုအင်အား ထုထည်ကြီးများသော ဖဿဝေဒနာကို အဆုံးစွန်အထိ ခံစား၊ ခံစားရမိပါတော့သည်။

သုခဝေဒနာပင်ဖြစ်စေကာမူ များစွာ ကြောက်ဖို့ကောင်းသည်။ စွဲကပ်သည်နှင့် တပြိုင်နက် ဥပကွေ့ာပြုရန် ခက်ခဲလှသည်။ ဆရာမကလေးနှင့် ဆရာဝန်ကြီးက တင်မောင်၏ ခံစားချက်ကို မည်သို့မှ မသိကြရှာပေ။ သူတို့ကို အနိုင်နိုင်နှုတ်ဆက်ပြီး ခေါင်းငိုက်စိုက်နှင့် အဆောင်သို့ ပြန်ခဲ့ရသည်။

အဆောင်ပြန်ရောက်သည်နှင့် စာအုပ်များကိုလှန်ကာ အားကိုးရှာရသည်။

'ဤသဘောတရားတို့သည် ငါ၏ ဥစ္စာတည်း၊ ဤသဘောတရားသည် သုခတည်းဟု တောင့်တခြင်းကို ဒုက္ခဟု အဖန်တလဲလဲ ရှုလေမှသာ ကိလေသာဖြစ်ရန် အကြောင်းမှကင်းသော လွတ်မြောက်ခြင်း မဂ်ဖိုလ်သို့ရောက်ကြောင်းဖြစ်သည်' ဟု ရေးသားထားသည့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းဘာသာပြန် ဋီကာကျော်ကို ကျေညက်အောင်ဖတ်ရှုပြီး ကမ္မဋ္ဌာန်းရှုရပါသည်။

နောက်တပတ်ခန့်ကြာသောအခါ ဖြစ်ရပ်တခု ကြုံရပြန်သည်။ ထောင်ထဲတွင် မူဂျာဟစ်တွေဟု ခေါ်ကြသည့် နယ်စပ်ဒေသမှ ကုလားတရာကျော်ရှိသည်။ လူဝင်မှု ဥပဒေအရ ဖမ်းလာသည်မှာ (၁၃) နှစ် ရှိလေပြီ။ ဒီမိုကရေစီအစိုးရက စစ်ဆေးပြီး လွှတ်ပေးရန် စီစဉ်ဆဲတွင် စစ်အစိုးရတက်လာသဖြင့် သူတို့အမှုကို မကိုင်တော့သောကြောင့် သောင်တင်နေကြရှာသည်။ မိသားစုလိုက်ဖမ်းလာခဲ့စေကာမူ အမျိုးသမီးများကို မိန်းမထောင်မှာ ခွဲထားသည်။ အရွယ်ရောက်လာသူ ယောကျ်ားကလေးများကို မိခင်နှင့်ခွဲပြီး ယောကျ်ားဆောင်တွင် ချုပ်ပါသည်။ သူတို့အစုက မြို့ထဲ၌ အဆက်အသွယ်မရှိသဖြင့် နိုင်ငံရေးအကျဉ်းသမားများ ထားရှိသည့် အဆောင်များတွင် သန့်ရှင်းရေးလုပ်ကြရန် တာဝန်ပေးထားသဖြင့် အပျင်းပြေစကားပြောလေ့ရှိကြသည်။ထောင်ထဲမှာပင် လူလားမြောက်လာသည့် လူငယ်ဆယ်ဦးခန့်ရှိသည်ကို စေတနာကောင်းသူတို့က စာသင်ပေးသည်။

သူတို့အစုမှ မြီးကောင်ပေါက် လူငယ်သုံးဦးကို စာသင်ပေးနေသည်ကို အမှတ်တမဲ့ ဝင်ထိုင်မိသည်။ ဆရာက မိန်းမနှင့် ယောကျ်ားကွဲပြားကြောင်း လက်တွေ့ကျကျ သံမံသလင်းပေါ်၌ မီးသွေးနှင့် ပုံရေးပြီး ရှင်းပြနေသည်ကို ကလေးများက တအံ့တဩနားထောင်နေကြသည်ကို တွေ့ရပါသည်။ ကြည့်ပြီး ကလေးများက မယုံတယုံရှိဟန်နှင့် ပြုံးစိစိနားထောင်နေကြသည်ကို မြင်ရသဖြင့် တင်မောင်မှာ ရင်နင့်သွားလေသောကြောင့် ရှောင်ထွက်ခဲ့မိပါသည်။

အသက် (၁၆) နှစ်၊ (၁၇) နှစ် အရွယ်ရောက်နေသည့် လူပျိုပေါက်လေးများ ဖြစ်ကြပါလျက် မိန်းမဟူသော သတ္တဝါကို မမြင်ဖူး၊ မတွေ့ဖူးကြရသော သူတို့လူစုအတွက် ရင်နာမိသည်။ ယခုမတွေ့ဖူးပေမယ့် မည်မျှကြာမြင့်သော ကာလတွင်မှ ထောင်ကလွတ်ပြီး တွေ့ကြရမည် ဆိုသည်ကိုလည်း မသိကြရသောကြောင့် သူတို့တတွေအဖို့ လူစင်စစ်ဖြစ်ပါလျက် လူ့ဘဝကို မတွေ့မမြင်ရဘဲ ဇာတ်သိမ်းနိုင်သဖြင့် ဖြေမဆည်နိုင်အောင် ဝမ်းနည်းမိခဲ့သည်။

မိမိထောင်မှ လွတ်ပြီး အစိုးရရာထူးရသောအခါတွင် သူတို့နှင့် မာကျောက်ကစားမှုအတွက် ဖမ်းထားသူတွေ လွတ်မြောက်ရေးကို စစ်ဗိုလ်ကြီးများထံ ရှင်းပြပြီး တောင်းပန်သဖြင့် မာကျောက်တို့သာ လွတ်လာသည်။ မူဂျာဟစ်များခေျာမှာလည်း ထောင်ထဲမှာပင် ကျန်ရစ်ရှာသည်။ တင်မောင်၏ အမှုထမ်းသက် ဆယ်နှစ်လွန်ပြီး အမေရိကန်သို့ ရောက်လာသည့်တိုင် လွတ်သတင်းကို မကြားရပါ။ ၁၉၈၄ ခု၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင်မှ သူတို့ကို လွှတ်ပေးကြောင်း သတင်းကို ဖတ်ရပါသည်။ ထောင်ထဲမှာ နှစ်ပေါင်း (၄၀) ခံခဲ့ရသည်ဟု သတင်းက ဆိုပါသည်။ သူတို့ဘဝအတွက် တင်မောင်တုန်လှုပ်ခဲ့မိသည်မှာ မလွန်ပါ။

ထိုကဲ့သို့ မိန်းမကိုပင် မမြင်ရဘဲ ထောင်ထဲတွင် ရာသက်ပန်နေရပုံပေါ်သည့် ကလေးတို့အတွက် ဝမ်းနည်းမိရာက "ငါကလဲ ဘာကောင်မို့လဲ၊ သူတို့လိုမလွှတ်ဘဲ ပစ်ထားလျှင် သူတို့လိုခံရမှာပါလား" ဟု တုန်လှုပ်မိပါသည်။

တင်မောင်ထောင်ထဲ ရောက်စက တလမ်းတည်းနေခဲ့သူ အသိတဦးက ဆက်သွယ်ပြီး သူ့အဖို့ ထောင်ထဲရောက်သည်မှာ (၂) နှစ်ရှိပြီ။ အိမ်ကို ဆက်သွယ်ခွင့်မရသဖြင့် မိသားစုအကြောင်း မသိရပါ။ ထို့ကြောင့် သူ၏ သားမယားများကို မြင်ခဲ့ပါ၏လားဟု မေးရှာသည်။ ကံအားလျော်စွာ သူ၏မိသားစုကို မြင်တွေ့ခဲ့ရသဖြင့် ကျန်းမာကြောင်း သတင်းကောင်းပေးနိုင်ခဲ့ပါသည်။ ထိုမိတ်ဆွေလည်း ယခုတိုင် မလွတ်သေးသဖြင့် စာရေးသူအဖို့ လွတ်ရက်က မသေချာဟူသည်ကို ရိပ်စားမိလာသည်။

ထောင်ကလွတ်လျှင်ပြီးရောဟူသည့် ဦးတည်ချက်နှင့် နည်းအမျိုးမျိုး ကြံဆအားထုတ်ရလေရာ "ခင်းတို့ကို မနိုင်တော့၊ ခင်းတို့နဲ့ ပေါင်းရတော့မှာပေါ့" ဟု အံကြိတ်ပြီး ညည်းမိပါသည်။

"ဗိုလ်ချုပ်ကြီးခင်ဗျား၊ ကျနော်တို့တတွေကို ဖမ်းထားတာက ဟုတ်ပါပြီ။ အစိုးရကထုတ်တဲ့ ပြည်သူပိုင် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာကြီး လုပ်နေပုံက အမှားတွေရှိနေပါတယ်။ သတင်းစာဝေဖန်ချက်စစ်တမ်းကို ရေးပါရစေ" ဟု သိသာထင်ရှားသော အမှားသုံးလေးခုကို ညွှန်းပြီး စာတင်လိုက်ပါသည်။

ထောင်မှူးက ဖူလာစာအုပ်ကြီးတခု လာပေးပြီး စစ်တမ်းရေးခွင့်ပြုပါသည်။ လုပ်သားသတင်းစာမှာ 'ဆရာကြီးရွှေဥဒေါင်းက ပင်တိုင်ဆောင်းပါးသာရေးပြီး သတင်းစာဆိုတာကို လကြည့်ဝယ်၍ပင် မှန်မှန်တောင် မဖတ်ဖူးသူ'။ စာဝေးပေဝေး လက်နက်ချများနှင့် စစ်ဗိုလ်များတို့က ထင်သလိုလုပ်နေကြသဖြင့် သတင်းစာမှာ သတင်းစာပညာနှင့် မညီသည်များ အများတွေ့ရသည်။ မဂ္ဂဇင်းနှင့်မတူ၊ ဂျာနယ်လည်း မဆန်၊ သတင်းစာမပီသသည်တို့ကို ပုံကြီးချဲ့ပြီးစစ်တမ်းကြီးတစောင်ရေးကာ တင်သွင်းလိုက်ပါသည်။





တလမကြာမီ အင်းစိန်ထောင်က လွတ်လာပါသည်။ ဦးညိုမြ၊ ဒဂုန်တာရာ၊ ဂျာနယ်ကျော်မမလေး၊ အောင်လင်း၊ ကိုလှဆွေး၊ ကိုလှအောင်တို့ တပြုံကြီး လွတ်လာပါသည်။ ထောင်ကလွတ်ပြီး တလမကြာမီတွင် သတင်းစာဆောင်းပါးရေးခွင့်ရသည်။ ယခင်ကရေးနည်းအတိုင်းမှန်သည်ဟု ယူဆသည်များကိုသာ ပြတ်ပြတ်သားသား ရေးသောအခါ ဆရာဇဝနက "ခင်ဗျားကတော့ လယ်ပုဇွန်လုံးပါပဲ။ သဲပုံအောက်က လက်မထောင်ပြီး ထွက်လာသကိုး" ဟု မှတ်ချက်ပြုသဖြင့် "သဲပုံအောက်မှာ ခံခဲ့ရတာတွေရဲ့ ရလဒ်ပါဆရာ" ဟု ဖြေမိပါ၏။

• • • • •

# (၃၇)

## ဗိုလ်ချုပ်ကြီးက ကျောကိုသပ်ကာ ကြိုဆိုခြင်း

ရှင်လိုင်ပြန်သောနေ့၊ အိမ်ထောင်ကျသောနေ့နှင့် ထောင်မှလွတ်သောနေ့တို့သည် အပျော်ရဆုံးနေ့များဖြစ်သည်ဟု ဆိုရိုးရှိ၏။ တင်မောင်မကြားချင်သည့် သံတိုင်၊ သံတံခါးကို သော့ခလောက်ကြီးနှင့် ရိုက်ခတ်သည့် အသံဆိုးကြီးကို မကြားရတော့ပါ။ နေ့စဉ် နှစ်ကြိမ်နှစ်ခါ ထောင်မှူးက လူစာရင်းစစ်တိုင်း အိပ်ရာထိပ်တွင် ထိုင်ပြီး "ကျနော်ရှိပါတယ်ခင်ဗျား" ဟု ဖုံခံပြရသော ဝဋ်ကြွေးမှ လွတ်မြောက်ပါပြီ။ ည (၁၂) နာရီ ချုပ်ထားမှုမရှိတော့ဘဲ သွားလိုရာ သွားနိုင်ပါပြီ။ ဘာမလုပ်ရ၊ ညာမလုပ်ရ ဟူသည့် ထောင်မိန့်၊ ထောင်စည်းကမ်းများမရှိတော့ပြီ။ ညံ့ဖျင်းသော မနက်စာ၊ ညစာတို့ကို မမြင်ရသောကြောင့် လွတ်လပ်သည့် အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားစံစားနိုင်ပါပြီ။

"လွတ်ပြီတဲ့ ကျွတ်ပြီ
ကျွတ်ပြီတဲ့ လွတ်ပြီ၊
နေမင်းမောင် လင်းရောင်ညွှတ်၊
ဒေါင်းလွတ်ခဲ့ပြီ"

ထောင်ကအထွက် ကားပေါ်တွင် အတူလွတ်ကြသူ ဆရာဒဂုန်တာရာ၏ မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ဆရာမင်းသုဝဏ်၏ ကဗျာကလေးကို ရွတ်ဆိုကြည်နူးရသော ရသကို မေ့မရနိုင်ပေ။ ဖရဏာပီတိဂွမ်းဆီထိ မိမိတကိုယ်လုံး အရည်ပျော်နေသည်ဟု ထင်မိသည်။ မိမိရင်ဘတ်ကို လက်နှင့်ဖေးပြီး ထိန်းထားမိသေးသည်။

ထောင်ကြီးပြန်များကို စစ်စုံထောက်များက ပက်လက်ထရပ်ကားကြီးနှင့် အိမ်အရောက်ပို့ပေးသည်။ ဆရာတာရာအိမ်ပြီးမှ တင်မောင်၏အိမ်သို့ ရောက်သည်။ "ဟောဗျ" ညည်းညူရပြန်သည်။ တင်မောင်များစွာ မုန်းတီးလှသည့် သော့လောက်တခုက ဝင်းဝမှ မျက်စိမျက်နှာပျက်ပျက်နှင့် ဆီးကြိုနှုတ်ဆက်သည်ကို ရင်ဆိုင်ရပြန်သည်။ ခြံတံခါးမှာ သော့ခတ်ပြီး ပိတ်ထားသည်။

မိမိ၏ခြံဝ၌ ထိုင်ရမလို၊ ထရမလို ယောင်တီးယောင်နဖြစ်နေမိတော့သည်။ တဘက်ခြံတွင်နေသူ ဗိုလ်ချုပ်ကြီးနေဝင်း၏ ညီ ဦးသိန်းညွှန့် မြင်သဖြင့် ကပျာကယာ ထွက်လာပါသည်။ "မွန်းတည့်နေပြီဗျ၊ ကျနော်တို့ ထမင်းစားတော့မလို့၊ လာဗျာ ထမင်းစားလှည့်ပါ" ဟု ဖိတ်ခေါ်ပါသည်။ သူ၏ဇနီးသည် ထမင်းဟင်းအချက်ကောင်းသူဖြစ်သဖြင့် ပထမဆုံးစားရသည့် လွတ်လပ်သော နံနက်စာမှာ ဖွယ်ဖွယ်ရာရာ ရှိလှပါ၏။ သို့သော် ချို၏၊ ငံ၏ မသိလိုက်ရပါ။





တင်မောင်အဖို့ ရှင်လိုင်ပြန်စဉ်ကကဲ့သို့ မပျော်နိုင်တော့ပါ။ ဒဂုန်တာရာ၏ အိမ်သို့ ရောက်စဉ်က သူ၏အိမ်သားများ တစုတရုံး ဝမ်းသာအယ်လဲ ကြိုဆိုကြပါသည်။ တင်မောင်မှာ ကိုယ်ပိုင်ခြံဝင်းတွင်းသို့ပင် မဝင်နိုင်ပါ။

တင်မောင်၏ဘဝသည် ပျက်စီးကြေမွသွားလေပြီ။ တင်မောင်သာမဟုတ်ပါ၊ တင်မောင်နှင့်အတူ လွတ်လာကြသော ထောင်ထွက်အများတို့၏ ဘဝများစွာတို့မှာလည်း ပျက်စီးသွားကြရှာပါသည်။

စစ်အစိုးရက အကြောင်းကြောင်းနှင့် ဖမ်းဆီးသူက များပြီး ပြန်လွှတ်သူဦးရေက နည်းပါးလှပါသည်။ မည်သူ့ကိုမှ သားမယားနှင့် တွေ့ဆုံခွင့် ထောင်ဝင်စာမပေးပါ။ အများစုမှာ စာအဆက်အသွယ်ပင် မပြုကြရပါ။ ထောင်တွင်းရောက်သွားသည်နှင့် ပြင်ပတွင် ကျန်ရစ်သော မိမိ၏ မိသားစု၏ သတင်းကို မသိရတော့ပါ။ အလားတူပင် ပြင်ပ၌ ကျန်ရစ်သူ မိသားစုအဖို့လည်း မိမိ၏ ခင်ပွန်း၏အကြောင်းကို သေသည်ရှင်သည်ပင် မသိကြရပါ။ ရာဇဝတ်ပြစ်ဒဏ်အရ ထောင်ကျသူများအဖို့ မည်သည့်နေ့၊ မည်သည့်ရက်တွင် လွတ်မြောက်မည်ကိုသိကြရသော်လည်း နိုင်ငံရေးနှင့် ထိန်းသိမ်းထားသူများမှာ မည်သည့်ရက်တွင်မှ လွတ်လေမည်ကို မသိကြရပါ။ ပြင်ပတွင် ကျန်ရစ်သူများအဖို့ စားဝတ်နေရေးအခက်အခဲကလည်း ကြီးမားလှပါသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို စစ်တပ်က လက်တည့်စမ်းချိန်ဖြစ်သဖြင့် ပိုမိုခက်ခဲကြရပါသည်။

မျက်စိအောက်မှ ပျောက်ကွယ်သွားသော မိမိတို့ခင်ပွန်းများ၏ မျက်နှာကို ပြန်လည်မြင်ကြရဦးမည်လော၊ ပြန်လာဦးမည်ဆိုပါက မည်သည့်ရက်တွင် ပြန်လာမည်နည်းဟု မသိကြရခြင်းသည် လူထုက စစ်အစိုးရကို ပိုမိုကြောက်လန့်စေမည်ဟု ယူဆကာ ဖမ်းထားသူများနှင့် သားမယားဆက်သွယ်မှုကို တင်းကြပ်စွာ ပိတ်ပင်ခဲ့ပါသည်။ ထို့ကြောင့် ထိန်းသိမ်းခံအများတို့ အိမ်ထောင်များ ပျက်ကြရပါတော့သည်။ စစ်တပ်က ဖျက်ဆီးချေမှုန်းလိုက်သော မိသားစုဦးရေ အထောင်အသောင်းတွင် တင်မောင်၏ မိသားစုတစုလည်း အပါအဝင်ဖြစ်ရပါတော့သည်။

ထောင်ကလွတ်ပါလျက် အရွှံးပေါ်ရစေကာမူ အရှုံးတွေထဲတွင် အမြတ်ကြီးစွာ ရရှိသည်ကို မဲရပေတော့မည်။ မိမိဖတ်လိုရာ စာများကို ဖတ်နိုင်ခွင့်ပြန်လည်ရရှိပါပြီ။ ညှိကမ္ဘာကြီးတွင် စာအုပ်များနှင့် မဂ္ဂဇင်းဂျာနယ်ထုတ်လုပ်မှုအင်အားက များစွာ ကြီးမားလွန်းပါသည်။ လူတဦး၏ တသက်တာအဖို့ မိမိဖတ်သင့်သော စာအုပ်များကို ဖတ်ရန်ပင် အချိန်မလုံလောက်ပါ။ လူ၏ သက်တမ်းက တိုနေပြီး ဖတ်ရမည့်စာအုပ်က များပြားလွန်းပါသည်။ ထို့ကြောင့် မိမိအဖို့ အရသာအရှိဆုံးစာပေနှင့် မိမိဖတ်သင့်သော စာပေကို ရွေးချယ်ဖတ်ရှုနိုင်မှသာ လူတန်းစေ့မိနိုင်ပါသည်။ ဘဝဟူသည်မှာ တိုတောင်းလှသဖြင့် စာဖတ်ချိန်မလုံမလောက်ဖြစ်နေသည့်အပေါ်တွင် တင်မောင်၏ စာဖတ်သက်တမ်းကို စစ်အစိုးရက သုံးနှစ်တိုင်တိုင် မျက်စိပိတ်ထားသည်မှာ တင်မောင်အဖို့ အထူးနစ်နာမှု ကြီးလှပါသည်။ သေတုပန်သက်တဆုံး အဆွေခင်ပွန်းဖြစ်သည့် စာအုပ်များထဲ အလျဉ်မီအောင် ချည်းကပ်ပြီး အလျှင်အမြန် စာငါလိုက်ရသည်မှာ အရသာကြီးမားပါတော့သည်။

ထောင်က လွတ်ပြီး (၄) ရက်အကြာတွင် အာဏာရှင်ကြီး ဦးနေဝင်းက တင်မောင်ကို

တွေ့ခွင့်ပေးပါသည်။ ထောင်သွင်းထားခဲ့သူများကို မျက်နှာချင်း ဆုံတွေ့ခွင့် ပေးလေ့မရှိပါ။ စစ်ဗိုလ်ကြီးများက သူ့ထံ အသနားခံစာရေးပါက မဂ္ဂဇင်းထုတ်ဝေခွင့်မှစပြီး အစိုးရရာထူး အမျိုးမျိုး အသံအမတ်ရာထူးအထိပေးကာ မျက်ဖြေလေ့ရှိပါသည်။ တင်မောင်က သူ့ကိုတွေ့လိုသည်မှာ ရာထူးတောင်းရန်၊ အလုပ်တောင်းရန် တွေ့လိုသည်မဟုတ်။ မိမိခံရသမျှကို ကျောကိုလှန်ကာ ဒဏ်ရာပြသကဲ့သို့ ပြောပြချင်သည်။ လုပ်ရက်ပလေခင်များဟု ရန်တွေ့လိုပါသည်။ သူက ခေါ်ယူတွေ့ဆုံသည်မှာ တင်မောင်အား ဖမ်းလိုက်ပြီးနောက် သတင်းစာတိုက်ကို သိမ်းလိုက်သဖြင့် သန်းကြွယ်သူဌေးဘဝမှ သူတောင်းစားဖြစ်သွားသည်အထိ ပျက်စီးရုံမျှမက အိမ်ထောင်စုပါ ကြေမွသွားသောကြောင့် လူတစ်ယောက်ကို လက်လွန်ခြေလွန် လွန်မိသဖြင့် တွေ့ဟန်တူပါသည်။

အိမ်တော်သို့ တင်မောင်သွားသောအခါ လှေကားထိပ်မှ ဆီးကြိုသည်။ ခရီးထွက်ရာမှ ပြန်လာသည့် သားငယ် ညီငယ်ကို ကြိုဆိုသော မျက်နှာထားနှင့် နှုတ်ဆက်ပါ၏။ တင်မောင်၏ ကျောကို သပ်ပြီး ရုံးခန်းတွင်းသို့ ခေါ်ပါသည်။

"မင်းကို ငါ့ကောင်တဦးဦးက နှိပ်စက်သေးသလား။ အမှန်ကို ပြောစမ်းကွာ။ မင်းကို ကောင်းကောင်းထားဖို့ သေသေချာချာ ငါမှာထားတယ်။ ဒါပေမယ့် ငါ့ကောင်တွေက လက်လွန်တတ်တယ်။"

ကရုဏာဒေါသနှင့် ရင်းရင်းနှီးနှီး မွှန်းမွှန်းတီးတီး သူက ပြောလေသောအခါ မျက်နှာကို စေ့စေ့ကြည့်ပြီး ရန်တွေ့ရန် ပြင်ထားသော တင်မောင်အဖို့ ဒေါသစကားလုံးများ ပျောက်သွားရသည်။

"လက်များနဲ့မှ မတို့ကြပါဘူး။ ကောင်းကောင်းထားပါတယ်" ဟု ဖြေလိုက်ရသည်။ ထောင်ထဲ၌ ကောင်းကောင်းထားသည်ဆိုစေကာမူ ရွှေခွက်၊ ငွေခွက်နှင့် ရွှေထမင်း၊ ငွေထမင်း ကျွေးထားသော်လည်း အချုပ်အချယ်ခံဘဝ၏ ဆင်းရဲခြင်းအကြောင်းကို မပြောနိုင်တော့ပါ။

"အေးကွာ မင့်ကို လွှတ်ချင်ပေမယ့် နိုင်ငံရေးအခြေအနေကိုလည်း ကြည့်ရတယ်ကွ" ဟု စကားပြေထိုးပြီး နိုင်ငံရေးအခြေအနေကို ပြောပြသည်။ "ကွာ...ငါ့ကောင်တွေကို မနိုင်ဘူးကွ။ ငါနိုင်းတာတွေကို အတိအကျ မလုပ်ကြဘူး" ဟု ညည်းညူပါသည်။

သူ၏မျက်နှာမှာ တင်မောင်အား ချုပ်နှောင်ထားခဲ့ရသောကြောင့် စိတ်မကောင်းဖြစ်ရပုံကို ပေါ်လွင်အောင် မြင်ရပါသည်။ ယခင်တွေ့စဉ်ကာလများက မှင်နှင့် မောင်းနှင့် လှုပ်ရှားခြင်း၊ ဒေါနှင့် မောနှင့်ပြောဆိုသည်တို့ကိုသာ မြင်ခဲ့ရသည့် တင်မောင်အဖို့ ရှေးက မမြင်ဖူးခဲ့သော စေတနာမျက်နှာထားကို မြင်ရသဖြင့် "ကြိုက်လတ်တုံမူ၊ တုံ့မယူလို၊ သခင်မွန်ကို၊ ချမ်ိဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်နှစ္စာ-ငါ့ခန္ဓာတည်း" ဟူသည့် အနန္တသူရိယအမတ်ကြီး၏ မျက်ဖြေလင်္ကာကို စိတ်ထဲမှ ရွတ်မိပါတော့သည်။ ခံရသူအဖို့ "အဟောင်း ဝဋ်ကျွေးကုန်ပါစေ။ ပြုတဲ့သူမှာ ဝဋ်ကြွေးသစ်မဖြစ်ပါစေနဲ့"ဟု မေတ္တာပို့မိပါသည်။

"အခုမင်းဘာလုပ်မလဲ။"

"ရွာပြန်ပြီး မိဘတွေကို ကန်တော့ပါမယ်။ အသက်ကြီးလှကြပါပြီ။"

"ငါသိတယ်။ ပုဂံဘက်သွားမှာပေါ့။ ဘယ်လိုသွားမှာလဲ။"





"ကားမောင်းသွားမှာပါ။"

"မင်းမှာ မိဘကိုကန်တော့ဖို့ ငွေလိုမှာပေါ့။ အောက်ထပ်ရောက်တော့ ရုံးခန်းထဲမှာ ဝင်ယူလိုက်ပါ။"

"ကျေးဇူးတင်ပါတယ် ဦးရယ်။"

"ရွာကပြန်လာတော့ ဘာလုပ်မှာလဲ"

"စာရေးစားပါမယ်။ ရေးစရာတွေ အများကြီးရှိပါတယ်။"

"စာလည်းရေးပေါ့ကွာ။ ပြည်သူ့ပိုင်သတင်းစာတွေကို ကြည့်လုပ်ပေးစေချင်တယ်။ ပြန်ကြားရေးဝန်ကြီးက မင်းကို ခေါ်ပါလိမ့်မယ်။"

ဖခင်တဦး၏ ကရုဏာမျက်လုံးနှင့် တင်မောင်အား ကြည့်ပြီး လာစဉ်ကကဲ့သို့ပင် တင်မောင်၏ ကျောကိုသပ်ပြီး လှေကားအထိ ပို့ပါသည်။ အောက်ထပ်တွင် အတွင်းဝန် ဗိုလ်မှူးကြီး ကိုကိုက ငွေ (၅၀၀) အထုပ်တခုနှင့် စောင့်နေသည်။

တွေ့ဆုံပွဲတခုလုံး ငြိမ်းချမ်းသာယာပါသည်။ မေတ္တာစောင်း တီးခတ်သံပေ။ သို့သော် ထုံးစံအတိုင်း သူ၏ခါးတွင် သေနတ်ရှိသည်ကို သိသာမြင်တွေ့ရသည်။ သံရုံးညှိခံပွဲက စပြီး မည်သည့်နေရာတွင် တွေ့တွေ့ သူ့မှာ သေနတ်တလက် အလွတ်ထိုးထားသည်ကို မြင်တွေ့ရလေ့ရှိပါသည်။ သူ့သေနတ်ထိုးပုံမှာ အခြားသေနတ်ကိုင်သူများနှင့် ခြားနားသည်။ လူမြင်သူမြင် ထင်ရှားစွာ ထိုးမထားဘဲ ဖုံးအုပ်ထားပါလျက် သူ့တွင် သေနတ်ပါသည်ကို လူသိသူသိဖြစ်အောင်၊ တစွန်းတစမြင်အောင် ပြထားလေ့ရှိပါသည်။ သူ၏ သေနတ်ထိုးနည်းက 'ငါ့ကို မထိနဲ့ ပြန်ပေါက်မယ် မြွေဟောက်ကွ" ဟု ဆိုင်းဘုတ်ရေးထားသကဲ့သို့ပေ။

မျက်နှာချင်းဆိုင်တွေ့မိကြရာတွင် တင်မောင်အား သူက ဩဇာလွှမ်းနိုင်ခဲ့သည်။ တင်မောင်အဖို့ ဗိုလ်ချုပ်ကြီးနေဝင်းအား ရန်သူတဦးအဖြစ် သဘောမထားနိုင်တော့ပြီ။ အကယ်၍သာ သူ့တွင် ရန်ရှိပါက ဝင်ရောက်ကယ်တင်မည့် မိတ်ဆွေရင်းတဦးအဖြစ် စေတနာထားမိခဲ့သည်။ ဤစေတနာသည် ယခုထက်တိုင် မိမိရင်တွင် ရှိနေသေးသည်။

တင်မောင်သည် လူမှန်းသိစကပင် သတင်းစာအလုပ်ကို ရွေးခဲ့သော ဝမ်းတွင်းပါ သတင်းစာသမားတဦးဖြစ်သည်။ မိမိ၏တာဝန်ကိုလည်း ရာသက်ပန် ကျေပွန်ရမည်ဖြစ်ရာ ဗိုလ်ချုပ်ကြီးနေဝင်းက မိမိအားပြုခဲ့သော အမှုမှန်သမျှကို ပြစ်တင်ရေးသားခြင်းမပြုတော့ရန် ဆုံးဖြတ်မိစေကာမူ သူက နိုင်ငံသားတို့အပေါ်တွင် ကျူးလွန်သည့် လူမှုရာဇဝတ်မှုများကိုမူ နိုင်ငံသားတို့ကိုယ်စား ကလောင်လက်နက်နှင့် ဆက်လက်တိုက်ပွဲခွင့်ရှိသည်။ တိုက်ရမည်ဟု ဆုံးဖြတ်ခဲ့မိပေသည်။

• • • • •

## (၃၈)

# ပြည်သူပိုင်သတင်းစာများ ကြီးကြပ်ရေးမှူး

ထောင်မှထွက်ခဲ့ပြီး ရက်သတ္တပတ် သုံးပတ်ကြာသောအခါတွင် တင်မောင်သည် နိုင်ငံတော်အစိုးရ၏ ဝန်ထမ်းအရာရှိတဦးဖြစ်လာတော့သည်။ "မင်းမှုထမ်းဖြစ်စေ" ဟု ဦးနေဝင်း ... မန်းမှတ်လိုက်သောကြောင့် အစိုးရအရာရှိဖြစ်လာသည်။ တင်မောင်တို့၏ အမျိုးထဲတွင် မင်းမှုထမ်းတဦးမှ မရှိခဲ့ပေ။ အစိုးရအရာရှိဖြစ်ရန် အိပ်မက်ပင် မမက်ခဲ့သူဖြစ်သည်။

'ပြည်သူပိုင်သတင်းစာ ကြီးကြပ်ရေးမှူး' ဟု ရာထူးသစ်တခုကို ဖန်တီးပြီး ခန့်ထားခဲ့သည့်နောက်ပိုင်းတွင် သတင်းစာကော်ပိုရေးရှင်းဖွဲ့သောအခါ၌ သတင်းဘက်ဆိုင်ရာ ဒု-ညွှန်ကြားရေးမှူး ရာထူးသို့ တိုးပေးသောအခါတွင် တင်မောင်အတွက် အထူးတီထွင်ထားသော ရာထူးကို မည်သူကိုမှ ခန့်အပ်ထားခြင်းမပြုဘဲ လစ်လပ်ထားခဲ့လေသည်။

ရာထူးရရှိသည့် အချိန်က အစိုးရပိုင် သတင်းစာ ငါးစောင်သာ ရှိသည်။ အစိုးရက ထုတ်ဝေသော လုပ်သားပြည်သူ့နေ့စဉ် မြန်မာသတင်းစာ၊ Working People's Daily အင်္ဂလိပ်သတင်းစာ၊ ကြေးမုံသတင်းစာ၊ Guardian အင်္ဂလိပ်သတင်းစာနှင့် ဗိုလ်တထောင်သတင်းစာ စုစုပေါင်း (၅) စောင်ရှိပါသည်။ ကြေးမုံအား (၁၉၆၄) ခု၊ စက်တင်ဘာလ (၁) ရက်နေ့က ပြည်သူပိုင်ပြုသောအခါတွင် ဦးသိန်းဖေမြင့်က 'မိမိသည် တော်လှန်ရေးအစိုးရကို ယုံကြည်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ထောက်ခံသူဖြစ်ပါသည်' ဆိုကာ သူပိုင်သည့် ဗိုလ်တထောင်သတင်းစာကို တော်လှန်ရေးအစိုးရသို့ လှူဒါန်းလိုက်ခဲ့သည်။ (ဒင်းတို့ကို မနိုင်လျှင် သူတို့နှင့်ပေါင်းလိုက်ဟူသည့် လမ်းစဉ်ကို ဦးသိန်းဖေမြင့်လည်း လုပ်ဆောင်ခဲ့ပါသည်) ၁၉၆၄ ခု၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် ဗိုလ်တထောင်သည် ပြည်သူပိုင်သတင်းစာဖြစ်လာသည်။ (၅) ရက်ကြာသောအခါတွင်မှ အင်္ဂလိပ်ဘာသာနှင့် ထုတ်ဝေနေသော Guardian သတင်းစာကို ပြည်သူပိုင်ပြုခဲ့ပြန်ပါသည်။

၁၉၅၆ ခုနှစ်က စတင်ထုတ်သော Guardian သတင်းစာသည် ဝတ်လုံတော်ရ ဒေါက်တာမောင်မောင်ပိုင်သော သတင်းစာဖြစ်ပါသည်။ ဆရာမောင်မောင် အမေရိကန်သို့ ပညာတော်သင်သွားရသဖြင့် သတင်းစာကို ပိတ်ရမည်ဖြစ်နေသည့်အခါတွင် စစ်တပ်မှ ဗိုလ်မှူးချုပ်မောင်မောင်၊ ဗိုလ်မှူးကြီးအောင်ကြီးနှင့် ဗိုလ်မှူးကြီး တင်ဖေတို့ (၃) ဦးက ကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးစရိတ်မှ ငွေကို စာရင်းလှည့်ကာ ထုတ်ယူပြီး မိမိတို့ပိုင် ငွေပင်ငွေရင်းအဖြစ် မြှုပ်နှံကာ Guardian ကို ဝယ်ယူခဲ့ပါသည်။ သူတို့ (၃) ဦးပိုင်သတင်းစာအဖြစ် ဆက်လက်ထုတ်သောအခါမှာ အကြီးအကျယ်တိုးချဲ့ခဲ့ပါသည်။ တပ်မတော်သုက်သာရှောင်ချိရေး စီးပွား



လုပ်ငန်း BEDC မှ ဝယ်ယူထားသည့် John Dickson Cumpany သို့ ရွှေ့သည်။ မူလက စက္ကူနှင့် ပုံနှိပ်ပစ္စည်းများ ရောင်းချသော အင်္ဂလိပ်ကုန်တိုက်ကြီးများသို့ ရွှေ့ကာ ကျကျနနတိုးချဲ့စေကာမှ စစ်တပ်ဝါဒဖြန့်သတင်းများ ဖြစ်သောကြောင့် စောင်ရေမတက်ပါ။

ဦးလောရုံ၏ နေးရှင်းသတင်းစာကို မမီပါ။ အရှုံးများသဖြင့် စစ်တပ်ရန်ပုံငွေများကို အမြောက်အများနှင့် နှစ်စဉ်ထောက်ပံ့ခဲ့ရသည်။ ဗိုလ်မှူးကြီးသုံးဦးပိုင်သယောင်နှင့် မရှင်းမရှင်း စစ်တပ်ရန်ပုံငွေနှင့် ထုတ်သည့် သတင်းစာကို ဗိုလ်ချုပ်ကြီးနေဝင်းက သဘောမကျဟု သိခဲ့ရသည်။ ထို့ကြောင့် ကြေးမုံ၊ ဗိုလ်တထောင်သိမ်းပွဲနှင့်အတူ စစ်တပ်ပိုင်သော Guardian ကို ပြည်သူပိုင်အဖြစ် ရောနှောသိမ်းခဲ့သည်။

ပြည်သူပိုင်သတင်းစာ (၅) စောင်နှင့် မဂ္ဂဇင်းများကို ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် ပိုလ်မှူးတင်ထွန်းက ဥက္ကဋ္ဌအဖြစ် ဦးစီးသော ကြီးကြပ်ရေးအဖွဲ့က အုပ်ချုပ်သည်။ တင်မောင်၏ တာဝန်မှာ ပြည်သူပိုင်သတင်းစာများ ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ် အဖွဲ့အစည်းအဝေးများတွင် တက်ရောက်ကာ ပြည်သူပိုင်သတင်းစာမဂ္ဂဇင်းများ၏ စာနယ်ဇင်းဆိုင်ရာ လုပ်ငန်းစွတ်ပယ်ဖွင်းမှုများကို ထောက်ပြရသည်။ ပုဂ္ဂလိက သတင်းစာများကို ပြည်ထဲရေးဝန်ကြီးဌာနက ကွပ်ကဲ၏။

မြန်မာ့အလင်းနှင့် ဟံသာဝတီသတင်းစာကြီးနှစ်စောင်က ပုဂ္ဂလိကသတင်းစာများအဖြစ် မှေးလိုက်နေကြသည်။ မန္တလေးတွင် လူထုသတင်းစာရှိသည်။ တရုတ်-ဗမာ အရေးအခင်းဖြစ်ယက်ကြောင့် ၁၉၆၇ ခု၊ ဇူလိုင်လ (၇) ရက်နေ့တွင် ရပ်စဲလိုက်ရသည်။

လူထုသတင်းစာအဖို့ သတင်းစာ အသက် (၂၁) နှစ်တွင် စုတေစိတ်ကျရရှာသည်။ အသက် (၁၈) နှစ်ရှိသည့် ဗဟိုစည်သတင်းစာမှာ ရဟန်းတပါး၏ ကြေညာကို ဖော်ပြမိသောကြောင့် အယ်ဒီတာရော ပိုင်ရှင်ကိုပါ ဖမ်းပြီး သတင်းစာကို ပိတ်လိုက်ကြရသည်။

ဟိန္ဒူသတင်းစာ (၂) စောင်၊ တမယ်လ်သတင်းစာ၊ တယ်လဂူသတင်းစာနှင့် တရုတ်သတင်းစာ (၅) စောင်တို့ကို ၁၉၆၆ ခု၊ ဇန်နဝါရီလ တရက်နေ့က ပုံနှိပ်ထုတ်ဝေခွင့် ရုပ်သိမ်းလိုက်သောကြောင့် ဘာသာခြား သတင်းစာများ အားလုံးပိတ်ကြရသည်။

၁၉၁၄ ခုနှစ်က စတင်ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာနှင့် ၁၉၄၅ ခုနှစ်က စတင်ထုတ်ဝေသည့် ဟံသာဝတီသတင်းစာတို့ကို ၁၉၆၉ ခုနှစ်တွင် ပြည်သူပိုင်သိမ်းပြန်ပါသည်။ မကြာသေးသောကာလက မိမိပိုင်သတင်းစာကို ပြည်သူပိုင်အသိမ်းခံခဲ့ရသော တင်မောင်အား မြန်မာ့အလင်းသတင်းစာတိုက်သို့ သွားကာ ပြည်သူပိုင်သိမ်းစေဟု တာဝန်ပေးသောအခါ ကံကြမ္မာ၏ ဆန်းကြယ်ပုံကို သတိပြုမိသည်။ မိမိ၏ စိတ်ထဲ၌ ခံရစားခဲ့ရသကဲ့သို့ တိုက်ရှင်များ ခံစားကြရမည်ကို ကိုယ်ချင်းစာနာပြီး စိတ်မကောင်းဘဲ ဆောင်ရွက်ခဲ့ရပါသည်။ တော်ပါသေးသည်။ ပိုင်ရှင်များက လိုလိုလားလားလွှဲပေးကြသည်။ စစ်အစိုးရ၏ လက်အောက်၌ သတင်းစာထုတ်ရသည်မှာ မလွယ်ပါ။ မှန်ရာကို ရေး၍ မရသောကြောင့် စောင်ရေကကျပြီး စက္ကူဈေးကကြီး၊ အလုပ်သမားစရိတ်က ကြီးသဖြင့် အရှုံးပေါ်နေကြပါသည်။ အကြောက်ဆုံးမှာ တခုခုမှားပြီး ပုံနှိပ်မိလျှင် ပိုင်ရှင်ကိုပါ တန္တယ်ငင် တစင်ပါ ဖမ်းတတ်လေသဖြင့် သတင်းစာတိုက်ကြီးကို "မောင်မင်းကြီးသားတို့ ယူတော်မူပါ" ဟု ထိုးအပ်ကြရှာ၏။ ဟံသာဝတီသတင်းစာကို

မန္တလေးသို့ပို့ပြီး ထုတ်ဝေသည်။ မြန်မာ့အလင်းက ရန်ကုန်မှာပင် ဆက်လက်ထုတ်ပါသည်။ ပုဂ္ဂလိကပိုင်သတင်းစာများ ပျောက်ကွယ်သွားရသည့်နောက်တွင် ပြည်သူပိုင်သတင်းစာအစုစု (၇) စောင်ဖြစ်လာပါတော့သည်။

သတင်းစာကြီးကြပ်ရေးရာထူးနှင့် စတင်စဉ်က တင်မောင်၏ ရုံးခန်းမှာ ခန့်ညားလှပါသည်။ မိမိရုံးမတက်ရသေးခင်ကပင် ဗီရိုကြီး၊ စားပွဲကြီး၊ ဆုံလည်ကုလားထိုင်ကြီး အသစ်စက်စက်များကို ပြင်ဆင်ထားသည်။ တင်မောင်၏ လစာစကေး လစာနှုန်းနှင့် ဤကဲ့သို့ အခန်း၊ ဤနှယ်စားပွဲ မပေးရပါ။ ဗိုလ်ချုပ်ကြီးက ရာထူးခန့်သူဖြစ်သဖြင့် အတွင်းဝန်စစ်ဗိုလ်က လန့်ဖျပ်ပြီး ဤသို့ အဆင့်မြင့်မြင့် စီစဉ်ပေးသည်ဟု သိရသည်။

ထောင်နန်းစံဘဝက ဗိုလ်ချုပ်ကြီး၏ အကျဉ်းသားအဖြစ် အထူးအခွင့်အရေး ရခဲ့သကဲ့သို့ ပြန်ကြားရေးမှာ အထူးအခွင့်အရေး ခံစားရပြန်သည်။ ကံကြမ္မာဟုပဲ ဆိုရပါမည်။

(၁၃) နှစ်ကျောင်းသားဘဝက နိုင်ငံရေးစိတ်ဓာတ် မျိုးစေ့ချပေးခဲ့ရာတွင် ကျောင်းသားကြီးနှစ်ဦးတို့က ကြီးစွာ လောင်းရိပ်ပေးခဲ့ပါသည်။ တယောက်က တပ်မတော်၏ ခေါင်းဆောင်တဦးဖြစ်လာသူ ဗိုလ်မှူးကြီးကြည်ဝင်း၊ ကျန်တယောက်က အလံနီပါတီတွင် ထိပ်သီးခေါင်းဆောင်ဖြစ်လာသည့် ကိုနေဝင်းခေါ် ရဲနီစံညွှန့်ဖြစ်သည်။ ကိုကြည်ဝင်းက ကျောင်းသားသပိတ် တရားပွဲစင်များပေါ်သို့ တင်ပေးသည်။ မြေအောက်ကျောင်းသားလှုပ်ရှားမှု စစ်လက်နက် ကိုင်တွယ်သုံးစွဲနည်းနာစာတမ်းများကို ပေးသည်။ ကိုနေဝင်းက မာ့က်စ်ဝါဒ သင်တန်းအမျိုးမျိုးကို တက်စေခဲ့သည်။ မိမိ၏ ကိုယ်ပိုင်ဉာဏ်နှင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသော အရွယ်သို့ရောက်လာသည့်အခါတွင်မူ စစ်တပ်ထဲ မဝင်ဖြစ်သကဲ့သို့ အလံနီပါတီဝင်လည်း မဖြစ်ခဲ့ပေ။

မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရေးကို ဦးတည်လုပ်ဆောင်ရာ၌ စာနယ်ဇင်းများသည် အဓိကအင်အားဖြစ်သည်ဟု ခိုင်မာစွာ ယုံကြည်သောကြောင့် သတင်းစာလောကထဲသို့ ဝင်ခဲ့သည်။ သတင်းမှန်များ ရှာဖွေထောက်လှမ်းရေးသားပြီး မှန်ကန်သည့် ဝေဖန်ဆန်းစစ်မှုကို ပြုလုပ်ဆောင်ရွက်ခြင်းသာ နိုင်ငံ၏ လွတ်လပ်ရေး ရရှိမှု၊ ထိန်းသိမ်းမှုအားအင်ဖြစ်သည်ဟု ပြင်းထန်စွာ ယုံကြည်ခဲ့သည်။ မိမိယုံကြည်ချက်အတိုင်း ရေးသားခွင့်ရရှိမည်ဆိုပါက ဗမာ့ခေတ်ကဲ့သို့သော ကွန်မြူနစ်ဆန့်ကျင်ရေး သတင်းစာတွင် လုပ်ကိုင်ရန်လည်း ဝန်မလေးခဲ့ပါပေ။

ဗမာ့ခေတ်အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်စဉ်က ညတညသို့ သာဓိန္ဒ အမည်ရှိ မော်ဆရာတဦး ပေါက်လာသည်။ မျက်နှာကြီး လူကြီးတဦး၏ ဇနီးနှင့် အရှုပ်အရှင်းကိစ္စကို ပြောပြသည်။ သတင်းကောင်းတပုဒ်ဟု ယူဆသောကြောင့် တဖွဲ့တနွဲ့ရေးလိုက်မိသည်။ မော်ဆရာသည် အမြို့မြို့အရွာရွာတွင် မိန်းမသိုက်တူးနေသည်ကို သိရသောကြောင့် အမျိုးသမီးများရှောင်ရှားနိုင်ရန် သတင်းအဆက်ဆက်ရေးနိုင်ခဲ့သည်။ လူထုက များစွာစိတ်ဝင်စားခဲ့သည်။ ထိုကဲ့သို့ အညှီအဟောက် သတင်းရေးသည်မှာ တပ်မတော်က ရန်ကြီးအောင်စစ်ဆင်ရေးနှင့် တရုတ်ဖြူများကို တိုက်ထုတ်နေသည်ကို သိမ်ငယ်အောင်ပြုသည်။ အမေရိကန်စီအိုင်အေက ငွေပေးသဖြင့် ရေးသည်ဟု စစ်တပ်က စွပ်စွဲခဲ့သည်။ တင်မောင်အဖို့ ပထမဆုံးမဆီမဆိုင် ပိုးစွပ်မှုကို ခံခဲ့ရသည်။ အမေရိကန်ဘက်သားဟု စစ်တပ်က ပိုးသည်ကို ခံရသည်။





၁၉၅၈ ခုနှစ်မှာ အိမ်စောင့်အစိုးရက လက်ဝဲဝါဒီများ ချေမှုန်းရေးစစ် ဆင်ပြန်သောအခါတွင်မူ တင်မောင်အား ကွန်မြူနစ်ကြီးတဦးအဖြစ် ရန်ရှာပြန်သည်။ ၁၉၆၂ ခုနှစ်အာဏာသိမ်းပြီး စစ်တပ်က ဆိုရှယ်လစ်နိုင်ငံတည်ထောင်ပြန်သောအခါ၌ တင်မောင်အား အမေရိကန်၏ သူလျှိုဒလန်အဖြစ် ရန်ပြုပြန်သည်။ ယခု ဗိုလ်ချုပ်ကြီးက ရာထူးခန့်မှသာ တင်မောင်နှင့် စစ်တပ်တို့ အညမည မဟာမိတ်ဖြစ်လာတော့သည်။

အင်းစိန်ထောင်မှူး ဦးကျော်မင်းက ရုံးကိစ္စနှင့် တင်မောင်၏ ရုံးကို ရောက်လာသောအခါတွင် "နားမလည်နိုင်ဘူးဗျို့။ အရင်ပတ်တုန်းက ခင်ဗျားဟာ တိုင်းပြည်ရဲ့ရန်သူဆိုပြီး ဖမ်းဆီးထားတာမို့ ကျုပ်တို့က ချုပ်နှောင်ထားခဲ့တယ်။ အခုတော့ တိုင်းပြည်ရဲ့တာဝန်ကို ထမ်းရတဲ့ အမှုထမ်းကြီးဖြစ်နေပြန်ပါလား။ ဘယ်လိုလဲဗျ" ဟု မေးသည်။

မိမိကိုယ်တိုင်ကလည်း မသိလေခြင်းကြောင့် "နောဇာ နာမိ– ငါမသိ" ဟု မိမိရေးခဲ့ဖူးသော ဆောင်းပါးခေါင်းစဉ်ကို ရွတ်ပြလိုက်မိသည်။

• • • • •

## (၃၉)

## မုန်းတဲ့သူနှင့် ချစ်တဲ့သူ

အမှုထမ်းဘဝတွင် ပျော်စရာကောင်းသည်မှာ တင်မောင်အဖို့ သတင်းစာများတွင် ဆောင်းပါးရေးခွင့် ရရှိခြင်းပင်။ ကြေးမုံ၌ ပင်တိုင်ဆောင်းပါးရှင် ဆရာဇဝန၊ ဗိုလ်တထောင်က ဦးသိန်းဖေမြင့်နှင့် လုပ်သားပြည်သူ့နေ့စဉ်တွင် ဆရာသာဂနိုးတို့ အတူရေးရသည်။ တင်မောင်က သတင်းစာအားလုံးတွင် ဝင်ပြီး ရေးရသည်။ ပုဂ္ဂလိကခေတ်က မိမိပိုင်သည့် သတင်းစာတစောင်တည်းမှာသာ ဆောင်းပါးရေးခဲ့ရသည်။ ယခု ပြည်သူပိုင်ခေတ်၌မူ လုပ်သား၊ ကြေးမုံ၊ ဗိုလ်တထောင်နှင့် နောက်ပိုင်းတွင် ဟံသာဝတီတွင်ပါ ဆောင်းပါးရေးခွင့်ရလေသောအခါ အားကုန် 'သွန်' ပီသည်။ စတင်ရေးသားသောနေ့မှ စတင်ကာ မိမိမယုံကြည်သည့် ကိစ္စကို ထောက်ခံမှုမပြုခဲ့ပါ။ သစ္စာတရားသာ အဓိကဟုသည့် မူကို အမြဲတစေ ထိန်းသိမ်းခဲ့ပါသည်။

တော်လှန်ရေးအစိုးရ၏ လုပ်ဆောင်ချက်နှင့် မူဝါဒကို တိုက်ရိုက်ဝေဖန်နိုင်ခဲ့သည်။ တဘက်ကလည်း တိုက်ရိုက်ဝေဖန်လျှင် အင်းစိန်ထောင်သို့ ပြန်ပို့ရန် အသင့်ရှိနေသည်ကိုလည်း အမြဲသတိရနေရသည်။ သူတို့စစ်တပ်ကို ဝေဖန်ရာတွင် ပညာသားပါပါ သတိကြီးစွာနှင့် ရေးသားရသည်။ အစိုးရက တခုခုလုပ်သည်ဆိုလျှင် ပထမဆုံးစာပိုဒ်တွင် အားကြီးကောင်း၊ အများကြီးကောင်း၊ အလွန်ကောင်းဟု ထောက်ခံရေးသားရပါသည်။ နောက်စာပိုဒ်များတွင်မှ "ဒါကလေးက နည်းနည်းအမြီးတိုနေတာကြောင့် အမြီးဆက်ပါဦး၊ ဒီကိစ္စကိုတော့ ပြုပြင်သင့်ပါတယ်" ဟု ရေးရပါသည်။ စစ်အစိုးရခေတ်တွင်မှ အသစ်ပေါ်ပေါက်လာသော ထိုသို့စာရေးနည်းကို သတင်းစာဆရာများက ထောက်ကွက်ရေးနည်းဟု ခေါ်ကြပါသည်။ ထောက်ခံရင်း ကန့်ကွက်သည်ပါပေ။

စာဖတ်ပရိသတ်များက မျက်စိရှင်ကြသည်။ မည်သည့်စာရေးဆရာက မည်နှယ်ကြောင့် မည်သို့ရေးသည်ဟု သိကြပါသည်။ မည်သူသည်မူ စစ်အစိုးရထံမှ ရထားသည့် အခွင့်အရေးများကြောင့် မျက်စိမှိတ် ထောက်ခံနေသည်ကိုလည်း သိကြပါသည်။ တင်မောင်၏ စာများကို လူထုက နားလည်ကာ လက်ခံကြသည်။ သို့ရာတွင် ဘေးအန္တရာယ်ကြီးမားသည်။

တင်မောင်၏ ဆောင်းပါးများသည် တောခိုနေသော ဦးနု၏ လမ်းစဉ်ဖြစ်ပါသည်။ ထိုဆောင်းပါးမျိုးများကို ဆက်လက်ပြီး ရေးခွင့်ပြုနေလျှင် မိမိလုပ်ဆောင်မှုများ ပျက်ပြားပေါ့သည်ဟု ဘဏ္ဍာရေးဝန်ကြီး ဦးဘညိမ်းက စာတမ်းကြီးတစောင် ပြုစုပြီး ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အစိုးရအဖွဲ့သို့ တင်သွင်းသည်။ တင်မောင်က ဝန်ကြီး ဦးဘညိမ်းရေးဆွဲသော ရသုံးခန့်





မှန်းခြေ ငွေစာရင်းဘတ်ဂျက်များကို ပြင်းထန်စွာ ဝေဖန်ခဲ့သဖြင့် သူက စိတ်ဆိုးပါသည်။ အမှန်အားဖြင့် တင်မောင်အား ဘတ်ဂျက်ငွေစာရင်းကို လေ့လာဝေဖန်နည်း ပညာသင်ပေးသူမှာ ဦးဘညိမ်းပင် ဖြစ်ပါသည်။ သူက အိုင်စီအက်စ် အတွင်းဝန်ရာထူးမှ ထွက်ပြီး အလုပ်သမားလယ်သမားပါတီကို တည်ထောင်စဉ်က၊ ဖဆပလ အစိုးရ၏ ဘတ်ဂျက်များကို ပယ်ပယ်နယ်နယ် ဝေဖန်ခဲ့စဉ်က (၆) နာရီကြာ ရှင်းပြသည့် သတင်းစာရှင်းလင်းပွဲကို အစအဆုံး တက်ရောက်ခဲ့သူ ဖြစ်ပါသည်။ ထို့ကြောင့် သူက မနက်ဖြန်လာခဲ့ဦးလို့ ခေါ်ပြီး သင်ပေးခဲ့ပါသည်။ ပြည်သူ့အကျိုးပြုအတွက် သုံးသည့် ငွေစာရင်းနှင့် ပြည်သူများကို ဖိနှိပ်ရန် သုံးစွဲသော ငွေစာရင်းတို့ ခြားနားပုံကို သူက အသေးစိတ်သင်ပေးပါသည်။ ယခုမူ သူရေးဆွဲသော ဘတ်ဂျက်ဖြစ်သဖြင့် ဝေဖန်သည်ကို မခံနိုင်ရှာ။

မဆလပါတီတွင် နေရာရနေသူ စမ်ပိုလ်များနှင့် လက်နက်ချ ကွန်မြူနစ်များကလည်း မကျေနပ်ကြောင်း တကျက်ကျက်ဝေဖန် ရန်ပြုကြပါသည်။ စစ်ဗိုလ်ဆောင်းပါးရှင်တဦး "တင်မောင်ရဲ့ မျက်လုံးကို ဖောက်ပြီး သတ်စားမည်" ဟု ရေးသည်အထိ ပြင်းထန်စွာ တိုက်ကြပါသည်။ သို့စေကာမူလည်း ဗိုလ်ချုပ်ကြီးက ရေးစေဟု အခွင့်လိုင်စင်ပေးထားသော တင်မောင်၏ ဆောင်းပါးများကို အစိုးရက အရေးမယူဘဲ ကြည့်နေပါသည်။ သို့သော် စာရေးသူမှာ မုန်းတီးသူ ပေါများနေလေပြီ။

သတင်းစာဆရာတဦးအဖို့ ပင်တိုင်ဆောင်းပါးရှင်ရာထူးထက် မြင့်မြတ်တဲ့ရာထူး မရှိတော့ပါ။ မိမိကလောင်ကို မိမိပိုင်ပြီး မိမိပိုင်ပရိသတ်ရှိသည့် ဓမ္မကထိကဘဝကို သတင်းစာဆရာတိုင်း အိပ်မက်မက်ကြလေ့ရှိပါသည်။ ပရိသတ်ရှိရန်မှာ ပရိသတ်လူထု၏ ခံစားချက်ကို သိပြီး လူထုအကျိုးကို ဦးတည်ရေးနိုင်မှ အောင်မြင်ပါသည်။ တင်မောင်က လူထုက ပေးပို့သော သတင်းများ၊ အကြံပြုချက်များကို အမြဲစာပြန်လေ့ရှိပါသည်။

၁၉၄၈ ခုနှစ်က စတင်ပြီး ဗမာ့ခေတ်တွင် ဆောင်းပါးရှင်ဖြစ်ခဲ့စဉ်ကပင် စာဖတ်ပရိသတ်နှင့် အမြဲဆက်သွယ်လေ့ရှိခဲ့သည်။ တကြိမ်တွင် ကိစ္စတရပ်ကို ပရိသတ်များက များစွာ စိတ်ဝင်စားသောကြောင့် တပတ်လျှင် စာပေါင်း (၆,၀၀၀) ကျော် ပေးပို့ကြသည်အထိ အားပေးကြပါသည်။ ဗမာ့ခေတ်က စောင်ရေ (၂၀,၀၀၀) ကျော်ရှိသော ခေတ်ကထက် ကြေးမုံမှာ ပိုပြီး လွတ်လပ်စွာ ရေးနိုင်သဖြင့် ပိုပြီး အောင်မြင်ခဲ့ပါသည်။ အောင်ဗလဆောင်းပါးပါသည့် နေ့များတွင် အမြဲ စောင်ရေ (၅၀၀) တိုးပို့ပါဟု မန္တလေးကိုယ်စားလှယ်က ပုံသေမှာကြားထားကြသည်။ အလားတူပင် မော်လမြိုင်၊ ပုသိမ်၊ မြိတ် စသော မြို့ကြီးများကပါ တမူပါသည့်နေ့တိုင်း စောင်ရေပိုပို့ရန် မှာထားလေရာ တင်မောင်က ဆောင်းပါးမှန်မှန်မရေးလျှင် မန်နေဂျာက မျက်နှာမကြည်ခဲ့သည်ကို ခံခဲ့ရသည်။

တင်မောင်အား ဖမ်းဆီးသောနှစ်က မွေးနေ့ဆုတောင်း သဝဏ်လွှာများ စာတိုက်မှ ပို့ကြရာ များပြားလွန်းသဖြင့် စာတိုက်မှ (၃) တင်းဝင် ဂုန်နီအိတ်နှင့် (၂) လုံးထည့်ကာ ပို့ပေးသည်။ ဤတွင်မှ စစ်စုံထောက်များက တင်မောင်၏ ပရိသတ်အင်အားကို သိရှိကာ လန့်ဖျပ်သွားသည်ဟု သိရသည်။

မြန်မာစာဖတ် ပရိသတ်သည် အခြားနိုင်ငံမှ ပရိသတ်ထက် အယ်ဒီတာ၊ စာရေးဆရာ

တို့ထံ စာရေးရန် ဝါသနာထုံကြပါသည်။ ပိုပါသည်။ စာဖတ်သူနှင့် စာရေးသူတို့ စာချင်းဆက်သွယ် ကူယှက်ကြလေ့ရှိကြသည်။ နိုင်ငံရေးကိစ္စ၊ စာပေရေးရာ ကိစ္စများကို စာချင်းဆက်သွယ်ကြရာမှ သဒ္ဓါလွန်သွားကြသည့် ဇာတ်လမ်းအများ ရှိလေသည်။

ဆရာဇဝန၏ 'ဤရုပ်ပါ'ဝတ္ထုသည် သူ၏ တကယ့်ဖြစ်အပျက်ဇာတ်လမ်းဟု ဆိုပါသည်။ စာရေးဆရာတဦးထံမှ စာပေဝါသနာရှင်ကလေးက စာနှင့် ဆယ်သွယ်ခင်မင်ခဲ့ကြသည်။ နယ်မှ စာမိတ်ဆွေ ရန်ကုန်သို့ ဆင်းလာသောအခါ ရုပ်ဆိုးလှသူ စာရေးဆရာက လှချောမိတ်ဆွေကို အစားထိုးပြီး တွေ့စေရာက ကိုရုပ်ချောနှင့် ချစ်ကြတော့မလို ဖြစ်သွားသည်။ ကိုရုပ်ဆိုးသည်သာ မူလစာရေးနေသူ စာရေးဆရာ ဖြစ်သည်ကို အမျိုးသမီးကသိတော့မှ ရုပ်ကိုချစ်တာမဟုတ်ဘူး၊ စာကိုချစ်တာပါဟု ပြောပြီး စာရေးဆရာကိုရုပ်ဆိုးနှင့် ပျော်ရွှင်စွာ ပေါင်းသင်းကြလေသတည်းဟု ဖွဲ့နွဲ့ရေးထားသည်။ ဆရာနှင့် ဆရာကတော်တို့၏ အဖြစ်မှန်ဟု ဆိုပါသည်။

မြန်မာ့အလင်း အယ်ဒီတာချုပ် ဦးချစ်မောင်ထံ ဆောင်းပါးရှင် ဒေါ်မမလေးက စာရေးဆက်သွယ်ရာမှ ခင်မင်ရင်းနှီးကြပြီး လက်ထပ်ဖြစ်ခဲ့သည်။

တနေ့တွင် တင်မောင်ထံသို့ ရှမဝမှတဆင့် စာတစောင်ရခဲ့သည်။ မန်းတက္ကသိုလ်မှ ကျောင်းသူတဦးက တင်မောင်၏ ပြဇာတ်စာအုပ်ကို ကြိုက်နှစ်သက်လှပါသည်ဟု စာရေးသည်။ တင်မောင်က သူပြုမြဲအတိုင်း ကျေးဇူးတင်ကြောင်း စာပြန်ရာက စာဆက်အသွယ်ဖြစ်ခဲ့ကြသည်။ သူက မြန်မာစာကျောင်းသူဖြစ်ပြီး မဟာဝိဇ္ဇာဘွဲ့အတွက် ပြဇာတ်စာပေစာတမ်းပြုစုရန် ကူညီပါဟု မေတ္တာရပ်သဖြင့် ကူညီရင်း စာအဆက်အသွယ် တိုးများလာခဲ့သည်။ စာချင်းရင်းနှီးလာကြသောအခါ ဝါသနာတူသူအချင်းချင်း စာအားဖြင့် ရင်းနှီးရသည့် အရသာကကြီးသည်။ နေ့စဉ် စာရှည်ကြီး နှစ်စောင်နှုန်း ရေးမိကြသည်အထိ ခင်မင်လာကြသည်။

မန္တလေးတွင် စာမတတ်သူများ ပပျောက်ရေး လှုပ်ရှားလှုံ့ဆော်ရေး လူထုအစည်းအဝေးကြီး ကျင်းပသောအခါ ပညာရေးဝန်ကြီး ဒေါက်တာညီညီ၏ အဖွဲ့နှင့် လိုက်သွားရင်း လမ်းကြုံသဖြင့် တက္ကသိုလ်မှာ စာမိတ်ဆွေ ကျောင်းသူကလေးကို သွားတွေ့မိသည်။ မဖျော်လင့်ဘဲ ချောမောလှပသူကလေး ဖြစ်နေသည်ကို တွေ့ရသဖြင့် ရှုပါရုံ ဖမ်းစားကာ လန့်ဖျပ်သွားမိပါသည်။ တင်မောင်အဖို့ လွတ်လပ်သူဖြစ်စေကာမူ အသက်ကလည်း ကွာလှမ်းလွန်းသောကြောင့် ဆရာတပည့်ရိုးရိုးခင်မင်သင့်ကြသည်မှာ ကောင်းသည်ဟု စိတ်ကို ထိန်းခဲ့ရသည်။ မောင်ကြီး နှမကြီးအဖြစ် နှုတ်ဆက်ပြီး ပြန်ခဲ့မိသည်။

တင်မောင်က ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ခြေရာကို နင်းလိုသူဖြစ်ပါသည်။ အသက်ကြီးရင့်လာသောအခါ၌ ဆရာကြီးက သတင်းစာဆရာတို့၏ ဘိုးအေအဖြစ် ရပ်တည်ခေါင်းဆောင်သကဲ့သို့ သူ၏ နေရာကို ရယူလိုပါသည်။ စာပေဝါဒအားဖြင့် မှန်ကန်ခြင်း သစ္စာတရားသာ အဓိကထားပြီး ရေးခဲ့ရုံသာမက စာရိတ္တအားဖြင့် ဆရာကြီးကဲ့သို့ ဖြူစင်အောင် ထိန်းသိမ်းပါသည်။ အရက်၊ ဆေးလိပ်ကင်းခဲ့သူ ဖြစ်သည်။ ဆရာကြီး၏ဇနီး ကွယ်လွန်စဉ်က တပင်လဲမှ တပင်ထူရန် မိတ်ဆွေများက ဟိုက်တွန်းကြသည်ကို "တသက်တခါသာ မိုက်တော့မယ်ကွာ" ဟု ဆရာကြီးက ပြောပြီး အိမ်ထောင်မှု သံယောဇဉ်ဝဲဂယက်က လွတ်အောင် ရုန်း





ထွက်သည်ကိုလည်း အားကျခဲ့သောကြောင့် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အပေါင်းပါများက မျက်ဆီးသဖြင့် ပျက်စီးခဲ့ရသည့် အိမ်ထောင်အတွက် အသစ်ထူထောင်မှုမပြုတော့ဘဲ တသက်တွင်တခါသာ မိုက်တော့မည့် ဆုံးဖြတ်ချက်ရှိခဲ့ပါသည်။

ယခု စာဖတ်ပရိသတ်သိကြသည့်အတိုင်း တင်မောင် သီလပျက်ခဲ့ပါသည်။ စာပေမိတ်ဆွေကလေးနှင့် ရင်းနှီးသည်ထက် ပိုမိုရင်းနှီးလာကြသောအခါ "အဲလေ... ဆရာမှိုင်းကြီးက ငါတွေ့သလို ရုပ်ရည်ချောမောလှပပြီး စာပေဝါသနာတူတဲ့ အမျိုးသမီးကို မတွေ့လို့သာ ရှောင်နိုင်တာပါ။ ငါလို ကြုံလျှင် ဆရာကြီးလည်း မိုက်မှာပါပဲ" ဟု သွားလေသူ ဆရာကြီးကို မဆီမဆိုင် ခလုတ်တိုက်ပြီး အိမ်ထောင်ပြုလိုက်ပါသည်။ အေးလေ... မိုက်လိုက်ပါတယ်။

အိမ်ထောင်သက် နှစ်ပေါင်း အစိတ်ကြာသောအခါတွင်မူ အရွယ်မညီသော်ငြားလည်း ဝါသနာညီသောကြောင့် အိမ်ထောင်ရေး ခိုင်မြဲခဲ့သည်ကို တွေ့ရပါသည်။ ဂျာနယ်ကိစ္စ၊ နိုင်ငံရေးကိစ္စတို့တွင်ပါ အထောက်အကူရရှိသည့် အိမ်ရှင်မ၏ အကူကြောင့် လုပ်ငန်းများ ပိုမိုတွင်ကျယ်လေသဖြင့် 'ဆရာမှိုင်းကြီး မှားရှာတယ်။ လူဆိုတာ အဖော်ရှိမှ ပိုမိုအောင်မြင်တယ်' ဟုပင် တွေးမိပါတော့သည်။

• • • • •

## (၄၀)

## ဒေါက်ဖြုတ်ကြီး ဒု-ညွှန်ကြားရေးမှူး

အလုပ်ဝင်ပြီးနောက် မကြာမီတွင် အစိုးရပိုင်လုပ်ငန်းများကို စီးပွားရေးဆန်ဆန် ဖွဲ့ရန် အစိုးရက လမ်းစဉ်ချမှတ်သဖြင့် သတင်းစာကော်ပိုရေးရှင်းပေါ်လာသည်။ ဆရာတက်တိုးက ညွှန်ကြားရေးမှူးချုပ်ဖြစ်လာပြီး တင်မောင်အား သတင်းဆိုင်ရာ ဒု-ညွှန်ကြားရေးမှူး ခန့်ထားသည်။ တင်မောင်တို့ သတင်းစာဆရာများကို လွှတ်မပေးပေ။ သူတို့အား စောင့်ကြည့်ရန် ရေတပ်ဗိုလ်မှူးတဦးကို အုပ်ချုပ်ရေးဆိုင်ရာ ဒု-ညွှန်ကြားရေးမှူးအဖြစ် ခန့်ထားလေသည်။

ဆရာတက်တိုးက စာများများရေးရန်သာ အမြဲကြိုးစားသူဖြစ်သည်ကြောင့်တကြောင်း၊ တင်မောင်၏ စာရိတ္တနှင့် အရည်အသွေးကို စိတ်ချသောကြောင့်တကြောင်းတို့ကြောင့် အလုပ်တာဝန်များတို့ကို ပုံလွှဲပေးသဖြင့် သတင်းစာများ တိုးတက်ကောင်းမွန်ရေးကို အသင့်အတင့် လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် တင်မောင်၏ အရေးကြီးသည့် တာဝန်ကြီးတရပ်မှာ 'ဒေါက်ဖြုတ်' အလုပ်ဖြစ်သဖြင့် ရံဖန်ရံခါတို့တွင် စိတ်မချမ်းသာဖြစ်ရသည်။

စစ်အစိုးရစစ်ဗိုလ်များ၏ စိတ်ကြိုက်သတင်းစာထုတ်ရသည်မှာ မလွယ်ပါ။ ဇာတ်ပွဲထဲမှ မင်းသားရှူးကို ခစားရသည့်အမတ်ကဲ့သို့ မင်းလိုလိုက် မင်းကြိုက်ကို ဆောင်ရွက်ရသည်မှာ များစွာခက်ခဲပါသည်။ စစ်ဗိုလ်များက အာဏာထက်သည်။ အယ်ဒီတာတဦးတယောက်၊ တစုံတခု အမှားပြုလုပ်သည်ဟု ထင်ကြေးရှိသည်နှင့် ထိုသူကို "ဖြုတ်ပစ်လိုက်" ဟု အမိန့်ပေးလိုက်လေ့ရှိသည်။ အမိန့်အရ ဖြုတ်ရသည်မှာ တင်မောင်တယောက်ဖြစ်နေသဖြင့် တင်မောင်၏ တာဝန်တရပ်မှာ ကြိုးစင်ဒေါက်ဖြုတ်ရသည့်အလုပ်ဖြစ်နေသည်။

တနေ့တွင် လွှတ်တော်အစည်းအဝေး၌ နိုင်ငံ၏ ဘတ်ဂျက်ငွေစာရင်းကို တင်သွင်း အတည်ပြုစဉ်တွင် နိုင်ငံတော် သမ္မတကြီး ဦးနေဝင်းအတွက် အသုံးစရိတ်များကို အသေးစိတ် ဖော်ပြထားပါသည်။ တောင်ရှည်ပုဆိုးဝယ်ရန် ကျပ် (၂,၀၀၀)... စသည်ဖြင့် သမ္မတအတွက် သုံးလေသမျှကို စာရင်းတင်သည်ကို ပြည်သူ့လွှတ်တော်က အဖြတ်အတောက်မရှိ အတည်ပြုလိုက်ပါသည်။ ပြန်ကြားရေးဝန်ကြီးဖြစ်သူ ဗိုလ်မှူးကြီးလွင်က တင်မောင်ထံ ဖုန်းဆက်ပြီး "ဒီစရိတ်အသေးစိတ်တွေ အသေးစိတ် ရေးတာကို သမ္မတကြီး ကြိုက်မှာမဟုတ်ဘူး။ သတင်းစာတွေမှာ မပါစေနဲ့ ပိတ်လိုက်ပါ" ဟု အမိန့်ပေးပါသည်။ ဝန်ကြီးအမိန့်ကို တင်မောင်က ပြည်သူပိုင်သတင်းစာ အယ်ဒီတာချုပ်ကြီး (၇) ဦးတို့ထံ ထပ်ဆင့်ပြောကြားရပါသည်။

နောက်တနေ့တွင်မှ ကြေးမုံသတင်းစာ၏ လွှတ်တော်သတင်းတွင် နိုင်ငံတော် သမ္မတကြီး၏ အသုံးစရိတ်တောင်ရှည်ပုဆိုးဖိုး ကျပ် (၂,၀၀၀) ရော၊ ဧည့်ခံစရိတ်ပါအတိအကျ





ပုံနှိပ်ဖော်ပြထားသည်ကို တွေ့ရသည်။ နံနက် (၇) နာရီတွင် ဗိုလ်မှူးကြီးလွင်က ဖုန်းဆက်ပြီး "ဘယ်လိုဖြစ်တာလဲ သမ္မတကြီးက ဒီသတင်းကို တွေ့ရင် ကျုပ်ကို ဘယ်လိုပြောမယ်မသိဘူး" ဟု စိုးရိမ်သံနှင့် ပြောပါသည်။ "ဒီနေ့ နံနက် (၉) နာရီမှာ ရုံးကိုလာပြီး အသေးစိတ်အစီရင်ခံပါ" ဟု အမိန့်ပေးပါသည်။

အစိုးရအရာရှိတိုင်း ထူထဲသော နေ့စဉ်မှတ်တမ်းစာအုပ်ကြီးများကို ဆောင်ကြရပါသည်။ ဝန်ကြီးထံမှ 'အမိန့် လာနေ့ (၂) နာရီ၊ ကြေးမုံအယ်ဒီတာချုပ် ဦးလှကွန်းသို့ ပြောချိန် (၂.၁၅) နာရီ'...စသည်ဖြင့် အသေးစိတ်မှတ်ထားရသဖြင့် တင်မောင်တွင် တာဝန်မရှိပါ။

ဦးလှကွန်းထံသို့ ဖုန်းဆက်မေးသောအခါ "ကိုယ်ညက နယ်လွန်နေတယ်၊ တိုက်ကို ပြန်မရောက်ဘူး။ ဒု-အယ်ဒီတာချုပ် ကိုမြတ်သူလည်း သတင်းပိတ်တဲ့ အမိန့်ကို သိပြီးမို့ စိတ်ချခဲ့မိတယ်။ ကြည့်လုပ်လိုက်ပါ ကိုယ့်လူရေ" ဟု ဖြေ၏။

ဝန်ကြီးက နံနက် (၈) နာရီတွင် ဖုန်းဆက်ပြန်သဖြင့် သူ၏ ရုံးသို့ မသွားရတော့ပါ။ "ဒီသတင်းမပါစေနဲ့လို့ ပြောခဲ့တယ်ဆိုတော့ အယ်ဒီတာချုပ်မှာ တာဝန်ရှိတယ်။ သူ့ကို ဒီနေ့က စပြီး ရာထူးက ဖြုတ်လိုက်ပါ" ဟု အမိန့်ပေးပြီး တယ်လီဖုန်းကို ချသွားပါသည်။

ကြေးမုံအယ်ဒီတာချုပ် သခင်လှကွန်းမှာ အစစ်အဆေးမရှိ၊ အယူခံမရှိ၊ စက္ကန့်မဆိုင်း ရာထူးပြုတ်ရရှာပါသည်။ အယ်ဒီတာချုပ်ရာထူးမှာ ညွှန်ကြားရေးမှူး ရာထူးအဆင့်တွင် ရှိသဖြင့် အစိုးရစက်ယန္တရားတွင် နံပါတ် (၂) ရာထူးဖြစ်ပါသည်။ စစ်တပ်က စိတ်ချရသည့် သူများကိုသာ ခန့်ထားမြဲဖြစ်သည်။ ဖြုတ်လိုသည့်အခါတွင် ခြင်ကောင်၊ ယင်ကောင်ကို သတ်သကဲ့သို့ အလွယ်တကူ ဖယ်ရှားလေ့ရှိပါသည်။ ဤသို့ပင် အယ်ဒီတာချုပ်အများအဖို့ 'ထိကနဲ' အဖြုတ်ခံရလေ့ရှိပါသည်။ ဆရာဇဝန၊ ဆရာ ဦးခင်မောင်လတ်၊ ဗိုလ်တထောင် အယ်ဒီတာချုပ် ဗိုလ်ထိန်လင်း၊ ဆရာကြီး ရွှေဥဒေါင်း၊ ဟံသာဝတီ ဦးဝင်းတင်နှင့် ဆရာကိုမြတ်သူတို့ကိုလည်း ဤနှယ် ဖယ်ရှားခံခဲ့ကြရသည်။

သခင်လှကွန်းပြုတ်ရသည်မှာ မိုင်းဗုံးထောင်သည်ကို ခံရသည်ဟု ဆိုပါ၏။ ဒု-အယ်ဒီတာချုပ် ကိုမြတ်သူက သတင်းပိတ်သည့်အမိန့်ကို သိပါလျက်နှင့် တမင်ပုံနှိပ်သည်ဟု သိရပါသည်။

သူ၏ လုပ်ကြံမှုက အောင်မြင်ပါသည်။ ချက်ချင်း ရာထူးတက်ပြီး ကြေးမုံအယ်ဒီတာချုပ်ရာထူးကို ဆက်ခံရပါသည်။ ထုံးစံအတိုင်း သူ့ခမျာလည်း သက်ဆိုးမရှည်ပါ။ သူ့ကိုလည်း စစ်တပ်က ဖြုတ်ချခဲ့သည်။ နောက်တကြောင်းရှိသေးသည်။ သခင်လှကွန်းက စစ်ဗိုလ်ကတော် ဟောင်း မုဆိုးမကလေးတဦးနှင့် ငြိတွယ်နေသည်ကို စစ်ဝံ့ထောက်ကြီးက တေးထားသောကြောင့် အမှားတွေ့သည်နှင့် အပျောက်ရှင်းလိုက်သည်ဟုလည်း သိရပါသည်။ သူတို့က ဗိုလ်ကတော်ကျများကို အရပ်သားအရာရှိများနှင့် ငြိကြလျှင် များစွာ စိတ်ဆိုးလေ့ရှိပါသည်။

နောက်တမှုက ပိုပြီး ဇာတ်နာပါသည်။ တနေ့တွင် ဝန်ကြီးရုံးမှပြန်လာသည့် ညွှန်ကြားရေးမှူးချုပ် ဆရာတက်တိုးက မြဝတီအယ်ဒီတာချုပ် ဦးထွန်းလွင်ဟု ရေးထားသော စာရွက်ကလေးကို ပေးပြီး "ဒီကောင်ကို ရာထူးကဖြုတ်တဲ့ အမိန့်ထုတ်လိုက်ကွာ" ဟု ပြောသည်။ ဒီလူ -လူကောင်း-လူအေး အမှုထမ်းသက်လည်း ကြာပြီ" ဟု တင်မောင်က ဓာဒကတက်သော

အခါ ဆရာက "ဟော့ကောင်– နိုင်းတာလုပ်ပါကွာ။ ဒီကောင် လူကောင်းဆိုတာ မင့်ထက်ငါ သိတယ်ကွ" ဟု စိတ်မကောင်းသဖြင့် စိတ်တိုနေသည့်အသံနှင့် ဆူရှာပါသည်။

ဆရာက စာအုပ်တအုပ်ပေးဖတ်ပါသည်။ ဦးထွန်းလွင်၏ဇနီး ယုဝတီမာလာသိန်း ရေးသော ဝတ္ထုဖြစ်ပါသည်။ ပုဂ္ဂိုလ်ကြီးတဦး ဇနီးကွယ်လွန်သောကြောင့် နောက်အိမ်ထောင်ပြုရာ၌ သမီးငယ်များကို မိထွေးက နှိပ်စက်သည်ဟု ဇာတ်လမ်းဖွဲ့ထားသည်။ ခေါင်းဆောင်ကြီး ဦးနေဝင်းက ဒေါ်နီနီမြင့်နှင့် အိမ်ထောင်သစ်ထူသဖြင့် 'သမီးများက မကြည်ကြတာကို စောင်းမြောင်းရေးထားတာ ဖြစ်နိုင်တယ်။ ဒီဝတ္ထုကို ဦးနေဝင်း၊ ဒေါ်နီနီမြင့်တို့ မြင်လျှင် စိတ်မကောင်းဖြစ်ကြမယ်' ဟု စစ်ဗိုလ်ဝန်ကြီးက ယူဆသောကြောင့် စာရေးဆရာမ၏ ခင်ပွန်းကို ရာထူးက ဖြုတ်စေသည်ဟု သိရပါသည်။ "ဒီစာအုပ်ကို ဆင်ဆာအဖွဲ့က ခွင့်ပြုလို့ ပုံနှိပ်တာပါ။ မာလာသိန်းနဲ့ ကိုထွန်းလွင်အိမ်ထောင်သက်က နှစ် (၂၅) ကျော်ပါပြီ။ မယားက ဝတ္ထုရေးတာကြောင့် လင်ကို ရာထူးကဖြုတ်တယ်ဆိုတာ မတရားပါဘူး။ ဇာတ်ကွက်တူတိုင်းသာ အရေးယူရမယ်ဆိုရင်..." တင်မောင်က အယူခံသောအခါ စကားဆုံးအောင်ပင် မပြောရပါ။ ဆရာက ကရုဏာဒေါသောနှင့် ဆူတော့သည်။ "တော်ကွာ–မင်းငါခိုင်းတာလုပ်ရင်လုပ်၊ မလုပ်ရင် မင့်ကို ငါက ဖြုတ်မယ်ကွ" တဲ့။ နောက်ဆုံးတွင် ကိုထွန်းလွင်အား ရာထူးမှ ဖြုတ်မိန့်ထုတ်ပေးရပါသည်။

တင်မောင်ဖို့ အစိုးရအမှုထမ်းများကိုသာမက ဗိုလ်ချုပ်ကြီးနှင့် စစ်ဗိုလ်ကြီးများက မလိုလားသော နိုင်ငံခြားသတင်းထောက်များကိုလည်း နှင်ထုတ်ပေးခဲ့ရပါသည်။ နိုင်ငံခြားသတင်းဌာနများတွင် လုပ်ကိုင်သည့် မြန်မာနိုင်ငံသား သတင်းထောက်များကိုလည်း ခေါက်ဖြုတ်ပေးရလေ့ရှိပါသည်။

ရန်ကုန်၌ရုံးဖွင့်ကြသည့် နိုင်ငံခြားသတင်းထောက်များကို တဦးပြီးတဦး နှင်ခဲ့သည်။ အေပီအမေရိကန်သတင်းထောက်ကို ပထမနှင်ပါသည်။ ရိုက်တာတွင်လုပ်ကိုင်သူ မက်ဂရစ်ဆိုသူသည် မြန်မာကပြားဖြစ်ပါလျက် နှင်ထုတ်သောကြောင့် လန်ဒန်မှာပင် ခေါင်းချရရှာသည်။ ပြင်သစ်သတင်းကိုယ်စားလှယ်သည် ကြားနိုင်ငံမှ ဖြစ်သည်။ မြန်မာသတင်းကို ဝေဖန်ချက်မပါဘဲ ရေးသဖြင့် အကြာဆုံးနေရပါသည်။ နောက်ဆုံးတွင် သူ့ကိုလည်း နှင်လိုက်သဖြင့် နိုင်ငံခြားသတင်းထောက်အားလုံးတို့သည် ဒေသခံမြန်မာများ ဖြစ်လာကြပါသည်။

တနေ့တွင် ၃–ဝန်ကြီးက တင်မောင်အား ခေါ်ပြီး ထိပ်တန်းလျှို့ဝှက်ဖိုင်ကြီးတခု ပေးပါသည်။ "ထိပ်တန်းလျှို့ဝှက်" ဟု ရေးထားစေကာမူ သတင်းစာလောကတွင် လူတိုင်းသိနေသည့်ကိစ္စ၊ မထူးသတင်းဖြစ်နေပါသည်။ ရိုက်တာသတင်းထောက် ကိုမင်းသူသည် အရက်မူးလျှင် လူကြီးလူငယ်မရှောင် ဆဲရေးတိုင်းထွာသည်ဟု စစ်စုံထောက်အစီရင်ခံစာတွင် နေရာ၊ နေ့ခွဲနှင့်တကွ ရေးထားသည်။ ဒါဘာဖြစ်သလဲ ဝန်ကြီး၊ ဒီ်ငနဲက ဒီလိုပဲ ရမ်းတာကို လူတိုင်းသိပါတယ်။ သတင်းထောက်တွေက သူ့နဲ့အတူ အရက်မသောက်ဘဲ ရှောင်ကြပါတယ်" ဟု တင်မောင်က ပြောလျှင် "ဝန်ကြီးနှစ်ဦးက သူ့ကိုကို ဆဲရေးတိုင်းထွာတယ်လို့ ဝန်ကြီးကို တိုင်တယ်ဗျ" ဟု ပြောပါသည်။

တင်မောင်က ပြန်ပြောပါသည်။ "အလွယ်ကလေးပါ၊ သူ့နဲ့ အရောမဝင်နဲ့၊ သူ့နဲ့အတူ





အရက်မသောက်နဲ့ပေါ့။ ကျနော်ဆိုရင် အရက်မသောက်တော့ ကိုမင်းသူ ဆဲတာ တခါမှ မခံရဖူးပါ"

"ကျုပ်က ၃–ဝန်ကြီးဗျ၊ ဝန်ကြီးတွေကို ဒီလူနဲ့ အရက်မသောက်ပါနဲ့လို့ မပြောဝံ့ဘူး" ဟု ၃–ဝန်ကြီးက ပြောပြီး "ဝန်ကြီးက အမိန့်ချပြီးပြီ၊ ဒီလူကို ဖယ်ပေးပါ" ဟု တချက်လွှတ်အမိန့်ပေးတော့သည်။

အစိုးရဝန်ထမ်းမဟုတ်သည့် နိုင်ငံခြားသတင်းဌာန ဝန်ထမ်းကို ရာထူးမှ ဖြုတ်ရသည်မှာ လက်ဝင်သည်။ ပထမအင်္ဂလိပ်သံရုံးမှ ပြန်ကြားရေးအတွင်းဝန်အား ရုံးသို့ဖိတ်ပြီး ရိုက်တာသတင်းထောက် ကိုမင်းသူကို သတင်းထောက်လုပ်ပိုင်ခွင့် ပိတ်မည်ဖြစ်ကြောင်း ပြောရသည်။ ထိုအခါ "ဘာကြောင့် ပိတ်တာလဲ" ဟု အကြောင်းရင်းကို သူကမေးပါသည်။ ကိုမင်းသူတယောက် နိုင်ငံတော်သစ္စာဖောက်မှုကြီးကို ကျူးလွန်နေလေသယောင်ယောင် မ–ချ–ရာ ပြောရပါသည်။

အင်္ဂလိပ်သံရုံးက လက်ခံမှ သတင်းဌာန၏ ကိုယ်စားလှယ်ရှေ့နေကို ခေါ်ပြောပြီး ပြောရပါသည်။ သတင်းထောက်သစ်အလိုရှိကြောင်း ကြေညာစေပြီး လျှောက်ထားသူများထဲမှ တဦးကို စစ်စုံထောက်ရုံးနှင့် ညှိပြီး သဘောတူကြောင်း အတည်ပြုပေးရပါသည်။

ကိုမင်းသူနှင့် ပုလင်းတူ ဘူးဆို့သောက်မိကြသောကြောင့် အရက်ဝိုင်းတွင် အဆဲခံကြရသူ စစ်ဗိုလ်ဝန်ကြီးနှစ်ပါးက ထိပ်တန်းလျှို့ဝှက်အဖြစ် တိုင်သည်ဖြစ်သောကြောင့် ကိုမင်းသူကို ဖြုတ်ခဲ့ရသည်ကို မသိကြပါ။ အဘယ်ကြောင့်ဖယ်ခဲ့သည်ဟူသည့်အဖြေကို စာနယ်ဇင်းလောကက မသိကြသဖြင့် အမျိုးမျိုးတွေးကြပါသည်။

ကိုမင်းသူကိုယ်တိုင်ကလည်း သူ့အား အဘယ်ကြောင့် သတင်းထောက်လိုင်စင်ဖြုတ်ရသည်ကို မသိရှာသဖြင့် သူ၏ အမှုကို ဆောင်ရွက်သူ တင်မောင်အား ငြိုးပါသည်။ အရက်ကျိုး ကိုမင်းသူက ဆဲရေးသည်ကို ရှေးက တခါမှ မခံခဲ့ရသော ဒေါက်ဖြုတ်ကြီးတင်မောင်အဖို့ ကိုမင်းသူတယောက် အရက်မူးလေတိုင်း တယ်လီဖုန်းဆက်ပြီး ဆဲရေးသည်ကို အမြဲခံရရှာပါတော့သည်။

• • • • •

# (၄၁)

## အစည်းအဝေး၊ အစည်းအဝေးနှင့် အစည်းအဝေး

တော်လှန်ရေးအစိုးရနှင့် မဆလ အစိုးရခေတ်တွင် အစည်းအဝေးများ၊ ညီလာခံများ လွန်စွာပေါလှသည်။ လူထုလူတန်းစား စည်းရုံးရေးနှင့် နိုင်ငံတော်ကို ခေါင်းဆောင်နေသော ကြောင့် အစည်းအဝေးများသည် အရေးကြီးသည်ဟု ဆိုပါ၏။ အလုပ်သမားကောင်စီ၊ လယ်သမားကောင်စီ၊ သမဝါယမကောင်စီ စသော ပြည်လုံးကျွတ်အစည်းအဝေးကြီးတွေ အမြဲကျင်းပပါသည်။ ထိုအစည်းအဝေးကြီးများသို့ သတင်းစာဆရာများနှင့် ဝန်ကြီးဌာနများမှ အကြီးအကဲများ တက်ရောက်နားထောင်ကြရပါသည်။ လေ့လာစေပါသည်။

ထိုအစည်းအဝေးများတွင် နံနက်စာနှင့် ညနေလက်ဖက်ရည်ပွဲများကို အလျှံပယ် ကျွေးလေ့ရှိသည်။ အပြင်လောက၌ မစားရသည့် ငါးကြင်းဆီပြန်ဟင်းကို စားရလေ့ရှိသည်။ ဆီနစ်နေသည့် နှစ်ဝင်းဝါဝါ ငါးကြင်းသားဟင်းကို စာရေးသူ မမေ့နိုင်ပါ။ ယခုထက်တိုင် တောင့်တနေမိသည်။

ညီလာခံများအပြီးတွင် အောင်ပွဲအဖြစ် အိမ်တော်၌ သမ္မတကြီး ဦးနေဝင်းက ညစာစားပွဲ တည်ခင်းလေ့ရှိရာတွင် အရက်သေစာနှင့် ဧည့်ခံသောကြောင့် ပရိသတ်တို့မှ မူးနေသူက များပါသည်။ ထမင်းဟင်းများကို စားပွဲပေါ်တွင် တင်ထားပြီး ဘာသာယူကာ စားသောက်ကြစေရာ မူးယစ်နေသူတို့က များသဖြင့် လုယူစားသောက်ကြရသည်။ ဣန္ဒြေပျက်လှပါသည်။ ထမင်းပွဲ၊ ဟင်းပွဲတို့မှာလည်း ဖိတ်စင်ပေကျံသဖြင့် ကောင်းကောင်းစားရလေ့မရှိပါ။

အစည်းအဝေးကြီးများ၊ ညီလာခံကြီးများ၏ပြောဆိုချက်များ၊ ဆုံးဖြတ်ချက်များက စိတ်ဝင်စားဖွယ်မရှိပါ။ စကားပြောမည့် နယ်ကိုယ်စားလှယ်များက သူတို့ပြောလိုသမျှကို စာရေးတင်သွင်းရပါသည်။ စိစစ်ရေးအဖွဲ့က တည်းဖြတ်ပြီး ပြောစေပါသည်။ တနေကုန် ပြောသမျှကို သတင်းစာ၏ စာမျက်နှာ (၂) မျက်နှာခန့် တင်ကြိုကာ အကျဉ်းချုပ်ရေးပြီး အသင့်ပေးလေ့ရှိသဖြင့် သတင်းစာဆရာများ သွားရန်ပင်မလိုပါ။ ကိုယ်စားလှယ်တော်မင်းများကလည်း ပြောရန်ပင် မလိုပါ။ အားလုံးအသင့် ကြိုတင်ရေးထားပါသည်။ ထို့ကြောင့် တနေကုန်ထိုင်ရသည်မှာ ငြီးငွေ့ဖွယ်ကောင်းလှပါသည်။ "အေးလေ...အလုပ်ရုံးခန်းမှာ အလုပ်လုပ်နေရတာထက်တော့ ဇိမ်ကျတာပေါ့" ဟု ဆိုကြကာ စာရေးသူတို့တတွေ ကျေကျေနပ်နပ် တက်လေ့ရှိကြပါသည်။

စာရေးသူက အကြံအဖန်တမျိုးလုပ်ပါသည်။ ညီလာခံတက်တိုင်း စိတ်ဝင်စားစွာ နားထောင်ဟန်ဆောင်ရင်း ဝတ္ထုတအုပ်ကို ဖတ်လေ့ရှိပါသည်။ ဝတ္ထုစာအုပ်ကို ပါတီစာအုပ်





အဖုံးနှင့် ဖုံးထားကာ ဖတ်သဖြင့် ပါတီကိစ္စကို စွဲလမ်းစွာ လေ့လာနေသူ၏ အသွင်ကို ဖန်တီးယူရပါသည်။ နောက်ပိုင်းတွင် သတင်းစာဆရာများရော၊ ဌာနအကြီးအကဲတွေပါ အစည်းအဝေးသို့ ပါတီစာအုပ်ဖုံးနှင့် ဝတ္ထုများ ယူလာလေ့ရှိကြပါသည်။ စာဖတ်ဝါသနာပါသူ ဝန်ကြီးတဦးပင် စာရေးသူထံမှ ပါတီစာအုပ်ဖုံးထားသော ဝတ္ထုကို ငှားယူဖတ်ရှုလေ့ရှိပါသည်။ ပါတီစာအုပ်ကိုင်ထားသူကို မည်သူကမှ မေးခွန်းမထုတ်ရဲကြပါ။

အမှန်အားဖြင့် ညီလာခံကြီးများ၏ ဆုံးဖြတ်ချက်များကို အစိုးရလုပ်ဆောင်သည်မဟုတ်။ အစိုးရ၏ လုပ်ဆောင်ချက်ကို ညီလာခံကြီးများက ဆုံးဖြတ်ပေးရသည်သာ ဖြစ်သည်။ ညီလာခံကြီးများသည် ရုပ်ပြပွဲများသာ ဖြစ်ပါသည်။

စစ်အစိုးရ၏ လုပ်ဆောင်မှုမှန်သမျှတို့ကို ဝန်ကြီးများနှင့် စစ်အရာရှိကြီးများတို့၏ အစည်းအဝေးများ၌ တင်သွင်းပြီး ဆုံးဖြတ်ပြီးမှသာ လုပ်ဆောင်လေ့ရှိကြပါသည်။ ဝန်ကြီးများက အာဏာရှင်ကြီး ဦးနေဝင်းက ညွှန်ကြားသည့် အချက်များနှင့် ညွှန်ကြားသမျှ မပြုစေကာမူ စောင်းတော်ညိတ် စိတ်တော်သိရသော အချက်များကို စာရေးသူတို့ထံ ထပ်ဆင့် အမိန့်ပေးသည့်အခါများတွင်လည်း အစည်းအဝေးပုံသဏ္ဌာန်နှင့် အမိန့်ပေးလေ့ရှိပါသည်။

ရည်ရွယ်ချက်မှာ တခုခုမှားခဲ့လျှင်၊ တခုခုကို အာဏာရှင်ကြီးက မကြိုက်လျှင် ကျနော်မျိုးကြီးတဦးတည်း ဆုံးဖြတ်တာမဟုတ်ပါ။ အစည်းအဝေးနှင့် ဆုံးဖြတ်တာပါဟု ခံရမည့်အပြစ်ဒဏ်ကို ဝေငှပေးသည် ဖြစ်ပါ၏။ အပြစ်ရှိ၍ အရေးယူလျှင် အနည်းငယ်သက်သာသည်။

စာရေးသူအဖို့ နေ့စဉ် နံနက် (၉) နာရီတွင် ဝန်ကြီးရုံးကို သွားပြီး ဝန်ကြီး၊ ဒု-ဝန်ကြီးနှင့် စည်းဝေးရပါသည်။ နံနက်က ထွက်ခဲ့သော သတင်းစာ (၇) စောင်တွင် သူတို့မကြိုက်သည်များ နောက်တနေ့ ထွက်မည့် သတင်းစာများ၌ ဆောင်သင့်၊ ရှောင်သင့်သည့် အချက်များတို့ကို နာခံမှတ်သားရပါသည်။

နံနက် (၁၀) နာရီတွင် စာရေးသူ၏ ရုံးခန်း၌ အယ်ဒီတာချုပ်များ၏အဖွဲ့ အစည်းအဝေး ထိုင်ကြရသည်။ ထိုအခါ၌ ဝန်ကြီးများ၏ မှာကြားချက်ကို အဆင့်တင်ပြရပါသည်။ တဖန် အယ်ဒီတာချုပ်များက ဝန်ကြီးများထံ တင်လိုသော အချက်များကို မှတ်သားရပြန်ပါသည်။ တကယ့်တကယ်တော့ အယ်ဒီတာချုပ်များသည် ဝန်ကြီးနှင့် တိုက်ရိုက်တွေ့ဆုံခြင်း၊ ဖုန်းဆက်ခြင်း ပြုကြပါသည်။ အများရှေ့တွင် မှတ်တမ်းတင်စေလိုသည့် ကိစ္စများကိုသာ တင်ပြကြပါ၏။ သို့မှသာ စာရေးသူ၏ ခွေးရေပုရပိုက်ကြီးတွင် အစည်းအဝေး၏ ဆုံးဖြတ်ချက်အဖြစ် မှတ်တမ်းကျန်ရစ်မည်ဖြစ်ရာ ပြဿနာပေါ်လျှင် တစုတရုံးတည်း တာဝန်ခံကြရမည် ဖြစ်ပါသည်။

နေ့စဉ် အယ်ဒီတာချုပ်အစည်းအဝေးများတွင် နောက်တနေ့သတင်းစာအတွက် ပုံနှိပ်မည့် ခေါင်းစဉ်ကြီးများ၊ ဆောင်းပါးများတို့ကို တင်ပြအတည်ပြုကြရပါသည်။ အရေးကြီးသည့် အယ်ဒီတာထံပေးစာ၊ လူထုအော်သံနှင့် ကြော်ငြာကစပြီး 'တင်ပြကာ အများသဘောဟု အတည်ပြုဆုံးဖြတ်ကြရပါသည်။ နေ့ (၁) နာရီတွင် ဝန်ကြီးရုံးကို ထပ်သွားပြီး နောက်တနေ့လျှင် ဖော်ပြမည့် တမူများ၏ အကြောင်းကို အကျဉ်းတင်ပြပြီး အတည်ပြုရန်ပြန်ပါသည်။ ဤကဲ့သို့ အားလုံး ဘေးကင်းကြစေရန် အကြိမ်ကြိမ်စိစစ်ပုံနှိပ်သော သတင်းစာများကို လူထုက စိတ်ဝင်စားမှုမရှိသည်မှာ မဆန်းပါ။ ဝန်ကြီးများက အယ်ဒီတာချုပ်များကို ညွှန်ကြားသည်တို့မှာ

တပ်ကြပ်ကြီးဟောင်း မည်သူမည်ဝါကို သင့်လျော်သည့် အလုပ်ရှာပေးပါ။ မည်သူ့ကို သတင်းစာကိုယ်စားလှယ်ခန့်ပါ စသည်ဖြင့် သူတို့၏ တပည့်သားမြေးများ၊ စစ်မှုထမ်းဟောင်းများကို အခွင့်အရေးပေးရန် စေခိုင်းသည်တို့က များပါသည်။

စစ်တပ်အစိုးရ၏ ဂုဏ်သိက္ခာအတွက် အမိန့်များလည်း ပေးပါသည်။ ဥပမာ–မြန်မာနိုင်ငံအစိုးရထံသို့ ဘိန်းလုပ်ငန်းနှိမ်နင်းရေးအတွက် အမေရိကန်က ပေးထားသော ရဟတ်ယာဉ် (၁၈) စီးရှိပါသည်။ ထိုရဟတ်ယာဉ်များကို နယ်စပ်ဒေသမှ လူမျိုးစုသူပုန်များကို နှိမ်နင်းရေးအတွက် အသုံးပြုနေသည်ကို တစွန်းတစမှ သတင်းစာတွေထဲ မပါရဟု ညွှန်ကြားပါသည်။

ဘိန်းနှိမ်နင်းရေးအတွက် အမေရိကန်က ပေးသော ထိုရဟတ်ယာဉ်များကို စစ်ဗိုလ်ဝန်ကြီးများ နယ်ဒေသများသို့ ခရီးထွက်ရာတွင်လည်း အများအပြား သုံးကြသောကြောင့် ဝန်ကြီး ဗိုလ်မှူးကြီး မည်သူ မည်သည့်မြို့ မည်သည့်ဒေသသို့ ဆိုက်ရောက်လာကြောင်း စသည့် နယ်သတင်းများတွင် အထူးရဟတ်ယာဉ်နှင့် ကြွလာပါသည်ဟူသော စာပိုဒ်ကို ဖြတ်ပေးပါဟု ဝန်ကြီးက ညွှန်ကြားပါသည်။ သို့သော်လည်း ဓာတ်ပုံများက ရဟတ်ယာဉ်ပေါ်မှ ဆင်းလာသည့်ပုံများ ဖြစ်နေပြန်လေရာ ရဟတ်ယာဉ်က ဆင်းတော်မူလာသော ဝန်ကြီးများ၏ သတင်းဓာတ်ပုံများကို ဖယ်ပေးပါဟု ဝန်ကြီးက ပြောပါသည်။ စာရေးသူအား အမိန့်ပေးသောအခါတွင် "ဝန်ကြီးများကလည်း သူတို့ရဲ့ ရွှေမျက်နှာတွေကို သတင်းစာတွေမှာ ပါချေင်ကြပါတယ်" ဟု စာရေးသူက တင်ပြရသည်။

ဝန်ကြီးက ခေါင်းကုတ်ပြီး စဉ်းစားပါသည်။ အရေးကြီးသည်မှာ အမေရိကန်က ဘိန်းနှိမ်နင်းရေးအတွက် ပေးသည့် ယာဉ်များကို ဝန်ကြီးများ စီးနင်းသုံးစွဲနေသည်ကို သက်သေခံမပေါ်ရန် ဖြစ်လေသဖြင့် ဝန်ကြီးသည် အတန်ကြာစဉ်းစားရရှာသည်။

ရွှေဉာဏ်တော် ပွင့်လာသောအခါတွင်မှ "ဒီလိုလုပ်ဗျာ" ဟု ဝန်ကြီးက အမိန့်ပေးပါသည်။ "နယ်သတင်းထောက်တွေ အားလုံးကို အမိန့်ထုတ်ပါ။ ဝန်ကြီးတွေ ရဟတ်ယာဉ်နဲ့ ဆိုက်လာတဲ့ ဓာတ်ပုံတွေ ရိုက်ကြတဲ့အခါတွေမှာ ဓာတ်ပုံဆရာ သတင်းထောက်က ရဟတ်ယာဉ်ကို ကျော့ပေးပြီး ရိုက်ကြရမယ်လို့ ညွှန်ကြားပါ" ဟု သူပြောပါသည်။ ထိုအမိန့်ကို အယ်ဒီတာချုပ်အစည်းအဝေးသို့ တင်ပြီး နယ်သတင်းထောက်အားလုံးကို ညွှန်ကြားရပါသည်။

ဝန်ကြီး၏ ညွှန်ကြားချက်များကို ရယူသည့်အခါတွင် စာရေးသူအဖို့ ပြန်ပြောခွင့်မရှိစေကာမူလည်း တချို့တွင် နှုတ်မထိန်းနိုင်ဘဲ ပြန်ပြောမိပါသည်။

၁၉၇၆ ခုနှစ်က တပ်မတော်ဦးစီးချုပ်တင်ဦးကို အစိုးရက ဖမ်းဆီးပါသည်။ ဗိုလ်ကြီးအုန်းကျော်မြင့်က ဦးနေဝင်းနှင့် အစိုးရဦးစီးများကို လုပ်ကြံပြီး အာဏာကို သူသင့်တော်မည်ဟု ယူဆသည့် စစ်ဗိုလ်ကြီးများထံသို့ လွှဲပြောင်းပေးရန် ကြံစည်ခဲ့ပါသည်။ အမှုမအောင်မြင်သဖြင့် စစ်ဗိုလ်အများ တသီကြီး ဖမ်းခဲ့ရာတွင် ဤနယ်ကြံစည်သည်ကို သိလျက်နှင့် ထိန်ချန်ထားသည်ဟု ယိုးစွပ်ပြီး ဗိုလ်ချုပ်ကြီးတင်ဦးကို ခုံရုံးတင်ပါသည်။

စာရေးသူ၏ တာဝန်မှာ အင်းစိန်ထောင်၌ လူသိရှင်ကြား စစ်ဆေးသော အမှုသတင်းကို ရယူပြီး သတင်းစာများ၌ ဖော်ပြရန်နှင့် ဗဟိုအသံမှ ကြေညာရန်အတွက် ဝန်ကြီးကို တင်ပြပြီး





တည်းဖြတ်ရပါသည်။ အမှုစစ်ချက် ရောက်လာသည်နှင့် ၃–ဝန်ကြီးထံသွားပြီး တနေ့တာ စစ်ဆေးချက်. ထွက်ချက်များကို ဖတ်ပြရပါသည်။

တရားခံရှေ့နေ ဦးကိုယုက စစ်စစ်ပေါက်ပေါက် မေးသည်များကို သက်သေများနှင့် ဗိုလ်ချုပ်ကြီးတင်ဦးက ဖြေသည်တို့ကို အတိုချုပ်တင်ပြသောအခါတွင် ထွက်ချက်တပိုဒ်ကို ဝန်ကြီးက မကြိုက်သောကြောင့် "ဒီစာပိုဒ်ကို ပြင်ပေးဗျာ" ဟု အမိန့်ပေးတော့သည်။

စာရေးသူအဖို့ 'ဟုတ်ကဲ့–ဝန်ကြီး' ဟု မဖြေနိုင်ဘဲ ကျွဲမြီးတိုမိသောကြောင့် အသံ ဆတ်ဆတ်နှင့် "ဘာပြုလို့လည်း ဝန်ကြီးရဲ့" ဟု မေးလိုက်မိပါသည်။ "သူက သစ္စာဖောက်ဗျ။ သူ့ထွက်ချက်ကို ဒီအတိုင်းရေးလျှင် လူထုက သူ့ဘက်ပါသွားမှာပေါ့" ဟု သူက ဖြေပါသည်။

ထိုအခါတွင် စာရေးသူက သည်းမခံနိုင်သောကြောင့် "တရားရုံးမှာ ထွက်ချက်ကို ဘယ်သူကမှ ပြင်ခွင့်မရှိဘူး။ သူခိုးဓားပြတို့က သူတို့လူကောင်းပါလို့ ထွက်ဆိုလျှင်လည်း သတင်းရေးရာမှာ သူတို့က လူဆိုးပါလို့ ထွက်တယ်လို့ ပြင်ဆင်ရေးခွင့်မရှိဘူး။ လူဆိုးလား၊ လူကောင်းလားဆိုတာ တရားသူကြီးက စီရင်ပါလိမ့်မယ်။ တရားခံက ပြောသမျှ၊ သက်သေက ဖြေသမျှကို ဘယ်သူကမှ ပြင်ဆင်ခွင့်မရှိပါဘူး" စာရေးသူက ဝန်ကြီးကို ပညာပြမိပါသည်။ တနယ်ဇင်းကျင့်ဝတ်ကို သင်ပြမိပါသည်။

ထိုအခါတွင် ဝန်ကြီးက မည်သို့အမိန့်ပေးသနည်းဟူမူ "ကျုပ်ကတော့ ကျုပ်တို့သမ္မတကြီး စိတ်ကြိုက်ကို လုပ်ရမှာပဲ။ တရားခံက ဖြေတဲ့ ပေဘာဒီထွက်ချက်တပိုဒ်လုံးကို သမ္မတကြီးက ကြိုက်မှာမဟုတ်ဘူး။ ခင်ဗျားတို့ သတင်းစာကျင့်ဝတ်က ပြင်မပေးနိုင်ဘူးဆိုရင် ဒီစာပိုဒ်တပိုဒ်လုံးကို ဖြတ်ထားလိုက်ပါ" ဟူ၏။

"သေဟဲ့ … နန္ဒိယ" ဟု စိတ်ထဲမှ အော်ဟစ်ညည်းညူမိသည်မှတပါး ပြန်မပြောနိုင်တော့ပါ။

• • • • •

# (၄၂)

## သတင်းမှောင်ချရသော တာဝန်ကြီး

တင်မောင်၏ တာဝန်တရပ်မှာ သတင်းများကို ပိတ်ပင်ပေးရသည့် လုပ်ငန်းဖြစ်ပါသည်။ ရန်ကုန်တွင် အမြဲနေသော နိုင်ငံခြားသတင်းထောက်များကို နှင်ထားသော်လည်း အထူးပြည်ဝင်ခွင့် ဗီဇာ (သုံ့မဟုတ်) ခရီးသည်ဗီဇာနှင့် ဝင်လာကြသည့် သတင်းထောက်များကို အစိုးရမကြိုက်သည့် သတင်းများ မရေးကြစေရန် ထိန်းရပါသည်။

ခက်သည်မှာ စစ်ဗိုလ်ဝန်ကြီးမှန်သမျှတို့က နိုင်ငံခြားသတင်းထောင်များက တွေ့ဆုံခွင့်တောင်းသည့်အခါများတွင် "ကြည့်ပြောလိုက်ပါဗျာ။ ကျုပ်မအားဘူးလို့ ပြောလိုက်ပါ" ဟု ရှောင်ကြလေ့ရှိသည်။ ငြင်းကြလေ့ရှိပါသည်။ သူတို့က အင်္ဂလိပ်ဘာသာနှင့် မပြောတတ် မပြောလိုကြသဖြင့် မပြောဘဲ ငြင်းဆိုကြပါသည်။ ထိုပြင် နိုင်ငံခြားသတင်းစာ တစောင်စောင်က ဝန်ကြီးတဦးဦး၏ အမည်ကို ဖော်ညွှန်းပြီး ရေးသားပါက ဦးနေဝင်းက သဘောမကျဘဲ ဆဲလေ့ရှိသောကြောင့် ရှောင်ကြပါသည်။ ဦးနေဝင်းက သတင်းထောက်များနှင့် သူကိုယ်တိုင် တွေ့ရန်မှာ ဂုဏ်သိက္ခာကျဆင်းသည်။ ဂုဏ်ငယ်သည်ဟု ယူဆပြီး မတွေ့ပါ။ သတင်းထောက်များနှင့် တွေ့ရာမှ သူ၏ တပည့်စစ်ဗိုလ် ဝန်ကြီးများ နာမည်ကြီးလေမည်ကိုလည်း မလိုလားသဖြင့် နိုင်ငံခြားသတင်းထောက်များ သတင်းရေးနိုင်ရန် ခက်ခဲနေကြလေသည်။

တော်ပါသေးသည်။ အရပ်သားဖြစ်သူ ဝန်ကြီးဦးဘညိမ်းကမူ နိုင်ငံခြားသတင်းထောက်များ လာလေသမျှကို တွေ့ရဲသဖြင့် သတင်းထောက်များကို သူ့ထံသို့ ပို့ပေးရပါသည်။ စစ်ဗိုလ်ဝန်ကြီးများကဲ့သို့ သတ္တိမနည်းဘဲ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ 'တို့လုပ်နေတဲ့ ဆိုရှယ်လစ်လမ်းစဉ် မှန်တယ်' ဟု ရဲရဲဝံ့ဝံ့ပြောလေ့ရှိပါသည်။

အရပ်သားဝန်ကြီးကို ကက်ဘိနက်ဝန်ကြီးအဖွဲ့တွင် ဒုတိယအဆင့်တွင်သာ ထားရှိသည်။ အလုပ်သမားကောင်စီ၊ လယ်သမားကောင်စီ...စသည့် အဖွဲ့များအားလုံးတွင်လည်း စစ်ဗိုလ်များက ထိပ်ဆုံးနေရာတွေ ယူထားပြီး လက်နက်ချသော ကွန်မြူနစ်များက ဒုတိယနေရာ၌ ရာယူကာ အရပ်သားများကို အဆင့်နိမ့်သော နေရာများမှာ ထားသည်။ သို့ရာတွင် အလုပ်တွင်မူ အရပ်သားတွေကပဲ လုပ်ကြရပါသည်။

အစိုးရရုံးမှန်သမျှနှင့် ပြည်သူပိုင်သိမ်းထားသည့် စီးပွားရေးလုပ်ငန်း ကုန်ထုတ်လုပ်ငန်းများတွင် စစ်ဗိုလ်များက ထိပ်ဆုံးမှ အုပ်ချုပ်ပါသည်။ မဆီမဆိုင် စာရေးဆရာ၊ သတင်းစာဆရာ အသင်းများကိုလည်း စစ်တပ်က အပိုင်စီးပြန်ပါသည်။ ၁၉၄၀ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်နေ့က ကွယ်လွန်သွားရှာသူ ဆရာကြီးပီမိုးနင်း၏ ရှာပနအပြီးမှာ စာရေးဆရာအသင်း



တည်ထောင်ခဲ့ပါသည်။ သတင်းစာဆရာအသင်း၊ သတင်းထောက်အသင်းများက စစ်ပြီးခေတ် ဖဆပလအဖွဲ့ကြီး လှုပ်ရှားနေချိန်မှာ တည်ထောင်ခဲ့ပါသည်။

ဂျပန်ခေတ်က စာရေးဆရာအသင်းက စာဆိုတော်နေ့များတွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြဇာတ်များ ကပြရာမှ ဩဇာကြီးမားလာပါသည်။ ဖဆပလ အစိုးရခေတ်တွင် စာရေးဆရာများ အသင်းတိုက် တည်ဆောက်ရန် အစိုးရပိုင် မြေကွက်တခုကို ပေးပါသည်။ ရန်ကုန်မြို့တည်ဦးစ ကာလက ပန်းဆိုးတန်းလမ်းတခွင် မြို့သူမြို့သားများ ရေသောက်ကြရသော Rebecca Well ဟူသည့် အဓိက ရေချိုတွင်းနေရာကို ပေးပါသည်။ သမိုင်းဝင်ဒေသဖြစ်သဖြင့် အဆောက်အအုံတွင် ရေတွင်းနေရာကို အထိမ်းအမှတ်တခု ပြုလုပ်ထားရမည်ဟူသော စည်းကမ်းချက်နှင့် ပေးပါသည်။ သတင်းစာဆရာအသင်းနှင့် ပူးပေါင်းပြီး အဆောက်အအုံ ဆောက်ခဲ့ရာမှာ စစ်အစိုးရတက်လာသဖြင့် အပြီးမသတ်နိုင်ဘဲ ဂန်းလန်းကျန်ရစ်သည်ကို ပြည်သူပိုင်ကြေးမုံသတင်းစာခေတ်တွင် စက္ကူသိုလှောင်ရုံအဖြစ် ထားပါသည်။ ယခုမူ မည်သူက အချောင်ပိုင်စီးထားသည်ဟု မသိရပါ။

စစ်အစိုးရတက်လာသောအခါတွင် စာနယ်ဇင်းလောက အသက်ဆက်ရေးအတွက် သတင်းစာကောင်စီအမည်နှင့် အဖွဲ့သစ်ဖွဲ့ပြီး အားထုတ်ကြပါသေးသည်။ စာပေလောကတခုလုံး စာနယ်ဇင်းကျင့်ဝတ်ကို စည်းကမ်းနှင့် ထိန်းသိမ်းကြပါမည်ဟု ခေါင်းလျှိုးပေးပါသည်။ သို့စေကာမူလည်း စစ်တပ်က စာရေးဆရာ၊ သတင်းစာဆရာမှန်သမျှကို မကြည်လေသောကြောင့် မအောင်မြင်ပါ။ ၁၉၆၄ ခုနှစ် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေအမည်နှင့် တပါတီ အာဏာရှင်ဥပဒေကို မတ်လ (၂၈) ရက်နေ့တွင် ထုတ်ပြန်သောအခါ၌ အသင်းများအားလုံး ဖျက်ကြရပါသည်။

နောက်ပိုင်းတွင် မဆလ အစိုးရက စာပေလုပ်သားဖွဲ့ရန် ကြိုးစားသော်လည်း စာပေလောကသားများက စစ်ဗိုလ်များ၏ အောက်သို့ ခေါင်းမထိုးကြသောကြောင့် ဖွဲ့မရဖြစ်နေခဲ့သည်။ ၁၉၆၇ ခုနှစ်မှာ စာပေလုပ်သားအဖွဲ့ကြီး ဖွဲ့တော့မည်ဟု အစိုးရက ကြေညာသောအခါတွင် စာရေးဆရာ၊ သတင်းစာဆရာအများကို ဖမ်းဆီးထားသောကြောင့် မကျေနပ်ကြတာပါဟု စာရေးဆရာများက စာတင်ကြသဖြင့် ထောင်များထဲတွင် ချုပ်နှောင်ထားသည့် စာပေလောကသားများကို လွှတ်ပေးရလေသည်။ ထိုအခါတွင် တင်မောင်လည်း လွတ်လာရသည်။ အောင်လင်း၊ ဒဂုန်တာရာ၊ ဂျာနယ်ကျော်မမလေး၊ နေရှင်း ကိုလှထွေး၊ အထောက်တော် လှအောင်တို့ တပြုံကြီး လွှတ်လာကြပါသည်။

စာပေအဖွဲ့ဖွဲ့ရန် ၁၉၆၇ ခုနှစ်မှ စတင်ပြီး စည်းရုံးစေကာမူ ထောင်ထွက်စာရေးဆရာများက ပြီး စာပေလောကသားတို့က စစ်အစိုးရကို ပလူးပလဲမလုပ်ရဲကြသဖြင့် စာပေလုပ်သားအသင်းကို အစိုးရက မဖွဲ့ဝံ့ဘဲ ဆိုင်းငံ့နေရပါသည်။ နောက်ဆုံး ၁၉၈၀ ခုနှစ်တွင်မှ စာပေညီလာခံခေါ်ပြီး ဖွဲ့စည်းရာ၌ စာရေးဆရာများကိုမူ လမ်းစဉ်နှင့် စည်းရုံး၍ မရသောကြောင့် စာပေညီလာခံတွင် အရက်တိုက်ပြီး စည်းရုံးစည်ဟု သတင်းကြားရပါသည်။

စာပေလုပ်သားအဖွဲ့ကြီးကို ဖွဲ့သောအခါတွင် စာတလုံးမှ မရေးဖူးသူ ရေတပ်က ဗိုလ်မှူးက အတွင်းရေးမှူး၊ စာတိုပေစ ရေးဖူးသည့် ကြည်းတပ်စစ်ဗိုလ်က ဥက္ကဋ္ဌနေရာများကို ရယူခဲ့

ကြပါသည်။ စစ်အစိုးရခေတ်တွင် အဖွဲ့အစည်းမှန်သမျှကို စစ်တပ်က ဦးဆောင်မည်ဟု လမ်းစဉ်ချထားသည်။

စာပေစီးပွားရေးလုပ်ငန်းကိုလည်း စစ်တပ်က အပိုင်စီးပါသေးသည်။ သတင်းစာဖြန့်ချိရေးလုပ်ငန်းကြီးကို စစ်တပ်က ဝင်၍ လုပ်ယူပုံမှာ ရုက်စွံဖွယ်ကောင်းသည်။

သတင်းစာဖြန့်ချိရေး ကိုယ်စားလှယ်လုပ်ငန်းသည် များစွာဝင်ငွေမှန်ပြီး ဝင်ငွေကောင်းပါသည်။ ဒီမိုကရေစီခေတ်ကမှ သတင်းစာများကို လူထုကြိုက်သည့်အချိန်၊ မကြိုက်တော့သည့်အချိန်များ ရှိသဖြင့် ရှုံးသည့်အခါလည်း ရှိခဲ့သည်။

စစ်အစိုးရတက်လာသောအခါ နိုင်ငံခြားသုံး ငွေရှားပါးသဖြင့် ကုန်ထုတ်စက္ကူများကို နိုင်ငံခြားမှ ဝယ်ယူတင်သွင်းမှုမပြုနိုင်သောကြောင့် သတင်းစာကို ပိသာချိန်နှင့် ပြန်ရောင်းနိုင်သောကြောင့် ဝယ်အားကောင်းပါသည်။ သတင်းစာတစောင်ကို လကြည့်ဈေးနှုန်း တလ (၆) ကျပ်နှင့် ဝယ်ကြည့်လျှင် လကုန်သောအခါ၌ စက္ကူရောင်းစားပါက (၇) ကျပ်ရနိုင်သဖြင့် ဝယ်သူပေါပါသည်။

တနေ့မှာ ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်သောင်းဒန်က တင်မောင်နှင့် ဆရာတက်တိုးတို့အပြင် အယ်ဒီတာချုပ်များကိုပါ ဆင့်ခေါ်ပြီး အစိုးရက အမြတ်ကြီးစားစနစ်ကို ပပျောက်အောင် အားထုတ်နေချိန်တွင် သတင်းစာကိုယ်စားလှယ်များက အမြတ်ကြီးစားနေသည်ကို လက်ပိုက်ပြီး ကြည့်မနေနိုင်ကြောင်းနှင့် ကြီးကျယ်သော နိုင်ငံရေးစကားလုံးများကို သုံးပြီး ပြောပါသည်။

ထို့ကြောင့် လက်ရှိ ကိုယ်စားလှယ်အားလုံးကို ဖြုတ်ပြီး တိုင်းပြည်အတွက် အသက်ပေးကာ ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ခဲ့ကြသော စစ်ဗိုလ်စစ်သားဟောင်းများကို ခန့်ရမည်ဟု အမိန့်ထုတ်ပါသည်။ ဆရာတက်တိုးနှင့် အယ်ဒီတာချုပ်များ အားလုံးတို့က လက်ရှိ ကိုယ်စားလှယ်များကို ဖြုတ်ပါလျှင် စားဝတ်နေရေး ဒုက္ခရောက်ကြပါမည်ဟု တောင်းပန်ကြမှ အားလုံးကို မဖြုတ်ဘဲ ဓောင်ရေလျှော့ပေးကာ ပိုထွက်လာသမျှ ဓောင်ရေကို တပ်မတော်လူထွက်များနှင့် တပ်မတော် မုဆိုးမများကို ပေးရမည်ဟု အမိန့်ချပါသည်။

ကိုယ်စားလှယ်အသစ် ခန့်ထားရေးကို စီစဉ်ရန် တင်မောင်အား တာဝန်ပေးပါသည်။ နောက်တနေ့ နံနက်တွင် ဝန်ကြီး ဗိုလ်ချုပ်သောင်းဒန်က ကိုယ်စားလှယ်ခန့်ရမည့် စစ်မှုထမ်းဟောင်း စာရင်းရှည်ကြီးကို ပေးပါသည်။ "သူ့ရဲ့တပ်က ရဲဘော်တွေကွ။ သူက သူ့ရဲ့ ရဲဘော်တွေကို သံယောဇဉ်ကြီးရှာတယ်။ သူ့ရဲဘော်တွေကလည်း သူ့ကို ချစ်ကြတယ်တဲ့" ဟု ဆရာတက်တိုးက မခံချင်သော လေသံနှင့် ပြောရှာပါသည်။

တင်မောင်က မနေနိုင်သဖြင့် ပြန်ပြောမိသည်။ "ဗိုလ်မှူးချုပ် သောင်းဒန်ဟာ အလွန်အထက်စီးနင်းနိုင်တယ်။ သူဂေါက်သီးရိုက်သွားတဲ့အခါ ရဲဘော်တွေက ဖိနပ်စီးပေးရတယ်လို့ ကြားသိရပါတယ်ဗျာ" ဟု။

သတင်းစာကိုယ်စားလှယ် အသစ်ခန့်ရန် တာဝန်ကျလေတော့မှ တင်မောင်တို့ တိုင်းပြည်တွင် ကျေးဇူးဆပ်ရမည့် တပ်မတော်သားဟောင်းများ၊ စစ်ဗိုလ်ဟောင်းများ၊ မုဆိုးမများ မည်မျှမည်မျှ များပြားသည်ကို သိရပါတော့သည်။





ဝန်ကြီးအများက တဆင့်ပို့သော ရဲဘော်ဟောင်းနှင့် မုဆိုးမစာရင်းများက အလွန်များပြားလှန်းသည်။ သူတို့က လူကိုယ်တိုင် တင်မောင်၏ ရုံးခန်းသို့ လာကြရမည်ဖြစ်သဖြင့် လာကြရာ၌ ရုံးခန်းအပြည့် ဖြစ်နေပါသည်။ အလုံးက အထက်ကစီးပြီး နိုင်ငံတော်၏ ကျေးဇူးရှင်တွေဖြစ်သောကြောင့် နိုင်ငံက ထောက်ပံ့ရမယ်ဟု ပြောကြပါသည်။

သူတို့တတွေ အားလုံးလိုလိုသည် ပြည်သူပိုင်စက်ရုံ၊ လုပ်ရုံများမှ ထွက်သည့် ကုန်စည်များ ကိုယ်စားလှယ်ရထားသူများ ဖြစ်ကြပါသည်။ သိမ်ကြီးဈေး ဈေးသစ်ကြီးနှင့် ဈေးအများတွင် ဆိုင်နေရာ ရထားကြီးပြီး ဈေးမရောင်းဘဲ တဆင့် လစာယူကာ ခေါင်းပုံဖြတ်စားနေသူများ ဖြစ်ကြပါသည်။ လက်ကြောတင်းအောင် လုပ်ကိုင်လိုသူများ မဟုတ်သည်ကို မြင်ရုံနှင့်သိပါသည်။ သတင်းစာကိုယ်စားလှယ်လုပ်ငန်းကိုလည်း လုပ်ပိုင်ခွင့်ကို ရယူပြီး တဆင့်ရောင်းစားကြမည့် ခေါင်းပုံဖြတ်များ ဖြစ်ကြသည်။ ကိုယ်စားလှယ်သစ်ခန့်ရေးကို (၁၅) ရက်နှင့်အပြီးလုပ်ရမည်ဟု အမိန့်ရှိသဖြင့် နေမီးညမီးနှင့် လုပ်ရပါသည်။

ညောင်ဦး ရွှေစည်းခုံ စေတီတော်တွင် နဂါးရုပ်ကြီးတခု ရှိပါသည်။ ထိုအရုပ်ကြီးကိုဖက်ကာ လက်ချင်းထိနိုင်လျှင် အမေ့နို့ဖိုးကျေသည်ဟု ဆိုပါသည်။ တင်မောင်အဖို့ အမေ့နို့ဖိုးကျေအောင် ကျေးဇူးမဆပ်နိုင်စေကာမူ တပ်မတော်၏ ကျေးဇူးကို ကျေအောင် ဆပ်နိုင်ခဲ့ပါသည်။ ဤတချီတည်းနှင့် ကျေးဇူးရှင် တပ်မတော်သားဟောင်းများကို အပြေအလည် ကျေးဇူးဆပ်နိုင်ခဲ့ပါ၏။

• • • • •

## (၄၇)

# ပိတ်စေအမိန့်မှ သတင်းအချို့များ

တင်မောင်အဖို့ သက်တောင့်သက်သာနှင့် လွယ်ကူသော အလုပ်များလည်း ရှိပါသည်။ "ဟောဒီ–ဟောဒီ သတင်းများကို မှောင်ချရသည်။ ပိတ်ရသည်မှာ လွန်စွာ လွယ်ကူပါသည်။ "ဟောဒီ–ဟောဒီ သတင်းကို မထည့်နှင့်လို့ အထက်က ညွှန်ကြားပါတယ်" ဟု အယ်ဒီတာချုပ် (၇) ဦးကို ထပ်ဆင့် ပြောပြရုံသာ ဖြစ်ပါ၏။

တခုကောင်းသည်မှာ ဝန်ကြီးများက သတင်းပိတ်ရန် အမိန့်ပေးသောအခါတွင် ပိတ်စေဟု ညွှန်သော သတင်းကို ဝန်ကြီးများက ဖွင့်ပြောကြရသောကြောင့် သတင်းမှန်ကို သိခွင့်ရလိုက်သည်။ ၁၉၇၆ ခုနှစ်က နေ့တနေ့တွင် ဒု–ဝန်ကြီးက တင်မောင်အား ခေါ်ပြီး မေးပါသည်။ "ခင်များတို့ ကြားကြပြီလား" ဟု သူက မေးသည်ကို "ဘာမှ မသိရပါဘူးခင်များ" ဟု တင်မောင်က မဆိုင်းမတွ ဖြေလိုက်သည်။ အမှန်အားဖြင့် တစွန်းတစသိပြီးဖြစ်သည်။ တိတိကျကျ သာ မသိသေးစေကာမူ စစ်တပ်တွင်းတွင် ကျိတ်ပြီး စစ်ဗိုလ်တွေကို အဖမ်းအဆီးရှိနေသည်ကို ခပ်သဲ့သဲ့ သတင်းထွက်နေပါသည်။ သတင်းအနံ့ရရှိသော်လည်း သတင်းကို ရေးရန်မဆိုထားဘိ၊ သတင်းအဆက်ကို စုံစမ်းရန်ပင် ပြည်သူပိုင်သတင်းစာဆရာကြီးများက သတ္တိမရှိကြပါ။

"ဗိုလ်ကြီးအုန်းကျော်မြင့်ကို ခင်များသိလား၊ ဒီကောင်လေးက တော်တော်မိုက်တယ်ဗျာ"ဟု အစချီပြီး ဗိုလ်ချုပ်ကြီးနေဝင်း၊ စစ်ခုံထောက်ချုပ်ကြီး၊ ဗိုလ်တင်ဦး၊ သမ္မတကြီး ဦးစန်းယု...စသည့် ထိပ်သီးကြီးများကို ဖယ်ရှားရန် ကြံစည်သော လုပ်ကြံမှုကြီးအကြောင်းကို သူက အသေးစိတ်ပြောပြပါသည်။

စစ်တပ်တွင် ဗိုလ်သင်တန်းမှ ဆင်းလာသည့် စစ်ဗိုလ်အသစ်ကလေးများကို ငှက်တော၊ ခွေးတော၊ ကျည်ဆံတောဖြစ်သော နယ်စပ်ဒေသသို့ ပို့လေ့ရှိပါသည်။ စာတော်သူ၊ အရည်အချင်းထက်သူများကိုမူ စစ်ရုံးချုပ်မှ ဗိုလ်မှူးကြီးများက ခေါ်ယူပြီး ကိုယ်ရေးအရာရှိ ခန့်လေ့ရှိသည်။ ဗိုလ်ကြီးအုန်းကျော်မြင့်ကို ဗိုလ်သင်တန်းဆင်းအနေနှင့် ဒု–ကာကွယ်ရေးဝန်ကြီး ဗိုလ်မှူးကြီးအေးကိုက ကောက်ယူပြီး ကိုယ်ရေးအရာရှိခန့်လိုက်သည်။ ပညာခံကောင်းပြီး ရိုးသားသူ ဗိုလ်ကြီးအုန်းကျော်မြင့်က အမျိုးနှင့် တိုင်းပြည်အတွက် ဆောင်ရွက်မည်ဟူသော မျိုးချစ်စိတ်နှင့် တပ်တွင်းသို့ ဝင်လာသူဖြစ်လေရာ ရန်ကုန်မြို့တော်တွင် ရုံးထိုင်နေကြသော လူမလိုင်လူတန်းစား စစ်ဗိုလ်ကြီးများ၏ လောကကို မြင်ရသောအခါ လွန်စွာ တုန်လှုပ်ချောက်ချားမိသည်ဟု ဆိုပါသည်။



ဦးနေဝင်းကိုယ်တိုင်က စတင်ပြီး အပြောတမျိုး အလုပ်တမျိုး၊ တိုင်းပြည်နှင့် စစ်တပ်ကို ညာလိမ်ပြီး ကိုယ်ကျိုးရှာနေကြသည့် စားဖားကြီးများသာ ဖြစ်နေသည်ကို မျက်မြင်ကိုယ်တွေ့ သိရှိလာသည်ဟု ဆိုပါသည်။ လူထုကြီးအဖို့ ခက်ခဲကျပ်တည်းနေသည့် အချိန်တွင် ဝန်ကြီးများ၊ ပါတီခေါင်းဆောင်များ ဖြစ်နေသော စစ်ဗိုလ်ကြီးများက ဖိမ်ခံပစ္စည်းအမျိုးမျိုးနှင့် စည်းစိမ်ယစ်နေကြသည်ကို တွေ့ရသဖြင့် စိတ်မချမ်းမသာဖြစ်ရသည်ဟု သိရပါသည်။ မတရားမှုများ စာရင်းရှင်းရန်က မလွယ်ကူဘဲ ဦးနေဝင်းနှင့်တကွ လာဘ်စားသူ စစ်ဦးစီးကြီးများ အသက်ရှည်လေလေ– တိုင်းပြည်နစ်နာလေလေပဲဟု အဖြေကို သိလာသောကြောင့် လုပ်ကြံဖယ်ရှားရန် ရဲဘော်ရဲဘက် ဗိုလ်ကြီး (၄) ဦးနှင့် တိုင်ပင်ပြီး လျှို့ဝှက်ကြံစည်ပါသည်။

သူတို့၏ အကြံအစည်မှာ အောင်မြင်မှု မရကြရှာပါ။ သူတို့ (၄) ဦးနှင့် အခြားစစ်ဗိုလ် (၁၀) ဦးကို ဖမ်းခဲ့ပါသည်။ မူလက ကြားသိရသော သတင်းထက် ဝန်ကြီးက ပြောပြမှ သိရသည့်သတင်းက ပိုပြည့်စုံပါသည်။ ယင်းသတင်းစုံကို အယ်ဒီတာချုပ်ကြီးများကို တဆင့်တင်ပြပြီး 'ပုံနှိပ်ခြင်းမပြုရ'ဟု တားမြစ်ရပါသည်။ နောက်ပိုင်းတွင် အမှုကို ခုံရုံးတင်မှပဲ ရေးကြရပါ၏။

ဝန်ကြီးက မပြောဘဲနှင့် မိမိတို့အသိနှင့် ပိတ်ရသည့် သတင်းများလည်း ရှိသည်။ ဥပမာ ဦးနေဝင်းကတော် ဒေါ်ခင်မေသန်းသည် မှောင်ခိုကုန်ကူးသော မှောင်ခိုကုန်သည်ကြီး ဖြစ်ပါသည်။ နိုင်ငံခြားမှ ပြန်လာသော အခါများတွင် ဝယ်လာခဲ့သော စီးကရက်ကစပြီး ကက်ဆက်၊ အသံဖမ်းစက်အထိ မှောင်ခိုဈေးတွင် အမြတ်ကြီးစားကာ ရောင်းသူဖြစ်ပါသည်။ နိုင်ငံခြားသို့လည်း ကျောက်မျက်ရတနာများ မှောင်ခိုထုတ်လေ့ရှိပါသည်။ တချိန်တွင် ပြင်သစ်ပြည်၊ ပဲရစ်မြို့ လေဆိပ်တွင် မှောင်ခိုကျောက်များ ဖမ်းမိသဖြင့် အဖမ်းခံရသည့်သတင်းကို စာရေးသူတို့ မရေးဝံ့ခဲ့ပါ။

ဦးနေဝင်း၏ညီ ဦးသိန်းညွှန့်အား လန်ဒန်သံရုံးတွင် ကုန်သွယ်ရေးအရာရှိခန့်ထားစဉ်က ဆွစ်ဇာလန်မှ နာရီများကို အင်္ဂလန်ပြည်တွင်းသို့ မှောင်ခိုသွင်းသောကြောင့် အင်္ဂလိပ်အစိုးရက နှင်ထုတ်သည့်သတင်းကို နိုင်ငံခြားက ရရှိသဖြင့် စာရေးသူတို့ကပင် ဝန်ကြီးကို ပြန်ပြီး သတင်းပေးနိုင်ခဲ့ပါသည်။ ဦးနေဝင်း၏ ဇနီးဟောင်း ဒေါ်တင်တင်၏ ဖဲဝိုင်းနှင့် ဦးနေဝင်း၏ အကိုတော် သခင်လှကွန်း၏ ဖဲဒိုင်ကို စစ်ခုံထောက်များက ဖမ်းသော သတင်းကိုမူ ဝန်ကြီးက မရေးကြနှင့်ဟု ပိတ်လေမှသာ သိရလေသည်။

ဖဲဝိုင်းများ မပိတ်ခင်က ဦးနေဝင်းကတော်ဟောင်း ဒေါ်တင်တင်က ရန်ကုန်–မော်လမြိုင် ပီးရထားကို ခေါက်တုန့်ခေါက်ပြန် စီးပြီး အခကြေးငွေ လက်ခံကာ ကျောက်များ၊ ရွှေများနှင့် နိုင်လွန် စသော နိုင်ငံခြားကုန်များ မှောင်ခိုကုန်သယ်နေသည်ကို သိကြပါလျက် မရေးရဲကြပါ။ ဦးနေဝင်းဇနီးသစ် ဒေါ်နီနီမြင့်၏ ညီမ၊ ခယ်မတော်က အထည်အလိပ်များ မှောင်ခိုထုတ်သဖြင့် အဖမ်းခံရသော သတင်းကိုတော့ မရေးလေနှင့်ဟု ဝန်ကြီးက တားမှသာ တင်မောင်တို့ သိကြရပါ၏။

ပြည်သူပိုင်သတင်းစာများသည် တပ်မတော်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်နေဝင်း၏ ဆွေတော်ရှစ်သောင်း မျိုးတော်ကောင်းတို့၏ မကောင်းမှုမှန်သမျှကို ဖုံးဖိနေကြရသူများ ဖြစ်ပါ

သည်။ "သူတို့အမှုတွေကိုသာ ဒီမိုကရေစီခေတ် သတင်းစာများလို ရေးနိုင်လျှင် အဆီတထပ်၊ အသားတထပ် သတင်းတွေ ဖောင်လိုပုံနေမှာပေါ့ကွာ" ဟု သတင်းထောက်ကြီးများက ညည်းကြရှာပါသည်။

အစိုးရက ထုတ်ပြန်ရန် တာဝန်ရှိသည့် သတင်းမှန်ကိုလည်း လိမ်လည်ပြီး ရေးသားခဲ့ရပါသည်။ ၁၉၈၅ ခုနှစ်က ဘဏ္ဍာရေး၌ာန ဒု-ဝန်ကြီး ဦးချစ်မောင်က စာရေးသူအား ဆင့်ခေါ်သည်။ သတင်းကြေညာချက်တခုကို ပေးပါသည်။ 'မြန်မာကျပ်ငွေတန်ဖိုးကို ပြုပြင်သတ်မှတ်ခြင်း' ဟု ရေးထားပါသည်။ မြန်မာကျပ်ငွေတန်ဖိုးကို အမေရိကန်တဒေါ်လာတွင် (၆) ကျပ် (၆၂) ပြားနှုန်း သတ်မှတ်သည်ဟု ဖော်ပြထားပါသည်။ 'မြန်မာကျပ်ငွေ လဲလှယ်နှုန်းသည် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရချိန်မှ စတင်ကာ ဒီမိုကရေစီတခေတ်လုံးတွင် အမေရိကန်တဒေါ်လာကို (၄) ကျပ် (၇၆) ပြားနှုန်း တည်ငြိမ်စွာ ရှိခဲ့ပါသည်။ ပြည်တွင်းစစ်ကြောင့် စစ်စရိတ်တက်မြင့်ပေးရပါလျက် နိုင်ငံခြားသုံးငွေကို ရှိသင့်ရှိထိုက်သည့် နှုန်းထားအတိုင်း ရှာဖွေနိုင်ပါသည်။ စုဆောင်းထားနိုင်ပါသည်။ ထို့ကြောင့် မြန်မာကျပ်ငွေကျပ်တန်ဖိုးကို တည်ငြိမ်စွာ ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ စစ်အစိုးရတက်လာပြီး (၉) နှစ်ကြာသောအခါ ကျပ်ငွေတန်ဖိုး လျော့သွားပါသည်။ ၁၉၇၁ ခုနှစ်က (၅) ကျပ် (၃၅) ပြားနှုန်းသို့ လျော့ခဲ့သည်။ တဖန် ၁၉၇၃ ခုနှစ်တွင် (၄) ကျပ် (၈၁) ပြားနှုန်းဖြင့် ပြန်မြင့်ခဲ့ပါသည်။ ဤသို့သော ငွေတန်ဖိုးများကို တင်မောင်က မှတ်မိသောကြောင့် "မြန်မာကျပ်တန်ဖိုး လျော့ပြန်ပြီပေါ့"ဟု ပြောမိပါသည်။

ဦးချစ်မောင်က "ဘုရား၊ ဘုရား" ဟု ဘုရားတပြီး "အဲဒီလိုများ မရေးလိုက်ပါနဲ့ ကိုယ့်လူ။ ငွေတန်ဖိုးချတယ်လို့ ရေးလိုက်ရင် ကိုယ့်လူပါမကဘူး၊ ကိုယ်ပါ ရာထူးအပြုတ်ခံရပါလိမ့်မယ်" ဟု မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် တောင်းပန်ပါသည်။

"အမှန်က တန်ဖိုးချတာပဲ။ မူလက တန်ဖိုးနဲ့ တန်ဖိုးသစ်နဲ့ နှိုင်းယှဉ်ကြည့်လျှင် ရှင်းနေတာပဲ။ လူတိုင်းသိနိုင်တာပဲ" ဟု တင်မောင်က ပြန်ပြောသည်။ သူက "ဒါကြောင့် ကြေညာချက်ကို ရုံးကတဆင့် ပို့မပေးဘဲ ကိုယ့်လူကို ခေါ်ရတာပါ။ လူကိုယ်တိုင်ခေါ်ပြီး၊ ရှင်းပြောပြီး အမိန့်ပေးလိုက်လို့ ဝန်ကြီးက မှာပါတယ်။ အရေးကြီးတာကတော့ ဗမာသတင်းစာတွေနဲ့ ဗမာ့အသံက မြန်မာငွေနှုန်း ကြေညာခြင်းလို့ တိုတိုရေး၊ တိုတိုပြောဖို့ပဲ။ ခင်ဗျားတို့က လျှာရှည်ပြီး မူလတန်ဖိုးကို မရေးပါလေနဲ့" ဟု ရှင်းပြပါလေသည်။

ထုံးစံအတိုင်း ဘဏ္ဍာရေးဝန်ကြီးများ အမိန့်ကို လိုက်နာပြီး ငွေတန်ဖိုးချသော သတင်းကို 'ငွေတန်ဖိုး ပြင်ဆင်သတ်မှတ်ခြင်း' ဟု ရေးခဲ့ရပါသည်။ အသံလွှင့်ခဲ့ရပါသည်။

မိမိအဖို့ အမြတ်ရသည်မှာ ဦးချစ်မောင်က အတွင်းမှ လျှို့ဝှက်သတင်းတခုကို ပြောလိုက်သဖြင့် သိခဲ့ရပါသည်။ ဝန်ကြီးများ အစည်းအဝေးတွင် အခြေအနေအရ မြန်မာကျပ်တန်ဖိုးကို ငါးပုံတပုံခန့်၊ အမေရိကန်တဒေါ်လာတွင် ကျပ်ငွေ တကျပ်နှင့် ကိုးပြား တိုးပေးကာ မြန်မာကျပ်တန်ဖိုးကို ချပေးရမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက တင်ပြသောအခါ ဦးနေဝင်းက ထခုန်သည် ဆိုပါသည်။ ဒေါသူပုန်ထကာ ဘဏ္ဍာရေးဝန်ကြီးကို ဆူပူအော်ဟစ်သည် ဆိုပါ၏။

ဦးနုအစိုးရခေတ် တခေတ်လုံး ကျပ်ငွေတန်ဖိုးကို ထိန်းသိမ်းထားနိုင်ပြီး သူ၏ အစိုးရခေတ်တွင် ကျပ်ငွေတန်ဖိုးကျရသည်ကို 'ရာဇဝင်အတင်မခံနိုင်ဘူး' ဟု အော်ဟစ်ပြောကြောင်း



သိရပါသည်။ "မင်းတို့တတွေ မရှက်ဘူးလား၊ ဦးနုခေတ်က ကျပ်ငွေဈေးတည်အောင် ထိန်းနိုင်ပြီး တို့ခေတ်ကျမှ ငွေတန်ဖိုးလျော့ရလျှင် ရာဇဝင်ရိုင်းတာပေါ့" ဟု ဆူသည်ဆိုပါသည်။

ဘဏ္ဍာရေးဝန်ကြီးမျာမှာ ကြောက်ဒူးများ တုန်နေရှာပြီး နိုင်ငံခြား အကြွေးရှင်နိုင်ငံများနှင့် ကမ္ဘာ့ဘဏ်က တိုက်တွန်းသည်ကို လိုက်နာရမည်ဖြစ်ကြောင်း၊ ဂျပန်အစိုးရကလည်း တိုက်တွန်းကြောင်း၊ ငွေစာရင်းအခက်အခဲကြောင့် ဖြစ်ရကြောင်း အသေးစိတ်ရှင်းပြပြီး အသနားခံရသည် ဆိုပါသည်။

နောက်ဆုံးတွင်မှ ခေါင်းဆောင်ကြီးက "ဒီတခါ ငါသည်းခံမယ်။ ငါ့ခေတ်တခေတ်လုံး ကျပ်ငွေဈေးကို မချကြနဲ့။ ငါမသေမချင်း မင်းတို့တတွေ ကျပ်ငွေဈေးကို မချရဘူး" ဟု တိကျပြတ်သားစွာ အမိန့်ပေးခဲ့သည်ဟု ဦးချစ်မောင်ထံမှ သိရပါသည်။

"ရွှေတိုက်တော်ထဲက နိုင်ငံခြားသုံးငွေတွေကို ဗိုလ်ချုပ်ကြီးက ကြာခဏ တမှေ့တပိုက်ထုတ်ယူပြီး နိုင်ငံခြားမှာ ဖြုန်းသုံးနေတာကြောင့် ကျပ်ငွေကျပ်တန်ဖိုး ကျပါတယ်လို့ ခင်ဗျားက ဝင်မပြောဘူးလား"ဟု တင်မောင်က မေးသောအခါ "ကြမ်းကြားလေကြား ဘေးရန်များတဲ့စကားတွေ မပြောပါနဲ့ ကိုယ့်လူ။ အခု အခန်းထဲက ထွက်သွားပါ" ဟု ပြောကာ ဦးချစ်မောင်က တင်မောင်အား နှင်ထုတ်ပါသည်။

ထို့ကြောင့် တော်လှန်ရေးအစိုးရ၊ မဆလအစိုးရ၊ နဝတအစိုးရ၊ နအဖအစိုးရ...စသဖြင့် စစ်အစိုးရများ အမည်အမျိုးမျိုးပြောင်းလဲကြစေကာမူ ဦးနေဝင်းမသေမချင်း မြန်မာကျပ်ငွေလဲလှယ်နှုန်းသည် စာရွက်ပေါ်တွင် မပြောင်းတော့ပြီဟု စိတ်ချနိုင်ကြပါ၏။

* * * * *

(၄၄)

## ငိုရ၊ ရယ်ရသော သတင်းပိတ်ဆို့မှုများ

သတင်းများကို ပိတ်ဆို့ရသော အတွေ့အကြုံများသည် ရံဖန်ရံခါတို့တွင် ငိုရ၊ ရယ်ရနှင့် များစွာ ဓိတ်ဝင်စားဖွယ်ကောင်းပါသည်။

တခါက ရန်ကုန်မြို့တွင် ကျောင်းသားများ၏ ဆန္ဒပြပွဲတခု ဖြစ်ပွားပါသည်။ ကျောင်းသားတို့က ဆူပူအော်ဟစ်နေကြသည်ကို ရဲတို့က ပစ်ခတ်နှိမ်နင်းသောကြောင့် အသေအပျောက် ရှိပါသည်။ နိုင်ငံခြားသတင်းထောက်တဦးက ဦးဦးများများသတင်းရေးပြီး ကြေးနန်းပို့ပါသည်။ ကျောင်းသားများ ဆန္ဒပြပွဲကို ရဲတို့က ပစ်ခတ်နှိမ်နင်းရာမှ ကျောင်းသား (၄) ဦးသေဆုံးရခြင်း စသည်ဖြင့် သတင်းရေးပါသည်။

နိုင်ငံခြားသို့ ထွက်သော ကြေးနန်းသတင်းများကို စိစစ်ရန် စစ်ဗိုလ်တဦးကို ကြေးနန်းရုံးတွင် တာဝန်ချထားပါသည်။ တာဝန်ကျသည့် စစ်ဗိုလ်က သတင်းထောက်ကို ခေါ်ယူတွေ့ဆုံပြီး ဆန္ဒပြပွဲမှာ လူမသေဘဲနှင့် ပုံကြီးချဲ့ရေးထားသောကြောင့် ခွင့်မပြုနိုင်ဟု ငြင်းသည်။ သတင်းထောက်ရေးထားသည့် ကျောင်းသား (၄) ဦး သေဆုံးခြင်းဟူသည့် စာပိုဒ်ကို ဖြုတ်ပေးရမည်။ ဆန္ဒပြပွဲ ဖြစ်ပွားသည်ဟူသော စာပိုဒ်များကိုသာ ကြေးနန်းရိုက်ခွင့် ပြုမည်ဟု ပြောပါသည်။

သတင်းထောက်က "ကျုပ်ကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ သတင်းဖြစ်ပါတယ်။ ကျောင်းသား (၄) ဦး သေနတ်မှန်ပြီး ကျဆုံးတာ မြင်ရပါတယ်" ဟု ဘုရားစူး မိုးကြိုးပစ် ကျိန်တွယ်ပြီး အယူခံဝင်လေသည်။

သတင်းပိတ်စစ်ဗိုလ်နှင့် သတင်းထောက်တို့ အချိန်အတော်ကြာ ငြင်းခုံကြသည်။ နိုင်ငံခြားသွား ကြေးနန်းသတင်းများကို အလျင်အမြန် ထွက်ခွင့်ပြုရမည်ဟူသည့်မူက ရှိနေသဖြင့် စစ်ဗိုလ်က လျှော့ပေးပါသည်။ သတင်းထောက်ကလည်း လျှော့ပေးရပါသည်။ နှစ်ဦးနှစ်ဝ ဆွေးနွေးဈေးဆစ်ကြပြီးနောက် ကျောင်းသားဆန္ဒပြပွဲတွင် ရဲတို့က ပစ်ခတ်သဖြင့် ကျောင်းသားနှစ်ဦး သေဆုံးခြင်း သတင်းကို ပို့ခွင့်ရပါသည်။

သတင်းမှန်မှာ ကျောင်းသားတယောက်သာ သေဆုံးပါသည်။ ထိုကဲ့သို့ ခိုးလိုးခုလု အူကလိအူကလာ ဖြစ်ရပ်များ သတင်းထောက်လောက၌ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ ရန်ကုန်တွင် တာဝန်ယူရသည့် နိုင်ငံခြားသတင်းထောက်များမှာ အခက်အခဲများ ရှိသည်ကို နိုင်ငံခြားမှ သတင်းကိုယ်စားလှယ်တိုက်များတွင် အယ်ဒီတာမင်းများက မသိရှာကြပါ။ ဗမာပြည်၌ ဖြစ်ပွားသည့်သတင်း၊ ဗမာပြည်မှ လာသည့် သတင်းများကိုလည်း နားမလည်နိုင်ကြသည်ကို





ကြုံတွေ့ရလေ့ရှိသည်။ တခါတွင် ရှမ်းပြည်၌ မီးရထားတစင်း မီးလောင်သောကြောင့် ခရီးသည် (၃၉) ဦး သေဆုံးပါသည်။ သတင်းထောက်က အဖြစ်အပျက်အမှန်အတိုင်း သတင်းရေးပို့ခဲ့ပါသည်။ လူစီးတွဲတွင်းတွင် ဖယောင်းတိုင် ထွန်းညှိထားကြောင်း၊ တနေရာတွင် ရေနံဆီပုံးမှ ရေနံဆီယိုရာက ဖယောင်းတိုင်မီးနှင့် ရေနံဆီ တွေ့ကြရာက မီးလောင်ကျွမ်းရကြောင်း စသည်ဖြင့် ရေးပြီး ကြေးနန်းရိုက်လိုက်ပါသည်။

အပြည့်အစုံရေးသားပေးပို့သော ထိုသတင်းကို သတင်းဌာနမှ တိုက်ထိုင် အယ်ဒီတာမင်းများက နားမလည်သောကြောင့် မကျေနပ်နိုင်သဖြင့် ချက်ချင်းကြေးနန်းရိုက်ပြီး မေးခွန်းထုတ်ပါသည်။ "မီးရထားအတွဲထဲမှာ ဘာကြောင့် ဖယောင်းတိုင်ထွန်းရတာလဲ" ဟု မေးရှာပါသည်။

ထိုအခါ သတင်းထောက်က မြန်မာပြည်တွင် လျှပ်စစ်မီးသီးချူး ရှားပါးနေကြောင်း၊ ရထားတွဲများက မီးလုံးများကို မသမာသူတို့က ဖြုတ်ခိုးကြသဖြင့် လူစီးတွဲများမှာ မှောင်မည်းနေလေ့ရှိကြောင်း။ ထို့ကြောင့် ခရီးသည်များက ဖယောင်းတိုင်ယူလာကြပြီး ထွန်းညှိကြရကြောင်းနှင့် အကျယ်တဝင့် ကြေးနန်းပြန်ရပြန်ပါသည်။

တိုက်ထိုင်အယ်ဒီတာက နားမလည်နိုင်ပြန်သောကြောင့် ကြေးနန်းတစောင် ထပ်မံရိုက်ကြားပြီး မေးပြန်ပါသည်။ "ဘာကြောင့် လူစီးတွဲမှာ ရေနံဆီပုံးက ရောက်နေရတာလဲ" ဟု မေးပြန်ပါ၏။

မီးသီးရှားလျှင် ရေနံဆီလည်း ရှားလေမည်ဟု အယ်ဒီတာက မသိရှာလေသောကြောင့် သတင်းထောက်ခမျာ "ရေနံဆီလည်း ရှားပါးသောကြောင့် ခရီးသည်များက မှောင်ခိုရေနံဆီပုံးများကို လူစီးတွဲတွင် သယ်ယူလာလေ့ရှိပါတယ်" ဟု အကြောင်းပြန်လိုက်ရလေသည်။

ထိုအချိန်က ရေနံဆီ များစွာရှားပါးလှပါသည်။ အထက်ဗမာပြည်တွင် ရေနံဆီမီးခွက်များ ပျောက်ကွယ်သွားပါသည်။ ရွှေဘိုနယ်မှ ရေလျှံသောအခါ၌ သစ်ပင်ချုံပုတ်များတွင် ခိုအောင်းနေသည့် မြွေများက ကျေးရွာအများမှ တဲအိမ်များပေါ်သို့ တက်ရောက်ခိုလှုံသောကြောင့် မြွေကိုက်မှုအမြောက်အမြား ဖြစ်ပေါ်ခဲ့ဖူးပါသည်။ ထိုသတင်းကို ဖော်ပြခြင်းမပြုရန် ပိတ်ရစဉ်က ရင်နင့်ခဲ့ရပါသည်။

တနေ့တွင် ဒု–ဝန်ကြီးက တင်မောင်အား ခေါ်ပြီး "တိရစ္ဆာန်ဥယျာဉ်မှာ ဖြစ်ပွားတဲ့ ဆင်ဖြူတော်ကလေး သေဆုံးတဲ့သတင်းကို သတင်းစာတွေမှာ မပါစေနဲ့" ဟု အမိန့်ပေးပါသည်။ တင်မောင်အဖို့ သတင်းပိတ်စေရန် အမိန့်ရသည့် အကြောင်းအရင်းကို စဉ်းစားမရနိုင်ဘဲ ခေါင်းရှုပ်သွားပါသည်။ ခါတိုင်းပိတ်သည့် သတင်းများက တပ်မတော်၏ သိက္ခာကို ထိန်းရန်ကိစ္စ၊ ဦးနေဝင်း၏ ဆွေမျိုးများ ဂုဏ်ပျက်စေမည့် မကောင်းသတင်းများကိစ္စများ ဖြစ်ပါသည်။ ဆင်ဖြူတော်ကလေးသည် ဦးနေဝင်းမိသားစုနှင့် ဆွေမျိုးတော်သည်ဟု မဖြစ်နိုင်ပါ။ "ဘာပြုလို့ သတင်းပိတ်ရတာလည်း ဝန်ကြီးရဲ့" ဟု မျက်နှာချိုသွေးပြီး မေးမိပါသေးသည်။ "လျှာမရှည်နဲ့ဗျာ၊ ဝန်ကြီးအမိန့်ဗျ။ ဒီသတင်း သတင်းစာတွေမှာ မပါစေနဲ့တဲ့။ အထက်ကလာတယ်" ဟု ငေါက်သောကြောင့် ကိုယ်ရှိန်သတ်ပြီး ပြန်ခဲ့ရပါသည်။ တာဝန်ဝတ္တရားအတိုင်း သတင်းက အယ်ဒီတာချုပ်ကြီးများထံ ထပ်ဆင့်အမိန့်ထုတ်ခဲ့သဖြင့် ထိုသတင်းသည် ပျောက်သည့်သတင်း

စာမှ မပါခဲ့ပါ။ နိုင်ငံခြားသတင်းထောက်များ မသိလိုက်ကြသဖြင့် ကမ္ဘာကလည်း မသိလိုက်ပါ။

ဆင်ဖြူတော်ကလေး သေသည်ကို အရေးတကြီး သတင်းပိတ်သည်ကို တင်မောင်က ဘဝင်မကျပါ။ ဆင်ဖြူတော်ကလေး၏ နာရေးသတင်းကို ဝေဿန္တရာဇာတ်တော်နှင့် ဆက်စပ်ပြီး ဆောင်းပါးရေးရန် စဉ်းစားနေသဖြင့် အကြံပျက်ရသောကြောင့် မကျေနပ်နိုင်ပါ။ ဇာတ်ကြီးဆယ်ဘွဲ့ထဲတွင် ဆင်ဖြူတော်တို့၏ ဂုဏ်တန်ဖိုးကို အကျယ်အဝင့် ရေးထားပါသည်။ ကလင်္ဂရာဇ်ပြည်တွင် မိုးခေါင်သောကြောင့် ဝတ်မှတ်ခေါင်းပါးပြီး မိုးသားတးပြတို့ ထကြွသဖြင့် ဝေဇာတ္တရာပြည်တွင်ရှိသည့် ဆင်ဖြူတော်ကို အလှူခံကြသည့်အကြောင်း၊ ဝေဿန္တရာမင်းသားက ဆင်ဖြူတော်သာမက ဆင်ဖြူတော်တွင် ဆင်ထားသော တန်ဆာများကိုပါ လှူလိုက်သဖြင့် ပြည်သူတို့က ဒေါသပုန်ထသောကြောင့် တောသို့နှင်ခဲ့သည့် ဇာတ်လမ်းသည် ရေးရန် အကွက်ကောင်းပါသည်။ ထို့ကြောင့် အကြောင်းရင်းကို သိလိုသဖြင့် တိရစ္ဆာန်ဥယျာဉ်သို့ ကိုယ်တိုင်သွားပြီး စနည်းနာမိပါသည်။ ဘုရား–ဘုရား ဘုရားတမိပါသည်။ ဆင်ဖြူတော်ကလေး သေရသည်မှာ အစာငတ်သဖြင့် သေရသည်တဲ့။

ဥယျာဉ်မှ တိရစ္ဆာန်များကို အစာကျွေးရန်အတွက် အစိုးရက ဘတ်ဂျက်ငွေ လုံလောက်စွာ ပေးထားပါသည်။ သို့ပါလျက် အစာငတ်သဖြင့် အစာအိမ်တွင် အူကိုအူချင်း ကြိတ်သောကြောင့် သေရပါသည်။

ဆင်ဖြူတော်ကလေးသည် ဦးနု၏ ဖဆပလ ဒီမိုကရေစီအစိုးရခေတ်က ပေါ်ခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက သူ၏ခေတ်တွင် ဆင်ဖြူရတနာ ရှိနေသည်ကို မင်္ဂလာယူနေသဖြင့် ဆင်ဖြူတော်ကလေး သေရသည်ကို မကျေနပ်နိုင်သောကြောင့် ဆရာဝန်များနှင့် စစ်ဆေးစေပါ၏။ ဆင်ကလေးကို X-ray တတ်မှန်ရိုက်ကြည့်သောအခါ အစာငတ်သောကြောင့် အစာအိမ်အူကွဲပြီး သေရသည်ဟု သိကြရပါသည်။

ဆက်လက်ပြီး စုံစမ်းရာ တိရစ္ဆာန်ဥယျာဉ်ကို စစ်တပ်က အပိုင်သိမ်းထားသဖြင့် ဖြစ်ရသည်ဟု သိရပါသည်။ တော်လှန်ရေးအစိုးရ တက်လာစကာလက အစိုးရဌာနမှန်သမျှကို ဦးစီးရန် စစ်ဗိုလ်ကြီးများကို တာဝန်ပေးသောအခါ၌ တိရစ္ဆာန်ဥယျာဉ်ကို အုပ်ချုပ်ရန် ဗိုလ်မှူးကြီးလှအောင်အား တာဝန်ပေးခဲ့ပါသည်။ စစ်ဗိုလ်ကြီးက သူရောက်လာသည်နှင့် မူလက ရှိနေသူ အရပ်သားအမှုထမ်းများ ဖြုတ်ပါသည်။ ဥယျာဉ်ထိန်းသိမ်းမှု အထူးပညာရှင် ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းကို အပြစ်ရှာသည်။ အပြစ်ရှာမရသောကြောင့် အင်းစိန်ထောင်သို့ ပို့လိုက်သည်။ (၆) နှစ်မျှ ခံလိုက်ရရှာပါသည်။

မူလက အုပ်ချုပ်ရေးမှူးနှင့် ကျွမ်းကျင်သူ အရပ်သားဝန်ထမ်းများကို အလုပ်မှ ဖြုတ်ပြီး သူ၏ တပ်မှ စစ်သားများ၊ စစ်သားဟောင်းများကို အစားထိုးခန့်ထားခဲ့ပါသည်။

ထိုအချိန်က အစိုးရက ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်လိုက်သောကြောင့် တပြည်လုံး စားနပ်ရိက္ခာ ရှားပါးသွားလေသဖြင့် စစ်သားဟောင်း ဥယျာဉ်မှူးဝန်ထမ်းများက တိရစ္ဆာန်များကို ကျွေးရမည့် အစာများကို မကျွေးတော့ဘဲ မိုးယူကာ မိသားစုပါ စားသောက်ကြသည်ဆိုပါသည်။ ဆင်ကလေးသာမက အကောင်ပလောင် အငယ်စားကလေးများတို့လည်း





သေကျေကုန်ကြပါသည်။ ကျားကြီးများနှင့် ခြင်္သေ့တို့ပင် သေလုလုပိန်လှိနေပြီကို တွေ့ကြရသည်။ အမှုကို ဦးနေဝင်းကိုယ်တိုင် သိရှိပြီး ဆူပူဆဲရေးမှ ဥယျာဉ်က တိရစ္ဆာန်များ၏ အစာကို ခိုးယူသုံးစွဲမှု ရပ်ဆိုင်းသွားခဲ့သည်။

ဤသို့သော ဖြင်ရပ်မျိုးများမှာ စာရေးဆရာများက စိတ်ကူးနှင့် တီထွင်ရေးသားရန် မဖြစ်နိုင်ပါ။ မြန်မာနိုင်ငံတွင်သာ၊ စစ်အစိုးရခေတ်မှာသာ ဖြစ်နိုင်ပါသည်။ အခြားခေတ်၊ တခြားနိုင်ငံများမှာလည်း မဖြစ်နိုင်လောက်အောင် ဆန်းကြယ်လှပါသည်။

• • • • •

## (၄၅)

## အာဏာကို လူထုလက်သို့ အကြိမ်ကြိမ်ပြန်အပ်ခြင်း

ခေါင်းဆောင်ကြီး ဗိုလ်ချုပ်နေဝင်းသည် အာဏာရူးသူ၊ အာဏာကို ယစ်မူးသူမဟုတ်၊ အာဏာကို ရွံမုန်းသူဖြစ်သည်ဟု တပည့်များက ဝါဒဖြန့်ကြသည်။ လူထုကြီးက ရွေးကောက်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရလက်မှ နိုင်ငံရေးအာဏာကို အခြေအနေအရ၊ သမိုင်းပေးတာဝန်အရ တပ်မတော်က လုယူခဲ့ရရှာစေကာမူ သူတို့အဖို့ မိမိရွံရှာသော အာဏာကို ဆုပ်ကိုင်ထားရရှာသည့်အတွက် နာရီစက္ကန့်တိုင်း စိတ်မချမ်းမသာဖြစ်နေဟန် တူပါသည်။ အာဏာလုပြီး (၄) နှစ်မျှကြာသောအခါ ၁၉၆၆ ခုတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ နှီးနှောဖလှယ်ပွဲ ကျင်းပစဉ်က "အာဏာကို မူလပိုင်ဆိုင်သူမှာ ပြည်သူလူထုဖြစ်ပါတယ်။ ပြည်သူလူထုထံသို့ ပြန်အပ်ပါမည်" ဟု စတင်ပြောကြားပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက ကတိတည်ရှာပါသည်။ အာဏာလုယူပြီး (၉) နှစ်ကာလ ကြာသောအခါ ၁၉၇၁ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့ ပထမအကြိမ် မဆလ ပါတီညီလာခံတွင် "တကယ့် တိုင်းပြည်အာဏာ မူပိုင်ရှင်ဖြစ်တဲ့ လူထုထံသို့ ရောက်အောင် ပြန်အပ်မှာပါပဲ။ တပြည်လုံးက လူထုကိုယ်စားလှယ်များလက်သို့ ပြန်မအပ်နိုင်သေးသဖြင့် ပြည်သူလူထု၏ တစိတ်တဒေသဖြစ်တဲ့ ကျနော်တို့ပါတီကိုတော့ ပြန်အပ်ပါပြီ" ဟု မိန့်ခွန်းပေးကာ အာဏာထုပ်ကြီးကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ လွှဲအပ်ပေးခဲ့ပါသည်။

ခက်နေသည်မှာ ပါတီက ယခုမှ ပထမညီလာခံကျင်းပသည်ဖြစ်နေရာ အာဏာထုပ်ကြီးကို လက်မှ ပိုက်ထားနိုင်လောက်အောင် အင်အားမရှိဖြစ်နေသည်။ အာဏာဆိုသည့် အာဏာကလည်း သကြန်စာထဲမှ ဗြဟ္မာကြီး၏ ဦးခေါင်းလို မြေမှာချ၍မရ၊ ရေထဲသို့လည်း မျှော၍မရသည့် အထုပ်ကြီးဖြစ်နေသောကြောင့် ပါတီခေါင်းဆောင်များက မလုပ်တတ်၊ မကိုင်တတ်၊ မယူနိုင်၊ မယူရဲ ဖြစ်သွားကြပါသည်။ အာဏာထုပ်ကြီးကို မည်သူ့ထံတွင် ထားကြမည်နည်းဟု ပါတီဗဟိုကော်မတီဝင်များ ကြာမြင့်စွာ ညှိနှိုင်းဆွေးနွေးကြရပါသည်။

အာဏာထုပ်ကြီးကို သိမ်းစရာနေရာမရှိသောကြောင့် ပါတီခေါင်းဆောင်များက တော်လှန်ရေးကောင်စီကိုပင် ပြန်အပ်ကြရပြန်ပါသည်။ လူထုကရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော်ပေါ်မလာသေးမီ ကာလတွင် အာဏာကို ခေတ္တခဏ ထိန်းထားပါဦးဟုလည်း ပြန်လည်အပ်နှင်းပြန်ပါသည်။

တော်လှန်ရေးပါတီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးနေဝင်းက မဆလပါတီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်နေဝင်းထံ အပ်နှင်းလိုက်သည့် အာဏာထုပ်ကြီးသည် ညီလာခံပြီးသောအခါတွင် တော်လှန်





ရေး ကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးနေဝင်း၏ စစ်လွယ်အိတ်တွင်းသို့ပဲ ပြန်ရောက်သွားပါသည်။ သူ့ခမျာ စိတ်မချမ်းမသာနှင့် ပြန်ယူရရှာပြန်ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းသည် အာဏာကို မလိုချင်သည်မှာ အမှန်ဖြစ်ပါသည်။ အာဏာစွန့်နိုင်ရေးကို အစွမ်းကုန်ကြိုးစားသောကြောင့် ၁၉၇၄ ခု၊ မတ်လ (၂) ရက်နေ့တွင် လူထုကြီးက ရွေးကောက်တင်မြှောက်သော ပြည်သူ့လွှတ်တော် ပေါ်လာသောအခါတွင် အာဏာကို ပြည်သူလူထု၏ လက်သို့ လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။

(၁၂) နှစ် ကာလပတ်လုံး စိတ်မချမ်းမသာဘဲနှင့် ထိန်းသိမ်းထားရသည့် အာဏာထုပ်ကြီးကို စစ်ဝတ်စုံ ဝတ်ဆင်ထားခဲ့သူ ဗိုလ်ချုပ်ကြီးနေဝင်း၏ တောင်ရှည်ပုဆိုး ဝတ်ဆင်ထားသော အရပ်သားကြီး၊ ပင်စင်စားကြီး ဦးနေဝင်း၏ လက်သို့ လွှဲပြောင်းပေးလိုက်ပါသည်။ ချက်ချင်းပင်ပဲ အစိုးရ၏ အသွင်သဏ္ဍာန်မှာ လူထုကိုယ်စားလှယ်အစိုးရဖြစ်သွားပါသည်။

ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရန် လုပ်ဆောင်ရသည်ကလည်း မလွယ်ပါ။ ပထမ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်ကို ရေးရပါသည်။ အဖွဲ့ဝင် (၉၇) ဦး ပါဝင်သော ကော်မီတီက လူထုကြီးက လိုလားသည့် အချက်များကို လူထုဆန္ဒနှင့်အညီ ရေးသားရပါသည်။ ရေးသားပြီးစီးသော ပထမမူကြမ်း၊ ဒုတိယမူကြမ်း၊ တတိယမူကြမ်း တို့ကို လူထုကြီးထံ ပြန်လည်တင်ပြပါသည်။ ပြီးတော့မှ ဆန္ဒခံယူပွဲ ကျင်းပပါသည်။

၁၉၇၃ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အတည်ပြုရေး တပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ ဥပဒေကို တော်လှန်ရေးကောင်စီက ၁၉၇၃ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့က ထုတ်ပြန်ပြီး ဒီဇင်ဘာလထဲ၌ ဆန္ဒခံယူပွဲများကို အမြို့မြို့အရွာရွာတို့တွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ပါသည်။

လူထုဆန္ဒခံယူပွဲတော်ကြီးတွင် တင်မောင်တို့ သတင်းစာဆရာများ၊ စာရေးဆရာများနှင့် ဂီတသဘင် အနုပညာရှင်များ၊ ရုပ်ရှင်မင်းသား မင်းသမီးများတို့ပါ တတပ်တအား ပါဝင်ကြရပါသည်။ စာရေးသူတို့အားလုံး စင်မြင့်ပေါ်တက်ပြီး လူထုကို ပညာပေးရပါသည်၊ အဖွဲ့ငယ်များဖွဲ့ပြီး မြို့နယ်ကျေးရွာ ရပ်ကွက်များတို့မှာ ဟောပြောပွဲများ ကျင်းပကြရာတွင် အနုပညာရှင်များက သီဆိုကခုန် ဖျော်ဖြေပြီး စာပေပညာရှင်တို့က ဟောပြောကြရပါသည်။

လူထုကြီးနှင့် ညှိပြီး ရေးသားသော အခြေခံဥပဒေမူကြမ်းကြီးကို ဖတ်ကြည့်သောအခါတွင် တင်မောင်မှာ ကျောချမ်းမိသည်။ ဥပဒေနှင့်မတူဘဲ ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရဟု ရေးထားသဖြင့် စည်းကမ်းကြီးသည့် ကျောင်းတကျောင်း၏ ကျောင်းစည်းကမ်းနှင့် တူနေသည်ကို တွေ့ရပါသည်။ မလုပ်ရဟု တားမြစ်ထားသည်သာမက ပြုလုပ်ပါက အပြစ်ပေးမည်ဟူသော အချက်များက များပြားလှသည်။

အခွင့်အရေးများလည်း မြောက်မြားစွာ ပေးထားပါသည်။ ပုဒ်မ (၁၅၇) တွင် နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ ဟောပြောရေးသားထုတ်ဖော်ခွင့်ရှိသည်ဟု ခိုင်မာစွာ ပါရှိပါသည်။ အလွန်ကောင်းပါ၏။ သို့သော် အောက်မှ စာပိုဒ်တွင် ယခင်းအခွင့်အရေးများကို လုပ်သားပြည်သူများနှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဆန့်ကျင်သမှုမပြုလေမှသာ ရရှိမည်ဟု ချုပ်ချယ်မှု ပါနေပါသည်။ ပုဒ်မ (၁၅၆) တွင် နိုင်ငံသားတိုင်း လွတ်လပ်စွာ တွေးတောရေး

သားခွင့်၊ အနုပညာဖန်တီးခွင့်ရှိသည်ဟု ဖော်ပြထားစေကာမူ အထက်ပုဒ်မပါ အခွင့်အရေးများသည် ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် နိုင်ငံတော်၏ ညီညွတ်မှုကို ဆန့်ကျင်သမှုမပြုရဟု ကန့်သတ်ထားပြန်ပါသည်။ အပြစ်ကျူးလွန်ပါက ပြစ်ဒဏ်ပေးမည်ဟုလည်း ခြိမ်းခြောက်ထားပါသည်။

ကြီးမားသော နှောင်ကြိုးကြီးများ တုပ်နှောင်ထားသည့် ဥပဒေမှုကြီးကို လူထုက ထောက်ခံကြရန် ဟောပြောရေးကို တာဝန်ယူပါဟု တင်မောင်တို့ရုံးမှ အထက်အရာရှိ၏ အမိန့်အရ စင်မြင့်ပေါ်တက်ပြီး ပြောရပါသည်။ တင်မောင်က "အခြေခံဥပဒေဆိုတာ အုပ်ချုပ်သူလူတန်းစားနဲ့ အုပ်ချုပ်ခံ လူတန်းစားတို့ရဲ့ စာချုပ်သာဖြစ်တာကြောင့် သေသေချာချာ လေ့လာဖတ်ရှုကြပါ" ဟု ပြောမိပါသည်။

တင်မောင်တို့အဖွဲ့က ဟောပြောပွဲ (၂၀) ဟောကြရန် တာဝန်ပေးထားပါသည်။ ပွဲ (၆) ပွဲသာ ပြောပြီးသောအခါ၌ အဖွဲ့ခေါင်းဆောင်က တင်မောင်အား တိုးတိုးတိတ်တိတ် ပြောပါသည်။ "ကိုယ့်လူ ဆက်မဟောပါနဲ့၊ အဖွဲ့ခရီးထွက်ရာမှာလဲ မလိုက်ပါနဲ့တော့" တဲ့။

"ဘာဖြစ်လို့လဲဗျာ" ဟု မေးသောအခါ "ခင်ဗျားဟောတာတွေကို အထက်က မကြိုက်ဘူး၊ ခင်ဗျားကို သည်းခံတာ။ တခြားလူ ဒီလိုဟောလျှင် အင်းစိန်ထောင်ရောက်သွားမှာပေါ့" ဟု သူက ပြောပါသည်။ တင်မောင် ဆက်လက်ဟောပြောခြင်း မပြုစေကာမူ လူထုက ထောက်ခံကြပါသည်။

တပြည်လုံးမှာရှိသော မဲပေးနိုင်ခွင့်ရှိသူတို့၏ (၉၅) ရာခိုင်နှုန်းက မဲပေးကြပါသည်။ ထောက်ခံမဲ (၁၄,၇၆၀,၀၃၆) တို့က ထောက်ခံကြပါသည်။ အစုစု (၉၀.၁၉) ရာခိုင်နှုန်းသော လူထုကြီးက ထောက်ခံကြပါသည်။

စစ်အစိုးရခေတ်မှာ ပထမဆုံး ကျင်းပသော မဲဆန္ဒပေးပွဲ အစီအစဉ်မှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ မဲဆန္ဒရှင် (၂၀၀) ခန့်တွင် မဲရုံတရုံထားပါသည်။ လွယ်ကူစွာ မဲပေးနိုင်ရန် မဲရုံအများ ထားရှိသည်ဟု ဆိုပါ၏။ ကွပ်ကဲသူ တပ်ကြပ်ဦးဟောင်း၊ စစ်သားဟောင်းများက မည်သည့်မိသားစု၊ မည်သည့်မဲပုံးထဲ၌ မဲထည့်သည်ကို တွက်ချက်သိနိုင်ရန် စီစဉ်ထားသဖြင့် မည်သူမှ ဆန့်ကျင်မဲမပေးဝံ့ကြပါ။ အချို့ကမူ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်မယ်ဟောဆိုကာ ဆန့်ကျင်မဲအနက်ပုံးထဲသို့ မဲထည့်ကြပါသည်။

တင်မောင်တို့မိသားစုတွင် မဲပေးနိုင်သူ (၄) ဦးရှိပါ၏။ တဖက်ခန်းမှ စိတ်တူကိုယ်တူမိသားစုက (၆) မဲရှိပါသည်။ တဘက်ခန်းမှ အိမ်ထောင်ဦးစီးဖြစ်သူ ကိုဘတုတ်က သူ၏ ဈေးဆိုင်ကို ပြည်သူပိုင်အသိမ်းခံထားရသဖြင့် စိတ်နာနေသူဖြစ်ပါသည်။ အခြေခံဥပဒေကြီးကို အသေးစိတ်ဖတ်ရှုပြီး ပုဒ်ထိုးပုဒ်မမှန်သမျှ မကောင်းပုံ၊ ဖိနှိပ်ပုံများကို ပြင်းပြင်းထန်ထန် ဝေဖန်ပါသည်။ သူက အခြားသူများထံ မပြောဝံ့ဘဲ စိတ်ချသည့် တင်မောင်ကိုသာ ပြောသဖြင့် နားမှုခဲ့ရပါသည်။ "ပိတ်ထားတဲ့ မဲပေးခန်းထဲမှာမှ မှန်တယ်ထင်တာကို မဲမပေးဝံ့လျှင် သူ့ရဲဘောကြောင်တာပေါ့" ဟု သူပြောတာကို နားထဲမှ ထုတ်မရပါ။ တင်မောင်တို့မိသားစုလည်း နိုင်ငံသားတို့၏ အခွင့်အရေးကို သုံးပြီး အနက်မဲပုံးထဲသို့ မဲထည့်ခဲ့ပါ၏။ မဲ (၂၀၀) အနက် မဲ (၄၀) ခန့် ဆန့်ကျင်မဲထွက်လာမည်ဟု မျှော်လင့်ခဲ့မိသည်။



သို့သော် မဲပုံးများဖွင့်ပြီး မဲရေကြသောအခါ ရပ်ကွက်ကောင်စီလူကြီး၊ ဗိုလ်ကြီးဟောင်း၊ ဗိုလ်ကတော်နှင့် တပ်ကြပ်ကြီးတို့က ထခုန်ပြီး ကွေးနေအောင် ကကြပါတော့သည်။ "တို့မဲပုံးက အားလုံးဖြူတယ်ဟေ့" ဟု အော်ဟစ်ကြပါသည်။

တင်မောင်က မိမိအနားတွင်ရှိသူ ကိုဘတုတ်၏ မျက်နှာကို ကြည့်မိပါသည်။ တင်မောင်တို့ ထည့်ထားသော အနက်မဲများကို ပဥ္စလက်နည်းနှင့် ပျောက်အောင် ဖျောက်နိုင်ကြသည်ကို အံ့သြဟန်နှင့် ငိုင်သွားရှာပါသည်။ ဆက်လက်၍ အဖြူမဲအောင်ပွဲကို အရပ်သားများကပါဝင်ပြီး ကကြသောအခါ ကိုဘတုတ်တယောက်လည်း ပါဝင်ကာ ကရရှာတော့သည်။

"ဟဲဟဲ...အင်းစိန်ထောင်ပြန် သူ့ရဲကောင်းကြီးဖြစ်တဲ့ တင်မောင်လည်း သိကြားသားမဟုတ်လေတော့ ဝင်ပြီးမကခဲ့ပေမယ့် စတီအားဖြင့် လက်ခုပ်တီးခဲ့ရပါတယ်။ အများမိုးခါးရေသောက်နေကြတဲ့အချိန်မှာ ကိုယ်က အိုင်စကေလင်စားနေလို့ မတော်ဘူး၊ မဟုတ်လား။"

• • • • •

## (၄၆)

# လွှတ်တော်မှ ဘဝသံသရာပြက်လုံး

ဖြစ်ချင်တာတွေလဲ မဖြစ်ရတာ– မဖြစ်ချင်တာတွေလဲ ဖြစ်ရတာ ...ဟူသော ဆရာသုခ၏ ဘဝသံသရာ တေးသဘောတရားကို အာဏာရှင်ကြီး၊ ပင်စင်စားကြီး ဦးနေဝင်း ရင်ဆိုင်ရရှာသည်ကို သူ၏ ပုဂ္ဂလိကပိုင် ပြည်သူ့လွှတ်တော်ခန်းမရင်ပြင်တွင် မွေ့မြင်ရသဖြင့် တရားကျမိသည်။ နောက်တီးနောက်တောက် လှောင်ပြောင်လေ့ရှိသော လာကော လောကကြီး၏ ပြက်လုံးကို "အုန်းကနဲ" ရယ်မိသည်။

၁၉၄၇ ခု အခြေခံဥပဒေကြီးကို လူထုကြီးက တခဲနက်ထောက်ခံမဲပေးကြပြီးနောက် ပြည်သူ့လွှတ်တော်အတွက် ပြည်သူ့ကိုယ်စားလှယ်အမတ်မင်းများ ရွေးကောက်ပွဲကို ကျင်းပပါသည်။ ရွေးကောက်ပွဲမတိုင်မီတွင် ဗိုလ်ချုပ်ကြီး နေဝင်းက တပ်မတော်မှ အနားယူရာတွင် နောက်တော်ပါ ဗိုလ်မှူးကြီး (၂၀) တို့ကပါ ရာထူးမှ အနားယူကာ အရပ်သားပင်စင်စားကြီးများ ဖြစ်လာကြပါသည်။

ခေတ်ဟောင်းကကဲ့သို့ ဖောက်ပြန်သူ အမတ်မဖြစ်နိုင်စေရန် စီစဉ်ထားပါသည်။ လူထုအဖို့လည်း ပင်ပင်ပန်းပန်း လူရွေးရန်မလိုရအောင် မည်သူမည်ဝါသည် ပြည်သူ့ကိုယ်စားလှယ်ဖြစ်သင့်သည်ဟု အမတ်လောင်းများကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ရွေးချယ်ပေးပါသည်။ လူထုကြီးတာဝန်မှာ (၉၉) ရာခိုင်နှုန်း ထောက်ခံမဲပေးကြရန်ဖြစ်ပါသည်။

စစ်တပ်မှ အနားယူခဲ့သော ဦးနေဝင်းနှင့် ဗိုလ်လူထွက် (၂၀) အပါအဝင် သင့်လျော်သူများကို ပါတီက ရွေးပြီး အရွေးခံစေပါသည်။ ယင်းသို့ လူထုက မဲပေးတင်မြှောက်သော အမတ်မင်း (၄၅၁) ဦးတို့သည် ပြည်သူ့လွှတ်တော်ခန်းမဆောင်တွင် တနှစ်သုံးကြိမ် ညီလာခံကြပြီး ဥပဒေပြုကြပါသည်။ ၁၅ ရာခိုင်နှုန်းက အရပ်သားကျောင်းဆရာများ၊ ဆရာဝန်များနှင့် လူမျိုးစုကိုယ်စားလှယ်များဖြစ်ကြပါသည်။ (၈၅) ရာနှုန်းသော အမတ်မင်းများက စစ်ဝတ်စုံကို ချွတ်ပြီး တောင်ရှည်ပုဆိုးဝတ်ထားသည့် ဗိုလ်လူထွက်များ ဖြစ်ပါသည်။ သို့ကြောင့် အစည်းအဝေးများသည် အသက်မပါသော အခမ်းအနားများ ဖြစ်နေသည်။ ဝန်ကြီးများ တင်ပြသော အဆိုမှန်သမျှတို့ကို ထောက်ခံကြသဖြင့် စိတ်ဝင်စားစရာထူးကွက်မှ မရှိပါ။ သတင်းစာဦးစီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ပြီး ဇော့လာကြရပါသည်။

အမတ်များက ထောက်ခံကြမည့် မိန့်ခွန်းမှန်သမျှကို လွှတ်တော်ရုံးကို (၇) ရက် တင်ကြိုပေးရပါသည်။ ပြောခွင့်ပြုသည်တို့ကို တည်းဖြတ်ပြီး ဓာမှုကို သတင်းစာများက (၂) ရက် တင်ကြိုရရှိလေရာ အိမ်၌ အိပ်နေရင်း သတင်းရေးနိုင်ပါသည်။ ဝေပန်ချက်ရေးနိုင်ပါသည်။





ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ပါလီမန်အစည်းအဝေးကို တက်ရောက်သတင်းယူ
သည့် နားထောင်ကြရသည့် ပရိသတ်များအဖို့ လွန်စွာ သနားစရာကောင်းပါသည်။ တေ
သေးသည် ဧည့်သည်တော်များကို ခန်းမကြီး၏ နောက်ပိုင်းတွင် နေရာပေးထားသဖြင့်
မောင်တို့ လူတစုမှာ ဇိမ်ကျကျနှင့် ဝတ္ထုဖတ်နိုင်ကြပါသည်။

ထိုထက်ကောင်းသည်များ ရှိပါသေးသည်။ လွှတ်တော်အမတ်မင်းများအတွက် အ
ဖွင့်ပေးထားသော ကုန်သွယ်ရေးကော်ပိုရေးရှင်း စားသောက်ဆိုင်နှင့် အထူးကုန်စုံဆိုင်
စာရေးသူတို့ ဝယ်ယူစားသောက်ခွင့် ရရှိကြသည်မှာ မဟာ အခွင့်အရေးဖြစ်ပါ၏။

နံနက်စာ တရုတ်၊ ကုလား၊ မြန်မာဟင်းထမင်းမှာ ဆီစိုစို၊ နံ့မွှေးစိုစို၊ ဆန်ကေ
ကောင်းနှင့် ချက်ထားပါသည်။ သမ္မတကြီး ဦးနေဝင်းနှင့် ဝန်ကြီးများပါ ဝယ်ယူစားသေ
ကြသဖြင့် ဈေးနှုန်းကလည်း အပြင်ကနှုန်းငက်-အဆများစွာ သက်သာပါသည်။ နေ့လ
ကော်ဖီလက်ဖက်ရည်ကလည်း ကောင်းလှပါသည်။ ထိုအချိန်က ပြင်ပလောကတွင် သ
ပြတ်နေသောကြောင့် လက်ဖက်ရည်ဆိုင်များက ချိုချဉ်များကို မှောင်ခိုဝယ်ပြီး ဖျော်ကြရ
သဖြင့် ကော်ဖီ၊ လက်ဖက်ရည် နို့ပြာဝါခိမ်းများကို သောက်နေကြရပါသည်။ ကမ္ဘာမှာ အုံ
ဖြစ်စေသည့် အစိမ်းရောင်ကော်ဖီ၊ အပြာရောင်လက်ဖက်ရည်စသည်တို့ကို မြန်မာနိုင်ငံ
ထွင်နေသည့် အချိန်ဖြစ်ပါသည်။ သမ္မတကြီးနှင့် တကွ ဝန်ကြီးများ၊ အမတ်မင်းများ၊ သ
စာဆရာများတို့တတွေမှာ သကြားဖြူဖြူနှင့် ဖျော်ထားသော ကော်ဖီလက်ဖက်ရည်
ကောင်း ပဲကောင်းများကို တမှုးတမတ်နှင့် ဝယ်ယူစားကြရသည့် စည်းစိမ်ကမူ ကြီးမားပါ

ထိုထက်ကောင်းသည်မှာ အထူးကုန်စုံဆိုင်၌ အမတ်မင်းများအတွက် သွားပွတ်တံ၊
တိုက်ဆေး၊ မီလ္လာစက္ကူ...စသော အပြင်တွင် ဝယ်လို့မရနိုင်သည့် ပစ္စည်းများ ရောင်းချသ
တင်မောင်တို့ပါ ဝယ်ခွင့်ရပါသည်။

မှတ်ဆိတ်ရိတ်ဓား ပြတ်တောက်သွားသောကြောင့် မြန်မာယောက်ျားမှန်သမျှ ဗိုလ်
ဆိတ်များ ဖြစ်နေရသည့် အချိန်တွင် မှတ်ဆိတ်ရိတ်ဓား သုံးချောင်းစီ ရောင်းသဖြင့် ပွဲ
ကြီး ဖြစ်နေသည်။

အမှန်ကို ဝန်ခံရလျှင် တင်မောင်၏ အလုပ်ဝတ္တရားအရ သံရုံးများသို့ ဝင်ထွက်သွာ
နေသဖြင့် အမေရိကန်သံရုံးနှင့် ရုရှသံရုံးမှ မိတ်ဆွေများက လိုသမျှပစ္စည်းကို သံတမန်ဆို
ဝယ်ပေးလေ့ရှိကြပါသည်။ နိုင်ငံခြားသို့ မကြာခဏသွားရသဖြင့် ထိုပစ္စည်းများ မလိုပါ။
တော်နှင့် ညီလာခံကြီးများတွင် ရောင်းသော ပစ္စည်းမှန်သမျှကို ဝယ်ယူပြီး ရုံးမှူထမ်း
တဆင့်ခွဲဝေပေးလေ့ရှိသောကြောင့် ရုံးအုပ်ကြီးမှ လက်နှိပ်စက်စာရေးမများ၊ ရုံးစေများ
တင်မောင်၏ အမှုကိစ္စမှန်သမျှကို ပြုံးရွှင်သွက်လက်စွာ လုပ်ကိုင်ပေးလေ့ရှိကြပါသည်။

တနေ့တွင် "စောင်တွေရမယ်တဲ့၊ ဆရာသမားတို့" ဟု သတင်းထောက်ကြီးတ
သတင်းပေးပါသည်။ အိန္ဒိယမှ တင်သွင်းသော စောင်အကောင်းစားများကို ပါလီမန်
ရောင်းမည်ဟု ပြောသံကြားရသောအခါ "ရွာရှိဗိဘများကို ကန်တော့ရန်အတွက် တစ
ခွင့်ရအောင် ကြိုးစားကွာ" ဟု ပြောမိပါသည်။ အယ်ဒီတာချုပ်ကြီးများကလည်း နှစ်ထ
လိုချင်ကြရှာပါသည်။ အားလုံးစုပြီး လွှတ်တော်တွင်းတွင် ဖွင့်ထားသော အထူးဆိုင်သို့

ကြပါသည်။

"မလွယ်ဘူးဆရာတို့" ဟု ဆိုင်မန်နေဂျာက ရှင်းပြပါသည်။ ရုံးချုပ်က အမတ် (၄၅၁) ဦးအတွက် စောင် (၄၅၁) စောင်သာ ကွက်တိ ပို့ပေးတယ်။ စောင်မလိုသဖြင့် မဝယ်လိုသော အမတ်မင်းများ ရှိမှသာ သတင်းစာဆရာများကို ရောင်းပါမည်ဟု ဆိုရှာပါသည်။ တင်မောင်သည် စိတ်ပျက်မိပါသည်။ မြန်မာတနိုင်ငံလုံးတွင် စောင်ပျောက်နေသည်မှာ ကြာပြီဖြစ်သည်။ အညာဒေသတွင် စောင်မဖြန့်နိုင်သဖြင့် ဂုန်နီအိတ်ကို ဖြဲကြရရှာသဖြင့် ဂုန်နီအိတ်များကို 'နေဝင်းစောင်' ဟု ခေါ်ဝေါ်နေကြပါသည်။ အမတ်မင်းများလည်း စောင်များ လိုချင်ကြမည် ဖြစ်ပါသည်။ ဝန်ကြီးများကမူ အထူးထက်ထူးသော ဧပါယ်ရှယ်အထူးဆိုင်မှာ စောင်ဝယ်နိုင်ကြသဖြင့် ဝယ်ကောင်းမှ ဝယ်ပါမည်။ သူတို့မဝယ်ကြစေကာမူ သတင်းတာဆရာများ အားလုံးကို ရောင်းချနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဝန်ကြီးများ၊ အမတ်များ မဝယ်သော စောင်များရှိပါက ကျွန်ကောက်ဝယ်ယူခွင့်ပေးရန် သတင်းစာ...ရာများ အဆင့်ဆင့်ဦးစားပေး မဟာ'တုတ်မဲ'ပင် နှိုက်ကြပါသေးသည်။ တင်မောင်၏ မဲအဆင့်မှာ အမှတ်ငါးဖြစ်သဖြင့် အမတ်ငါးပါးက တော်မဝယ်ပါက စောင်တထည်ဝယ်ခွင့်ရရန် သေချာနေပါသည်။

ထုထဲသော သက္ကလပ်စောင်ကို နှစ်ထည်တွဲ ပလတ်စတစ်အိတ်နှင့် ထည့်ထားပြီး အလွယ်တကူသယ်နိုင်ရန် လက်ကိုင်ကွင်းနှင့် လှပစွာ တံဆိပ်ရိုက်ထားသော တပေခန့်မြင့်သည့် စောင်ထုပ်များကို မျှော်တလင့်လင့် ကြည့်မိပါသည်။

အမတ်မင်းများထံမှ စာရင်းရောက်လာသောအခါ စောင်မဝယ်လိုသူ တဦးတယောက်မှ မရှိပါ။ အစည်းအဝေးနားချိန်တွင် လာရောက်ကြကာ အားလုံးဝယ်ကြပါသည်။ ပြဿနာမှာ စောင်ဝယ်ပြီးနောက် စောင်ထုပ်ကြီးများကို ထားစရာမရှိဖြစ်နေရှာပါသည်။ လုံခြုံရေးအရ အိမ်တော်၊ လွှတ်တော်ဝင်းအတွင်းသို့ ကားနှင့်မဝင်ကြရဘဲ ဝင်းဝမှ ခြေလျင်ဝင်ကြရပါသည်။ ထို့ကြောင့် စောင်ထုပ်ကြီးများကို ခေါင်းပေါင်းများတလုလုနှင့် အစည်းဝေးခန်းမတွင်းသို့ သယ်ကြကာ မိမိတို့ ကုလားထိုင်များတွင် ချကာ ထိုင်ကြပါသည်။ သတင်းစာဆရာများက မနာလိုစွာ မျက်စောင်းထိုးမိကြပါသည်။

လွှတ်တော်အစည်းဝေးခန်းမဆောင်တွင် ကုလားထိုင် (၆၀၀) ရှိပါသည်။ အားလုံးညီတူဖြစ်ပါသည်။ သို့သော် ရှေ့တန်းမှ ကုလားထိုင်တလုံးမှာ (၉) လက်မ ပိုမိုမြင့်ပါသည်။ အမတ်မင်း ဦးနေဝင်းထိုင်ရန် ထားရှိပါသည်။

၁၉၆၂ ခုနှစ်၊ အာဏာသိမ်းပြီး ရက်အနည်းငယ်အတွင်းတွင် လက်သမားကျော်များကို ဆင့်ခေါ်ကာ သာမန်ကုလားထိုင်များထက် ခြေထောက် (၉) လက်မမြင့်သော အထူးကုလားထိုင်ကြီးတလုံးကို ဆောက်လုပ်စေပါသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက အရာရှိများ၊ စစ်ဗိုလ်များနှင့် တွေ့ဆုံတိုင်း ကုလားထိုင်အမြင့်ကြီးနှင့်ထိုင်ကာ အားလုံးထက် (၉) လက်မ မြင့်အောင်နေပြီး ခေါင်းငုံ့ကြည့်လေ့ရှိပါသည်။ နယ်သို့ ခရီးထွက်တိုင်း ကုလားထိုင်မြင့်ကြီးကို သယ်သွားပါသည်။ တခါတရံကားနှင့် ခရီးထွက်သွားရာမှ လိုရာဒေသသို့ရောက်သောအခါ ကုလားထိုင်သယ်သည့် ကားနောက်ကျနေပါက ဗိုလ်ချုပ်ကြီးက မထိုင်သေးဘဲ မတ်တပ်စောင့်နေကာ ကုလားထိုင်ရောက်လာမှ အပေါ်စီးမှ ထိုင်လေ့ရှိပါသည်။ ထိုကုလားထိုင်မြင့်ကြီးကို မည်သူမှ





ထိုင်ခွင့်မရှိအောင် တလုံးသာ လုပ်ထားပါသည်။ လွှတ်တော်ဆောက်သောအခါတွင် ခန်းမ၌ ဦးနေဝင်းထိုင်ရန် (၉) လက်မအမြင့် ကုလားထိုင်တလုံးလုပ်ရပြန်ပါသည်။ ဦးနေဝင်း အစည်းအဝေးမတက်သော နေ့များတွင် ထိုအထူး (၉) လက်မမြင့် ကုလားထိုင်ကြီးကို အဝတ်အုပ်ထားပါသည်။

ယင်းကဲ့သို့ ဦးနေဝင်းက သူတကာထက် အမြဲတစေ (၉) လက်မမြင့်အောင် စီစဉ်ထားသော်ငြားလည်း အမတ်မင်းများ စောင်ဝယ်ကြသောနေ့က အမတ်မင်းများအားလုံးတို့က စောင်ထုပ်ကြီးများကို ဖင်ခုထိုင်ကြသောကြောင့် ဦးနေဝင်းတယောက်မှာ လူပုလေးတဦး ဖြစ်သွားရှာသည်ကို စာနယ်ဇင်းဆရာကြီးများ ကျိတ်ကျိတ် တိုးတိုး ဟက်ဟက်ပက်ပက် ရယ်မိကြပါသည်။

ငါကိုယ်တော်ဘည် လူအများထက် အမြင့်မှာ ရှိစေရမည်ဟု ပြစ်ချင်သလို ပြင်ရအောင် တိတိကျကျစီစဉ်ထားစေကာမူ ဘဝဟူသည်မှာ ဖြစ်ချင်တိုင်းမဖြစ်ရသည်များလည်း ရှိတတ်ပါပေ၏။

• • • • •

## (၄၇)

## စစ်ဗိုလ်တို့၏ လောဘနှင့်ဒေါသ

ပြည်သူပိုင် သတင်းစာများ အုပ်ချုပ်ရေးဘုတ်အဖွဲ့တွင်းသို့ သတင်းစာများ ကြီးကြပ်ရေးမှူးအဖြစ် တင်မောင်စတင် ဝင်ရောက်အမှုထမ်းစဉ်က ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌမှာ လေတပ်မှ ဗိုလ်ကြီးအဆင့်ရှိသော လူငယ်စစ်ဗိုလ်ကလေးဖြစ်ပါသည်။ အရပ်သားအစိုးရဝန်ထမ်းအဖွဲ့များသို့ စေလွှတ်သော စစ်ဗိုလ်များကို အရပ်သားတို့ထက် အဆင့်မြင့်စေရန် ရာထူးတိုးမြှင့်ပြီးမှ စေလွှတ်လေ့ရှိသော စစ်တပ်၏ ပြောင်းတလုံးပိုဓလ္လေ့ရှိစေဟူသော မူအရ ပြန်ကြားရေးဌာနသို့ ဗိုလ်မှူးအဖြစ်ဝင်လာပါသည်။

အမှန်အားဖြင့်လည်း သူသည် ရာထူးတက်နိုင်သော အရည်အသွေး တင်းပြည့်ကျပ်ပြည့် ရှိပါသည်။ သူ၏ အထက်မှ စစ်ဗိုလ်ကြီးများ သည်းခြေကြိုက်လုပ်ငန်းများကို သွက်လက်စွာ ဆောင်ရွက်နိုင်သူဖြစ်ပါသည်။

သူ၏ ပထမဆုံးသော လုပ်ရပ်မှာ အိမ်တွင်းရုပ်ရှင်ပြသရေးအဖွဲ့ ကလေးများဖွဲ့ပါသည်။ ပြန်ကြားရေးဌာနက နိုင်ငံခြားရုပ်ရှင်၊ အမေရိကန်ရုပ်ရှင်များကို ငှားရမ်းကာ ပြည်သူပိုင်ရုံများသို့ ရုံတင်သော စီးပွားရေးလုပ်ငန်းကြီးများကို လုပ်ဆောင်ပါသည်။ သူက ပြည်သူတို့ကို မပြရသေးသော ဆင်ဆာစစ်ဆေးခြင်းပင် မပြုရသေးသော ရုပ်ရှင်များကို ဝန်ကြီးများ အိမ်များသို့ သွားရောက်ပြသပေးပါသည်။ 'ခေါင်းဆောင်ကြီးများသည် နိုင်ငံတော်၏ တာဝန်များကို ပင်ပန်းစွာ ထမ်းဆောင်နေပါသဖြင့် အပန်းဖြေရန်လိုအပ်ပါသည်။ ရုပ်ရှင်ရုံများသို့ မိသားစုနှင့်သွားရောက်၍ အရပ်သားပရိသတ်တို့နှင့်တိုးဝှေ့ကာ လက်မှတ်ဝယ်ယူကြည့်ရှုရန် မသင့်ပါ' ဟု စာတစောင်ရေးကာ တင်ပြသောအခါ ဝန်ကြီးတိုင်းက သူ၏ ပုခုံးကို သပ်ကြပါသည်။ ဝန်ကြီးကတော်များ၊ သားတော်သမီးတော်များက ဂျိမ်းစ်ဘွန်းအသစ်မရောက်သေးဘူးလားဟု တရင်းတနှီးဖုန်းဆက်ကြပါသည်။ ဝန်ကြီးတချို့အား ယောက်ျားသားများသာစုကာ သီးသန့်ပွဲအဖြစ် ခပ်ကြမ်းကြမ်း၊ ခပ်ပြာပြာရုပ်ရှင်ကားများကို သီးသန့်ပွဲ ပြသပေးလေရာ ဗိုလ်မှူးကလေးသည် တော်လှန်ရေးကောင်စီ၏ သည်းခြေကြိုက် ဗိုလ်မှူးဖြစ်လာပါသည်။

အပြောကလည်း သွက်လှပါ၏။ အထက်စစ်ဗိုလ်များက တစုံတရာပြောလျှင် ယင်းခစ်ဗိုလ်ကြီးပါးစပ်မပိတ်မီ "ဟုတ်ကဲ့ဗိုလ်ချုပ်" ဟု တစက္ကန့်၏ အပုံ တရာပုံ တပုံခန့် ကာလအတွင်း မဆိုင်းမတွ ပြောနိုင်သူဖြစ်ပါသည်။ အထက်စစ်ဗိုလ်ကြီးများကို "ဟုတ်ကဲ့" ဟူသော စကားလုံးကိုသာ ပြန်ပြောရာတွင် အသံက မြန်လွန်းသဖြင့် "ယောက်" သို့မဟုတ် "ဟုတ်" ဟု အသံမပီမသထွက်ပါသည်။ သို့သော် အထက်လူကြီးက ဟုတ်ကဲ့ဟု ဖြေကြားကြောင်း နားလည်စေအောင် ပြောနိုင်သည်မှာ ထူးကဲသော အရည်အချင်းဖြစ်၏။

အထက်လူကြီးများကို ဟုတ်တလုံးနှင့် ဖြေလေ့ရှိသော်လည်း အောက်လူများကို ဆက်





ဆံရာတွင် ညစ်ညမ်းစုတ်ပဲ့စွာ ဆဲရေးလေ့ရှိပါသည်။

သူတို့စစ်တပ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက စတင်ကာ ဖရုသဝါစာ ညစ်ညမ်းသောစကားများကို တစ်တစ်ခွခွ နားမချမ်းသာအောင် ပြောဆိုဆဲရေးလေ့ရှိပါသည်။ တော်လှန်ရေးကောင်စီဝင် ထိပ်သီးဗိုလ်မှူးကြီး မှန်သမျှကို ဗိုလ်နေဝင်းက မကြားဝံ့မနာသာ ဆဲရေးသည်ကို ကြာခဏ ကြုံတွေ့ရပါသည်။ အရပ်သားတင်မောင်တို့ သတင်းစာဆရာများ မျက်မှောက်တွင် အဆဲခံရသော ဗိုလ်မှူးကြီးများသည် ရှက်ရှက်နှင့် ပြုံးဖြဲဖြဲ ခံကြရသည်ကို တွေ့ရသဖြင့် အားတုံ့အားနာဖြစ်မိပါသည်။

ဗိုလ်နေဝင်းဆဲသည်ကို ခံနေကြရသော ဗိုလ်မှူးကြီးများကလည်း သူတို့လက်အောက်ရှိ ဗိုလ်မှူးများ၊ ဗိုလ်ကြီးများကို ဆဲရေးကြပြန်ပါသည်။ နောက်တဆင့် ဗိုလ်မှူးများ၊ ဗိုလ်ကြီးများကတဖန် လက်အောက်ငယ်သားများကို ဆဲရေးဆက်ဆံလေ့ရှိပါသည်။ ဗိုလ်နေဝင်းက အရပ်သားအရာရှိများကို မဆဲဝံ့ပါ။ ပြန်ကန်ပါက အရှက်ကွဲလေမည်ကို ကြောက်ဟန်တူပါ၏။

သတင်းစာများကို အုပ်ချုပ်ရသော ဗိုလ်မှူးကလည်း ရိုင်းပျစွာ ဆဲရေးလေ့ရှိရာတွင် ခံပုံမပေါ်သူတို့ကို ရှောင်လေ့ရှိပါသည်။ လူကြီးများဖြစ်ကြသဖြင့် ဆရာခေါ်ကာ ရိုသေရသည်မို့ တိုက်ရိုက်မဆဲဝံ့ပါ။ တနေ့တွင် သတင်းစာများ ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးသို့ အစည်းအဝေးမတက်နိုင်သူ မန္တလေးမှ အယ်ဒီတာချုပ်၏ အစီရင်ခံစာတွဲကြီး ရောက်လာသောအခါ ဗိုလ်မှူးက ဖိုင်တွဲကြီးကို လွှင့်ပစ်ပြီး ရက်ရက်စက်စက်၊ ပယ်ပယ်နယ်နယ် ဆဲရေးပါတော့သည်။ အဖွဲ့ဝင် အယ်ဒီတာချုပ်ကြီးများနှင့် မန်နေဂျာများပါ အရာရှိကြီးနှစ်ဆယ်ခန့်တို့မှာ နားမချမ်းသာကြစေကာမူ မိမိတို့ကို ဆဲရေးသည်မဟုတ်သဖြင့် ခေါင်းငုံ့ကာ မျက်နှာလွှဲနေကြရရှာပါသည်။

နောက်တပတ် မန္တလေးမှ အယ်ဒီတာချုပ်ရောက်လာသောအခါ သီးသန့်တွေ့ဆုံပြီး "ခင်ဗျားကို ဆဲတာမဟုတ်ဘူးဗျို့၊ ဟိုကောင်ကြီးတွေကို ဆဲချင်လွန်းလို့ ဆဲခဲ့ရတာပါ" ဟု နှစ်ကိုယ်ကြား ချွေးသိပ်ပြန်သည်။ မန္တလေးနှင့် ရန်ကုန်အယ်ဒီတာများကို သွေးကွဲအောင် ဆဲရေးသည်ဖြစ်ပါသည်။ တခွန်းတခါတည်း ဆဲရုံနှင့် နှစ်ဦးနှစ်ဘက်တို့ကို နှစ်နာစေရန်၊ နှစ်ကြိမ်နှစ်ခါဆဲသကဲ့သို့ ထိရောက်အောင် ဆဲနိုင်သည်အထိ ယုတ်မာသူဖြစ်သည်။

လာဘ်ခေါ် လာဘ်တောင်းပညာကိုလည်း ကျွမ်းကျင်သူဖြစ်ပါသည်။ အယ်ဒီတာချုပ်တဦးက ကြော်ငြာကိုယ်စားလှယ်ထံမှ ဆန်အိတ်ကို ရယူကာ ပေးဆက်ရပါသည်။

ပြန်ကြားရေးဝန်ကြီး လက်အောက်မှာရှိသော ကြက်ခြေနီအဖွဲ့ကို မကြာခဏသွားလေ့ရှိပါသည်။ လေဘေး၊ ရေဘေး၊ မီးဘေးဒုက္ခသည်များအတွက် အမေရိကန်မှ ပေးပို့သော ငွမ်းစောင်များကို ဗိုလ်မှူးက ဗိုလ်ချုပ်ကြီးကိုပြသသောအခါ "ကောင်းလွန်းတယ်၊ လူထုနဲ့မတန်ဘူး။ မပေးနဲ့၊ တပ်က ဆေးရုံတွေမှာသုံး" ဟု အမိန့်ချခဲ့ပါသည်။

တခါတွင် မြန်မာနိုင်ငံ၌ ကျောက်ရောဂါ ဖြစ်ပွားရာ၊ ရုရှမှ လေယာဉ်ပျံနှင့် ကျောက်ရောဂါထိုးဆေးများ လှူဒါန်းရာ အသစ်လာသော ရုရှကျောက်ဆေးများကို တပ်မတော်က သုံးစေပြီး လူထုကို မြန်မာပြည်တွင် ထုတ်လုပ်သော ကျောက်ဆေးများသာ သုံးစေပါသည်။ မြန်မာနိုင်ငံလုပ် ကျောက်ဆေးမှာ ဆေးထိုးသူအဖို့ ဂယက်မပြန်ပါ။ ရုရှကျောက်ဆေးမှာ ဆေး

ထိုးသုတိုင်း ဖျားစေသည့် ဂယက်ရှိလေရာ၊ တပ်မတော်တခုလုံး အပြင်းဖျားကြရဖူးပါသည်။

ယင်းသို့ စစ်ဗိုလ်ပီသစွာ လောဘထူပြီး အောက်လူများကို ဆဲရေးလေ့ရှိသည့် ဗိုလ်မှူးနှင့် ခပ်ခွာခွာနေသော တင်မောင်ပင် သူ၏ လာဘ်ပွဲစားဖြစ်ရပါသေးသည်။ တင်မောင်၏ တာဝန်အရပ်ရပ်မှာ နိုင်ငံခြားသံရုံးများက ဧည့်ခံပွဲများ၊ သတင်းစာရှင်းပွဲများ ကျင်းပလိုပါက ဆက်သွယ်ဝိဝဉ်ပေးရပါသည်။ ဖိတ်စာများသည် တင်မောင်၏ ရုံးမှတဆင့် တက်ရောက်သင့်သူများကို ဝေရပါသည်။ 'နှစ်ကူးပွဲကာလ'၊ သံရုံးနိုင်ငံတို့၏ နေ့ထူးနေ့မြတ်ကာလတို့တွင် သတင်းစာဆရာများကို လက်ဆောင်များပေးကြရာတွင်လည်း တင်မောင်၏ ရုံးမှတဆင့် ပေးလေ့ရှိပါသည်။ ဗိုလ်မှူးအတွက် ရရှိသော အရက်ပုလင်းများကို သွားရောက်ပေးပို့တိုင်း "ဆရာက အရက်မသောက်တော့ နားမလည်တာခက်တာပဲ။ ဂျော်နီဝေါ့ကားဝီစကီဆိုတာ Black Label မှ ကောင်းတာဗျ" ဟု အကြိမ်ကြိမ်ပြောသဖြင့် သံရုံးများသို့ Black Label ကိုသာ ပေးရန်၊ ဧည့်ခံပွဲ ညစာစားပွဲတို့တွင် Black Label နှင့် ဧည့်ခံပါရန် ပွဲစားလုပ်ခဲ့ရပါသည်။

တနေ့တွင် မြောက်ကိုးရီးယားသံရုံးမှ သံတဦး တင်မောင်ထံရောက်လာပြီး သူတို့နိုင်ငံ၏ ခေါင်းဆောင်ကြီး ကင်အီဆွန်က သတင်းစာကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဗိုလ်မှူးအတွက် လက်ဆောင်တော်ပေးဆက်လိုသဖြင့် အခမ်းအနားတခု စီစဉ်ပေးပါဟု ပြောပါသည်။ အစည်းအဝေးတွင် တင်ပြသောအခါ လက်ဆောင်ဟူသော စကားလုံးကို ရွတ်ဆိုလိုက်သည်နှင့် ဗိုလ်မှူးက ပြုံးသွားပါသည်။ "ဘာလက်ဆောင်တဲ့လဲ ဗျ" ဟု မေးရှာပါ၏။ 'သံမှူးက ထုတ်ဖော်မပြောပါ၊ သံအမတ်ကြီးကိုယ်တိုင်က ပေးလိုပါတယ်လို့ ပြောသည်မှာ ထူးခြားသည်' ဟု ရှင်းပြရပါသည်။ "ပြည်သူ့ကိုးရီးယားနိုင်ငံမှာ တိုးတက်နေတယ်။ မော်တော်ကားတွေ ထွက်နေပြီတဲ့၊ ဗိုလ်မှူးကို မော်တော်ကားများ ပေးမယ်ထင်တယ်" ဟု လက်နက်ချ ကွန်မြူနစ် ဘယ်ဒီတာချုပ်ကြီးက ထင်မြင်ချက်ပေးသည်။ ရေဒီယိုပေးမှာပါဟု တဦးက မှန်းဆပါသည်။ အဖြေကို တင်မောင်လည်း မသိပါ။

လက်ဆောင်တော်ပေးပွဲကို အဖွဲ့ခန်းမတွင် အဖွဲ့က လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံကာ ကျင်းပပါသည်။ မြောက်ကိုးရီးယားသံရုံးတဖွဲ့လုံး ကြွလာပါသည်။ ကြီးမားသော အထုပ်ကြီးတထုပ်ကို သံအမတ်ကြီးကိုယ်တိုင် တရိုတသေသယ်ဆောင်လာပါသည်။

မိန့်ခွန်းရှည်ကြီးများ ပေးပြီးမှ လက်ဆောင်မွန်ကို ပေးအပ်ပါသည်။ လက်ဆောင်ထုပ်ကြီးကို ဖွင့်လိုက်သောအခါ ခေါင်းဆောင်ကြီး ကင်အီဆွန်က သူ၏ ကိုယ်စား ထွင်းထုထားသော ရုပ်ပွားတော် တဆူဖြစ်နေပါသည်။ တင်ခုံကလေးပါ ပါသေးပြီး ထိုခုံ၌ ခေါင်းဆောင်ကြီး ကင်အီဆွန်၏ အဆိုအမိန့်တပိုဒ် ရေးသားထားပါသည်။

ကျောက်ရုပ်ထုမှာ ပြောင်မြောက်သော ပန်းပုဆရာတဦး၏ လက်ရာဖြစ်သဖြင့် ကောင်းမွန်လှပပါသည်။ အနုပညာတန်ဖိုးမြင့်ပါသည်။ ဗိုလ်မှူးက သဘောမကျပါ။ သံအဖွဲ့ပြန်သွားသည်နှင့် "ဒီအရုပ်ကြီးကို ကျုပ်က ဘယ်မှာ သုံးရမှာလဲဗျ" ဟု ဒေါသပုန်ထကာ ကိုရီးယားတို့အား မိုးမွှန်အောင် ဆဲရေးပါတော့သည်။

* * * * *



(၄၀)

## စစ်ဗိုလ်ပြုတ်များ၏ အရည်အသွေး

ပြည်သူပိုင်သတင်းစာများ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးသည် အတွင်းဝန်ရာထူးအထိ တက်လာပါသည်။ ရာထူးတက်ရန် ကြိုးစားရာတွင် သတင်းစာများ ကျင့်ဝတ်ကိုပင် ထိပါးစပြုလာပါသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်အတွက် အရင်းအနှီးတိုးတက်ရရှိရန် သတင်းစာများက အမြတ်များများ ရှာရမည်ဟု သူက ချမှတ်ပါသည်။ ကြော်ငြာမှ ဝင်ငွေပိုမိုရရှိရေးကို သူက မီးထိုးပေးသောအခါ စီးပွားရေးကြော်ငြာ များများမရနိုင်သဖြင့် ပြည်သူပိုင်သတင်းစာများသည် နိုင်ငံခြားသံရုံးကြော်ငြာများကို ပိုမိုဖော်ပြရပါသည်။ အထူးသဖြင့် မြောက်ကိုးရီးယားနိုင်ငံ သံရုံးမှ ခေါင်းဆောင်ကြီး ကင်အီဆွန်၏ အတွေးအခေါ်ကြော်ငြာများက ပြည်သူပိုင်သတင်းစာများကို လွှမ်းမိုးလာပါသည်။ ထိုကြော်ငြာများသည် နိုင်ငံရေးဩဇာလွှမ်းခံရသည် ဖြစ်သဖြင့် လျော့သင့်ကြောင်း အစည်းအဝေးတို့တွင် မကြာခဏ ထောက်ပြရပါသည်။

ရာထူးတက်သူ အတွင်းဝန်ဗိုလ်မှူးကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းစာလုပ်သားများက မကျေနပ်ကြသဖြင့် တိုင်စာအများ ပို့ကြသည်ဟု ကြားသိရပါသည်။ ဌာနများ၌ ရာထူးတိုးမြှင့်ရေး ဆုံးဖြတ်ချက်တို့ကို မကျေနပ်သူများ ပါသည်။

အာဏာရှင် ဗိုလ်နေဝင်းသည် ပစ်စာများကို အထူးဂရုစိုက်ပါသည်။ သူကိုယ်တိုင် ဖတ်ရှုလေ့ရှိပြီး အလွန်ကောင်းသော မှတ်ဉာဏ်နှင့် စောင့်ထားလေ့ရှိပါသည်။ အခြားရရှိသော သတင်းများ၊ စုံစမ်းချက်များနှင့် ညှိကာ လုပ်ဆောင်လေ့ရှိပါသည်။ မည်သူ့စာ၏ ဂယက်၏ မသိ။ အတွင်းဝန်ဗိုလ်မှူးအား ဒု-ဝန်ကြီးရာထူးသို့ တိုးမြှင့်တော့မည်ဆဲဆဲတွင် ရာထူးမှ ဖယ်ရှားလိုက်ပါသည်။

သူ့ကို ဖယ်ရှားသည်မှာ မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်စေကာမူ စိတ်မကောင်း ဖြစ်မိပါသည်။ ဗိုလ်မှူးသည် တင်မောင်၏အပေါ်တွင် ကောင်းရှာပါသည်။ အဘက်ဘက်မှ ကူညီရှာပါသည်။ တင်မောင်အား ရာထူးခန့်ထားရန်အတွက် ရာထူးဝန်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်တင်ပြစဉ်က ဥက္ကဋ္ဌဦးကာက "ဒီလိုအရည်အသွေးပြည့်တဲ့သူကို ပေးတဲ့ လစာနှုန်းထားက နည်းလွန်းတယ်။ ရာထူးအဆင့်ရော၊ လစာပါ တိုးတက်ပေးသင့်တယ်" ဟု မှတ်ချက်ချကြောင်း လူအများရှေ့တွင် ဝမ်းသာအားရ ပြန်ပြောရှာပါသည်။ သို့သော် ဝန်ကြီးဟောင်း ဦးထွန်းဖေကမူ "ကျနော့်၏သားသည် အမေရိကန်ပြန် ပညာတော်သင်ဖြစ်ပါလျက် ပြန်ကြားရေးဌာနတွင် အလုပ်လျှောက်ထားရာ၌ ပြန်တမ်းဝင်ရာထူးအဆင့်ကို မပေးပါ။ တော်လှန်ရေးအစိုးရကို ဆန့်ကျင်ရေးသားသောကြောင့် ထောင်ကျပြီးမှ ပြန်လွတ်လာသူကို ချက်ချင်း

ပြန်တမ်းဝင်အရာရှိခန့်သည်မှာ မတရားပါ" ဟု ဗိုလ်ချုပ်ကြီးထံ စာတင်သည်ကိုလည်း အတွင်းဝန်ဗိုလ်မှူးက ပြရှာပါသည်။

မိတ်ဆွေကောင်းတဦးဖြစ်သောကြောင့် သူ၏ လုပ်ဆောင်ချက်များကို သဘောမညီစေကာမူ ဝမ်းနည်းသဖြင့် အိမ်နိမ့်စံနေရစဉ်တွင် သွားရောက်တွေ့ဆုံအားပေးမိပါသည်။ ခက်သည်မှာ သူ့အဖို့ ဒု-ဝန်ကြီးဖြစ်လုလုအဆင့်သို့တိုင် ရာထူးမြှင့်ခဲ့သူ ဖြစ်စေကာမူ ပင်ကိုယ်အရည်အချင်းမရှိရှာသောကြောင့် ပြင်ပလောကတွင် အလုပ်ရှာမရပါ။ "ဘာလုပ်စားရမလဲ မသိပါဘူး" ဟု သူကညည်းရှာပါသည်။

တင်မောင်သည် စစ်ဗိုလ်ကြီးများ အာဏာရနေစဉ်က အနီးကပ်ဆက်ဆံလေ့ မရှိစေကာမူ ရာထူးပြုတ်သွားချိန်တွင် သွားရောက်တွေ့ဆုံအားပေးလေ့ရှိရာတွင် ရာထူးမရှိတော့သည်နှင့် သူတို့တတွေ ကြီးစွာ တုန်လှုပ်တတ်သည်ကို သတိပြုမိပါသည်။ စစ်တင်ဖက်လာသဖြင့် ရာထူးပြုတ်ရသော အရပ်သားအစိုးရအရာရှိများသည် အံကိုခဲကာ မိမိပိုင်ဆိုင်သော ပညာနှင့် အသက်မွေးမည်ဟု ရဲဝံ့စွာ ရင်ဆိုင်လေ့ရှိကြသည်ကို မြင်တွေ့ရပါသည်။ စစ်ဗိုလ်ကြီးများ ဘောင်းဘီကျွတ်လျှင် ပုခုံးပေါ်မှ ကြယ်ကြွေသည်နှင့် တပြိုင်နက် သားကောင်လိုက်သော ကျားစင်စစ်အသွင်မှ ကြောင်လိုက်သဖြင့် ပုန်းနေရသည့် ကြွက်ငယ်အသွင်သို့ ပြောင်းလဲသွားသည်ကို မြင်ရလေ့ရှိပါသည်။ ဆင်ပိန်ရင် ကျွဲဟု ဆိုရိုးရှိပါသည်။ သူတို့ကမူ ဆိတ်ပေါက်စကလေးများအရွယ်ပင် မရှိကြတော့ပါ။ ယုန်ကလေး၊ ပွးကလေးများကဲ့သို့ ကြောက်လန့်တတ်ကြပါသည်။

ရာထူးရှိစဉ်က စစ်ရုံးတွင် ရုံးတက်သောအခါများတွင် ရုံးမှ ဆင်နားရွက်တံခါးကို မည်သည့်အခါမှ လက်နှင့် မဖွင့်ဘဲ ခြေထောက်နှင့်ကန်ကာ ဖွင့်ရှိသည်။ မာန်ဟုန်ပြင်းသည်ဟု ကျော်ကြားသော ဗိုလ်မှူးကြီးခင်ညိုမှာ အရပ်သားဘဝတွင် ရိုကျိုးသူတဦးဖြစ်နေသည်ကို တွေ့ရပါသည်။

တော်လှန်ရေးအစိုးရခေတ်တွင် မာန်ဟုန်အပြင်းဆုံး စစ်ဗိုလ်ကြီးမှာ ဗိုလ်မှူးတင်ဖေဖြစ်ပါသည်။ နေ့စဉ် ရန်ကုန်မြို့တွင်းသို့ ရုံးတက်ရန် ကားနှင့်လာသည့်အခါများတွင် လမ်းဆုံများ၌ မီးနီနှင့်ကြုံတိုင်း ဒေါသမီးပေါက်ကွဲကာ အော်ဟစ်ဆဲဆိုလေ့ရှိပါသည်။ ထို့ကြောင့် ဗိုလ်မှူးချုပ်တင်ဖေ ရုံးတက်ရန် လာသည့်အခါတိုင်းမှာ အထူးစစ်ကားများနှင့် လက်ပြရဲဌာနမှ ရဲကားများက မိနစ်အနည်းငယ် တင်ကြိုမောင်းပြီး မီးတိုင်များမှ မီးများကို စိမ်းပေးရပါသည်။

တနေ့တွင် တင်မောင်သည် ကုန်သွယ်ရေးကော်ပိုရေးရှင်း (၉) ရုံးချုပ်သို့ မဂ္ဂဇင်းသစ်များ ဝယ်ရန် သွားစဉ်တွင် စက္ကူ၊ ဖောင်တိန်၊ မင် စသည့် ပစ္စည်းဝယ်ယူသူများ တန်းစီသည့် ညှိသည့်ခန်းတွင် ဗိုလ်မှူးချုပ်ဟောင်းတင်ဖေကို အရပ်ဝတ်အရပ်စားနှင့် တွေ့ရပါသည်။ ဗိုလ်မှူးချုပ်ကြီး၏ မျက်နှာတွင် မာန်မာနမတွေ့ရတော့ပါ။ သာမန်အရပ်သားတဦးအသွင်။ အတူထိုင်နေကြသော အခြားလျှောက်လွှာတင် အရပ်သားများကဲ့သို့ပင် အခန်းကိုအုပ်ချုပ်သော ရုံးလုလင်ကလေးကို ရိုသေစွာ ဆက်ဆံသည်ကို မြင်ရပါသည်။ သတင်းထောက်တဦး ဖြစ်သဖြင့် မျက်နှာသိများသောကြောင့် ရင်းနှီးစွာ နှုတ်ဆက်မိပါသည်။ ဗိုလ်မှူးချုပ်ဟောင်းကြီးက ပြန်ပြီး နှုတ်ဆက်ခြင်းမပြုဘဲ မျက်နှာလွှဲချထားပါသည်။ ယခင် ဗိုလ်မှူးချုပ်ကြီးနှင့် ယခု





ဗိုလ်မှူးချုပ်ဟောင်းတို့သည် လူတယောက်တည်းသာ ဖြစ်သည်ဟု မယုံနိုင်လောက်အောင် ပြောင်းလဲနေပါ၏။ ရုံးစာကလေးကို အခန်းပြင်ဘက်သို့ ခေါ်ပြီး မေးရာ "လက်နှိပ်စက် ဝယ်ယူခွင့် လျှောက်လွှာတင်ဖို့ လာတာ" ဟု ဖြေပါ၏။

တနေ့တွင် တင်မောင်တို့ သတင်းစာဆရာများသည် အင်းလျားကန် ဟိုတယ်တွင် ညှိခံပွဲရှိသဖြင့် ရုံးကားကြီးတစီးနှင့် စုကာ သွားကြပါသည်။ ဟိုတယ်အတွင်းသို့ အဝင်တွင် နိုင်ငံခြားဧည့်သည်တစု ထွက်လာသည်ကို အငှားကားမောင်းသူတစုက သူ၏ကားကို စီးပါ၊ ငါ၏ကားကို စီးပါဟု ဖောက်သည်ခေါ်ကြ၊ လုကြသည်ကို တွေ့မြင်ကြရပါသည်။ "ဟယ်...ဟိုမှာ" ဟု အာမေဍိတ်ထွက်လာပါသည်။ ထိုလူစုတွင် တင်မောင်တို့အဖွဲ့ ဥက္ကဋ္ဌဟောင်း ဗိုလ်မှူးဟောင်းကို တွေ့ရပါသည်။ သူ့ခမျာ တက္ကစီမောင်းနေရရှာပြီကိုးဟု သိရသဖြင့် ရင်ထဲတွင် ထုံကျင်သွားကာ မချိဝမ်းနည်းဖြစ်မိပါသည်။ သူက နှင်းသဖြင့် နာထားသော သတင်းစာဆရာများကမူ "ဘယ်နှယ်ဗိုလ်မှူးကြီး" ဟု နှုတ်ဆက်ပါသည်။ သူရာထူးရှိစဉ်က ဗိုလ်မှူးသာဖြစ်ပါလျက် သူကြိုက်အောင် ဗိုလ်မှူးကြီးဟု ခေါ်ခဲ့ရသည်ကို ယခု အငှားကားသမားဘဝတွင် ပြန်လည်ခေါ်ဝေါ်နှုတ်ဆက်ကြသည်မှာ ဂလဲ့စားချေသည်သာဖြစ်သည်ဟု သိလိုက်ပါသည်။ ထိုအခိုက်တွင် စစ်စုံထောက်ချုပ်ကြီး ဗိုလ်မှူးချုပ်တင်ဦး ရောက်လာရာ မျက်နှာပျက်သွားသည်ကို သတိပြုမိပါသည်။

တနည်းအားဖြင့် ကံကောင်းသွားပါသည်။ နောက်တနေ့တွင် ချက်ချင်းလက်ငင်း နိုင်ငံခြားကုမ္ပဏီတခုက ကုန်စည်ကိုယ်စားလှယ်အလုပ်ခန့်လိုက်ပါသည်။ စစ်စုံထောက်ရုံး၏ အစီအစဉ်ဖြစ်ပါသည်။ ကိုယ်စားလှယ်အလုပ်ဟူသည်မှာ ပညာရည်အချင်းမလိုပါ။ အလုပ်ပင်လုပ်ရန် မလိုဘဲ အိမ်တွင်အိပ်နေရင်း ဝင်ငွေကောင်းကောင်းရသော လုပ်ငန်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားကုန်စည်မှန်သမျှတို့ကို အစိုးရကသာ ဝယ်ယူလေရာ ကုန်စည်များ တင်သွင်းရောင်းချသော နိုင်ငံခြားကုမ္ပဏီတိုင်း မြန်မာတဦးကို ကိုယ်စားလှယ်ခန့်ရပါသည်။ ကိုယ်စားလှယ်မရှိက အစိုးရက မဝယ်သဖြင့် ကိုယ်စားလှယ်များ ခန့်ကြရရာတွင် စစ်စုံထောက်ရုံးမှ ထောက်ခံသူကိုသာ ခန့်ထားရပါသည်။ အလုပ်လက်မဲ့ ဗိုလ်လူထွက်များကိုသာ စစ်စုံထောက်ရုံးက ထောက်ခံပါသည်။ ဗိုလ်လူထွက်တို့သည် များသောအားဖြင့် ပညာအရည်အချင်းမရှိကြသဖြင့် ကုန်စည်တင်သွင်းရန် တင်ဒါတင်ခြင်း၊ ဈေးနှုန်းတက်ခြင်းတို့ကို မလုပ်နိုင်ကြပါ။ ထို့ကြောင့် နိုင်ငံခြားကုန်သည်ကြီးများက အရပ်သားကျွမ်းကျင်သူများကို လက်ထောက်ကိုယ်စားလှယ်အဖြစ် ပူးတွဲခန့်ထားကြရပြန်ပါသည်။ အလုပ်လုပ်ရန်ရှိသမျှကို အရပ်သားကျွမ်းကျင်သူများက လုပ်ကိုင်စေပြီး တရားဝင်ကိုယ်စားလှယ် ဗိုလ်လူထွက်များက လက်မှတ်ထိုးပေးရုံနှင့် အခကြေးရယူကြပါသည်။ စစ်ဗိုလ်လူထွက်များအတွက် မိုက်ကြေးခွဲလုပ်ငန်းသာ ဖြစ်ပါသည်။ စာရေးသူ၏ မိတ်ဆွေ အတွင်းဝန်ပြုတ်အဖို့ အတွင်းဝန်လုပ်ရသည်ထက် ဇိမ်ကျနေပါတော့သည်။ အလုပ်မလုပ်ဘဲ ခေါင်းပုံဖြတ်ရသော အလုပ်ထက် ကောင်းသောလုပ်ငန်းမရှိပါ။ အပြစ်ကြောင့် ဟုတ်လိုက်သော စစ်ဗိုလ်လူထွက်များအတွက် ဗိုလ်နေဝင်းက တီထွင်သော စနစ်ဖြစ်ပါသည်။

ဗိုလ်မှူးချုပ်တင်ဖေအား မြို့လယ်မှ အကောင်းဆုံးမြေကွက်နှင့် သစ်ခွဲစက်လုပ်ငန်း၊

မဂ္ဂဇင်းထုတ်ဝေမှုလုပ်ငန်း၊ ဗိုလ်မှူးကြီးစောမြင့်နှင့် ဗိုလ်မှူးသန်းညွန့်ကို မဂ္ဂဇင်းထုတ်ဝေခွင့် လုပ်ငန်းနှင့် အခြားလုပ်ငန်းများကို ပေးထားပါသည်။ ဗိုလ်နေဝင်းက စစ်ဗိုလ်မှန်သမျှ အရပ်သားများထက် ချမ်းသာစေရမည်ဟူသော မူနှင့် ထောက်ပံ့သည်မှာ တနည်းအားဖြင့် ဗိုလ်နေဝင်း၏ အပြစ်များကို သိရှိသူ၊ ရိပ်မိသူရှိပါက ပြန်မပြောလေအောင် နှုတ်ပိတ်ချေးသိပ်သည်လည်း ဖြစ်ပါသည်။

* * * * *



(၄၉)

## ကျေးဇူးတော်ရှင် ဗိုလ်ချုပ်ကြီးနေဝင်း

ဗိုလ်ချုပ်ကြီးနေဝင်းသည် တင်မောင်အဖို့ ကယ်တင်သူ ကျေးဇူးတော်ရှင်ဖြစ်ပါသည်။ တင်မောင်ကလည်း ကျေးဇူးဆပ်နိုင်ခဲ့ပါသည်။ ကိုးနှစ်နှင့် ဆယ့်တလတိတိ ပြန်ကြားရေးဝန်ကြီး ဌာနတွင် အမှုထမ်းစဉ်က သူသိသင့်သိထိုက်သော သတင်းမှန်များနှင့် ထင်မြင်ဝေဖန်ချက်များကို စာရေးတင်ပြခဲ့ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်းက သံယောဇဉ်ရှိသူများကို ကူညီလေ့ရှိပါ၏။ မိတ်ဆွေသတင်းစာဆရာကြီးတဦးက ဗိုလ်ချုပ်ဈေးတွင်ဆိုင်ခန်းရရှိရေး၊ နိုင်ငံခြားစေလွှတ်မည့် လေ့လာရေးအဖွဲ့တွင် မိမိပါသင့်ရေး စသည်တို့ကို စာရေးတိုင်တန်းတောင်းဆိုပါသည်။ နိုင်ငံခြားသို့သွားလုဆဲဆဲတွင် အဖွဲ့ဝင်တဦးကို ဖြုတ်ကာ သူ့ကို ထည့်ပေးရပါသည်။ ဆိုင်ခန်းလည်း ရသွားပါသည်။ တင်မောင်မှာ လိုအပ်ချက်မရှိပါ။ ဦးနေဝင်းထံ စာရေးတိုင်း၊ တွေ့ဆုံတိုင်း ကိုယ်ရေးကိုယ်တာ အခွင့်အရေးကို တောင်းဆိုမှုမပြုခဲ့ပါ။ အမေရိကန်သို့ထွက်ခွာရန် နိုင်ငံကူးလက်မှတ် လျှောက်ထားစဉ်ကပင် ဗိုလ်ချုပ်ကြီးအား အပူမကပ်ခဲ့ပါ။ ဗိုလ်ချုပ်စန်းယုထံပန်ကြားရာ၊ နိုင်ငံကူးလက်မှတ် လျှောက်လွှာတင်ပြီးနောက် (၁၃) ရက်နှင့် ရရှိခဲ့ပါသည်။

သူနှင့်သီးသန့် တွေ့ဆုံရာတွင် တင်မောင်က "ဦးခင်ဗျား၊ မြို့ထဲမှာ ဒီလိုဒီလိုဖြစ်နေပါပြီ" ဟု နိုင်ငံ၏ အရေးကိစ္စများကို အသေးစိတ်တင်ပြသည်ကို အချိန်ပေးကာ နားထောင်လေ့ရှိပါသည်။ တင်မောင်က ဗိုလ်ချုပ်ကြီးဟု စစ်ရာထူးအရ ခေါ်ဝေါ်ခြင်းမပြုဘဲ "ဦးခင်ဗျား..." ဟု ရင်းနှီးသော အရပ်သားစကားနှင့် ခေါ်လေ့ရှိပါသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတည်ထောင်စဉ်က ပါတီဌာနချုပ်ကို မင်္ဂလာဒုံစစ်တပ်ထဲတွင် ထားရှိခဲ့ရာမှ ရန်ကုန်မြို့တွင်းတွင် ဌာနချုပ်ရုံးဖွင့်ရန် နေရာရှာကြပါသည်။

တော်လှန်ရေးအစိုးရတက်လာချိန်မှစတင်ကာ အစိုးရရော ပြည်သူတို့ပါ သုံးထပ်တိုက်ပင် မဆောက်နိုင်ခဲ့သဖြင့် နေရာကောင်းမရကြပါ။ ပထမကမ်းနားလမ်းမှ ခြောက်ထပ်ကြီးရုံးကို ရွေးကြပြီးမှ ကျဉ်းသည်ဟု ပယ်ချကာ ရန်ကုန်မြို့ခရိုင်၊ ရာဇဝတ်တရားသူကြီးရုံးနှင့် တရားရုံးများ တည်ရှိသော ရဲမင်းရုံးအဆောက်အဦးကြီးကို ပါတီဌာနချုပ်ဖွင့်မည်ဟု ရွေးချယ်ကြပါသည်။ တရားရုံးများသည် ကမန်းကတန်းနေရာရှာကြရပါသည်။ တရာရုံးများတို့ကို လူထုက ရှိသေအောင် ဖန်တီးရပါသည်။ တရားရုံးများအဖို့ ရပ်ကွက်များ၊ ဈေးတန်းများသို့ ရောက်သွားပါက အဆောင်အယောင်ကင်းကွာမည်။ တရားရုံးတို့ကို လူမရှိသေပါက တရားဥပဒေစိုးမိုးရေးကို ထိပါးပါမည်ဟု ဗိုလ်ချုပ်ကြီးကို တွေ့ဆုံကန့်ကွက်ခဲ့ပါသည်။ သူ၏ စိတ်ကို ထိစေရန် "ဦးရယ်...ရာဇဝတ်တရားရုံးဆိုတော့ အောက်ထပ်မှာ အချုပ်ခန်းတွေရှိပါတယ်။ ထောင်ကလေးတခုမို့ နိမိတ်လည်း မကောင်းပါဘူး" ဟု စကာပတ်ကုံးပြောပြခဲ့ပါသည်။ တင်ပြသည်ကို အသေးစိတ်နားထောင်နေပေမယ့် "လက်လွန်သွားပြီကွာ" ဟု ဖြေပါသည်။ တင်

မောင်ရှုံးခဲ့ပါ၏။

တင်မောင်၏ တင်ပြချက်အများတို့မှာ မအောင်မြင်ပါ။ "ကွာ ငါ့ကောင်တွေကလည်း ခက်တယ် ကွာ" ဟု စကားပိတ်လိုက်လေ့ရှိပါသည်။ အချို့သော ကိစ္စများကို ချက်ချင်း အရေးယူသည်လည်း ရှိပါသည်။

တင်မောင်အား မကြည်နိုင်သော စစ်ဗိုလ်များနှင့် ဝန်ကြီးများ ရှိကြပါသည်။ သူတို့က ဗိုလ်ချုပ်ကြီးနေဝင်းထံ စာရေးတိုင်တန်းကြသည်ကို သိရပါသည်။

ပါတီဌာနချုပ်မှ စစ်ဗိုလ်ကလေးတဦးက စာရေးသူ၏ ဆောင်းပါးများသည် ပါတီလမ်းစဉ်ကို ဆန့်ကျင်သဖြင့် 'ခင်း၏ မျက်စိများကို ဖောက်ပစ်ရမည်' ဟု သတင်းစာမှ ရေးသားပါသည်။ ဘဏ္ဍာရေးဝန်ကြီး ဦးဘညိမ်းက 'သူ၏ ဆောင်းပါးများသည် နယ်စပ်မှ သူပုန်ထနေသော ဦးနု၏ လမ်းစဉ်သာ ဖြစ်သည်။ သူ၏ ဆောင်းပါးများကို သတင်းစာများမှ ဆက်လက်ဖော်ပြနေပါက မိမိအလုပ်လုပ်၍မဖြစ်ပါ' ဟု စာတမ်းရှည်ကြီးတင်ပါသည်။ တင်မောင်အား ထိုဘဏ္ဍာရေးဆိုင်ရာ ဆောင်းပါးများအတွက် အရေးမယူခဲ့ပါ။

တခါတွင် ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်သောင်းဒန်က သူ၏ မကျေနပ်ချက်တခုကို ပြောဖူးပါသည်။ မော်စကိုသို့ ခရီးသွားဆောင်းပါးတွင် 'မော်စကိုလမ်းပေါ်၌ ရင်ဘတ်တွင် တံဆိပ်အပြည့်ချိတ်ထားသော စစ်ဗိုလ်ချုပ်ကြီးများကို လက်ပြရဲက ငေါက်ငမ်းတားဆီးသည်ကို မြင်ခဲ့ရကြောင်း ရေးသားထားသည်'ကို 'ဤအချက်မျိုးမရေးပါနှင့်' ဟု အထူးအရာရှိမှတဆင့် တားဆီးပါသည်။ တင်မောင်၏ ဆောင်းပါးများ မူဝါဒနှင့် ပတ်သက်၍ စစ်ဗိုလ်များ၊ ဝန်ကြီးများက တိုင်တောကြစေကာမူ ဆန့်ကျင်ကြစေကာမူ ဗိုလ်ချုပ်ကြီးက တခွန်းတပါဒမှ မပြောသဖြင့် ပြန်ကြားရေးဝန်ကြီးကလည်း မပြောခဲ့ပါ။

တင်မောင်အား သတင်းထောက်တဦးဟု ဗိုလ်ချုပ်ကြီးက မျက်မှန်းတန်းခဲ့သည်မှာ လွတ်လပ်ရေးရရှိစကာက နိုင်ငံခြားသံရုံးညှိခံပွဲများတွင် စတင်ခဲ့ပါသည်။ ကရင်–ဗမာပြည်တွင်းစစ် အင်းစိန်တိုက်ပွဲတွင် မကြာခဏတွေ့ခဲ့ရပါသည်။

သူ့ထံသို့ စာရေးခဲ့သည်မှာ စစ်စုံထောက်များက ရန်ရှာသဖြင့် ဖြစ်ပါ၏။ ၁၉၅၈ ခု၊ အိမ်စောင့်အစိုးရခေတ်တွင် ကြေးမုံသတင်းစာ ပုံနှိပ်ထုတ်ဝေသူကို ထောင်ဒဏ်ပေးကာ သတင်းစာကို သိမ်းရမည်ဟု ရုံးတော်မှ စီရင်ခဲ့ပါသည်။ တင်မောင်ကိုလည်း ကွန်မြူနစ်ဟု ယိုးစွပ်ကာ စစ်စုံထောက်များက လိုက်နေကြသဖြင့် ဂါးဒီယန်းသတင်းစာအယ်ဒီတာ ဦးစိန်ဝင်း၏ အိမ်တွင် ပုန်းအောင်းနေရစဉ်က 'ကျနော်ကွန်မြူနစ်မဟုတ်ပါ' ဟု သူ့ထံစာတင်ခဲ့သဖြင့် ကိုကိုးကျွန်းသို့ မရောက်ခဲ့ရပါ။

'ကျနော်ကွန်မြူနစ်မဟုတ်ပါ' ဟု စာရေးသည်မှာ မှန်ကန်သော သစ္စာစကား ဖြစ်ပါသည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် ကိုနေဝင်း၊ ကိုထွန်းစိန်တို့၏ သင်တန်းများ တက်ခဲ့သည်။ စစ်ပြီးခေတ်တွင် ရန်ကုန် (၃၃) လမ်းရှိ အလံနီဌာနချုပ်သို့ ဝင်ထွက်ခဲ့ကာ သခင်စိုး၏ သင်တန်းပင် တက်ခဲ့ဖူးပါသည်။ သို့သော် ပါတီဝင်မဖြစ်ခဲ့ပါ။ အာဏာသစ်သတင်းစာ လှည့်လည်ရောင်းချသူ၏ အဆင့်သာသာ သာရှိပါသည်။

ပါတီက တောခိုသွားသောအခါ တာဝန်များပေးအပ်သည်ကို လက်မခံဘဲ ပါတီအတွက် စာအုပ်ဝယ်ပေးရသော တာဝန်ကိုသာ ဆောင်ရွက်ပေးခဲ့ပါသည်။ သူတို့တတွေ စာများများဖတ်စေလိုသော စေတနာနှင့် စာအုပ်အမြောက်အမြားဝယ်ယူကာ တောသို့ပို့ရသော အလုပ်တခုတည်းသာ လုပ်ခဲ့ပါသည်။ သခင်စိုးထံမှ သူဖတ်လိုသော စာအုပ်စာရင်းစာမှတပါး အဆက်မရှိပါ။ ထိုအချိန်က ဗမာ့ခေတ်အတွက် စာအုပ်များကိုလည်း တင်မောင်ပင် ဝယ်လေရာ ဝန်ကြီးချုပ်ဦးနုဖတ်သင့်သော၊ ဖတ်စေလိုသော စာအုပ်များကိုလည်း ဗမာ့ခေတ်က ဝယ်ယူပို့ပေးခဲ့ရပါသည်။ စိုးနှင့် နုခေါင်းဆောင်နှစ်ဦးစလုံးတို့အား မိမိက ဖတ်စေလိုသော စာအုပ်များ ဝယ်ယူပို့ပေးနိုင်ခဲ့သည်ကို နှစ်သိမ့်နေသူ ဖြစ်ခဲ့ပါသည်။

နောက်တကြိမ်တွင်လည်း ကွန်မြူနစ်ဟု ယူဆကာ စစ်စုံထောက်များက လိုက်ပြန်ပါသည်။ ၁၉၆၃ ခု၊ နိုဝင်ဘာလ တောတွင်းသူပုန်များကို ဖိတ်ခေါ်ဆွေးနွေးပွဲ အပျက်တွင် လိုက်ပြန်သဖြင့် ပုန်းအောင်းနေရာမှ သူ့ထံစာရေးသောကြောင့် အဖမ်းမခံခဲ့ရပါ။ လွတ်ငြိမ်းခွင့်ရခဲ့ပါသည်။ နောက်ဆုံးအကြိမ်တွင်မူ ဖမ်းမည့်ရဲများက အိမ်ကို ဝိုင်းထားသဖြင့် မပြေးနိုင်တော့ပါ။ "ဦးခင်ဗျား...ကျနော့်ကို ဖမ်းကြပါပြီ" ဟု ကပျာကယာ စာတစောင်ရေးပြီး ဇနီးနှင့်ထားခဲ့သည်ကို "နေလိုက်ဦးကွာ" ဟု အင်းစိန်ထောင်သို့ လှမ်းပြောကာ အခွင့်အရေးများ ပေးခဲ့ရှာပါသည်။

တနေ့တွင် လွှတ်တော်အစည်းအဝေး စားသောက်ဆိုင်တွင် တင်မောင်တို့ သတင်းစာဆရာများ နံနက်စာ စားနေကြစဉ် တဘက်စားပွဲတွင် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဒေါ်နီနီမြင့်တို့ လာရောက်စားသောက်ကြရာ စားပွဲထိုးက ကြက်သားကြော်များ ချပေးပါသည်။ ဗိုလ်ချုပ်ကြီးက ဒေါ်နီနီမြင့်ရှေ့မှ ပန်းကန်က ကြက်ပေါင်ကြော်တခုကို ယူလာကာ တင်မောင်၏ ပန်းကန်ထဲသို့ ထည့်ပါသည်။ "ပေးလိုက်ပါကွာ၊ ဒီကောင်က ကြက်ပေါင်အလွန်ကြိုက်တဲ့ကောင်ကွ" ဟု သူ၏ ဇနီးကို ပြောပြပါသည်။

တင်မောင် တုန်လှုပ်ချောက်ချားသွားပါသည်။ ၁၉၆၁ ခုနှစ်က ဗိုလ်မှူးကြီး (၁၃) ဦးကို ရာထူးချစဉ်က ထိုသတင်းကို တပ်မှူးများ အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီးနေဝင်းက ဗိုလ်မှူးကြီးများကို တဦးပြီးတဦးခေါ်ကာ ရာထူးမှ ချခဲ့ပုံကို အသေးစိတ်ရရှိသဖြင့် ကြေးမုံတစောင်တည်း သတင်းဦးဖော်ပြနိုင်ခဲ့ပါသည်။ ထိုစဉ်က ဗိုလ်မှူးကြီးကြည်ဝင်းက ညောင်ဦးသားချင်း သတင်းပေးသည်ဟု ငြိုးခဲ့ပါသည်။ ထောင်မှထွက်ပြီး တင်မောင်အား ခေါ်ယူတွေ့ဆုံစဉ်က ကျနော်၏ မိဘများရှိရာ တောသို့ သွားကာ ကန်တော့မည်ပြောရာ ညောင်ဦးကို ဘာနှင့် သွားမည်လည်း ဟု မေးခဲ့ပါသည်။ မှတ်ဉာဏ်ကောင်းပြီး အသေးစိတ်ကစပြီးသိလေ့ရှိသည့် ဗိုလ်ချုပ်ကြီးက ငါ့အကြောင်းတွေကို ဘာတွေများ သိထားပါလိမ့်ဟု ကြောက်လန့်မိပါသည်။

ဤတွင်မှ မိမိသည် ဦးနေဝင်းကို သံယောဇဉ်ရှိစေကာမူ သူ၏ စစ်ဝါဒကို ဆန့်ကျင်သူဖြစ်သည်ကို ဆန်းစစ်မိသည်။ တနေ့တွင် ဘေးအန္တရာယ်ကြီးမည်ကို သတိပြုမိကာ ဦးနေဝင်းနှင့် ဝေးရာသို့ ပြေးနိုင်မှ လွတ်လေမည်ဟု တွေးမိကာ အခွင့်သာသည်နှင့် ပြည်မှ ထွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။

• • • • •

## (၅၀)

## ဒေါသကမ္ဘာရကြီး ဗိုလ်နေဝင်း

ဗိုလ်ချုပ်ကြီးနေဝင်းသည် ဒေါသပြင်းသူဖြစ်ပါသည်။ အမေရိကန်တိုင်းမဂ္ဂဇင်းက သူ၏ ဒေါသသတင်းကို Nawinian Anger ဟု ခေါင်းစဉ်တပ်ခဲ့သဖြင့် ဗိုလ်နေဝင်း၏ ဒေါသသည် ကမ္ဘာကျော်ရုံမျှမက အင်္ဂလိပ်စာစကားတွင် ဝေါဟာရအသစ်တလုံးတိုးခဲ့သည်အထိ ကြီးမားပြီး အထိန်းအကွပ်အရှိ ဖောက်ခွဲနိုင်ခဲ့သူဖြစ်ပါသည်။

တခုသော နှစ်တာလူးပွဲတွင် ရန်ကုန်မြို့ အင်းလျားကန် ဟိုတယ်တွင် ကပွဲကြီးတခုကို ကျင်းပနေပါသည်။ သူ၏ အစိုးရ ကုန်သွယ်ရေးဝန်ကြီးဌာနက အင်းလျားကန်ဟိုတယ်ကြီးကို အုပ်ချုပ်လုပ်ကိုင်ရာတွင် အမြတ်ရှာရမည်ဟု ဗိုလ်နေဝင်းက အမိန့်သဖြင့် နှစ်တာလူး ပွဲတော် ကပွဲသဘင်ကို တေးတူရိယာတီးဝိုင်းနှင့် ကျင်းပကာ စီးပွားရှာခဲ့ပါသည်။ ထိုကာလက ပွဲလမ်းရှားပါးသောကြောင့် ခရစ်ယာန်ဘာသာဝင်များ၊ သံတမန်များနှင့် နိုင်ငံခြားခရီးသည်များတို့ စည်ကားစွာ တက်ရောက်အားပေးကြပါသည်။

ဘင်ခရာဆိုင်းတဖြိမ့်ဖြိမ့်နှင့် စုံတွဲများ တငြိမ့်ငြိမ့်ကနေစဉ်တွင် အင်းလျားကန် တဘက်ခြမ်းတွင် နေထိုင်သော ဗိုလ်နေဝင်းက တသဲ့သဲ့ကြားရသော တီးဝိုင်းသံကို မကြားလိုဟု ဆိုကာ ဒေါသထွက်ပြီး ဝေးကွာလှမ်းသော ဟိုတယ်ဆီသို့ ဂျစ်ကားတစီးကို ကိုယ်တိုင်အပြင်းမောင်းသွားပါသည်။ သူ၏ သက်စောင့် ကိုယ်ရံတပ်များက အခြားကားနှစ်စီးနှင့် ဘာမသိ၊ ညာမသိ လိုက်ကြရသည် ဆိုပါသည်။

ဟိုတယ်သို့ ရောက်သောအခါ ပြေးဝင်သွားပြီး အစိုးရပိုင်တီးဝိုင်းအဖွဲ့မှ ဘင်ကြီးကို ခြေထောက်နှင့်ကန်ကာ ဖောက်ခွဲပါသည်။ ထိုနောက် ကနေကြသောစုံတွဲအများကို ကန်ကျောက်ထိုးနှက်ပါသည်။ အချို့က သူ့ကို ပြန်လည်ထိုးကြပါသေးသည်။ နောက်မှစစ်ဝတ်စုံဝတ် သက်တော်စောင့်တပ်သားများဝင်ရောက်ကာ ဆွဲကြ၊ ထိန်းကြမှ သူမှန်းသိသဖြင့် ရှောင်ပြေးကြရပါသည်။ ပွဲပျက်သွားသည့်တိုင် စိတ်ထင်တိုင်းရိုက်နှက်ပြီးမှ ဆဲဆိုအော်ဟစ်ကာ သူ၏ အိမ်သို့ ပြန်သွားပါသည်။

သူကထိုးသဖြင့် ပါးကွဲသွားသော နိုင်ငံခြားမှ သံတမန်တဦးကို နိုင်ငံတော်အစိုးရ ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးက တောင်းပန်ရပါသည်။ နိုင်ငံတွင်းတွင်မူ သူ၏ အမှားကို တောင်းပန်မှုမပြုရုံသာမက ဟိုတယ်နှင့် တီးဝိုင်းကို ပိုင်ဆိုင်သော ကုန်သွယ်ရေးဝန်ကြီး ဗိုလ်မှူးကြီး စံပင်းအား ရာထူးမှ ဖယ်ရှားလိုက်ပါသည်။

ထိုသတင်းကို အမေရိကန်တိုင်းမဂ္ဂဇင်းက Nawinian Anger ဟု ရေးသကဲ့သို့ မြန်မာ





သတင်းစာဆရာများကလည်း သတင်းစာတို့မှ မရေးဝံ့ကြစေကာမူ သူ့အား ဘွဲ့သစ်ပေးကြပါသည်။

အလံနီခေါင်းဆောင် ဦးသာကျော်သည် ငယ်စဉ်က ဇာတ်ပွဲတခုတွင် ဝင်ရောက်ဆော့ကစားသောအခါ ဆိုင်းဝိုင်းမှ စုံကို ဖောက်ခဲ့သူဖြစ်သဖြင့် 'စုံပေါက်သာကျော်' ဟု ခေါ်တွင်ပါသည်။ ဗိုလ်နေဝင်းကိုလည်း 'ဘင်ဖောက်နေဝင်း' ဟု ခေါ်ဆိုကြပါသည်။ 'သမ္မတလူကြမ်းအဖွဲ့' ဟုလည်း ခေါ်ကြပါသည်။

မည်သည့်အတွက် ထိုရှေ့ထိုမျှ ထိုဒေါသထွက်ရသည်ကို စုံစမ်းကြရာတွင် အရေးကြီးသော စစ်ရေးအစည်းအဝေးကျင်းပနေစဉ်တွင် တီးဝိုင်းသံက နှောင့်ယှက်သဖြင့် စိတ်ဆိုးရရှာသည်ဟု စစ်ဝံ့ထောက်တပ်က ဝါဒဖြန့်ပါ၏။ အစည်းအဝေးရှိပါက အခြားစစ်ဗိုလ်ကြီးများ သူ၏ အပါးတွင် ရှိနေရမည်ဖြစ်သဖြင့် ထိုသတင်းမမှန်နိုင်ပါ။ အိမ်တော်အစည်းအဝေးခန်းတို့မှာ အသံလုံပါသည်။ သတင်းစတခုကမူ သူ၏သမီးတယောက် ထိုနှစ်တာလူးကပွဲသို့ သွားရောက်ကာ စုံတွဲကကြသဖြင့် စိတ်ဆိုးရသည်ဟု ဆိုပါသည်။ အကြောင်းရင်းမှန်ကို မသိနိုင်စေကာမူ သူ၏ ဒေါသမှာ ကမ္ဘာကျော်သွားပါသည်။

ဗိုလ်နေဝင်းသည် သူ၏ မိသားစုအအရေးကိစ္စပေါ်ပေါက်တိုင်း ဒေါသကို မထိန်းနိုင်ခဲ့ပါ။ တကြိမ်တွင် မေမြို့ဂေါက်ကွင်းတွင် ဂေါက်သီးရိုက်နေခိုက် သူ၏ ဇနီးဒေါ်ခင်မေသန်းနှင့် ခင်မင်နီးစပ်သူ အရပ်သားကုန်သည်ကြီးတဦးကို မြင်တွေ့ရာမှ ဒေါသထွက်ကာ ဂေါက်တံနှင့် ပြင်းထန်စွာ ရိုက်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်အား ချက်ချင်းရန်ကုန်ပို့ကာ ကုသပြီး နိုင်ငံခြားသို့ လေယာဉ်ပျံပေါ်တင်ပြီး ပြည်မှ နှင်ခဲ့ပါသည်။

တခါတွင် သုတေသနနှီးနှောပွဲအပြီးတွင် သုတေသီတို့အား ဂုဏ်ပြုညစာစားပွဲကို အိမ်တော်တွင် ခမ်းနားစွာ ကျင်းပပါသည်။ ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ အများကို ဖိတ်ကြားကာ ညစာစားပွဲဖြင့် ပြုစုရာတွင် ဧည့်သည်တစုံတဦးက ဒေါ်ခင်မေသန်းအားတို့ထိသည်ဟု ယူဆကာ အိမ်တော်ဝင်းတံခါးကြီးကို ပိတ်လိုက်ပါသည်။ သူက မသင်္ကာသူကို ရှာမွေ့ပြီး သူကိုယ်တိုင် ရိုက်နှက်ထိုးကြိတ်ပါတော့သည်။ သူက အိမ်ရှင်အဖြစ် နိုင်ငံတော်၏ အကြီးအကဲအဖြစ် ဖိတ်ကြားသော ဧည့်ခံပွဲကြီးမှာ သွေးထွက်သံယို ဝရုန်းသုန်းကားနှင့် ပွဲပျက်ရပါသည်။ နောက်ပိုင်းတွင် သူထိုးကြိတ်သူများသည် သူထင်သကဲ့သို့သော အမှုများကို ပြုသူများမဟုတ်သည်ကို စစ်ဆေးသိရှိရသဖြင့် တိုးတိုးတိတ်တိတ်နှင့် တောင်းပန်ရသည်ဟု သိရပါသည်။

ဇနီးဒေါ်နီနီမြင့်နှင့် ပေါင်းသင်းနေစဉ် နိုင်ငံခြားသို့ ခရီးထွက်ရာမှ နိုင်ငံမှ လွင့်နေသူ ဒေါ်ရတနာနတ်မယ်ကို ပြန်တွေ့ရာမှ ခေါ်ဆောင်လာခဲ့ပါသည်။ ဒေါ်ရတနာနတ်မယ်မှာ ၁၉၄၇-၄၈ ခုနှစ်က ရန်ကုန်မြို့တွင် ကျော်ကြားသော အလှမယ်တဦးဖြစ်ပါသည်။ ရန်ကုန်မြင်းပွဲမှ စွတ်ဒိုင်ဖွင့်သူ အင်္ဂလိပ်တဦးနှင့် ဇနီး မြန်မာမင်းမျိုးမင်းနွယ်မင်းသမီးတဦးတို့မှ ပေါက်ဖွားသူဖြစ်သဖြင့် မင်းမျိုးဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ဓမ္မသတ်အရ တရားဝင်လက်ထပ်ပွဲကို အိမ်တော်တွင် ကျင်းပခဲ့ပါသည်။ ဥရောပတွင် အနေကြာပြီး မြန်မာ့ထီးသုံးနန်းသုံးဓလေ့များ ကျွမ်းကျင်သူ ဇနီးသစ်ကို ပွဲတက်မယားအဖြစ် မြှောက်စားခဲ့ပါသည်။ ဗိုလ်နေဝင်းက ထီးရေး

နန်းရာများကို စိတ်ပါဝင်စားစွာ လေ့လာဆွေးနွေးပါသည်။ အခမ်းအနားတို့တွင် တောင်ရှည်ပုဆိုးကို အမြဲဝတ်ဆင်လာပါသည်။ ကုန်းဘောင်မင်းဆက်အသစ်တည်ထောင်ပြန်လေပြီဟု သတင်းစာဆရာများက တီးတိုးပြောပါသည်။ တရုတ်ပြည်သို့ ခရီးထွက်ရာတွင် နိုင်ငံတော်သမ္မတကတော်အဖြစ် လိုက်ပါစေခဲ့ပါသည်။

ဒေါသကဲသော ဦးနေဝင်းက သူ၏ ဖနီးမှန်သမျှကို စိတ်မထင်တိုင်း ရိုက်နှက်လေ့ရှိရာ တချို့တွင် နိုင်ငံခြားသံတမန်များရှေ့၌ ဒေါ်ရတနာနတ်မယ်ကို ဆေးလိပ်ပြာခွက်နှင့် ပေါက်သဖြင့် မင်းစိတ်မင်းမာန်ရှိသူ ဒေါ်ရတနာနတ်မယ်က ချက်ချင်းကွာရှင်းခွင့်တောင်းကာ ဥရောပသို့ ပြန်သွားပါသည်။

သူသည် စာများများ ဖတ်သူဖြစ်ပါသည်။ စာပေဗိမာန်မှ အမျိုးသားစာပေ ဆုပေးကော်မီတီတွင် အဖွဲ့ဝင်တဦးလစ်လပ်နေသောကြောင့် ဆရာငွေဥဒေါင်း (ဦးကြီးမောင်) ကို ဖြည့်စွက်ခန့်ထားမည်ဟု တင်ပြရာ ဗိုလ်ချုပ်ကြီးနေဝင်းက "ငွေဥဒေါင်းဝေဖန်ချက်ကောင်းလို့ စာအုပ်တအုပ်ဖတ်ကြည့်တယ်။ သူဝေဖန်ထားသလို ကောင်းလှချည်မဟုတ်ပါဘူးကွာ" ဟု မှတ်ချက်ပေးသဖြင့် အဆိုမှာ ပျက်သွားခဲ့၏။ ထိုအဖွဲ့ဝင် လစ်လပ်သော နေရာကို တင်မောင်အား ဖြည့်စွက်ခန့်ထားခြင်း ခံခဲ့ရပါသည်။ တင်မောင်ကလည်း စာအုပ်ဝေဖန်ချက်များ ရေးလေ့ရှိရာ တင်မောင်၏ ဝေဖန်ချက်များကို သူသဘောတူဟန်တူပါ၏။

သူ၏ စားပွဲတွင် မြန်မာစာအုပ်များတွေ့ရပါသည်။ မည်သည့်စာအုပ်က မည်နှယ်ဟု ကိုးကားပြောပြသည်ကို ကြားရပါသည်။ သူ၏ အတွင်းလူ ဗိုလ်မှူးကြီးတဦးကို ပြောပြမိသောအခါ "ဗိုလ်ချုပ်ကြီးက ဘယ်စာအုပ်ကိုမှ အစက အဆုံးအထိ ဖတ်တာမဟုတ်ဘူး။ အစနည်းနည်း၊ အလယ်နည်းနည်း၊ အဆုံးနည်းနည်းသာ ဖတ်တာ။ စာအုပ်အကြောင်း သိရုံ၊ ပြောနိုင်ရုံသာ ဖတ်တာ" ဟု ပြောပါ၏။ သူ့တွင် ထူးခြားသော မှတ်ဉာဏ်ရှိသဖြင့် ဖတ်လေသမျှ မေ့ဟန်မတူပါ။

သေချာသည်မှာ ဗိုလ်ချုပ်နေဝင်းသည် သတင်းစာဆရာများကို ရွံမုန်းသူဖြစ်ပါသည်။ သတင်းစာဆရာဟူသော ဝေါဟာရစကားလုံးကို လက်မခံဘဲ "သတင်းစာရောင်းစားတဲ့ကောင်တွေ" ဟု ခေါ်လေ့ရှိပါသည်။ ပြည်တွင်းစစ်အဦးပိုင်း ကာလက သတင်းထောက်များနှင့် ရင်းနှီးစွာ ဆက်ဆံပါသည်။ နောက်ပိုင်းတွင် ပုဂ္ဂလိက ခေတ်သတင်းစာဆရာများကို လက်တကမ်း ခပ်လှမ်းလှမ်းမှ ဆက်ဆံလေ့ရှိပါသည်။

တော်လှန်ရေးအစိုးရခေတ် သတင်းစာများကို ပြည်သူပိုင်ပြုပြီးချိန်တွင်မှ သတင်းစာဆရာမှန်သမျှ သူ၏ လက်အောက်အလုပ်သမားများသာ ဖြစ်လာကြသောအခါတွင်မှ ရင်းနှီးစွာဆက်ဆံလေ့ရှိပါသည်။ ဦးသိန်းဖေမြင့်ကို ရှုရှုသြဇာလွှမ်းသူ၊ ဦးလှကို တရုတ်သြဇာခံသူဟု သူက ယူဆစေကာမူ လေးစားစွာ ဆက်ဆံပါသည်။ ဆရာဇေနကိုမူ ပြည်မြို့နယ်သားချင်းအဖြစ် ရင်းနှီးပါသည်။ ဆရာက အရက်မူးသဖြင့် ရိုသည်ကိုပင် သည်းခံပါသည်။

ဒေါက်တာမောင်မောင်အပို့ အမေရိကသို့ ပညာတော်သင်သွားချိန်မှစတင်ကာ ဂါးဒီယန်းသတင်းစာကို ဗိုလ်မှူးကြီးသုံးဦးတို့က စစ်တပ်၏ လျှို့ဝှက်ရန်ပုံငွေနှင့် ဝယ်ယူကာ စစ်တပ်အာဘော်အဖြစ် ထုတ်ဝေသည်ကို ဗိုလ်နေဝင်းက မကြိုက်သဖြင့် သတင်းစာကို မျက်





ခြည်မပြတ်စောင့်ကြည့်ခဲ့ပါသည်။ ကြေးမုံသိမ်းချိန်တွင် ဂါးဒီယန်းသတင်းစာကိုလည်း ပြည်သူပိုင်ပြုလိုက်ပါသည်။

နိုင်ငံခြားစာနယ်ဇင်းများတွင် သူ့အမည်ကို ကောင်းသတင်းသာပါစေလိုပါသည်။ ထိုင်းအစိုးရက မြန်အပ်သော ဘိန်းဘုရင်လော်စစ်ဟန်ကို ရန်ကုန်တရားရုံးတွင် စစ်ဆေးရသည့် အမှုအကြောင်း သတင်းဆောင်းပါးကို Readers Dygest မဂ္ဂဇင်းတွင် ဖော်ပြပါသည်။ ထိုစာမှု၌ သူ၏ အမည်ကို တနေရာတွင် ဖော်ပြရမည်လောဟု ပြင်းထန်စွာ စိတ်ဆိုးသဖြင့် ကုန်သွယ်ရေး (၉) မှ တင်သွင်းရောင်းချနေသော အမေရိကန် စာပဒေသာမဂ္ဂဇင်းကို မြန်မာပြည်တွင်းသို့ မသွင်းရဟု ပိတ်လိုက်ပါသည်။

• • • • •

## (၅၁)

## ဗိုလ်နေဝင်း ဖော်ဖပ်သော နိုင်ငံတော်မွဲဆေး

ဒီမိုကရေစီအစိုးရခေတ်က ဗိုလ်ချုပ်ကြီးနေဝင်းအဖြစ် စစ်တပ်ကို ကွပ်ကဲစဉ်က လာဘ်လာဘကို ရှောင်ကြဉ်သူတဦး ဖြစ်ခဲ့ပါသည်။ မြင်းပွဲများသို့ အမြဲသွားသူ ဖြစ်စေကာမူ အစိုးရပိုင်သော ငွေ၊ တပ်၏ငွေများကို ထိသူမဟုတ်ပါ။ သန့်ရှင်းသူဖြစ်ပါသည်။

တခါတွင် ဇနီးဖြစ်သူ ဒေါ်ခင်မေသန်းက အော်တိုကားကုမ္ပဏီနှင့် ဆက်သွယ်ကာ Hillman မော်တော်ကားများကို တပ်မတော်မှ အရာရှိများကို လဆိုင်းစနစ်နှင့် ရောင်းချရန် စီစဉ်ပါသည်။ ဒေါ်ခင်မေသန်းက ကော်မရှင်ပွဲခ ရယူမည့် အစီအစဉ်ကို သိသည်နှင့် တပြိုင်နက် ဒေါ်ခင်မေသန်းကို ရိုက်နှက်ဆုံးမကာ စီမံကိန်းကို ဖျက်လိုက်ပါသည်။ ဖြောင့်မတ်သူဖြစ်ပါသည်။

၁၉၅၈ ခုနှစ် အာဏာသိမ်းစဉ်ကလည်း ငွေကြေးကိစ္စတွင် သူကိုယ်တိုင် သန့်ရှင်းစွာ ကျင့်သုံးပြီး လက်အောက် ဗိုလ်မှူးကြီးများကို သန့်ရှင်းကြရန် တင်းကျပ်စွာ အမိန့်ပေးခဲ့ပါသည်။ ၁၉၆၁ ခုနှစ်က ထိပ်သီးစစ်ဗိုလ်ကြီး (၁၃) ဦး ဖယ်ရှားစဉ် စစ်ဆင်ရေးရန်ပုံငွေ ဖြတ်တောက်လာဘ်စားမှုမှ စတင်ကာ ငွေကြေးမသမာမှုများကို အရေးယူသည်ဖြစ်ပါသည်။

သို့သော် ၁၉၅၇ ခုနှစ်တွင် အေဒီလမ်း အင်းလျားကန်ထိပ်တွင် စစ်ဦးစီးချုပ်နေထိုင်ရန် အိမ်ဆောက်စဉ်ကမူ ဇနီးဒေါ်ခင်မေသန်း ဟောင်ကောင်သို့ သွားကာ အိမ်ဆောက်ပစ္စည်းများ၊ ဟိုင်ဖိုင်စာတ်ပြား၊ တိတ်ပြား၊ တတ်စက်များ ဝယ်ယူစေခြင်းသို့ ပြုလုပ်သောအခါ နိုင်ငံရေးရပ်ကွက်က မျက်လုံးပြူးကာ ကြည့်ကြပါသည်။

"မင်း...နေဝင်းဆောက်တဲ့ အိမ်ကို မြင်ပြီးပြီလား။ အိမ်မဟုတ်ဘူး၊ နန်းတော်ကွ နန်းတော်" ဟု ဒေါက်တာဘမော်က စာရေးသူအား ပြောပြပါသည်။ "ငါလည်း အာဏာရတုန်းက အနားယူတဲ့အချိန်မှာ နေဖို့ ကိုယ်ပိုင်အိမ်ဆောက်ခဲ့တယ်။ ကျော်ငြိမ်းတို့၊ ချစ်မောင်တို့လည်း ကိုယ်ပိုင်အိမ်ဆောက်ကြတာပဲ။ အတွင်းဝန်တွေ၊ ဝန်ထောက်မြို့အုပ်တွေလည်း ကိုယ်ပိုင်အိမ်ဆောက်ကြတယ်ဆိုတာ တနေ့ရာထူးပြုတ်တဲ့အခါ၊ အနားယူတဲ့အခါအတွက် အိမ်ဆောက်ကြတာဟာ မဆန်းဘူး။ နေဝင်းက သူကိုယ်ပိုင်ဆောက်တာမဟုတ်ဘူး၊ တပ်မတော်စစ်ဦးစီးချုပ်နေဖို့ အိမ်ကို ဒီလိုအပင်ပန်းခံပြီး ဆောက်တာဟာ ဒီကောင် တသက်လုံး ရာထူးက မဆင်းတော့ဘူးကွ" ဟု သူက ကောက်ချက်ချခဲ့ပါသည်။

သူတသက်လုံး နေတိုင်ရန်အိမ်ကို အခွန်တော်ငွေနှင့် ဆောက်ပြီး နောက်ပိုင်းတွင် ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးချိန်မှ စတင်ကာ နိုင်ငံ၏ နေစွမ်းအားမှန်သမျှ၊ နိုင်ငံပိုင် ပစ္စည်းပစ္စယမှန်သမျှ သူ၏ မိသားစုပိုင်၊ ဘိုးဘွားပိုင်ပစ္စည်းများအဖြစ် ထင်သလို စားသုံးပါတော့သည်။

ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်ကြီး၏ အဝင်ဝတွင် ကော်ဖီဆိုင်ကလေးတခု ဖွင့်ထားပါသည်။ များသောအားဖြင့် ထိုဆိုင်တွင် လာရောက်စားသောက်သူမရှိပါ။ ဟိုတယ်သို့ တကူးတက လာရောက်သောက်နိုင်သူ ရှားပါးသည်။ တင်မောင်နှင့် သတင်းစဉ်အယ်ဒီတာ သန်းစိန်ထွန်း၊ မောင်မောင်ညိုတို့သည် နိုင်ငံခြားဧည့်သည်များကိစ္စ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ဧည့်ခံပွဲများ ပြုလုပ်ရေးကိစ္စများအတွက် အင်းလျားကန် ဟိုတယ်သို့ မကြာခဏ သွားရလေ့ရှိပါသည်။ သွားလေတိုင်း ဟိုတယ်ပေါက်ဝတွင် ဖွင့်ထားသော အထူးကော်ဖီဆိုင် Expreeso ကော်ဖီခါး သောက်ကြလေ့ရှိပါ၏။ ရံဖန်ရံခါတွင် သန်းစိန်ထွန်းက မုန့်ပဲသရေစာ ဒါယကာခံရပါသည်။ ဈေးကလည်း ကြီးလှသဖြင့် အမြဲ ကော်ဖီမသောက်နိုင်ဘဲ ထိုင်ရုံသာ ထိုင်ခဲ့သည်လည်း ရှိပါသည်။

ဖြူဖြူချောချော ထောင်ထောင်မောင်းမောင်း ကျောင်းသူတဦးနှင့် ကျောင်းသူအဖွဲ့ကို မကြာခဏ တွေ့ရပါသည်။ ကျောင်းသူတို့အုပ်စုက ဈေးမမေးဘဲ တန်ဖိုးကြီးသော မုန့်များကို အဝအပြစားနိုင်ကြသည်ကို သတိပြုမိသဖြင့် ငွေရှင်းလျှင် မည်သူကပေးသနည်းဟု စောင့်ကြည့်မိပါသည်။ ဘယ်လောက်ကျသနည်းဟု မမေးပါ။ ငွေစာရင်းတောင်းခံလွှာ မတောင်းပါ။ စားသောက်ပြီး တပျော်တပါးထွက်သွားကြပါသည်။

စားပွဲထိုးကလေးကို မေးကြည့်မိပါသည်။ "ဗိုလ်ချုပ်ကြီးရဲ့သမီး ဆေးကျောင်းသူ စန္ဒာဝင်းနှင့် သူ့ရဲ့သူငယ်ချင်းတွေလေ။ တော်တော်ကြာ တခြားသမီးတွေ လာကြဦးမယ်။ ဒီဆိုင်က သူတို့တတွေ နေ့လည်စာစားဖို့ ဖွင့်ပေးရတာပါ။ သူတို့က ဘယ်တော့မှ ပိုက်ဆံမပေးဘူး" ဟု ဖြေပါ၏။ ဗိုလ်နေဝင်းက နိုင်ငံပိုင်ပစ္စည်းမှန်သမျှ သူ၏မိသားစုပိုင်အဖြစ် စားသုံးစေသူဖြစ်သည်။ သူ၏သားသမီးများသာမက အပေါင်းဖော်များပါ ထင်သလိုစားသုံးကြစေပါသည်။ သားသမီးများမှာ ငယ်စဉ်ကပင် ဒါတို့မြေ၊ ဒါတို့မြေ၊ ဒါငါတို့မြေဟု နိုင်ငံတခုလုံးကို အပိုင်စားစေဟု စိတ်ဓာတ်သွင်းထားပါသည်။

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် အာဏာသိမ်းပြီးနောက် (၃) လခန့်အကြာ ဇူလိုင်လ (၇) ရက် လူသတ်ပွဲအပြီးတွင် "ခေါင်းရှုပ်တယ်" ဟု ဆိုကာ လန်ဒန်သို့ ထွက်သွားပါသည်။ ထိုကာလမှ စတင်ကာ တနှစ်လျှင် (၄) ခေါက်မျှ၊ (၄) လမျှ နိုင်ငံခြားသို့ သွားရောက်အပန်းဖြေလေ့ရှိပါသည်။ သူပိုင်စစ်ရုံထောက်တပ်က ဝန်ကြီးစစ်ဗိုလ်မှန်သမျှကို အမြဲမှန်ဘီလူးနှင့် ကြည့်နေစေပြီး (၇) ရက်တကြိမ် ဆက်သားတဦး လန်ဒန်သို့ စေလွှတ်ကာ သတင်းများကို အစီရင်ခံရသဖြင့် စစ်ဗိုလ်ဝန်ကြီးများသည် သူရှိနေသော အချိန်များထက် အနေအထိုင် အပြောအဆို ဆင်ခြင်ကြလေ့ရှိပါသည်။

"သူလုပ်နေတာတွေကို ခင်ဗျားမကြိုက်ပါဘူး။ သူမရှိတုန်း သိမ်းလိုက်ပါလား" ဟု အိမ်ရှေ့မင်းတပိုင်း စစ်ဗိုလ်ကြီးကို ပြောမိပါသည်။ စကားလုံးနှင့် အဖြေပင်မပေးရဲပါ။ အဓိပ္ပာယ်ရှိရှိ အပြုံးနှင့်သာ ဖြေဝံ့ရှာပါ၏။

ခေါင်းဆောင်ကြီး၏ နိုင်ငံခြားခရီးစရိတ်မှာလည်း ကြီးမြင့်လှပါသည်။ အခိုင်းအစေ လက်တိုလက်တောင်းများ၊ ဆရာဝန်များ၊ စစ်ရုံထောက်များ၊ သားသမီးများ၊ သားသမီးတို့၏

သူငယ်ချင်းများပါ ခေါ်လေ့ရှိပါ၏။ ပြန်လာပါက အစိုးရငွေနှင့် ဝယ်လာသော နိုင်ငံခြားပစ္စည်းများကို ဒေါ်ခင်မေသန်းက မှောင်ခိုဈေးသို့ ပို့ရောင်းပါသည်။ "တိပ်ရကော်ဒါ အသစ်အဆန်းကလေးဝယ်မလား၊ ဒေါ်ခင်မေသန်း ပါလာတာလေ" ဟု ရောင်းသူပွဲစားများကို တွေ့ဖူးပါသည်။

ခရီးစရိတ် ဖြုန်းတီးပုံနှင့် ပတ်သက်၍ ဂျာမဏီပြည်၊ ဘွန်မြို့ မြန်မာသံရုံးမှ သံမှူးတဦးက ပြောပြပါသည်။ "ဗိုလ်ချုပ်ကြီးနဲ့အဖွဲ့အတွက် အငှားကားမဟုတ်တဲ့ အထူးတက္ကစီလေးစီးကို ဟိုတယ်ရှေ့မှာ (၂၄) နာရီ ရပ်စောင့်ရမယ်ဆိုပြီး ငှားထားတယ်။ သူက ရက် (၂၀) နေတော့ အငှားကားစရိတ်က ကားသစ်ဝယ်လျှင် သုံးစီးဝယ်နိုင်တယ်။ ကျနော်တို့ သံရုံးမှာ ကားစုတ်ကားပျက် တစင်းပဲရှိတယ်။ ကားသစ်ဝယ်သုံးပြီး သံရုံးထားခဲ့လျှင် ဘယ်လောက်ကောင်းမလဲ၊ မပြောဝံ့ပါဘူးလေ" ဟု ညည်းရှာပါ၏။

ဗိုလ်ချုပ်ကြီးသည် နိုင်ငံခြားဟိုတယ်များတွင် တစ်ပေးကောင်းသူ၊ ဘောက်ဆုပေးကောင်းသူဟု ကျော်ကြားပါသည်။ ဆေးရုံတက်ကာ ဆေးစစ်ရင်း အနားယူရာတွင် ဆေးရုံကဆင်းသောနေ့တွင် ဆရာဝန်များ၊ သူနာပြုများမှ အမှိုက်လှဲသူများအထိ ဝန်ထမ်းအားလုံးကို ဖက်ကာ လက်ဆောင်ပေးပါသည်။ ငွေဖလားကြီးတခုထဲတွင် မြန်မာနိုင်ငံမှ သယ်လာသော ကျောက်လက်စွပ်၊ နားကပ် စသော လက်ဝတ်ရတနာ အမျိုးမျိုးကို သူကမကြည့်ဘဲ လက်နှင့်နှိုက်ကာ ဆွဲယူ၍ မဲဖောက်သကဲ့သို့ လက်ဆောင်ပေးပါသည်။ အမေရိကန်ဒေါ်လာ တထောင်တန် ရသူများရှိကြသည်။

နိုင်ငံပိုင်ငွေ မလေမလွင့်ရန် ချွေတာရှာပါသည်။ လန်ဒန်တွင် လနှင့်ချီကာ အနားယူရာတွင် ဟိုတယ်စရိတ်က ကြီးမားသည်။ လိုသမျှကို ရန်ကုန်ဘဏ္ဍာရေးဝန်ကြီးထံ တောင်းရသည်။ တချို့တွင် မြန်မာအစိုးရတွင် လက်ကျန် နိုင်ငံခြားသုံးငွေမရှိသဖြင့် ဗြိတိသျှလေကြောင်းကုမ္ပဏီမှ ငွေချေးရဖူးသည်။ ထို့ကြောင့် နိုင်ငံတော်အဖို့ စရိတ်သက်သာစေရန် လန်ဒန်တွင် အိမ်ကောင်းအိမ်သန့်တလုံးဝယ်ကာ နေထိုင်ပါသည်။ ဒီမိုကရေစီအစိုးရခေတ်က သံရုံးမြေနှင့် အဆောက်အအုံကို အစိုးရအနေနှင့် ဝယ်ခဲ့သကဲ့သို့ မဝယ်ဘဲ သူ၏မိတ်ဆွေ ဘီအိုစီမန်နေဂျာဟောင်း အင်္ဂလိပ်တဦး၏ အမည်နှင့် ဝယ်ခဲ့ပါသည်။

ကံကောင်းအကြောင်းမလှသဖြင့် သူ၏မိတ်ဆွေဓမ္မာ သေဆုံးရှာလေရာ ဇနီးဖြစ်သူက ခင်ပွန်းသည်ပိုင်ဆိုင်ပစ္စည်းအဖြစ် သိမ်းယူသောအခါ ဗိုလ်ချုပ်ကြီးမှာ ဘုံပျောက်သွားရှာပါသည်။ မြန်မာနိုင်ငံတွင်းတွင် မည်သည့်အမှုကိုမဆို အနိုင်ယူနိုင်သော်လည်း အင်္ဂလန်တွင် အင်္ဂလိပ်ဥပဒေဖြစ်နေသည်။ အိမ်ကို မူလက မိမိအမည်နှင့် မဝယ်ဘဲ ခိုးကြောင်ခိုးဝှက် ဝယ်ခဲ့သဖြင့် ဥပဒေအရ ပိုင်ဆိုင်သူ၏ ဇနီးမယားသာ ဆက်ခံပိုင်ဆိုင်ခွင့် ရှိလေရာ ဗိုလ်ချုပ်ကြီးမှာ မည်သို့မှ မတတ်နိုင်ဘဲ သူခိုးလက်မှ သူဝှက်က လုသည်ကို မခံချိမခံသာ ခံရရှာပါသည်။

စိတ်မကျေနိုင်သဖြင့် နောက်ထပ်အိမ်တလုံး ဝယ်ပြန်ပါသေးသည်။ တခါသေဖူး မျှင်ဖိုးနားလည်ပြီဖြစ်သဖြင့် နောက်ဝယ်သော အိမ်မှာ လက်ထဲတွင် မြဲခဲ့ပါသည်။ ဤတချိုတွင် မည်သူ့ကိုမှ အညှာမခံပါ။ တပ်မတော်သား (၆) ဦးကို မြန်မာနိုင်ငံက ခေါ်ယူကာ အိမ်စောင့်တာဝန်ချထားပါသည်။ နှစ်စဉ် တနှစ်တကြိမ် တပ်မတော်သား (၆) ဦးကို လန်ဒန်သို့ လူလဲနှင့်





စေလွှတ်ကာ အိမ်တော်စောင့်ရန် ပို့ပေးရပါသည်။

ဒုတိယအစီအစဉ်အရ ဗိုလ်ချုပ်ကြီး၏ ဘီလပ်အိမ်တော်စောင့်ရှောက်ရေးအတွက် တပ်မတော်သားများကို ဘီလပ်သို့ အလှည့်ကျပို့ရပြန်သဖြင့် ဆင်ဖိုးထက် ချွန်းဖိုးက ကြီးရပြန်ပါသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ နန်းသက် (၄၂) နှစ်မပြည့်မီ နိုင်ငံတော် လူမွဲနိုင်ငံ ဖြစ်ရလေသည်မှာ မဆန်းပါပေ။

* * * * *

## (၅၂)

## ရာသက်ပန် အာဏာဆုပ်ကိုင်နည်း

ဗိုလ်ချုပ်ကြီးနေဝင်း၏ လက်ရေးမူရင်းနှင့် စာတစောင်ကို တင်မောင်က မိတ္တူကူးကာ သိမ်းထားမိပါသည်။ ၁၉၄၃ ခု၊ အောက်တိုဘာလ (၂၆) ရက်နေ့စွဲနှင့် ရေးထားသော ထိုစာတွင် 'တိုင်းပြည်တခု၏ ကြီးပွားမှု၊ တိုးတက်မှု၊ ခိုင်မြဲမှုသည် ထိုတိုင်းပြည်အင်အားတည်းဟူသော စစ်တပ်ပေါ်၌ အခြေတည်လျက်ရှိ၏။' ဟု ရေးသားထားပါသည်။ ဂျပန်သို့ စစ်ပညာသင်ပို့ထားသော ကျောင်းသားများထံသို့ ပေးပို့သော ထိုစာကို 'ဗမာ့တပ်မတော် စစ်သေနာပတိ ဗိုလ်နေဝင်း' ဟု လက်မှတ်ရေးထိုးထားပါသည်။

အလွန်မှားယွင်းသော စစ်ဝါဒဖြစ်ပါသည်။ ဂျပန်နိုင်ငံနှင့် ဂျာမနီပြည်တို့တွင် စစ်အင်အားကို ကြီးမားစွာ တည်ဆောက်မိရာက စစ်ဝါဒီများ ကြီးစိုးခံရသောကြောင့် ပျက်စီးခဲ့ရပါသည်။ ကမ္ဘာစစ်လွန်ကာလ၊ စစ်အင်အားတာဝန် ကင်းကွာသောကာလ၊ စစ်စရိတ်မရှိမှ ကြီးပွားတိုးတက်နေသည်ကို မျက်မှောက်ခေတ်သမိုင်းက သက်သေပြနေပါသည်။ အထက်အမိန့်ကို နာခံခြင်းကိုသာ အခြေပြုကာ တည်ဆောက်ရလေ့ရှိသော စစ်တပ်သည် နိုင်ငံတခု၏ ကြီးပွားမှုကို လုပ်ဆောင်နိုင်သော အရည်အချင်းမရှိနိုင်ပါ။

ယင်းစစ်ဝါဒီကြီးအဖို့ နိုင်ငံရေးအာဏာကို ကြာမြင့်စွာ သိမ်းပိုက်ထားနိုင်ခဲ့သည်မှာ ဘာကြောင့်နည်းဟု မေးခွန်းပေါ်လာပါသည်။ ဦးအုန်းခင်၊ ဦးညိုမြ၊ သခင်ဘသောင်း၊ ဦးစိန်ဝင်း၊ ဦးချစ်ထွန်း...စသော မြန်မာသတင်းစာဆရာများသည် အခွင့်ကြုံတိုင်း ဘာကြောင့် နေဝင်းစစ်ဝါဒအာဏာမြဲရသနည်းဟု ဆွေးနွေးလေ့ရှိရာ အောက်ပါအချက်များကို သုံးသပ်မိကြပါသည်။

၁။ ကိုယ်ပိုင်စစ်စုံထောက်အဖွဲ့သည် ဗိုလ်နေဝင်း၏ အင်အားတခုဖြစ်ပါသည်။ အတိုက်အခံပြုမည့် ဆန့်ကျင်သူ နိုင်ငံရေးခေါင်းဆောင်များကို မျက်လုံးဒေါက်ထောက်ကာ ကြည့်ရှုစုံစမ်းနေသကဲ့သို့ မိမိလက်အောက်ခံစစ်ဗိုလ်ကြီးများကိုလည်း အမြဲစုံစမ်းနေသဖြင့် သူ့ကို လှန်ရဲသူ မရှိတော့ပါ။ ၁၉၆၁ ခုနှစ်က ဗိုလ်မှူးကြီး (၁၃) ဦးကို ရာထူးမှ ဖယ်ရှားစဉ်က စစ်စုံထောက်မှတ်တမ်းဖိုင်တွဲကြီးများကို တရှက်ချင်းလှန်ကာ မည်သူက စစ်ဆင်ရေးစရိတ်ငွေအများ လာဘ်စားကြောင်း၊ မည်သူက မည်နှယ် လာဘ်ယူကြောင်း အသေးစိတ်ဖတ်ပြသဖြင့် တရားခံများ စောဒကမတက်နိုင်ဘဲ ခံခဲ့ရပါသည်။ ၁၉၇၅ ခုလောက်တွင် တဖန် မဆလ ဝန်ကြီးအားလုံးတို့ကို အိမ်တော်သို့ ဆင့်ခေါ်ကာ ဗိုလ်ချုပ်စန်းယုကတော်က ရာထူးတက်သူ စစ်ဗိုလ်ကလေးများ၏ စာရင်းကို တင်ကြိုရယူကာ ငွေတောင်းလေ့ရှိကြောင်းမှ စတင်ကာ



ဝန်ကြီးအားလုံးတို့၏ ရာဇဝတ်မှု ခွေးရေပုရပိုက်ကြီးကို ဖတ်ပြကာ ပြင်းထန်စွာ သတိပေးသဖြင့် သူ့ကို တုန်နေအောင် ကြောက်ကြရကာ သူခိုင်းသမျှ သစ္စာရှိစွာ လုပ်ကြရပါသည်။

၂။ ဗိုလ်ကြီးအဆင့်မှ စ၍ စစ်တပ်တွင် ရာထူးအတက်အကျ၊ အရွှေ့အပြောင်း အမိန့်များကို ကိုယ်တိုင်ကြည့်ကာ စွက်ဖက်ခြင်း၊ ပိုမိုရာထူးမြှင့်ပေးခြင်းတို့ ပြုကာ သက်ဆိုင်ရာစစ်ဗိုလ်ကို သူက ရာထူးမြှင့်ပေးသည်ဟု သိစေကာ သစ္စာခံစေပါသည်။

၃။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ထူးကဲစွာ မှတ်ဉာဏ်ကောင်းပါသည်။ တွေ့သိသမျှ လူအားလုံးကို အမှုကိစ္စအကြောင်းအရာများ အသေးစိတ်မှတ်သားမိလေ့ရှိပါသည်။

၄။ ဓားစာခံရန်နှင့် သူ၏ ဩဇာထက်ရန်အတွက် လူညံ့များကို မွေးလေ့ရှိပါသည်။ တပ်တွင် ရာထူးကြီးများ တိုးမြှင့်ပေးရာတွင် အနိမ့်မှ လူကို သုံးဆင့်ခန့် တက်ပေးလေ့ ရှိပါသည်။ မတန်မရာသော ရာထူး၌ ရရှိသူက သူ့ကို ရှိခိုးနေမည်ဖြစ်ပါသည်။ သူ၏ အစိုးရအဖွဲ့တွင် ဝန်ကြီးခန့်ပါက ဆိုင်ရာဌာနတွင် ကျွမ်းကျင်မှုမရှိသူများကိုသာ တမင်ရွေးချယ်ကာ ခန့်ထားလေ့ရှိပါသည်။ စက်မှုကျွမ်းကျင်သူကို လယ်ယာပို့ကာ သတင်းစာကို လကြည့်ပင်ဝယ်ယူဖတ်လေ့မရှိသူကို ပြန်ကြားရေးဌာနသို့ ပို့ပါသည်။ သို့မှသာ ဝန်ကြီးများ တာဝန်ကို လုပ်ဆောင်ရာ၌ သူ့ကို အားကိုးနေရပါသည်။ ထိုပြင် ပြဿနာပေါ်က ထိုသူ၏ အပြစ်ဖြစ်သည်ဟု ဓားစာခံပြုကာ ချနင်းလေ့ရှိပါသည်။ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပြုတ်ကျရသော ဓားစာခံ စစ်ဗိုလ်ဝန်ကြီးများပြားလှပါသည်။

၅။ ထီးမွေနန်းမွေဆက်ခံရန် ဒုတိယလူ၊ အိမ်ရှေ့မင်းထားလေ့မရှိပါ။ သူက နံပါတ်တစ်တွင် နေရာယူကာ လက်အောက်တွင် နံပါတ်ငါးအဆင့်ရှိသူကိုသာ ခန့်ထားလေ့ရှိပါသည်။ နံပါတ်တစ်မှ လုံးဝမဆင်းလိုပါ။ တကြိမ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မီတီ ရွေးချယ်ပွဲတွင် ထိပ်ပိုင်းမှ အရွေးခံရစေကာမူ ခေါင်းဆောင်နှစ်ဦးက သူ့ထက်မဲ ပိုမိုရရှိနေသဖြင့် စစ်ဗိုလ်ဟောင်း ခေါင်းဆောင်နှစ်ဦးကို အပြစ်ရှာ ဖမ်းဆီးကာ ပါတီဝင်အများကို သန့်ရှင်းရေးပြု၍ ပါတီမှရော အစိုးရအဖွဲ့မှပါ ခေါင်းဆောင်များ၊ ဝန်ကြီးများကို ဖယ်ရှားခဲ့ပါသည်။

၆။ မာန်မာနပြင်းထန်သူဖြစ်စေကာမူ လိုအပ်ပါက ဒူးထောက်ရန် ဝန်မလေးသူ ဖြစ်ပါသည်။ လင်ရှိအမျိုးသမီးဖြစ်သူ ဒေါ်ခင်မေသန်းနှင့် လက်ထပ်စဉ်က တပ်မတော်စစ်ဦးစီးချုပ်က ကာမေသုမိစ္ဆာစာရက်ကို ကျူးလွန်သည်ဖြစ်သဖြင့် ဝန်ကြီးချုပ်ဦးနုက စိတ်ဆိုးရုံသာမက ကြီးစွာရှက်သဖြင့် ဝန်ကြီးအဖွဲ့ အစည်းအဝေးသို့တင်ကာ သူ့အား ရာထူးမှဖြုတ်ချရန် ဆုံးဖြတ်ခဲ့ပါသည်။ ဝန်ကြီးချုပ်အား တွေ့ပါရစေဟု သူက အသနားခံသော်လည်း ဦးနုက အတွေ့မခံပါ။ ဗိုလ်ချုပ်နေဝင်းသည် သခင်ချစ်မောင်၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့အား တွေ့ဆုံကာ မျက်ရည်ခံထိုးသည်အထိ ဝန်ချသဖြင့် သူတို့က ဦးနုကို ခိုင်းကာ တောင်းပန်သဖြင့် ရာထူးကို ပြန်လည်ရရှိခဲ့ပါသည်။

၇။ နိုင်ငံ၏ ခနစွမ်းအားကို ရက်ရောစွာ ငယ်သားများကို ပေးပါသည်။ စစ်ဗိုလ်မှန်သမျှ ရာထူးပြုတ်စေကာမူ သံအမတ်ရာထူးမှ စတင်ကာ မဂ္ဂဝင်းထုတ်ဝေခွင့်အထိ ပေးခြင်း၊ ပါတီတွင် နိုင်ငံရေးတာဝန်ယူသူများကို အစိုးရဝန်ထမ်းကဲ့သို့ပင် ပင်စင်လစာပေးခြင်း၊ နိုင်ငံရေးသမားမှန်သမျှကို နိုင်ငံ့ဂုဏ်ရည်ဆုပေးခြင်း...စသည်ဖြင့် သူ့ကို အန်မတုစေရန် ချွေးသိပ်ပါ၏။

ဤဗိုလ်နေဝင်း၏ အာဏာထိန်းနည်းအချက် (၇) ချက်မှာ ဆရာ့ဆရာများ၏ အမြင်ဖြစ်ပါသည်။ တင်မောင်မြင်သော အချက်နှစ်ချက်ရှိပါသေးသည်။

ဗိုလ်နေဝင်းသည် ရန်သူကို အသေမသတ်ခြင်းသည် သူ၏ အာဏာသက်ကို ရှည်စေသော ဆေးကောင်းတလက်ဖြစ်နေပါသည်။ ကမ္ဘာ့အရပ်ရပ် လက်နက်နှင့် အာဏာသိမ်းမှုများတွင် သွေးထွက်သံယိုသတ်ဖြတ်လေ့ရှိပါသည်။ အသက်သတ်ပါက လက်ငင်းရန်ရှင်းစေကာမူ ရန်သစ်လူ လာနိုင်ပါသည်။ သူ၏ အသက်ကို မသတ်သည့်နည်းက ပိုပြီး ရက်စက်ယုတ်မာပါသည်။ သူအာဏာသိမ်းပြီးနောက် ဒီမိုကရေစီခေါင်းဆောင်များနှင့် အစိုးရဝန်ထမ်းကြီးများ၏ အသက်ကို မသတ်ဘဲ အသက်မွေးမှုအခွင့်အရေးကို သတ်ဖြတ်ပါသည်။ သူ့ကို ရန်ပြုနိုင်သူများ၏ စီးပွားရှာဖွေစားသောက်ခွင့်ကို သတ်ဖြတ်ချုပ်ကိုင်ပါသည်။ သူ၏ လက်အောက်သို့ ခေါင်းလျှိုရသော သူကိုယ်ပိုင်အစိုးရဝန်ထမ်းအလုပ်မှ တပါး လုပ်ပိုင်ခွင့်မရှိသည့်စနစ်ကို တီထွင်ထားသဖြင့် ရန်သူမှန်သမျှ သူ့ကို 'ကိုး' ကြရပါသည်။ ဥပမာ စာရေးသူ တင်မောင် တယောက်။

ဒုတိယအာဏာထိန်းနည်းမှာ ပိုမိုရက်စက်ယုတ်မာပြီး သူ၏နောက်လိုက် စစ်အစိုးရများက ဆက်လက်သုံးစွဲနေပါသည်။ ထိုနည်းမှာ အရပ်သားပြည်သူလူထုကြီး ဆင်းရဲတော်မူတ်စေရန် တမင်အားထုတ်ပါသည်။ လူတွေတော်မှ စစ်တပ်ကို ဦးကျိုးကြမည်၊ ခေါင်းလျှိုးကြမည်ဖြစ်သဖြင့် တမင်တော်မူတ်စေမည့် လမ်းစဉ်ကို လုပ်ဆောင်ပါသည်။

သူအာဏာတောင်းစဉ်က နိုင်ငံတွင်းတွင် အစစအရာရာ ရှားပါးကြသည်ကို သူသိပါသည်။ တင်မောင်ကဲ့သို့ နိုင်ငံ၏ အခြေမှန်ကို တင်ပြသူများများ မရှိစေကာမူ လူထုကြီးရှားပါးနေသည်ကို သူကောင်းစွာ သိရှိပါသည်။ ဥဏ်မတုံးပါ။ ထိုခေတ်က မကြာခဏ လူသုံးကုန်များ ပြတ်လေ့ရှိပါသည်။ ဆပ်ပြာ၊ သွားတိုက်ဆေး၊ ငွေ၊ ကြက်သွန်၊ မုတ်ဆိတ်ရိတ်ဓား... စသဖြင့် ပြတ်လပ်ပျောက်ကွယ်လေ့ရှိပါသည်။ ထိုအခါ ကမ္ဘာ့အရပ်ရပ်တွင်လည်း ထိုကုန်များရှားပါးနေသည်ဟု ပါတီက တန်ပြန်ဝါဒဖြန့်လေ့ရှိပါသည်။ ရုပ်ပြောင်တဦးက "ရှင်မရေ...ကမ္ဘာ့အရပ်ရပ်မှာ ကြက်သွန်တွေ ပြတ်နေကြပြီထင်တယ်ဟေ့" ဟု သရော်သည်ကို သူနားလည်စွာ ရယ်မောခဲ့ပါသည်။

နောက်တက်လာသော စစ်အစိုးရများလည်း လူထုကြီးတော်ပြတ်ခက်ခဲသည်ကို သိကြပါသည်။ လူထုကြီးအဖို့ ခက်ခဲရှားပါးလေလေ၊ စစ်တပ်ကို ဦးကျိုးလေလေမို့ ဗိုလ်နေဝင်းနှင့်နောက်လိုက်များသည် လူထုကြီးအတွက် တမင်တော်ဆေးများ ဖော်ခဲ့ကြပါသည်။ လူထုမည်ရွေ့မည်မျှ တော်ပြတ်စေကာမူ သူတို့အာဏာစွဲကိုင်ရေးကို စောင့်ရှောက်ကာကွယ်ပေးမည့် စစ်တပ် မတော်ရေးကိုသာ အလေးထားဆောင်ရွက်ကြပါ၏။

ဗြိတိသျှယထာဘူတ ပညာရှင်သဘာဝဝဗ္ဗဆရာကြီး Bertrand Russel ၏ အဆိုအမိန့်တခု ရှိပါသည်။ 'သင့်အား လူတယောက်က ဒီမိုကဲ့ရေစီကိုပေးကာ အခြားတဦးက ဆန်အိတ်တအိတ်ကို ပေးပါလျှင် သင့်အဖို့ ဆန်အိတ်ကို ယူမည်လော၊ ဆန္ဒမဲပြားကို ယူရမည်လောဟု ရွေးချယ်ရန်မှာ သင်သည် မည်ရွေ့မည်မျှတော်နေသနည်းဟူသော တော်မွတ်မှုအတိုင်းအတာအရ ဆုံးဖြတ်ရပေမည်' ဟု ဆိုပါသည်။ လမ်းစဉ်ပါတီဝင်တိုးတက်ခြင်းနှင့် ကြံ့ခိုင်ရေးအင်အားတက်ခြင်းတို့မှာ လူထုတော်ကြသဖြင့် ဖြစ်ရပါသည်။





ဦးနေဝင်းနှင့် နောက်လိုက်စစ်ဗိုလ်ကြီးများက 'လူထုကြီးတော်လေလေ–ဒီမိုကရေစီကိုကျောခိုင်းကာ သူတို့ကို ရှိခိုးရလေလေ' လမ်းစဉ်ကို လုပ်ဆောင်နေကြသဖြင့် လူထုကြီးမှာ မီးလောင်သစ်တုံးကဲ့သို့ တမြည့်မြည့်မျက်သုဉ်းနေသည်ကို ဟက်ဟက်ပက်ပက် ရယ်မော လုပ်ဆောင်ကြသည်မှာ အလွန်အကျူးရက်စက်ယုတ်မာကြပါသည်။

• • • • •

ဆုံးဖြတ်ချက်ကြီးများကို ဖြင်ဆင်လေ့ရှိသူမဟုတ်ပါ။ ယခုအမှုတွင်မူ ဝန်ကြီးအဖွဲ့ အစည်းအဝေး ထပ်မံကျင်းပရာတွင် ဝန်ကြီးအများစုက တောင်းပန်ကြသောအခါတွင် ဒီမိုကရေစီအများဆန္ဒကို ယုံကြည်သူဖြစ်သဖြင့် သူ၏အဆိုကို ပြန်လည်ရုပ်သိမ်းခဲ့ရပေသည်။

အကယ်၍ ဦးကျော်ငြိမ်းတို့အစုက တောင်းပန်သမှုမပြုပါလျှင် ဝန်ကြီးချုပ်ဦးနု၏ အဆိုသာ ဆက်လက်အတည်ဖြစ်ပါလျှင် မိမိထင်ရာလုပ်နိုင်သော စစ်ဝါဒ မျိုးစေ့ မျိုးညှောက်သည် စောစောကပင် ကျေပျက်နေမည်ဖြစ်သဖြင့် သမိုင်းဇာတ်ကြောင်း ပြောင်းလဲသွားကာ မြန်မာအမျိုးသားတို့ ယနေ့ခံစားနေရသော ဒုက္ခမီးမှ ကင်းလွတ်ပေမည်ဟု ယူဆနိုင်ပါသည်။

• • • • •



# (၅၃)

# ဦးနုနှင့် ဗိုလ်ချုပ်ကြီးနေဝင်း

ဗိုလ်ချုပ်ကြီးနေဝင်းသည် ဗေဒင်ယတြာကို အယုံသည်းစွာ ယုံကြည်သူဖြစ်ပါသည်။ ၁၉၅၈ ခု အစိုးရတက်စကာလက ရွှေတိဂုံစေတီတော် ရှေ့မှခ်တန်ဆောင်းတခုတွင် တန်ဆောင်းပြည့် သင်းဖြူးများခင်းကာ ယတြာလှူဒါန်းပါသည်။ သတင်းတိကျစွာရသဖြင့် ကြေးမုံတွင် ဓာတ်ပုံနှင့် ဖော်ပြရာ၌ အလှူရှင် ဗိုလ်ချုပ်ကြီးဖြစ်သည်ဟု တိကျစွာ မရေးရဲစေကာမူ သူ အလှူရှင်ဖြစ်သည်ကို စာဖတ်သူတို့ သိသာအောင် ဖော်ပြနိုင်ခဲ့ပါသည်။

တော်လှန်ရေးအစိုးရခေတ်တွင် ယတြာဆင်ခြင်း၊ ယတြာပြုခြင်း၊ ယတြာချေခြင်းတို့ကို များစွာပြုလေ့ရှိပါသည်။ ပေလီဆိပ်ကမ်းသို့သွားကာ အောင်အမည်ပါသော အမျိုးသမီးနှင့် ယတြာလက်ထပ်ပွဲကျင်းပကာ မိမိ၏ အလောင်းအတုကို ပင်လယ်တွင်းသို့ မျှောခဲ့သည်ဟု သတင်းကြားရပါ၏။ ငွေစက္ကူထုတ်များ ထုတ်ဝေရာတွင် (၉၀) တန်၊ (၄၅) ကျပ်တန် စသည် ငွေစက္ကူများ ထုတ်ဝေကာ ယတြာဆင်သည်မှာ ယုံချင်ယုံ မယုံချင်နေ ကမ္ဘာ့အဆန်းများ သမိုင်းဝင်ဖြက်လုံးကြီးဖြစ်ပါသည်။

ဦးနုသည်လည်း ဗေဒင်ယတြာ အယုံသည်းသူဖြစ်ပါသည်။ ဦးနေဝင်းက ကိုးကွယ်သော ဗေဒင်ဆရာ မည်သူဖြစ်သည်ကို လျှို့ဝှက်ပါသည်။ လူသိမခံလိုပါ။ "ရန်ကုန်မှာ နာမည်ကြီးတဲ့ ဗေဒင်ဆရာမှန်သမျှ ဦးနု မမေးဖူးသူ မရှိ" ဟု ဦးကျော်ငြိမ်းက ပြောဖူးပါသည်။ ဦးနုက ဗေဒင်ယတြာကို ယုံကြည်ကြောင်း ပွင့်လင်းစွာ ပြောရဲပါသည်။

ပထမ လွတ်လပ်ရေးနေ့မှ စတင်ကာ လွတ်လပ်ရေးနေ့တိုင်း အလံတင်ပွဲကို ဓာတ်ပုံရိုက်ရတိုင်း အေးစက်သော ရာသီဥတုကြောင့် ဝန်ကြီးချုပ်ဦးနု၏ ဗေဒင်ဆရာများကို မျက်စောင်းထိုးမိပါသည်။ ကြုံကြုံဖန်ဖန် နံနက်က (၄) နာရီ မိနစ် (၂၀) တွင် သူတို့က အခါတော်ပေးသဖြင့် သတင်းထောက်နဲ့များ ပင်ပန်းရသည်ဟု တင်မောင်တို့ ပြောလေ့ရှိပါသည်။

ဦးနုသည် ၁၉၄၇ ခု၊ ဇူလိုင်လ (၁၉) ရက်နေ့က ဦးအောင်ဆန်းကျဆုံးရှာပြီးနောက် နာရီအနည်းငယ်အတွင်း ဝန်ကြီးချုပ်တာဝန်ကို လက်ခံယူစေကာမူ ဘုရင်ခံထံ အစိုးရအဖွဲ့သစ် ကျမ်းသစ္စာဆိုရမည့် အချိန်ကို ဩဂုတ်လ (၂) ရက်နေ့၊ ညနေ (၆) နာရီတွင်မှ အခါရပါသည်ဟု မေတ္တာရပ်သဖြင့် ဘုရင်ခံခမျာ မူလက ချိန်းဆိုထားသော ဂေါက်သီးပွဲကို ဖျက်ကာ အခမ်းအနားကျင်းပရသည်ဟု သိရပါသည်။ အလျှင်လို အရေးကြီးသောကာလတွင် ဗေဒင်ဆရာတို့ကို အားကိုးသူဖြစ်ပါသည်။

ထိုခေတ်က ဒေါ်လာ (၆) သန်းကုန်သော ဟိုတ်ဂူတော်တွင် ကမ္ဘာ့သမိုင်းဝင် သင်္ဂါယနာ

## (၁၄)

## မိမိ၏ ဆောင်းပါးများ ရှော်ကုန်ပြီ

"ခုတလော မင့်စာတွေကို ငါမကြိုက်တော့ဘူး" ဟု မိတ်ဆွေရင်းတဦးက ပြောလာပါသည်။ အစိုးရနှင့် ဘခေါင်မပြေသဖြင့် ဘေးထိုင်နေသော မိတ်ဆွေက လေသံခပ်အေးအေးနှင့် ဖြည်းညှင်းစွာ ပြောပါသည်။ ခပ်တိုးတိုး သူ့အသံသည်တင်မောင်၏ နားတွင် မိုးကြိုးကြီး ရှစ်စင်းပစ်မှု ကျယ်လောင်စွာ မြည်ဟီးသွားပါသည်။

မိမိ၏ သတင်းစာသက်တမ်းနှစ်သုံးဆယ်ပြည့်အထိမ်းအမှတ် ညှော်ခံပွဲတွင် သူက ပြောခြင်းဖြစ်သည်။ ပြောမှ ပြောရက်ပလေဟု ဒေါသထွက်မိကာ စိတ်မထိန်းနိုင်ဘဲ ဘီလူးကြိမ်းသကဲ့သို့ ကြိမ်းမိသည်။ "သတင်းစာဆောင်းပါးနဲ့ ပတ်သက်လို့ ဒီနေ့ သတင်းစာလောကမှာသာ မကဘူး။ သတင်းစာသမိုင်းတလျှောက်လုံးကို စိန်ခေါ်ဝံ့ပါတယ်။ ကျနော်ရဲ့ စာဖတ်ပရိသတ် အကြောင်းကို ကျနော်သိတယ်။ ဩဇာဘယ်လောက်ထက်တယ်ဆိုတာကိုလည်း သိပါတယ်" ဟု မဆင်မခြင် ပြန်လည်ပြောမိသည်။

သူက ခေါင်းတညိတ်ညိတ်လှုပ်ကာ တင်မောင်အား သနားဖွယ်သတ္တဝါတကောင်သဘောနှင့်ကြည့်သည်။ "ကိုယ်ပြောတာကို မင်းနားမလည်ပါလား၊ အရည်အသွေးကို ပြောနေတာမဟုတ်ဘူးကွ။ ခုတလော မင်းရဲ့ဆောင်းပါးတွေမှာ လူထုကြီးရဲ့ ခံစားချက်တွေ မပါတော့ဘူးဆိုတာကို ပြောတာကွ" စာရေးသူနားလည်သွားပါပြီ။ သူ့ကို ဝန်ချတောင်းပန်ရတော့သည်။

ပြည်သူပိုင်သတင်းစာလေးစောင်တွင် အပတ်စဉ်ဆောင်းပါး ရှစ်ပုဒ်၊ အကြောင်းအရာ ရှစ်ပုဒ် မိမိရေးလေသမျှတို့ကို ပြန်လည်စိစစ်မိပါတော့သည်။

၁၉၆၂ ခုနှစ်၊ စစ်အစိုးရ တက်လာချိန်မှစတင်ကာ သတင်းစာဆရာများအဖို့ ဆောင်းပါးတပုဒ်ရေးမည်ပြုတိုင်း နှစ်ကြိမ်စဉ်းစားကြရသည်။ အများက အစိုးရကို ဝေဖန်ရေးသားခြင်း မပြုတော့ဘဲ ရန်ရှောင်ကြသည်။ တင်မောင်နှင့် မိမိ၏ သတင်းစာအဖွဲ့ကမူ ဝေဖန်သင့်သမျှကို ဝေဖန်သည်။ ဘေးမရှိတန်ဟု ယူဆတွက်ချက်ကာ စွန့်စားကြသည်။ တင်မောင်တို့ အတွက်မှားခဲ့သည်။ အဖြေရလဒ်မှာ တင်မောင်နှင့်တကွ အယ်ဒီတာနှစ်ဦး၊ သတင်းထောက်တဦးတို့ ထောင်ထဲရောက်သွားကြသည်။

,အများပြည်သူတို့၏ ထင်မြင်ယူဆချက်များကို အလိုရှိပါသည်။ ပွင့်လင်းစွာ ဝေဖန်ကြပါဟု အစိုးရက ကြေညာချက်ထုတ်ပြန်ကာ လူထုအော်သံ၊ အယ်ဒီတာထံပေးစာများမှ စတင်ကာ လွတ်လပ်စွာ ရေးကြပါဟု လှုံ့ဆော်သည်ကို တွေ့ကြသောအခါ ထောင်တွင်းရှိ စာ





တင်ပွဲကို နေ့ (၁၂) နာရီ (၁၂) မိနစ်တိတိတွင် စတင်ခဲ့ပါသည်။ ၁၉၅၆ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးကို ဦးဗဆွေသို့ လွှဲပေးစဉ်က နံနက် (၉) နာရီတိတိတွင် ရုံးမှ ထွက်ပေးပါသည်။

ဤသို့သောအဖြစ်ကလေးများနှင့် အစိုးရအဖွဲ့က ဗလိနတ်စာ ကျွေးခြင်းစသည့်အမှုများကို ပြုသဖြင့် ဦးနုအား အယူသည်းဗုဒ္ဓဝါဒီကြီးဖြစ်သည်ဟု ဝေဖန်ကြပါသည်။ နိုင်ငံရေးနယ်သို့ ဝင်လာခါစ တကသဥက္ကဋ္ဌခေတ်ကပင် ပုတီးစိပ်ခြင်းအလုပ်ကို အရေးတကြီး လုပ်ခဲ့သူဖြစ်သဖြင့် သူ၏ ရဲဘော်များက သူ့ကို နားလည်ကြပါသည်။

ဗုဒ္ဓဘာသာဝင်တဦးအဖြစ် ဦးနုက ဝန်ကြီးချုပ်ဖြစ်ခိုက်တွင် နွားမသတ်ရအမိန့်ကို ထုတ်ပြန်ခဲ့သည်ကို ဗိုလ်နေဝင်းက မျက်စိဆံပင်မွေး စူးနေဟန် တူပါသည်။ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်အဖြစ် ဗိုလ်နေဝင်း အာဏာရယူသည့်နေ့တွင် ပထမဆုံးထုတ်ပြန်သော အမိန့်မှာ နွားများသတ်နိုင်သည်ဟူသော အမိန့်ဖြစ်ပါသည်။ ထိုအမိန့်အပေါ်က ဦးနုက ဗိုလ်နေဝင်း အပါယ်လားတော့မှာပဲဟု ကြီးစွာ ကရုဏာသက်ရှာသည်ဟု သိရပါသည်။ ရွေးကောက်ပွဲအနိုင်ရသဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းက ဦးနုကို ရာထူးပြန်လွှဲပေးရမည့်ရက်မတိုင်မီ (၇) ရက်အလိုတွင် ဝန်ကြီးချုပ်ဟောင်း ဦးနုက လက်ရှိ ဝန်ကြီးချုပ် ဗိုလ်နေဝင်းအား အကြံပေးပါသည်။ နွားများသတ်စေအမိန့်သည် ဗိုလ်နေဝင်းအဖို့ ငရဲပွားမည်ဖြစ်သောကြောင့် အာဏာမလွှဲမီ ကာလကလေးတွင် အမိန့်ကို ပြန်ပြင်ပါလား။ နောင်ဘဝသို့ ဘဝကူးကောင်းနိုင်ပါသည်ဟု ဦးနုက မေတ္တာရပ် ပြောရှာသည်။ ဗိုလ်နေဝင်းက (စိတ်ထဲမှ ကြိတ်ရယ်နေမည်ထင်ပါသည်) ခေါင်းရမ်းပါသည်။ ၁၉၆၀ ခု၊ ဧပြီလ (၄) ရက်နေ့တွင် ဦးနုက အာဏာကို ပြန်လည်လွှဲယူပြီး (၂) နာရီကြာသောအခါ ဝန်ကြီးချုပ်သစ် ဦးနုက ပထမဆုံး ထုတ်ပြန်သော အမိန့်မှာ နွားများမသတ်ရ အမိန့်ဖြစ်ပါသည်။

နိုင်ငံရေးလမ်းစဉ်တွင်မူ ဗိုလ်နေဝင်းက တင်းမာပြတ်သားသည်နှင့်အမျှ ဦးနုကလည်း တင်းမာသည်။ သို့သော် နူးညံ့ပျော့ပြောင်းစွာ ကိုင်တွယ်ပါသည်။

၁၉၄၇ ခု၊ ဇူလိုင်လ (၁၉) ရက်နေ့က ဦးအောင်ဆန်းတို့ ကျဆုံးပြီး နာရီအနည်းငယ်အတွင်း ဘုရင်ခံက ဖိတ်ခေါ်ကာ ဝန်ကြီးချုပ်ရာထူးကို ယူပါဟု တာဝန်ပေးသည်ကို လက်ခံခဲ့ပါသည်။ ထိုညတွင် ဖဆပလမှ ထုတ်ထားသော သခင်သန်းထွန်းနှင့် ကွန်မြူနစ်ခေါင်းဆောင်များကို သူ၏အိမ်သို့ ဖိတ်ခေါ်ကာ ဦးအောင်ဆန်းကျဆုံးသဖြင့် အရေးကြီးသောကြောင့် သွေးစည်းကာ ဖဆပလနှင့် ကွန်မြူနစ်ပါတီ ပူးပေါင်းကာ အစိုးရဖွဲ့ရန် ဆွေးနွေးအားထုတ်ပါသည်။ သခင်သန်းထွန်းက အာဏာပိုတောင်းသဖြင့် ပျက်ခဲ့ရသည်။

အခြေခံဥပဒေကြီး ရေးစဉ်က ဦးနုက လူမျိုးစုများ၏ ဆန္ဒများကို ကြည်ဖြူကာ လိုက်လျောခဲ့ပါသည်။ ကချင်ခေါင်းဆောင်များက မြစ်ကြီးနားမြို့ကို ကချင်ပြည်နယ်သို့ ပေးပါဟု တင်ပြရာ ဦးနုက ဗန်းမော်မြို့ပါ ယူသင့်သည်ဟု လိုက်လျောသဖြင့် စေတနာကို နားလည်သောကြောင့် ကယားခေါင်းဆောင်များက ပြည်နယ်ခွဲခွင့်မတောင်းတော့ဟု သိရပါသည်။

အခြေခံဥပဒေရေးဆွဲရေး မူလမ်းစဉ်ကို ဦးအောင်ဆန်းက ၁၉၄၇ ခု၊ ဇွန်လ (၁၆) ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်တွင် တင်ခဲ့ပါသည်။ ထိုညသို့ မိုင်းပွန်စော်ဘွားက ဦးနုအိမ်သို့ သွားကာ (၁၀) နှစ်ကြာကာလတွင် မကျေနပ်ပါက ရှမ်းပြည်နယ်သည် ခွဲထွက်ပိုင်ခွင့်ရှိသည်ဟု

အာမခံချက်ပုဒ်မ,မပါလျှင် ဦးအောင်ဆန်း၏အဆိုကို ထောက်ခံမှုမပြုနိုင်ဟု အကြပ်ကိုင်ပါသည်။ "ဗျာ...နိုင်ငံမှ မတည်ထောင်ရသေးဘူး ခွဲဖို့စကားပြောတာ မတော်ပါဘူး" ဦးအောင်ဆန်းက မှတ်ချက်ချပါသည်။ ဦးနုကမူ လိုက်လျောပါသည်။

"တို့တတွေက သူတို့လူမျိုးစုတွေ ကောင်းစားဖို့လည်း လုပ်ကြမှာပဲဟာ။ သူတို့အကျိုးစီးပွားကို တို့က (၁၀) နှစ် လက်တွေ့လုပ်ပြလိုက်လျှင် သူတို့တတွေ ခွဲစကားပြောမှာ မဟုတ်တော့ပါဘူး" ဟု ဦးနုက ဦးအောင်ဆန်းကို နှစ်သိမ့်ခဲ့သည် ဆိုပါသည်။

ဦးနုပြောသည့်အတိုင်း (၁၀) နှစ်လွန်သောအခါတွင် ရှမ်းခေါင်းဆောင်များက ပြည်နယ်ခွဲကြရေးကို တောင်းဆိုမှုမပြုခဲ့ပါ။ ပြည်နယ်၊ ပြည်မ ပိုမိုညီညွတ်ရေးအတွက် အခြေခံဥပဒေကြီး ပြင်ဆင်ရေးကိုသာ တောင်းဆိုခဲ့ပါသည်။ ပြည်နယ်ပြည်မ ပိုမိုညီညွတ်ပါက စစ်တပ်သြဇာမတက်နိုင်သောကြောင့် ပြင်ဆင်ရေးတောင်းဆိုချက်ကို ပြည်နယ်ခွဲရေးအဆိုသဖွယ် ဝါဒဖြန့်ကာ အာဏာသိမ်းခဲ့ပါသည်။

ဦးအောင်ဆန်းမရှိသည့်နောက်တွင် ဦးနုက ဗိုလ်နေဝင်းကို ယုံကြည်သူ၊ စေတနာကောင်းခဲ့သူဖြစ်ပါသည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းပွဲတွင် ဗိုလ်နေဝင်းပါဝင်မည်မဟုတ်ဟု ဦးနုက ယုံကြည်ပါသည်။ ဗိုလ်နေဝင်းက စေလွှတ်သဖြင့် လာရောက်ဖမ်းဆီးသော စစ်ဗိုလ်အား "ဗိုလ်နေဝင်းကိုလည်း ဖမ်းကြသလား" ဟုပင် မေးသည်ဟု သိရပါသည်။

ပြဿနာမှာ ဗုဒ္ဓဘာသာကို အလေးအနက်ယုံကြည်သော ဦးနုတွင် လူသားတို့၏ စာရိတ္တနှင့် ပတ်သက်၍ ဖြတ်သားသော ယုံကြည်ချက်ကို ခံယူထားပါသည်။ ဤလောကတွင် အရောင်များနှင့် စပ်လျဉ်း၍ အရောင်အဖျော့၊ အရောင်အရင့်၊ အရောင်မရင့်တရင့် စသည်ဖြင့် အဆင့်ဆင့်ခွဲနိုင်သည်။ အရာဝတ္ထုပစ္စည်းများတွင်လည်း ကောင်းသည်၊ နည်းနည်းကောင်းသည် စသည်ဖြင့် အဆင့်များ ခွဲ၍ရနိုင်သည်။ လူသားတဦးအဖို့မူ လူဆိုးနှင့် လူကောင်းဟု နှစ်မျိုးသာရှိသည်။ နည်းနည်းကောင်းသော လူကောင်း၊ များများကောင်းသော လူကောင်း၊ ပိုမိုကောင်းသော လူကောင်း၊ နည်းနည်းဆိုးဆိုးသော လူဆိုး၊ များများဆိုးသော လူဆိုးဟု အဆင့်ခွဲရန် မလိုဟု သူကယူဆပါသည်။ ဒီနေ့ဒီနေရာမှာ ကောင်းပြီး မနက်ဖြန် ဟိုနေရာတွင် ဆိုးသွမ်းသူဖြစ်ပါက ထိုသူသည် လူကောင်းမဟုတ်၊ လူဆိုးသာဖြစ်သည်။ လူကောင်းသည် အမြဲကောင်းသူဖြစ်ရမည်ဟု ဦးနုက ဖြတ်သားစွာ ယုံကြည်ပါသည်။ စာရေးဆရာဘဝက ဦးနုရေးသားသော နောင်တော်ချွတ်ခမ်း ဝတ္ထုတွင် ထိုခေတ်က အင်္ဂလိပ်အလိုတော်ရိ ခေါင်းဆောင်များ သူတပါးသားမယားတို့အပေါ် ဖောက်ပြန်ကြသည်ကို ပြင်းထန်စွာ ရှုတ်ချရေးသားခဲ့ပါသည်။ "သူတပါးရဲ့ သားမယားကိုမှ စိတ်မချရသူများကို အဘယ်မှ နိုင်ငံ၏ အမှုကိစ္စများကို အပ်နှင်းရန် စိတ်ချနိုင်ပါမည်နည်း" ဟု ရေးသားခဲ့ပါသည်။

ထိုကြောင့် လင်ကြီးငုတ်တုတ်ရှိသူ ဒေါ်ခင်မေသန်းအား ဗိုလ်ချုပ်ကြီးနေဝင်းက လက်ထပ်သည်ကို ဝန်ကြီးချုပ်ဦးနုက နိုင်ငံအတွက် ကြီးစွာ အရှက်ရသဖြင့် တပ်မတော်သေနာပတိရာထူးမှ ဖြုတ်ချရန် ဝန်ကြီးအဖွဲ့ အထူးအစည်းအဝေးသို့ တင်သွင်းဆုံးဖြတ်ခဲ့ပါသည်။ သာသနာရေးဝန်ကြီး ဦးဘဆွေက ဗိုလ်နေဝင်းထံသို့ သွားရောက်သတင်းပေးသဖြင့် ဗိုလ်နေဝင်းက ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ကို ဒုံးထောက်တောင်းပန်ခဲ့ပါသည်။ ဦးနုသည် သူ၏





ပေလောကသားများသည် လက်ခမောင်းခတ်မိကြသည်။ အစိုးရကို ပြည်သူတွေက ထောက်ခံမှုမရှိသဖြင့် ကြေညာရလေပြီ၊ တို့အလှည့်တော့ လာလေပြီဟု အားတက်ကြသည်။ တရုတ်ပြည်တွင် မော်စီတုန်းက ပန်းမျိုးတရာ ပွင့်ပါစေဟု လွတ်လပ်စွာ ရေးသားခွင့်ပေးသော ခေတ်ကဲ့သို့ လွတ်လပ်စွာ ဆွေးနွေးချက်များကို သတင်းစာတို့တွင် ဖတ်ရှုရသဖြင့် အားတက်မိကြပါသည်။

များမကြာမီတွင် ထောင်မှ လွတ်လာပြီး ပြည်သူပိုင်သတင်းစာများတွင် ရေးသားခွင့်ရရှိသောအခါ နိုင်ငံရေး၊ လူမှုရေးကိစ္စများ ထင်မြင်ချက်တို့ကို စာရေးသူက ပွင့်လင်းစွာ ရေးခဲ့ရာ အောင်မြင်မှုရရှိခဲ့ပါသည်။

သို့သော် သုံးနှစ်တိုင်ခံခဲ့သော အကျဉ်းသားဘဝက တင်မောင်အား ပညာပေးထားပါသည်။ ဗိုလ်ချုပ်ကြီးကို စိတ်မချပါ။ စာရေးနည်းအသစ်ထွင်ရပါသည်။ ထောက်ကွက်ရေးနည်းဖြင့် ဝေဖန်ရသည်။ ပြဿနာဘခုကို တင်ပြလျှင် ယင်းကိစ္စအပေါ်က် အစိုးရ၏ အပြုအမူသည် မှန်ကန်သဖြင့် ထောက်ခံကြောင်းနှင့် အစချီပြီးမှ အဆုံးပိုင်းတွင် ပြုပြင်ပြောင်းလဲရန် တင်ပြရပါသည်။ ဥပမာ...' နိုင်ငံတော်အစိုးရက ကျနော့်အား ဖမ်းဆီးကာ ထောင်တွင်းသွင်း၍ ချုပ်နှောင်သည်မှာ တော်လှန်ရေးကြီးဆင်နွှဲနေချိန်တွင် အဖျက်သမားများကို ဖယ်ရှားရမည်ဖြစ်ရာ အပြုဘက်သားဟန်ဆောင်သူများ ရှိနိုင်ကြသဖြင့် အုတ်အရောရော၊ ကျောက်အရောရော ဖမ်းဆီးခဲ့ရပေရာ၊ ကျနော့်ကို နိုင်ငံတော်အစိုးရက ထိန်းသိမ်းသည်မှာ မှန်ကန်သော လုပ်ဆောင်ချက်ဖြစ်သောကြောင့် ကျနော်က ထောက်ခံပါသည်' ဟု ဆောင်းပါးအစတွင် ရေးသားခဲ့ပါသည်။ "ဟေ့ကောင် ဒူးထောက်လှချည်လားကွ" ဟု ဖတ်ရှုရသူများကပါ မရိုးမရွဆဲရေးစေသည်အထိ အစိုးရကို ချီးမြှောက်ရေးခဲ့ပါသည်။

နောက်ပိုင်းတွင်မှ ထိန်းသိမ်းခံရသူတို့၏ ဘဝသရုပ်ဖော်ကာ လင်သားကို ဖမ်းထားသောကြောင့် အပြစ်မဲ့သော သားမယားများတို့ စားဝတ်နေရေးခက်ခဲကြပုံတို့ကို ဖွဲ့နွဲ့ကာ ရေးသားရပါသည်။ ထိန်းသိမ်းခံတို့မှလည်း နိုင်ငံသားများဖြစ်ကြပါသည်။ အပြစ်ကင်းမဲ့သူများပါရှိပါက သူတို့အားကြာမြင့်စွာ ချုပ်နှောင်ထားပါက ကြီးစွာ နစ်နာကြသည်ဖြစ်သောကြောင့် ထိန်းသိမ်းထားသူများကို အမြန်စစ်ဆေးစိစစ်ကာ လွှတ်သင့်သူများကို အဆောတလျင် လွှတ်ပေးသင့်ပါသည်...စသည့် မျက်ဖြေအလင်္ကာစပ်သီသကဲ့သို့ ရေးရပါသည်။

ဗိုလ်ချုပ်ကြီးက တင်မောင်၏ စာကို ဖတ်ရာမှ အမျက်တော်ပြေသွားဟန်တူပါသည်။ ရက်ပိုင်းအတွင်း ထိန်းသိမ်းထားသူ နှစ်ထောင်ကျော်ကို ထောင်မှ လွှတ်ပေးခဲ့ပါသည်။

ရသုံးခန့်မှန်းခြေ ငွေစာရင်းဘတ်ဂျတ်ဝေဖန်ချက်များ ရေးသားရာတွင် လူထုအကျိုးပြုဌာနများ သုံးစွဲငွေနည်းပါးသည်ကို စာရင်းဇယားနှင့် ပြရသည်မို့ ရဲဝံ့စွာဝေဖန်နိုင်ခဲ့ပါသည်။ ရံဖန်ရံခါတွင်မူ ခပ်ကြမ်းကြမ်း ရေးမိသည်လည်း ရှိပါသည်။ ကျွန်းဆွယ်ပွဲကျင်းပစဉ်က ပွဲကြည့်လက်မှတ်များကို စစ်ဗိုလ်မိသားစုများကိုသာ လက်သိပ်ထိုးရောင်းခဲ့လေရာ ပွဲကျင်းပသောနေ့တွင် လက်မှတ်ရုံတို့၌ ရောင်းရန်လက်မှတ်မရှိသလောက်ဖြစ်သွားပါသည်။ လက်မှတ်ဝယ်မရနိုင်သူ အရပ်သား လူထုက မကျေနပ်သဖြင့် တိုးဝှေ့ကြရာမှ အဓိကရုဏ်း ဖြစ်ပွားပါသည်။

'ဘာမဆို သူတို့ချည်းပဲ' ဟု ခေါင်းစဉ်တပ်ကာ အစိုးရဌာနများမှ အရာရှိများနှင့်

သားတော် သမီးတော်များက ပြပွဲကပွဲများတွင်ပါ ပွဲလမ်းရှိတိုင်း နေရာ အရယူကြသဖြင့် ဤသို့ ဖြစ်ပွားရသည်။ စစ်ဗိုလ်များ မတရား အခွင့်အရေး ယူကြသဖြင့် ဆူပူမှုဖြစ်ရသည်ဟု ပြင်းထန်စွာ ရေးခဲ့ပါသည်။ အဓိကရုဏ်းသည် ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ တင်မောင်၏ ဝေဖန်ချက်မှန်လွန်းသဖြင့် စစ်ဗိုလ်တဦးတယောက်မှ တုံ့ပြန်မှုမပြုပါ။ ပညာရေးဌာနရောက်နေသော ကွန်မြူနစ်ကျောင်းသားခေါင်းဆောင်တဦးကသာ 'ဒီဆောင်းပါးကြောင့် ပိုမိုဆူပူကြသည်။ ကျောင်းသားများ ထိန်းမရပါ' ဟု ဌာနအစည်းဝေးသို့ တင်ကာ ကန့်ကွက်စေကာမူ တင်မောင်၏ အထက်မှ ဝန်ကြီးက အရေးယူခြင်းမပြုခဲ့ပါ။

နောက်ပိုင်းတွင်မူ စီးပွားရေးကျဆင်းလာခြင်းကြောင့် လူထုက လှုပ်ရှားပြေလာရာမှ စာရေးသူ၏ စာမူအချို့ကို အယ်ဒီတာများက ပုံမနှိပ်မီ ဝန်ကြီးရုံးသို့ တင်ပြလာပါသည်။

ဒေါက်တာဘမော် ကွယ်လွန်စဉ်က မှတ်တမ်းဆောင်းပါးတခုကို တင်မောင်က ရေးခဲ့ပါသည်။ မိမိငယ်စဉ်က ပထမဆုံးဟစ်ခဲ့ရသော နိုင်ငံရေးကြွေးကြော်သံမှာ "ဘမော်–ဘမော်... အို့ အို့– မီးတုတ်မီးတုတ် ရှို့ရှို့"ဖြစ်ပါသည်။ နယ်ချဲ့အင်္ဂလိပ်၏ မိတ်ဆွေ၊ ဂျပန်၏ ရုပ်သေးဖြစ်စေကာ မျိုးချစ်တဦးဟု တင်မောင်က မြင်ပါသည်။ စစ်ကြီးအစတွင် သခင်အောင်ဆန်းနှင့် ပူးပေါင်းကာ ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်ကာ လွတ်လပ်ရေး အရေးဆိုခဲ့သော ချီးကျူးဖွယ် အစဉ်အလာလည်း ရှိပါသည်။

ထို့ပြင် တင်မောင်နှင့် ဆက်ဆံရာတွင် ချစ်ဖွယ်ကောင်းသော အပြုအမူကလေးများကိုလည်း တွေ့သိထားပါသည်။ ကြေးမုံဂျာနယ်တွင် ကိုယ်လုံးတီးပုံ (၄) ပုံဖော်ပြပြီး ရန်ကုန်လူကြီးလူကောင်းရပ်ကွက်မှ အမျိုးသမီးတဦးဟု ရေးသားသည်ကို ဗိုလ်ကြော်က အသရေဖျက်မှုနှင့် တရားစွဲပါသည်။ ယင်းကိစ္စအတွက် တောင်းပန်စာဖော်ပြပေးရမည်ဟု ဝတ်လုံကြီး ဒေါက်တာဘမော်က တောင်းဆိုသည်ကို တင်မောင်က ငြင်းဆိုပါသည်။

"လုပ်ပါဦး သတင်းထောက်ကြီးရယ်။ မင်းတို့မှာ ဒီလိုတောင်းပန်တာကြောင့် မွန်းပဲ့မသွားပါဘူးကွာ" ဟု သူက တင်မောင်အား သူ့အိမ်သို့ ဖိတ်ပြီး လက်ဖက်ရည်တိုက်ကာ ချော့ပါသည်။

"ဘာလို့တောင်းပန်ရမှာလဲ။ ကျနော်တို့က ဘယ်သူ့ဘယ်ဝါလို့ စွပ်စွဲတာမှ မဟုတ်ဘဲ။ ရုံးတော်သာ တင်ပါ။ ကျနော်တို့က နိုင်ရမှာပါ။ ဦးလဲ သိပါတယ်"

"ကဲပါလေ၊ ငါကမေးပါမယ်။ ငါဟာဘာလဲ"

"အဓိကရ ဝတ်လုံကြီး၊ နိုင်ငံရဲ့ ခေါင်းဆောင်ကြီးတဦးပါ"

"မင်းသတင်းစာရဲ့ရှေ့နေက ဘယ်သူလဲ"

"သိသားနဲ့ ဘာလို့ မေးရတာလဲ။ ဆရာကြီး ဒေါက်တာအေးမောင်လေ..."

"သတင်းထောက်ကြီး စဉ်းစားပါကွာ၊ မြန်မာ့နိုင်ငံမှာ ထိပ်ဆုံးမှာရှိကြတဲ့ ဝတ်လုံတော်ရကြီးနှစ်ဦးဟာ အသက်ကလည်း ကြီးရင့်လှပြီကွ။ မင့်အမေကလွှား၊ မင့်ပုံနှိပ်တဲ့ ဝတ်လစ်စလစ်ပုံကိစ္စအတွက် ဥပဒေပါရဂူကြီးနှစ်ဦးတို့ ရုံးတော်မှာ လျှောက်လဲကြမယ်ဆိုတာ အရပ်ရပ်နေပြည်တော်မှာ လူကြားလို့မှ မတော်ပါဘူးကွာ"

ဤသို့ ချစ်စဖွယ် အပြောကလေးကြောင့် ကြေးမုံက မုချနိုင်နေသော အမှုကို အရှုံး





ပေးကာ ဝန်ချတောင်းပန်ရခဲ့ရပါသည်။

ဒေါက်တာ ဘမော်ကွယ်လွန်စဉ်က သူ့အတွက် နာရေးဆောင်းပါးကို ဖွဲ့နွဲ့ရေးမိပါသည်။ ၃–ဝန်ကြီးက တင်မောင်အား ဆင့်ခေါ်ကာ ပယ်ချပါ၏။ ဦးသန့်အရေးကို အကြောင်းပြကာ ခေါင်းဆောင်ဟောင်းကြီးများ၏ အကြောင်းကို မရေးလျှင်ကောင်းသည်ဆိုပါ၏။ ဤဝန်ကြီး၊ ဤအစိုးရခေတ်တွင် စာကောင်းပေမွန်များ ရေးသားခွင့် အမြဲမရနိုင်ပါပေ။

• • • • •

# (၁၁)
# ဦးသန့်နှင့် ဗိုလ်ချုပ်ကြီးနေဝင်း

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်သည် တင်မောင်နှင့် စာပေမိတ်ဆွေဖြစ်ပါသည်။ သူထုတ်ဝေသော ဒီမိုကရေစီဂျာနယ်တွင် မိမိက ဆောင်းပါးရှင်တဦးဖြစ်ပါသည်။ တင်မောင်တည်းဖြတ်သော ဗမာ့ခေတ်သတင်းစာတွင် အစိုးရ၏ အာဘော်ကို ဝန်ကြီးချုပ် ဦးနုနှင့်အတူ 'သမိန်ဗရမ်း' ကလောင်အမည်နှင့် ဆောင်းပါးရေးသဖြင့် သူက မိမိ၏ ဆောင်းပါးရှင် ဖြစ်လာပြန်သည်။

ကြေးမုံစက်သစ်ကြီး ဝယ်ရန်ကိစ္စကို အကြောင်းပြုကာ အမေရိကန်အစိုးရက ဖိတ်သဖြင့် အမေရိကန်သို့ စာရေးသူရောက်သွားပါသည်။ တော်လှန်ရေးအစိုးရ အရှိန်တက်နေပုံများကို နှစ်ဦးသားဆွေးနွေးကြရာမှ တင်မောင်က "စစ်တပ်က သတင်းစာတွေကို ရန်ရှာနေပြီပါပြီ" ဟု ပြောကာ "သတင်းစာသမားများအဖို့ ဘေးအန္တရာယ်ထူပြောသော ဇာတိမြေကို မပြန်လိုတော့ဟု ညည်းမိပါတယ်"။ "ခင်ဗျားထောင်ထဲရောက်မှာ သေချာပါတယ်။ အတွေ့အကြုံ စုံတာပေါ့။ ခင်ဗျားမပြန်တော့ဘူးဆိုရင် ဒီမှာ နေနိုင်ဖို့ ကူညီဖို့ အသင့်ရှိပါတယ်။ ဒါပေမယ့် ပြန်စေချင်ပါတယ်။ သတင်းစာဆရာတွေဟာ ရေးရဲရင် ခံရဲသူတွေဖြစ်ရမှာပေါ့။ ကိုယ်လည်း ပြန်ဖြစ်အောင် ပြန်ခဲ့မယ်။ ဗမာသတင်းစာတစောင်ဖြစ်အောင် ထောင်မယ်" ဟု တိုက်တွန်းခဲ့ပါသည်။

အမေရိကန်မှ ပြန်လာပြီးနောက် သူတွက်သည့်အတိုင်း ထောင်ထဲရောက်ခဲ့ရပါသည်။ ရေးရဲသဖြင့် ရဲရဲကြီး ကျောကော့ပြီးခံခဲ့ရပါသည်။

ဦးသန့်ကမူ ပြန်မလာနိုင်ရှာပါ။ အမေရိကန်တွင် ကွယ်လွန်ရှာပါသည်။ ဇာတိမြေကို ချစ်မြတ်နိုးသဖြင့် မြန်မာပြည်မှာ ခေါင်းချလိုသည်ဟု ဆန္ဒရှိသဖြင့် သူ၏ ရုပ်ကလာပ်ကို ရန်ကုန်မြို့သို့ သယ်ယူလာပါသည်။ ဦးသန့်ကို လူထုကြီးတရပ်လုံးက နိုင်ငံ၏ ကျက်သရေဆောင် သားကောင်းသားမြတ်အဖြစ် ဝမ်းနည်းတသသ ကြိုဆိုကြပါသည်။

သူ့အား ကုလသမဂ္ဂအတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ကြသည်မှာ ထိုကာလက မြန်မာနိုင်ငံအစိုးရ၏ တိကျသော ကြားနေဝါဒ နိုင်ငံရေးလမ်းစဉ်ကြောင့် ဖြစ်ပါသည်။ ရာထူးတင်မြှောက်ခံရသည်နှင့် ဘုန်းစွမ်းနှင့် လူစကို ပြသနိုင်ခဲ့ပါသည်။ ဦးသန့်ကို တင်မြှောက်စဉ်က ပြင်သစ်အစိုးရက လက်မခံဘဲ ကန့်ကွက်ရာတွင် ပြင်သစ်သံအမတ်ကြီးက ဦးသန့်အား အရပ်ကလည်းပုရန်ကော၊ ပြင်သစ်စကားလဲ တတ်မြောက်သူမဟုတ်ဟု ပြောလေရာ ဦးသန့်က မဆိုင်းမတွ မိမိသည် နပိုလီယံထက် အရပ်မြင့်ပါသည်။ နပိုလီယံသည် အင်္ဂလိပ်စကား မ





တတ်ဘဲ ပြင်သစ်အင်ပါယာတည်ထောင်ခဲ့ပါသည်ဟု ဖြေကြားခဲ့သည်ကို ကမ္ဘာ့ခေါင်းဆောင်များက သြဘာပေးကြပါသည်။

အတွင်းရေးမှူးချုပ် ဦးသန့်သည် ဆယ်နှစ်တိုင် တာဝန်ထမ်းရွက်ခဲ့ရာတွင် ကမ္ဘာ့ပြဿနာအများကို ဖြေရှင်းပေးနိုင်ခဲ့ပါသည်။ ဟော်လန်ပြည်နှင့် နယူးဂီနီကိစ္စ၊ အိန္ဒိယ-ပါကစ္စတန်စစ်ပြေငြိမ်းရေးကိစ္စမှ စတင်ကာ ဗီယက်နမ်စစ်မီးငြိမ်းအေးရေးအထိ အောင်မြင်ထိရောက်စွာဆောင်ရွက်နိုင်ပါသည်။ တရုတ်နီ ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်လာသည်မှာ သူ၏ ခေတ်တွင်ဖြစ်ပါသည်။ ကျူးဘားကျွန်းတွင် ရုရှက ဒုံးပျံများ တပ်ဆင်ပေးသောကြောင့် အမေရိကန်က ရုရှသင်္ဘောမှန်သမျှကို တားဆီးရှာဖွေသဖြင့် အနုမြူကမ္ဘာစစ်ကြီး ဖြစ်လုလု ရန်ပြုကြသည်ကို၊ ဖြေရှင်းရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့သူဖြစ်ပါ၏။ ကုလသမဂ္ဂကြီး၏ ငြိမ်းချမ်းရေးဘေ့ကို ချီးမြှင့်ခံရသူဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အမှုထမ်းစဉ်က အတွင်းဝန်ဦးသန့်သည် ငြင်းခုံလေ့မရှိဘဲ သိမ်မွေ့နူးညံ့သူဖြစ်ပါသည်။ ကုလသမဂ္ဂခေါင်းဆောင်ဖြစ်လာသောအခါ မိမိမှန်ကန်သည်ယူဆပါက မကြောက်မရွံ့ မျက်နှာမရွေး ပွင့်လင်းစွာ ပြောသဖြင့် ကမ္ဘာက ပိုမိုလေးစားကြပါသည်။ ၁၉၆၁ ခုနှစ်က ရုရှသို့သွားစဉ်က ရေဒီယိုမှ မိန့်ခွန်းပေးရာတွင် အကယ်၍သာ ရုရှပြည်သူတို့သည် ကွန်ဂိုပြည်တွင် ဖြစ်ပျက်နေသည်များကို အမှန်အကန်အတိုင်း သိရှိပါက သူတို့၏ ခေါင်းဆောင်များ ချမှတ်သော လမ်းစဉ်များသည် မှားယွင်းနေပြီဟု ပြောကြပေမည်...စသည့်ဖြင့် ပြောကြပါသည်။ ရုရှအစိုးရက ထိုမိန့်ခွန်းကို ကမ္ဘာအရပ်ရပ်သို့ လွှင့်ကြားပေးသော်လည်း ရုရှပြည်တွင်း ရေဒီယိုတို့တွင် ဖြတ်တောက်ပါသည်။

၁၉၆၇ ခုနှစ်က ဗီယက်နမ်အရေးကိစ္စနှင့် ပတ်သက်၍ အမေရိကန်လူထုသည် ဗီယက်နမ်တွင် ဖြစ်ပွားနေသည့် သတင်းမှန်များကို သိရှိကြပါက သမ္မတဂျွန်ဆင် ချမှတ်လုပ်ဆောင်နေသော လမ်းစဉ်ကို ပြင်ဆင်ပါဟု တောင်းဆိုကြချေမည်ဟု ပြောခဲ့ပါသည်။

ဦးသန့်သည် မည်သူ၏ လက်ကိုင်တုတ်မှမဟုတ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးတခုတည်းကိုသာ ရှေ့ရှုသူ ကမ္ဘာ့ခေါင်းဆောင်သူ ဖြစ်လာပါသည်။ တခါက ရုရှသို့ ခရီးထွက်ရာ ခရုရှက်က လေဆိပ်သို့ လာရောက်ကြိုဆိုပါသည်။ ပြင်သစ်တွင် ဒီဂေါက ကြိုဆိုပါသည်။ တဆက်တည်း မြန်မာနိုင်ငံသို့လာသောအခါ လေဆိပ်၌ အင်္ဂလိပ်မင်းသမီးတဦးကို ပန်းကုံးစွပ်ကာ ကြိုဆိုနေသော ဦးနေဝင်းက ဦးသန့်အားမကြိုဘဲ ရာထူးနိမ့်သော အရာရှိငယ်တဦးကိုသာ ကြိုစေပါသည်။

၁၉၆၄ ခုနှစ်က ဦးနေဝင်းအမေရိကန်သို့ ခရီးထွက်စဉ်က ဝတ္တရားအရ ကုလသမဂ္ဂသို့ သွားကာ ဦးသန့်ကို ဂါရဝပြုရပါသည်။ ထိုစဉ်က ဖမ်းဆီးထားသော ဝန်ကြီးချုပ်ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ကို ကြာမြင့်စွာ ချုပ်နှောင်မထားသင့်ပါဟု ဦးသန့်က ဦးနေဝင်းအား ပြောသည်ကို ဦးနေဝင်းက မခံချင်ပါ။ သို့သော် အမေရိကန်က ပြန်လာသည်နှင့် ဦးနုတို့ကို လွှတ်ပေးခဲ့ပါသည်။

ဝန်တိုမစ္ဆေရိယစိတ်ကြီးမားသူ ဦးနေဝင်းက ဦးသန့်ကို မကြည်ပါ။ "ဒီကောင်ကြီး" ဟု ခေါ်ဆိုသည်ကို ကြားရဖူးပါသည်။ ထိုအတွင်းရေးများကို သိပြီးဖြစ်စေကာမူ တင်မောင်က

ဦးသန့်ဘွဲ့ ဆောင်းပါးရှည်တစောင်ရေးလိုက်ပါသည်။ နောက်တနေ့တွင် ပြန်ကြားရေးဌာန ဒု–ဝန်ကြီးက ဆင့်ခေါ်ပါသည်။ "ခင်ဗျားရဲ့ဆောင်းပါးကို သတင်းစာမှာ ထည့်ခွင့်မပြုနိုင်ပါ" ဟု ပြောပြီးမှ "ဒီစာမူပုံနှိပ်ရင် ကျုပ်ပါပြုတ်မှာ" ဟု ဆိုကာ အတွင်းရေးသတင်းများကို ပြောရှာပါ၏။

ရျာပနကော်မီတီက ရုပ်ကလာပ်ကို အာဇာနည်ကုန်းတနေရာတွင်ဖြစ်စေ၊ ရွှေတိဂုံခြေတော်ရင်း မိဘုရားခေါင်ကြီး၏ ဂူအနီးတွင်ဖြစ်စေ မြှုပ်နှံပါရစေဟု အစိုးရထံပန်ကြားသည်ကို ဦးနေဝင်းက စိတ်ဆိုးကြောင်းသိရပါသည်။ "ငါ့မယားတောင်မှ ကြံတောမှာ မြှုပ်ခဲ့တာ၊ ဒီကောင်ကြီးကိုလည်း ကြံတောမှာ မြှုပ်ပစေပေါ့" ဟု အမိန့်ချပါသည်။ ဦးသန့်၏ ဂုဏ်ရည်ကို နားလည်သူ ပညာရေးဌာန ဒု–ဝန်ကြီး ဦးအောင်တင်က ဦးသန့်၏ ရျာပနနေ့တွင် ဝမ်းနည်းကြောင်းနှင့် ကျောင်းပိတ်ပေးရန် ဝန်ကြီးအဖွဲ့အစည်းအဝေးတွင် အဆိုတင်သဖြင့် ထိုဒု–ဝန်ကြီးကို ချက်ချင်းရာထူးမှ ဖြုတ်ချလိုက်ပါသည်။

ဦးသန့်၏ ရျာပနသို့ နိုင်ငံတော်အစိုးရက လွမ်းသူ့ပန်းခွေမပို့ပါ။ အမည်မဖော်လိုသော အစိုးရဝန်ထမ်း (၁၇) ဦး၏ လွမ်းသူ့ပန်းခွေဟု ဆန်းကြယ်သော ပန်းခွေတခုကို တွေ့ရပါသည်။ မူလတန်းကျောင်းတကျောင်းကလည်း ကျောင်းအမည်နှင့် လွမ်းသူ့ပန်းခွေပို့လေရာ စစ်ထောက်များက တရားခံများအဖြစ် လိုက်လံစုံစမ်းပါသည်။ ရာထူးမှ ဖြုတ်ရသူ ဒု–ဝန်ကြီးဦးအောင်တင်က သူ၏ အမည်ရေးထိုးထားသော လွမ်းသူ့ပန်းခွေပို့ပါသည်။ သူ၏ သတ္တိကို ချီးကျူးရပါမည်။

ဒု–ဝန်ကြီးက တင်မောင်အား တိုးတိုးပြောသကဲ့သို့ အခြားဝန်ကြီးများကလည်း ပြောကြဟန်တူပါသည်။ ဦးနေဝင်းက ဦးသန့်အား သူ၏ မယားနှင့် နှိုင်းယှဉ်သည်ကို လူထုကြီးက သိရှိကြပြီး ဒေါသူပုန်ထပါတော့သည်။

ဦးနေဝင်းအမိန့်အရ ဦးသန့်၏ ရုပ်ကလာပ်ကို ကြံတောသချိုင်းသို့ ပို့ဆောင်သဂြိုဟ်ရာတွင် အစိုးရက စစ်ထရပ်ကား (၁၅၀) လွှတ်ပါးပါသည်။ စစ်ထောက်များက ရျာပနကို ထိန်းရန် စီစဉ်သည်ဖြစ်ပါသည်။ မရပါ။ ကျောင်းသားများနှင့် သံဃာများက ခေါင်းကို လုကြကာ ရန်ကုန်တက္ကသိုလ်သို့ သယ်သွားကြပါသည်။ ရျာပနအခမ်းအနားသစ်ကို ဒီမိုကရေစီနိုင်ငံရေး တရားပွဲများနှင့် ကျင်းပရာ လူထုကြီးက တက္ကသိုလ်ပရဝုဏ်သို့ ကျိတ်ကျိတ်တိုးစည်ကားကာ တက်ကြပါ၏။

လေးရက်မျှ တရားပွဲများ ကျင်းပသောအခါ ဦးနေဝင်းသည် လူထုကြီးအား အရှုံးပေးရပါသည်။ မူလက ရျာပနကော်မီတီပန်ကြားသည့်အတိုင်း ရွှေတိဂုံစေတီတော်၏ ခြေတော်ရင်းမှာ မြှုပ်နှံခွင့်ပေးပါမည်။ ခေါင်းလုသူများကို အရေးမယူပါဟု ကြေညာပါသည်။ ကျောင်းသားများက လက်မခံပါ။ ဦးနေဝင်း ဗုံးခွဲဖျက်ဆီးထားသော သမဂ္ဂမြေကွက်တွင် ဦးသန့်ဗိမာန်ကို တည်ဆောက်ကြပါသည်။

အစိုးရကို မကျေနပ်သည်မှာ ကြာပြီဖြစ်သည်ကို လူထုကြီးက သိသာထင်ရှားစွာ ဆန္ဒပြကြပါသည်။ တမြို့လုံးတရားပွဲသွားခြင်း၊ ထမင်းထုပ်ပို့ခြင်း၊ ရန်ပုံငွေလှူခြင်းတို့သာ လုပ်ဆောင်နေကြပါသည်။ အစိုးရရုံးများပင် ခြောက်ကပ်သွားပါသည်။ ထိုအချိန်က သတ္တိကောင်း





သူ နိုင်ငံရေးခေါင်းဆောင် အနည်းငယ်မျှသာရှိပါက ဤအရေးအခင်းနှင့် နေဝင်းအစိုးရကို ဖြုတ်ချနိုင်ဖွယ်ရှိသည်အထိ အင်အားကြီးပါသည်။ ဆယ်ရက်မြောက်သောနေ့တွင်မှ နယ်များမှ ခေါ်ယူလာသော ကြီးမားသည့် စစ်တပ်ကြီးဖြင့် တက္ကသိုလ်ဝင်းကို သိမ်းကာ၊ ဦးသန့်၏ ခေါင်းကို ဖော်ကာ ရွှေတိဂုံခြေရင်းတွင် ဂူသွင်းကြပါသည်။ အဓိကရုဏ်းများ ဆက်လက်ဖြစ်ပွားသဖြင့် လူ (၇၀၀၀) ကျော်ဖမ်းရပါသည်။ မန္တလေးတွင် လူ (၄၅၀) ဖမ်းရပါသည်။

ဦးနေဝင်းပေးလျော်ရသော တန်ဖိုးမှာ ကြီးမားလှပါသည်။ သူ့ရဲကောင်းကြီးကို ဝန်တိုဒေါသဖြင့် မတန်မရာ မိမိဇနီးနှင့် နှိုင်းယှဉ်မှု ပြုမိသည့်သတင်းသည် ကမ္ဘာ့သတင်းစာများတွင် ပါရှိခဲ့သဖြင့် စောစောက သူ့ကို အထင်ကြီးမိသူများပင် နှာခေါင်းရှုံ့ကြပါတော့သည်။

• • • • •

## (၅၆)

## ထွက်တော်မူ နန်းကဒ္ဒါတယ်

မြန်ကြားရေးဝန်ကြီးဌာနတွင် လုပ်သက် (၉) နှစ်ကျော် (၁၀) နှစ်ပြည့်လုလုတွင် ရပ်တန်းက ရပ်သင့်ပြီဟု တင်မောင်ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ဆရာတက်တိုးအား တိုင်ပင်သောအခါတွင် "(၃) လလောက်ဆိုလျှင် (၁၀) နှစ်ပြည့်မှာမို့ ပင်စင်ရမယ်ကွ၊ (၃) လပဲ အောင့်အီးထားပါကွာ" ဟု ဆိုရှာပါ၏။ ခက်သည်မှာ နောက်ထပ် (၃) လ မဆိုထားဘိ နောက် (၃) ရက်ပင် မနေလိုတော့ပါ။ လုပ်သက် (၁၀) နှစ်ပြည့်ရန် (၁) အလိုတွင် ထွက်စာတင်လိုက်ပါ၏။

တိုင်ပင်ရမည့်သူများကို တိုင်ပင်သောအခါ ဆရာဦးအုန်းခင်၊ ဦးညိုမြနှင့် မြသန်းတင့်တို့က တင်မောင်တယောက် မြန်မာနိုင်ငံတွင် ရှိနေသဖြင့် အကျိုးမရှိဟု သုံးသပ်ကာ အမြန်ဆုံးထွက်ရန် တိုက်တွန်းကြပါသည်။ ထောင်တွင်းရှိ သခင်စိုးကပင် တင်မောင်အား နိုင်ငံခြားသို့သွားကာ စာရေးသင့်သည်ဟု ဗျာဒိတ်ပေးပါသည်။

လမ်းစကလည်း ပေါ်နေပါသည်။ တော်လှန်ရေးအစိုးရ တက်လာချိန်မှစတင်ကာ အိန္ဒိယတိုင်းရင်းသားအများနှင့် အင်္ဂလိပ်သွေးပါသူများတို့ မြန်မာနိုင်ငံကို စွန့်ခွာပြေးကြစဉ်က 'အပြီးပြန်များ' ဟု ဝေါဟာရအသစ်ဖြင့် ခွင့်ပြုခဲ့ရာတွင် သူတို့ပိုင်အိမ်ခန်းများကို သိမ်းယူခဲ့ပါသည်။ မြန်မာအစစ်များကိုမူ နိုင်ငံကူးလက်မှတ်လျှောက်ထားသည်နှင့် တပြိုင်နက် သစ္စာဖောက်ဟု တံဆိပ်တပ်ကာ မှုထမ်းရာထမ်းဖြစ်ပါက အလုပ်မှဖြုတ်လေ့ရှိပါသည်။ နိုင်ငံကူးလက်မှတ် ရရှိရန် ခက်ခဲလှပါသည်။

ပြည်ပသို့ရောက်နေသော မြန်မာများသာမက မြန်မာပြည်တွင် ဖွားမြင်သူ မှန်သမျှကို ပြည်တွင်းသို့ အလည်လာရန် ဗီဇာမပေးဘဲ ပိတ်ထားခဲ့ပါသည်။ သံရုံးသို့ လာရောက်ကာ ဗီဇာလျှောက်သူမှန်သမျှကို မြန်မာနိုင်ငံတွင် မွေးဖွားသူ ဖြစ်ပါက မည်သူ့ကိုမှ ပြည်ဝင်ခွင့်ဗီဇာ ထုတ်မပေးရဟု ဦးနေဝင်းက အမိန့်ချထားပါသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဧဝရက် တောင်ထိပ်ကို တက်ခဲ့နိုင်သူ ကမ္ဘာကျော် သူရဲကောင်းကြီး ဆာဟီလာရီက အာရှခရီးစဉ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်ရန် စီစဉ်သောအခါ မြန်မာနိုင်ငံတွင် မွေးဖွားသူဖြစ်သဖြင့် လာရောက်ခွင့်မပြုနိုင်ဟု ပြည်ဝင်ခွင့်ဗီဇာမပေးခဲ့ပါ။

ယင်းကဲ့သို့ တင်းကျပ်စွာ ရွှေတံခါးကြီးကို လုံခြုံစွာ ပိတ်ထားခဲ့ရာမှ ဇာတ်ကွက်ပြောင်းသွားပြန်ပါသည်။ ဦးနေဝင်းက ဥရောပသို့ ဗိမ်ခံခရီးထွက်ရာမှ ပြည်မှ ထွက်နေသူ ဒေါ်ရတနာနတ်မယ်တို့ တွေ့ကြပြီး ချစ်ကြိုက်မိသည် ဆိုပါသည်။ သူထုတ်ခဲ့သော လူဝင်မှုဥပဒေများကို ချိုးဖောက်ကာ ဒေါ်ရတနာနတ်မယ်ကို အပါခေါ်ကာ နိုင်ငံတွင်းသို့ ပြန်ခေါ်လာပြီး လက်ဆက်



ခဲ့ပါသည်။

ဦးနေဝင်းက မိမိရေးထားသော ဗီဇာပိတ်ဥပဒေကို ဖျက်မိရာမှ မိမိကိုယ်တိုင် လက်နှင့်ရေးထားသည်ကို မိမိ၏ခြေထောက်နှင့် ဖျက်မိသည်ကို ရှက်တော်မူဟန် တူပါသည်။ မြန်မာပြည်ဖွားများ ပြည်မှ ထွက်ခွင့်၊ ဝင်ခွင့် စည်းကမ်းကို လျှော့ပေးပါသည်။ မြန်မာပြည်ဖွားများဝင်ရောက်ခွင့်ပြုရာမှ ပြည်မှ ထွက်လိုသူများအား နိုင်ငံကူးလက်မှတ်များ ဖွင့်ပေးနေသဖြင့် ပြည်မှ ထွက်လိုသူများအဖို့ အခါတော်ကျနေပါသည်။

အမေရိကန်ပြည် တောမြို့ကလေးတမြို့မှ မိတ်ဆွေသတင်းစာဆရာတဦးအား မိမိလာခဲ့တော့မည်ဟု အကြောင်းကြားပြီးနောက် ဗိုလ်ချုပ်စန်းယုထံ သွားရောက်တွေ့ဆုံကာ အမေရိကန်သို့ သွားလိုကြောင်း တင်ပြရာ "သွားပါလေ။ ဟိုကျတော့ ကျုပ်တို့ ဗမာနိုင်ငံကောင်းကြောင်းတွေ ရေးပါလေ" ဟု ရွှောရွှောရှူရှူ သဘောတူခဲ့ပါသည်။ တဆက်တည်း အမေရိကန်သံအမတ်ကို တွေ့ဆုံကာ ဗီဇာတောင်းပါသည်။ သံအမတ်ကြီးက ဆရာလှသမိန်ထံ မြန်မာစာ သင်ကြားနေရာ တင်မောင်ရေးသားသော သတင်းစာဆရာဝတ္ထုကို ကျောင်းသုံးစာအုပ်အဖြစ် သင်ကြားနေသူဖြစ်သဖြင့် စိတ်ချဟု အဖြေပေးပါသည်။ နိုင်ငံကူးလက်မှတ်မှာ (၁၃) ရက်အတွင်း ကျလာပြီး ရက် (၂၀) အတွင်း ဗီဇာရရှိပါသည်။ မဆိုင်းမတွထွက်ခဲ့ပါသည်။

ယခုကဲ့သို့ အလျှင်အမြန် ထွက်ခဲ့သည်မှာ အကယ်၍ မထွက်ပါလျှင် တင်မောင်ကြောက်လှသော အင်းစိန်ထောင်ကြီးသို့ ပြန်သွားရမည့် နိမိတ်လက္ခဏာများကို မြင်တွေ့ရသဖြင့် ဖြစ်ပါ၏။ မိမိအဖို့ အထက်လူကြီးများဖြစ်သော မြန်ကြားရေးဝန်ကြီး၊ ဒု-ဝန်ကြီးတို့နှင့် ပြဿနာမရှိပါ။ မြန်ကြားရေးဌာနတွင် စစ်ဗိုလ်များ၊ ကွန်မြူနစ်လူထွက်များနှင့် ကျောင်းဟောင်းများဟု ခေါ်ဝေါ်ကြသော သမရိုးကျ စာနယ်ဇင်းလောကသားများဟု သုံးစုရှိပါသည်။ ဝန်ကြီးများအပါအဝင် စစ်ဗိုလ်များက တင်မောင်အား ဗိုလ်ချုပ်ကြီးက ခန့်ထားသူအဖြစ် လက်များနှင့် မတို့ကြပါ။ ဌာနအတွင်းသို့ ဝင်ရောက်အခြေချချိန်မှ စတင်ကာ ကွန်မြူနစ်လူထွက်များက တိုက်ခဲ့ကြရာတွင် နောက်ပိုင်းတွင် ရဲဘော်ရဲဘက် စာနယ်ဇင်းလောကသားတို့ကပါ တိုက်ခိုက်လာကြပါသည်။

နိုင်ငံခြားသို့ သွားခွင့်များများ ရရှိခဲ့ခြင်း၊ သံရုံးများနှင့် ဝင်ထွက်သွားလာနိုင်ခြင်း စသည့်အခွင့်အရေးများအပြင် အယ်ဒီတာအဖွဲ့၏ အတွင်းရေးမှူးရာထူးသည် ထိုခေတ်က မြန်ကြားရေးဝန်ကြီးဌာနတွင် အကောင်းဆုံးရာထူးဖြစ်သဖြင့် ပလွှင်လုလိုသူ များပါသည်။

တင်မောင်၏ နေရာကို ရရှိရန်မှာ တင်မောင်အား အင်းစိန်ထောင်သို့ ပို့နိုင်မှသာ အောင်နိုင်မည်ဖြစ်သောကြောင့် စစ်အစိုးရခေတ်တွင် အထက်ဆုံးလက်နက်ဖြစ်သော ပစ်စာ လက်နက်ကို သုံးနေကြသည်ကို သိရပါသည်။ မိမိသည် ဆောင်းပါးများရေးရာတွင် မိမိ၏ ယူဆချက်အမှန်ကို ရေးသည်မှတပါး ဌာနဆိုင်ရာ တာဝန်ကို 'ကျေပွန်စွာထမ်းဆောင်သည်ကို ဝန်ကြီးများက သိကြသဖြင့် တိုင်စာများကို တင်မောင်အား ပြသကာ ဖြေရှင်းခွင့်ပေးကြပါသည်။ ယိုးစွပ်ချက်များကို ဖြေရှင်းပြနိုင်သဖြင့် ခေါင်းနှင့်ကိုယ် ဖြဲခဲ့ရပါသည်။

ဦးသန့်ရုပ်အလောင်း အရေးအခင်း ဆူပူကြစဉ်က ဆရာတင်မောင်၊ ဆရာတက်တိုးတို့က လူထုကို ထိန်းသိမ်းသော ဆောင်းပါးများ မရေးပါဟု ဝန်ကြီးများနှင့် အယ်ဒီတာချုပ်အစည်းအ

ဝေးတွင် ဗိုလ်တထောင် အယ်ဒီတာချုပ် ကွန်မြူနစ်လူထွက် ဦးထိန်လင်းက လက်ညှိုးထိုးကာ တင်ပြပါသည်။ သူသည် လမ်းစဉ်ပါတီ ဗဟိုကော်မတီဝင်လည်းဖြစ်သဖြင့် ပါတီ၏ သြဇာပါရှိပါသည်။ သူ၏ ဖွဲ့ချက်သည် အန္တရာယ်ကြီးလှပါသည်။

"ဝန်ကြီးများခင်ဗျား၊ လက်နက်ချကွန်မြူနစ်ကြီးက အခွင့်ကြုံသဖြင့် ချောက်တွန်းသည် ဖြစ်ပါတယ်" ဟု မဆိုင်းမတွ ပြန်ကာ ရှင်းရပါသည်။ ဗိုလ်တထောင်တွင် ကွန်မြူနစ်ထွက်များ စာမူပို့က ချက်ချင်းပုံနှိပ်စေကာမူ တင်မောင်တို့ ကျောင်းဟောင်းများ၏ စာမူကို (၄) ရက်ကြာမှ ပုံနှိပ်သဖြင့် လတ်တလောအရေးအခင်းများ ရေးရန် ခက်ခဲကြောင်းမှ စတင်ကာ ရွှေတိဂုံစေတီတော်တွင် ညတညဉ့် လျှို့ဝှက်စည်းဝေးကြ၍ အစိုးရဌာနများသို့ ရောက်လာကြသော ကွန်မြူနစ်လက်နက်ချများက ဌာနရှိ လူဟောင်းများကို ဖြိုကာ လက်နက်ချများ ပိုမိုနေရာရရှိရေးကို ဆောင်ရွက်ကြရမည်၊ အစိုးရစက်ယန္တရား အချက်အချာများကို ရကြမှ စစ်ဗိုလ်များကို ဖြိုရန် ဆုံးဖြတ်ကြောင်းကိုပါ အတိအလင်းချေပမှ လက်နက်ချအားလုံးတို့ပါ ငြိမ်သက်သွားပါသည်။

တဖန် ကျောင်းဟောင်းသတင်းစာလောကသား ဘဝတူဖြစ်သူ ဝေါ်ဖော်ဝေါ်ဖက် ဆရာသာဂဒိုးက ဖွဲ့ချက်တင်ပြန်ပါသည်။ ၁၉၇၅ ခုနှစ်က သမိုင်းချည်စက် အလုပ်သမားများ ဆန္ဒပြသဖြင့် ဆူပူမှုများ ဖြစ်ပေါ်ရာတွင် တင်မောင်ရေးသားထုတ်ပြန်သော ပြန်ကြားရေးဝန်ကြီးဌာန၏ ကြေညာချက်က နှိုးဆွသောကြောင့် ပိုမိုဆူပူကြသည်ဟု သူကပြောပါသည်။ ဖွဲ့ချက်မှာ အရေးကြီးလှပါသည်။ နိုင်ငံတော်ကို သစ္စာဖောက်မှုဖြစ်ပါသည်။ မှန်ကန်ပါက တင်မောင်အား ထောင်သို့ပြန်ပို့ရန်သာ ရှိပါသည်။ သူမသိသည်မှာ ယင်းကြေညာချက်ကို တင်မောင်ရေးသည်မှာ မှန်ကန်စေကာမူ သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီး၏ မှတ်မိန့်ကို မှတ်တိုက်ရေးရသည်ဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးကိုပါ ဖတ်ပြပြီးမှ ဝန်ကြီးနှစ်ဦးတို့၏ အတည်ပြုချက်နှင့် ထုတ်ပြန်သည်ဖြစ်သဖြင့် တင်မောင်၏ အာဘော်မဟုတ်သောကြောင့် ခေါင်းမပြုတ်ခဲ့ရပါ။

အရေးထဲတွင် ဝန်ကြီးချုပ်ဟောင်း ဦးနုက ထိုင်းနယ်စပ်တွင် တပ်ဖွဲ့ပြီး သူပုန်ထပြန်ရာ သူက လွှတ်လိုက်သော ဆက်သားကြီး ကိုထွေးမြင့်ကို စစ်စုံထောက်များက ဖမ်းမိသောအခါတွင် ဦးနုက တင်မောင်နှင့် ဆက်သွယ်လှုပ်ရှားရန် ညွှန်သော စာရွက်စာတမ်းများကိုပါ ဖမ်းမိခဲ့ပါသည်။ တင်မောင်အား ဆက်ရန် လျှို့ဝှက်သင်္ကေတ …၁ နှင့် ဆက်သွယ်ရမည်… စသည်ဖြင့် အသေးစိတ်မိပါသည်။ ဦးနုထံသို့ သတင်းစာမှ စာပြန်ရေးလိုက်ပါသည်။ "ဦးခင်ဗျား၊ ကျနော့်ကို ပါလီမန်ဒီမိုကရေစီပါတီ သူပုန်တပ်စာရင်းမှ ထုတ်လိုက်ပါ။ အစိုးရကို တိုက်ရန်ရှိပါက ကျနော့်နည်း၊ ကျနော်၏မူနှင့် တိုက်ပါမည်" ဟု ရေးသားရပါ၏။ 'မဆလအစိုးရကို မတိုက်'ဟု မရေးခဲ့ပါ။

ထို့ကြောင့် တင်မောင်၏ ဘဝအခြေအနေမှာ စစ်မြေပြင်တွင် ရောက်နေသူကဲ့သို့ ဖြစ်နေပါသည်။ ကျည်ဆံများသည် အရှေ့ဘက်မှသာမက နောက်မှလည်း လာပါသည်။ ဘေးနှစ်ဘက်မှလည်း လာပါသည်။ ထောင်နှုတ်ခမ်း လမ်းလျှောက်နေရသော ဘဝမှ လွတ်မြောက်အောင် ပြေးခဲ့ပါသည်။





ပြည်မှ ထွက်ရန် စီစဉ်နေချိန်တွင် စာပေနှီးနှောဖလှယ်ပွဲနှင့် ကြုံကြိုက်သဖြင့် စာတမ်းတင်ရာတွင် ပြန်ကြားရေးဝန်ကြီး ဦးလွင်သည် ရှေ့ဆုံးမှ ထိုင်နေပါသည်။ စစ်စုံထောက်ချုပ်ကြီးဖြစ်ခဲ့သဖြင့် သတင်းစာလုပ်သက်တလျှောက်လုံး သူ့ကို ကြောက်ခဲ့ရသူဖြစ်ပါသည်။ သူ၏ မျက်နှာကို စူးစိုက်ကြည့်ကာ လက်ညှိုးထိုး၍ ဦးကုလားရာဇဝင်တွင် ပုဂံခေတ်က နောင်တော်ကို လုပ်ကြံကာ နန်းတက်သူ ကုလားကျမင်းအား ပုံတကူမထေရ်ကြီးက "ဟယ်…မင်းဆိုးမင်းညစ်၊ နင်ကား သံသရာဝယ် ခံရအံ့သော မကောင်းမှုကို မကြောက်၊ ဤစည်းစိမ်ကို ရလျှင် နင်၏ ကိုယ်ခန္ဓာသည် မအိုမသေပြီမှတ်သည်လော။ လောကတွင် နင့်ထက် ပျက်သောမင်းမရှိ၊ မင်းဆိုးမင်းညစ်အောက်တွင် ငါမနေပြီ"ဟု လက်ညှိုးငေါက်ငေါက်ထိုးကာ သီဟိုဠ်ပြည်သို့ ထွက်သွားကြောင်း ဌာန်ကရိုဏ်းကျကျ ဖတ်ရှုခဲ့ရသည့် အရသာမှာ ကြီးမားလှပါ၏။

• • • • •

## (၅၇)

## နိုင်ငံမရှိသော ဒုက္ခသည်တယောက်

ဇာတိမြေမှထွက်လာခဲ့က (၃) နှစ်ခန့်ကြာလျှင် ပြည်တော်ပြန်နိုင်လေမည်ဟု မျှော်လင့်ခဲ့ပါသည်။ "ကျူးပတ်လည်ပြ မြို့ရိုးတွေနဲ့ ပြအိုးပါ တဆယ့်နှစ် တံခါးပါနော်၊ မမြင်ရအတန်ကြာမှာမို့ ပြန်ကာရှုစား" ဟူသော တေးကို ညည်းဆိုရင်း ၁၉၇၇ ခုနှစ်၊ ဇူလိုင်လက ပြည်မှ ထွက်လာခဲ့ပါသည်။

"တို့နိုင်ငံကို ဝင်ကြည့်စမ်းပါ" ဟု သံအမတ်ကြီးက ဖိတ်သဖြင့် ယူဂိုဆလပ်နိုင်ငံသို့ ဝင်ရောက်ရန် ဘီလပ်တွင် ခေတ္တနားရန်စီစဉ်ခဲ့သော်လည်း မဝင်နိုင်ပါ။ နိုင်ငံကူးလက်မှတ်ထုတ်ပေးရာတွင် အမေရိကန်သို့ အရှေ့ဘက်လမ်းမှသာ သွားရမည်။ အခြားနိုင်ငံများသို့ ဝင်ခွင့်မပြုဟု ရေးထားပါသည်။ ပြည်မှထွက်ခဲ့ရာတွင်ပင် နှောင်ကြိုးများမလွတ်ရသေးပါ။ အကြောင်းမရှိအကြောင်းရှာကာ စည်းကမ်းတင်းထားသည့် ချုပ်ချယ်မှုကလေးကို ဂံသိကအောက် 'ခံ'ရပါသေးသည်။

ဦးနေဝင်း ချမှတ်သော ချုပ်ချယ်မှုဖြစ်ပါသည်။ ၁၉၆၂ ခုနှစ်က ဒေါ်ခင်မေသန်း၏ မောင် ဦးကျော်ဂျီဘသန်းသည် ဂျာမနီနိုင်ငံသို့ ခရီးထွက်ရာမှ အမေရိကန်သို့ ခရီးဆက်လိုသောကြောင့် ဘွန်းမြို့၊ မြန်မာသံရုံးတွင် လျှောက်ထားရာ နိုင်ငံကူးလက်မှတ်တွင် အမေရိကန်နိုင်ငံသို့ သွားရောက်ခွင့်ရှိသည်ဟု ဖြည့်စွက်ပေးခဲ့ပါသည်။ ရွှေယောက်ဖကို စိတ်ဆိုးရာမှ နိုင်ငံခြားသို့ သွားသူများ နိုင်ငံတခုမှ အခြားနိုင်ငံတခုသို့ ကူးခွင့်ပိတ်စေဟု အမိန့်ထုတ်ခဲ့ပါသည်။

အမေရိကန်သို့ တိုက်ရိုက်သွားရမည်ဟု အမိန့်ရှိစေကာမူ လေယာဉ်အဆင်မပြေသဖြင့် ထိုင်းနှင့် ဟောင်ကောင်သို့ ဝင်ရောက်နားရပါသည်။ မိသားစုလေးဦးတို့ ခရီးထွက်ခဲ့ရာ၌ ကျပ်ငွေလေးရာနှင့် ညီမျှသော နိုင်ငံခြားငွေကိုသာ ယူဆောင်ခွင့်ပြုလေရာ ထိုငွေမှာ ထိုင်းလေဆိပ်တွင် ပေးရသော ကုလိခနှင့် ကုန်သွားပါ၏။ သတင်းစာလောကသားတို့သည် ဝံသာနုရက္ခိတတရားရှိကြပါသည်။ မြန်မာနိုင်ငံတွင်းသို့ ရောက်လာပြီးမှ ငွေပြတ်သွားသဖြင့် တင်မောင်က ငွေချေးလိုက်ရသော သတင်းထောက်မျုး ရှိခဲ့ပါသည်။ ယခုမိမိတွင် အရေးကြုံသောအခါ၌ အမေရိကန်၊ ဂျပန်၊ ထိုင်းသတင်းထောက်စသည်တို့က ကူညီကြသဖြင့် အခက်အခဲ မရှိခဲ့ပါ။

အမေရိကန်ပြည်၊ မစ်ဇူရီပြည်နယ်၊ ဝါရှင်တန်မြို့ကလေးသို့ ရောက်သွားသောအခါတွင်လည်း သတင်းစာအယ်ဒီတာပိုင်ရှင်က နေထိုင်ရန်အိမ်ခန်း အသင့် ငှားထားကာ ကြိုဆိုပါ





သည်။ သူရန်ကုန်သို့လာရောက်စဉ်က မိတ်ဆွေဖြစ်ခဲ့ကာ အမေရိကန်သွားတိုင်း သူ၏ အိမ်သို့ ဝင်ရောက်တည်းခိုခဲ့ပါသည်။ စာရေးသဖြင့် ထောင်ကျရသောအဖြစ်ကို သူကစိတ်မကောင်းပါ။ ထောင်မှ ထွက်စကာလက "မင်းတို့နိုင်ငံမှာ သတင်းစာအလုပ်ကို လုပ်ရတာက မလွယ်ပါလားကွာ" ဟု ပြောကာ အရေးကြုံက သူ့ထံသို့ ပြေးခဲ့ပါဟု ဖိတ်ခေါ်ထားခဲ့သည့်အတိုင်း သူ့ထံသို့လာခဲ့ရာတွင် လိုလေသေးမရှိ ကူညီပါသည်။ သူ၏ သတင်းစာတွင် ဆောင်းပါးရေးခွင့်ပြုပါသည်။ နိုင်ငံရေးမပါသော မြန်မာ့ယဉ်ကျေးမှုအကြောင်းများကို စတင်ရေးခဲ့ပါသည်။

သတင်းစာမှာ တောမြို့ငယ်တွင် အခြေစိုက်ကာ ရွာနီးချုပ်စပ်သို့ ရောင်းရသဖြင့် စောင်ရေမများပါ။ သတင်းစာတွင် ဆောင်းပါးရေးရာ၌ ကော်လံကြေးများများ မပေးနိုင်ပါ။ မိသားစုလေးဦးတွင် သားကြီးက ကောလိပ်ကျောင်း၌ ဝင်ခွင့်ရသောအခါ စားစရိတ်က ကြီးမားလာစေကာမူ မိတ်ဆွေက လိုသမျှကူညီရှာပါသည်။ မိမိကလည်း စာရေးခြင်းအငှာပ်တွင် ဓာတ်ပုံဘလောက်လုပ်ငန်းကိုပါ လုပ်ကိုင်မှ ကရုဏာနှင့် ကူညီသော ငွေကို မလိုတော့ဘဲ မိမိခြေထောက်ပေါ်တွင် မိမိရပ်တည်နိုင်ခဲ့ပါသည်။ ဘဝတလျှောက်လုံး စာရေးခြင်း၊ စာဖတ်ခြင်း၊ သတင်းထောက်လှမ်းခြင်းကိုသာ လုပ်ကိုင်ခဲ့သူဖြစ်သဖြင့် ယခုလက်ကြောတင်းအောင် လုပ်ကိုင်ရသောအခါ ပင်ပန်းလှပါ၏။ မည်သူကိုမှ မကြောက်ရသော စိတ်ချမ်းသာမှုက ကြီးမားသောကြောင့် မောသည်ပန်းသည်မရှိခဲ့ပါ။

ထိုအတောအတွင်း အမေရိကန်တက္ကသိုလ်များမှ မြန်မာမှုသိသင်အဖွဲ့နှင့် အဆက်အသွယ်ရကာ နီးနှောဖလှယ်ပွဲများ တက်ခွင့်ရရှိခဲ့ပါသည်။ တခေတ်က ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့ အမေရိကန်သို့လာကာ မြန်မာစာသင်တန်းများ ဖွင့်ခဲ့ပါသည်။ ထိုစဉ်က ကျောင်းသုံးစာအုပ်ဖြင့် ရှမဝမှ တင်မောင်၏ ဝတ္ထုများ၊ ပြဇာတ်များကို ရွေးခဲ့ပါသည်။ 'အရပ်သားသုံးဝေါဟာရများ ကြွယ်ဝသဖြင့်ရွေးခဲ့သည်' ဟု ဆရာကြီးများက ပြောပါသည်။ စာရေးသူ၏ ဝတ္ထုများကို ဖတ်ကာ မြန်မာစာတတ်လာသော အမေရိကန်ပညာရှင်များက မြန်မာစာပေစာတမ်းများ တင်သွင်းရန် တိုက်တွန်းကြသောကြောင့် မြန်မာစာပေရေးရာ စာတမ်းများ တင်ခဲ့ပါသည်။ နေရှင်းဦးလောရုံကလည်း မိန့်ခွန်းများ ပေးလေ့ရှိပါသည်။ "ဒီအဖွဲ့ဝင်တွေအားလုံးက ဒေါက်တာဘွဲ့ရထားတဲ့ ပညာရှင်တွေဗျ၊ တက္ကသိုလ်ဘွဲ့မရှိတာ ကျုပ်တို့နှစ်ယောက်ပဲ ပါတယ်" ဟု ဦးလောရုံကပြောကာ ရယ်မောလေ့ရှိပါသည်။

စာပေကိစ္စကို ဆွေးနွေးသောအခါတွင် မြန်မာနိုင်ငံ၌ လွတ်လပ်စွာ ရေးသားခွင့်မရှိသော ဖိနှိပ်မှုများကို ဖော်ပြရပါတော့သည်။ 'အကြောင်းအရာတရပ်သည် မှန်ကန်ငြားသော အကြောင်းဖြစ်စေကာမူ အခြေအနေနှင့် မကိုက်ညီက ရေးသားပုံနှိပ်ခြင်းမပြုရ' ဟု စာပေစိစစ်ရေးအဖွဲ့၏ ကြေညာချက်အမိန့်ကို ချန်လှပ်ထားရန်မသင့်သဖြင့် ပွင့်လင်းစွာ တင်ပြခဲ့ပါ၏။ ယင်းနီးနှောပွဲများမှ စာတမ်းများသည် မြန်မာနိုင်ငံသို့ ရောက်လေမည်မဟုတ်ဟု ယူဆကာ မြန်မာ့နိုင်ငံရေးအခြေအနေကို ပွင့်လင်းစွာ ဝေဖန်ဆွေးနွေးသောအခါ တချို့က လက်မခံကြပါ။ အထူးသဖြင့် အမေရိကန်နိုင်ငံခြားရေးဌာနမှ တက်လာသူများက တင်မောင်၏ ဝေဖန်ချက်များကို ချေပဆွေးနွေးလေ့ရှိပါသည်။ ထိုကာလက စစ်အေးတိုက်ပွဲကြီး ဆင်နွှဲနေသော ခေတ်ဖြစ်လေရာ အမေရိကန်အစိုးရက ကွန်မြူနစ်ကို ဆန့်ကျင်တိုက်ခိုက်သူ ဦးနေဝင်းအား မဟာမိတ်ကြီးအဖြစ်

လိုလားမြှောက်စားနေသောကြောင့် သူ့ကို ဆန့်ကျင်သောအယူအဆကို လက်မခံကြပါ။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ဦးနေဝင်း၏ ဘီလူးဇာတ်ပေါ်လာမှ မြန်မာ့စစ်ဝါဒကို ဆန့်ကျင်ကြပါတော့သည်။

နှီးနှောပွဲများတွင် မြန်မာအစိုးရကို ဝေဖန်ပြောဆိုသူကို ဦးနေဝင်း၏ နားသို့ ရောက်သွားဟန်တူပါသည်။ နှီးနှောပွဲများတွင် မြန်မာပညာရှင်အချို့ကို တွေ့ရရာတွင် အမျိုးသမီးတဦးကို သတိထားမိပါသည်။ သူက 'စစ်အစိုးရစနစ်သာ နိုင်ငံငယ်များ တည်ငြိမ်ကြွယ်ဝရေးအတွက် ဆောင်ရွက်နိုင်သည်' ဟူသော စာတမ်းတင်သွင်းရာ ပါရဂူဘွဲ့ယူရန်စာသင်နေပါသည်။ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနမှ ဦးနေဝင်းကတော် ဒေါ်နီနီမြင့်မှ စေလွှတ်သူဟု ပြောပါ၏။ နောင်တခေတ်တွင် အစိုးရဝန်ထမ်းမှန်သမျှ ဆေးအတတ်ဖြစ်စေ၊ စက်မှုအတတ်ဖြစ်စေ၊ တက္ကသိုလ်တွင် သမိုင်းနှင့် နိုင်ငံရေးရာဘာသာကို ဘာသာတွဲယူကာ သင်ကြားရမည်။ စစ်အစိုးရစနစ်သာ မြန်မာနိုင်ငံအတွက် အကောင်းဆုံးဖြစ်သည်ကို သင်ကြားပြီး စာမေးပွဲဖြေဆိုနိုင်မှသာ အစိုးရအမှုထမ်းဖြစ်ခွင့် ရှိမည်ဟု စီမံကိန်းရှိသည်ဟု ပြောပါသည်။ မည်သို့ဆိုစေကာမူ မိမိယူဆချက်များကို လျှော့မပေးခဲ့ပါ။

"ခင်ဗျားရေးတဲ့ ဆောင်းပါးတွေနဲ့ စာတမ်းတွေကို ဗိုလ်ချုပ်ကြီးက စိတ်ဆိုးနေတယ်။ ပြန်လာဖို့မလွယ်ဘူး။ အဖမ်းခံရမှာပဲ။ ဒီတခါဆိုရင် ထောင်တသက်ပေါ့" ဟု ပြန်ကြားရေးဝန်ကြီးဌာနတွင် ဒု-ညွှန်မှူးဖြစ်လာသူ ကြေးမုံအယ်ဒီတာဟောင်း ဦးတင်ထွေး အမေရိကန်ရောက်လာစဉ်တွင် စိတ်မကောင်းစွာနှင့် သတိပေးပါသည်။

ထိုအတွင်းတွင် ဇနီးဖြစ်သူက သူ၏ ဒုတိယသားကို ဖွားမြင်သောအခါ နိုင်ငံခြားတွင် ဖွားမြင်စေကာမူ သားကလေးကို မြန်မာနိုင်ငံသားသာ ဖြစ်စေလိုသဖြင့် မိခင်၏ နိုင်ငံကူးလက်မှတ်တွင် သား၏ အမည်ဖြည့်စွက်ပေးပါဟု ဝါရှင်တန်မြို့တော်ရှိ မြန်မာသံရုံးသို့ လျှောက်ထားပါသည်။ ဖြည့်စွက်ပေးရန် ငြင်းဆိုပါသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် စီးပွားရေးအခြေအနေ ဆုတ်ယုတ်ပျက်ပြားနေသော သတင်းများကို ဆက်တိုက်ကြားသိရပြန်ပါ၏။ စီးပွားပျက်သော သတင်းများကို ဖုံးအုပ်ကာ အမှောင်ချထားပါသည်။ ထို့ကြောင့် မြန်မာပြည်သူတို့သိရှိရန်လိုအပ်သဖြင့် 'မြန်မာ့ သံတော်ဆင့်သတင်းစာ' ကို ၁၉၇၉ ခု၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်ကာထုတ်ဝေလိုက်ပါသည်။ သတင်းစာပီသစွာ သတင်းများ၊ ဆောင်းပါးများနှင့် အယ်ဒီတာ၏ အာဘော်ခေါင်းကြီးပိုင်းကိုပါ ရေးသားပြီး စာရေးသူ၏ အသံနှင့် ကက်ဆက်ပေါ်တွင် အသံသွင်းပါသည်။ ထိုင်းတွင်ရှိနေသော ဆရာဦးရဲခေါင်က ကက်ဆက်ခွေအများကူးကာ မြန်မာပြည်တွင်းသို့ ခိုးဝှက်တင်သွင်းခဲ့ပါသည်။

တဖန် ထိုင်းတွင်ခိုလှုံနေသော အလံနီဟောင်း၊ ပထစဟောင်း ဦးသွင်က ဒီမိုကရေစီဂျာနယ်ကို ထုတ်ဝေသောအခါတွင်မူ မြန်မာ့နိုင်ငံရေးကိစ္စများကို ပြတ်သားမှန်ကန်စွာ ရေးမိပါတော့သည်။

ဇာတ်ပေါင်းလိုက်သောအခါ နိုင်ငံကူးလက်မှတ်သက်တမ်းကုန်ဆုံးသဖြင့် မြန်မာသံရုံးသို့ လျှောက်ထားသည်ကို သက်တမ်းတိုးမပေးသဖြင့် တင်မောင်မှာ နိုင်ငံမရှိသော လူသားတ





ယောက်ဖြစ်သွားပါတော့သည်။ သန်းနှင့် ချီသော ကမ္ဘာကြီး၏ နိုင်ငံရေးဒုက္ခသည်စာရင်းတွင် ဂဏန်းတလုံးတက်ကာ နိုင်ငံရေးဒုက္ခိတ နံပါတ်တခုသာ တင်မောင်ပိုင်ဆိုင်ပါတော့သည်။

စင်စစ်အားဖြင့် တင်မောင်အဖို့ နိုင်ငံမရှိသူ ဖြစ်နေသကဲ့သို့ ဇာတိမြန်မာနိုင်ငံအဖို့လည်း တင်မောင်တယောက်မရှိသော နိုင်ငံဖြစ်ရရှာပါသည်။ နှစ်ဘက်နှစ်ဝဆုံးရှုံးကြပါသည်။ တောင်ပြန်းဆုတောင်းပြည့်စေတီတော်တွင် ဘုတ်နှစ်ချပ်လပ်သကဲ့သို့ မြန်မာနိုင်ငံတံတိုင်းကြီးတွင် နိုင်ငံသားကြီး တင်မောင်၏နေရာ ဘုတ်တချပ်လပ်နေမည်ဖြစ်ပါသည်။

• • • • •

## (၅၈)

## ပြုချင်ရာပြုနိုင်သော ဦးနေဝင်း၏ ဒေါသ

ပြည်မှ မထွက်မီတွင် အစိုးရက ပြည်သူပိုင်သိမ်းပိုက်ထားသော ကြေးမုံသတင်းစာ လျော်ကြေးရရှိရေးကို ကြိုးစားခဲ့ပါသည်။ ဗိုလ်ချုပ်စန်းယုကိုပင် ပန်ကြားရာက အမြန်ပေးချေရန် အမိန့်ထုတ်ပေးသဖြင့် ကြေးမုံသာမက အခြားသတင်းစာများပါ လျော်ကြေးရပါသည်။

ကုန်စုံဆိုင်မှ စတင်ကာ ကျောင်းများအထိ လုပ်ငန်းပေါင်းထောင်သောင်းကို ပြည်သူပိုင်ပြုခဲ့ရာ၌တွင် နိုင်ငံခြားပိုင်ရှင်ကြီးများမှတပါး နိုင်ငံသားများကို လျော်ကြေးမပေးခဲ့ပါ။ သို့သော် ဒေါ်ခင်မေသန်းနှင့် ဆွေမျိုးတော်သူ မြန်မာလုပ်ငန်းရှင်တဦးမှ နိုင်ငံခြားသုံးငွေနှင့် လျော်ကြေးပေးခဲ့ပါ၏။ ကုဋေများစွာတန်သော မြန်မာနိုင်ငံသားများပိုင်သော လုပ်ငန်းများကို ပြည်သူပိုင်ပြုရာတွင် ၄၀ ရာနိုင်နှုန်းမှာ ပြည်သူပိုင်ပြုစဉ်က တာဝန်ယူသော စစ်ဗိုလ်များ၏ အိတ်များအတွင်းသို့ ရောက်သွားပြီး (၂၀) ရာနှုန်းမှာ လေလွင့်ပျောက်ပျက်ကာ အစိုးရ၏ ဘဏ္ဍာတိုက်သို့ (၄၀) ရာနှုန်းခန့် ရောက်ရှိလေမည်ဟု အများက ခန့်မှန်းကြသည်။ စာရင်းအင်းများ မရှိတော့ပါ။

မြန်မာနိုင်ငံတွင် ၁၈၈၆ ခုနှစ်က အခြေစိုက်သော ဘီအိုစီ ရေနံကုမ္ပဏီကို ပြည်သူပိုင်ပြုရာ၌ ပေါင်စတာလင် (၆၂) သန်းခွဲ လျော်ကြေးပေးခဲ့ပါသည်။ ယင်းလုပ်ငန်း၏ အစုရှယ်ယာ (၃၃.၃၃) ရာနှုန်းကို ၁၉၅၄ ခု၊ ဒီမိုကရေစီအစိုးရခေတ်က ဝယ်ယူထားပြီးဖြစ်ပါသည်။ နိုင်ငံခြားသုံးငွေ ရှားပါးချိန်တွင် ထိုရွေ့ထိုမျှ အလုံးအခဲနှင့် ပေးသည်မှာ ဘီအိုစီကုမ္ပဏီ အရာရှိကြီးများနှင့် ဦးနေဝင်းနှင့် ခင်မင်ခြင်း၊ ဦးနေဝင်းက ဘိလပ်သို့ မကြာခဏ သွားရောက်အပန်းဖြေသဖြင့် အားနာခြင်း၊ မျက်နှာပူခြင်းတို့ကြောင့် ပေးသည်ဟုဆိုပါ၏။ ဘီအိုစီသို့ ဆောလျင်စွာ လျော်ကြေးပေးသည်မှာ ဦးနေဝင်းကို ကော်မရှင်ပွဲခပေးသဖြင့်လည်း ဖြစ်နိုင်ပါသည်။

ကြေးမုံသတင်းစာလုပ်ငန်းကို တင်မောင်က အစုရှယ်ယာ (၆၀) ရာနှုန်း ပိုင်ပါသည်။ တည်ထောင်စက ဦးပွင့်ကောင်းက လိုလေသမျှ ငွေစိုက်ခဲ့ပါသည်။ ဒေါက်တာအေးမောင်က အစုဝယ်ရန် စီစဉ်ပြီးမှ သူနှင့် တွဲဖက် ဝတ်လုံ မွန်စံလွှိုင်အား လွှဲပေးပါသည်။ ကျန်အစုရှင်များမှာ ကျနော်၏ ဆွေမျိုးများသာ ဖြစ်ပါသည်။ ဆရာ့ဇနီး၊ အယ်ဒီတာ ကိုခင်မောင်ရီနှင့် မန်နေဂျာဦးသော်တို့ကို အစုငွေမဝယ်နိုင်စေကာမူ စေတနာ အစုများပေးကာ ပိုင်ဆိုင်စေပါသည်။ ကြေးမုံသည် ရောင်းမလောက်ဖြစ်သောကြောင့် ထွက်ပြီးတနှစ်အကြာတွင် အစုရှင်တို့ အသီးအပွင့်များ ခံစားကြရပါသည်။

စတင်ထွက်စဉ်က ခေတ်မီစက်သစ်ကြီးများနှင့် ရိုက်နှိပ်မည်ဟု ကြေညာခဲ့သော်လည်း





စက်သစ်ဟုဆိုသည်မှာ မှန်ကန်သည်ဆိုစေကာမူ သတင်းစာရိုက်သော စက်များမဟုတ်ကြပါ။ စာအုပ်စာမျက်နှာရိုက်သော စက်သစ်သာဖြစ်ပါ၏။ ဦးဟန်ရှိန်နှင့်သားများ ကုမ္ပဏီက ဝယ်ပါသည်။ နိုင်ငံတော်အစိုးရက ပြည်နယ်များ ဖွံ့ဖြိုးရေးအတွက် သွင်းကုန်လိုင်စင်များကို ပြည်နယ်များသို့ ထုတ်ပေးရာ ကယားပြည်နယ်ဖွံ့ဖြိုးစေရန် တင်သွင်းသော ပုံနှိပ်စက်များကို ပြည်နယ်ဝန်ကြီး စပ်ဝဏ္ဏက မှောင်ခိုရောင်းသောစက်များဖြစ်ပါသည်။

ကယားပြည်နယ် အစိုးရက အသုံးပြုရန်ပေးသော ဂျစ်ကားအသစ်စက်စက်များကိုလည်း မှောင်ခိုရောင်းသဖြင့် သတင်းစာသုံးရန် နှစ်စီးဝယ်လိုက်ရပါသည်။ ထိုအချိန်က ပြည်နယ်ခေါင်းဆောင်အများတို့သည် ပြည်နယ်ဖွံ့ဖြိုးရေးအတွက်ရရှိသော နိုင်ငံခြားကုန်စည်တင်သွင်းခွင့် လိုင်စင်များကို ပြည်နယ်လူထုအတွက် အသုံးမပြုဘဲ မှောင်ခိုရောင်းစားလေ့ရှိပါသည်။ ထိုမှောင်ခိုကုန်များကို ဝယ်ယူပါက ပြည်နယ်များမှ လူထုတို့ တိုးတက်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်လေမည်လောဟု တွေးတောမိကာ မဝယ်ဘဲ ဆိုင်းငံ့နေခဲ့ပါသေးသည်။ "ခင်ဗျားမဝယ်လို့ ကြားပွဲစားတဦးကို ရောင်းလိုက်ပြီ။ အခုမှ လိုချင်လျှင် ငါးရာနိုင်နှုန်းအမြတ်ပေးရမယ်" ဟု စက်ရောင်းသူ ကြားပွဲစားက ပြောပါသည်။ စေတနာအတွက် ဆိုင်းငံ့မိသောကြောင့် ဈေးပိုပေးခဲ့ရပါသေးသည်။

သတင်းစာထွက်ပြီး တနှစ်မရှိမီကပင် စက်အားလိုလာပါ၏။ စာအုပ်ရိုက်သော စက်ကလေးများနှင့် ပုံနှိပ်ရန် မလုံလောက်တော့ပါ။ ထိုအချိန်တွင် သတင်းစာတန်ခိုး ကြီးလာပြီဖြစ်သဖြင့် ဝန်ကြီးဦးကျော်ငြိမ်းက ကူပါသည်။ ဖြန့်ကြားရေးဝန်ကြီး သခင်ချစ်မောင်က အင်္ဂလိပ်သံရုံးသို့ ထောက်ခံချက်ပေးသဖြင့် John Dickson Co. အင်္ဂလိပ်ကုမ္ပဏီက လိပ်လည်စက်ကြီးတခုကို အကြွေးပေးပါသည်။ မလုံလောက်သေးပါ။

ကြေးမုံ၏ စောင်ရေမှာ များစွာတိုးတက်နေသဖြင့် စက်သစ်ဝယ်ရန် လိုအပ်နေပြန်ပါသည်။ လိပ်လည်စက်နှင့် မနိုင်တော့ပါ။ ဗမာ့ခေတ်တွင် ရှိစဉ်က နိုင်ငံကြီးများတွင် အသုံးပြုသော Rotary ပတ်လည်စက်ကြီးများကို တပ်ဆင်စဉ်က အခက်တွေ့သဖြင့် မသုံးရဲ ဖြစ်နေပါသည်။

နှစ်လတိုင်တိုင် တပ်ဆင်ရသော ထိုစက်ကြီးများကို ဗမာ့ခေတ်တွင် စမ်းသပ်ပုံနှိပ်စဉ်က အသင့်အတင့်ကောင်းမွန်သော သတင်းစာထွက်ခဲ့ပါသည်။ သို့သော် သတင်းစာထုတ်မည့်နေ့ညသို့ ရောက်သည့်အခါတွင် ပုံနှိပ်မရတော့ပါ။ စက်သစ်နှင့်ထွက်ရန် ကြေညာပြီး စောင်ရေများ ပိုမိုလက်ခံထားပါသည်။ မထွက်မီ တနေ့တညလုံး ပြင်ဆင်သော်လည်း မည်းနက်ညစ်ပေသော သတင်းစာသာ ထွက်လာပါသည်။ ဖွဲ့နှပဲကြီးမားသူ ဦးအုန်းခင်ပင် နံနက် (၄) နာရီထိုးသောအခါ "မင်းလုပ်ချင်သလိုလုပ်တော့" ဟု ဆိုကာ ထွက်သွားပါသည်။ ဖြစ်နိုင်သောနည်းနှင့် ရိုက်နှိပ်ရသဖြင့် ပွဲဦးထွက်သတင်းစာကို မလှမပ ထုတ်ခဲ့ရပါ၏။

စက်သဘောမှာ ခဲစာလုံးများ စာစီပြီးဖွဲ့ထားသော ခဲစာလုံးစာမျက်နှာကို စက္ကူပလတ်စတာပြားပေါ်သို့ ပုံစံကူးရပါသည်။ ထိုမှ ခဲရည်လောင်းကာ ရရှိသော စာမျက်နှာပြားကြီးကို စက်သို့ တင်ကာ ရိုက်ရပါသည်။ လေးလံသော ဖိတုံးကြီးနှင့် ဖိနှိပ်ကာ ပုံစံကူးလေတိုင်း မလှမပထွက်နေပါသည်။ နောက်ဆုံးတွင် ခဲစာလုံးများ ထွင်းထုသော စက်တွင် ခဲသားများ မာ

ကျောစေရန် ထည့်ရသော သတ္တုတမျိုးကို စက်ဆရာတဦးက ခိုးကာရောင်းစားနေသောကြောင့်ဖြစ်သည်ကို သိရှိရသောအခါ တင်မောင်များစွာ စိတ်ဆိုးမိပါသည်။ သူတပါးထိနာစေရန် တသက်ပတ်လုံးမပြုခဲ့ပါလျက် စိတ်ကို မထိန်းနိုင်ဘဲ "ဒီကောင်ကို ထောင်ချမည်"ဟု အော်ဟစ်ကာ ရဲဌာနသို့ ခိုးမှုနှင့် တိုင်တန်းမိပါ၏။ ဦးအုန်းခင်က ဖြေသိမ့်ပါသည်။ "တို့ညံ့လို့ ခံရတာပါကွာ။ မလုပ်ပါနှင့်" ဟု သူကဆိုကာ အမှုကို ရုပ်သိမ်းစေပါသည်။

၁၉၆၂ ခုနှစ်တွင် ကြေးမုံအတွက် စက်ဝယ်ရန် လိုင်စင်လျှောက်ရာ ဝန်ကြီးဦးရာရှစ်က မေးမြန်းမှုပင် မပြုဘဲ လိုင်စင်ကျပ်တသန်းဖိုး ချပေးရှာပါသည်။ လိုင်စင်ရနိုက် တော်လှန်ရေးအစိုးရတက်လာသဖြင့် ပြည်သူပိုင်ပြုမည့် ဘေးရန်ကို မြင်ကြသော အစုရှင်များက လိုင်စင်ကို ရောင်းစားရန် စိတ်ကူးကြပါသည်။ တင်မောင်က လန်ဒန်မြို့တွင် သတင်းစာတစောင် Offset စက်သစ်စနစ်နှင့် ရိုက်နှိပ်သည်ကို မြင်ခဲ့ရသဖြင့် ထိုစက်ကို ဝယ်မည်ဟု နိုင်မာစွာ ဆုံးဖြတ်ကာ အမေရိကန်သို့ ထွက်ခဲ့ပါသည်။

ဤတချိတွင် မိမိကိုယ်တိုင် စက်ထုတ်လုပ်သော စက်ရုံကြီးနှင့် စက်ကိုသုံးနေသော သတင်းစာများသို့ သွားရောက်သင်ကြားပြီးမှ ဝယ်ခဲ့ပါသည်။ အခက်အခဲတွေ့ပါသေးသည်။ တင်မောင်က စက်ကိုသာ သင်ကြားခဲ့ပြီး ပုံနှိပ်ရန် ခဲပြားစာတ်ပုံရိုက်သော နည်းကို မသင်ခဲ့မိသောကြောင့် ပုံနှိပ်၍ မရဘဲ ဒုက္ခရောက်ပါသေးသည်။ ရန်ကုန်တွင် အတော်ဆုံးစက်ဆရာ ကိုပိုက်ကြီးဆိုသူကို ပုံနှိပ်လောကတခုလုံးက အားကိုးကြရပါသည်။ သူနှင့် အယ်ဒီတာ ဦးဝင်းတင်တို့ အားထုတ်မှု လှပသော သတင်းစာထွက်လာပါသည်။ ကြေးမုံသည် အာရှတွင် ပထမဆုံးသော Offset ပုံနှိပ်စက် သတင်းစာဖြစ်ခဲ့ပါသည်။

ကြေးမုံသတင်းစာကို ပြည်သူပိုင်ပြုစဉ်က တိုက်ရော၊ မြေရော၊ စက်နှင့် ကားများပါ တန်ဖိုးမှာ ထိုစဉ်က ငွေကျပ်တသန်းခန့် တန်ရှိပါသည်။ လျော်ကြေးအဖွဲ့က ကျပ် (၄၀၀,၀၀၀) လေးသိန်းတန်သည်ဟု ဆုံးဖြတ်ပြီး အစိုးရက ရရန် အခွန်တော် ကျပ် (၂၀၀,၀၀၀) နှစ်သိန်း ရရန်ရှိသည်ဆိုကာ ကျပ်နှစ်သိန်းတန် ဒီဘင်ချာငွေချေးစာချုပ်ကို ထုတ်ပေးပါသည်။ တကြိမ်တည်းပေးသည်မဟုတ်ပါ။ နှစ်ပေါင်း (၂၀) အလီလီပေးချေမည်ဟု စာချုပ် (၂၀) ကို ထုတ်ပေးပါသည်။ မိမိတန်ဖိုးထက် အဆများစွာ နည်းပါးစေကာမူ ထိုစဉ်က ငွေချေးနှင့် တန်ဖိုးရှိသေးသဖြင့် လက်ခံခဲ့ပါ၏။

ငွေပေးဒီဘင်ချာ စာချုပ်များကို ပိုက်ကာ အမေရိကန်သို့ထွက်လာပြီး နှစ်စဉ် ငွေကျပ်နှစ်သောင်းထုတ်ကာ အစုရှင်များကို ခွဲပေးရပါသည်။ တင်မောင်ရရှိသော ငွေကို ဆွေမျိုးများအား ထောက်ပံ့ပြီး အချို့ကို ရွှေတိဂုံစေတီတော်သို့ လှူဒါန်းပါသည်။ နှစ်အနည်းငယ်ကြာသောအခါတွင်မူ အမေရိကနှင့် ထိုင်းနိုင်ငံသတင်းစာများတွင် တင်မောင်ရေးသော ဆောင်းပါးများကို ဦးနေဝင်းက စိတ်ဆိုးသဖြင့် အုပ်ပြစ်ပေးရန် ဘဏ္ဍာရေးဝန်ကြီး ဦးထွန်းတင်က အမိန့်ထုတ်လိုက်သည်ဟု ဆိုပါသည်။ ပထမငွေစုဘဏ်တွင် အပ်နှံထားသော တင်မောင်ပိုင် စုငွေများကို သိမ်းလိုက်ပါသည်။

ထိုနောက်ငွေထုတ်ရန် တင်မောင်က ပေးပို့သော တနှစ်တွက် လျော်ကြေးငွေ ကျပ်နှစ်သောင်းတန်ဒီဘင်ချာစာချုပ် လက်မှတ်ကို အစိုးရငွေစုဘဏ်ငွေ ကျပ်နှစ်သောင်း မထုတ်





ပေးဘဲ ကျပ် ရှစ်ထောင်သာ ထုတ်ပေးပါသည်။ ကြဲကြဲဖန်ဖန်ငွေပေးစာချုပ်မှ တင်မောင်ရရှိမည့် လျော်ကြေးကျပ် (၁၂၀,၀၀၀) ကို သိမ်းကာ အခြားအစုရှင်များကိုသာ ငွေပေးချေသည်ဟု ဆိုပါသည်။

ငွေစုဘဏ်က ငွေစုစာချုပ်ကို အပြည့်မပေးဘဲ ကပ်သီးကပ်သပ်အချို့တဝက်ကိုသာ ထုတ်ပေးသည်ဟု မည်သည့်ကမ္ဘာတွင်မှ မကြုံဖူးပါ။ မြန်မာနိုင်ငံတွင်သာ ပြုံ့ပြုရဲသော ကိစ္စဖြစ်ပါသည်။ ဦးနေဝင်း၏ အာဏာစက်နှင့် ဒေါသစက်သည် ပြင်းထန်လှပါ၏။

• • • • •

# နိဂုံး

တင်မောင်၏ စာအုပ် ပြီးသွားပြီဖြစ်လေရာ နိဂုံးချုပ်အဖြစ် အဘယ်ကြောင့် ဤစာအုပ်ကို ရေးရသနည်းကို ရှင်းလင်းတင်ပြလိုပါသည်။

ပထမအချက်မှာ တင်မောင်သည် စစ်တပ်ဆန့်ကျင်ရေးသမားတဦးမဟုတ်ပါ။ နိုင်ငံ၏ လွတ်လပ်ရေးကို တိုက်ခိုက်ချိန်ကလည်းကောင်း၊ နိုင်ငံသစ်ကို တည်ထောင်ရာတွင်လည်းကောင်း ဗမာ့တပ်မတော်သည် ကျေးဇူးနှင့် ပွားဘက်တော်များ ဖြစ်ကြပါသည်။ တင်မောင်၏ နိုင်ငံရေး ဆရာသမားက သူငယ်ချင်းများ ဆွေမျိုးများတို့သည် တပ်မတော်အတွင်းတွင် ပါရှိကြပါသည်။ တပ်မတော်ကို ချစ်သူဖြစ်သဖြင့် လူထုအကျိုးကို ထမ်းရွက်သော ပြည်သူ့ချစ် တပ်မတော် ဖြစ်မြောက်ရေးကို လိုလားသူဖြစ်သည်။

(၄၃) သန်းသော လူထုကြီးတွင် ပါဝင်သော လူတဦးအနေနှင့် အားနွဲ့သေးငယ်သော သာမန်နိုင်ငံသားတဦးဖြစ်သူ တင်မောင်အဖို့ ဦးနေဝင်းနှင့် သူ၏ လက်ကိုင်တုတ်စစ်တပ်ကြီး ကို ထိပ်တိုက်တွေ့မိသောကြောင့် မိသားစုပါ ဘဝတခုလုံး ပျက်သွားကာ နေထိုင်ရန် မြေ မှီတင်းရန် နိုင်ငံပင်မရှိတော့သည့် နိုင်ငံရေးဒုက္ခသည်တဦး ဖြစ်စေကာမူ ဦးနေဝင်းကိုလည်း ကောင်း၊ တပ်မတော်ကိုလည်းကောင်း စိတ်ဆိုးခြင်း၊ ဒေါသသိုခြင်း၊ ရန်ငြိုးဖွဲ့ခြင်း စိတ်ထား များ စိုးစိမျှ မရှိပါ။ ကမ္ဘာသူ ကမ္ဘာသားတို့အဖို့ ပုလိပ်ရောဂါ၊ ကျောက်ရောဂါ၊ ကင်ဆာရောဂါ သည်တို့က ဖိစီးနှိပ်စက်သတ်ဖြတ်ခြင်းကို ခံကြရရာတွင် ထိုရောဂါများကို မုန်းတီးနေခြင်းဖြင့် အကျိုးမရှိပါ။ ရောဂါကာကွယ်ရေး၊ ကုသရေး၊ အောင်နိုင်ရေးကိုသာ အားထုတ်နေခဲ့ကြသ ကဲ့သို့ တပ်မတော်ပြုပြင်ရေးကိုသာ အားထုတ်လိုပါသည်။

"နိုက်ကြဲဝိဘက်၊ သံသာဆက်၌၊ ကြိုက်လတ်တုံမူ၊ တုံ့မယူလို" ဟု အနန္တသူရိယ အမတ် ကြီး ရေးသားသကဲ့သို့ ရန်မတုံ့လိုပါ။ အကယ်၍ ဦးနေဝင်းတယောက် တင်မောင်ရှိရာဒေသ သို့ ဒုက္ခနှင့် ပြေးလာရသောအဖြစ်နှင့် ကြုံပါက ကယ်တင်ကူညီမည့်သူမှာ တင်မောင်ပင် ဖြစ်ပါ သည်။ ဦးနေဝင်းနှင့် သူ၏ စစ်တပ်ကို မုန်းတီးမှုမရှိခဲ့ဖူးသောကြောင့် တပ်မတော်ပြုပြင်သင့် သည်များကို ပြုပြင်ရန် အကြံပေးချက်များကို တပ်မတော်အကြီးအကဲများထံသို့ အတွင်းစာ များ ပေးပို့လေ့ရှိသည်ကို သူတို့သိကြပါသည်။

တပ်မတော်ပြုပြင်ရေးအတွက် တပ်မတော်၏ အဖြစ်အနာများကို ဝေဖန်ရေးသား သည်ဖြစ်ပါသည်။ ဦးနေဝင်းနှင့် သူ၏တပ်မတော်က ကျူးလွန်သော ရာဇဝတ်မှုကြီးများသည် ကြီးမားများပြားလွန်းပါသည်။ သူတို့ကျင့်ကြံသော ရာဇဝတ်မှုကြီးများသည် ကမ္ဘာ့သမိုင်းတွင် မကြားဖူး၊ မကြုံဖူး၊ ယုံကြည်ဖွယ်မရှိလောက်အောင် ထူးခြား၊ ဆိုးရွား၊ ဆန်းပြားလှပါ သည်။ ထိုသို့ ရက်စက်မှု ကမ်းကုန်အောင် နှိပ်စက်ခဲ့သော အမှုမျိုးများ ထပ်မံမပေါ်စေရန်



နောင်လာနောက်သားတို့အတွက် မှတ်တမ်းတင်သင့်သဖြင့် ဤစာအုပ်ကို ရေးသားသည်သာ ဖြစ်ပါသည်။

တင်မောင်ထွက်ခွာပြီးသည့် နောက်ပိုင်းဖြစ်ရပ်များကို စာဖတ်သူများ ကောင်းစွာ သိရှိ ကြပါသည်။ ကျမ်းလေးမည်စိုးသဖြင့် အထူးအကျယ်ရေးသားရန် မလိုပါ။

အာဏာစက်သည် ကိုင်စွဲသူတို့ကို ပျက်စီးစေပါသည်။ အာဏာရှင်တစုက မိမိတို့သာ အာဏာကို အမြဲအစဉ် ထိန်းသိမ်းဆုပ်ကိုင်ထားနိုင်ရေးအတွက် တပ်မတော်၏ စစ်အင်အား၊ လက်နက်အင်အားတို့ကို လိုအပ်သည်ထက် ပိုမိုတိုးချဲ့သည့် စရိတ်စက ကြီးမားခြင်းနှင့် စစ် ဗိုလ်ချုပ်ကြီးတစု၏ အမြတ်ကြီးစား လက်ဝါးကြီးအုပ် စီးပွားရေးစနစ်ဖြင့် ခိုးဝှက်လုယက်နေ သောကြောင့် နိုင်ငံတခုလုံး စီးပွားပျက်ကပ်ကြီး ဆိုက်နေပါသည်။ မီးလောင်သစ်တုံးကဲ့သို့ ပြာပွဲအုံးပြီး တရှေ့ရှေ့တိုတောင်းနေလေရာ နိုင်ငံကြီး ပျက်စီးကာ လူမျိုးခြားတို့၏ ကျွန်နိုင်ငံ အဖြစ်သို့ သက်ရောက်နိုင်သည့်တိုင် အခြေအနေဆိုးရွားနေပါသည်။

ပြည်သူတို့ မည်ရွေ့မည်မျှ နစ်နာဆင်းရဲ ကျပ်တည်းဝတ်မွတ်နေစေကာမူ လူထုကြီး၏ ဝေဒနာကို လျစ်လျူရှုကာ မိမိတို့အာဏာရရှိရေး ရည်ရွယ်ချက်တခုသာ ရှိသော စစ်ဝါဒီ အုပ်စုတို့က အာဏာလွှဲမပေးလိုသဖြင့် ပြည်သူတို့အား ဖိနှိပ်နေရာတွင် လွတ်လပ်စွာ ပြော ဆိုခွင့်ကို လုံးဝပိတ်ပင်ထားပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် အများသဘောတူ ဟူသော စ ကားလုံးကိုပင် သုံးခွင့်မရှိတော့ပါ။ သတင်းစာများအဖို့ ရေလျှံခြင်း၊ လျှောင်လှုပ်ခြင်း၊ သဘာဝ သတင်းများပင် ရေးသားခွင့်မရှိတော့ပါ။ သူတို့လက်မှ လွတ်မြောက်ရေးမှာ လူထုကြီးတ ရပ်လုံး အားထုတ်မှုသာ ဖြစ်မြောက်နိုင်မည်ဖြစ်ပါသည်။

၁၉၆၂ ခုနှစ်က တော်လှန်ရေးအစိုးရဟု ကြေညာကာ လက်နက်နှင့် အာဏာသိမ်းချိန်မှ စတင်ကာ စစ်ဝါဒီကြီး ဗိုလ်ချုပ်ကြီးနေဝင်းက အာဏာကို ပြန်လည်ပေးရန် စိုးစိမျှ ရည်မှန်း ချက်မရှိပါ။ စစ်ဝါဒနှင့် အုပ်ချုပ်ကာ စစ်ဗိုလ်များသာ နိုင်ငံတော်၏ ခနစ္စမ်းအားမှန်သမျှကို ခံစားစေမည်၊ အကြီးအကဲဖြစ်သော မိမိ၏ မိသားစုက နိုင်ငံ၏ သယံဇာတပစ္စည်းမှန်သမျှနှင့် အရပ်သားလူထုကြီး၏ ကုန်ထုတ်စွမ်းအားမှန်သမျှကို အလိုရှိသလို စားသုံးခံစားခွင့်ရှိသည်ဟု ယုံကြည်လုယက်နေသည် ဖြစ်ပါသည်။

ယင်းသို့ လုယက်သည်ကို ပြည်သူတို့က ကြည်ဖြူနိုင်သည်မဟုတ်သည်ကို ရှေးမဆွက ပင် သိရှိသူဖြစ်သဖြင့် ဦးနေဝင်းသည် အာဏာမသိမ်းမီကပင် စစ်အင်အားကို တိုးချဲ့ခဲ့ပါသည်။ ဂျာမနီနိုင်ငံမှ ဂျီ (၃) သေနတ်များ စသည့် လက်နက်များနှင့် မြို့တွင်း၊ ရပ်ကွက်တွင်း ဆူပူသူ များကို နှိမ်နင်းရန် အသေးစားသံချပ်ကာကားများ၊ စစ်သားတင်ယာဉ်များ စသည့်တို့ကို ဝယ် ယူကာ စစ်အင်အားကို ပြည့်တင်းပြီးမှ အာဏာသိမ်းသည်ဖြစ်ပါ၏။

စစ်တပ်က သိမ်းယူထားသော အာဏာကို လက်နက်နှင့် ထိန်းသိမ်းထားရုံသာမက တ ဘက်ကလည်း ဝါဒဖြန့်ကိရိယာများနှင့် ထိန်းထားပါသေးသည်။ သတင်းဆက်သွယ်မှု လွယ် ကူသော ဤခေတ်ကြီးတွင် တနယ်ဝင်း၊ ရေဒီယို ဝါဒဖြန့်ယန္တရားကောင်းများကို သုံးကိုင် ခွင့်ရှိသော အာဏာရှင်စနစ်တို့သည် သက်ဆိုးရှည်လေ့ရှိပါသည်။ ထိုအချက်ကို သိရှိသူ ဦးနေ ဝင်းက ဝါဒဖြန့်ဆောင်ပုဒ်များနှင့် လူထုမကျေနပ်မှုများကို ဟန့်တားနိုင်ခဲ့ပါသည်။

အာဏာလုပြီး (၄) နှစ်ကြာသောအခါတွင် နိုင်ငံတော်၏ အာဏာကို မူလပိုင်ရှင် ပြည်သူလူထုကြီး၏ လက်သို့ ပြန်လည်အပ်နှင်းခဲ့ပါမည်ဟု ဗိုလ်ချုပ်နေဝင်းက ၁၉၆၆ ခုနှစ် ကျိုက္ကဆံကွင်း လယ်သမားညီနိုင်းပွဲတွင် စတင်ပြောကာ လိမ်လည်မှုသားနှင့် လူထုကို မျက်စိလှည့်စားခဲ့ပါသည်။

အခြေခံဖွဲ့စည်းပုံဥပဒေသစ် ရေးသားပြီး ရွေးကောက်ပွဲကျင်းပ၍ လွှတ်တော်သစ် ဖွဲ့စည်းသည်မှာလည်း လိမ်လည်မျက်လှည့်များသာ ဖြစ်ပါသည်။ ဓာတ်ပေါင်းသောအခါတွင် စစ်ဝတ်စုံဝတ်ထားသူ ဗိုလ်ချုပ်ကြီးနေဝင်းက သူ၏လက်မှ အာဏာကို တောင်ရှည်ပုဆိုးဆင်ထားသော အရပ်သားကြီး ဦးနေဝင်းအဖြစ် ပြောင်းလဲယူငင်ထားသည်သာ ဖြစ်ပါသည်။

နိုင်ငံ၏နေများကို မတရားခိုးဝှက်လွှန်းသဖြင့် ပြည်သူအလုံးတို့က အုံကြွဆူပူကြသောအခါ ဝယ်ယူသိမ်းထားသော ဂျီ (၃) သေနတ်များနှင့်ပင် အစုလိုက်အပြုံလိုက် သတ်ဖြတ်ကာ စစ်အစိုးရသစ်အသွင် အာဏာကို ယုယူခဲ့ပြန်ပါသည်။ အမည်သစ်များနှင့် တက်လာသော စစ်အစိုးရများက အမျိုးသားညီလာခံကြီး ကျင်းပကာ ဖွဲ့စည်းပုံဥပဒေသစ် ရေးသားပြီး ပါဘီစုံဒီမိုကရေစီနိုင်ငံ တည်ထောင်မည်ဟု အော်ဟစ်နေသည်မှာလည်း လိမ်လည်နေသော မုသားများသာ ဖြစ်ပါသည်။ စစ်ဗိုလ်တစုက ရယူထားသော အာဏာကို မည်သည့်အရပ်သားကိုမှ လွှဲပြောင်းမည်မဟုတ်ပါ။ ပြည်ပဖိအားပေးမှုကို ကာကွယ်ရန်အတွက် မုသားအမျိုးမျိုး ပြောနေမည်သာ ဖြစ်ပါသည်။

စစ်အာဏာရှင်တစုတို့က တပ်မတော်ကြီးကို လက်ကိုင်တုတ်ပြုလုပ်ရန် ရည်ရွယ်ချက်နှင့် တပ်မတော်သည် နိုင်ငံ၏ လွတ်လပ်ရေးကို တိုက်ပေးသော ကျေးဇူးရှင်ဖြစ်သဖြင့် လွတ်လပ်ရေးတည်မြဲရန်အတွက် တပ်မတော်သာ တာဝန်ရှိသည်ဟု ဝါဒဖြန့်သည်မှာလည်း မုသားသာ ဖြစ်ပါသည်။ တပ်မတော်သည် လွတ်လပ်ရေးတိုက်ပွဲတွင် နောက်တန်းမှ ပါလာသော အဖွဲ့အစည်းအငယ်စားတခုသာ ဖြစ်ပါသည်။

နောက်ဆုံး နိဂုံးအဖြစ် စာဖတ်သူ၏ စာဖတ်ပရိသတ်ကြီးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေဟု မေတ္တာပို့ကာ ဆုမွန်ကောင်း တောင်းလိုသော်လည်း မပြုနိုင်ပါ။ အဘယ်ကြောင့်ဟူမူ မြန်မာပြည်သူတို့အဖို့ စစ်ဝါဒီသွေးစုပ်တစုကို ဖယ်ရှားခြင်းမပြုနိုင်သမျှ ကာလပတ်လုံး လူထုကြီးအဖို့ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းတို့ကို ရရှိနိုင်မည် မဟုတ်လေသောကြောင့် ဖြစ်ပါသည်။

မြန်မာ့စစ်အင်အား လေးသန်းကျော်ရှိစေကာမူ တပ်မတော်ကြီးတခုလုံးသည် လူထုကြီး၏ အသွေးအသားကို စုပ်မျိုလိုသော စစ်ဝါဒီများမဟုတ်ကြပါ။ တပ်မတော်မိသားစုများနှင့် ဆွေမျိုးများတို့သည်လည်း စစ်ဝါဒီတို့ သွေးစုပ်မှုကြောင့် ဆင်းရဲတွင်း နစ်နေကြပါသည်။ မြန်မာနိုင်ငံတဝှမ်း တန်ခိုးကြီးဘုရားများတွင် ချိပ်ဆွဲထားသော ဓာတ်ပုံကြီး (၅) ခုမှ စစ်ခေါင်းဆောင်ကြီး (၅) ဦးနှင့် လက်ဝေခံ စစ်တပ်စီးပွားရေးလုပ်ငန်းများ ပိုင်ရှင်တစုတို့ကိုသာ ဖယ်ရှားရန် လိုပါသည်။ သူတို့ကို ဖယ်ရှားရန်အတွက် ပြည်ပနိုင်ငံကြီးငယ်များတို့ကို မျှော်လင့်အားထားနေသည်မှာ အကျိုးမရှိပါ။ မည်သူကမှ၊ မည်သည့်နိုင်ငံကမှ မြန်မာပြည်အတွက် သွေးနှင့်ချွေးကို အသုံးပြုကာ တိုက်ခိုက်ပေးမည်မဟုတ်ပါ။ သူတို့ကိုဖယ်ရှားရန်မှာ ပြည်တွင်းရှိ





မြန်မာတိုင်းရင်းသားတို့သာ တတ်စွမ်းနိုင်ပါသည်။ ပြည်သူတို့က အားမထုတ်လျှင် ပြည်သူတို့သာ ခံကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် တပ်မတော်သားများနှင့် ပြည်သူလူထုကြီးတို့က သွေးစုပ် စစ်ဝါဒီတစုကို ဖယ်ရှားနိုင်ကာ စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံကြပါစေဟု မေတ္တာပို့ ဆုတောင်းနေပါကြောင်း။

ဦးသောင်း

* * * * *